www.burmeseclassic.com

၁၉၅၃ ခု မတ်လ (၅) ရက်နေ့က
နစ်မြုပ်သွားခဲ့သော သုံးရောင်ခြယ်သင်္ဘော။
တစ်နှစ်ခန့် ကြာပြီးနောက် ပြန်လည်၍ ပေါ်ပေါက်လာသည့်
ငါးသိန်းကျော်တန် ငွေချောင်းများ
သင်္ဘောပေါ်တွင် လိုက်ပါသွားသော လူသား (၃၀) ဦး
သွေးအေးအေးဖြင့် အသတ်ခံရသူ (၂၃) ဦး
၎င်းတို့၏ထူးခြားဆန်းကြယ် အံ့မခန်းဖွယ်ဖြစ်သော အဏ္ဏဝါပုံပြင်
(ဒုတိယကမ္ဘာစစ်ကြီးအတွင်းက တကယ့်အဖြစ်အပျက်)

# သုံးရောင်ခြယ်တစ္ဆေသင်္ဘော

တက္ကသိုလ်နန္ဒမိတ်
မြန်မာပြန်သည်

Maddon's Rock
by
Hammond Innes

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

- ◆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ◆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- ◆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ◆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ◆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ◆ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ◆ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- * နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- * အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- * ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တစ်ရပ် ဖြစ်ပေါ်လာရေး၊
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး၊

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

### လူမှုရေးဦးတည်ချက် (၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- * မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

# သုံးရောင်ခြယ် တစ္ဆေသင်္ဘော

## တက္ကသိုလ်နန္ဒမိတ်

**Maddon's Rock By Hammond Innes**

ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း၊
ပုဇွန်တောင်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၅၈/ ၂၀၀၄ (၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၆၁/ ၂၀၀၄ (၅)

▢

ပုံနှိပ်ခြင်း
ဒုတိယအကြိမ် - ဇူလိုင်၊ ၂၀၀၄ ခုနှစ်။
အုပ်ရေ - (၅၀၀)

▢

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးစွန့်ကော်ယူ၊ မာကျူရီပုံနှိပ်တိုက်၊
၄၉၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

▢

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)၊
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

▢

မျက်နှာဖုံးပန်းချီ
ဝင်းမြင့်ဦး

▢

တန်ဖိုး
၂၂၀၀


သေမင်းခံတွင်းမှ ပြန်၍ လွတ်မြောက်လာရပြီဟု ဆိုလျှင်...၊ မည်သူမျှ ယုံကြမည်မဟုတ်။

ကျွန်တော်နှင့်တကွ ရှစ်ယောက်သောသူတို့ကား၊ သေမင်းခံတွင်းထဲသို့ ရောက်ရှိသွားခဲ့ပြီးနောက် ပြန်၍ထွက်လာနိုင်သူများ ဖြစ်၏။ ဤရှစ်ယောက်အနက် တွင်လည်း ကျွန်တော်တို့လေးယောက်သာ လူ့လောကကြီးအတွင်းသို့ ကောင်းမွန်စွာ ဝင်ရောက်လာနိုင်သူများ ဖြစ်သည်။

အဖြစ်အပျက်မှာ ထူးဆန်းလွန်းသဖြင့် တကယ့်အဖြစ်အပျက်မှ ဟုတ်ပါ လေ့စဟု သံသယရှိမိသူများ ယခုထက်တိုင်အောင် ဖြစ်နေကြမည် ဖြစ်၏။

သုံးရောင်ခြယ်နှင့် ပတ်သက်၍ ပေါ်ပေါက်ခဲ့သော အဖြစ်အပျက်များကို ဗြိတိန်နိုင်ငံဆိုင်ရာ ဘုရင့်ရေတပ်မတော် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ၁၉၄၅ ခု၊ မတ်လ (၅) ရက်နေ့ နေ့စွဲဖြင့် မှတ်တမ်းတင်ထားခဲ့သည်ဟု ဆိုလျှင်ဝင် ကျွန်တော်တို့၏ အဖြစ်အပျက်မှာ တကယ့်စာတ်လမ်းတစ်ခုဖြစ်ကြောင်း မည် သူမှ ယုံမှားခြင်းဖြစ်ကြမည် မဟုတ်ပေ။

၁၉၄၅ ခု၊ မတ်လ (၅) ရက်နေ့သို့ အကူးတွင် ငါးသိန်းကျော်ကျော်ခန့် တန်ဖိုးရှိသော ငွေချောင်းများနှင့်အတူ ဘာရင့်ပင်လယ်အတွင်း၌ နစ်မြုပ်သွား သော သုံးရောင်ခြယ်သည် တစ်နှစ်ခန့်ကြာပြီးနောက်၊ ၁၉၄၆ ခု၊ မေလ (၁၆) ရက်နေ့တွင် ပြန်၍ ပေါ်ပေါက်လာခြင်းမှာ ထူးခြားဆန်းကြယ်၍ နေပေ၏။

သုံးရောင်ခြယ်သင်္ဘောကြီး နစ်မြုပ်ခဲ့စဉ်က၊ နှစ်ဆယ့်ငါးလောင်းမြှင့် လူသတ်မှုကြီးသည် ပေါ်ပေါက်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ငါးသိန်းကျော်ကျော်တန်သော ငွေချောင်းများနှင့်အတူ သင်္ဘောပေါ်တွင် လိုက်ပါလာသော လူသုံးဆယ့်တစ်ယောက်အနက် နှစ်ဆယ့်သုံးယောက်သော သူတို့မှာ သွေးအေးအေးဖြင့် အသတ်ခံခဲ့ရလေသည်။

တစ်နှစ်ကျော်ကျော် ပျောက်ကွယ်နေခဲ့သော သုံးရောင်ခြည်သည် အဘယ်ကဲ့သို့ ပြန်၍ပေါ်လာခဲ့ပါသနည်း။ လူပေါင်းသုံးဆယ့်တစ်ယောက်အနက် ရှစ်ယောက်က အဘယ်ကဲ့သို့ အသက်ရှင်၍ နေခဲ့ပါသနည်း။

ဤအကြောင်းကို အစမှအဆုံး သိခဲ့သူမှာ ကျွန်တော်ပင် ဖြစ်၏။

သုံးရောင်ခြယ်အကြောင်းကို ကျွန်တော်က ရိုးရိုးကလေးပင် ပြန်၍ ပြောပြပါမည်။

သုံးရောင်ခြယ် သို့မဟုတ် တစ္ဆေသင်္ဘော။

□

ဒုတိယကမ္ဘာစစ်မီးကြီး တညီးညီးတောက်လောင်နေသောအချိန်...။

မှတ်မှတ်ရရ ထိုနေ့မှာ ၁၉၄၅ ခု၊ မတ်လ ၂ ရက်နေ့ ဖြစ်၏။

ရုရှားပြည် မာမန့်မြို့ သင်္ဘောဆိပ်ကမ်း ဂိုဒေါင်တစ်ခုထဲတွင် ရောက်ရှိနေသော ကျွန်တော်တို့ အင်္ဂလန်နိုင်ငံသား စစ်သားသုံးယောက်နှင့် အရပ်သား ၅ ယောက်သည် ကျွန်တော်တို့ ထွက်ခွာသွားရမည့် ခရီးကို အမိနိုင်ငံ အင်္ဂလန်ပြည်သို့ ခရီးပင်ဖြစ်သည်ဟု ယုံကြည်လျက် ရှိနေကြသော အချိန်ပင် ဖြစ်၏။

အသည်းခိုက်အောင်၊ လက်နှင့်ခြေထောက်များ ထုံကျဉ်၍လာအောင် အေးလှသော ရုရှားပြည်၏ ဆောင်းရာသီ၌ ဇာတိဌာနေ အင်္ဂလန်ပြည်သို့ ပြန်ရတော့မည်ဟူသော အသိကြောင့်၊ ကျွန်တော်တို့တစ်တွေသည် လက်နှင့် ခြေများ ထုံကျဉ်ကိုက်ခဲလာအောင် အေးသည်ကိုပင် အမှုမထားနိုင်ကြဘဲ၊ အမိနိုင်ငံသို့ ရောက်လျှင် မည်သို့မည်ပုံ နေလိုက်မည်၊ ထိုင်လိုက်မည်၊ စားလိုက်မည်၊ သွားလိုက်မည်ဟူသော အတွေးဖြင့်သာလျှင် ကျွန်တော်တို့ကိုယ်ကို နွေးထွေးအောင် ကြိုးစားနေကြ၏။

စစ်သားချင်းဖလှယ်သည့်စနစ်အရ၊ ကျွန်တော်တို့သည် ရုရှားပြည်သို့ ရောက်လာခဲ့ပြီးနောက် အမိနိုင်ငံ အင်္ဂလန်သို့ ပြန်ကြရတော့မည့် စစ်သား[illegible] ဖြစ်၏။ သားနှင့် မယားနှင့်၊ အိုးနှင့် အိမ်နှင့် ခွဲခွာလာခဲ့ရသည်မှာ [illegible] ဖြစ်သောကြောင့်လည်း ကျွန်တော်တို့တစ်တွေမှာ အိမ်ပြန်နွား၊ [illegible] ဆိုသကဲ့သို့ အမိနိုင်ငံသို့သာ ရောက်လိုစိတ်ပြင်းပြလျက်ရှိပြီး၊ [illegible] ရှိသော ဂိုဒေါင်ထဲမှနေ၍ အင်္ဂလန်နိုင်ငံသို့ ထွက်ခွာမည့်သင်္ဘောပေါ်သို့ [illegible]

ရသေးသည်ကိုပင် မကျေမနပ်ဖြစ်နေကြ၏။

ထိုအချိန် ထိုအခါက ကျွန်တော်တို့သည် အမိနိုင်ငံ အင်္ဂလန်သို့ မရောက်ဘဲ၊ သေမင်း၏ ခံတွင်းဝသို့ ရှေးရှုလျက် ရှိနေကြသည်ကို မည်သူမျှမသိကြ၊ သို့ဖြစ်၍လည်း အင်္ဂလန်နိုင်ငံသို့ ထွက်ခွာမည့် သင်္ဘောပေါ်သို့ ရောက်ရှိရန်ကိုသာ ကျွန်တော်တို့တစ်တွေ စိတ်စော၍ နေမိကြခြင်း ဖြစ်လေသည်။

ကျွန်တော်တို့ လူစုတွင် စုစုပေါင်း ၈ ယောက်သာ ရှိ၏။ ကျွန်တော်တို့အား ယာယီတည်းခိုရန် ပေးထားသောနေရာမှာ သစ်သားဖြင့် ဆောက်လုပ်ထားသော ကုန်လှောင်ရုံတစ်ခု၏ ရုံးခန်းလွတ်တစ်ခုပင် ဖြစ်သည်။

အခန်းထဲတွင် ပြက္ခဒိန်တစ်ခုနှင့် မီးလင်းဖိုတစ်ခုမှလွဲ၍ ပရိဘောဂမရှိ၊ သစ်သားတံခါးများကြားမှ ရိုးတွင်းခြင်ဆီခိုက်လောက်အောင် အေးမြသော လေနှင့်အတူ နှင်းမှုန်များ တိုး၍ ဝင်လာတတ်၏။ ဤသို့ဝင်လာသည့်အခါတိုင်း ကျွန်တော်တို့သည် မီးလင်းဖိုအနီးသို့ တိုး၍တိုး၍ကပ်ကာ အအေးဒဏ်ကို တတ်နိုင်သမျှ တွန်းလှန်ကြရ၏။

သစ်သားနံရံနှင့် သစ်သားတံခါးများအကြားမှ တိုးဝင်၍နေသော နှင်းမှုန်များကြောင့် ကျွန်တော်တို့ ခြုံထားသော စောင်များမှာ ဖွေးဖွေးဖြူနေလေသည်။

နေစရာ၊ အိပ်စရာ ချို့ချို့ငဲ့ငဲ့ဖြင့် အအေးဒဏ်ကို ခံရင်း၊ အင်္ဂလန်သို့ ထွက်မည့် သင်္ဘောကို ကျွန်တော်တို့ စောင့်ဆိုင်းနေခဲ့ရသည်မှာ ၂၂ ရက်ပင် ရှိနေပြီ ဖြစ်၏။

သစ်သားနံရံပေါ်တွင် ချိတ်တွဲထားသော ပြက္ခဒိန်စာရွက်ပေါ်တွင် ၂၂ ခုသော ကြက်ခြေခတ်တို့သည် ကျွန်တော်တို့ စောင့်စားနေခဲ့ရသော ရက်များကို အထင်အရှား ဖော်၍ ပြနေကြသည်။

အေးမြသောလေသည် နှင်းမှုန်များကို သယ်ဆောင်ရင်း တံခါးကို အတင်းတိုး၍ ပြေးဝင်လာ၏။

'ကွတ်'သည် ဆဲဆိုရေရွတ်လိုက်ရင်း မီးလင်းဖိုအနီးမှ ထသွားကာ၊ တံခါးကို ပြန်ပိတ်လိုက်၏။ ထပ်၍ပွင့်မသွားအောင်လည်း သေနတ်တစ်လက်ဖြင့် တံခါးရွက်ကို ကျားကန်၍ ထားလိုက်သည်။

"ရုရှားတွေမှာ မှန်တံခါးများ မတပ်နိုင်အောင် ဆင်းရဲနေသလား"

ကွတ်က ဤသို့ရေရွတ်မြည်တမ်းလိုက်ပြီးနောက်၊ မီးလင်းဖိုအနားသို့ လာ၍ထိုင်လိုက်၏။



ကွတ်မှာ အမြောက်တပ်တွင် အမြောက်ပစ်သမားအဖြစ် ၄ နှစ်တိုင်တိုင် အမှုထမ်းခဲ့ဖူးသူဖြစ်၏။ အိမ်ထောင်နှင့် သားနှင့် သမီးနှင့် ရှိသူဖြစ်သည့်အတိုင်း အင်္ဂလန်သို့ ပြန်ရမည့်ရက်ကို ကျွန်တော့်ထက် စိတ်စောနေသူဖြစ်၏။

သူသည် အမြောက်ပစ်သမားတစ်ဦးဖြစ်သည့်အားလျော်စွာ၊ အင်္ဂလန်နိုင်ငံမှာ ရုရှားသို့ ပို့လိုက်သော အမျိုးအစားသစ် အမြောက်ကို ကိုင်တွယ်ပစ်ခတ်နည်းကို ရုရှားအမြောက်တပ်သားအချို့အား ဤစခန်းသို့ ရောက်မလာမီက သင်တန်းပေးခဲ့ရသူဖြစ်၏။

ကျွန်တော်တို့အထဲတွင် အသက်ငယ်ဆုံးနှင့် ကျန်းမာရေးအချို့တဲ့ဆုံးမှာ သာမန်အဆင့်အတန်းမျှသာ ရှိသေးသော ရဲဘော်ကလေး 'ဆီး' ဖြစ်၏။ ကျွန်တော်တို့ကို အုပ်ချုပ်နေသူမှာ အရာခံဗိုလ် 'ရန်ကင်း' ဖြစ်၏။

ရဲဘော်ကလေး 'ဆီး'က အအိပ်ရအစားရချို့တဲ့ကာ ကျန်းမာရေးမကောင်းသလောက် ဝဝဖြိုးဖြိုးနှင့် တစ်နေ့ထက်တစ်နေ့ တိုး၍ ဝနေသူကား အရာခံဗိုလ် ရန်ကင်းပင် ဖြစ်သည်။

ရန်ကင်းသည် မာမန့်မြို့သို့ ရောက်ရှိနေသည့်အချိန်၌ အင်္ဂလိပ် ရေတပ်စခန်းတစ်ခု၌ ကျန်ရစ်ခဲ့သော ပစ္စည်းများကို ထိန်းသိမ်းရေးတာဝန်ခံအဖြစ် တာဝန်ယူထားခဲ့ရသူဖြစ်၏။ သို့ဖြစ်၍လည်း ကျွန်တော်တို့ စခန်းသို့ ပြန်လည်ရောက်ရှိလာသော အချိန်များတွင် အမြဲတမ်း အရက်မူးလျက်ရှိသည်ကို တွေ့ရခြင်းဖြစ်၏။

"ရန်ကင်းက သိပ်ပြီး ငွေဖောနေပုံရတယ်"

မီးလင်းဖိုကို ဝိုင်း၍ ထိုင်နေကြသူ ၈ ယောက်အနက်မှ တစ်ယောက်က ထင်မြင်ချက် ပေးလိုက်၏။

"ဖောမှာပေါ့။ စတိုးကိုကိုင်နေရတယ် မဟုတ်လား၊ အင်္ဂလိပ်စကားပြောတက်တဲ့...ဟို...ရုပ်ရှင်ကော့မစ်ဆာကလေးနဲ့လည်း သူက သိပ်ပြီး အလွမ်းသင့်နေတယ် မဟုတ်လား"

အခြားတစ်ယောက်က အဖြေပေးလိုက်၏။

'သူမူးသလို...ကျုပ်တို့လည်း မူးချင်တာပေါ့။ ကျုပ်လွယ်အိတ်ထဲမှာတော့ ရုရှားအရက်တစ်ပုလင်းရှိတယ်၊ သင်္ဘောပေါ်ကို ရောက်တဲ့နေ့မှ သောက်မယ်လို့ စိတ်ကူးပြီး...အခုထက်ထိ သိမ်းထားသေးတယ်"

ကွတ်က ဤသို့ပြောရင်း သူ၏ စစ်လွယ်အိတ်ရှိရာသို့ လှမ်း၍ကြည့်

www.burmeseclassic.com



လိုက်၏။

အသည်းခိုက်အောင်၊ ခြေနှင့် လက်များ ထုံကျဉ်လာအောင် အေးလှသည့် အချိန်အခါမျိုးတွင် ရင်ထဲ၌ နွေးသွားအောင် ပုလင်းကို အဖော်ပြုချင်သည်မှာ စစ်သားတိုင်း၏ အကျင့်ပင် ဖြစ်၏။

သို့ရာတွင် ထားသည့်နေရာတွင်နေ၊ ပေးသည့်အစာကိုသာ စားနေရသော ဘဝမျိုး၌ အဘယ်မှာလျှင် ကျွန်တော်တို့အဖို့ ပုလင်းကို မိတ်ဖွဲ့၍ နေနိုင်ပါမည်နည်း။

ကျွန်တော်တို့တစ်တွေက ကိုယ့်အိမ်ကိုယ့်ရာအကြောင်းကို လွမ်းလွမ်းဆွေးဆွေးဖြင့် ဝိုင်းဖွဲ့ပြောဆိုနေကြစဉ်၊ ရုံးခန်းစကြံ တစ်လျှောက်မှ တခေါက်ခေါက် ပေါ်ထွက်လာသော ခြေသံကို ကြားလိုက်ရ၏။ အရာခံဗိုလ်ရန်ကင်း၏ ခြေသံပင်တည်း။

"နေကြီး ဒီညလည်း မူးလာဦးမှာပဲ"

ကျွန်တော်တို့အထဲမှ တစ်ယောက်က ထင်မြင်ချက်ပေးလိုက်၏။ ဤထင်မြင်ချက်ကြောင့် ကျွန်တော်တို့တစ်တွေ ခပ်ဟဟကလေး ရယ်လိုက်မိကြ၏။

ရယ်သံအဆုံးတွင် ကျွန်တော်တို့အဖို့ အိပ်ခန်းအဖြစ် ပေးထားသော ကုန်လှောင်ရုံ ရုံးခန်းတံခါးဝသို့ ရောက်လာသော ခြေသံကို ကြားလိုက်ရပြီး၊ ထိုခြေသံနှင့်အတူ ရုံးခန်းတံခါးပေါက်ဝတွင် မားမားကြီးရပ်နေသော အရာခံဗိုလ်ရန်ကင်းကို တွေ့လိုက်ကြရ၏။

ခါတိုင်းနှင့်မတူဘဲ ရွှင်ရွှင်ပျပျဖြစ်နေသော အမူအရာကြောင့် လည်းကောင်း၊ လက်ထဲတွင် ကိုင်လာသော စာရွက်တစ်ရွက်ကို တွေ့ရသောကြောင့် လည်းကောင်း ကျွန်တော်တို့အဖို့ တစ်ခုခုတော့ ထူးတက်ထူးခြားမှုရှိလာပြီဟု တွက်လိုက်မိ၏။

အရာခံဗိုလ်ရန်ကင်းနှင့်အတူ ရေတပ်မှ အင်္ဂလိပ်တပ်ကြပ်ကြီး စာရေးတစ်ဦးလည်း ပါရှိလာလေသည်။

"ကျုပ်တို့က...နက်ဖြန်မနက်မှ သင်္ဘောပေါ်တက်ရင် မဖြစ်ဘူးလား"

အရာခံဗိုလ်ရန်ကင်းက တပ်ကြပ်ကြီးစာရေးအား လှည့်၍မေးလိုက်၏။

"မဖြစ်ဘူးထင်တယ် ဆရာကြီး။ ပေးထားတဲ့ တာဝန်က အထူးတာဝန်ဖြစ်နေတယ်။ ရေတပ်ဗိုလ်ကြီးဆယ်ဘီက ည ၁၀နာရီမှာ သင်္ဘောပေါ်ကို ရောက်ပြီး အသင့်ရှိနေရမယ်လို့ အမိန့်ပေးလိုက်ပါတယ်။ ဒါကြောင့်လည်း ဆရာကြီး



ကို အပူတပြင်းလာပြီး သတင်းပို့ရတာပေါ့"

တပ်ကြပ်ကြီးစာရေးက ပြန်၍ အဖြေပေးလိုက်၏။

အရာခံဗိုလ်ရန်ကင်းကို ကြည့်ရခြင်းအားဖြင့် အရက်မူးနေပုံမပေါ်။ သို့သော် ပါးနှစ်ဖက်က ကွက်၍ နီနေသည်ကို ထောက်ခြင်းအားဖြင့် တော်တော်များများ သောက်၍ ထားကြောင်းတို့ကား သိသာနိုင်၏။

အရာခံဗိုလ်ရန်ကင်းသည် ရှည်၍ ဆူဖြိုးသော သူ့ခန္ဓာကိုယ်ကြီးကို တံခါးပေါင်တွင် မှီ၍ ရပ်လိုက်ရင်း...

'ဟော့...ဘယ်သူတွေ အိမ်ပြန်ချင်ကြသလဲ' ဟု မထေ့တထေ့ပြုံး၍ မေးလိုက်သည်။

"အိမ်ခံသင်္ဘောကြီး ကွင်းမေရီမှာ လိုက်ဖို့အတွက် လာပြီး လက်မှတ်ရောင်းတာကျနေတာပဲ"

ကွတ်က မကျယ်သော်လည်း မတိုးသောရလသံဖြင့် မှတ်ချက်ချလိုက်သောကြောင့် မီးလင်းဖိုနားတွင် ဝိုင်း၍ထိုင်နေသော ကျွန်တော်တို့လူစုက အသံမထွက်အောင် ရယ်လိုက်မိကြ၏။

ကွတ်၏မှတ်ချက်ချသံကို အရာခံဗိုလ်ရန်ကင်းလည်း ကြားလိုက်မည်မှာ အမှန်ပင်ဖြစ်၏။ သို့ရာတွင် ယနေ့အဖို့ အထူးသဘောကောင်းပုံရနေသော ရန်ကင်းက အပြုံးမပျက်ဘဲ...

'မင်းနဲ့ ကျုပ်နဲ့တော့ အိမ်ကိုပြန်ပြီး ရောက်ကြရဦးတော့မယ်' ဟု ကွတ်အား လှမ်း၍ ပြောလိုက်၏။ ပြီးမှ တပ်ကြပ်ကြီး စာရေးဘက်သို့လှည့်ကာ...

'ခု...ဘယ်နှနာရီရှိပြီလဲ' ဟု မေးလိုက်၏။

"ခုနစ်နာရီခွဲပြီ"

"ကျုပ်လူတွေကို ၈ နာရီခွဲမှာ တန်းစီခိုင်းပြီး သင်္ဘောဆိပ်ကို ၉ နာရီလောက်မှာ ရောက်လာနိုင်ရင် တော်ပြီမဟုတ်လား"

"၁၀ နာရီမထိုးခင် သင်္ဘောပေါ်ရောက်ရင် ပြီးတာပါပဲ"

တပ်ကြပ်ကြီးစာရေးက ပြန်၍ အဖြေပေးလိုက်၏။

"ကောင်းပြီ"

အရာခံဗိုလ်ရန်ကင်းက ခေါင်းညိတ်၍ ပြလိုက်ပြီးနောက် 'ဝင်း' ဟု ကျွန်တော့်အမည်ကို ခေါ်လိုက်၏။

"ရှိပါတယ်ဆရာကြီး"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မီးလင်းဖိုနားမှ မထဘဲ လှမ်း၍ပြောလိုက်၏။ ကျွန်တော်မှာ ဒုတပ်ကြပ်အဆင့်မျှသာ ရှိသော်လည်း ရန်ကင်းမှာ ကျွန်တော်တို့တပ်မှ အရာခံဗိုလ်မဟုတ်သည်က တစ်ကြောင်း၊ သူ၏ဆက်ဆံပုံနှင့် စိတ်နေသဘောထားကို ရှုမုန်းသည်က တစ်ကြောင်းတို့ကြောင့် ကျွန်တော်နှင့်တကွ ၈ ယောက်သော တပ်သားတို့က အရာခံဗိုလ်ရန်ကင်းအပေါ်တွင် မထီမဲ့မြင် ပြန်လည်ဆက်ဆံနေကြခြင်း ဖြစ်၏။

'ဟောဒီစာရင်းမှာပါတဲ့ နာမည်တွေအတိုင်း ၈ နာရီခွဲတိတိမှာ ရုံးခန်းအပြင်ဘက်မှာ တန်းစီပြီး လူစစ် တပ်သားတိုင်း စမတ်ကျကျနဲ့ ယူနီဖောင်းအပြည့်အစုံရှိနေပစေ'ဟု လှမ်းပြောရင် ကျွန်တော့်အား သူ့လက်ထဲတွင် ကိုင်ထားသော စာရွက်တစ်ရွက်ကို ပစ်၍ပေးလိုက်၏။

ပြီးမှ ရဲဘော်ကလေး 'ဆီး' ဘက်သို့လှည့်ကာ...

'ငါ့လွယ်အိတ်နဲ့ အိပ်ရာလိပ်ကို အသင့်ပြင်ထားလိုက်ဟေ့' ဟု ပြောရင်း တံခါးဝမှ ထွက်ခွာသွားသည်။

အရာခံဗိုလ်ရန်ကင်းထံမှ ရရှိသောစာကို မီးလင်းဖိုမှ မီးရောင်ဖြင့် ကျွန်တော်တို့တစ်တွေ ဝိုင်း၍ ဖတ်ကြ၏။

စာ၏ဆိုလိုရင်းသဘော အတိုချုပ်မှာ—

"၁၉၄၅ ခု မတ်လ ၂ ရက်နေ့ည ၁၀ နာရီထက် နောက်မကျစေဘဲ 'သုံးရောင်ခြယ်'ဟု ခေါ်သော သင်္ဘောပေါ်သို့ ကျွန်တော်တို့တစ်တွေ တက်ရောက်ပြီး အသင့်ရှိနေကြရမည်ဖြစ်၏။ လမ်းခရီးတစ်လျှောက်လုံးတွင် အရာခံဗိုလ်ရန်ကင်းက ကျွန်တော်တို့အပေါ်တွင် အုပ်ချုပ်ရေးအရာရှိအဖြစ် အုပ်ချုပ်သွားမည်ဖြစ်၏။ သင်္ဘောပေါ်သို့ ရောက်သွားသည့်အချိန်တွင် အရာခံဗိုလ်ရန်ကင်းက ကျွန်တော်တို့တစ်တွေ ရောက်ရှိလာပြီဖြစ်ကြောင်း သင်္ဘောကက်ပတိန်ဟယ်ဆလေထံသို့ သွားရောက်သတင်းပို့ရမည်ဖြစ်၏။ လမ်းခရီးတစ်လျှောက်လုံးတွင် အရာခံဗိုလ်ရန်ကင်းသည် သူနှင့်တကွ သူအုပ်ချုပ်ရသောအဖွဲ့အား သင်္ဘောကက်ပတိန်၏ အမိန့်အတိုင်း အထူးတာဝန်ဝတ္တရားအဖြစ် တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်စေရမည်ဖြစ်၏"

ကျွန်တော်တို့သည် အိမ်ပြန်ရတော့မည်ဟူသော အတွေးကြောင့် အထူးပျော်၍သွားကြကာ ကွတ်၏ဗော့ကာအရက်ပုလင်းကိုဖွင့်၍ ပဏ္ဏာမအောင်ပွဲခံလိုက်ကြ၏။



စောင့်စားခဲ့ရသော ရက်များသည် ကြာညောင်းခဲ့သည်နှင့်အမျှ ဒုက္ခအဖုံဖုံနှင့်လည်း ကြုံခဲ့ရသည် မဟုတ်ပါလား။

ပဏ္ဏာမအောင်ပွဲခံပြီးနောက် ရေခဲများ ဖုံးလွှမ်းနေသော လမ်းများအတိုင်း လီနင်သင်္ဘောဆိပ်အမှတ် (၄) ဖောတံတားရှိရာသို့ ကျွန်တော်တို့တစ်တွေ ဘယ်ညာ မှန်မှန်လှမ်းကာ ဆင်းလာခဲ့ကြ၏။

ကျွန်တော်တို့ စီးနင်းလိုက်ပါရမည့် သုံးရောင်ခြယ်သင်္ဘောကို ကမ်းပေါ်မှနေ၍ ကြည့်ရခြင်းဖြင့်ပင် သင်္ဘောမှာ တံငါသင်္ဘောဟောင်းကြီးနှင့် တူနေသည်ဟု စိတ်မသက်မသာ ဖြစ်မိ၏။

သုံးရောင်ခြယ်မှာ ဂရိနိုင်ငံတွင် တည်ဆောက်ခဲ့ပြီး ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားခဲ့သော ၁၉၄၁ ခုနှစ်သို့ ရောက်လာသောအခါမှ အင်္ဂလိပ်အစိုးရက စစ်ဝန်ကြီးဌာနအတွက် သယ်ယူပို့ဆောင်ရေးသင်္ဘောအဖြစ် ပြောင်းလဲယူငင်လိုက်ပြီးနောက် 'ကက်' သင်္ဘောကုမ္ပဏီအား သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် အပ်နှင်းထားသော သင်္ဘောဖြစ်ကြောင်း သိရှိရ၏။

အထီးတည်း ရှည်လျားစွာရှိသော ခေါင်းတိုင်၊ မြင့်မားလှသောပဲ့စင်၊ စုပြုံနေသော အခန်းကျဉ်းကလေးများဖြင့် သုံးရောင်ခြယ်သည် အမည်လှသလောက် အကြည့်ရဆိုးနေလေသည်။

သင်္ဘောဦးဘက်တွင် သုံးလက်မအမြောက်တစ်လက်၊ ပဲ့ပိုင်းနှင့် အလယ်ဘက်တွင် အမြောက်တစ်လက်စီ ရှိ၏။

ပဲ့စင်တစ်ဖက်တစ်ချက်တွင် အသက်ကယ်လှေများကို သူ့နေရာနှင့်သူ တွဲချိတ်ပင့်တင်ထားပြီး အသက်ကယ်ဖောင်များကိုမူ ဖြစ်ကတတ်ဆန်း ချိန်ဆွဲထားသည်ကို တွေ့ရ၏။

မည်သို့ပင်ဖြစ်စေ၊ ဇာတိရပ်မြေ မွေးရပ်ဌာနေသို့ ပြန်ရတော့မည်ဖြစ်သော ကျွန်တော်တို့ကား အရုပ်ဆိုး အကျည်းတန်ကာ တံငါသင်္ဘောနှင့်တူသော သုံးရောင်ခြယ်ဖြင့် မဆိုထားဘိ၊ တံငါသင်္ဘောကလေးဖြင့် စီးနင်းလိုက်ပါရမည်ဆိုလျှင်လည်း အင်္ဂလန်သို့သာ ပြန်ရသည်ဖြစ်စေ စီးနင်းလိုက်ပါကြမည်သာ ဖြစ်၏။

သုံးရောင်ခြယ်ပေါ်သို့ ကျွန်တော်တို့ တက်သွားသောအခါ သင်္ဘောသွားကုန်များတင်နေဆဲပင် ဖြစ်သည်။ သံရိုင်းများကို တင်နေခြင်းပင်တည်း။

သင်္ဘောဝမ်းဗိုက်အတွင်းရှိ သိုလှောင်ခန်းထဲသို့ သံရိုင်းများကို အကုန်အစများမှနေ၍ ကရိန်းကြီးများဖြင့် လောင်းချ၍ ပေးနေ၏။ ကရိန်းများကို လည်းအောင်

www.burmeseclassic.com

www.burmeseclassic.com



လှည့်နေသော စက်သံများနှင့် သင်္ဘောဝမ်းဗိုက်များအတွင်းရှိ သိုလှောင်ခန်းများအတွင်းသို့ သံရိုင်းများ ဝေါခနဲ ဝေါခနဲ ကျဆင်း၍နေသံမှာ နားကွဲလုမတတ် ဆူညံလျက်ရှိ၏ ကရိန်းစက်မောင်းကြီးများမှ သွန်လောင်း၍ ချလိုက်သည့်အခါတိုင်း အံဖုံးဝမှ ထွက်ပေါ်၍လာသော သံမှုန့်နှင့်သံခိုးများမှာ မီးတောင်များပေါက်ကွဲသဖြင့် ချော်ရည်ချော်မှုန့်များ ထွက်နေသကဲ့သို့ ဖြစ်နေ၏။ အေးမြသော ရာသီဥတုကြောင့် သင်္ဘောကုန်းပတ်များပေါ်တွင် ဖြူဖြူဖွေးအောင် ကျရောက်နေသော နှင်းမှုန်များမှာ သံမှုန့်နှင့် သံခိုးတို့ကြောင့် ဖြူ၍မနေတော့ဘဲ နီညိုရောင်ဖြစ်နေကြ၏။

လှေကားအတိုင်း တက်လာခဲ့ပြီးနောက် လှေကားထိပ်သို့ ရောက်သောအခါ၊ အရာခံဗိုလ်ရန်ကင်းက ကျွန်တော်တို့အား ထိုနေရာတွင်ပင် ခေတ္တစောင့်နေရန် အမိန့်ပေးခဲ့ပြီး သင်္ဘောကက်ပတိန်ရှိရာ ပဲ့စင်ထက်သို့ တက်သွား၏။

လှေကားထိပ်တွင် ရပ်လျက်စောင့်နေသော ကျွန်တော်တို့အား အရိုးကွဲအောင် အေးမြနေသောလေက တသုန်သုန်တိုက်၍ ဆီးကြိုညှဉ်းခံလျက် ရှိ၏။

အကယ်၍သာ ဤသင်္ဘောပေါ်သို့ ကျွန်တော်တို့ရောက်လာရခြင်းသည်၊ သေမင်းခံတွင်းဝသို့ ရောက်လာခြင်းပင် ဖြစ်သည်ဟု ထိုအချိန် ထိုအခါကသာ သိရှိခဲ့ရပါမူ ကျွန်တော်တို့ မည်သို့သော စစ်အမိန့်ကိုမျှ လိုက်နာခြင်း ရှိခဲ့ကြမည်မဟုတ်။

ပဲ့စင်ထက်တွင် ကက်ပတိန်ဟယ်ဆလေသည် ခေါက်တုံ့ခေါက်ပြန် စင်္ကြံလျှောက်လျက်ရှိသည်ကို ကျွန်တော်တို့ လှမ်းမျှော်ကြည့်၍ မြင်နေရ၏။

ဟယ်ဆလေမှာ လူကောင်သေးသေးသွယ်သွယ်ရှိသလောက် စိတ်က ခက်ထန်သူတစ်ဦးဖြစ်ကြောင်း သိရ၏။ နက်မှောင်သောဆံပင်နှင့် နက်မှောင်သောမုတ်ဆိတ်မွေးတို့က သူ၏ တောက်ပြောင်၍နေသော မျက်လုံးအစုံနှင့် လိုက်ဖက်လှသည်ဟု ထင်ရ၏။ တပြောင်ပြောင် အရောင်ထွက်နေသော မျက်လုံးများက မိုက်ကန်းခြင်း၊ လောဘကြီးခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်း အနက်အဓိပ္ပာယ်ကို ဆောင်နေသည်ဟု ထင်မိ၏။

ဟယ်ဆလေသည် ကိုယ်လက်အမူအရာတွင်လည်းကောင်း၊ စကားပြောရာတွင် လည်းကောင်း ပွဲထဲမှ မင်းသားကြီးဆန်ဆန် ပြုတတ် ပြောဆိုတတ်သည်ဟု သိလာခဲ့ရ၏။ ဇာတ်ထဲမှစကားများကို ဟန်နှင့်ပန်နှင့် သူ့နေရာနှင့်သူ အံဝင်ခွင်ကျဖြစ်အောင် ပြောတတ်ဆိုတတ် လုပ်ရှားတတ်သည်ဟုလည်း ဆိုကြ၏။



အကယ်၍သာ သုံးရောင်ခြယ်သင်္ဘော၏ မာလိန်မှူးဖြစ်သူ ဟယ်ဆလေသည် တပ်စုတစ်စုမျှလောက်သော သူတို့၏ အသက်ကို သွေးအေးအေးဖြင့် သုတ်သင်ဝံ့သော မိုက်ရူးရဲစိတ်မျိုးရှိသည်ဟု အစကသာ သိခဲ့ပါလျှင် ကျွန်တော်တို့သည် သင်္ဘောလှေကားထိပ်တွင် ရပ်နေရာမှ စစ်အမိန့်ကို ဖီဆန်ကာ ကမ်းပေါ်သို့ ပြန်၍တက်လာခဲ့ကြမည် ဖြစ်၏။

အကယ်၍သာ...ငရဲနှင့်တူသော အရာသည် ကမ္ဘာမြေပြင်ပေါ်၌ ရှိသည်ဆိုအံ့၊ ထိုအရာသည် 'မက်ဒွန်' ကျောက်ဆောင်ပင် ဖြစ်သည်ဆိုအံ့၊ ကျွန်တော်တို့သည် သေမင်းတိုင်းပြည် ငရဲနိုင်ငံနှင့်တူသော ထိုနေရာအရပ်သို့ မည်သည့်နည်းနှင့်မျှ လိုက်ပါသွားကြလိမ့်မည်မဟုတ်၊ ယခုမူ ရှေ့ရေးကို ပြေး၍မမြင်နိုင်မိသူများပီပီ၊ အသည်းခိုက်အောင် အေးလှသော လေထဲ၌ ကျွန်တော်တို့သည် မတ်တတ်ရပ်၍ စောင့်နေခြင်းပင် ဖြစ်လေသည်။

ငါးမိနစ်ခန့်အကြာတွင် အရာခံဗိုလ်ရန်ကင်းသည် အရပ်ရှည်ရှည် ပိန်ပိန်လူတစ်ယောက်နှင့်အတူ ကျွန်တော်တို့ ရပ်နေသောနေရာသို့ ရောက်ရှိလာ၏။ သူသည် စကော့အမျိုးသားတစ်ဦး ဖြစ်ကြောင်း နောက်မှသိရ၏။

ဘယ်ဘက်နားရွက်အနားမှနေ၍ ဘယ်ဘက်မေးဖျားအထိ ခပ်စောင်းစောင်း ခပ်ဖွေးဖွေးရှိနေသော အမာရွတ်ကြီးက စကော့အမျိုးသားဖြစ်သူ၏နောက်ကြောင်းရာဇဝင်ကို ဖော်ထုတ်၍ ပြနေသကဲ့သို့ ထင်ရ၏။

သူသည် သုံးရောင်ခြယ်သင်္ဘောတွင် ပထမအရာရှိဖြစ်၏။ သူ့အမည်ကား 'ဟင်ဒရစ်' ဖြစ်၏။

ဟင်ဒရစ် မျက်လုံးများသည် တည်ငြိမ်လေးနက်မှုမရှိဘဲ၊ ကျီးကန်းမျက်လုံးကဲ့သို့ ဖြစ်နေ၏။

အရာခံဗိုလ်ရန်ကင်းက ကျွန်တော့်ကို ခေါ်လိုက်သည်။

"မင်းတို့အဖို့ နေရာချပေးမယ့် အခန်းကို ပြမယ် လာ"

ကျွန်တော်သည် ဟင်ဒရစ်နှင့် အရာခံဗိုလ်ရန်ကင်းတို့နောက်မှ ကပ်၍လိုက်ပါသွား၏။

စက်ခန်းအံဖုံးများကို လွန်၍လာသောအခါ၊ သင်္ဘောဘယ်ဘက်တွင် ဆ ၂၀ ရှည်၍ ၁၀ ပေခန့်ကျယ်သော အခန်းတစ်ခုကို တွေ့ရ၏။ အခန်းနံရံများတွင် လေဝင်ပေါက်ဟူ၍ လုံးဝမရှိချေ။

ပထမအရာရှိ ဟင်ဒရစ်သည် အခန်းတံခါးကို ဖွင့်၍ပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ...သူတို့နေရမယ့်အခန်းပဲ၊ ဒီအခန်းထဲမှာ ကုန်ပစ္စည်းလည်း ရောက်လာလိမ့်မယ်"

ဟင်ဒရစ်က အရာခံဗိုလ် ရန်ကင်းအား ပြောလိုက်၏။ ရန်ကင်းက ကျွန်တော့် ဘက်သို့ လှည့်ပြီး–

'ကဲ...မင်းလူတွေကို ခေါ်လိုက်။ အထူးကုန်ပစ္စည်းကတော့ ဒီနေ့ညမှာပဲ ရောက်လာလိမ့်မယ်၊ ဒီပစ္စည်းကို ဒီအခန်းထဲမှာပဲ ထားမှာပဲ။ မင်းနဲ့ မင်းလူတွေက အစောင့်အဖြစ်နဲ့ တာဝန်ယူရလိမ့်မယ်' ဟု ပြောလိုက်၏။

ပြီးမှ သင်္ဘောပထမအရာရှိဘက်သို့ လှည့်ကာ–

'ဘယ်လိုကုန်ပစ္စည်းမျိုးဆိုတာ သိသလား'ဟု မေးလိုက်၏။

ဟင်ဒရစ်သည် သူ့မျက်လုံးအစုံကို ဘယ်ညာလှည့်လိုက်ပြီး–

'မသိဘူး'ဟု တိုတိုတောင်းတောင်းပင် အဖြေပေးလိုက်၏။ သူ၏ အဖြေပေးပုံမှာ သဘာဝမကျဟု ကျွန်တော်က ထင်မှတ်လိုက်မိလေသည်။ အရာခံဗိုလ်ရန်ကင်းသည် အခန်းအခြေအနေကို အကဲခတ်လိုက်ကာ–

'ဒီအခန်းမှာထားမယ့် ပစ္စည်းဆိုရင်တော့ သိပ်ပြီး ကြီးကြီးမားမားဖြစ်မှာ မဟုတ်ဘူး' ဟု မှတ်ချက်ချလိုက်ရင်း–

'ဒီအခန်းက...အရင်တုန်းက ဘာအတွက် အသုံးပြုတဲ့အခန်းလဲ' ဟု ဟင်ဒရစ်အား မေးလိုက်၏။

"ဒုတိယကုန်းပတ်မှာ တာဝန်ယူရတဲ့ သင်္ဘောသားတွေအတွက် ထမင်းစားခန်းအဖြစ် အသုံးပြုတဲ့ အခန်းပါ"

"ကုန်းပတ်ပေါ်မှာ ထမင်းစားခန်း ထားတာကိုက တော်တော်လေးထူးခြားနေတယ်"

"သင်္ဘောဆောက်ကတည်းက ဂရိပုံစံအတိုင်း ဆောက်ထားတာကိုး"

ပထမသင်္ဘောအရာရှိ ဟင်ဒရစ်က အကြောင်းပြ၍ အဖြေပေးလိုက်၏။

အရာခံဗိုလ်ရန်ကင်းသည် ကျွန်တော်တို့နေရမည့် အခန်းနှင့်ပတ်သက်၍ ဆက်လ 'စိတ်ဝင်စားမှု မရှိတော့ဘဲ၊ ကျွန်တော့်ကိုသာ ကျွန်တော့်လူများကို ဤအခန်းထဲသို့ ခေါ်လာရန် တွင်တွင်ကြီး အမိန့်ပေးနေလေသည်။

"စောင်တွေနဲ့ ပုခက်အိပ်စင်တွေကို မစ္စတာဟင်ဒရစ်က တစ်ယောက်ယောက်ကို လွှတ်ပြီး အပို့ခိုင်းလိမ့်မယ်။ ဒီအခန်းထဲကို အထူးကုန်ပစ္စည်းတွေ ရောက်လာတာနဲ့ တစ်ပြိုင်နက် ကင်းတာဝန် ဘယ်လိုချရမယ်ဆိုတဲ့ အမိန့်ကို



ပေးလိုက်မယ်"

ကျွန်တော်က အရာခံဗိုလ်ရန်ကင်းတို့အနားတွင် ဆက်လက်၍ မနေလိုတော့သည့်အတွက် ကျွန်တော့် လူများစောင့်၍နေသော သင်္ဘောလှေကားထိပ်ဆီသို့ လှည့်၍ ထွက်လာခဲ့၏။

ဤသို့လှည့်၍ ထွက်အလာရှင် အရာခံဗိုလ်ရန်ကင်းက သင်္ဘော ပထမအရာရှိ ဟင်ဒရစ်အား ပြောလိုက်သော စကားကို ကျွန်တော် ကြားလိုက်ရ၏။

"ကက်ပတိန်ကတော့...ကျွန်တော့်အတွက် အခန်းလွတ်တစ်ခု သီးသန့်ပေးထားမယ်လို့ ပြောတယ်၊ ဟုတ်ရဲ့လား"

"ဟုတ်တယ်၊ ခင်ဗျားအတွက် သီးသန့်အခန်းလွတ်တစ်ခုရှိတယ်"

အရာခံဗိုလ်ရန်ကင်း၏ မေးခွန်းနှင့် ပထမအရာရှိတို့၏အဖြေမှာ ကျွန်တော့်အသည်းကို ဓားဖြင့်ခွဲလိုက်သကဲ့သို့ နာကျင်စေသော အမေးနှင့်အဖြေပင် ဖြစ်လေသည်။

ကျွန်တော်သည် လှေကားထိပ်ရှိရာသို့ ပြန်လာခဲ့ပြီးနောက် 'ကွတ်'နှင့် 'ဆီး' အား ကျွန်တော်တို့အတွက် ပေးထားသောအခန်းသို့ ခေါ်လာခဲ့၏။

ကွတ်သည် အခန်းအခြေအနေကို ကြည့်လိုက်ပြီး စစ်လွယ်အိတ်ကို အခန်းထောင့်တစ်နေရာသို့ စိတ်ပျက်လက်ပျက်ဖြင့် ပစ်ချလိုက်၏။

"အရိုးကွဲအောင်အေးတဲ့နေရာမှာ ၄ လလောက် အနေရချို့တဲ့ အစားချို့တဲ့နဲ့ နေလာရပြီး၊ အိမ်အပြန်ခရီးကျတော့လည်း အရိုးကွဲအောင် အေးတဲ့လေထဲမှာ ကင်းတာဝန်ကို ယူရဦးမယ်။ အရာခံဗိုလ်ရန်ကင်းက ရေတပ်ကလူဆိုတော့ ကျုပ်တို့ကြည်းတပ်က ရဲဘော်တွေအကြောင်းကို နားလည်တာမဟုတ်ဘူး။ အရာခံဗိုလ်တစ်ယောက်အစား ကျုပ်တို့အပေါ်မှာ ကြည်းတပ် တပ်ကြပ်ကြီးတစ်ယောက်က အုပ်ချုပ်ပြီး လိုက်ပါလာရင်... ကင်းတာဝန်ကို တပ်ကြပ်ကြီးပါ ခွဲပြီး ယူနိုင်မယ် မဟုတ်လား"

ကွတ်က လေရှည်ကြီးလျှောက်၍ ညည်းနေလေသည်။

နာရီဝက်ခန့်အကြာတွင် ရုရှားစစ်လော်ရီကားကြီး လေးစီး သင်္ဘောနှင့်တည့်တည့် ဆိပ်ကမ်းပေါ်သို့ ရောက်ရှိလာသည်ကို တွေ့လိုက်ရ၏။ လော်ရီကားများပေါ်တွင် လေးထောင့်သေတ္တာကြီးများ တင်ထားသည်ကို မြင်ရ၏။ ကားတစ်စီးလျှင် ရုရှားအစောင့်စစ်သား (၃) ယောက်စီ ပါလေသည်။

ရှေ့ဆုံး လော်ရီကားမှ အင်္ဂလိပ်ရေတပ်အရာရှိတစ်ဦး ဆင်းလာပြီး

www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောကက်ပတိန်ရှိရာ ပွဲစင်ထက်သို့ တက်သွားသည်။

ခွန်အားအကြံအစွမ်းကရိန်းစက်မောင်းကြီးများက ဖောင်ရိကားဝေါ်မှ လေးထောင့်သေတ္တာကြီးများကို ကျွန်တော်တို့ရှိရာအခန်းထဲသို့ ချီမသယ်ဆောင်လာလေသည်။

သေတ္တာကြီးများပေါ်တွင် ကပ်ထားသောအမှတ်တံဆိပ်များကို ကြည့်ရခြင်းအားဖြင့် အပြောကုန်မှုသည်ဟု ဆိုသည်မှာ တာ်ရိုကိန်း သေနတ်များအတွက် ခဲယမ်းများ ဖြစ်မည်ဟု တွေ့ရ၏။

"လေယာဉ်ပျံစက်တွေကို သင်္ဘောပေါ်မှာ တင်ထားတော့ ကျုပ်တို့က ကင်းချပြီး စီစောင့်နေရမယ်ဆိုတော့ ထူးဆန်းလှတာပဲ"

ကွတ်က အခန်းထဲသို့ ရောက်လာသော သေတ္တာကြီးများမှ အမှတ်တံဆိပ်များကို လက်ဖြင့် တဒေါက်ဒေါက်ခေါက်ရင်း မကျေမနပ် ညည်းညူလိုက်၏။

ကျွန်တော်တို့အခန်းတွင်းတွင် သေတ္တာကြီးများကို ချပြီးသွားသောအခါ၊ ခဏခဏ တွေးမြင်လိုက်ရသော အင်္ဂလိပ်ရေတပ်အရာရှိနှင့်အတူ အရာခံဗိုလ်ရန်ကင်း၊ သင်္ဘောကက်ပတိန်ဟယ်ဆလေနှင့် ရုရှားစစ်အရာရှိတစ်ဦးတို့သည် ကျွန်တော်တို့ရှိရာ အခန်းသို့ရောက်လာကြပြီးနောက်၊ ဆက်ဆိုင်ရာစာရွက်စာတမ်းများအပေါ်တွင် အသီးသီး လက်မှတ်ရေးထိုးကြ၏။

အင်္ဂလိပ်ရေတပ်အရာရှိသည် သင်္ဘောကက်ပတိန် ဟယ်ဆလေဘက်သို့ လှည့်လိုက်ပြီး

"ဒီအချိန်ကစပြီး ဒီကုန်ပစ္စည်းတွေဟာ ကက်ပတိန်ရဲ့တာဝန် ဖြစ်သွားပြီ"ဟု ပြောလိုက်ရာ တစ်ဆက်တည်းမှာ အရာခံဗိုလ်ရန်ကင်းအား လှည့်ကြည့်ပြီး "သေချာကြပ်မတ်ရမယ့် တာဝန်ဟာ ခင်ဗျားရဲ့တာဝန်ပဲ" ဟု သတိပေးလိုက်၏။

အင်္ဂလိပ်ရေတပ်အရာရှိနှင့်အတူ ကက်ပတိန်ဟယ်ဆလေ၊ ရုရှားစစ်အရာရှိတို့ ထွက်ခွာသွားကြသောအခါ၊ အရာခံဗိုလ်ရန်ကင်းက ကျွန်တော်အား ခေါ်ယူလိုက်ပြီး လက်နှိပ်ဓာတ်မီးဖြင့် ရိုက်နှိပ်ထားသော ကင်းတာဝန်အမိန့်ကို ဖတ်ပြရင်း...

"ဒါဟာ ကင်းစောင့်အမိန့်ပဲ၊ နှစ်နာရီစောင့်ပြီး လေးနာရီစီ နားရမယ်၊ တာဝန်ကျနေတဲ့အချိန်မှာ ဓာတ်မီးကို အပြည့်အစုံဝတ်ထားပြီး လက်နက်ကိုလည်း ကိုင်ဆောင်ပြီး ရှိရမယ်။ အခန်းအပြင်ဘက်က နေပြီး မဟုတ်တဲ့ရမ်ပြီးဖြစ်စေ ဝါကြီးလှော်ပြီးဖြစ်စေ ကင်းတာဝန်ကို ထမ်းဆောင်ရမယ်။ တကယ်လို့ တာဝန်



ယူပြီးရင် မင်းအတွက် အပြစ်ပေးသလို ကင်းတာဝန်ကိုယူထားရတဲ့ သက်ဆိုင်ရာ ရဲဘော်ကလည်း ကြီးလေးတဲ့ အပြစ်ဒဏ်ကို ခံရလိမ့်မယ်" ဟု ဆိုလိုက်၏။

သေတ္တာတစ်လုံးပေါ်တွင် မဆုန်မလှုပ်ဘဲ ကျောက်ရုပ်ပမာ ထိုင်နေသော ကွတ်သည် ကျွန်တော်တို့ရှိရာသို့ ထလာပြီး

"နှစ်နာရီစောင့်ပြီး လေးနာရီစီ နားရမယ် ဆိုတာကတော့ ဟုတ်ပါပြီ။ ခင်ဗျားကကော ကင်းတာဝန်ကို ခွဲပြီး မယူဘူးလား" ဟု မေးလိုက်၏။

မမျှော်လင့်သောစကားကို လက်အောက်ငယ်သားတစ်ယောက်ထံမှ ကြားလိုက်ရသောကြောင့် အရာခံဗိုလ်ရန်ကင်းမှာ ခဏအတွင်း မှင်တက်မိသလို ဖြစ်သွားသည်။ ပြီးမှ အသံကို မှန်မှန်ဖြင့် ရှုလိုက်ရင်း

"ဒီမှာ... ရဲဘော်၊ ဘုရင့်ရေတပ်မတော် အရာခံဗိုလ်တစ်ယောက်ဟာ ကင်းတာဝန်ကို ဘယ်တော့မှ မယူဘူး" ဒေါသသံပါသော အမူအရာဖြင့် ပြောလိုက်၏။

သို့တိုင်အောင် ကွတ်က အရာခံဗိုလ်ရန်ကင်း၏ အမူအရာနှင့် လေသံကို မမှုဘဲ...

"ဒါဖြင့်... ကျုပ်တို့က ခင်ဗျားအတွက်ပါ ကင်းတာဝန်ကို ယူရမှာပေါ့။ ဒီလိုယူရတာဟာ မတရားဘူး။ ကျုပ်တို့ဟာ စစ်သားလဲလှယ်ရေးစနစ်အရ အမိနိုင်ငံကို ပြန်ကြရမယ့် ခရီးသည်တွေပဲ၊ တစ်လေ့တည်းစီး တစ်ခရီးတည်းသွားတဲ့ လူချင်းအတူတူမှာ ကျလာတဲ့ တာဝန်ကို အတူတူထမ်းဆောင်သင့်တယ် မဟုတ်လား၊ တကယ်လို့သာ ကျုပ်တို့အပေါ်မှာ တပ်ကြပ်ကြီးတစ်ဦးဦးက အုပ်ချုပ်ပြီး ပါလာခဲ့လို့ရှိရင် ကင်းတာဝန်ကို ကျုပ်တို့နဲ့အတူ ခွဲပြီးယူမှာ အမှန်ပဲ"

ကွတ်၏ စကားကြောင့် အရာခံဗိုလ်ရန်ကင်း၏ တစ်ကိုယ်လုံးမှာ အမှန်တကယ်ပင် ဒေါသဖြင့် တဆတ်ဆတ်တုန်နေ၏။

"အရာခံဗိုလ်တစ်ယောက်ဟာ တပ်ကြပ်ကြီးတစ်ယောက် မဟုတ်ဘူးဆိုတာ သတိထားစမ်းပါ... ရဲဘော်၊ နောက်ထပ်ပြီး ဖြတ်ဆွဲရှည်လာရင် မင်းကို သင်္ဘောကက်ပတိန်ဆီကို ပို့လိုက်ရလိမ့်မယ်"

"ပို့လိုက်ရင် ပို့ပြီးနေရာကျတာပေါ့။ ကျုပ်ကို အဲ့ဒီအချိန်ဆန်မှုနဲ့ သင်္ဘောကက်ပတိန်ကချုပ်ထားလိုက်ရင် ကျုပ်တာဝန်ကို ခင်ဗျားပဲ ယူရမယ် မဟုတ်လား"

ကွတ်က မချိတရိဓရေးပြောရင်း ခနဲ့တဲ့တဲ့လေသံဖြင့် စကားဆိုလိုက်၏။

"မင်းဆင်ထားတဲ့ ထောင်ချောက်ထဲကို တိုးပြီးဝင်ရလောက်အောင် ငါဟာ

www.burmeseclassic.com

www.burmeseclassic.com



မအသေးဘူးပေါ့။ မင်းက အင်္ဂလန်ကိုရောက်ရင် သားတွေ မယားတွေနဲ့ တွေ့ရအောင် အခွင့်ယူမယ်လို့ ကြံထားတယ်မဟုတ်လား”

အရာခံဗိုလ်ရန်ကင်းက ထွက်လာသောဒေါသကို သတိထား၍ ချိုးနှိမ်ရင်း ကွတ်၏ ပျော့ညံ့ချက်ကို အလစ်တွင် ဝင်၍နှိုက်လိုက်လေ၏။

“ရုရှားမှာ လေးလတိုင်တိုင် ဒုက္ခခံပြီး သင်္ဘောကို စောင့်နေရတဲ့ လူတစ်ယောက်အဖို့ အင်္ဂလန်ကိုပြန်ရောက်ရင် ခွင့်ရသင့်ရထိုက်တာ ဘာများပြောစရာ လိုသေးသလဲ”

ကွတ်ကလည်း တစ်ပြားသားမှာ အညံ့မခံဘဲ ပြန်၍ နှုတ်လှန်ပက်နေ၏။

ဒေါသကို သတိဖြင့် ချိုးနှိမ်ခဲ့ရသော အရာခံဗိုလ်ရန်ကင်း၏ စိတ်သည် ချွန်းချိတ်၍မရသော ဆင်ရိုင်းကဲ့သို့ ကြမ်းတမ်း ခက်ထရော်လာလေသည်။

“ခွင့်…ရထိုက်တယ်ပဲဖြစ်ဖြစ် မင်းစကားကို မင်းကြည့်ပြီး ပြောစမ်းပါ။ ဒီမှာရှိတဲ့ ရဲဘော်အားလုံး ကိုယ့်စကား…ကိုယ့်အပြုအမူကို သတိထားကြစမ်းပါ။ ဒီလိုမှ သတိမထားရင် ဘယ်သူမှ ရသင့်တဲ့အကျိုးခံစားခွင့်ကို ရမယ်မဟုတ်ဘူးဆိုတာကိုလည်း သတိထားလိုက်ကြစမ်းပါ”

အရာခံဗိုလ်ရန်ကင်းသည် ဤသို့သောစကားကိုဆိုရင်း ကျွန်တော့်ဘက်သို့ လှည့်လိုက်၏။

“မင်းကကော…စစ်ဗိုလ်သင်တန်းအတွက် လျှောက်လွှာတင်ထားတယ်လို့ ကြားတယ် ဟုတ်ရဲ့လား”

ရန်ကင်း၏အမူအရာက သရော်တော်တော် ပြောင်ချော်ချော် ဖြစ်နေ၏။

ကျွန်တော်က အဖြေပြန်မပေးဘဲ တုဏှိဘာဝေ ဆိတ်ဆိတ်နေလိုက်၏။ ဤသို့နေသည်ကိုပင် အရာခံဗိုလ်ရန်ကင်းက မကျေနပ်သေးဘဲ …

‘စစ်ဗိုလ်သင်တန်းတက်ဖို့ လျှောက်လွှာတင်ထားသလား… မထားဘူးလား ပြောစမ်း’ ဟု ထပ်၍မေးခွန်းထုတ်နေပြန်၏။

တုဏှိဘာဝေနေ၍မဖြစ်တော့သည့်အဆုံးတွင် ကျွန်တော်က ‘ဟုတ်ပါတယ်’ဟု အဖြေပေးလိုက်၏။

“အေး…ကောင်းတယ်”

အရာခံဗိုလ်ရန်ကင်းက သရော်တော်တော်ပြုံးရင်း အခန်းထဲမှ လှည့်ထွက်သွားသည်၊ အခန်းဝသို့အရောက်တွင် ကျွန်တော့်ဘက်ကို သမင်လည်ပြန်ကြည့်ရင်း…



‘ကင်းတာဝန်ကို တိတိကျကျ စောင့်ဖို့မမေ့နဲ့ ရဲဘော်၊ တာဝန်ပျက်ကွက်ရင် ပျက်ကွက်တဲ့အကြောင်း မင်းရဲ့ တပ်ရင်းကို အစီရင်ခံစာပို့ရလိမ့်မယ်၊ ဒီတော့မှ စစ်ဗိုလ်သင်တန်းကို မတက်ရဘဲ ကိုယ့်တပ်ကိုကိုယ် အမြီးကုပ်ပြီး ပြန်သွားနေရလိမ့်မယ်၊ ကဲ… ခုအချိန်ကစပြီး မင်းလူတွေကို ကင်းတာဝန်ချပေတော့’ဟု စကားဆိုလိုက်၏။

အရာခံဗိုလ်ရန်ကင်း ထွက်ခွာသွားသည်နှင့် တစ်ပြိုင်နက် ရဲဘော်ကြီးကွတ်က တစ်စခန်းထလာပြန်သည်။

“ကျုပ်တို့အထဲမှာ အရစ်ရှိတဲ့လူဆိုလို့ မင်းတစ်ယောက်ပဲ ရှိတယ်၊ မင်းကမှ အရာခံဗိုလ်လောက်အကောင်ကို ပြန်ပြီး မပြောဝံ့ရင် ဘယ်သူက ပြောဝံ့မှာတုံး”

ရဲဘော်ကြီးကွတ်၏ စကားကို ကျွန်တော်က နားမရှိသူတစ်ယောက်ကဲ့သို့ မည်သို့မျှ ပြန်မပြောဘဲ နေလိုက်၏။

ကျွန်တော်က ရေငုံနှုတ်ပိတ်နေလေသောအခါ ရဲဘော်ကြီးကွတ်သည် ကျွန်တော့်အနားမှ လှည့်၍ ထွက်သွားပြီး ရဲဘော်ကလေး ‘ဆီး’ အား ကျွန်တော်ကြားလောက်ရုံ လေသံဖြင့် တမင်ကလာ စကားတင်းဆိုနေပြန်သည်။

“စစ်ဗိုလ်သင်တန်းတက်မလို့ လျှောက်ထားတဲ့ လူတဲ့ဗျာ၊ ညံ့လိုက်တာကတော့ မပြောပါနဲ့၊ ဒီအတိုင်းဆိုရင် စစ်ဗိုလ်လောင်းကြီး ကောင်းကောင်းဖြစ်ပါလိမ့်မယ်”

ကွတ်အား ကျွန်တော်က ကင်းတာဝန်ကို ပေးခဲ့ပြီးနောက် သုံးရောင်ခြယ်ဦးပိုင်းရှိရာသို့ အညောင်းပြေ အညာပြေ လမ်းလျှောက်ထွက်လာခဲ့၏။

စောစောကမြည်ဟည်းနေသော ဝန်ချီစက်မောင်းကြီးများ၏ အသံမှာကျွန်တော်တို့ သင်္ဘောနှင့် မျက်နှာချင်းဆိုင် ကမ်းပေါ်တွင် တိတ်ဆိတ်ငြိမ်သက်သွားပြီ ဖြစ်၏။ ဆိပ်ကမ်းပေါ်မှ နေ၍ ကျွန်တော်တို့ သင်္ဘောရှိရာသို့ ထိုးထားသော မီးမောင်းကြီးများ၏ အလင်းရောင်မှာလည်း ကွယ်ပျောက်သွားပြီ ဖြစ်၏။ ကျွန်တော်တို့ သုံးရောင်ခြယ်သင်္ဘောနောက်ဘက်တွင် ရပ်ဖွဲ့၍ထားသော အမေရိကန် လစ်ဘာတီသင်္ဘောပေါ်တွင်မူ ယခုတိုင် ကုန်ပစ္စည်းများ တင်နေသံကို ကြားရ၏။ မီးမောင်းကြီးများ၏ အလင်းရောင်ကလည်း တထိန်ထိန် ထွန်းပြောင်လျက်ပင် ရှိနေ၏။ ဆိပ်ခံတံတားနှင့် သစ်သားကုန်လှောင်ရုံများပေါ်တွင် နှင်းများသည် ဖွေးဖွေးဖြူလျက် ရှိနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လစ်ဘာတီသင်္ဘောက ကိုနိတင်သံများဖြင့် အသက်ဝင်လှုပ်ရှားလျက် ရှိသော်လည်း ကျွန်တော်တို့ သင်္ဘောသုံးရောင်ခြယ်မှာမူ ယနေ့ညအဖို့ အနားယူလဲလျောင်းလျက် ရှိနေပြီဟု ထင်ရ၏။ ပွဲစင်ပေါ်တွင်သာ ညစောင့်တာဝန်ကျသူ၏ စကြံလျှောက်ရင်း လှုပ်ရှားနေပုံကို မြင်ရ၏။ သင်္ဘောတစ်ခုလုံးတွင် ကုန်းပတ်ပေါ်မှ ဝါကျင့်ကျင့်မီးရောင်များသာ ပြောက်တိပြောက်ကျား ထွန်းလင်းလျက် ရှိ၏။

အညောင်းပြေ အညာပြေ သင်္ဘောကြီးတစ်ခုလုံးတွင် လှည့်၍ လျှောက်လာခဲ့သော ကျွန်တော်သည် ပွဲစင်ထက်သို့ ရောက်လာ၏။ လေမှာ အောက်ထပ်ရှိ ကုန်းပတ်ထက် ပို၍ အေးနေ၏။ အရိုးခိုက်အောင် အေးသောလေထဲတွင် နှင်းမှုန်များက ပါ၍လာသဖြင့် ပွဲစင်ပေါ်သို့ ရောက်၍ မကြာမီပင် ကျွန်တော့်ခြေရင်း၌ နှင်းများ ခဲစပြုလာသည်ကို တွေ့ရ၏။

ပွဲစင်ထက်မှ လှမ်းမျှော်၍ ကြည့်လိုက်သောအခါ ကျွန်တော်တို့ သင်္ဘောရပ်စွဲထားရာ ‘တုလိုမာ’ မြစ်ရေသည် မည်းနက်သောအသွင်ကို ဆောင်လျက်ရှိပြီး ‘ကိုလာ’ ပင်လယ်အော်အဝအထိ စီးဆင်းလျက် ရှိနေလေသည်။

ရေကြောင်းပြဖော်ယာများတွင်ရှိသော မီးရောင်များကား ရေထဲတွင် စိန်မှုန့်များ ဖြန့်ကြဲ၍ ထားသကဲ့သို့ တလဲ့လဲ့ လှုပ်ရှား တောက်ပနေကြ၏။

မြောက်ဘက်သို့ မျှော်လိုက်သောအခါ မီးကုပ်စက်ဝိုင်းသည် မဟူရာနှင့် စိန်များ ရောခြယ်၍ ထားသကဲ့သို့ ရှိနေလေသည်။

ကျွန်တော်သည် စီးကရက်တစ်လိပ်ကို မီးညှိ၍ တစ်ချက်ရှိုက်ဖွာလိုက်၏။

လေတိုးသဖြင့် နှင်းမှုန်များကပါ ကျွန်တော့်အသည်းကို ကွဲအက်သွားသည်ဟု ထင်ရအောင် လာ၍ ဒဏ်ခတ်ကြ၏။

ကျွန်တော်သည် အရာခံဗိုလ်ရန်ကင်းအား ပို၍ မကျေနပ်ဖြစ်လာ၏။ ကျွန်တော် ဗိုလ်သင်တန်းတက်ရန် လျှောက်ထားပြီးဖြစ်ကြောင်း ဖော်ထုတ်၍ ပြောလိုက်ခြင်းမှာ ကျွန်တော့်ရဲဘော်များနှင့် ကျွန်တော့်အား ရန်တိုက်ပေးလိုက်ခြင်းပင် မဟုတ်လား၊ အရာခံဗိုလ်ရန်ကင်းအပေါ်တွင် မကျေမနပ် ဖြစ်သည့်နည်းတူ ကျွန်တော့်ရည်းစားဖြစ်သူ ဘက်တီကိုလည်း မကျေမနပ် ဖြစ်နေမိ၏။ ဘက်တီသည် စစ်ဗိုလ်ဖြစ်ခါမှ ကျွန်တော့်ကို လက်ထပ်ချင်သူတည်း။

အရာခံဗိုလ်ရန်ကင်းနှင့် ကျွန်တော့်ရည်းစားဖြစ်သူ ဘက်တီတို့အပေါ်တွင် စိတ်ခု၍ နေမိသလို၊ ယခု ကျွန်တော် ရောက်နေရသော ဘဝကိုလည်း မကျေမနပ် ဖြစ်နေမိပြန်၏။



လမ်းလျှောက်တတ်သည့် အချိန်ကစ၍ ပင်လယ်ထဲတွင်သာ ကျက်စားသွားလာနေထိုင်ခဲ့သော ကျွန်တော်သည် ဒုတိယကမ္ဘာစစ်မီးကြီး တညီးညီးလောင်မြိုက်အုံ့ဆဲဆဲအချိန်၌ စစ်ထဲ မဝင်မနေရ အမိန့်ကြောင့် ရေတပ်သို့ ဝင်ရန် လျှောက်လွှာတင်ခဲ့၏။ သို့ရာတွင် မျက်စိက ရေတပ်သားတစ်ယောက်တွင် ရှိသင့်သော အဆင့်ကို မမီဟုဆိုကာ ကျွန်တော်အား ကြည်းတပ်တွင် အမှုထမ်းစေခဲ့၏။ ရေထဲတွင်သာ ကျက်စားလေ့ရှိသော လိပ်ကျောက်ငါးမန်းကြီးတစ်ကောင်ကို ကုန်းပေါ်သို့ တင်ပေးလိုက်သကဲ့သို့တည်း။ ကျွန်တော်သည် ပွဲစင်၏ လက်ယာဘက်တွင် သံတိုင်တစ်တိုင်ကို မှီလျက် ရပ်ရင်း လောကကြီးတစ်ခုလုံးကို မကျေမနပ်ဖြစ်၍ နေလေသည်။

ကျွန်တော်တို့ရပ်နေသော နေရာဘက်တွင် မီးရောင်တစ်ခု ရုတ်တရက် ပေါ်လာသည်ကို တွေ့လိုက်ရ၏။ အခန်းတစ်ခုရှိ ဘေးပေါက်ကို ဖွင့်လိုက်သောကြောင့် ပေါ်ထွက်လာသော အလင်းရောင်ပင်တည်း။

အခန်းထဲမှ အသံတစ်သံ ပေါ်ထွက်လာသည်။

“မစ္စတာဟင်ဒရစ်လာပါ၊ ဝင်ခဲ့ပါ”

အသံက ပျော့ပျော့ပျောင်းပျောင်း နူးနူးညံ့ညံ့ သို့ရာတွင် ဆွဲငင်သော သံလိုက်ဓာတ် ပါနေသည်ဟု ထင်ရ၏။

အခန်းတံခါးသည် ပွင့်၍ သွားပြီးနောက် ပြန်၍ပိတ်သွားသံကို ကြားရ၏။ ထို့နောက် အရက်ပုလင်းဖွင့်သံက ပေါ်ထွက်လာ၏။

“အထူးကင်းတာဝန်ပေးထားတဲ့ အကောင်တွေက ဘယ့်နှယ်တုံးဗျ”

သံလိုက်ဓာတ်ပါသော အသံရှင်က မစ္စတာဟင်ဒရစ်အား မေးလိုက်ခြင်းပင် ဖြစ်၏။

“ကျွန်တော်တို့ ခန့်မှန်းထားတဲ့ အတိုင်းပါပဲ ကက်ပတိန်”

“ကျုပ်တို့က ကြည်းတပ်သားတွေချည်းပဲ လိုချင်တာ။ ခုတော့ အရာခံဗိုလ်ရန်ကင်းဆိုတဲ့လူက ရေတပ်ကဖြစ်နေတယ် မဟုတ်လား။ ရေတပ်ကလူဆိုတော့ ခက်နေလိမ့်မယ် ထင်တယ်။ ရန်ကင်းဆိုတဲ့လူက ဘယ်လိုလူမျိုးလဲ သိရဲ့လား”

“ရန်ကင်းကို တစ်နေ့ညကပဲ ကျွန်တော် တွေ့ပြီးပါပြီ။ တကယ်လို့ အခက်အခဲတွေ့မယ်ဆိုရင် ဒီလူက အကျိုးအကြောင်း ပြောပြလို့ ရမယ့်လူလို့ ကျွန်တော် ထင်ပါတယ်။ သူ့မှာတော့ ငွေမပြတ်ဘူး။ ကက်ပတိန်က သွားစေချင်ရင် နက်ဖြန်ခါ ‘ကာလင်စကီ’ နဲ့ ကျွန်တော် သွားပြီး တွေ့လိုက်ပါမယ်။ သူ့ကိစ္စတွေဟာ

www.burmeseclassic.com



ကလင်စက္ကီနဲ့ပဲ အမြဲတမ်း အဆက်အသွယ် လုပ်လေ့ရှိတော့ သူလည်းပဲ အဲဒီလူကြီးနဲ့ ချိတ်ဆက်ဖြစ်နေမှာပဲ။ ဒုတပ်ကြပ်နဲ့ ရဲဘော်နှစ်ယောက်အတွက်ကတော့ အသွားအလွှကိစ္စများမယ် မထင်ပါဘူး"

ဤအချိန်တွင်ပင် အခန်းဘေးပေါက်မှ ဝိုင်းဝိုင်းအပေါက်က ပြန်၍ ပိတ်သွားပြီး စောစောက လင်းနေသော မီးရောင်လည်း ပျောက်ကွယ်သွားသည်။ အခန်းထဲမှ ဆက်လက်ပြောဆိုသံကို ကျွန်တော် မကြားရတော့။

ကျွန်တော်သည် ထိုနေရာတွင် ခဏမျှဆက်၍ ရပ်နေရင်း အထဲမှ ပဟေဠိဆန်ဆန်ပြောနေသော စကားအဓိပ္ပာယ်ကို အဖြေရှာ၍နေမိ၏။

သင်္ဘောပထမအရာရှိ ဟင်ဒရစ်သည် အခန်းထဲတွင် ရှိနေသော သင်္ဘောကက်ပတိန် ဟယ်ဆလေနှင့် စကားပြောဆိုနေခြင်း ဖြစ်ကြောင်းကား သေချာလှသည်။

ကျွန်တော်သည် ဟယ်ဆလေနှင့် ဟင်ဒရစ်တို့ ပဟေဠိဆန်ဆန်ပြောနေသော စကားအဓိပ္ပာယ်ကို ဖော်၍မရနိုင်ဘဲ ရပ်နေသည့်နေရာမှ ထွက်ခွာလာခဲ့၏။

ကွတ်သည် အထူးကုန်ပစ္စည်းများထားရာ အခန်းရှေ့၌ သေနတ်ကို ထမ်းလျက် ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ကင်းတာဝန်ကို ယူလျက် ရှိနေလေသည်။

"လိုတာလေးများရခဲ့ရဲ့လား"

ကွတ်က ကျွန်တော့်ကို လှမ်းမေးလိုက်၏။

"ဘာများလိုနေလို့လဲ"

"စောင်နဲ့ အိပ်ဖို့ အိပ်ပုခက်တွေပေါ့ဗျာ"

"သင်္ဘောကလူတွေ လာမပို့ သေးဘူးလား"

"ပို့ဖို့နေနေသာသာ အရိပ်တောင်မမြင်ရပါဘူးဗျာ"

အရိုးကွဲမတတ်အေးမြသော လေထဲ၌ မိမိကိုယ်ကို နွေးအောင် ကြိုးစားနေသော ကွတ်က စိတ်မရှည်သည့် လေသံဖြင့် ပြောလိုက်၏။

"အရာခံဗိုလ်ရန်ကင်းဆီကို စောင်နဲ့ ပုခက်တွေ ယူရအောင် သွားဦးမယ်"

"သွားလိုက်ပေါ့ဗျာ။ ရန်ကင်းဆိုတဲ့ အကောင်နဲ့တွေ့ရင် ကျုပ်တို့ကို အရိုးကွဲမတတ်အေးတဲ့နေရာမှာ နှစ်နာရီလုံးလုံး ဆက်တိုက်ကင်းတာဝန်ချထားတဲ့အတွက် ကျုပ်က လည်ပင်းကို ချိုးပြီး သတ်ချင်တယ်ဆိုတဲ့ အကြောင်းကိုလည်း ပြောပြလိုက်စမ်းပါ။ နို့ပြီး...အခန်းပြင်ကနေ ကင်းစောင့်မယ့်အစား။ အခန်းထဲကနေပြီး ဘာကြောင့် ကင်းစောင့်လို့ မဖြစ်နိုင်ဘူးဆိုတာကိုလည်း မေးလိုက်စမ်းပါ"



ကွတ်က ကျွန်တော့်နောက်မှနေ၍ အော်ကြီးဟစ်ကျယ် ပြောဆိုနေ၏။

ကျွန်တော်က 'ကောင်းပါပြီဗျာ' ဟု ပြန်ပြောရင်း လှေကားအတိုင်း အောက်သို့ ဆင်းလာခဲ့၏။

လှေကားအဆုံးတွင်ရှိသော လူသွားလမ်းကလေးမှာ အတော်ပင် ရှည်လျားသည်ကို တွေ့ရ၏။ စက်ဆီနှင့် ဓာတ်ဆီများ၏အနံ့က ကျွန်တော့် နှာခေါင်းထဲသို့ ထိုးဝင်လာ၏။ ကျွန်တော်တို့အား ပေးထားသော အခန်းနှင့်စာလျှင် ဤနေရာမှာ နွေးနွေးထွေးထွေး ရှိလှသည်။

ခဏမျှသွားမိသောအခါ အခန်းတစ်ခုအတွင်းသို့ ဝင်သွားသော သင်္ဘောသားတစ်ယောက်ကို ကျွန်တော့်ရှေ့ ခပ်လှမ်းလှမ်းတွင် တွေ့လိုက်ရ၏။ သူ ဝင်သွားသော အခန်းနားသို့ ရောက်အောင်သွားပြီး တံခါးကို ခေါက်လိုက်သည်။ အထဲမှ မည်သို့မျှ မတုံ့ပြန်မီ ကျွန်တော်က တံခါးကိုဖွင့်၍ အခန်းထဲသို့ ရောက်နှင့်နေပြီး ဖြစ်၏။

ဤအခန်းမှာ သင်္ဘောသားများ၏ ထမင်းစားခန်းဖြစ်ကြောင်း သိသာထင်ရှားလေသည်။

ထင်းရှူးစားပွဲတစ်ခုတွင် မျက်နှာချင်းဆိုင်၍ ထိုင်နေသော သင်္ဘောသားသုံးယောက်ကို တွေ့ရ၏။ သူတို့က ကျွန်တော်ဝင်လာသည်ကို ဘယ်လိုမှ အမှုမထား။ ပြောမြဲစကားကိုသာ လေတဖောင်ဖောင်ဖြင့် ပြောနေကြ၏။

ဝေလနယ်သားနှင့်တူသော သင်္ဘောသားက ...

'သူဟာ စိတ်မနှံ့တဲ့လူတော့ မဟုတ်ဘူးဆိုတာ သေချာတယ်' ဟု စကားဆိုလိုက်၏။

"တစ်ခါတစ်ခါမှာ စိတ်ဆိုးမာန်ဆိုးနဲ့ ပြောလိုက်ပြီး ဒီလိုပြောနေရင်းက တဟားဟားရယ်လိုက်တာကိုလည်း တွေ့ရတယ်"

ဒုတိယသင်္ဘောသားက ထောက်ခံချက် ပေးလိုက်၏။

"ကက်ပတိန်ဟယ်ဆလေနဲ့ ခရီးသွားတာ...လေးခေါက်တိတိ ရှိသွားပြီ။ ဒီတော့ သူ့အကြောင်းကို ကျုပ်က နောကြေနေအောင်သိနေပြီ။ ဟယ်ဆလေဟာ ပုံစင်ပေါ်မှာ မတ်တတ်ရပ်ပြီး ရှိတ်စပီးယားရဲ့ ပြဇာတ်တွေထဲက ဇာတ်စကားတွေကို တစ်နာရီလောက်ကြာအောင် ရွတ်နေတတ်တယ်။ သူ့အခန်းနားက ဖြတ်သွားမိတဲ့အခါများမှာလည်း...ဇာတ်ထဲက စကားတွေကို အမြဲလိုလို ရွတ်နေသံကြားရတတ်တယ်။ ဟယ်ဆလေက ဒီအတိုင်းပဲ မဟုတ်လား...အာနီ"

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယသင်္ဘောသားက အာနီဟုခေါ်သော တတိယသင်္ဘောသားအား ဟယ်ဆလေအကြောင်းနှင့် ပတ်သက်၍ အဖော်ညိုကာ မေးမေးပြောပြော ဆက်၍ ပြောလိုက်ပြန်သည်။

"ဒီအတိုင်းပဲ"

အာနီက ပါးစောင်တွင် ခဲထားသော ဆေးတန်ကို ဖြုတ်ရင်း ဒုတိယ သင်္ဘောသား၏ အမေးကို ထောက်ခံနေ၏။

"ပွဲစင်ထက်မှာရှိတဲ့ ကက်ပတိန်ဟယ်ဆလေဆီကို သတင်းများ ပို့ဖို့ သွားပြီဆိုရင် ...တစ္ဆေသရဲနဲ့များ တွေ့ရမလို ထင်မိတယ်။ သူပြောတဲ့ စကားတွေထဲမှာ မှတ်သားလောက်စရာ စကားတွေကလည်း မနည်းဘူး။ ခုဆိုရင် ...သင်္ဘောသား ထက်ဝက်ကျော်ကျော်လောက်တောင် ရိုက်စပီးယားပြဇာတ် အိပ်ဆောင်စာအုပ်ကို အမြဲဆောင်ထားတတ်တဲ့ အကျင့်ရှိနေကြပြီ။ အဘိုးကြီးဟယ်ဆလေ လုပ်သလို အတုယူပြီး လုပ်နိုင်ဖို့အတွက် အိတ်ဆောင်စာအုပ်တွေကို ဆောင်ထားတတ်ကြတယ်ဗျ"

အာနီက ဤသို့ပြောရင်း ခေါင်းကို မော့လိုက်သောအခါ၊ အခန်းထဲတွင် ရပ်နေသော ကျွန်တော့်ကို မြင်သွား၏။

သို့ဖြစ်၍ ...

'ဘာများအလိုရှိသလဲ ရဲဘော်'ဟု ကျွန်တော့်အား လှမ်းမေးလိုက်၏။

"အရာခံဗိုလ်ရန်ကင်းရဲ့အခန်းက ဘယ်မှာလဲဆိုတာ သိချင်လို့ပါဗျာ"

"သင်္ဘောဒုတိယအရာရှိ ပစ္စတာကောင်ဆင်ရဲ့ အခန်းဟိုဘက်ကပေါ့ဗျာ။ ကျုပ်လိုက်ပြပါ့မယ်"

အာနီက ပြောပြောဆိုဆို နေရာမှ ထလိုက်ပြီး၊ ကျွန်တော့်အား အခန်းပြင်ဘက်သို့ ခေါင်းဆောင်၍ ခေါ်ယူလာခဲ့၏။

လှေသွားစင်္ကြံလမ်းကလေးအတိုင်း အရာခံဗိုလ်ရန်ကင်း၏ အခန်းရှိရာသို့ ရောက်လာသော်လည်း၊ အခန်းထဲတွင် မတွေ့ရ။

"သူက သောက်တတ်သလား"

အာနီက တီးတိုးသံဖြင့် ကျွန်တော့်အား မေးလိုက်၏။ ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။

"ဒါဖြင့် ...ခင်ဗျားတွေ့ချင်တဲ့ ရေတပ်က အရာခံဗိုလ်ဆိုတာ ...သင်္ဘော အင်ဂျင်နီယာချုပ်ရဲ့ အခန်းမှာ ကျိန်းသေရှိလိမ့်မယ်"



အာနီက ဤသို့ဆိုရင်း ရှေ့ဘက်ရှိ အခန်းရှိရာသို့ ကျွန်တော်အား ခေါင်းဆောင် ခေါ်သွားပြီးနောက်၊ အခန်းတံခါးကို ခေါက်လိုက်၏။

"ဝင်ခဲ့လေ"

အခန်းထဲမှ အရက်မူးသံနှင့် ပြောလိုက်သော အင်ဂျင်နီယာချုပ်၏ အသံကို ကြားရ၏။

အာနီသည် တံခါးကို အတွင်းသို့ တွန်းဖွင့်လိုက်ပြီး၊ အထဲသို့ ခေါင်းပြူ၍ ကြည့်လိုက်ကာ–

'အိုကေ ...ခင်ဗျားတွေ့ချင်တဲ့လူ ...ရှိတယ်' ဟု ပြောရင်း၊ ကျွန်တော့် အနားမှ ပြန်၍ထွက်ခွာသွားလေသည်။

အခန်းထဲသို့ ဝင်လိုက်သောအခါ အင်ဂျင်နီယာချုပ်ကို အိပ်စင်ထက်၌ လှဲ၍ နေသည်ကို တွေ့ရ၏။ သူ၏ မျက်လုံးအစုံမှာ ပတ္တမြားသွေးကဲ့သို့ ရဲရဲနီ၍ နေလေသည်။

အိပ်စင်ခေါင်းရင်းဘက်တွင် ထွန်းထားသော မီးလုံး၏အရောင်ကြောင့်၊ အင်ဂျင်နီယာချုပ်၏ ဦးခေါင်းမှာ ပို၍ပြောင်နေသည်ဟု ထင်ရ၏။

အခန်းကြမ်းပြင်ပေါ်တွင် လဲကျနေသော ဘီယာပုလင်း အခွံလွတ်များနှင့် အံဆွဲဗီရိုကလေးပေါ်တွင် ဖွင့်ပြီးသားဝီစကီနှစ်ပုလင်းကို မြင်ရ၏။ တစ်ခန်းလုံးမှာ စီးကရက်ခိုးများဖြင့် မွန်ထူနေပြီး အရက်နံ့ကလည်း တထောင်းထောင်းနံနေလေသည်။

အင်ဂျင်နီယာချုပ်၏ အိပ်စင်ခြေရင်းပိုင်းတွင်၊ ရှပ်အင်္ကျီလက်မောင်းတိုနှင့် ကော်လာကို ကပိုကရိုခေါက်ထားသော အရာခံဗိုလ်ရန်ကင်းကား ခြင်္သေ့မင်းကို ခစားနေသောမြေခွေးကဲ့သို့ ရှိနေ၏။

ဖြန့်ခင်းထားသော စောင်ပေါ်တွင် ဖဲချပ်များ ပြန့်ကျဲနေလေသည်။

သင်္ဘောအင်ဂျင်နီယာချုပ်နှင့်၊ ကျွန်တော်တို့ကို အထူးကင်းတာဝန်ပေးထားခဲ့သော အရာခံဗိုလ်ရန်ကင်းသည် အရက်ကို တမြမြသောက်ရင်း ဖဲရိုက်ကာ အချိန်ဖြုန်း၍ နေလေသည်တကား။

ကျွန်တော့်ကို လှမ်း၍ မြင်လိုက်သော အရာခံဗိုလ်ရန်ကင်းက–

"ဘာကိစ္စလဲ...ဟေ့" ဟုမေးလိုက်၏။

"စောင်နဲ့ အိပ်ပုခက်တွေ လိုချင်လို့ပါ"

ကျွန်တော်က ရိုးရိုးသားသားပင် အဖြေပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အရာခံဗိုလ်ရန်ကင်းသည် ကျွန်တော့်ကို လှောင်ရယ်ရယ်လိုက်ပြီး အင်ဂျင်နီယာချုပ်ဘက်သို့ လှည့်လိုက်ကာ–

'ကြားတယ်မဟုတ်လား။ စောင်နဲ့ အိပ်ပုခက်တွေ လိုချင်လို့တဲ့' ဟု ဆိုလိုက်၏။

ပြီးမှ ကျွန်တော်ဘက်သို့ ပြန်လှည့်လာပြီး–

'မင်းက...ဒုတပ်ကြပ် မဟုတ်လား၊ ဗိုလ်လောင်းသင်တန်းတက်မလို့ လျှောက်ထားတဲ့ လူလည်းမဟုတ်လား။ မင်း ထိုးထွင်းဉာဏ်ကလေးမှ မရှိဘူးလား။ သင်္ဘောက ပစ္စည်းထိန်းဆီကို သွားပါ။ သူကမှ ...မင်းကို စောင်နဲ့ အိပ်ပုခက်တွေ ပေးနိုင်လိမ့်မယ်'ဟု စကားဆို လိုက်၏။

ကျွန်တော်က သူ့စကားဆုံးသွားသည့်တိုင် အခန်းထဲမှ မထွက်ဘဲ ပေ၍ ရပ်နေ၏။

ထို့ကြောင့်

'မောင်ရင်က...ဘာများလိုချင်သေးလို့ စောင့်နေရတာတုံး'ဟု ထပ်၍ မေးနေပြန်၏။

"ပြောစရာရှိသေးလို့ပါ"

ကျွန်တော်က ကင်းတာဝန်နှင့် ပတ်သက်၍ ပြောဆိုရန်စကားစလိုက်ပြီးမှ ဤမျှနှင့် ရပ်တန့်ထားလိုက်၏။

အရာခံဗိုလ်ရန်ကင်း၏ မျက်လုံးအစုံက ကျွန်တော့် အမူအရာကို စေ့စေ့စပ်စပ် အကဲခတ်လျက် ရှိနေလေသည်။

ကျွန်တော်က ဖွင့်ထုတ်၍ မပြောသည့်တိုင်၊ ကျွန်တော်ပြောလိုသော စကားကို သူက အတတ်သိပြီး ဖြစ်နေရပေမည်။ ကျွန်တော်က ရဲဘော်ကြီးကွတ် မှာလိုက်သည့်အတိုင်း ကင်းတာဝန်ကို အခန်းပြင်ဘက်မှနေ၍ ထမ်းဆောင်ခြင်း မပြု ဘဲ၊ အခန်းထဲမှာပင် နေ၍ ထမ်းဆောင်မည်ဟု ပြောရန်တည်း။

ဤစကားကိုသာ ကျွန်တော်က ဖော်ထုတ်၍ ပြောလိုက်လျှင် အရာခံဗိုလ်ရန်ကင်းသည် ကျွန်တော်အား အမိန့်ကို ပေးသည့်အတိုင်း မထမ်းဆောင်ချင်သူ၊ မလိုလားအပ်သည့် နေရာတွင် အမြဲဆင်ခြေပေးသူအဖြစ် ထပ်မံ၍ ပြက်ရယ်ပြုရန် စောင့်နေခြင်းသာ ဖြစ်၏။ ဤအချက်ကို ပြေး၍ မြင်မိသော ကျွန်တော်ကလည်း စကားကို မဆက်တော့ဘဲ

'ကိစ္စမရှိပါဘူးလေ'ဟု ဆိုရင်း အခန်းထဲမှ ထွက်လာကာ၊ တံခါးကိုပြန်၍



ပိတ်လိုက်လေသည်။

ကျွန်တော်တို့ အလိုရှိသော စောင်နှင့် အိပ်ပုခက်များကို သင်္ဘောသား ထမင်းစားခန်းတွင် တွေ့ရသော သင်္ဘောသားတစ်ယောက်ကပင် ကျွန်တော့်အား ထုတ်ပေးလေသည်။

ကွတ်က လှေကားထိပ်အထွဋ် လာ၍ ကျွန်တော့် ပခုံးပေါ်မှ အထုပ်အပိုးကို ခွဲယူရင်း ...

'ရန်ကင်းနဲ့ တွေ့ခဲ့ရဲ့လား။ အခန်းပြင်က ကင်းစောင့်မယ့်အစား အခန်းထဲက ကင်းစောင့်ရအောင် ပြောခဲ့တာကော နေရာကျခဲ့ရဲ့လား'ဟု မေးနေ၏။

"တွေ့တော့တွေ့တယ်၊ နေရာတော့မကျဘူး"

"မောင်ရင်က ခပ်တင်းတင်းလေး မပြောဘူးလား"

"သူက မူးနေပြီး... ကျုပ်ကိုပဲ အပြစ်ရှာချင်နေတော့ ဘာမှမပြောခဲ့ပါဘူးဗျာ"

ကွတ်သည် သူထမ်းပိုးလာသော စောင်နှင့် အိပ်ပုခက်အချို့ကို အခန်းထောင့်တစ်နေရာသို့ စိတ်ပျက်လက်ပျက် အမူအရာဖြင့် ပစ်ချလိုက်၏။

"ခင်ဗျားကလည်း အရိုးမရှိတဲ့သတ္တဝါလို ညံ့လွန်းပျော့လွန်းလှသဗျာ"

ကွတ်၏ မကျေမနပ်သံကို နားခံရင်း ကျွန်တော်နှင့် ရဲဘော်ကလေး 'ဆီး' တို့က သေတ္တာများအကြားတွင် အိပ်ပုခက်များကို ထောင်နေကြ၏။

ည ၁၂ နာရီကျော်ကျော်လောက်တွင် အိပ်ပုခက်များကို ထောင်၍ ပြီးသွားသဖြင့် ကျွန်တော့်ကင်းတာဝန်မကျမီ တစ်ရေးလောက်အိပ်လိုက်မည်ဟု စိတ်ကူးကာ အိပ်ပုခက်ပေါ်သို့ တက်၍ လှဲလိုက်၏

သို့သော် စေတ်တော်နှင့် အိပ်၍ မပျော်။

ရဲဘော်ကြီးကွတ်ပြောသကဲ့သို့ ကျွန်တော်သည် ပျော့လွန်း ညံ့လွန်းသော သတ္တဝါတစ်ယောက် ဖြစ်နေလေသည် တကားဟု တွေးမိရင်း စိတ်မကောင်းဘဲ အိပ်၍ မပျော်ခြင်းဖြစ်၏။ အရာခံဗိုလ်ရန်ကင်းနှင့် ဆက်ဆံရာတွင် လည်းကောင်း ကျွန်တော် ရည်းစားဖြစ်သူ ဘက်တီနှင့် ဆက်ဆံရာတွင် လည်းကောင်း ကျွန်တော် အမြဲလိုလို အနာဘက်ကသာ ရှိနေခဲ့သည် မဟုတ်လား။

ကျွန်တော့် ပျော့ညံ့ချက်ကို တွေးရင် ကျွန်တော့်ကိုယ်ကို ကျွန်တော် စော့ မနပ် ဖြစ်လာမိ၏။ မွေးရပ်ဌာနေသို့ ပြန်၍ ရောက်ပေတော့မည့်သော အသိတပင်လျှင် ကျွန်တော့်ကို စိတ်တက်ကြွလာအောင် စွမ်းဆောင်နိုင်ခြင်းမရှိ။

www.burmeseclassic.com

www.burmeseclassic.com



တစ်နာရီခန့်ကြာပြီးနောက် ကွတ်၏နေရာတွင် ကင်းတာဝန်ကို ယူရန် အခန်းပြင်ဘက်သို့ ရောက်လာသောအခါ၊ သင်္ဘောဆိပ်ကမ်းကြီးတစ်ခုလုံးမှာ ပကတိ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေလေသည်။

ကမ်းပေါ်မှနေ၍ သင်္ဘောများရှိရာသို့ ထိုးထားသော မီးမောင်းကြီးများ၏ အရောင်မှာလည်း ငြိမ်းသွားပြီး ဖြစ်ရာ၊ ရေခဲဆောင်းသော ကုန်လှောင်ရုံများ၏ သဏ္ဌာန်များသည်သာ ညအမှောင်ထဲတွင် မတုန်မလှုပ် ရှိနေကြ၏။

"လေကတော့ စောစောကလောက် မပြင်းတော့ဘူး"

ကင်းတာဝန်ပြီးသွားသော ကွတ်က စကားစလိုက်၏။ ကျွန်တော်က အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်ကာ ကွတ်အား လှမ်းပေးလိုက်၏။

ဘူးထဲတွင် နှစ်လိပ်တည်းသာ ရှိတော့သော စီးကရက်ကို ကွတ်က မသက်မသာ မျက်နှာမူအရာဖြင့် ကြည့်ရင်း တစ်လိပ်ကို နှိုက်ယူ၍ မီးညှိလိုက်သည်။

"စောစောက စိတ်တိုနေလို့ ပြောမိတာ ခွင့်လွှတ်ပါဗျာ"

ကွတ်က စီးကရက်ကို တစ်ချက်မျှ ရှိုက်ဖွာလိုက်ပြီး ကျွန်တော့်အား တောင်းတောင်းပန်ပန် စကားဆိုလိုက်၏။

"ကိစ္စမရှိပါဘူးဗျာ"

ကျွန်တော်နှင့် ကွတ်တို့သည် အတန်ကြာမျှ တိတ်ဆိတ်ငြိမ်သက်စွာ ရပ်နေကြ၏။ ကိုယ့်အတွေးနှင့်ကိုယ်ဖြစ်၍ မည်သူမျှ စကားမပြောကြခြင်းဖြစ်၏။

"အိပ်တော့မယ် သူငယ်ချင်း"

ကွတ်က ဤစကားတစ်ခွန်းကိုသာ ဆိုကာ အခန်းတွင်းသို့ ဝင်သွားသည်။ ကျွန်တော်က အေးလှသော အခန်းပြင်၌ အမှောင်ထုကို အဖော်ပြုရင်း ကင်းတာဝန်ကို ထမ်းဆောင်နေရပြန်လေသည်။

နံနက် ၇ နာရီတွင် ကျွန်တော် ကင်းလှည့်ကျ၍ အခန်းထဲမှ ထွက်လာခဲ့ရပြန်၏။

ညဦးက ပွင့်နေသော သိုလှောင်ခန်းများမှ အံဖုံးများသည် ယခုအချိန်တွင် ပိတ်လျက်ရှိပြီး၊ သင်္ဘောခေါင်းတိုင်မှလည်း မီးခိုးများကို မှုတ်ထုတ်လျက်ရှိနေခြင်းကို ထောက်ခြင်းအားဖြင့်၊ ကျွန်တော်တို့ သင်္ဘောသုံးရောင်ခြယ်သည် ခရီးစရန်အတွက် ရေနွေးငွေ့အရှိန်ကို ယူနေပြီ ဖြစ်ကြောင်း သိသာနိုင်သည်။

နေရောင်ခြည် ထွန်း၍ ထွန်း၍ လာသည်နှင့်အမျှ ဆိပ်ကမ်းကြီးတစ်ခုလုံးမှလည်း ပို၍ အသက်ဝင်လှုပ်ရှားလာ၏။



ဆွဲသင်္ဘောကလေးများသည် ဥသြသံတကြော်ကြော်ပေးရင်း မြစ်ပြင်ထဲတွင် ဟိုမှသည်သို့ ပြေးနေသည်ကို တွေ့ရ၏။ ကုန်တင်သင်္ဘောကြီးများမှ သင်္ဘောမှုတ်သံများကိုလည်း ခဏခဏကြားလာရ၏။ မြစ်ဝဘက်ကျကျနေရာတွင် ဖျက်သင်္ဘောကြီးတစ်စင်း ကျောက်ချရပ်စွဲထားသည်ကို မြင်ရ၏။

ရဲဘော်ကလေး'ဆီး'က ကင်းစောင့်ရန် အချိန်ကျ၍ ကျွန်တော့်ထံသို့ ရောက်လာသောအခါ၊ ကုန်တင်သင်္ဘောကြီးနှစ်စင်းက မြစ်ကမ်းမှခွာ၍ မြစ်ဝဘက် ခပ်ကျကျတွင် ကျောက်ချရပ်စွဲထားသော ဖျက်သင်္ဘောကြီးရှိရာသို့ ဆွဲသင်္ဘော၏ အရှိန်ဖြင့် တရွေ့ရွေ့သွားနေသည်ကို တွေ့ရပြီး၊ မကြာမီပင် ကုန်တင်သင်္ဘောကြီးနှစ်စင်းနှင့် ဖျက်သင်္ဘောကြီးတို့သည် မြစ်ဝနှင့် ပင်လယ်ဝတို့ ဆက်လျက်ရှိသော ရေပြင်ကျယ်ဘက်သို့ ရှေးရှုထွက်ခွာရင်း ကမ်းကွေ့တစ်ခုအလွန်တွင် ကွယ်ပျောက်သွားကြလေသည်။

"ကျွန်တော်တို့တော့ ဒီနေ့မနက်ပဲ ခရီးစပြီး ထွက်ရလိမ့်မယ်ထင်တယ်"

ရဲဘော်ကလေးဆီးက အိမ်ကို လွမ်းလှသောလေသံဖြင့် ထင်ကြေးပေးလိုက်၏။

ရဲဘော်ကလေးဆီးမှာ အသက်နှစ်ဆယ်ထက် ကျော်ပုံမရသေး။ မွေးရပ်ဌာနမှ အခြားတိုင်းတစ်ပါးသို့ ထွက်ခွာခြင်းမှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ် ဖြစ်ပေလိမ့်မည်။

"ကြည့်ရတာကတော့... ခရီးစထွက်ဖို့အတွက် သင်္ဘောအုပ်စုဖွဲ့နေတာနဲ့ တူတယ်"

ကျွန်တော်က ထင်မြင်ချက်ပေးလိုက်ပြီးနောက်၊ ၁၀ မိနစ်ပင် မကြာမီ ကျွန်တော်တို့ သုံးရောင်ခြယ်နောက်ဘက်တွင် ရပ်စွဲထားသော အမေရိကန်သင်္ဘော လစ်ဘာတီသည်၊ ဆွဲသင်္ဘောကလေး၏ အကူအညီဖြင့် မြစ်ဝဘက်ဆီသို့ ထွက်ခွာနေသည်ကို တွေ့မြင်ကြရ၏။

ကင်းတာဝန် ပြီးသွားသည့်အလျောက် ကျွန်တော်သည် သင်္ဘောထိုတစ်ပတ်ပတ်၍လျှောက်ရင်း၊ ပတ်ဝန်းကျင် အခြေအနေကို လေ့လာ၏။ ကျွန်တော်တို့ သင်္ဘောသုံးရောင်ခြယ်မှာလည်း ယနေ့ပင် ခရီးစတင်၍ ထွက်ခွာတော့မည့် လက္ခဏာများကို တွေ့ရ၏။

မွေးရပ်ဌာနေသို့ ရောက်ရပေတော့မည် ဟူသော အသိကြောင့် ကျွန်တော်သည် နှလုံးတုန်ရင်ခုန်အောင်ပင် ပျော်ရွှင်၍ သွားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောအဆင်းအတက် လှေကားအနီးသို့ ရောက်လာအခါ ဆိပ်ကမ်းပေါ်မှနေ၍ သင်္ဘောလှေကားရှိရာသို့ ပြေးတက်လာသော ပထမအရာရှိ ဟင်ဒရစ်ကို လှမ်း၍မြင်လိုက်ရ၏။ သူသည် ဆိပ်ခံတံတားနှင့် ဆက်ထားသော သင်္ဘောလှေကားကို ခပ်သုတ်သုတ်ကလေး တက်၍လာပြီးနောက်၊ ပွဲစင်အောက်ရှိ သင်္ဘောကပ္ပိတန်ဟာယ်ဆလေ၏ အခန်းသို့ တန်း၍တက်သွားလေသည်။

ကက်ပတိန်ဟာယ်ဆလေ၏ အခန်းရှိရာသို့ တန်းတန်းမတ်မတ်တက်သွားသော ဟင်ဒရစ်ကို မြင်လိုက်ရသောခဏ၌ မနေ့ညက သူတို့နှစ်ယောက် ပယောဂ္ဂဆန်ဆန်ပြောနေကြသော စကားများ ချက်ချင်းသွား၍ သတိရလိုက်မိ၏။

ညက ကြားခဲ့ရသော စကား၏ အဓိပ္ပာယ်ကို တနုံ့နုံ့စဉ်းစားရင်း၊ သင်္ဘောလက်ရန်းကို မှီကာ ကိုယ်ကိုတစ်စောင်း လှည့်၍ ဆိပ်ခံတံတားရှိရာသို့ ကြည့်နေမိ၏။

ဤအခိုက်တွင်ပင် အရာခံဗိုလ်ရန်ကင်း၏ အသံက ကျွန်တော့် အတွေးများကို လာ၍ အနှောင့်အယှက်ပေးနေပြန်၏။

"မင်းလိုချင်တဲ့စောင်တွေ...အိပ်ပုခက်တွေရရဲ့လား"

ရန်ကင်း၏ မျက်နှာမှာ အအေးဒဏ်ကြောင့် ဖြူလျော်လျော် ဖြစ်နေ၏။ သူ့တစ်ကိုယ်လုံးတွင်မူ အပြာရောင်ရေတပ်ဝတ်စုံဝတ်ဆင်ထားသည်။ မျက်လုံးအစုံက ပတ္တမြားသွေးကဲ့သို့ ရဲရဲနီနေ၏။

'ရတယ်'

ကျွန်တော်က ခပ်တိုတိုပင် အဖြေပေးလိုက်၏။ ပြီးမှ-

'ကလင်စကီနဲ့ ဆရာကြီးနဲ့ ဘယ်လိုများ ပတ်သက်နေသလဲ'ဟု ကျွန်တော်က လွှတ်ခနဲ မေးလိုက်မိ၏။

အရာခံဗိုလ်ရန်ကင်း၏ ပတ္တမြားသွေးကဲ့သို့ ရဲရဲနီနေသော မျက်လုံးအစုံမှာ ရုတ်တရက် တိမ်၍ ဝင်သွားသည်ဟု ထင်လိုက်ရကာ အသက်ရှူများလည်း ခဏမျှ ရပ်သွားသည်ဟု ထင်လိုက်ရ၏။

"မင်းက ...ငါ့ကိုပြောင်စရာ လှောင်စရာများ မှတ်နေသလား"

ရန်ကင်းက ပျက်သွားသော မျက်နှာကို ပြန်ပြင်ရင်း မေးလိုက်၏။

"ပြောင်စရာ လှောင်စရာထင်လို့ မဟုတ်ပါဘူး၊ လူနှစ်ယောက်က ဆရာကြီးအကြောင်းကို ကလင်စကီဆိုတဲ့ လူနဲ့ ပတ်သက်ပြီး ပြောလိုက်တာကို အမှတ်မထင် ကြားလိုက်မိလို့ပါ"



ကျွန်တော်က လေအေးအေးဖြင့်ပင် ရိုးရိုးသားသား စကားဆိုလိုက်၏။

ကျွန်တော်က မည်သို့ပင် ရိုးရိုးသားသား စကားဆိုစေကာမူ၊ အရာခံဗိုလ်ရန်ကင်းကမူ ကျွန်တော့်မေးခွန်းကြောင့် အတော်ပင် တုန်လှုပ်နေဟန်တူ၏။

'အဲဒီ...လူနှစ်ယောက်ဆိုတာ ဘယ်သူတွေလဲ"

ရန်ကင်းက ဒေါသသံဖြင့် မေးလိုက်၏။

ကျွန်တော်က အဖြေမပေးဘဲ၊ ရပ်နေသည့် နေရာမှ လှည့်၍ ထွက်သွားရန် ဟန်ပြင်လိုက်၏။ ရန်ကင်းက ကျွန်တော့် ပခုံးတစ်ဖက်ကို သူ့လက်ဖြင့် ဆွဲလှည့်ရင်း-

"ဘယ်သူတွေလဲ ...ပြောစမ်း"

ဟု ထပ်၍ မေးခွန်းထုတ်နေပြန်၏။

"ဘယ်သူရှိရဦးမလဲ။ ကက်ပတိန်ဟာယ်ဆလေနဲ့ ပထမအရာရှိ ဟင်ဒရစ်ပဲပေါ့"

ကျွန်တော်က ရိုးရိုးသားသားနှင့်ပင် ပွင့်ပွင့်လင်းလင်းပင် ပြောချလိုက်၏။ သည်တော့မှပင် သူက ကျွန်တော့်ပခုံးတစ်ဖက်ကို ဆုပ်ကိုင်ထားရာမှ လွှတ်လိုက်၏။

အရာခံဗိုလ်ရန်ကင်းသည် ကျွန်တော် ထွက်ခွာလာသည့်တိုင်အောင်သင်္ဘောအတက်အဆင်း လှေကားထိပ်တွင် ငိုင်၍ ရပ်လျက် ကျန်နေရစ်သည်ကို သတိထားလိုက်မိ၏။

သင်္ဘောစက်ခေါင်းများက အရှိန်ပို၍ရလာသည်နှင့်အမျှ အနွေးဓာတ်ကလည်း သင်္ဘောကြီးတစ်ခုလုံးတွင် ပို၍ပျံ့နှံ့စပြုလာ၏။ ကုန်းပတ်ပေါ်တွင် စောစောက ခဲလုမတတ်ဖြစ်နေသော နှင်းမှုန်များမှာ အပူရှိန်ကြောင့် အရည်ပျော်ကာ စီးကျလာခဲ့ပြီဖြစ်၏။ ဆိပ်ကမ်းကြီးတစ်ခုလုံးတွင် ရပ်စွဲထားသော သင်္ဘောအားလုံးလောက်ပင် မြစ်လယ်သို့လည်းကောင်း၊ မြစ်ဝဘက်သို့ လည်းကောင်း ထွက်ခွာကုန်ကြပြီးဖြစ်၍ ကျွန်တော်တို့ သုံးရောင်ခြယ်သင်္ဘောသည်လည်း မကြာမတင်ပင် ခရီးစ၍ ထွက်ခွာတော့မည်ဟု မျှော်လင့်နေရ၏။

ကျွန်တော့် ကင်းအလှည့်သို့ရောက်ရန် အချိန်အတန်ပင် လိုသေးသဖြင့် မရိတ်မသင်ဘဲထားရသော မုတ်ဆိတ်ပါးမြိုင်းမွေးများကို သုတ်သင်ရန်နှင့် ကိုယ်လက်ဆေးကြောရန် ရေချိုးခန်းရှိသော သင်္ဘောအောက်ထပ်သို့ ဆင်းလာခဲ့၏။

သင်္ဘောသားများအတွက်ထားသော ရေချိုးခန်းမှာ ခေတ်မီခြင်း မရှိသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း ရေးနွေးများကိုမှ လိုသလောက် အသုံးပြုနိုင်သည်ကို တွေ့ရ၏။

ရေချိုးခန်းတွင် ကိုယ်လက်သုတ်သင်ပြီးနောက် ထမင်းချက်ခန်းသို့ လျှောက်လာသောအခါ ထမင်းချက်ခန်းအဝတွင် ဝဝဖိုင့်ဖိုင့်ရှိသော ထမင်းချက်သမားကို တွေ့ရ၏။ သူ့အောက်နှုတ်ခမ်းပေါ်တွင် အသားမာလေးတစ်ခုက တန်းလန်းတွဲလွဲကျနေ၏။

ထမင်းချက်သမားက ကျွန်တော့်အား မတ်ခွက်တစ်ခု အပြည့်ရှိသော ကိုကိုးဖြင့် ညှော်ခံဝတ်ပြုသည်။

ကျွန်တော်သည် အငွေ့တထောင်းထောင်းထနေသော ကိုကိုးကိုသောက်ရင်း ထမင်းချက်သမားနှင့် စကားလက်ဆုံကျနေ၏။

သူ့ထံမှသိရှိရသလောက် သူသည် ကမ္ဘာပေါ်ရှိ ပင်လယ်ဆိပ်ကမ်းမြို့တိုင်းသို့ ရောက်ရှိဖူးပြီး ယခုကျွန်တော်တို့ သုံးရောင်ခြယ်သင်္ဘောစွဲရပ်ထားသော မာမန့်သင်္ဘောဆိပ်မြို့သို့မှု ယခုအကြိမ်နှင့်ဆိုလျှင် လေးကြိမ်မြောက် ရောက်ဖူးပြီဟု သိရ၏။

ပင်လယ်ဆိပ်ကမ်းမြို့တစ်မြို့သို့ လေးကြိမ်တိုင် ရောက်ဖူးသော သင်္ဘောသားတစ်ယောက်ဆိုသည်မှာ ထိုမြို့အကြောင်းကို အပ်ကျသည်ကစ၍ သိနေတတ်သူတစ်ယောက်ဖြစ်၏။

သို့ဖြစ်၍လည်း အရာခံဗိုလ်ရန်ကင်းနှင့် ပတ်သက်လျက်ရှိသည်ဟု ဆိုသော 'ကလင်စကီ' အကြောင်းကို ကျွန်တော်က စကားတောက်ကြည့်လိုက်၏။

"မာမန့်မှာ ကလင်စကီဆိုတဲ့ လူကိုများ သိဖူး ကြားဖူးသလား"

"မိုလိုတော့ဖ်လမ်းမှာလား အရင်တုန်းကတော့ ဒီလမ်းကို စိန့်ပီတာလမ်းလို့ ခေါ်တယ်လေ"

ထမင်းချက်သမားကြီးက မာမန့်မြို့ရှိ လူတိုင်းနှင့် လမ်းတိုင်းကို သိနေသော စုံထောက်ကြီးတစ်ဦးအလား ကျွန်တော့်အား မျက်စပစ်၍ ပြန်လည်မေးခွန်းထုတ်လိုက်၏။

"ဟုတ်ပါလိမ့်မယ် ဒီလမ်းကပဲဖြစ်ပါလိမ့်မယ်၊ အဲဒီကလင်စကီ ဆိုတဲ့ လူက ဘယ်လိုလူမျိုးလဲ"

"ကလင်စကီဆိုတဲ့အကောင်က ဘယ်လိုကောင်မျိုးမှ မဟုတ်ဘူး။ သင်္ဘောသားတွေဆီက ပစ္စည်းမှန်သမျှကို လက်ခံပြီး မှောင်ခိုကုန်ကူးနေတဲ့အကောင်ပဲ။ ဘာလဲ မောင်ရင်က ကလင်စကီ နဲ့ အရှုပ်အရှင်းများရှိနေလို့လား"



ထမင်းချက်သမားကြီးက ကျွန်တော့်ကို အကဲခတ်ရင်း မေးလိုက်၏။

"မဟုတ်ပါဘူးဗျာ။ ကျွန်တော့်မှာ မှောင်ခိုကုန်ကူးစရာဆိုလို့ ရိုက်ဖယ်တစ်လက်ပဲရှိတာ သူနဲ့ ဘယ်လိုလုပ်ပြီး အရှုပ်အရှင်းရှိနိုင်မှာလဲ"

ကျွန်တော့် စကားကို ထမင်းချက်သမားကြီးက သဘောပေါက်သွားပြီး တဟားဟားရယ်လိုက်၏။

"ကလင်စကီဆိုတဲ့ အကောင်က သင်္ဘောက ပစ္စည်းဆိုရင် အကုန်လက်ခံတဲ့ အကောင်။ မောင်ရင့်ရိုက်ဖယ်ကနေပြီး အဝေးပစ်အမြောက်ကြီးကိုတောင် ဝှက်ထားဖို့နေရာရှိရင် ဈေးပေါပေါနဲ့ ရမယ်ဆိုရင် လက်ခံဖို့နေတဲ့အကောင်မဟုတ်ဘူး။ အမေရိကန်စစ်သားတွေကိုဆိုရင် ရုရှားပြည်က ရုရှားစစ်ဗိုလ်တွေ ကိုင်တဲ့ ဓားလွယ်ကြီးတွေကို ဈေးကြီးကြီးနဲ့ ပြန်ပြီးရောင်းနေတဲ့ အကောင်ပေါ့"

ထမင်းချက်သမားကြီး၏ ပြောပြချက်အရ ကျွန်တော်တို့ အပေါ်တွင် ဗိုလ်မဟုတ်တဲ့နှင့် ဗိုလ်လုပ်နေခဲ့သော အရာခံဗိုလ်ရန်ကင်း၏ အတွင်းရေးက စင်းစင်းကြီးပေါ်၍ လာပါတော့၏။

အရာခံဗိုလ်ရန်ကင်းသည် မာမန့်ဆိပ်ကမ်းမြို့တွင် သောင်တင်၍ နေရစဉ်အတွင်း အင်္ဂလိပ်ရေတပ်မတော်မှ ရေတပ်ပစ္စည်းအချို့ကို ပစ္စည်းထိန်းအဖြစ် တာဝန်ယူခဲ့ရသူ ဖြစ်ရာ၊ မိုလိုတော့ဖ်လမ်းပေါ်ရှိ စစ်ပစ္စည်းမှောင်ခိုသမား ကလင်စကီနှင့် အဆက်အသွယ်လုပ်ခဲ့မည်မှာ နံကြားထောက်မလွဲ မုန်၍ နေမည်သာ ဖြစ်၏။ သို့ဖြစ်၍လည်း ရန်ကင်းသည် ညစဉ်ညတိုင်း အရက်မူး၍ နေနိုင်ခြင်း မဟုတ်ပါလား။

ငွေဖောနေသော အရာခံဗိုလ်ရန်ကင်းအပေါ်တွင် သုံးရောင်ခြယ်သင်္ဘော ကက်ပတိန် ဟယ်ဆလေနှင့် ပထမအရာရှိဟာင်ဒရစ်တို့က အပေါ်စီးမှနေ၍ ချုပ်ကိုင်ထားလိုသည့်ကိစ္စမှာမူ ကျွန်တော်အဖို့ ဆက်စပ်၍ မရအောင် ဖြစ်နေလေသည်။

နံနက် ၁၁ နာရီလောက်တွင် အခန်းထဲမှ ကုန်းပတ်ပေါ်သို့ ကျွန်တော် ပြန်၍ ထွက်လာသောအခါ၊ ကင်းအလှည့်တာဝန်ကို ယူနေသော ရဲဘော်ကြီး ကွတ်ကို တွေ့ရ၏။

"သင်္ဘောထွက်ဖို့ အရိပ်အယောင်များ မြင်ရပြီလား"

ကျွန်တော်က ကွတ်အား မေးလိုက်၏။

"နည်းနည်းမှ မမြင်ရသေးဘူး"

ကွတ်ပြောသည့်အတိုင်းပင် ကျွန်တော်တို့၏ သုံးရောင်ခြယ်သင်္ဘောမှာ

www.burmeseclassic.com

www.burmeseclassic.com



ဆိပ်ကမ်းရှိ ဖောတံတားနှင့် အဆင်းအတက် လှေကားအားဖြင့် သံမှိုဆွဲသလို ဆွဲလျက်ပင် ရှိနေသေးသည်။

သို့သော် သင်္ဘောကက်ပတိန်ဟာယ်ဆလေမှာမူ ပွဲစင်ထက်သို့ ရောက်နေပြီး စကြံလျှောက်လျက် သင်္ဘောအခြေအနေကို ကြည့်ရှုလေ့လာလျက် ရှိနေသည်ကို တွေ့ရ၏။

ဆိပ်ကမ်းပေါ်တွင် လူသူဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိတော့။

ကျွန်တော်က သင်္ဘောလက်ရန်းကိုမှီ၍ အောက်ဘက်သို့ကြည့်နေစဉ်တွင်ပင်၊ အရည်ပျော်စပြုနေသော ရေခဲများပေါ်တွင် ဖြတ်၍ လျှောက်လာသည့် အထီးတည်းသော အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရလေသည်။

အမျိုးသမီးသည် ကာကီဂရိတ်ကုတ်ကြီးကို ဝတ်ထားပြီး ခေါင်းပေါ်တွင် စစ်သားများ ဆောင်းလေ့ရှိသော ဘယ်ရီကက်ကို ဆောင်းထား၏။ လက်တွင် စစ်သားများ အသုံးပြုလေ့ရှိသော စစ်လွယ်အိတ်ရှည်ကြီးတစ်လုံးကို ဆွဲလာ၏။

အမျိုးသမီးသည် သင်္ဘောဦးနှင့် ပဲ့ပိုင်းတွင် ရေးထားသော သင်္ဘောအမည်ကို မော့၍ကြည့်လာသည်ဖြစ်ရာ သူ၏မျက်နှာမှာ နှင်းခဲကဲ့သို့ ဖြူလျက်ရှိသည်ကို တွေ့ရ၏။

အမျိုးသမီးသည် သင်္ဘောအတက်အဆင်း လှေကားအနီးသို့ ရောက်လာပြီးနောက် လှေကားကို စ၍တက်လာ၏။ လက်တွင်ဆွဲလာသော အိတ်ရှည်ကြီးက တန်းလန်းပါ၍လာ၏။

"ကိုယ့်လူ အမျိုးသမီးတစ်ယောက် သင်္ဘောပေါ်ကို တက်လာနေတယ်။ ကြည့်ရတာ သိပ်ပြီး ကျန်းမာရေးနဲ့ ပြည့်စုံပုံ မပေါ်ဘူး။ တန်းလန်းကြီးဆွဲလာတဲ့ အိတ်ကို သွားပြီး ကူသယ်ပေးလိုက်ပါ"

ကျွန်တော့်အနီးသို့ ရောက်လာသော ရဲဘော်ကြီးကွတ်က ကျွန်တော့် အင်္ကျီစကို ဆွဲရင်း ပြောလိုက်၏။

ကျွန်တော်က ဘာမျှပြန်မပြောဘဲ လှေကားမှ အိတ်ကြီးကို တန်းလန်းဆွဲလျက် တက်နေသော အမျိုးသမီးကို စောင့်၍ကြည့်နေ၏။

"မင်းက အမျိုးသမီးတစ်ယောက်ကို လူကြီးလူကောင်းတစ်ယောက်ပီပီ ကူညီချင်တဲ့စိတ်မရှိရင် ကျုပ်ပဲ ကူညီလိုက်ပါ့မယ်။ ဟောဒီ သေနတ်ကိုသာ ယူထား။ ကင်းစောင့်နေသလိုပေါ့ကွာ"

ရဲဘော်ကြီးကွတ်က ပြောပြောဆိုဆို သူ့လက်ထဲမှ ရိုက်ဖယ်သေနတ်ကို



ကျွန်တော့်ပခုံးတွင် ချိတ်ပေးပြီးနောက် သင်္ဘောလှေကားရှိရာသို့ သွက်သွက်ကလေး ထွက်သွားသည်။

လှေကားမှတက်လာသော အမျိုးသမီး၏ မျက်နှာကို ကြည့်ရသည်မှာ ညှိုးညှိုးငယ်ငယ်ရှိလှသည်ဟု ကျွန်တော်က ထင်နေမိ၏။

အမျိုးသမီးသည် အင်္ဂလန်သို့သွားမည့် သင်္ဘောပေါ်သို့ တက်လာသော်လည်း အင်္ဂလန်သူဖြစ်ချင်မှ ဖြစ်ပေလိမ့်မည်။ ပိုလန်သူလား ချက်သူလား ပြင်သစ်သူလား။

ကျွန်တော်က အမျိုးသမီးအကြောင်းကို စဉ်းစားခန်းဝင်နေစဉ် လက်မြန်လှသော ရဲဘော်ကြီးကွတ်က အမျိုးသမီးရှိရာသို့ ရောက်ရှိနေရုံသာမက တန်းလန်းဆွဲလာသော အိတ်ကြီးကိုပါ သူ့ပခုံးပေါ်တွင် ထမ်းပြီးဖြစ်နေ၏။ စောစောက ညှိုးညှိုးငယ်ငယ်ဖြစ်နေသော အမျိုးသမီး၏ မျက်နှာပေါ်တွင် ကူညီသူကို တွေ့လိုက်ရသဖြင့် အပြုံးပန်းကလေးများ ပွင့်လာသည်ကို တွေ့လိုက်ရ၏။

ဤအချိန်တွင်ပင် ကျွန်တော့်အနားမှကပ်လျက် ပေါ်ထွက်လာ အသံတစ်သံကို ကြားလိုက်ရ၏။

"အရာခံဗိုလ်ရန်ကင်းကိုများ တွေ့မိသလား"

မေးလိုက်သူမှာ သင်္ဘောပထမအရာရှိ ဟင်ဒရစ်ပင် ဖြစ်၏။

"မတွေ့ရတာ တစ်နာရီလောက်ရှိသွားပြီ၊ ဘာကိစ္စများရှိလို့လဲ"

"အဘိုးကြီးကတွေ့ချင်လို့တဲ့။ သူနဲ့တွေ့ရင် ပြောလိုက်စမ်းပါ၊ ပွဲစင်ပေါ်ကို လာခဲ့ပါလို့"

ဟင်ဒရစ်ထွက်ခွာသွားပြီးနောက် ကျွန်တော်က လူသူကင်းမဲ့နေသော သင်္ဘောဆိပ်ကမ်းကိုပင် အဓိပ္ပာယ်မရှိ ငေး၍ ကြည့်နေမိ၏။

သစ်သားကုန်လှောင်ရုံများပေါ်တွင် ဖွေးဖွေးဖြူနေသော ရေခဲများသည် အရည်ပျော်၍ကျစပြုနေ၏။ ဆွဲသင်္ဘောလေးတစ်စင်းက သုံးရောင်ခြယ်အနားသို့ ကပ်လာသည်။ ပွဲစင်ထက်မှ ပထမအရာရှိဟင်ဒရစ်၏ အသံကိုလည်း ကြားရ၏။

သင်္ဘောကမ်းမှခွာရန်အတွက် အချက်ပေးလိုက်သော အသံတည်း။

ကျွန်တော်က အပြင်သို့ ငေး၍ရပ်နေရာမှ အတွင်းဘက်သို့ လှည့်လိုက်သောအခါ အောက်ထပ် သင်္ဘောအခန်းရှိရာမှ ကုန်းပတ်ပေါ်သို့ ပြန်၍တက်လာသော ရဲဘော်ကြီးကွတ်ကို လှေကားထိပ်တွင် မြင်လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကွတ်၏ မျက်နှာမှာ မှိုရသလိုဖြစ်နေလေသည်။

"ဘယ့်နှယ်လဲ အမျိုးသမီးက နိပ်ရဲ့လား"

ကျွန်တော့်ပခုံးထက်မှ ရိုက်ဖယ်ကို ပြန်၍ယူသော ကွတ်အား ကျွန်တော်က ပြုံး၍မေးလိုက်၏။

"အမျိုးသမီးကတော့...ကျုပ်ကြိုက်တတ်တဲ့ အမျိုးသမီးမျိုးပဲ။ ယုံချင်ယုံ မယုံချင်နေ ...အမျိုးသမီးက အင်္ဂလန်သူပဲ၊ နာမည်ကတော့ ဂျနီဖာလို့ ခေါ်တယ်။ အိတ်ပေါ်မှာ ရေးထားတဲ့ စာကိုကြည့်လို့ သိခဲ့ရတယ်။ သူက...ဘာဖြစ်လို့များ ရုရှားကို ရောက်နေတာလဲ မသိဘူး။ မျက်နှာကတော့ ...ဟောဟို ကုန်လှောင်ရုံ ပေါ်က ရေခဲတွေလို ဖွေးဖွေးဖြူနေတာပဲဆရာ။ လည်တိုင်ကလေးများကလည်း ရေကြည်သောက်ရင် မြင်ရမလောက်ပဲဆိုသလို၊ အမျိုးသမီးကတော့ ကလက် တက်တက် ပျံတန်တန်မဟုတ်ဘူး။ တကယ့်အမျိုးကောင်း သားသမီးထဲကပဲ"

ရဲဘော်ကြီးကွတ်က ဤသို့ပြောပြီးနောက် လေတချက်ချွန်လိုက်၏။

ပြီးမှ...

"အမျိုးသမီးကို သင်္ဘောဒုတိယအရာရှိ မစ္စတာကောင်ဆင်က ဂရုတစိုက် စောင့်ရှောက်အကူအညီပေးမယ်လို့ သိရတယ်။ အရာရှိဆိုတဲ့ အကောင်တွေက ဒီလိုနေရာမျိုးကျရင် သိပ်ပြီး ကံကောင်းတဲ့ အကောင်တွေ၊ ဟော...သင်္ဘောအဆင်း အတက် လှေကားကိုတောင် အပေါ်ကိုတင်နေပြီ"

ရဲဘော်ကြီးကွတ်က အမျိုးသမီး ဂျနီဖာအကြောင်းကို ပြောနေရာမှ သင်္ဘော အဆင်းအတက်လှေကားရှိရာသို့ လက်ညှိုးညွှန်ပြလိုက်၏။

ရဲဘော်ကြီးကွတ် ညွှန်ပြသည့်အတိုင်းပင် ဆိပ်ခံတံတားနှင့် ဆယ်သွယ် ထားသော သင်္ဘောအဆင်းအတက် လှေကားကို မ၍တင်နေသည်ကို တွေ့ရ၏။

တစ်ချိန်တည်းတွင် သုံးရောင်ခြယ်သင်္ဘော၏ ဥသြဆွဲသံကလည်း ပေါ်ထွက်လာလေသည်။

ဆွဲသင်္ဘောလေးကလည်း သုံးရောင်ခြယ်ကို ဆိပ်ကမ်းမှဆွဲယူသွားရန် အသင့်ရှိနေပြီဟူသော အဓိပ္ပာယ်ဖြင့် စူးရှသောဥသြသံကို ပေးလိုက်၏။

"ခရီးစတင်ထွက်ခွာကြပါစို့...ခရီးစတင်ထွက်ခွာကြပါစို့"

ပွဲစင်ပေါ်မှ နေ၍ သင်္ဘောအသွားအလာကို ညွှန်ကြားချက်ပေးနေသော ကက်ပတိန် ဟယ်ဆလေက ပါးစပ်တွင် စကားပြောခွက်တစ်ခုကိုတပ်ကာ သက် ဆိုင်ရာ သင်္ဘောအရာရှိများအား ညွှန်ကြားချက် ပေးနေလေသည်။



သင်္ဘောဦးပိုင်းတွင် တာဝန်ကျလျက်ရှိသော ဒုတိယအရာရှိ မစ္စတာ ကောင်ဆင်က ကက်ပတိန်ဟယ်ဆလေ၏ ညွှန်ကြားချက်ဖြင့် သူ၏ ညာဘက် လက်ကို ဝှေ့ယမ်း၍ ပြနေလေသည်။

သင်္ဘောဦးပိုင်းတွင် တာဝန်ကျလျက်ရှိသော ဒုတိယအရာရှိ မစ္စတာကောင် ဆင်က ကက်ပတိန်ဟယ်ဆလေ၏ ညွှန်ကြားချက်ကို နားလည်သဘောပေါက် ကြောင်း ဖော်ပြသည့် အဓိပ္ပာယ်ဖြင့် သူ၏ ညာဘက်လက်ကို ဝှေ့ယမ်း၍ ပြနေ လေသည်။

ဆိပ်ခံတံတားပေါ်တွင် ရှိနေသော ရုရှားအမျိုးသားတစ်ယောက်က ဆော တံတားတွင် ချိတ်ထားသော သုံးရောင်ခြယ်သင်္ဘောဦးမှ ကြိုးကိုဖြုတ်၍ ရေထဲသို့ ပစ်ချလိုက်၏။

သင်္ဘောဦးသည် ဆိပ်ခံဆောတံတားမှ စတင်၍ ကွာလာပြီးနောက်၊ မကြာ မီပင် သင်္ဘောတစ်ခုလုံးသည် ကမ်းမှကွာသည်ထက် ကွာ၍လာကာ မြစ်ဝနှင့် ပင်လယ်ဝဆုံရာ ရေပြင်ကျယ်ရှိရာသို့ ဦးတည်လျက် ရှိနေလေသည်။

ပွဲစင်ထက်မှ သင်္ဘောစက်ခန်းရှိရာသို့ ဆက်သွယ်ထားသော အချက်ပေး ကိရိယာကလည်း နှစ်ကြိမ်တိုင်တိုင် အသံမြည်၍ လာ၏။

သင်္ဘောစက်ခေါင်းများသည် တဖြည်းဖြည်း တချက်ချက်မြည်နေရာမှ ရုတ်ခြည်းပင် မြည်ဟည်း၍ လာလေသည်။

သင်္ဘောစက်ခေါင်းများက အရှိန်ပြင်းစွာဖြင့် မြည်ဟည်းလာသည်နှင့်အမျှ သင်္ဘောကြီးတစ်ခုလုံးမှာလည်း လှုပ်ရှား၍လာ၏။ မြစ်အောက်ရှိ ရေများသည် သင်္ဘောမှ ငါမန်းယက် လှုပ်ရှားမှုကြောင့် အပေါ်သို့ တက်လာကြ၏။ ပဲ့ပိုင်းမှ မြစ်ရေအလျှင်သည် မည်းညစ်ကာ ပွက်သေးထလျက် ရှိနေလေသည်။

သုံးရောင်ခြယ်သည် မြစ်စဉ်အတိုင်း အောက်ဘက်သို့ဦးတည်၍ လာပြီး နောက် မြစ်ဝနှင့် ပင်လယ်ဝတို့ဆုံရာ ရေမျက်နှာပြင်တွင် ဖျက်သင်္ဘောကြီးနှင့် အတူ သင်္ဘောအုပ်စုဖွဲ့လျက် ရှိသော ကုန်သင်္ဘောကြီးများရှိရာသို့ ချဉ်းကပ်၍ လာမိလေသည်။

နေ့လယ်တစ်နာရီအချိန်တွင် အင်္ဂလန်နိုင်ငံသို့ ထွက်ခွာမည့် ကုန်သင်္ဘော အားလုံးသည် ဖျက်သင်္ဘောကြီးနှင့် အတူ အုပ်စုအဖြစ် ဆက်သွယ်ဖွဲ့စည်းပြီးပြီး နောက်၊ တစ်နာရီဆယ်မိနစ်တိတိအချိန်တွင် ကျွန်တော်တို့ သုံးရောင်ခြယ်သင်္ဘော အပါအဝင်ဖြစ်သော သင်္ဘောအုပ်စုသည် ရုရှားပြည်မာမန့်ဆိပ်ကမ်းအလွန်ရှိ မြစ်ဝ

www.burmeseclassic.com

www.burmeseclassic.com



မှနေ၍ အင်္ဂလန်ပြည်သို့ ဦးတည်ကာ ခရီးထွက်ခဲ့ကြလေသည်။

ညနေသုံးနာရီအချိန်တွင် ကျွန်တော်ကင်းအလှည့်တာဝန်ပြီး၍ အခန်းထဲတွင် လဲလျောင်းနားနေရန် ကြံသောအခါ၊ ကျွန်တော်တို့သင်္ဘောအုပ်စုသည် မာမန့်ကမ်းခြေကို မီးကုပ်စက်ပိုင်းဆီတွင် ထားပစ်ခဲ့ပြီဖြစ်ကြောင်း ကျွန်တော် သတိပြုမိ၏။

သင်္ဘောသားများထံမှ တစ်ဆင့်စကား တစ်ဆင့်နားကြားရသည့် သတင်းအရ ကျွန်တော်တို့ သင်္ဘောအုပ်စုသည် အင်္ဂလန်ပြည် လိဗ်ပူးမြို့သို့ ဦးတည်လျက်ရှိကြောင်း သိရှိရ၏။

ထိုနေ့ညနေ ၇ နာရီတွင် ရဲဘော်ကြီးကွတ်နှင့် ကျွန်တော်တို့ ကင်းတာဝန်ချင်း လဲလှယ်ကြသောအခါ၊ ကွတ်အား ကျွန်တော်က ကျွန်တော်တို့ သင်္ဘောအုပ်စု လိဗ်ပူးမြို့တွင် ဆိုက်ကပ်လိမ့်မည် ဖြစ်ကြောင်း တစ်ဆင့်ဖောက်သည်ချလိုက်၏။

"ငါးရက်တောင်ကြာမယ့် ခရီးပါကလား။ အကာအကွယ်မရှိဘဲ အရိုးကွဲအောင်အေးတဲ့ လေထဲမှာ ငါးရက်ဆက်ပြီး ကင်းစောင့်ရမယ့်အလုပ်က သက်သာလှမယ် မထင်ဘူး။ ကျုပ်တို့က...အခုလို ဒုက္ခခံပြီး ကင်းစောင့်နေရလောက်အောင် အထူးကုန်ပစ္စည်းဆိုတဲ့ သေတ္တာတွေထဲမှာ ဘာတွေများပါတယ်ဆိုတာ သိချင်လိုက်တာ။ အင်္ဂလန်ပြည်ရဲ့ ဘဏ်ကြီးတစ်ခုလုံးကိုများ ကျုပ်တို့က စောင့်နေရသလားမသိဘူး။ ကုန်အမှတ်တံဆိပ်တွေမှာ ရေးထားတဲ့အတိုင်း လေယာဉ်ပျံစက်ခေါင်းတွေသာဆိုရင် ကျုပ်တို့ စောင့်ရကျိုး ဘယ်နပ်တော့မလဲ။ အခန်းထဲမှာထား တဲ့ သေတ္တာတွေက ခြေထောက်ပေါက်ပြီး သင်္ဘောပေါ်က ဆင်းသွားနိုင်မှာလည်း မဟုတ်ဘူး။ ဒီတော့ ဘာမှအရေးကြီးတဲ့ပစ္စည်းတွေအတွက် ကျုပ်တို့က အရိုးကွဲအောင်အေးတဲ့ အခန်းအပြင်ဘက်မှာ ဘာဖြစ်လို့ ကင်းတာဝန်ကို ယူနေရမှာလဲ"

ရဲဘော်ကြီးကွတ်က ချုပ်တည်းထားရသမျှသော ဒေါသကို လေရှည်ကြီးလျှောက်၍ မှုတ်ထုတ်နေ၏။

ရဲဘော်ကြီးကွတ်၏ ဆင်ခြေဆင်လက်အားလုံးမှာ မှားနိုင်စရာမရှိ။

သို့ရာတွင်...

'အထူးကုန်ပစ္စည်းများကို သတိဝီရိယထား၍ အစဉ်အမြဲစောင့်ကြပ်နေရမယ်'ဟူသော အမိန့်ကြောင့် ကျွန်တော်ကလည်း မည်သို့မျှ မတတ်နိုင်။

ဤသို့မတတ်နိုင်သည့် အကြောင်းကိုလည်း ရဲဘော်ကြီး ကွတ်အား



ကျွန်တော်က တိုတိုတုတ်တုတ်ဖြင့်ပင် ပြောပြလိုက်၏။

"မောင်ရင့်အပြစ်လည်း မဟုတ်ဘူး။ မောင်ရင့်ကိုလည်း အပြစ်မဆိုပါဘူး။ ဒါပေမဲ့ ကျုပ်တို့လုပ်နေတဲ့အလုပ်က အရူးကို နှင်းတောအတိုး ခိုင်းခံနေတာနဲ့ မတူဘူးလား၊ ကဲ...မင်္ဂလာရှိသော ညပါပဲဗျာ"

ရဲဘော်ကြီးကွတ်က ကျွန်ုပ်အော့ကို နှုတ်ဆက်ပြီး အခန်းထဲသို့ ဝင်သွားသည်။ ကင်းလှည့်တာဝန်ကျသော ကျွန်တော်သာ သေနတ်ကိုထမ်းလျက် အရိုးကွဲအောင် အေးလှသော လေထဲတွင် ခေါက်တုံ့ခေါက်ပြန် စကြံလျှောက်ရင်း၊ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နေရလေသည်။

ကျွန်တော်သည် သင်္ဘောလက်ရန်းကိုမှီရင်း ငွေရောင်အနားကွပ်များဖြင့် မာန်ဖီ၍ထနေသော လှိုင်းလုံးလေးများကို ငေး၍ကြည့်နေမိ၏။ တစ်ခုတည်းသာ သင်္ဘောခေါင်းတိုင်မှ မီးပွင့်များ လွင့်၍လွင့်၍ တက်သည်ကိုလည်း အထူးအဆန်း သဖွယ် ငေးကြည့်နေမိ၏။ သုံးရောင်ခြယ်သင်္ဘောဦးကို ပြေး၍ပြေး၍ ဆောင့်နေသော လှိုင်းလုံးများ၏ အသံမှာ ငြီးငွေ့ဖွယ် တီးလုံးသံနှင့် တူနေလေသည်။

သင်္ဘောကြီးတစ်ခုလုံးတွင် အထူးကုန်ပစ္စည်းများကို စောင့်ရှောက်ရန် ကင်းတာဝန်ကျသော ကျွန်တော်မှအပ ပဲ့စင်ထက်တွင် သင်္ဘောသွားလာမှုကို အမြဲတစိုက် ညွှန်ကြားနေသော တာဝန်ကျသင်္ဘောအရာရှိတစ်ဦးသာ အသက်ဝင်လှုပ်ရှားလျက်ရှိသည်ဟု ထင်ရ၏။

သုံးရောင်ခြယ်သည် နော်ဝေကမ်းခြေအလွန်တွင် လှုပ်ရှားသွားလာလျက်ရှိနေလေသည်။

ညကိုးနာရီထိုးရန် ဆယ်မိနစ်အလိုတွင် အခန်းပြင်ဘက်၌ တစ်ယောက်ထီးတည်း ကင်းတာဝန်ယူနေရသည်ကို ငြီးငွေ့လှသောကြောင့် အခန်းနားသို့ ကျွန်တော်က ချဉ်းကပ်သွားမိ၏။

အခန်းနားသို့ ရောက်ပြီးနောက် အခန်းတံခါးကို မဟတဟတွန်း၍ ဖွင့်လိုက်ပြီး–

'ရဲဘော်ကြီးကွတ်...ခင်ဗျားတို့တစ်တွေ မအိပ်ကြသေးဘူးလား'ဟု [illegible]လိုက်၏။

အိပ်ချိန်တန်သည့် ညကိုးနာရီအချိန်ခန့်တွင် အခန်းတွင်းမှ [illegible] အလင်းရောင်ကို တွေ့မြင်လိုက်ရသောကြောင့် ကျွန်တော့်စိတ်ထဲတွင် [illegible] ဖြစ်၍သွားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့စီးနင်းလိုက်ပါလာသော သုံးရောင်ခြယ်နှင့်တကွ သင်္ဘောအုပ်စုကြီးတစ်ခုလုံးမှာ ရန်သူလေကြောင်းကို ကြိုတင်ကာကွယ်သောအားဖြင့် တတ်နိုင်သမျှ အမှောင်ချထားကြသည်ဖြစ်ရာ၊ ရဲဘော်ကြီးကွတ်နှင့် ရဲဘော်လေးဆီးတို့က အခန်းထဲတွင် လျှပ်စစ်မီးသီးတစ်လုံး ထွန်းညှိထားခြင်းမှာ အကြောင်းအချက် ထူးခြားနေပြီ ဟူ၍လည်း ကျွန်တော့်စိတ်က ထင်မှတ်လိုက်မိ၏။

ထို့ကြောင့် အခန်းတံခါးကို လူတစ်ယောက် ဝင်နိုင်ရုံအထိ တွန်းဖွင့်လိုက်ပြီးနောက် အထူးကုန်ပစ္စည်းများထားရာအခန်းထဲသို့ ကျွန်တော်ဝင်၍ လာခဲ့လေသည်။

မီး၏အလင်းရောင်ဖြင့် ရဲဘော်ကြီးကွတ်နှင့် ရဲဘော်လေးဆီးတို့သည် အထူးကုန်ပစ္စည်းများဟု သတ်မှတ်ထားသော သေတ္တာတစ်လုံး၏ ဘေးတွင် မုဆိုးထိုင်ထိုင်လျက်ရှိပြီး၊ သူတို့နှစ်ဦး၏ လက်ထဲတွင်လည်း လုံ့စွပ်ကိုယ်စီဖြင့် ရှိနေကြသည်ကို တွေ့လိုက်ရသောကြောင့် …

'မင်းတို့နှစ်ယောက် ဘာတွေများ မဟုတ်တာတွေ လုပ်နေကြသလဲဟေ့' ဟု မေးလိုက်မိ၏။

ဤသို့မေးရင်းလည်း ရဲဘော်ကြီးကွတ်နှင့် ရဲဘော်လေးဆီးတို့သည် တာဝန်ဝတ္တရားအရ မပြုလုပ်မပြုထိုက်သောအလုပ်ကို လုပ်နေကြပြီဖြစ်ကြောင်း ကျွန်တော်က ကောင်းစွာ သိရှိလိုက်လေသည်။

အဘယ်ကြောင့်ဆိုသော် အထူးတာဝန်ဝတ္တရားအနေဖြင့် ကျွန်တော်တို့က စောင့်ရှောက်နေသော အထူးကုန်ပစ္စည်းများဟု သတ်မှတ်ထားသည့် သေတ္တာများအနက်မှ သေတ္တာတစ်ခုကို လက်ထဲမှ လုံ့စွပ်များဖြင့် ဘေးမှ ကန့်၍ ဖွင့်နေသည်ကို ကျွန်တော်က တွေ့လိုက်ရသောကြောင့်တည်း။

လက်ထဲတွင် လုံ့စွပ်ကိုကိုင်ထားသော ကွတ်က 'ဘာမှမလုပ်ပါဘူး၊ အသည်းကွဲအောင်းအေးတဲ့ လေထဲမှာ မှောင်ကြီးမည်းမည်းနဲ့ ကင်းစောင့်ရတဲ့ တာဝန် ဟာ ဘယ်လောက်များ အကျိုးရှိမလဲဆိုတာ သိချင်လို့ နည်းနည်းပါးပါး ထောက်လှမ်းကြည့်တာပါ' ဟု ပြန်ပြောလိုက်၏။

ကျွန်တော်က ဖွင့်နေသော သေတ္တာတစ်ခုကိုကြည့်ရင်း ခဏမျှ တွေဝေ၍ နေမိ၏။

ကျွန်တော့်အမူအရာကို အကဲခတ်မိသော ရဲဘော်ကြီးကွတ်က–

'သေတ္တာက ကျုပ်တို့ထင်တာထက်ပိုပြီး ခိုင်တယ်၊ တော်တော်နဲ့ကို ဖွင့်လို့



မရဘူး' ဟု လေချိုသွေး၍ ဆိုလိုက်၏။

"သေတ္တာကို ကောင်းကောင်းမွန်မွန် ပြန်ပြီး ပိတ်လိုက်စမ်းပါဗျာ။ တစ်ယောက်ယောက်က သေတ္တာကို ဖွင့်ထားတဲ့အကြောင်း ရိပ်မိသွားရင် ခင်ဗျားရော ကျုပ်ပါ ဒုက္ခရောက်သွားလိမ့်"

"ဟုတ်ပါတယ်၊ သေသေသပ်သပ် ပြန်ပြီးပိတ်မှာပါပဲ။ ကဲ…ရဲဘော်ကလေးဆီးရေ ဖွင့်လက်စသေတ္တာထဲမှာ ဘာတွေများ ပါတယ်ဆိုတာ ကြည့်ကြရအောင်"

ရဲဘော်ကြီးကွတ်က ဤသို့သော စကားကိုဆိုရင်း ပွင့်ဟနေသော သေတ္တာဘေးပေါက်မှနေ၍ သစ်သားဖြင့် ပြုလုပ်ထားသော သစ်သားဘူးတစ်ခုကို လုံ့စွပ်ဖြင့် ကလော်၍ ထုတ်လိုက်၏။

အပြင်သို့ ထွက်ကျလာသော သစ်သားဘူးကို ရဲဘော်ကြီးကွတ်က လုံ့စွပ်ဖြင့် အဖုံးကို ကလော်၍ ဖွင့်လိုက်၏။

သေတ္တာများပေါ်တွင် လေယာဉ်ပျံစက်ခေါင်းများဟု စာတန်းရေးထိုးထားသော်လည်း၊ သစ်သားဘူးထဲမှ ထွက်လာသော အရာများမှာ ငွေချောင်းများ ဖြစ်၍နေလေသည်။

ရဲဘော်ကြီးကွတ်သည် သေတ္တာကလေးထဲမှ ထွက်ကျလာသော ငွေချောင်းများကို လက်ဖြင့် ကျုံး၍ယူရင်း–

'ဘယ့်နှယ်တုံးဗျ၊ လေယာဉ်ပျံစက်ခေါင်းနဲ့၊ လေယာဉ်ပျံအပိုပစ္စည်းတွေဆို၊ ခုတော့ ငွေချောင်းတွေ ဖြစ်နေပြီ မဟုတ်လား' ဟု ကျွန်တော့်အား ပြောလိုက်၏။

ငုံ့၍ ကြည့်လိုက်သောအခါ ရဲဘော်ကြီးကွတ်ပြောသည်အတိုင်းပင် သစ်သားသေတ္တာဘူးငယ်တစ်ခုအတွင်း ငွေချောင်းလေးချောင်းပါရှိသည်ကို တွေ့လိုက်ရ၏။

ရဲဘော်ကြီးကွတ်သည် အသံမထွက်အောင် ရယ်လိုက်ရင်း…

'အိမ်ပြန်ရောက်ရင်တော့ မိန်းမကို ဒီ…သေတ္တာကလေးတွေကို ဖွင့်ပြလိုက်ရမှာပဲ။ အိမ်က မိန်းမကတော့ ရတနာသိုက်ကြီး အိမ်ပေါ်ကို ရုတ်တရက် ရောက်လာတယ်လို့ ထင်မှာပဲ' ဟု ဝမ်းသာအားရသော အသံဖြင့် စကားဆိုလိုက်၏။

ရဲဘော်ကြီးကွတ်က ဝမ်းသာအားရ ရှိနေသော်လည်း၊ အထူးကင်းစောင့်တို့ အုပ်ချုပ်သူအဖြစ် တာဝန်ယူထားရသော ကျွန်တော်က ဝမ်းမသာနိုင်ပါ။

"သေတ္တာမှာ ချိပ်တံဆိပ်တွေပါမှာ အမှန်ပဲ။ အဲဒီချိပ်တံဆိပ်တွေထဲက

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုများ ပျက်စီးယိုယွင်းသွားရင်...ခင်ဗျားရော ကျွန်တော်ပါ အကြီးအကျယ် ဒုက္ခတွေ့လိမ့်မယ်”

ကျွန်တော်က အစိုးရိမ်ကြီးနေသလောက် ရဲဘော်ကြီးကွတ်က စိတ်အေးလက်အေး ရှိနေလေသည်။

“ဒီလောက်လည်း အစိုးရိမ်ကြီးမနေပါနဲ့ဗျာ။ သူ့ဥစ္စာကို သူ့နေရာမှာ ပြန်ပြီး သေသေသပ်သပ်ထားလိုက်ရင် ပြီးတာပဲမဟုတ်လား”

ရဲဘော်ကြီးကွတ်၏ စကားမဆုံးမီပင် ကုန်းပတ်ပေါ်သို့ ရောက်လာသော ခြေသံတစ်သံကို ကျွန်တော်တို့အားလုံး ကြားလိုက်ကြရ၏။

“တစ်ယောက်ယောက်လာနေပြီ။ သတိထားပြီး ကြည့်စမ်း”

ရဲဘော်ကြီးကွတ်က စိုးရိမ်သည့်လေသံဖြင့် ကျွန်တော့်ကို ပြောရင်း သူ့လက်ခုပ်ထဲတွင် ဗန်းတပြပြဖြင့် ရှိနေသော ငွေချောင်းများကို သစ်သားဘူးကလေးအတွင်းသို့ ပြန်၍ ထည့်လိုက်၏။

သို့သော် အလျင်စလို ထည့်လိုက်ခြင်း ဖြစ်သောကြောင့် ငွေချောင်းများသည် သစ်သားဘူးထဲတွင် နဂိုအတိုင်း အနေမကျတော့ဘဲ ကိုးလိုးကန့်လန့်ဖြစ်ကာ အဖုံးကို ပြန်၍ ပိတ်မရနိုင်အောင် ဖြစ်နေလေသည်။

ဤအခိုက်တွင်ပင် ထန်ထန်နှင့် မာန်မာန် မေးလိုက်သော အသံတစ်သံက နီးကပ်စွာ ပေါ်ထွက်လာ၏။

“ကင်းတာဝန်ဘယ်သူကျနေသလဲ။ ဘာကြောင့် အပြင်မှာ ကင်းတာဝန် မယူသလဲ”

မည်သူ့အသံဖြစ်ကြောင်း ကျွန်တော်တို့အားလုံး သိလိုက်ကြ၏။ ကျွန်တော်တို့အပေါ်တွင် အမြဲတစေအပြစ်ရှာနေသော အရာခံဗိုလ်ရန်ကင်း၏ အသံပင်တည်း။

“ကင်းလဲဖို့ အချိန်ကျလို့ အထဲကိုဝင်ပြီး တာဝန်ကျတဲ့လူကို ခေါ်နေတာပါ”

ကျွန်တော်က ဘေးဆီးရန်ကာသဘောမျိုးဖြင့် အခန်းထဲမှ နေ၍ အော်ပြောရင်း ထိုင်နေရာမှ ထလိုက်၏။

ကျွန်တော်က ထိုင်နေရာမှ အထလိုက်တွင် ကြမ်းပြင်ပေါ်တွင် ထွန်းညှိထားသော ဖန်းသီးမီး၏အရောင်ကို အရာခံဗိုလ်ရန်ကင်းက တွေ့မြင်သွားပုံရလေသည်။ အဘယ်ကြောင့်ဆိုသော် သူသည် အခန်းတံခါးကို တွန်း၍ ဖွင့်လိုက်သော



ကြောင့်ပင်တည်း။

“ကင်းပြောင်းတဲ့တာဝန်ကို သက်ဆိုင်တဲ့ ရဲဘော်အချင်းချင်း နားလည်မှုရှိအောင် လုပ်ထားပါလား။ အခန်းထဲကို ဝင်ပြီး ခေါ်နေစရာမလိုဘူး။ ဗိုလ်သင်တန်းတက်မယ့် အကောင်ကလည်း တယ်ပြီးညံ့သကို”

အခန်းထဲမှနေ၍ ဘေးဆီးရန်ကာပြောလိုက်သော ကျွန်တော့်အသံကို အရာခံဗိုလ်ရန်ကင်းက ကျက်မိသွားသည့်အလျောက် ဦးတည်၍ မလိုတမာ စကားကို စ၍ ဆိုလာလေသည်။

ကျွန်တော်က အခန်းထဲမှ အပြင်သို့ ထွက်မည်အလုပ်တွင်ပင် အရာခံဗိုလ်ရန်းကင်းက မယုံသင်္ကာသည့် အမူအရာဖြင့် စူးစိုက်၍ ကြည့်လိုက်၏။

“မင်းဆီကို ငါလာတာကတော့ ကင်းစစ်ဖို့လာတာမဟုတ်ဘူး။ လေကြောင်းကနေပြီး ရန်သူက တိုက်ခိုက်လာတဲ့အခါမျိုးမှာ မင်းနဲ့ ကျုပ်တို့ရဲ့ အသက်ကယ်လှေဟာ အမှတ်၂ လှေဖြစ်တယ်။ ဒီလှေဟာ သင်္ဘောရဲ့ လက်ယာဘက်မှာ ရှိတယ်။ အဲဒီလှေဆီကို မင်းတို့ရော ငါရော သွားရမယ်ဆိုတာ မင်းကို ကင်းစောင့်လူကြီးအဖြစ်နဲ့ လာပြီးပြောတာပဲ”

အရာခံဗိုလ်ရန်ကင်းသည် ကျွန်တော်အား ဤသို့ပြောနေရာမှ ရဲဘော်ကြီးကွတ်၏ အမူအရာကို မယုံသင်္ကာ ဖို၍ ဖြစ်လာပုံရ၏။

‘လုံ့စွပ်ကြီးကိုင်ပြီး ဘာတွေ လုပ်နေသလဲ’ ဟု မေးလိုက်၏။

“လုံ့စွပ်ကို တိုက်နေတာပါ”

ရဲဘော်ကြီးကွတ်က မှင်သေသေဖြင့် အဖြေပေးလိုက်၏။

“သြ...မင်းက လုံ့စွပ်တိုက်နေသလား။ လုပ်လို့မပြောရင် ဘာမှမလုပ်ချင်တဲ့ အကောင်က ခုမှ လုံ့စွပ်ကို တိုက်နေသတဲ့လား။ ကဲ...မင်းတို့ ဘာတွေများ လုပ်နေကြသလဲ”

အရာခံဗိုလ်ရန်ကင်းက သရော်ပြုံးရင်း အခန်းထဲသို့ဝင်လာသည်။

အထူးကုန်ပစ္စည်းများပါဝင်သည်ဟု သတ်မှတ်ထားသော သေတ္တာများအနက် ရဲဘော်ကြီးကွတ်နှင့် အနီးဆုံးသေတ္တာပွင့်လျက် ရှိနေလေသည်။

ပွင့်လက်စ သစ်သားသေတ္တာငယ်ကလေးတစ်ခုကိုလည်း အရာခံဗိုလ်ရန်ကင်းက တွေ့မြင်သွား၏။

“အထူးတာဝန်ပေးပြီး အစောင့်ချထားတဲ့ လူတွေက သေတ္တာကို ဖွင့်ထားပြီ မဟုတ်လား။ အင်္ဂလန်ကို ရောက်တာနဲ့ တစ်ပြိုင်နက် ကိုယ်ပုပ်တဲ့ အပြစ်အတော်

www.burmeseclassic.com

www.burmeseclassic.com



ကို ခံရမယ်ဆိုတာ မှတ်ထားလိုက်ပေတော့”

အရာခံဗိုလ်ရန်ကင်းက ရဲဘော်ကြီးကွတ်အား အစိမ်းလိုက်ဝါး၍ စားတော့မည့် အမူအရာဖြင့် ကြိမ်းဝါးလိုက်၏။

“ခဏကလေးနေပါဦး ဆရာကြီး။ ကျွန်တော် ရှင်းပြပါရစေဦး။ကျွန်တော်က ဖျက်လိုဖျက်ဆီးသဘောနဲ့ လုပ်တာလည်းမဟုတ်။ ယူချင်ဝှက်ချင်တဲ့သဘောနဲ့ လုပ်တာလည်းမဟုတ်။ အထဲမှာ ဘာတွေပါတယ်ဆိုတာသိချင်လို့ အခုလို သေတ္တာကို ဖွင့်မိတာပါ”

ရဲဘော်ကြီးကွတ်က အရာခံဗိုလ်ရန်ကင်းအား တိုးလျှိုးသောလေသံဖြင့် ပြောနေ၏။

“သေတ္တာကို ပြန်ပြီး ပိတ်လိုက်စမ်းပါ”

ရဲဘော်ကြီးကွတ်က မချီသည့်သွားကို ပေါ်အောင်ပြုံးရင်း

‘သေတ္တာထဲမှာ...အင်္ဂလိပ်စက်က အပိုပစ္စည်းတွေ လေယာဉ်စက်ခေါင်းတွေပါတယ်ဆိုတာ မဟုတ်နိုင်ဘူး။ တစ်ခုခုတော့ ထူးခြားရမယ်ဆိုတဲ့ အတွေးနဲ့ သေတ္တာကိုဖွင့်မိတာပါဆရာကြီး၊ ဟောဒီမှာ...ကြည့်စမ်းပါ’ဟု ဆိုရင်း ငွေချောင်းများထည့်ထားသော သေတ္တာငယ်ကို အရာခံဗိုလ်ရန်ကင်းအား ပြလိုက်၏။

အရာခံဗိုလ်ရန်ကင်းသည် မျက်လုံးပြူးလာအောင် အံ့သြသွားလေသည်။

“ဘုရားရေ...ငွေချောင်းတွေပါကလား”

အရာခံဗိုလ်ရန်ကင်း၏ အသံက အစပထမတွင် အံ့သြခြင်းဖြင့် ပွမ်းတီးလျက် ရှိသည်။ သို့ရာတွင် ခဏအတွင်း၌ပင် ဒေါသသံပါ၍လာ၏။

“သိပ်မိုက်တဲ့အကောင်တွေ သေတ္တာပေါ်မှာ ချိပ်တံဆိပ်အမှတ်အသားတွေ ပါတယ်ဆိုတာ မမြင်ဘူးလား။ ချိပ်တံဆိပ် အမှတ်အသားတွေကို မင်းတို့က ချိုးဖဲ့ ပစ်လိုက်ပြီ။ ဒုက္ခတော့ အကြီးအကျယ်ရောက်ကြတော့မှာပဲ။ အင်္ဂလန်ကမ်းခြေကို သင်္ဘောဆိုက်တာနဲ့ တစ်ပြိုင်နက် မင်းတော့ အဖမ်းခံရမှာ သေချာနေပြီ။ ကင်းမှူးတာဝန်ခံယူထားတဲ့ မင်းလည်းပဲ ဒုက္ခရောက်မှာ အမှန်ပဲ။ ကင်းတာဝန်ကျတဲ့ နေရာကို ပြန်သွားစမ်း”

အရာခံဗိုလ်ရန်ကင်းက ရဲဘော်ကြီးကွတ်အား ကြိမ်းမောင်းပြောဆိုနေရာမှ ကျွန်တော့်ဘက်သို့ လှည့်ကာ အမိန့်ပေးလိုက်၏။

ကျွန်တော် အခန်းပြင်ဘက်သို့ ထွက်ခွာသွားနေစဉ် ရဲဘော်ကြီးကွတ်က အရာခံဗိုလ်ရန်ကင်းအား ပြောလိုက်သော စကားကို ကြားလိုက်ရ၏။



“အင်္ဂလန်ကမ်းခြေကို သင်္ဘောဆိုက်တာနဲ့ တစ်ပြိုင်နက် ကျွန်တော်ကတော့ ကျွန်တော့်မိန်းမနဲ့ ကလေးတွေကို သွားတွေ့ရမှာပဲ။ ဒီလိုတွေ့နိုင်အောင်လည်း ကျွန်တော်က ခွင့်ယူရမှာပဲ။ တကယ်လို့ ကျွန်တော့်ကို အခွင့်မပေးနိုင်လောက်တဲ့ အခြေအနေမျိုး ဖြစ်လာရင် သက်ဆိုင်ရာ လူကြီးဖြစ်သူမှာလည်း ကျွန်တော်လို အဖြစ်မျိုးနဲ့ လာပြီးတိုးရတော့မှာပေါ့”

ရဲဘော်ကြီးကွတ်၏ လေသံက ပြန်၍ ခက်ထန်လာလေသည်။

“မင်းက...ဘယ်လိုအဓိပ္ပာယ်နဲ့ ပြောလိုက်တာလဲကွယ်”

အရာခံဗိုလ်ရန်ကင်းက ရဲဘော်ကြီးကွတ်အား မေးလိုက်၏။

“ဘယ်လို အဓိပ္ပာယ်ရှိရဦးမှာလဲ။ ခင်ဗျားက အထူးကင်းတာဝန်ကို ယူနေရတဲ့ ကျွန်တော်တို့အပေါ်မှာ အုပ်ချုပ်သူလူကြီးပဲမဟုတ်လား။ ခင်ဗျားကသာ အုပ်ချုပ်သူလူကြီးရဲ့ တာဝန်ကို လေးလေးစားစား လိုက်နာကျင့်သုံးခဲ့ရင် ခုတွေ့ရတဲ့အဖြစ်မျိုးနဲ့ တွေ့ရမှာမဟုတ်ဘူး။ ကျုပ်မှာ အပြစ်ရှိတယ်ဆိုရင် ကျုပ်တို့အပေါ်မှာ လူကြီးလုပ်ပြီး အုပ်ချုပ်လာတဲ့ ခင်ဗျားအပေါ်မှာလည်း တာဝန်ရှိရမှာပဲ။ ဒီတော့ အကောင်းဆုံးကတော့ ဖွင့်ထားတဲ့ သေတ္တာကို အခြေမပျက်အောင် ပြန်ပိတ်ပြီး ဒီကြောင်းကို ဘယ်သူကမှ ဘာမျှမပြောဘဲနေလိုက်ရင် အကောင်းဆုံး မဟုတ်လား။ ကဲ...မစ္စတာရန်ကင်း ခင်ဗျား ဘယ့်နှယ်သဘောရသလဲ”

အရာခံဗိုလ်ရန်ကင်းက အဖြေမပေးနိုင်သေးဘဲ တွေတွေကြီး ရပ်နေသည်။ ခဏကြာမှ...

“ကောင်းပြီ၊ သေတ္တာကို အခြေမပျက်အောင် ပြန်ပိတ်လိုက်။ ဒီအကြောင်းကိုတော့ သင်္ဘောကက်ပတိန်ကို အစီရင်ခံရမှာပဲ။ ဒီကိစ္စနဲ့ပတ်သက်ပြီး သူက ဘယ်လို ဆုံးဖြတ်မယ်ဆိုတာ ကျုပ်လည်း မပြောနိုင်ဘူး။ သေတ္တာကို အခြေမပျက်အောင် ပြန်ပိတ်နိုင်ပေမဲ့ ပျက်သွားတဲ့ ချိပ်တံဆိပ် အမှတ်အသားကိုတော့ ဘယ်လောက်ပဲ ပြန်ပြင်ပြင် နဂိုအတိုင်း ပြန်ဖြစ်မှာ မဟုတ်ဘူး။ အင်္ဂလန်က ရွှေတိုက်စိုး၊ အရာရှိကြီးတွေက ချိပ်တံဆိပ်တွေ ခြေရာလက်ရာ ပျက်လာတာကို မသိဘဲတော့ ဘယ်လိုမှနေမှာ မဟုတ်ဘူး”

အရာခံဗိုလ်ရန်ကင်း၏ စကားကို ကျွန်တော်က ရပ်၍ နားထောင်နေပြီးမှ အခန်းပြင်ဘက်သို့ ထွက်လာကာ ကျွန်တော့်ကင်းတာဝန်ကို ဆက်၍ ထမ်းဆောင်နေသည်။

လေးငါးမိနစ်ခန့်အကြာတွင် အရာခံဗိုလ် ရန်ကင်းသည် အခန်းထဲမှ

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာ၏။

"ကွတ်ဆိုတဲ့ အကောင်ကို သတိထားပြီး ကြည့်နေဖို့ လိုတယ်"

အရာခံဗိုလ်ရန်ကင်းက ကျွန်တော်အား သတိပေးစကားပြောကြားလိုက်ပြီးနောက် ကက်ပတိန်ဟယ်ဆလေရှိရာ ပွဲစင်ထက်သို့ တက်ရန်အတွက် ဆက်လက် ထွက်ခွာသွားသည်ကို အမှောင်ရိပ်ထဲတွင် တွေ့မြင်လိုက်ရလေသည်။

❒

အင်္ဂလန်ပြည် ဘဏ်တိုက်တစ်ခုလုံး၏ တန်ဖိုးမျှလောက်ရှိသော ငွေချောင်း များကို စောင့်ကြပ် ထိန်းသိမ်းနေရခြင်းပါတကားဟူသော အသိက ကျွန်တော့်အား တာဝန်ကို ပို၍ တိကျအောင် ထမ်းဆောင်စေရန် စေ့ဆော်လျက် ရှိနေလေသည်။

အခန်းပြင်ဘက်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း ကင်းတာဝန်ကို ယူထားရသော ကျွန်တော်သည် သေတ္တာမှ ချိပ်တံဆိပ်လက်ရာများ အခြေအနေ ပျက်နေသည့်အတွက် အင်္ဂလန်ကမ်းခြေသို့ ကပ်မိလျှင် မည်သို့များ ဖြစ်လာလေဦးမည်နည်းဟု တနုံ့နုံ့တွေး၍ နေမိ၏။

မည်သို့ပင်ဖြစ်စေ ထ၍သွားတတ်သည့် အရွယ်မှစကာ ပင်လယ်ထဲတွင် ကျင်လည်ကျက်စားခဲ့သော ကျွန်တော်သည် လေးနှစ်တာမျှ ကြည်းတပ်သားအဖြစ် အမှုထမ်းခဲ့ပြီးနောက် ယခုလို ပင်လယ်နှင့် ထိစပ်မှုရှိလာသောအခါ ပင်လယ်ထဲတွင် ထပ်မံ စွန့်စားလိုစိတ်များ တဖွားဖွားပေါ်၍လာခဲ့သည်။ ပင်လယ်ထဲတွင် တွေ့ရမည့် ဒုက္ခမျိုးဆိုသည်မှာ ကျွန်တော့်အဖို့ ကလေးသူငယ်များ လိုက်တမ်းပြေးတမ်း ကစားသည့် ကစားခုန်စား တစ်မျိုးတည်းဟုသာ သဘောထားမိ၏။

အသားပြတ်ထွက်သွားမတတ် တိုက်ခတ်နေသော အေးမြလှသည့် လေဒဏ်ကို ခံနေရသည့်တိုင် သင်္ဘောဦးပိုင်းမှ ခုန်၍ တက်လာသော ပင်လယ်လှိုင်းများမှ ရေပွားရေပေါက်များ ကျွန်တော့်မျက်နှာသို့ ကျရောက်လာသည်ကို ပျော်စရာတစ်မျိုးဟု မှတ်ထင်၍နေမိ၏။

သင်္ဘောလက်ရန်းကို မှီ၍ ရပ်ရင်း အပြောကျယ်လှသော ရေပြင်ကို ငယ်ငယ်က ခင်မင်ရသော ရောင်ရင်းတစ်ဦးပမာ ကြည့်နေမိဦ ခပ်လှမ်းလှမ်းရှိ

www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောတစ်စီးမှနေ၍ ကျွန်တော်တို့ သုံးရောင်ခြယ် သင်္ဘောအား စကားပြောနှုတ်မှနေ၍ ခေါ်သံကို ကြားရ၏။

'သုံးရောင်ခြယ် ပင့်ကူခေါ်နေတယ်။ သုံးရောင်ခြယ် ပင့်ကူခေါ်နေတယ်"

စကားဝှက်ဖြင့် ပြောလိုက်သောစကားကို သုံးရောင်ခြယ်က ပြန်၍ အဖြေပေးနေ၏။

"ပင့်ကူ သုံးရောင်ခြယ် ပြောနေတယ်။ ပင့်ကူ သုံးရောင်ခြယ် ပြောနေတယ်။ ဆက်ပြောပါ"

အစပထမတွင် စကားဝှက်ဖြင့် ပြောလိုက်သော ပင့်ကူကို ကျွန်တော်က မမြင်ရ။ သင်္ဘောလက်ယာဘက်သို့ အတန်ကြာအောင် စူးစိုက်၍ ကြည့်လိုက်သောအခါ လှိုင်းခေါင်းဖြူကြီးများကို တိုး၍ခွဲ၍ ခုတ်မောင်းနေသော ဖျက်သင်္ဘောကို စိုးတဝါး မြင်ရ၏။

ပင့်ကူဆိုသည်မှာ ဖျက်သင်္ဘော၏ စကားဝှက်အမည်ပင် ဖြစ်လေသည်။

"လေပြင်းတိုက်လာလိမ့်မယ်။ အမေရိကန် ကုန်သည်နဲ့ ကပ်ပြီး လိုက်ပါ။ လေပြင်းတိုက်လာလိမ့်မယ်။ အမေရိကန်ကုန်သည်နဲ့ ကပ်ပြီး လိုက်ပါ"

"အိုကေ...ပင့်ကူ။ ကောင်းပြီ ပင့်ကူ"

သုံးရောင်ခြယ် ပဲ့စင်ထက်မှနေ၍ ပြန်လှန်ပြောဆိုသံကို ကြားရ၏။

ဤသို့ ကြားရပြီးနောက် မကြာမီပင် ပဲ့စင်ထက်မှ စက်ခန်းရှိရာသို့ ခေါ်လိုက်သော အသံကို ကြားရ၏။ စက်ခန်းများမှ စက်ခေါင်းများ၏ လည်ပတ်သံလည်း ပို၍ ကျယ်လောင်လာလေသည်။

ကျွန်တော်တို့ သုံးရောင်ခြယ်အနားသို့ ချဉ်းကပ်လာပြီးနောက် ညွှန်ကြားချက်ပေးလိုက်သော ပင့်ကူဖျက်သင်္ဘောသည် သုံးရောင်ခြယ် ပဲ့စင်ထက်မှ တာဝန်ကျအရာရှိ၏ အဖြေကို ရရှိပြီးနောက် ကျွန်တော်တို့အနီးမှ ဖဲခွာ၍ သွားခဲ့၏။

သုံးရောင်ခြယ်သည် ဖျက်သင်္ဘော ပင့်ကူမှ ညွှန်ကြားချက်အတိုင်း အမေရိကန်ကုန်သည်ဟု လျှို့ဝှက်အမည်ပေးထားသော လစ်ဘာတီသင်္ဘောကို အမီလိုက်ရန်အတွက် စက်ကုန်နှင်၍ နေခြင်း ဖြစ်ပေလိမ့်မည်။

ခဏအကြာတွင် ရဲဘော်ကလေးဆီးက ကျွန်တော်ထံမှ ကင်းတာဝန်ကို ပြောင်းယူရန် အခန်းထဲမှ ထွက်လာလေသည်။

"သေတ္တာကိုတော့ သေသေသပ်သပ် ပြန်ပြီး ပိတ်လိုက်နိုင်တယ်၊ ဒါပေမဲ့ ချိပ်တံဆိပ်တွေကို သူ့နဂိုအတိုင်း ပြန်ပြီးလုပ်လို့ မရဘူး"



ရဲဘော်ကလေးဆီးက ကျွန်တော့်အား အခန်းထဲမှ အဖြစ်အပျက်ကို ပြောပြလိုက်သည်။

အခန်းထဲသို့ ကျွန်တော် ရောက်သွားသောအခါ ရဲဘော်ကြီးကွတ်အား သေတ္တာကြီးတစ်လုံးပေါ်တွင် ထိုင်လျက် တွေ့ရ၏။

သူသည် စီးကရက်တစ်လိပ်ကို လိပ်နေလေသည်။

ကျွန်တော်တို့တွင် ရာရှင်ရိက္ခာများ နည်းပါးလှသောကြောင့် သင်္ဘောမှ ထုတ်ပေးသော ရာရှင်များအနက် စီးကရက်ဆေးနှင့် စီးကရက်စက္ကူများလည်း အတော်အသင့် ပါလာခဲ့၏။ သို့ဖြစ်၍လည်း ရဲဘော်ကြီးကွတ်က စီးကရက်များကို ထိုင်၍ လိပ်နေခြင်း ဖြစ်လေသည်။

ရဲဘော်ကြီးကွတ်၏ အမူအရာမှာ ထူးခြား၍ နေလေသည်။

မိမိ၏ အထက်မှ ပုဂ္ဂိုလ်များနှင့် ဆက်ဆံရာတွင် ကြက်ခေါင်းဆိတ်မခံတတ်သော ရဲဘော်ကြီးကွတ်မှာ ယခုအချိန်အခါ၌ တောရှူးသည့် ကြက်ကဲ့သို့ ဖြစ်နေသည်ဟု ကျွန်တော်က ထင်မိ၏။

"ဖြစ်ရတဲ့ အကြောင်းတွေအတွက် ဝမ်းနည်းပါတယ် ရဲဘော်၊ ရန်ကင်းအပေါ်မှာ အမြဲတမ်း အနိုင်ယူခဲ့တဲ့ ကျုပ်ဟာ ဒီတစ်ချီမှာတော့ နှပ်ပစ်ခံရတော့တာပဲ။ အင်္ဂလန်က ဘဏ်တိုက်ကြီးတစ်တိုက်ကို ဖင်ခုပြီး ထိုင်နေရတယ်ဆိုတာခုမှ ကျုပ်တို့ သိလာရတာပဲ မဟုတ်လား။ သေတ္တာကို အခြေမပျက် အနေမပျက်ပြန်ပြီး ပိတ်လိုက်နိုင်ပေမဲ့ ပျက်သွားတဲ့ ချိပ်တံဆိပ် အမှတ်အသားတွေကိုတော့ သူ့နဂိုအတိုင်းဖြစ်အောင် ပြန်ပြီး လုပ်လို့ မရဘူး"

ရဲဘော်ကြီးကွတ်က စီးကရက်တစ်လိပ်ကို သေတ္တာပေါ်တွင် လှိမ့်ရင်း ကျွန်တော်ကို ပြောလိုက်၏။

"စိတ်ပူမနေပါနဲ့ဗျာ၊ အားလုံးအဆင်ပြေသွားအောင် ကြည့်ပြီး စီစဉ်လိုက်ပါ့မယ်"

ကျွန်တော်က ရဲဘော်ကြီးကွတ်အား တတ်နိုင်သမျှ ဖျောင်းဖျနှစ်သိမ့်လိုက်၏။ ရဲဘော်ကြီးကွတ်သည် ခဏအဖို့ စိတ်သက်သာရာ ရသွားပုံရှိ၏။

ဆာဆာလောင်လောင် ဖြစ်လာသည့်အလျောက် ကျွန်တော်သည် သင်္ဘောအောက်ထပ်ရှိ ထမင်းချက်ခန်းသို့ ဆင်းလာခဲ့လေသည်။

ထမင်းချက်သမား ရဲဘော်ကြီးသည် တညီးညီးပြောင်ပြောင် တောက်လောင်နေသော မီးဖိုနှင့် မလှမ်းမကမ်းတွင် ထိုင်လျက်ရှိ၏။ မျက်နှာပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



သံမဏိကိုင်းတပ်ထားသော မျက်မှန်တစ်လက်က နှာဝအက်သို့ ငိုက်စိုက်ကျနေ၏။ တံတောင်ဆစ်နှင့် ထိလျက်ရှိသော စားပွဲပေါ်တွင် စဉ်းပြီးသား အသားတုံးများ ရှိပြီး ထိုအသားတုံးများကို ဖုံးလျက် ဖြန့်ချထားသော စာအုပ်တစ်အုပ်ကို တွေ့ရ၏။ လိပ်၏အခွံကဲ့သို့ ပြောက်တိပြောက်ကျား အမွေးအရောင်ရှိသော ကြောင်တစ်ကောင်ကလည်း ထမင်းချက်သမား ရဲဘော်ကြီး၏ ပေါင်တစ်ဖက်ပေါ်တွင် ခွေခွေလေး အိပ်နေသည်ကို တွေ့ရ၏။

ထမင်းချက်သမား ရဲဘော်ကြီးများ မောမောမှူးမှူးနှင့် တစ်ရေးလောက် မှိန်း နေပုံရ၏။

ထမင်းချက်ခန်းသို့ ကျွန်တော် ရောက်သွားသောအခါ ထမင်းချက် ရဲဘော်ကြီးက ကျွန်တော့်ကို တစ်ချက်မျှ မျက်စိဖွင့်၍ ကြည့်လိုက်ပြီး–

'စားချင်တာ သောက်ချင်တာကိုသာ ယူပြီး စားပေ သောက်ပေတော့' ဟု မပွင့်တပွင့် ပြောလိုက်ပြီး ပြန်၍ မှိန်းနေလေသည်။

ကိုကိုးအိုးကြီးက ခါတိုင်းရှိနေကျနေရာတွင် တပွက်ပွက်ဆူလျက် ရှိနေလေသည်။

ကျွန်တော်သည် မတ်ခွက်တစ်ခွက်ကို ကောက်ယူပြီး တပွက်ပွက်ဆူနေသော အိုးထဲမှ ကိုကိုးကို မတ်ခွက်ဖြင့် အပြည့်ကြီး ခပ်ယူလိုက်ကာ၊ တစ်ကျိုက်မျှ သောက်လိုက်၏။

ချိုမြသော အရသာမှာ သဘော်သားကြိုက် ဖြစ်နေလေသည်။

ထမင်းချက်သမား ရဲဘော်ကြီးသည် ပေါင်ပေါ်တွင် ခွေ၍ အိပ်နေသော ကြောင်ကို လက်ဖြင့် ပွတ်သပ်၍ ပေးနေ၏။

ကြောင်သည် အိပ်ရာမှ နိုးလာပြီး ခေါင်းနှင့် အမြီးကို ဆန့်၍ အပျင်းဖြေလိုက်သည်။ အစိမ်းရောင်ရှိသော မျက်လုံးနှစ်လုံးက ထွန်းတောက်၍ လာသည်ဟု ထင်ရ၏။

ကြောင်သည် အပျင်းဆန့်လိုက်ပြီးနောက် တညောင်ညောင်မြည်၍ လာတော့၏။ ထမင်းချက်ခန်းရှိ လေမီးဖို၏ အသံနှင့် သဘော်မှ အင်ဂျင်စက်သံများကို ကြောင်မြည်သံကြောင့် တိတ်ဆိတ်၍ သွားတော့သည်ဟု ထင်ရလေသည်။

ထမင်းချက်သမားရဲဘော်ကြီးသည် ထိုင်နေသော ကုလားထိုင်ကို နောက်သို့ တွန်းလိုက်ပြီး၊ စင်တစ်ခုပေါ်တွင် ရှိနေသော ဖိုက်ကီတစ်ပုလင်းကို ယူလိုက်၏။

"ဟောဟိုမှာ ဖန်ခွက်နှစ်ခွက်ရှိတယ်"



ကျွန်တော်က လက်လှမ်းမီရာတွင်ရှိသော ဖန်ခွက်နှစ်ခွက်ကို ထမင်းချက်သမားရဲဘော်ကြီး တံတောင်ဆစ်အနီးတွင် ရှိသော စားပွဲပေါ်သို့ ချပေးလိုက်၏။

ထမင်းချက်ရဲဘော်ကြီးနှင့် ကျွန်တော်တို့သည် တစ်ယောက်လျှင် နှစ်ခွက်ကျစီသောက်ပြီးသောအခါ၌ ထမင်းချက်ရဲဘော်ကြီးက စကားစ၍ ပြောလာတော့၏။

ထမင်းချက်ရဲဘော်ကြီးသည် သဘော်သားအဖြစ်ပင်လယ်ထဲတွင် ကျက်စားခဲ့သည်မှာ နှစ်ဆယ့်နှစ်နှစ်သက်တမ်း ရှိပြီဟု သိရ၏။ သဘော်တစ်စင်းမှ အခြားသဘော်တစ်စင်းသို့ ပြောင်း၍ အမှုထမ်းခဲ့သော်လည်း နှစ်ဆယ့်နှစ်နှစ်အတွင်း လုပ်ခဲ့ရသည့် အလုပ်မှာ ထမင်းချက်သည့် အလုပ်ပင် ဖြစ်လေသည်။

ဆစ်ဒနီမြို့နှင့် ဟားမြို့တွင် မယားတစ်ယောက်စီရှိပြီး သဘော်ဆိုက်ကပ်သည့် မြို့တိုင်းလိုလိုပင် အပျော်မယားများ ရှိကြောင်း သိရှိရ၏။

ကမ္ဘာပေါ်တွင်ရှိသည့် ပင်လယ်များအနက် ပင်လယ်ကြီးခုနစ်ခုအတွင်းတွင် လှည့်လည်ကျက်စားဖူးပြီး ဆိပ်ကမ်းတိုင်းရှိ မကောင်းမှု ဒုစရိုက်ပြုလုပ်သူမှန်သမျှနှင့် မသိကျွမ်းဖူးသူဟူ၍ တစ်ဦးတစ်ယောက်မျှ ရှိမည်မဟုတ်ကြောင်းကိုလည်း ကျွန်တော်က ပုံပြင်တစ်ခုပမာ နားဆင်နေရ၏။

ထမင်းချက်သမား ရဲဘော်ကြီးစကားကို ကြားရသည်မှာ မှတ်သားစရာကောင်းသလို၊ ရယ်စရာကောင်းသည့် ဟာသဆန်သော အဖြစ်အပျက်များမှာ ကြောက်ခမန်းလိလိ ဖြစ်နေ၏။

ထမင်းချက်ရဲဘော်ကြီးက သူ၏ အတွေ့အကြုံကို တစ်ခန်းရပ်သည့်အချိန်တွင် ကျွန်တော်က သုံးရောင်ခြယ်သဘော်မှ ကက်ပတိန် ဟယ်ဆလေနှင့် ပတ်သက်၍ သိလိုသည့် အချက်အလက်များကို မေးမြန်းကြည့်မိ၏။

အရာခံဗိုလ်ရန်ကင်းက ငွေချောင်းပါသည့် သေတ္တာတစ်ခုကို ရဲဘော်ကြီးကွတ်က ဖွင့်သည့်ကိစ္စနှင့် ပတ်သက်၍ သဘော်ကက်ပတိန်ဖြစ်သူအား တိုင်ကြားအစီရင်ခံမည်ဟု ကြုံးဝါးထားခဲ့ရာ၊ ဤကိစ္စနှင့် ပတ်သက်၍ မည်သို့သဘောထားမည်ကို စူးစမ်းလိုသော သဘောဖြင့် ထမင်းချက်ရဲဘော်ကြီးအား ကျွန်တော်က တီးခေါက်ကြည့်လိုက်မိခြင်း ဖြစ်သည်။

"ကက်ပတိန်ဟယ်ဆလေနဲ့ ဘယ်နှခေါက်များ ခရီးသွားဖူးသလဲ"

"ငါးခေါက်ရှိသွားပြီ"

ထမင်းချက် ရဲဘော်ကြီးက တညီးညီးတောက်လောင်နေသော လေမီးဖို

www.burmeseclassic.com

www.burmeseclassic.com



ကို ကြည့်ရင်း အဖြေပေးလိုက်၏။

"ငါးခါက် သွားဖူးပေမဲ့၊ သူ့အကြောင်းကိုတော့ ကျုပ်က တယ်ပြီး သိလှတယ် မဟုတ်ဖူး။ လေးဆယ့်နှစ်ခုနှစ်မှာ သူနဲ့ စပြီးတွဲမိတာပဲ။ ဒီ့အရင်ကတော့ သူ့ကို တစ်ခါမှ မမြင်ဘူး မတွေ့ဖူးဘူး။ သူ့ကို သူ့အကြောင်းကို ဒီသင်္ဘောပေါ်မှာ အသိဆုံး လူသုံးယောက်ကတော့ ပထမအရာရှိ ဟင်ဒရစ်နဲ့ သင်္ဘောသားဂျူတ်ပဲ။ နောက်တစ်ယောက်ကတော့ မီးထိုးသမားအီဗန်ပဲ။ သူတို့သုံးယောက်ကတော့ ကက်ပတိန်ဟယ်ဆလေနဲ့ အတူ ပီနန်ဆိုတဲ့ သင်္ဘောကို တရုတ်ပင်လယ်ထဲမှာ ခုတ်မောင်းနေတုန်းကပဲ။ ဒါပေမဲ့ သူတို့သုံးယောက်ကလည်း ပီနန်သင်္ဘော အကြောင်းကို စကားစပ်ပြီး ပြောလေ့မရှိကြဘူး။ ဒီလိုမပြောတဲ့အတွက်လည်း သူတို့ကို ကျုပ်က အပြစ်မတင်ပါဘူး"

"ဘာဖြစ်လို့လဲ ရဲဘော်ကြီး"

"ဘာဖြစ်လို့လဲဆိုတော့ သူတို့သုံးယောက်ဆီက ကြားရတယ်ဆိုတဲ့ သတင်းမျိုးကလည်း သူပြောငါပြောသတင်းမျိုး ဖြစ်နေတတ်တာကို။ ဒီတော့ ကျုပ်က မောင်ရင့်ကို ပြောတဲ့ စကားတွေဟာလည်း တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ကြားပြီး၊ ကြားရသမျှကို ပြန်ပြီး ဈေးရင်းတိုင်းနဲ့ ဖောက်သည်ချတယ်လို့ပဲ မှတ်လိုက်ပါ။ ကျုပ်တို့လို တရုတ်ပင်လယ်ထဲမှာ ကျက်စားဖူးတဲ့ သင်္ဘောသားလက်ဟောင်းကြီးတွေအဖို့ကတော့ ကြားရတဲ့ သတင်းမှန်သမျှကို အတင်းအဖျင်းသတင်းတွေပဲလို့ မှတ်လိုက်တော့တာပဲ။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်၊ ဆိပ်ကမ်းမြို့တွေမှာ ကြားရတတ်တဲ့ အတင်းအဖျင်းသတင်းတွေဟာ အမြဲတမ်းမှန်လေ့ မရှိဘူးဆိုတဲ့ အချက်ပဲ၊ ခု မောင်ရင်ကို ကျုပ်ပြောနေတာတွေလည်း အတင်းအဖျင်းတွေပါပဲ"

ထမင်းချက် ရဲဘော်ကြီးက သူ၏ မျက်စိနှစ်လုံးကို မှေးထားလိုက်ပြီး ရှေ့သို့ စူထွက်နေသော ဗိုက်ကြီးဟုံ လက်ဝါးဖြင့် ပွတ်သပ်၍ နေလိုက်၏။

"အတင်းအဖျင်း သတင်းတွေကိုပဲ ပြောပြစမ်းပါဦး"

"ပြောရမယ်ဆိုရင်တော့ ရာဇဝင်က အရှည်ကြီးပဲ၊ အဲဒီအရှည်ကြီးကို အတိုချုံးနည်းနဲ့ ပြောရရင် ပင်လယ်ထဲမှာ ဓားပြတိုက်တဲ့အလုပ်ကို လုပ်နေတာပါပဲ"

ထမင်းချက် ရဲဘော်ကြီးက ကျွန်တော့်ကို တစ်ချက်မျှ အကဲခတ်လိုက်၏။ ထို့နောက် အနီးအနားတွင် လူသူများ ရှိမရှိ လှည့်၍ ကြည့်လိုက်၏။

"မောင်ရင်က နှုတ်လုံဖို့ အရေးကြီးတယ်၊ မောင်ရင်က နှုတ်မလုံရင် ကျုပ်



အဖို့ ချောက်ကျနိုင်တဲ့အပေါက်တွေ အများကြီး တွေ့လာလိမ့်မယ်၊ မောင်ရင့်လို လူစိမ်းတစ်ယောက်ကို ကျုပ်က ဒါတွေ ပြောပြနေတာဟာလည်း ကျုပ်က ရူးမိုက်ရာ ကျနေတာပဲ မဟုတ်လား၊ ကျုပ်က ခုပြောနေတဲ့အကြောင်းတွေကို သင်္ဘောသား အချင်းချင်းကိုတောင်မှ ပြောပြလေ့ မရှိဘူး။ ဒါပေမဲ့ မောင်ရင်ကတော့ သင်္ဘောပေါ်မှာ အင်္ဂလန်အရောက်လောက်ပဲ လိုက်ပါမယ့် လူစိမ်းဆိုတော့ တယ်ပြီး အရေးမကြီးလှဘူး"

ထမင်းချက်ရဲဘော်ကြီးက ဤသို့ နိဒါန်းပျိုးလိုက်ပြီးနောက် သုံးရောင်ခြယ် သင်္ဘောမှ ကက်ပတိန်ဟယ်ဆလေနှင့် ပတ်သက်သော အကြောင်းများကို သူသိသမျှ ကြားသမျှ ဖွင့်ထုတ်ပါတော့၏။

လူဆိုသည်မှာ အပေါင်းအသင်းနှင့် နေတတ်သော သတ္တဝါဖြစ်သည့် အလျောက် ထမင်းချက်သမား ရဲဘော်ကြီးသည် သူ့စိတ်ထဲတွင် အံကြိတ်၍ ပိတ်ထားကြသော အကြောင်းအရာကို ပြောပြနိုင်သည့် အပေါင်းအသင်းအား အစဉ်အမြဲ ရှာဖွေ၍ နေမည်မှာ အမှန်ပင် ဖြစ်၏။ ကျွန်တော်နှင့် တွေ့ရသောအခါ ထမင်းချက် ရဲဘော်ကြီးအဖို့ တိုင်း၍ရက်သည့် ပဉ္စလာ မိုးရွာသည်နှင့် အခန့်သင့် ဖြစ်သွားပုံရ၏။

"ရှန်ဟဲမှာ ရောက်နေတုန်းက ကက်ပတိန်ဟယ်ဆလေရဲ့ အကြောင်းကို စပြီး ကြားမိတာပါပဲ၊ အဲဒီတုန်းကဖြင့် ကက်ပတိန်ဟယ်ဆလေ ဦးစီးတဲ့ သင်္ဘောမှာ သင်္ဘောသားတစ်ယောက်အဖြစ် လိုက်ပါဖို့ကို စိတ်တောင်မကူးမိခဲ့ပါဘူး။ စောစောက ပင်လယ်ထဲမှာ ဓားပြတိုက်တယ်၊ အဲ...ပင်လယ်ဓားပြလို့ ကျုပ်က ပြောခဲ့တယ်မှတ်တယ်။ ပင်လယ်ဓားပြတင် မကဘူး၊ ပင်လယ်ထဲမှာ လူသတ်မှုကိုပါ ကျူးလွန်တဲ့ လူတစ်ယောက်ပဲ၊ ပင်လယ်ထဲမှာ ဓားပြလည်း တိုက် လူလည်းသတ် ပေါ့ကွာ၊ ကက်ပတိန်ဟယ်ဆလေနဲ့ ပတ်သက်ပြီး ရှန်ဟဲမှာ သင်္ဘောတစ်စင်းနဲ့ ရောက်နေတုန်း ကျုပ် စပြီး ကြားခဲ့ရတဲ့ အကြောင်းပဲ၊ ကက်ပတိန်ဟယ်ဆလေကို ဇာတ်စကားတွေကို မှင်နဲ့ မောင်းနဲ့ အသံနဲ့ ဗျာန်နဲ့ ရှုတ်နေတာများ တွေ့ဖူးသလား၊ အင်းလေ မောင်ရင်က ခုမှ သင်္ဘောပေါ် ရောက်လာတဲ့ လူဆိုတော့ တွေ့ဖူးမယ် မထင်ဘူး၊ ဒါပေမဲ့ တွေ့ရပါလိမ့်မယ်"

"ရှိတ်စပီးယားပြဇာတ်က ဇာတ်စကားတွေကို အသံနေ အသံထားနဲ့ ရွတ်တာကို ပြောတာလား၊ ဒါကိုတော့ ကြားဖူးပါတယ်"

"အဲ...ဟုတ်တာပေါ့ကွာ၊ အဲဒါကိုပြောတာ၊ ရှိတ်စပီးယားရဲ့ ပြဇာတ်ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ချွပ်ဟာ ဟယ်ဆလေရဲ့ မွေ့ကျမ်းစာပဲ၊ ပွဲစင်ထက်မှာပဲ ဖြစ်ဖြစ်၊ သူ့အခန်းထဲမှာပဲ ဖြစ်ဖြစ်၊ ပြဇာတ်ထဲက ဇာတ်စကားတွေကို အသံနဲ့ ဌာန်နဲ့ ရွတ်ရွတ်ပြီး နေတတ်တယ်။ သူရွတ်သလို သင်္ဘောသားတွေကလည်း စကားပြောတဲ့နေရာမှာ ဇာတ်စကားနဲ့ အရပ်စကားရောပြီး ပြောတဲ့ အကျင့်ရှိလာတော့ သုံးရောင်ခြယ်ပေါ်ကို ရောက်လာတဲ့ သင်္ဘောသားအသစ်ဆိုရင် လူဟောင်းတွေရဲ့ စကားကို တော်တော်နဲ့ နားမလည်နိုင်အောင် ဖြစ်နေတတ်ကြတယ်။ ဒီတော့ သုံးရောင်ခြယ်မှာ လိုက်ပါလာတဲ့ သင်္ဘောသားတိုင်းလိုလိုပဲ ရှိတ်စပီးယားပြဇာတ် အိတ်ဆောင်စာအုပ်ကို သူတို့နဲ့ အမြဲပဲ ဆောင်ပြီးထားတတ်ကြတယ်။ သူရွတ်နေတဲ့ ဇာတ်စကားတွေကို နားထောင်လိုက်မယ်ဆိုရင် သစ္စာယွင်း၍၊ မွေးသည့်ဘမှ၊ ရင်စစိမ်းမင့်၊ စိမ်းဒုဋ္ဌာစိမ်း၊ သူစိမ်းလျှင် ငါစိမ်းချည့်၊ ချင်းစိမ်းနဲ့ မိဿလင်၊ သူကြင်မှ ငါကြင်မည်၊ ထဆင်ထူး ရေးပြီးလျှင်၊ ပေါ်လုံးကြီး တင်လိုက်ချည့်၊ ထိမထင် ရွှေကျောင်းသား၊ မြင့်လိုက်ချည့် မိုးဓွေ၊ လူညစ်တေ သရေနား၊ ဒုံးကပွဲ မူးယစ်သည့်၊ ငါ့ဖြစ်သစ်ကြောင်းလျားကို၊ နောင်တော်နားထုတ် ချောက်တင်တဲ့မှ ပေါက်မဟုဲ၊ တစ်ယောက်နှင့် နှစ်ယောက်၊ သုံးယောက်နှင့် လေးယောက်၊ အခေါ်တော် အခေါက်ခေါက်၊ ပေါက်ရောက်လို့ ပေါ်လာလျှင်၊ တံတောင်တော်ရာ၊ ချက်မပါဘဲ ကျောဗလာခွေ၊ ကွက်လပ်ကျန်၍ မပြန်စေနှင့်၊ မသေရုံချန်၊ ရင်ကိုလှန်၊ ရာဇဒဏ်ခတ်တော်မူ မဟုဲ…ဆိုတဲ့ အရိုက်အနှက် အထုအထောင်း အသတ်အဖြတ် ဇာတ်စကားတွေကို ကြားရလိမ့်မယ်။ အဲဒီလို ကြားရတဲ့ အချိန်မျိုးမှာဆိုရင် ကျုပ်တို့ရဲ့ ကက်ပတိန်ကြီး ဟယ်ဆလေဟာ မကောင်းမှု ဒုစရိုက်တစ်ခုခုကို လုပ်ဖို့ ကြံစည်နေပြီလို့သာ မှတ်လိုက်ပေတော့”

ကျွန်တော်က ကြားမှ တစ်ခွန်းတစ်ပါဒမျှ ဝင်၍ မစွက်ဘဲ ထမင်းချက်ရဲဘော်ကြီး၏ စကားကို စိတ်ဝင်စားစွာ နားထောင်နေမိ၏။

“ကက်ပတိန်ဟယ်ဆလေက ဒီနေ့မနက်မှာ သမုဒ္ဒရာ၊ ကမ်းယံကလာခဲ့၊ ကန္တာကွန်းထောက်၊ မောစွန်းကွယ် ကျွန်းလယ်သို့ ရောက်ကပြီထင့်၊ နှင်းသောက်တဲ့မြိုင်၊ ညာသွယ်ဆင့်တန်း၊ နာမည်ဖြင့် ဆန်းပေလိမ့်၊ ဘယ့်ပန်းခိုင်လို့၊ သိနိုင်တတ်ပြီ၊ မင့်တချို့၊ ငံ့တချို့နှင့် မှုံလို့စီ၊ ရာသီလင့်ဟန်ရှိကြတယ် စသည်ဖြင့် ဖြစ်စေ၊ ဘုန်းမောင်ဖြစ်ထွေ၊ ကြာသွောင်းစင်းဝှန်၊ ထုံနှင်းသွန်တဲ့၊ သလွန်ဖွေမှာ၊ ရံရွှေဝဲယာ၊ စံမြဲခါများကို၊ နန်းညာသူ့သွေး၊ ပြန်လှည့်လို့ တွေးသောအခါ၊ ဆွေးမြေ့ထုနယ်၊ သွယ်မျက်ရည်ဝဲ၊ ဆည်မဆဲ၊ ကြေကွဲလိုက်ပါဘိတယ်။ ဗျာကြွေညှိုးအောင် လျှိုရိုး



မြှောင်က၊ မိုးခေါင်ရင့်ကြည်၊ ပန်းဝတ်ရည်နှင့် သောက်မူးယစ်၍၊ ချစ်စရာ သူ့ကိုယ်နှင့် ခုလိုများ မြည်သောအခါ၊ ပြည်တော်ကို လွမ်းလိုက်ပါဘိတော့ ငါ့ကျွန်များလို့ ရွတ်ဆိုနေသံကို ကြားရမယ်ဆိုရင် ဒီနေ့အဖို့ရာမှာ သတ်မှု ဖြတ်မှု ဒုစရိုက်တော် ဖြစ်လာတော့မှာ မဟုတ်ဘူးဆိုတာ တထစ်ချ မှတ်လိုက်ပေတော့”

ကျွန်တော်က ထမင်းချက်ရဲဘော်ကြီး၏ စကားကို နားထောင်ကောင်းခြင်း ခြင့် ထောင်၍ နေမိ၏။

“သင်္ဘောကို ဦးစီးတဲ့ နေရာမှာ၊ သင်္ဘောသားတွေကို ဆက်ဆံတဲ့ နေရာမှာတော့ တကယ်တော်တဲ့ လူတော်တစ်ယောက်ပဲ။ ကိုယ်ခန္ဓာသေးငယ်သလောက် စိတ်က ပြင်းထန်တဲ့လူမျိုးပဲ။ တစ်ဆင့်စကား တစ်ဆင့်နားကြားရတာကတော့ တစ်ခါတုန်းက သူဟာ ပြဇာတ်လောကထဲမှာ မင်းသားကြီးအဆင့်လောက်ထိ ရောက်ခဲ့ဖူးတဲ့ လူတစ်ယောက်လို့ သိရတယ်။ မုတ်ဆိတ်မွေးနဲ့ ပါးမြိုင်းမွေးတွေကို ထားတာဟာလည်း ပြဇာတ်လောကထဲမှာ သူနဲ့ ရင်းနှီးဖူးတဲ့လူတွေက သူ့ကို မမှတ်မိအောင် တမင်ရုပ်ဖျက်ပြီး ထားတာလို့လည်း ပြောကြတယ်။ ပီနန်ဆိုတဲ့ သင်္ဘောအဟောင်းတစ်ခုကို ရတာကလည်း သူ့အစွမ်းအစကြောင့်ပဲ။ ပစိဖိတ်သမုဒ္ဒရာထဲက ဂျပန်ကျွန်းတစ်ကျွန်းမှာ မုန်တိုင်းမိပြီး သင်္ဘောသားဆိုလို့ တစ်ယောက်မှ မရှိတော့ဘဲ နစ်မြုပ်နေတဲ့ ပီနန်သင်္ဘောကို ကက်ပတိန်ဟယ်ဆလေက စက်လှေကလေးတစ်စင်းကို ဦးစီးပြီးအသွားမှာ တွေ့ရတဲ့အတွက် အဲဒီမြုပ်နေတဲ့ ပီနန်သင်္ဘောကို ဖော်ယူပြီး သူပိုင်တဲ့သင်္ဘောအဖြစ် ပြောင်းလဲပြီး ရှန်ဟဲကို ရောက်လာတယ်လို့ ကြားရတာပဲ။ အဲဒီတုန်းက ကုန်သင်္ဘောတွေမှာ ခုခေတ်မှာလို ကြိုးမဲ့ကြေးနန်းစက်တွေ မရှိသေးတော့ သင်္ဘောတစ်စင်းက တခြားသင်္ဘောတစ်စင်းကို တိုက်ခိုက်လုယူတယ်ဆိုရင်လည်း ဘယ်လိုမှ သတင်းပေးနိုင်တာ မဟုတ်ဘူး။ အတိုက်ခံရပြီးတဲ့နောက်မှ ရောက်တဲ့ ဆိပ်ကမ်းမှာ ဖြစ်စေ လမ်းခရီးမှာ ကြုံတွေ့ရတဲ့ သင်္ဘောကိုဖြစ်စေ သတင်းပေး တိုင်ကြားနိုင်တာပဲ ရှိတယ်။ ဒီတော့ ပီနန်ဟာ ဝင်လယ်ဓားပြလုပ်ငန်းကို အတော်ကလေး တွင်တွင်ကျယ်ကျယ် လုပ်နိုင်ခဲ့တယ်လို့ ကြားရတယ်။ တရုတ်ပြည်ကို ဂျပန်တွေက ဝင်တိုက်တဲ့အချိန်ကျတော့ ဟယ်ဆလေက ပီနန်သင်္ဘောကို ဂျပန်တွေဆီမှာ နားမရှုံ့ပိတ်ရောင်းသလို လက်သိပ်ထိုးရောင်းပြီး ရတဲ့ငွေနဲ့ ကိုယ်ယောင်ဖျောက်သွားခဲ့တယ်။ ဒီအကြောင်းကို ချွပ်က ပြောတယ်လို့ ဘယ်သူ့ကိုမှ မပြောနဲ့ဦး”

“ဘယ်သူ့ကိုမှ မပြောပါဘူး။ ဒါပေမဲ့ ခင်ဗျားကတော့ ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ဒီအကြောင်းတွေ ပြောနေရတာလဲ”

ကျွန်တော့်မေးခွန်းကို ထမင်းချက်ရဲဘော်ကြီးက သဘောကျသွားပြီး တဟဲဟဲရယ်လိုက်၏။ ကျွန်တော့်ဖန်ခွက်ထဲသို့လည်း ပုလင်းထဲမှ ဝီစကီကို ထပ်၍ လောင်းထည့်နေပြန်၏။

“ကျုပ်လို ပင်လယ်ထဲမှာ နှစ်ပေါင်းနှစ်ဆယ်ကျော်ကြာအောင် ကျက်စားလာခဲ့ရင် မောင်ရင်လည်း ကျုပ်လို အတင်းအဖျင်းသတင်းတွေကို ဖောက်သည်ချတတ်လာမှာပဲ။ ကျုပ်က ပင်လယ်ဆိပ်ကမ်းမြို့မှန်သမျှကို မရောက်ဖူးတဲ့ မြို့လို့ မရှိအောင် ဖြစ်နေလေတော့ ကြားရတဲ့ အတင်းအဖျင်း သတင်းတွေကလည်း စုံတယ်မဟုတ်လား။ သင်္ဘောပေါ်ကို ရောက်လာတဲ့ လူသစ်ဆိုရင် ကျုပ်က ဒီလူကို ပထမ အကဲခတ်ကြည့်လိုက်တယ်။ ကျုပ်နဲ့ ပုလင်းတူဘူးဆို့ ဖြစ်မယ့် လူမျိုးဆိုရင် ကျုပ်က ကြားခဲ့ရသမျှ အတင်းအဖျင်း သတင်းတွေကို ပြန်ပြီး ဖောက်သယ်ချလေ့ရှိတာပဲ။ ကျုပ်က လူအမျိုးမျိုးကို တွေ့ဖူးတော့လည်း စရိုက်အမျိုးမျိုးကို သိလာတော့တာပေါ့။ တချို့လူတွေဆိုရင် အသောက်အစား ဝါသနာပါတယ်။ တချို့ကျတော့လည်း ဘာသာတရားကိုင်းရှိုင်းတယ်။ ကက်ပတိန်ဟယ်ဆလေလူမျိုးကျတော့ ရှိတ်စပီးယားပြဇာတ်ထဲက ဇာတ်စကားတွေကို မာန်နဲ့ ဒွာန်နဲ့ ရွတ်ပြနေတာကိုပဲ သဘောကျနေတယ်။ ခုဆိုရင် သုံးရောင်ခြယ်နဲ့ ခရီးထွက်ခဲ့တဲ့ အခေါက်ပေါင်း ငါးခေါက်ရှိသွားပြီ။ အချိန်နဲ့ဆိုရင် နှစ်ဆယ့်ခြောက်လ ရှိသွားပြီ။ ဒီအခေါက်တွေမှာ ကျုပ်အဖို့ အတင်းအဖျင်း ဖောက်သည်ချစရာ လူအတော်ရှားပါးခဲ့တယ်။ ခုတော့ မောင်ရင်က ကလင်စကီအကြောင်းကို စကားစလိုက်တော့ ကျုပ်အဖို့ မလုံတဲ့အိုး တုတ်မိုးရုံနဲ့ အာသသလို ဖြစ်သွားတော့တာပေါ့။ ကလင်စကီဆိုတာ သင်္ဘောက ပစ္စည်းတွေမှန်သမျှ မှောင်ခိုဈေးနဲ့ ဝယ်ပြီး အမြတ်ကြီးကြီးနဲ့ ပြန်ရောင်းနေတဲ့ အကောင်ဗ်။ ဒါပေမဲ့ ကျုပ်ပြောတာတွေကို အားလုံးချည်း အမှန်လို့ ထင်မနေနဲ့နော်။ ဟောဒီ...ကျုပ်ပေါင်ပေါ်က လိပ်ခွံရောင်ကြောင်ကြီးဆိုရင် ပင်လယ်ထဲမှာ ပျက်နေတဲ့ သင်္ဘောတစ်စင်းကိုတောင် ကယ်ပေးခဲ့တဲ့ အကောင်ကြီးပဲ။ ပြောပြရင် ယုံနိုင်စရာတောင် ရှိမယ် မထင်ဘူး”

ထမင်းချက်ရဲဘော်ကြီးအမည်မှာ မည်သို့ ခေါ်ဝေါ်ကြောင်းကို ယနေ့တိုင်ပင် ကျွန်တော်က မသိခဲ့ရပါ။ ထမင်းချက်ရဲဘော်ကြီးသည် သင်္ဘောသားများနှင့်အတူ ပင်လယ်ထဲတွင် အသက်ကယ်လှေ နှစ်မြှုပ်ပျက်စီးရာ၌ အသက်ပျောက်ခဲ့ရပြီ ဖြစ်၏။



မည်သို့ပင်ဖြစ်စေ ထမင်းချက်ရဲဘော်ကြီးကိုကား ယခုတိုင် အမှတ်ရလျက်ရှိနေပါသေး၏။

သောက်စရာ ပုလင်းကလေးများသာရှိနေလျှင် နားထောင်မည့်သူ တစ်ဦးဦးသာရှိနေလျှင် သူသည် တစ်နာရီ နှစ်နာရီသာမဟုတ် နာရီပေါင်းများစွာ ကြာအောင် ‘အာရိုက်’နိုင်သူတည်း။

လိပ်ခွံရောင်ရှိသော ထမင်းချက်ရဲဘော်ကြီး၏ ကြောင်က သင်္ဘောတစ်စင်းကို မည်သို့ ကယ်ဆယ်ခဲ့သည် အကြောင်းကိုမူ ကျွန်တော်က မှတ်မိခြင်းမရှိတော့။ ထိုအချိန် ထိုအခါက ကျွန်တော် သိလိုစိတ် ပြင်းပြနေသည်မှာ ငွေချောင်းများပါရှိသော သေတ္တာကို ဖွင့်မှုနှင့် ပတ်သက်လျက် ကျွန်တော်တို့အပေါ်တွင် အုပ်ချုပ်ရေးအရာရှိအဖြစ် ဆောင်ရွက်လာသော အရာခံဗိုလ်ရန်ကင်းနှင့် မိုလိုတော့ဖ်လမ်းရှိ စေ်ပစ္စည်းမှောင်ခိုသမားကလင်စကီတို့ မည်သို့ ရှုပ်ထွေးဆက်ဆံလျက် ရှိနေသည်ဟူသော အချက်သာဖြစ်၏။

သို့ဖြစ်၍လည်း သင်္ဘောပျက်ရာတွင် အသက်ကယ်လှေတစ်ခုကို စီးရင်း အသက်ပျောက်သွားရရှာသော ထမင်းချက်ရဲဘော်ကြီး၏ ကြောင်နှင့် ပတ်သက်သော အဖြစ်အပျက်ကို ကျွန်တော်က မေ့လျော့သွားခဲ့ရခြင်း ဖြစ်လေသည်။

ငွေချောင်းများပါရှိသော သေတ္တာကို ရဲဘော်ကြီးကွတ်နှင့် ရဲဘော်ကလေးဆီးတို့က မဖွင့်မီခင်မှာပင် ပဲ့စင်ထက်၌ သင်္ဘောကက်ပတိန် ဟယ်ဆလေနှင့် ပထမအရာရှိ ဟင်ဒရစ်တို့ ပြောဆိုသည့် စကားများ၌လည်း အရာခံဗိုလ်ရန်ကင်းသည် စစ်ပစ္စည်းမှောင်ခိုသမား ကလင်စကီနှင့် ဒွေးရောယှက်တင် ရှိနေသည့် အကြောင်းကို ကျွန်တော်က အမှတ်မထင် ကြားခဲ့ရသည်မဟုတ်လား။

သင်္ဘောအောက်ထပ်ရှိ ထမင်းချက်ခန်းမှနေ၍ ကျွန်တော်တို့ တာဝန်ကျရာ ကုန်းပတ်ပေါ်သို့ ပြန်လည်ရောက်ရှိလာခဲ့သည့်တိုင်အောင် အစွဲကြီးစွဲလျက်ရှိ သော အကြောင်းအရာမှာ အရာခံဗိုလ်ရန်ကင်းနှင့် စစ်ပစ္စည်းမှောင်ခိုသမား ကလင်စကီတို့ ဆက်သွယ်မှုရှိပုံ၊ သင်္ဘောကက်ပတိန်ဟယ်ဆလေနှင့် ပထမအရာရှိ ဟင်ဒရစ်တို့က တရုတ်ပင်လယ်အတွင်းတွင် ပီနန်သင်္ဘောဖြင့် ပင်လယ်ဓားပြကြီးများ လုပ်ခဲ့ပုံ၊ အရာခံဗိုလ်ရန်ကင်းအပေါ်တွင် ကက်ပတိန်ဟယ်ဆလေနှင့် ပထမအရာရှိ ဟင်ဒရစ်တို့က အထက်စီးမှနေ၍ ကြိုးကိုင်ရန် ကြိုးစားနေကြပုံများသာ ဖြစ်၏။

ကျွန်တော့်ကင်းအလှည့်သို့ ရောက်ရန် အချိန်အတန်လိုနေသေးသဖြင့် စိတ်ပြေလက်ပျောက် ဖြစ်စေရန် သင်္ဘောဦးပိုင်းရှိရာသို့ တဖြည်းဖြည်း လျှောက်

www.burmeseclassic.com

www.burmeseclassic.com



၍ လာခဲ့၏။

ဤသို့ လျှောက်၍ လာရင်းလည်း ကျွန်တော် ဆေးအိုးကို ဆေးဖြည့်၍ လာခဲ့၏။

မိုးသားတိမ်လိပ်များမှာ ပို၍ ထူထပ် သိပ်သည်းလာ၏။ မြောက်ဘက် အာတိတ်စက်ဝိုင်းမှ ကွန့်မြူးယှက်ဖြာလာခဲ့သော အလင်းရောင်များပင်လျှင် နော်ဝေကမ်းခြေအလွန်၌ မိုးသားတိမ်လိပ်များကြောင့် နောက်တွန့်လျက် ရှိနေလေသည်။

လေကလည်း အနောက်မြောက်ဘက်မှနေ၍ ပြောင်းလဲ တိုက်ခတ်နေလေသည်။

သုံးရောင်ခြယ်သင်္ဘောသည် ပင့်ကူဖျက်သင်္ဘောမှ ရေယာဉ်အုပ်စုမှူး၏ ညွှန်ကြားချက်အရ အမေရိကန်ကုန်သည်နှင့် ကပ်လျက်လိုက်ပါလာရမည် ဖြစ်သော်လည်း အမေရိကန်ကုန်သည်၏ အရိပ်အယောင်ကို ကျွန်တော်က မိုးတိုးဝါးတားမျှပင် မမြင်ရ။

တရိပ်ရိပ်တက်လာသော တိမ်တောင်တိမ်လိပ်များကြောင့်ပင် ဖြစ်သလား။ အမေရိကန်ကုန်သည်ကိုပင် သုံးရောင်ခြယ်က မီအောင်မလိုက်နိုင်၍ ဖြစ်လေသလား။ ကျွန်တော်က မဝေခွဲတတ်။

သင်္ဘောဦးပိုင်းသို့ ရောက်လာသော ကျွန်တော်သည် ဆေးအိုးတွင် အပြည့်ထည့်ထားသော ဆေးကို မီးညှိရန်အတွက် လေကွယ်ရာ ထောင့်တစ်ထောင့်ကို ရှာပြီး ဓာတ်မီးခြစ်ကို ခြစ်လိုက်၏။

ရုတ်တရက်လင်းလာသော မီးရောင်နှင့်အတူ မမျှော်လင့်သောအသံတစ်သံကိုလည်း ကြားလိုက်ရ၏။

"လန့်တောင် လန့်သွားတာပဲရှင်"

အသံမှာ သုံးရောင်ခြယ်သင်္ဘောတွင် တစ်ဦးတည်းသာလိုက်ပါလာသော အမျိုးသမီး၏ အသံပင်ဖြစ်၏။

'စိတ်မရှိပါနဲ့ဗျာ၊ ခုပြောနေတာ မစ္စဂျနီဖာပဲ မဟုတ်လား"

ကျွန်တော် သံပြားတစ်ချပ်ကို လှမ်းကျော်၍ ကြည့်ရင်း မေးလိုက်လေသည်။

"ဟုတ်ပါတယ်၊ ကျွန်မနာမည်ကို ဘယ့်နှယ်လုပ်ပြီး သိသလဲ"

"အထူးကင်းတာဝန်ကို ယူထားရတဲ့ ကျွန်တော့်ရဲဘော်တစ်ယောက်က မစ္စဂျနီဖာ သင်္ဘောလှေကားက တက်လာတုန်းက အိတ်ရှည်ကြီးကိုဆွဲပြီး ကူညီခဲ့တယ်မဟုတ်လား။ ကျွန်တော့်နာမည်က ဗာဒီလို့ ခေါ်ပါတယ်"

"ရှင်က ဘာတွေကိုများ တာဝန်ယူပြီး စောင့်ရှောက်နေရသလဲ"

ဂျနီဖာ၏ အမေးကြောင့် ကျွန်တော်က ကြောင်တက်တက်ဖြစ်၍နေမိ၏။ အထူးကုန်ပစ္စည်းဟု သတ်မှတ်ထားသော သေတ္တာများထဲတွင် ငွေချောင်းများပါသည်ကို မစ္စဂျနီဖာက သိနေလေရော့သလားဟုလည်း စဉ်းစားမိ၏။

သို့ဖြစ်၍...

'ဘာရယ်လို့တော့ မဟုတ်ပါဘူး။ ကုန်ပစ္စည်းတစ်ခုခုပါပဲ'ဟု ကျွန်တော်က အဖြေပေးလိုက်၏။

မတင်မကျပေးလိုက်သောအဖြေကို မစ္စဂျနီဖာက ချက်ချင်းပင် နားလည်သွားသည်။

"ကျွန်မ...မေးမိတာကို ဘယ်လိုမှ သဘောမထားပါနဲ့ရှင်"

ကျွန်တော်က မည်ကဲ့သို့ ပြန်ပြောရမည်မသိဘဲ၊ ရေငုံနှုတ်ပိတ်လျက် ရှိနေမိ၏။ မစ္စဂျနီဖာကလည်း မမေးသင့်သည့်အရာကို မေးလိုက်မိသည်ဟု ယူဆပြီး ကြောင်အမ်းအမ်း ဖြစ်နေပုံရ၏။

ကျွန်တော်က ဆေးအိုးမှဆေးကို မီးညှိရန် ဓာတ်မီးခြစ်ကို ခြစ်လိုက်သောအခါ နုပျိုသော်လည်း တည်ငြိမ်သော မစ္စဂျနီဖာ၏ မျက်နှာကို မြင်လိုက်ရလေသည်။

ကျွန်တော်တို့ နှစ်ဦးစလုံး စကားတစ်ခွန်းမျှမပြောဘဲ၊ တိတ်ဆိတ်ငြိမ်သက်နေစဉ် သုံးရောင်ခြယ်သင်္ဘောဦးကိုလာ၍ တိုက်ခိုက်လာသော လှိုင်းတံပိုးများ က ပို၍ပို၍ ပြင်းထန်လာသည်ကို တွေ့ရ၏။

"ခုလို လှိုင်းတွေလေတွေ ကြမ်းတမ်းလာတဲ့အချိန်မှာ... မစ္စဂျနီဖာလို အမျိုးသမီးတစ်ယောက်ဟာ ကိုယ့်သင်္ဘောအခန်းထဲမှာ ကိုယ်သွားပြီး နေဖို့သင့်ပါတယ်"

ကျွန်တော်က အမျိုးသမီးတစ်ယောက်အား စာနာထောက်ထားမှု အပြည့်အဝဖြင့် ကောင်းသောစကားကို ဆိုလိုက်၏။

သို့ရာတွင် ကျွန်တော်ဆိုလိုက်သော စကားမှာ မစ္စဂျနီဖာအတွက် ကောင်းခဲ့မပေ။

"ကျွန်မအတွက် ပေးထားတဲ့ အခန်းက အင်မတန်မှ ကျဉ်းလွန်းလှပါတယ်။ အခန်းကျဉ်းလေးထဲမှာ လှောင်ပြီး အပိတ်ခံရတာမျိုးကိုတော့ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



အင် မတန်မှ ရှုံ့မှန်းပါတယ်”

“အခန်းကျဉ်းလေးထဲမှာ ပိတ်လှောင်ပြီး မနေတတ်ပေမဲ့ ဒီနေရာမှာ သိပ်ပြီးအေးတယ် မဟုတ်လား”

ကျွန်တော်က ဂျနီဖာကို အကဲခတ်ရင်း စကားဆိုလိုက်၏။

“အေတော့အေးပါတယ်။ ဒါပေမဲ့ ဒီလိုအအေးမျိုးကို ကျွန်မကြုံဖူးနေတော့ ကိစ္စရှိမယ်မထင်ပါဘူး။ နို့ပြီး... ပင်လယ်ကိုလည်း ကျွန်မက သဘောကျတဲ့သူဖြစ်တော့ ပင်လယ်လှိုင်းလုံးတွေရဲ့ တဝေါဝေါမြည်သံတွေ ဆင့်ဆင့်ပြီး တက်လာတဲ့ လှိုင်းခေါင်းဖြူကြီးတွေကို ကြည့်နေချင်တယ်၊ ကြားနေချင်တယ်။ ကိုယ်ပိုင်သင်္ဘောကလေးတစ်စင်းရှိတော့ ပင်လယ်ထဲမှာ အမြဲပဲ ရွက်လွှင့်ပြီးနေခဲ့တယ်။ ကျွန်မနဲ့ ကျွန်မအစ်ကိုတို့နှစ်ယောက်ဟာ ငယ်ငယ်ကစပြီး ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာတဲ့အချိန်အထိ၊ လှေလှော်ရွက်တိုက်တဲ့ ဝါသနာအတိုင်း ပင်လယ်ထဲမှာပဲ အချိန်ကုန်ကြပါတယ်။ ခုတော့ ကျွန်မအစ်ကိုဟာ... စိန့်နာဇရီတိုက်ပွဲမှာ ကျဆုံးသွားပါပြီ”

ဂျနီဖာ၏အသံက ကျဆုံးသွားသော သူ့အစ်ကိုအတွက် ဝမ်းနည်းကြေကွဲသည့် အသံပေါက်နေ၏။

“ကျဆုံးသွားတဲ့ ဂျနီဖာရဲ့အစ်ကိုအတွက်ရော ကျန်ရစ်တဲ့ ဂျနီဖာအတွက်ရော ကျွန်တော် စိတ်မကောင်းပါဘူး”

ကျွန်တော်က ဤမျှနှင့်ပင် စကားကို ရပ်ထားလိုက်၏။ သို့ရာတွင် ဂျနီဖာ၏ အမူအရာက အဖော်တစ်ဦးဦးနှင့် စကားစမြည်ပြောဆိုနေလိုဟန် ရှိနေလေသည်။

ထို့ကြောင့်...

‘ဂျနီဖာက ဘယ်မှာလှေလှော်ရွက်တိုက်လုပ်ခဲ့ပါသလဲခင်ဗျာ’ဟု ကျွန်တော်က မေးလိုက်၏။

“စကော့တလန်မှာပါ။ အနောက်ဘက်ကုန်းမြင့်ဒေသ အိုဘန်နဲ့ နီးတာပေါ့”

“ဪ... အိုဘန်နဲ့ နီးသလား။ အဲဒီမှာ သိပ်ပြီးလှေလှော်ရွက်တိုက်ဖို့ ကောင်းတာပေါ့။ စောစောက ဂျနီဖာပြောလိုက်တဲ့စကားထဲမှာ အအေးဒဏ်ကို ခံနိုင်တဲ့ အတွေ့အကြုံရှိတယ် လို့ဆိုလိုက်တော့ ရုရှားမှာ နှစ်ပေါင်းအတော်ကြာအောင် နေဖူးတယ်လို့ ဆိုလိုတာပဲလား။ ကျွန်တော် ခုလိုမေးတာကို စိတ်



မရှိပါနဲ့နော်”

ကျွန်တော်က စကားဆက်၍ ပြောနိုင်ရန်အတွက် ဆက်လက်မေးမြန်းလိုက်ခြင်းဖြစ်၏။

“စိတ်မရှိပါဘူးရှင်”

ဂျနီဖာက ခပ်သွက်သွက်ကလေးပင် ပြောလိုက်၏။ ပြီးမှ ခပ်ငိုင်ငိုင်ကလေးဖြစ်သွားသည်ကို သတိပြုလိုက်မိ၏။

“ကျွန်မက ရုရှားမှာ အကြာကြီးမနေပါဘူး။ ဂျာမဏီမှာသာ အဲလေ... ပိုလန်လို့ဆိုရင် ပိုပြီးမှန်ပါလိမ့်မယ်။ ပိုလန်မှာ သုံးနှစ်နေခဲ့ရပါတယ်”

ဂျနီဖာက ပိုလန်ဟု ဆိုလိုက်သောကြောင့် ကျွန်တော်က များစွာပင် အံ့အားသင့်၍ သွားခဲ့ရ၏။ ပိုလန်သည် နာဇီဂျာမနီ၏ ဝါးမျိုခြင်းကို ဒုတိယကမ္ဘာစစ်ကြီး ပဏာမပျိုးသည့်အချိန်ကပင် ခံခဲ့ရသော နိုင်ငံမဟုတ်ပါလား။

ကျွန်တော်က ဂျနီဖာ၏မျက်နှာကို မော့၍ ကြည့်လိုက်မိ၏။

“ပိုလန်မှာ နာဇီဂျာမဏီရဲ့ စစ်အကျဉ်းသားအဖြစ်နဲ့ နေခဲ့ရတာကို ဆိုလိုပါသလား ...မစ္စဂျနီဖာ”

“ဟုတ်ပါတယ်၊ သုံးနှစ်လောက် ကြာအောင်နေခဲ့ရပါတယ်”

ဂျနီဖာကဲ့သို့သော အမျိုးသမီးတစ်ဦးက နာဇီဂျာမဏီတို့ လက်အောက်တွင် စစ်အကျဉ်းသားအဖြစ် နေခဲ့ရသည်မှာ မယုံနိုင်လောက်စရာပင် ဖြစ်နေလေသည်။

နာဇီဂျာမဏီတို့၏ စစ်အကျဉ်းထောင်တွင် သုံးနှစ်မျှ နေခဲ့ရပြီးနောက် ရုရှားပြည် မာမန့်သင်္ဘောဆိပ်ကမ်းမြို့သို့ ရောက်လာပြန်သောအခါလည်း ဂျနီဖာသည် ကျွန်တော်တို့နှင့်အတူ သုံးရောင်ခြယ်သင်္ဘောကို စီးကာ၊ သေမင်းခံတွင်းထဲသို့ လိုက်ပါနေရပြန်ချေသည်တကား။

“ပိုလန်ကို ဘယ်လိုရောက်သွားသလဲ၊ ဂျာမဏီက ပိုလန်ကို ဝင်သိမ်းတဲ့အခါမှာ မစ္စဂျနီဖာက ပိုလန်ကို ရောက်နေတဲ့အချိန်နဲ့ တိုက်ဆိုင်နေလို့လား”

“မဟုတ်ပါဘူး၊ နာဇီဂျာမဏီတွေက ကျွန်မကို ပြင်သစ်မှာ ဖမ်းမိသွားလို့ပါ”

“ဂျနီဖာ၏အသံက တုန်လှုပ်ချောက်ချားခြင်းမရှိ၊ နေ့စဉ်ဖြစ်ပျက်နေသော ထမင်းစားရေသောက်ကိစ္စတစ်ခုကို ပြောပြနေသည့် အသံမျိုးနှင့်သာနေ၏။

“ကျွန်မက ပြင်သစ်ကိုသွားပြီး နာဇီရန်ကို တွန်းလှန်နေတဲ့ မြေအောက်

www.burmeseclassic.com

www.burmeseclassic.com



တော်လှန်ရေးသမားတွေနဲ့ ဆက်သွယ်ရပါတယ်။ ကျွန်မအမေလည်း ပြင်သစ်သူတစ်ဦးဆိုတော့ ကျွန်မအဖို့ နာဇီတွေ သိမ်းပိုက်ထားတဲ့ ပြင်သစ်ပြည်ထဲကိုဝင်ဖို့ *အခွင့်အလမ်းရနေတာပေါ့လေ၊* ဒီလိုနဲ့ သုံးကြိမ်မြောက် ပြင်သစ်ပြည်ထဲကို အဝင်မှာ ဂျာမန်ဂျက်စတာပို စစ်ပုလိပ်တွေရဲ့ အဆွဲကို ခံရပြီး အကျဉ်းသားအဖြစ်နဲ့ *ပိုလန်ကို ရောက်သွားရတာပဲရှင်၊* ဝါဆောမြို့အနားမှာရှိတဲ့ နာဇီစစ်အကျဉ်းစခန်းတစ်ခုမှာ သုံးနှစ်လောက်နေခဲ့ဖူးတဲ့ လူတစ်ယောက်က ဘယ်လောက်ပဲ ပြင်းထန်တဲ့ အအေးဒဏ်ကို ဖြစ်ဖြစ် ခံနိုင်ရည်ရှိရတော့တာပဲ မဟုတ်လား”

ဂျနီဖာက ဤစကားကိုဆိုရင်း သရော်ရယ် ရယ်လိုက်၏။ ပြီးမှ . . .

“ကျွန်မအကြောင်းက ရိုးနေပါပြီ။ ကျွန်မလို နာဇီစစ်အကျဉ်းစခန်းကို ရောက်နေရတဲ့လူတွေ အများကြီးပဲ မဟုတ်လား၊ ကဲ . . . ဒီတော့ ကျွန်မအကြောင်းကို ဒီတင်ရပ်ပြီး ရှင့်အကြောင်းကိုပဲ ပြောကြရအောင်၊ ရှင်က စစ်အတွင်းမှာ ဘာတွေလုပ်နေတယ်၊ နောက် . . . ဘာတွေလုပ်ဦးမယ်ဆိုတာ ပြောပြစမ်းပါဦး”

ဂျနီဖာ၏စကားကြောင့် ကျွန်တော်က ကြောင်အမ်းအမ်းပင် ဖြစ်၍ သွားမိ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်တော့်မှာ သူ့လိုစိတ်ဝင်စားစရာကောင်းသည့် အလုပ်မျိုးကို လုပ်ဖူးခြင်းမရှိသောကြောင့်ပင်တည်း။

သို့ဖြစ်၍လည်း ကျွန်တော်က ထစ်ထစ်အအဖြင့် . . .

‘ထူးထူးခြားခြားဆိုလို့ ကျွန်တော်က ဘာမှလုပ်ဖူးတဲ့ လူမဟုတ်ပါဘူး။ စစ်နဲ့ပတ်သက်တဲ့အကြောင်းကိုတော့ ကျွန်တော်နားလည်ထားပါတယ်။ သက်ဆိုင်ရာ အာဏာပိုင်တွေက အမြောက်လက်နက်နဲ့ သက်ဆိုင်တဲ့ပစ္စည်းတွေကို ယူဖို့အတွက် ကျွန်တော့်ကို လွှတ်လိုက်လို့ ရုရှားပြည်ကို ရောက်လာတာပါ။ ခုတော့ ကိစ္စပြီးလို့ အမိနိုင်ငံအင်္ဂလန်ကို ဒီသင်္ဘောနဲ့ ပြန်ပြီးလိုက်လာခဲ့တာပါပဲ’ဟု ပြောလိုက်၏။

“အင်္ဂလန်ကို ပြန်ရောက်ရင် ရှင်က ဘာတွေများလုပ်ဖို့ စိတ်ကူးထားသလဲ”

ဂျနီဖာက ကျွန်တော့်ကို ထပ်၍မေးလိုက်၏။ ဤသို့ မေးရင်းလည်း . . .

‘အင်္ဂလန်ဆိုတဲ့ စကားကို ပြောရတာကိုကပဲ ပီတိဖြစ်စရာကောင်းလှတယ်၊ သင်္ဘောက အင်ဂျင်စက်တွေ တစ်ပတ်စီလည်တိုင်းလည်း၊ အင်္ဂလန်ကို ရောက်ဖို့ တစ်ထစ်စီ တစ်ထစ်စီ ပိုပြီး နီးလာတယ်လို့ ထင်နေမိတယ်’ဟု အင်္ဂလန်နိုင်ငံအား တမ်းတမ်းတတ ရှိနေလေသည်။

“နာဇီစစ်အကျဉ်းစခန်းမှာရှိတုန်းကဆိုရင် အကျဉ်းသားတိုင်းက အင်္ဂလန်



ဆိုတဲ့ စကားကို အမြဲပဲ တမ်းတမ်းတတပြောဆိုနေတတ်ကြတယ်၊ နာဇီဂျာမဏီရဲ့ ခြေဖဝါးအောက်ကို ရောက်သွားရတဲ့ နိုင်ငံကလူတွေဆိုရင် အင်္ဂလန်ကို ပိုပြီး တောင့်တနေတတ်ကြတယ်၊ ရှင်လည်း အင်္ဂလန်ကို ရောက်သွားရင် စစ်တပ်က လည်ဖို့ပတ်ဖို့ အခွင့်ရမယ်၊ ရှင့်အိမ်ကိုသွားပြီး သားတွေ မယားတွေနဲ့တွေ့မယ်၊ ဘယ်လောက်ပျော်စရာကောင်းလိုက်မလဲ၊ အိမ်ထောင်စုတစ်ခုခုဟာ သားတွေ သမီးတွေ မိတွေ ဖတွေ အစ်ကိုတွေ နှမတွေနဲ့ သိုက်သိုက်ဝန်းဝန်းရှိနေတာဟာ ဘယ်လောက်စိတ်ချမ်းမြေ့စရာကောင်းသလဲ၊ ကျွန်မမှာတော့ အဲဒီလို သိုက်သိုက်ဝန်းဝန်းနဲ့ စိတ်ချမ်းသာစရာကောင်းတဲ့ အိမ်ထောင်စုမျိုးကို တွေ့ရခွင့် ရှိမှာ မဟုတ်ဘူး”

ဂျနီဖာ၏စကားအဆုံးတွင် ကျွန်တော်က မပွင့်တပွင့်ရယ်လိုက်ရင်း . . .

‘ကျွန်တော့်မှာ အိမ်ထောင်မရှိပါဘူး’ဟုပြောလိုက်၏။

“အိမ်ထောင်မရှိတဲ့တိုင်အောင် ရှင့်မိဘတွေ ညီတွေ အစ်ကိုတွေ မောင်တွေ နှမတွေ ရှိနေကြမယ် မဟုတ်လား၊ နာတာလူးပွဲတော်အချိန်မှာ မီးဖိုကို မိသားစုအားလုံးဝိုင်းထိုင်ပြီး စကားပြောရတာဟာ ပျော်ရွှင်ချမ်းမြေ့စရာချည်းပဲ မဟုတ်လား”

ဂျနီဖာ၏မျက်နှာတွင် အိမ်ကို တမ်းတမ်းတတ လွမ်းဆွတ်နေသည့် အမူအရာကို တွေ့ရ၏။

“အိမ်ကိုပြန်မယ် အိမ်ကိုပြန်မယ်လို့ ပြောနိုင်တာကိုကပဲ ပျော်စရာကြီးပဲ မဟုတ်လား၊ အကျဉ်းစခန်းက တချို့လူတွေမှာ ဆိုရင် တိုင်းပြည်လည်းပျောက် အိမ်လည်းပျောက်ဖြစ်နေတော့ အိမ်ပြန်မယ်ဆိုတဲ့ စကားကိုတောင် ပြောရုံကလေးတောင် မပြောနိုင်ကြရှာတဲ့ အဖြစ်ကို ရောက်နေရတယ်”

ဂျနီဖာ၏အသံက ပြောရင်းဆိုရင် ကြေကွဲသည့်အသံပေါ်လာ၏။ မျက်နှာကို တစ်ဖက်သို့လွှဲလိုက်ခြင်းကို ထောက်ခြင်းအားဖြင့် မစ္စဂျနီဖာသည် မျက်လုံးအိမ်တွင် စို့၍လာသော မျက်ရည်စများကို လက်ကိုင်ပဝါဖြင့် တို့၍ နေကြောင်း သိသာနိုင်လေသည်။

ဤအချိန်တွင်ပင် ကျွန်တော့်အား လှမ်း၍ခေါ်လိုက်သော ရဲဘော်ကလေးဆီး၏ အသံက ပေါ်ထွက်လာ၏။

“ဘာကိစ္စလဲဟေ့”

ကျွန်တော်က သင်္ဘောဦးပိုင်းမှနေ၍ မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်ကလေးဆီးက ကျွန်တော်ရှိရာသို့ လျှောက်လာပြီး…

'အရာခံဗိုလ်ရန်ကင်းက ခင်ဗျားကို တွေ့ချင်လို့တဲ့။ သင်္ဘောကက်ပတိန်ကိုလည်း… ခုချက်ချင်းပဲ သွားပြီးတွေ့ရမယ်လို့ ပြောတယ်' ဟု ပြောလိုက်၏။

အပြစ်တစ်စုံတစ်ခုကြောင့် ဆရာကြီးရှေ့မှောက်သို့ အခေါ်ခံလိုက်ရသော ကျောင်းသားကလေးတစ်ယောက်လို ကျွန်တော်က စိတ်အားငယ်၍သွားမိ၏။ သို့ရာတွင် ကျွန်တော်နှင့် စကားလက်ဆုံကျနေသော မစ္စဂျူနီဖာက ကျွန်တော့်အနီးတွင် ရှိနေသေးသည် မဟုတ်လား။

သို့ဖြစ်၍လည်း…

'ကျွန်တော့်မှာ ကိစ္စတစ်ခုရှိနေသေးတယ်။ ကျွန်တော့်ကိစ္စပြီးလို့ ပြန်လာရင် မစ္စဂျူနီဖာကို ဒီနေရာမှာပဲ တွေ့နိုင်ပါ့မလား'ဟု မေးမေးပြောပြော ပြောလိုက်၏။

"ရှိမယ်မထင်ဘူး၊ ပိုပြီးအေးလာပြီ မဟုတ်လား"

ကျွန်တော်က ခြေလှမ်းရန် ဟန်ပြင်လိုက်ရင်း…

'နက်ဖြန်မနက်ကြရင် ကုန်းပတ်ပေါ်မှာ ပြန်ပြီးတွေ့ကြရအောင်'ဟု လွှတ်ခနဲ ပြောလိုက်မိ၏။

"နက်ဖြန်မနက်မှာ တွေ့မယ်မဟုတ်လား"

ကျွန်တော်က မေးလိုက်မိပြန်သည်။

"ကောင်းပြီ၊ တွေ့ကြတာပေါ့။ ကောင်းသောမင်္ဂလာညပါ"

ဂျူနီဖာက ယနေ့ညအဖို့ ခွဲဦးစို့ဟူသော အဓိပ္ပာယ်ဖြင့် ကျွန်တော့်ကို နှုတ်ဆက်နေသည်။

ကျွန်တော်က… 'ကောင်းသောမင်္ဂလာညပါ ခင်ဗျား'ဟု ပြန်၍နှုတ်ဆက်ရင်း ရဲဘော်ကလေးဆီးနောက်သို့ လိုက်ပါလာခဲ့၏။

ကျွန်တော့်စိတ်မှာ ဝေ့လေးလံလျက် ရှိနေလေသည်။ ထမင်းချက် ရဲဘော်ကြီးထံမှ ကြားခဲ့ရသော သင်္ဘောကက်ပတိန်ဟယ်ဆလေနှင့် ပတ်သက်သည့် အတင်းအဖျင်းသတင်းများကြောင့်တည်း၊ ကျွန်တော့်အပေါ်တွင် ဟယ်ဆလေက ကင်းတာဝန်ကို လစ်ဟင်းသည့်အတွက် ရက်ရက်စက်စက်ကြီး အရေးယူတော့မည်ဟု ထင်မှတ်နေမိ၏။

အရာခံဗိုလ်ရန်ကင်းက ကျွန်တော့်အား ကျွန်တော်တို့တာဝန်ယူထားရသော အခန်းတွင် စောင့်လျက်ရှိနေသည်ကို တွေ့ရ၏။ သူသည် ငွေချောင်းများထည့်ထားသော သေတ္တာတစ်လုံးပေါ်တွင် ထိုင်လျက်ရှိကာ၊ သူ၏ဖြူဆွတ်သော



လက်ချောင်းကလေးများကလည်း မီးခြစ်ဘူးတစ်လုံးကို အစိတ်စိတ်အမြွှာမြွှာ ချိုးဖဲ့လျက် ဂဲသြမေကြီးစာအုပ်ထဲမှ ပုံစံတစ်ခုဖြစ်အောင် ဖန်တီးလျက် ရှိသည်ကို မြင်ရ၏။

အခန်းထဲသို့ ကျွန်တော် ဝင်လာသောအခါ၊ အရာခံဗိုလ်ရန်ကင်းက ကျွန်တော့်ကို ငေးစိုက်၍ ကြည့်နေလေသည်။

အရာခံဗိုလ်ရန်ကင်း၏ အမူအရာကို ကြည့်ရခြင်းအားဖြင့် သူသည်လည်း ကက်ပတိန်ဟယ်ဆလေနှင့် ရင်ဆိုင်ရသည့်အတွက် ကျွန်တော်လိုပင် တုန်လှုပ်လျက်ရှိကြောင်း သတိပြုမိ၏။ ငွေချောင်းများပါသော သေတ္တာကို ရဲဘော်ကြီးကွတ်နှင့် ရဲဘော်ကလေးဆီးတို့က သိလိုစောဖြင့် ဖွင့်ကြည့်မိသည့်ကိစ္စနှင့် စပ်လျဉ်းကာ ကျွန်တော်တို့၏ ကင်းတာဝန်မှုးပီပီ တကြောင့်ကြကြရှိနေသကဲ့သို့ ကျွန်တော်တို့၏ ကင်းတာဝန်နှင့် မည်သို့မျှမသက်ဆိုင်ဟု ဟန်လုပ်ကာပြောနေသော အုပ်ချုပ်ရေးတာဝန်ကို ယူထားရသည့် သူသည်လည်း ကက်ပတိန် ဟယ်ဆလေကို ကြောက်နေကြောင်း ကျွန်တော်က ကောင်းစွာ ရိပ်မိသိရှိနေပြီ ဖြစ်၏။

အရာခံဗိုလ်ရန်ကင်းက ကျွန်တော့်အား ခေါ်ဆောင်လျက် ကက်ပတိန်နှင့် အရာရှိများအခန်းရှိရာသို့ ခေါ်ဆောင်သွား၏။

ရန်ကင်းက ကျွန်တော့်အား စင်္ကြံလမ်းကလေးအလယ်တွင် ထားပစ်ခဲ့ပြီး အရာရှိများ ထမင်းစားခန်းအတွင်းသို့ ဝင်သွားသည်။

ခဏအကြာတွင် ရန်ကင်းသည် သင်္ဘောပထမအရာရှိဟင်ဒရစ်နှင့်အတူ ထမင်းစားခန်းမှ ပြန်၍ထွက်လာသည်ကို မြင်ရ၏။

ကျွန်တော်နှင့် ရန်ကင်းတို့သည် ပထမအရာရှိဟင်ဒရစ်ခေါ်ဆောင်ရာ နောက်သို့ လိုက်ပါလာခဲ့၏။

သင်္ဘောလက်ယာဘက်ရှိ ကက်ပတိန်အခန်းရှိရာသို့ ရောက်သောအခါ ကျွန်တော်တို့အားလုံး အခန်းပြင်ဘက်တွင် ရပ်လိုက်ကြ၏။

ကက်ပတိန်၏အခန်းထဲမှ စကားပြောသံက အပြင်သို့ ပြန့်လွင့်၍ ထွက်နေလေသည်။

"ငယ်မည့်ပေတိုး၊ ဘွဲ့နေမျိုးနှင့်၊ ဆိုးနာမည်၊ ဘွဲ့ပျံချီရှိ…"

ကြားလိုက်ရသော ဓာတ်စကားသံကြောင့် ကျွန်တော်နှင့် အရာခံဗိုလ်ရန်ကင်းတို့က တစ်ယောက်မျက်နှာကိုတစ်ယောက် လှည့်ကြည့်လိုက်မိကြ၏။ ထထမအရာရှိဖြစ်သူ ဟင်ဒရစ်ကမူ မည်သို့မျှ မထူးခြားသောအမူအရာဖြင့် ရပ်ခြင်းရပ်လျက်

www.burmeseclassic.com

www.burmeseclassic.com



ရှိနေ၏။

"မြွေဟောက်ပမာ၊ မိတ်နှစ်ဖြာက၊ ပဓာထင်မှတ်၊ ငါ့လမ်းကို ဖြတ်ရ သလဲ ကြပ်ကြပ်ကြီး သတိထားလိုက်ကြ..."

အခန်းထဲမှ ရွတ်ဆိုသံဆုံးသွားသည်နှင့် တစ်ပြိုင်နက်၊ ဟင်ဒရစ်က အခန်း တံခါးကို ခေါက်လိုက်လေသည်။

"ဝင်ခဲ့လေ"

ယခုအကြိမ်တွင် အထဲမှ ပေါ်ထွက်လာသော အသံက မင်းသားကြီး ဓား ကြိမ်းသံနှင့်မတူတော့။ လင်းယုန်ငှက်တစ်ကောင်၏ အော်မြည်သံနှင့် တူနေလေ သည်။

အခန်းထဲသို့ ကျွန်တော် ဝင်သွားသောအခါ၊ ကျွန်တော့်အား နက်မှောင် သော ဒစူးရှသော မျက်လုံးအစုံက ဆီးကြိုလျက်ရှိသည်ကို တွေ့ရ၏။

နက်မှောင်သော စူးရှသော မျက်လုံးအစုံသည် အပူပိုင်းဒေသ၏ ရာသီဥတု ဒဏ်ကြောင့်လည်း စိုးရိမ်မှုပြင်းထန်လွန်း၍ စိတ်သောကကြောင့် လည်းကောင်း၊ ဝါကျင်ကျင် နီစပ်စပ်ရှိနေသော မျက်လုံးအိမ်အတွင်းမှနေ၍ ကျွန်တော့်အား မျက်တောင်မခတ်ဘဲ စူးစိုက်၍ ကြည့်နေခြင်းဖြစ်၏။

ကက်ပတိန်ဟယ်ဆလေ၏ ရုပ်အသွင်မှာ မည်းနက်သော်လည်း ဖြူကြောင် ကြောင်ဖြစ်နေသော မုတ်ဆိတ်ပါးမြိုင်းမွေးများကြောင့် အသက်အရွယ်မည်မျှရှိပြီဟု ခန့်မှန်း၍ မရနိုင်လောက်အောင် ဖြစ်နေ၏။

ဖြူကြောင်ကြောင်အရောင်များဖြင့် ရောစွက်နေသော မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများမှာ နောက်သို့လှန်၍ ဖီးထားသော အနက်ရောင်ဆံပင်နှင့် ကာရန် ကိုက်နေသည်ဟု ထင်ရ၏။ မည်းနက်သော်လည်း စူးရှတောက်ပြောင်နေသည့် ဟယ်ဆလေ၏ မျက်စိအစုံကိုပါ ထည့်၍တွက်လိုက်လျှင် ကက်ပတိန်ဟယ်ဆ လေ၏ မျက်နှာတစ်ခုလုံးသည် အချိုးအချညီသောရတုပိုဒ်စုံကဲ့သို့ ရှိနေလိမ့်မည်ဟု ထင်မှတ်ရ၏။

ကက်ပတိန်ဟယ်ဆလေ၏ ကိုယ်ခန္ဓာမှာ မျက်နှာအမူအရာနှင့် မလိုက် အောင် သေးငယ်နေမည်ဟု ထင်မှတ်မိ၏။ ကိုယ်ခန္ဓာသေးငယ်သလောက် စိတ် ဓာတ်ပြင်းပြသူတစ်ဦးဟု ဆိုရပေမည်။

သူ့အား ကျွန်တော်က ရင်ဆိုင်တွေ့လိုက်ရသည့်အချိန်တွင်၊ ဤသို့ ဂရု တစိုက်အကဲခတ်မိခြင်းမဟုတ်။ သူနှင့်တွေ့ဆုံပြီးမှ သူ့အကြောင်းကို စဉ်းစား



ရင်း တရေးရေးပေါ်လာသော သူ၏ရုပ်ပုံလွှာပင်ဖြစ်၏။

မည်သို့ပင်ဖြစ်စေ၊ ဟယ်ဆလေသည် လူတစ်ယောက်အား စပါးကြီး မြွေညို့သကဲ့သို့လည်း သံလိုက်ဓာတ်ဖြင့် ဆွဲယူလိုက်သကဲ့သို့ လည်းကောင်း ကြည့် နိုင်သည်ကို ကျွန်တော်က ဝန်ခံရမည်ဖြစ်၏။

ဟယ်ဆလေ၏မျက်နှာတွင် အထူးခြားဆုံးသော အရာမှာ မျက်စိအစုံပင် ဖြစ်၏။

ပိုမိုထူးခြား တောက်ပြောင်နေသည်နှင့်အမျှ မျက်လုံးအစုံက ကျောက် သလင်းကဲ့သို့ မာကျောနေလေသည်။

"အခန်းတံခါးကို ပိတ်လိုက်ပါ"

ကက်ပတိန်ဟယ်ဆလေက ပထမအရာရှိ ဟင်ဒရစ်အား ပြောလိုက်၏။

ဟယ်ဆလေ၏ အသံမှာ ကြမ်းတမ်းခြင်းမရှိ။ နူးညံ့ပျော့ပျောင်းနေသည် ဟုပင် ဆိုရမည် ဖြစ်၏။

ဟယ်ဆလေသည် စားပွဲခုံတစ်ခုကို မှီလျက်ရပ်နေပြီး သူ၏သေးသွယ် သော လက်ချောင်းများက စားပွဲခုံအစွန်းတွင် ခင်းထားသော သားရေပေါ်တွင် စည်းချက်လိုက်နေသကဲ့သို့ တရွရွလှုပ်ရှားနေလေသည်။

"မင်းက ကင်းမှူးပဲလား"

သင်္ဘောပထမအရာရှိ ဟင်ဒရစ်က အခန်းတံခါးကို ပိတ်လိုက်ပြီးသည့် အချိန်တွင်၊ ကက်ပတိန်ဟယ်ဆလေက ကျွန်တော့်ကို မေးလိုက်ခြင်းဖြစ်၏။

"ဟုတ်ပါတယ် ခင်ဗျာ"

"ကင်းမှူးတာဝန်ကို မင်းက ယူထားပေမဲ့၊ မင်းရဲ့လက်အောက်ခံလူတွေက အထူးတာဝန်ယူပြီး စောင့်ရှောက်နေရတဲ့ သေတ္တာတွေအနက်၊ သေတ္တာတစ်ခုကို ဖွင့်တယ်လို့ ကျုပ်ကြားသိရတယ်။ သေတ္တာထဲမှာ ဘယ်လိုပစ္စည်းတွေ ပါတယ် ဆိုတာကိုလည်း မင်းနဲ့တကွ မင်းလက်အောက်က ရဲဘော်နှစ်ယောက်က သိရှိပြီး ဖြစ်တာကလည်း ရှင်းနေပြီ"

ကက်ပတိန်ဟယ်ဆလေ၏ အသံသည် ယခုတိုင် နူးနူးညံ့ညံ့ပျော့ပျော့ ပျောင်းပျောင်းပင် ရှိနေ၏။ သူ၏ မည်းနက်၍တောက်ပြောင်စူးရှသော မျက်လုံးအစုံ ထဲမှ ကျွန်တော့် မျက်နှာကို မျက်တောင်မခတ်ဘဲ ကြည့်နေလေသည်။

"ဟုတ်ပါတယ် ခင်ဗျာ"

ကျွန်တော်က ကျွန်တော့်အပြစ်ကို ဝန်ခံလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့၊ ကျွန်တော့်လက်အောက်က ရဲဘော်နှစ်ယောက်က သေတ္တာတစ်ခုကို ဖွင့်တဲ့ ကိစ္စမှာ..."

ကျွန်တော့် စကားမဆုံးခင်ပင် ကက်ပတိန်ဟယ်ဆလေက ကြားဝင်၍ ပြောလိုက်၏။

"ဒီကိစ္စနှင့် ပတ်သက်ပြီး၊ မင်းရဲ့ ထင်မြင်ချက်ကို ကျုပ်အလိုမရှိဘူး"

ကက်ပတိန်ဟယ်ဆလေ၏အသံမှာ ယခုအထိပင် နူးညံ့ပျော့ပျောင်းလျက် ရှိနေသေး၏။ သို့ရာတွင် ကြောင်လက်သည်းဝှက်သကဲ့သို့ အုပ်ရန်အချိန်မရောက်သေးသောကြောင့် နူးညံ့နေသေးခြင်းပင် ဖြစ်သည်ဟု ထင်ရ၏။

"ကင်းမှူးရဲ့တာဝန်ကို ယူထားရတဲ့၊ မင်းလို ဒုတပ်ကြပ်တစ်ယောက်က လက်အောက်ငယ်သားနှစ်ယောက် သေတ္တာတစ်လုံးကို ဖောက်တဲ့အထိ မသိတာ အရုပ်ဆိုးလှတယ်။ ဒီသေတ္တာတွေထဲမှာပါတဲ့ ငွေချောင်းတွေဟာ ငါးသိန်းကျော်ကျော်ဖိုးလောက် တန်ဖိုးရှိတယ်။ ဒီငွေချောင်းတွေဟာ အင်္ဂလန်ပြည်က ပို့လိုက်တဲ့ လက်နက်တွေအတွက် ရုရှားအစိုးရက အင်္ဂလိပ်အစိုးရကို ပေးဆပ်လိုက်တဲ့ ငွေတွေလည်း ပါတယ်။ အင်္ဂလန်ပြည် လိဗ်မြို့မှာ ကျုပ်တို့သင်္ဘောဆိုက်ကပ်တဲ့အခါကျတော့ သက်ဆိုင်ရာ ငွေတိုက်အရာရှိတွေကို လွှဲအပ်ပေးရမယ့် ငွေတွေပဲ။ ငွေတိုက်အရာရှိတွေက ချိပ်တံဆိပ် အမှတ်အသား ပျက်ပြီး ပါလာတဲ့ သေတ္တာကို ဘယ်လိုလုပ်ပြီး အသာတကြည် လက်ခံပါ့မလဲ။ ဒီတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး မင်းနဲ့တကွ မင်းရဲ့ရဲဘော်တွေအပေါ်မှာ ကျုပ်က ဘယ်လို အရေးယူပြီး၊ သက်ဆိုင်ရာကို ဘယ်လိုအစီရင်ခံရမယ်ဆိုတာ မင်းတို့ရဲ့ နောက်ပိုင်းအပြုအမူပေါ်မှာ မူတည်နေတယ်။ ဒီသေတ္တာတွေထဲမှာ ဘာပစ္စည်းတွေ ပါတယ်ဆိုတာ သိတဲ့လူဟာ ယောဒီအခန်းထဲမှာရှိတဲ့၊ ယောဒီလူလေးယောက်နဲ့ မင်းရဲ့ ရဲဘော်စစ်သားနှစ်ယောက်ပဲ။ ဒီတော့ အရေးအကြီးဆုံးက မင်းရဲ့ရဲဘော်နှစ်ယောက်က ဒီသေတ္တာတွေထဲမှာ ဘာတွေပါတယ်ဆိုတာ တခြားသင်္ဘောသားတွေကို သင်္ဘောပေါ်မှာ လိုက်ပါလာတဲ့ လူ မှန်သမျှကို ထုတ်မပြောဘဲ လုံးဝရေငုံနှုတ်ပိတ်နေဖို့ အရေးကြီးတယ်။ မင်းရဲ့ ရဲဘော်နှစ်ယောက်က ငွေချောင်းတွေပါတဲ့အကြောင်း ဘယ်သူ့ကိုမှ မပြောသေးဘူးဆိုတာ သေချာရဲ့လား"

နူးညံ့ပျော့ပျောင်းနေသော ကက်ပတိန်ဟယ်ဆလေ၏ အသံက တဖြည်းဖြည်း တစ်စစ မုန်တိုင်းထန်သကဲ့သို့ ပြင်းထန်၍ လာလေသည်။

"ကျွန်တော့်ရဲဘော်နှစ်ယောက်က ဒီအကြောင်းကို ဘယ်သူ့ကိုမှ မပြောသေးဘူးဆိုတာ သေချာပါတယ်"



ကျွန်တော်က ရဲရဲကြီး အာမခံချက်ပေးလိုက်၏။

"ကောင်းပြီ"

ကက်ပတိန်ဟယ်ဆလေက ခေါင်းကို တစ်ချက်မျှ ညိတ်၍ပြောလိုက်၏။

"စစ်ကြီးဖြစ်နေတဲ့အချိန်မှာ သင်္ဘောသားတွေကို စိတ်ကြိုက်ရွေးနေဖို့ အချိန်မရဘူး။ ရတဲ့လူကို ကောက်ပြီး ခေါ်ခဲ့ရတယ်။ ဒီတော့ သင်္ဘောသားတွေကို သင်္ဘောပေါ်မှာ ငါးသိန်းကျော်ကျော်တန်တဲ့ ငွေချောင်းတွေ ပါတယ်ဆိုတာကို လုံးဝမသိစေချင်ဘူး။ မင်းက ဒီလျှို့ဝှက်ချက်ကို မပေါက်ကြားအောင် ထိန်းသိမ်းထားမယ်ဆိုရင်၊ သက်ဆိုင်ရာကို အစီရင်ခံတဲ့အချိန်မှာလည်း မင်းအတွက် ကျုပ်က ပေါ့ပေါ့လျော့လျော့ စဉ်းစားရမှာပေါ့။ ကျုပ်ပြောတာကို သေသေချာချာ နားလည်ရဲ့လား"

"နားလည်ပါတယ် ကက်ပတိန်"

ဟယ်ဆလေက ကျွန်တော့်အား သွားခွင့်ပြုကြောင်း အခန်းတံခါးရှိရာသို့ မေးငေါ့၍ ပြလိုက်ပြီး၊ သူ့မျက်စိအစုံကို အရာခံဗိုလ်ရန်ကင်း၏ မျက်နှာပေါ်သို့ မီးမောင်းကြီး နှစ်ခုထိုး၍ ထားသကဲ့သို့ ထားသည်ကို တွေ့လိုက်ပါ၏။

အခန်းအပြင်ဘက်သို့ ကျွန်တော်ထွက်လာသောအခါ အရာခံဗိုလ်ရန်ကင်းနှင့် အတူ သင်္ဘောပထမအရာရှိ ဟစ်ဒရစ်ပါ ကျန်နေရစ်ခဲ့လေသည်။

ကျွန်တော်တို့ အခန်းရှိရာသို့ ရောက်ရှိသွားသောအခါ ကျွန်တော်က ဖြစ်ကြောင်းကုန်စင်ကို ပြန်၍ ဖောက်သည်ချလိုက်ပြီး၊ သေတ္တာထဲတွင် ငွေချောင်းများပါရှိသည့်အကြောင်းကို ရေငုံနှုတ်ပိတ်နေကြရန် မေတ္တာရပ်ခံလိုက်၏။

နှစ်ဦးစလုံးကပင် တစ်လုံးတစ်ပါဒမျှ ဖွင့်ဟခြင်းမရှိဘဲ လုံးဝလျှို့ဝှက်ထားမည်ဖြစ်ကြောင်း အလေးအနက် စကားဆိုကြ၏။

ကျွန်တော်နှင့် တကွ ကျွန်တော့် ရဲဘော်နှစ်ဦးက အထူးကုန်ပစ္စည်းများဟုဆိုသော သေတ္တာများထဲတွင် ငွေချောင်းများပါရှိသည့်အကြောင်းကို တစ်ဦး တစ်ယောက်ကိုမျှ လေသံမဟသည့်တိုင် အရာခံဗိုလ်ရန်ကင်းက ကျွန်တော်တို့ကို နှုတ်လုံမည်မဟုတ်ဟု တွေးမိ၏။

အရာခံဗိုလ်ရန်ကင်းသည် သင်္ဘောအင်ဂျင်နီယာချုပ်နှင့်အတူ ဖဲသံစားသိုက်၊ အရက်သောက်လိုက်ဖြင့် ပုလင်းတူဘူးဆို့ဖြစ်နေခဲ့ရာ ဤသို့သော လျှို့ဝှက်ချက်သည် အမူးသမားနှင့် ကစားသမားဖြစ်သော အရာခံဗိုလ်ရန်ကင်းထံမှ တစ်ဆင့်

www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောအင်ဂျင်နီယာချုပ်ထံသို့ မပေါက်ကြားဘဲ နေနိုင်ပါမည်လား။

အချိန်မှာ ည ၁၁ နာရီကျော်ကျော်ခန့်သာ ရှိသေးသည်။ ရဲဘော်ကြီးကွတ်ထံမှ ကင်းတာဝန်ကို ပြောင်းယူရန် နှစ်နာရီခန့်လိုနေသေး၏။ ကျွန်တော့် ကင်းအလှည့်မကျမီ တစ်ရေးလောက် အိပ်ထားလိုက်မည်ဟု စိတ်ကူးပြီး အခန်းထဲသို့ဝင်ကာ အိပ်ပုခက်ပေါ်တွင် လှဲချလိုက်၏။

သို့သော် အိပ်၍မရ။

ကျွန်တော့်စိတ်မှာ တွေ့ခဲ့ရသော အရေးခင်းများကြောင့် လှုပ်လှုပ်ရှားရှားဖြစ်နေ၏။

ထမင်းချက် ရဲဘော်ကြီးထံမှ အတင်းအဖျင်းကြားခဲ့ရသော သတင်းများသည်လည်းကောင်း၊ ကက်ပတိန်ဟယ်ဆလေ၏ ရာဇသံစကားသည်လည်းကောင်း၊ မစ္စဂျနီဖာထံမှ သိခဲ့ရသော နာဇီစစ်အကျဉ်းစခန်းအကြောင်းသည်လည်းကောင်း ကျွန်တော့်စိတ်ကို ပို၍ လှုပ်ရှားနေစေ၏။

စကားပြောရာတွင် ပျော့ပျောင်းနူးညံ့သည်ဟု ထင်ရသော်လည်း မျက်လုံးအစုံက ကျောက်သလင်းကဲ့သို့ မာကျောလျက်ရှိသော သင်္ဘောကက်ပတိန် ဟယ်ဆလေသည် သင်္ဘောပထမအရာရှိဖြစ်သူ ဟင်ဒရစ်နှင့်မှ အဘယ်ကြောင့် အမြဲတစေ သင်္ဘောထဲရှိနေပါသနည်း။

နားရွက်ဖျား မေးဖျားအထိရှည်လျားသော အမာရွတ်ကြီးကလည်း ဟင်ဒရစ်၏ နောက်ကြောင်း ရာဇဝင်ကို လှန်၍ ပြနေသကဲ့သို့ ထင်ရ၏။

ကျွန်တော့်စိတ်က လှုပ်ရှားနေသလို သုံးရောင်ခြယ်သင်္ဘော၏ စက်များကလည်း လှုပ်ရှားနေ၏။

သုံးရောင်ခြယ်သည် ဘာရင့်ပင်လယ်တောင်ဘက် အစွန်းမှ နေ၍ အင်္ဂလန်ပြည်လိဗ်ပူးမြို့ရှိရာသို့ တငြိမ့်ငြိမ့် ခုတ်မောင်းလျက် ရှိနေလေသည်။

သင်္ဘောက တငြိမ့်ငြိမ့်လှုပ်ရှားနေသော်လည်း ကျွန်တော်က အိပ်၍မရ။

အတန်ကြာလာသောအခါ တငြိမ့်ငြိမ့်လှုပ်ရှားနေသော သင်္ဘောသည် နိမ့်ချည်မြင့်ချည် ရှေ့ထိုးနောက်ငင်ဖြစ်လာသည်။ ဆင့်၍ ဆင့်၍ တက်လာသော လှိုင်းလုံးများက သင်္ဘောဦးပိုင်းမှနေ၍ တိုက်စစ်ဆင်နေပြီဟု ထင်ရ၏။

ကျွန်တော့်တစ်ကိုယ်လုံးမှာ အိပ်ပုခက်ထဲတွင် သင်္ဘော၏လှုပ်ရှားမှုအတိုင်း ရှေ့ထိုးနောက်ငင် ဖြစ်နေလေသည်။

အိပ်ပုခက်ထဲတွင် လဲလျောင်းနေရာမှ ထ၍ ထိုင်လိုက်သောအခါ ကျွန်တော့်



ကိုယ်တစ်ပိုင်းက နောက်ဘက်သို့ပြန်၍ လဲကျသွား၏။ ကျွန်တော်က အိပ်ပုခက်အစွန်းနှစ်ဖက်ကို လက်ဖြင့် မြဲမြဲဆုပ်ကိုင်ကာ ကြမ်းပေါ်သို့ ဆင်းလိုက်၏။

သေတ္တာနှစ်ခုအကြားတွင် ရဲဘော်ကလေးဆီးက မှုးဝေအော့အန်လျက်ရှိနေသည်ကို တွေ့ရ၏။ သူ့တစ်ကိုယ်လုံးမှာ ချွေးစေးများဖြင့် စိုထန်းထန်းဖြစ်နေသည်။ ခြေဖျားလက်ဖျားများ အေးစက်၍နေလေသည်။

ရဲဘော်ကလေးဆီးအား အိပ်ပုခက်ပေါ်သို့ ပြန်၍တင်ပေးခဲ့ပြီး ကျွန်တော်က အခန်းပြင်ဘက်သို့ ထွက်လာခဲ့၏။

ရဲဘော်ကြီးကွတ်က ကင်းတာဝန်ကို ထမ်းဆောင်လျက် ရှိလေသည်။

"ဆီးတော့...နေထိုင်မကောင်းဖြစ်နေပြီ။ ကျုပ်အလှည့်မရောက်ခင် တစ်ပတ်လောက် လမ်းလျှောက်လိုက်ဦးမယ်"

ကျွန်တော်က ဤသို့ပြောပြီးနောက် ထွက်လာခဲ့၏။

ည ၁၂နာရီခွဲနေပေပြီ။

သင်္ဘောပဲ့စင်ရှိရာနှင့် အထက်အောက်သာ ခြားသော ကုန်းပတ်အထိ ကျွန်တော်က ရောက်လာပြီး လေကွယ်သည့်နေရာတွင် ရပ်၍နေလိုက်၏။

လေက မုန်တိုင်းငယ်တစ်ခု၏ နိဒါန်းအဖြစ် တဝှီးဝှီးတိုက်ခတ်နေသလို လှိုင်းလုံးများကလည်း အမောက်ထောင်နေသော မြွေနဂါးကြီးတစ်ကောင်ကဲ့သို့ သင်္ဘောဦးကို ဆင့်ကာဆင့်ကာ အပြေးအလွှားတိုက်ခတ်နေ၏။ ညနက်မှောင်မှောင်တွင် ငွေရောင်လှိုင်းခေါင်းဖြူများကို တွေ့နေရခြင်းမှာ မြွေနဂါးကြီး၏ ငွေအမောက်ကြီးများကဲ့သို့ ထင်နေရလေသည်။

ကျွန်တော့်ခေါင်းပေါ်ရှိ ပဲ့စင်ထက်မှ ခြေသံများကိုကြားရ၏။ ပဲ့စင်ရှိ ကြမ်းပြင်ကို နင်း၍နေသော ခြေသံများ။

ခြေသံများသည် ရုတ်တရက် ရပ်၍သွားပြီးနောက် စကားပြောသံများပေါ်ထွက်လာ၏။

"လေကတော့ ဆက်ပြီးထန်နေလိမ့်ဦးမယ်"

ကက်ပတိန်ဟယ်ဆလေ၏ အသံဖြစ်ကြောင်း ကျွန်တော်က ကောင်းစွာသိရှိလိုက်ရ၏။

"နက်ဖြန်အထိ လေကထန်နေဦးမှာပဲ"

ဤအသံမှာ ပထမသင်္ဘောအရာရှိ ဟင်ဒရစ်၏အသံပင် ဖြစ်သည်။

"ကျုပ်တို့အဖို့ တိုင်း၍ရက်တဲ့ ပက္ကလာမိုးရွာတာနဲ့ အသင့်သင့်ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



တာပေါ့”

သဘော်ကက်ပတိန် ဟယ်ဆလေက ပြန်ပြောလိုက်၏။

သူတို့နှစ်ဦးသည် တီးတိုးပြောဆိုနေခြင်း ဖြစ်သော်လည်း ကျွန်တော်ရပ်နေသည့်နေရာက သူတို့ထက် လေအောက်ကျပြီး ပဲ့စင်အောက်သို့ ရောက်နေခြင်း ဖြစ်သောကြောင့် သူတို့ပြောသည့်စကားသံကို တစ်စွန်းတစ်စ ကြားလိုက်ရခြင်းဖြစ်၏။

“နက်ဖြန်ညကျရင်တော့ လုပ်ရတော့မှာပဲ။ နာရီတွေကို အချိန်ရွေ့ထားပြီးပြီလား”

ကက်ပတိန်ဟယ်ဆလေက ပထမအရာရှိ ဟင်ဒရစ်အား မေးမေးပြောပြော ပြောလိုက်၏။

“ရွှေ့ထားပြီးပြီ။ နက်ဖြန်ညနှစ်နာရီက မနက်လေးနာရီအထိ အချိန်အတွင်း ‘ဂျူတ်’က ပဲ့ကိုင်ပြီး ရှိနေလိမ့်မယ်”

ဟင်ဒရစ်က ဤသို့ပြန်ပြောလိုက်သည်တွင်...

‘ကောင်းတယ်။ ကျုပ်တို့ နက်ဖြန်ညကျရင် လုပ်ရတော့မှာပဲ’ ဟု ကက်ပတိန် ဟယ်ဆလေကပြောရင်း ပဲ့စင်အခြားတစ်ဖက်သို့ ထွက်သွားသောကြောင့် ကျွန်တော်က နောက်ထပ်စကားတစ်ခွန်းမျှမကြားရဘဲ ဖြစ်သွားလေသည်။

ပဲ့စင်တစ်ဖက်မှ အခြားတစ်ဖက်သို့ လျှောက်သွားသော ကက်ပတိန် ဟယ်ဆလေ၏ ခြေသံက ကျွန်တော့်ခေါင်းပေါ်ရှိ ပဲ့စင်ကြမ်းပေါ်ထက်တွင် ပဲ့တင်ရိုက်၍ ကျန်ရစ်ခဲ့လေသည်။

ကျွန်တော်သည် ရပ်နေသည့်နေရာမှ တစ်ဖဝါးမျှ မခွာဘဲ ရပ်မြဲရပ်နေမိ၏။ ကျွန်တော့် ခေါင်းထဲတွင် မေးခွန်းပေါင်းများစွာက စုပြုံတိုးဝင်လျက်ရှိနေ၏။

ကက်ပတိန်ဟယ်ဆလေနှင့် သဘော်ပထမအရာရှိ ဟင်ဒရစ်တို့ အပြန်အလှန် ပြောဆိုကြသည့် စကားများတွင် နာရီအချိန်များကို ရွှေထားမည်ဟူ၍လည်းကောင်း၊သဘော်သား ‘ဂျူတ်’က နက်ဖြန်ည နှစ်နာရီနှင့် လေးနာရီအကြားတွင် သဘော်ကို ပဲ့ကိုင်လျက် ရှိမည်ဟူ၍ လည်းကောင်း ပါရှိနေခြင်းသည် ဝိသေသ ထူခြားလျက် ရှိနေသည်ဟု ကျွန်တော်က စဉ်းစားမိ၏။

ထမင်းချက်ရဲဘော်ကြီးထံမှကြားသိခဲ့ရသော အတင်းအဖျင်းသတင်းများ အရ ‘ဂျူတ်’ဆိုသော သဘော်သားမှာ ပီနန်သဘော်တွင် ဟယ်ဆလေနှင့် အတူ လိုက်ပါဖူးသူတစ်ဦး ဖြစ်ကြောင်း ကျွန်တော်က သိထားခဲ့ပြီးဖြစ်၏။



ကက်ပတိန်ဟယ်ဆလေနှင့် ပထမအရာရှိဟင်ဒရစ်တို့တွင် နာရီအချိန်များကို ရွှေ့ထားနိုင်သည့် အခွင့်အရေးရှိသည်မှာ အမှန်ပင် ဖြစ်၏။ သဘော်သားတစ်ယောက်ဖြစ်သော ဂျူတ်ကိုလည်း သဘော်ကို ပဲ့ကိုင်ရန် တာဝန်ပေးနိုင်သည်မှာလည်း အမှန်ပင် ဖြစ်သည်။

သို့ရာတွင် ကက်ပတိန်ဟယ်ဆလေက နက်ဖြန်ညမှာ သူတို့အဖို့ လော၍နေခြင်းသည်လည်းကောင်း၊ ညနှစ်နာရီနှင့် နံနက်လေးနာရီအကြားတွင် သဘော်သားဂျူတ်က ပဲ့ကိုင်လျက် ရှိနေမည်ဆိုခြင်းသည် လည်းကောင်း သူတို့အဖို့ တိုင်း၍ရက်သည် ပက္ကလာမိုးရွာသည်နှင့် အဆင်သင့်ဖြစ်မည်ဟု အဘယ်ကြောင့် စကားဆိုခဲ့ပါသနည်း။

နာဇီဂျာမဏီဘက်မှ ‘ယူဘုတ်’ တစ်စင်းစင်းက ကျွန်တော်တို့ စီးနင်းလိုက်ပါလာသော သုံးရောင်ခြယ်သဘော်ကို ဘေးအန္တရာယ်ပြုရန် လိုက်ပါလာသည့်အတွက် ဤသို့သော စကားမျိုးကို တာဝန်ရှိသော ကက်ပတိန်နှင့် ပထမအရာရှိတို့က ဆိုခဲ့ခြင်း ဖြစ်ပါသလား။

နားစွန်နားဖျားကြားခဲ့ရသော စကားများနှင့် ပတ်သက်၍ အကြောင်းပြချက်ပေါင်း တွေးတောချက်ပေါင်း တစ်ဒါဇင်ကျော်ခန့် ရှိနေလေသည်။

ဤအကြောင်းအချက်များကို စဉ်းစားလိုက်တိုင်း ကျွန်တော့်မှာ စိတ်မအေးနိုင်လောက်အောင် ဖြစ်နေရလေသည်။

ပဲ့စင်အောက်ဘက်ရှိ သဘော်ဝဲဘက်တွင် အချိန်မည်မျှကြာအောင် ကျွန်တော်က ရပ်နေမိသည်မသိ။ ကျွန်တော့်တစ်ကိုယ်လုံး ထုံကျဉ်ကိုက်ခဲလာတော့မှပင် ကျွန်တော့်အဖြစ်ကို ကျွန်တော်ပြန်၍ သတိရလာ၏။ ကျွန်တော်သည် တာဝန်ကျရာအခန်းသို့ ပြန်၍ လျှောက်လာခဲ့၏။

မြွေနဂါးကြီးပေါင်း မြောက်မြားစွာတို့၏ အစွယ်ဖွေးဖွေးဖြင့် လာရောက်တိုက်ခိုက်ခြင်းကို ခံနေရသကဲ့သို့၊ ကျွန်တော်တို့ သဘော်လေးဖက်လေးတန်တွင် အိမ်ခေါင်မိုးလောက်မြင့်သော လှိုင်းခေါင်းဖြူကြီးများက တဝုန်းဝုန်း တရုန်းရုန်း ရိုက်ခတ်မြည်ဟည်းလျက် ရှိသည်ကို တွေ့ရ၏။

ကျွန်တော့် ကင်းအလှည့်သို့ ရောက်နေပြီဖြစ်သောကြောင့် ရဲဘော်ကြီး ကွတ်၏ နေရာတွင် ဝင်၍ တာဝန်ယူလိုက်၏။

“အသောင်းပြေ အညာပြေလမ်းလျှောက်ဖို့ ထွက်သွားတဲ့လူက ကြာလှချည်လား။ သဘော်ပေါ်က ရေထဲကို လိမ့်ကျပြီး သေပြီလို့တောင် မှတ်နေတာ”

www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်ကြီးကွတ်က ဤသို့ ခနဲ့တဲ့တဲ့ပြောရင်း စီးကရက်တစ်လိပ်ကို မီးညှိလိုက်၏။ လေကတဝူးဝူးတိုက်ခတ်နေသောကြောင့် မီးခြစ်ကို လက်ဝါးနှစ်ဖက်ဖြင့် အသေအချာအုပ်၍ ဂရုတစိုက် မီးခြစ်နေရလေသည်။

ရဲဘော်ကြီးကွတ်က ခနဲ့တဲ့တဲ့ပြောနေသည့်တိုင်အောင် ကျွန်တော်က စကားပြန်၍မပြောမိ။ ကျွန်တော်တို့သည် အတန်ကြာအောင် ငြိမ်သက်၍ နေကြ၏။

ရဲဘော်ကြီးကွတ်သည် သင်္ဘောလက်ရန်းကို မှီလိုက်ရင်း ဝေလငါးကြီးများကဲ့သို့ ကြီးမားမြင့်မောက်သော လှိုင်းလုံးကြီးများကို ငေး၍ကြည့်နေသည်။

ခဏကြာ…မှ

'မောင်ရင်က…တယ်ပြီး…ဒီကနေ့ည နှုတ်ဆိတ်နေပါကလား၊ သေတ္တာက ချိပ်တံဆိပ်တွေ ခြေရာလက်ရာ ပျက်သွားတဲ့အတွက် စိတ်မကောင်း ဖြစ်နေတာလား'ဟု ကျွန်တော့်အား စကားနာထိုးလိုက်၏။

'ဒါကြောင့်လည်း မဟုတ်ပါဘူးဗျား' ကျွန်တော်က လေအေးအေးဖြင့်ပင် အဖြေပေးလိုက်၏။ သို့တိုင်အောင် ကျွန်တော့်လေသံတွင် စိတ်ပျက်အားလျော့သည့် အသံများပါနေကြောင်းကို ကျွန်တော်ကိုယ်တိုင်ပင် သတိထားလိုက်မိ၏။

"ဒီလိုဖြင့်လည်း ကောင်းပါလေရဲ့ဗျာ၊ ဒါပေမဲ့…တစ်ခုခုကြောင့် စိတ်မချမ်းသာဖြစ်နေမိတာတော့ အမှန်ပဲ မဟုတ်လား…"

ရဲဘော်ကြီးကွတ်က ကျွန်တော့်မျက်နှာကို သူ့လက်ထဲမှ စီးကရက်မီးရောင်ဖြင့် မသိမသာ အကဲခတ်လိုက်ရင်း ပြောလိုက်သောစကားဖြစ်၏။

ကျွန်တော်က…ကက်ပတိန်ဟယ်ဆလေနှင့် ပတ်သက်၍ ထမင်းချက်ရဲဘော်ကြီးထံမှ ကြားခဲ့ရသော အတင်းအဖျင်းသတင်းများနှင့်အတူ မကြာမီကလေးက ကက်ပတိန်ဟယ်ဆလေနှင့် ပထမအရာရှိဟင်ဒရစ်တို့ ပြောဆိုနေကြသော စကားများမှ အနှောင့်မလွတ် အသွားမလွတ်သော စကားများကို ရဲဘော်ကြီးကွတ်အား ပြန်၍ဖောက်သည်ချရန် လျှာတယားယားဖြစ်၍ လာမိ၏။

ဤအခိုက်တွင်ပင်…

'ခင်ဗျားအဆက်ကလေး ဘက်တီအကြောင်းကို တွေးပြီး စိတ်မအေးနိုင်အောင် ဖြစ်နေတာလား။ ခင်ဗျားအဆက်ကလေးရဲ့ ဓာတ်ပုံကို ကျုပ်တို့တော့ တစ်ခါမှ မမြင်ဖူးသေးဘူး' ဟု ရဲဘော်ကြီးကွတ်က ပြောလိုက်သောကြောင့် ကျွန်တော်က အလိုက်သင့်အလျားသင့်ပင်–

'ဟုတ်တယ်…ကျုပ်အဆက်ကလေးအကြောင်းကို စဉ်းစားနေမိတာပါ'



ဟု ပြောလိုက်ရ၏။

"မောင်ရင်နဲ့…မောင်ရင့်အဆက်ကလေးနဲ့ ဆက်ဆံရေး ကောင်းကောင်းမွန်မွန်ပဲ မဟုတ်လား"

ရဲဘော်ကြီးကွတ်က ကျွန်တော့်ကို ဆက်၍မေးခွန်းထုတ်နေပြန်၏။

'ကောင်းတယ်ရယ်လို့လည်း မဟုတ်ဘူး၊ မကောင်းဘူးရယ်လို့လည်း မဟုတ်ဘူး' ကျွန်တော်က စကားကို မတင်မကျပြောလိုက်၏။

ကြည်းတပ်ထဲသို့ ကျွန်တော်ရောက်လာစကပင်၊ ဘက်တီက ကျွန်တော့်အား ကြည်းတပ်မှ ပြန်တမ်းဝင် အရာရှိကလေးတစ်ယောက် ဖြစ်စေလိုသည်မှာ အလွန်ထင်ရှားနေ၏။ သို့ရာတွင် ကျွန်တော်က ကြည်းတပ်တွင် အမှုထမ်းရန် နည်းနည်းကလေးမှ စိတ်မပါ။ ရေနှင့်ပတ်သက်သော ဌာနတွင်သာ အမှုထမ်းလိုစိတ်ပြင်းပြနေ၏။ သို့ရာတွင် ကျွန်တော်ရောက်လိုသော ရေတပ်ထဲသို့ မရောက်ရဘဲ ကြည်းတပ်တွင် ဝင်ရောက်အမှုထမ်းရသောအခါ ကျွန်တော့်မှာ မည်သည့်အဆင့်အတန်းရာထူးကိုမှ လိုချင်စိတ်မရှိဘဲ ကြည်းတပ်မှ ထွက်ခွင့်ရရန်ကိုသာ လုံးပန်းနေခဲ့သူဖြစ်၏။ ဤသို့ လုံးပန်းနေရာတွင် ဘက်တီက ကျွန်တော့်အား ကြည်းတပ်တွင် ပြန်တမ်းဝင်အရာရှိကလေးဖြစ်ရန်၊ ဗိုလ်သင်တန်းတက်ရန် တိုက်တွန်းနေသောအခါ ကျွန်တော့်မှာ စိတ်အပျက်ကြီးပျက်၍ လာမိလေသည်။

ကျွန်တော်က ကျွန်တော့်စိတ်ကူးနှင့် စိတ်ရှုပ်ကာ စကားမပြောဘဲ ငိုင်၍နေမိလေသည်။

"ကိုယ့်အဆက်ကလေးက…ပြန်တမ်းဝင်အရာရှိကလေး ဖြစ်စေချင်တယ်ဆိုရင်လည်း ကိုယ်က စိတ်မပါသည့်တိုင်အောင် ကျိတ်မှိတ်ပြီး ဖြစ်အောင် ကြိုးစားလိုက်ပေါ့ဗျာ"

ရဲဘော်ကြီးကွတ်က ပြက်လုံးထုတ်ရင်း တဟဲဟဲရယ်၍ ပြောလိုက်၏။

ရဲဘော်ကြီးကွတ်က ပြက်လုံးထုတ်နေသည့်တိုင် ကျွန်တော်က ရယ်မောချင်စိတ်မရှိ။ မကြာမီကလေးက ကြားခဲ့ရသော အနှောင့်မလွတ် အသွားမလွတ်သည့် ကက်ပတိန်ဟယ်ဆလေနှင့် ပထမအရာရှိဟင်ဒရစ်တို့၏ စကားနှင့် ပတ်သက်၍သာ အတွေးလွန်နေမိသည်။

သို့ဖြစ်၍လည်း…

'သင်္ဘောပေါ်ကို ရောက်လာပြီးတဲ့နောက် သင်္ဘောသားတစ်[illegible] စကားလက်ဆုံကျဖူးသလား'ဟု မေးလိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျဖူးတာပေါ့ကွာ။ သင်္ဘောသားတွေနဲ့ အတူတူ ထမင်းစားရတော့ စကားလက်ဆုံကျဖူးတဲ့ လူတွေ အများကြီးပဲပေါ့"

"ဒါဖြင့်...ဂျူတ်ဆိုတဲ့ သင်္ဘောသားကိုများ မှတ်မှတ်ရရ သိဖူးသလား"

"ဂျူတ်ရယ် ဘာရယ်လို့တော့ နာမည်အတိအကျကိုတော့ မမှတ်မိဘူးပေါ့ ကွာ၊ ဒါပေမဲ့ လူကိုမြင်ရင် သိပါတယ်"

"ဒါဖြင့် အီဗန်ဆိုတဲ့ သင်္ဘောသားကိုကော သိသလား"

"ဝေလနယ်သား ကြက်ဖင်စားကလေး မဟုတ်လား။ စကားကို အမျှင်မပြတ်အောင် ပြောတတ်တဲ့အကောင်လေ။ မောင်ရင်က ဘာဖြစ်လို့ မေးနေရ တာလဲ"

ကျွန်တော်က သူမေးသည့်အမေးကို အဖြေမပေးဘဲ–

'နောက်တစ်ခါ ကုန်းပတ်ပေါ်မှာ ဂျူတ်ကို တွေ့ရင် ကျုပ်ကို ပြစမ်းပါ'ဟု ပြောလိုက်၏။

ရဲအော်ကြီးကွတ်က နောက်ထပ် လျှာရှည်၍ မနေတော့ဘဲ 'ကောင်းပြီ' ဟု ဆိုရင်း အခန်းတွင်းသို့ ဝင်သွားလေသည်။

ညသုံးနာရီတွင် ကျွန်တော့်ကင်းလှည့် ပြီးသွားပြီဖြစ်သောကြောင့် ရဲအော်ကလေးဆီးကို ခေါ်လိုက်၏။ ဆီးမှာ အတော်ပင် အားအင်ချည့်နဲ့နေသည်ကို တွေ့ရ၏။

အခန်းထဲတွင် နေသည်ထက် အပြင်ဘက်တွင်နေခြင်းက လေကောင်းလေသန့်များရကာ ရဲအော်ကလေးဆီးအား ပို၍ နေကောင်းအောင် ဖန်တီးပေးနိုင်လိမ့်မည်ဟု ယူဆပြီး ကင်းတာဝန်ကို လွှဲပြောင်း၍ ပေးလိုက်၏။

အခန်းထဲသို့ ကျွန်တော် ဝင်လာသည့် အချိန်အထိ ရဲအော်ကလေးဆီးသည် သင်္ဘောလက်ရန်းကို မှီကာ အော့အန်လျက်ပင် ရှိနေလေသည်။

နောက်တစ်နေ့မှာ မတ်လလေးရက်နေ့ ဖြစ်၏။

၁၉၄၅ ခု မတ်လ ၄ ရက်နေ့တည်း။

အရှေ့ဘက်မှ အရုဏ်ဦး မြူးလာသည့်အချိန်မှစ၍ ကောင်းကင်တစ်ခွင်လုံးမှာ မိုးသားတိမ်လိပ်များဖြင့် ပြည့်နှက်လျက် ရှိနေလေသည်။

မိုးသားများက ပင်လယ်ရေမျက်နှာပြင်အထိ နိမ့်ဆွဲဆင်း၍ လာသည်ဟု ထင်ရ၏။ အဏ္ဏဝါပြင်ကျယ်တစ်ခုလုံးတွင် မြူခြည်ဆိုင်းနေသဖြင့် သင်္ဘောရှေ့ကိုက် ၂၀၀–၃၀၀ ခန့်ကိုသာ မြင်နေရ၏။ လေက မုန်တိုင်းငယ်လေးတစ်ခုအသွင်



ဖြင့် မြောက်နှင့် အနောက်မြောက်ဘက်မှ တသွင်သွင် တိုက်ခတ်လျက် ရှိနေလေသည်။

သုံးရောင်ခြယ်က တိုက်အိမ်ကြီးပမာ မြင့်မားလှသော လှိုင်းများကို ထိုးဆောက်၍ ခုတ်မောင်းနေရလေသည်။

သင်္ဘောဦးမှ တက်၍လာသော လှိုင်းလုံးများသည် သင်္ဘောပဲ့ပိုင်းမှ ဖြာ၍ထွက်နေကြ၏။

ကျွန်တော်တို့ သင်္ဘောရှေ့တွင် အမေရိကန်ကုန်သည်ဟု လျှို့ဝှက်စကား ဖြင့်ခေါ်သော လစ်ဘာတီသင်္ဘော၏ ပဲ့ပိုင်းကို မထင်မရှား ဝိုးတဝါး တွေ့မြင်နေရ၏။

ကျွန်တော်တို့၏ တောင်ဘက်တွင် အခြားကုန်သင်္ဘောနှစ်စင်းကိုလည်း မထင်မရှား တွေ့မြင်နေရ၏။ ဖျက်သင်္ဘောပင့်ကူသည်လည်း ကြီးမားသောလှိုင်းလုံးကြီးများကို လေးကန်သောအရှိန်ဖြင့် ကျော်နင်းနေရလေသည်။ ကျွန်တော်တို့သင်္ဘောသုံးရောင်ခြယ်နောက်တွင်မူ ရေယာဉ်အုပ်စုတွင်ပါသော သင်္ဘောဟူ၍ တစ်စင်းတလေမျှမရှိတော့။ ကျွန်တော်တို့သင်္ဘော ငါးမန်းယက်များမှ ထုတ်လွှတ်လိုက်သည့် ရေလှိုင်းများသည်သာ တစ်မျှော်တစ်ခေါ်ကြီး တသိမ့်သိမ့်လှုပ်၍ ကျန်ရစ်ခဲ့သည်ကို မြင်ရ၏။

သင်္ဘောအုပ်စုကြီးတစ်ခုလုံးတွင် ကျွန်တော်တို့၏ သုံးရောင်ခြည်မှာ နောက်ဆုံးမှ ကျန်နေရစ်ခဲ့ခြင်း ဖြစ်၏။

လှိုင်းလေက ထန်နေသည့်အလျောက်၊ ဂျာမန်ယူဘုတ်များသည် ကျွန်တော်တို့သင်္ဘောအုပ်စုနောက်သို့ လိုက်နိုင်တော့မည်မဟုတ်ဟု ကျွန်တော်က ယူဆမိ၏။

ဤအချိန်တွင် ကျွန်တော်တို့က တာဝန်ကျသောအခန်းပြင်ဘက်တွင် ကင်းတာဝန်ကို ထမ်းဆောင်လျက် ရှိနေရပြန်လေသည်။

မတ်လ ၄ ရက်နေ့နံနက်ပိုင်းအချိန်တွင် ဖျက်သင်္ဘောပင့်ကူသည် ကျွန်တော်တို့ သင်္ဘောသုံးရောင်ခြယ်နှင့် တတ်နိုင်သမျှ နီးကပ်အောင်ဗောချင်းယှဉ်၍လာပြီးနောက်၊ အမေရိကန်ကုန်သည်နှင့် ကပ်၍လိုက်ပါလာရန် နှစ်ကြိမ်သုံးကြိမ် ဆိုင် ညွှန်ကြား အမိန့်ပေးသည်။

ဖျက်သင်္ဘောပင့်ကူမှာ ကြက်ကလေးများကို စိတ်မချသော ကြက်သားအုပ်မကြီးသဖွယ်၊ အခြားကုန်သင်္ဘောများကိုလည်း အမြဲမပြတ် ညွှန်ကြားအမိန့်

www.burmeseclassic.com



ပေးနေသည်ကို တွေ့ရ၏။

မတ်လ ၄ ရက်နေ့၊ ညနေ နှစ်နာရီအချိန်ခန့်တွင် မစ္စဂျနီဖာသည် ကျွန်တော့်ထံသို့ ရောက်လာပြီး စကားစမြည် ပြောဆိုနေ၏။ သူ့ကိုကြည့်ရသည်မှာ မရွှင်မပျ ဖြစ်နေရုံမက ကြမ်းတမ်းသော ပင်လယ်ခရီးကြောင့် နုံးချည့်ချည့်ဖြစ်နေပုံလည်း ရ၏။

ပျော့တော့နေသော အသားအရေကြောင့် ဂျွန်ဒစ်ခေါ်အဖျားရောဂါကို စျဲခံစားနေရပြီဟု ထင်ရ၏။

မစ္စဂျနီဖာက စကော့တလန်ပြည် အိုဗန်အနီးရှိ သူတို့ရွက်တပ်စက်သင်္ဘော အီလီယံမိုးအကြောင်းကို ကျွန်တော့်အား ပြောပြသည်။

၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာသည့်အချိန်တွင် သူ့တို့၏ ရွက်တပ်စက်သင်္ဘော အီလီယံမိုးကို ဗြိတိန်ဘုရင့်ရေတပ်မတော်က သူ၏ ဖခင်ထံမှ စစ်ရေးစစ်ရာအတွက် သိမ်းယူသွားကြောင်းကိုလည်း သူက ကျွန်တော့်အား ပြောပြ၏။

ဂျနီဖာ၏ ပိတုန်းရောင်ကဲ့သို့ နက်မှောင်သောဆံပင်များသည် လေထဲတွင် တဝဲဝဲလှုပ်ရှားလျက် ရှိနေလေသည်။

သွေးရောင်ဟူ၍ မရှိအောင် ဖြူရော်နေသော သူ၏နှုတ်ခမ်းများကို ကြည့်ရခြင်းအားဖြင့် မစ္စဂျနီဖာသည် အလွန်ပင် ကျန်းမာရေးချို့တဲ့လျက်ရှိနေကြောင်း ကျွန်တော်က သတိထားမိသည်။ ဤသို့ သတိထားမိသည်ကို ဂျနီဖာက အကဲခတ်မိသည်ဟု ထင်ရ၏။ အဘယ်ကြောင့်ဆိုသော် သူက ရုရှားပြည် မာမန့်မြို့တွင် နှုတ်ခမ်းနီဘူးတစ်ဘူးမျှ ဝယ်၍မရနိုင်ခြင်းကို ရောမဒုက္ခကြီးအဖြစ် ကျွန်တော့်အား ပြောနေသောကြောင့်ပင်တည်း။

ကျွန်တော်က ...

'နေထိုင်ရ၊ စားရသောက်ရ ကောင်းမွန်ပါရဲ့လား' ဟု မေးလိုက်သောအခါ မစ္စဂျနီဖာက မပြုံးချင်ပြုံးချင် ပြုံးလိုက်ရင်း ...

'ကျွန်မကိုပေးထားတဲ့ အခန်းကလေးကတော့ သိပ်ပြီးမကျယ်လွန်းပေမဲ့ နေလောက် ထိုင်လောက်ပါတယ်။ ဒါပေမဲ့ သင်္ဘောက အရာရှိတွေရဲ့ ဆက်ဆံပုံကိုတော့ မကြိုက်လှဘူး။ ကျွန်မကို ပြုစုစောင့်ရှောက်တဲ့ သင်္ဘောဒုတိယအရာရှိ မစ္စတာကောင်ဆင်ကတော့ ရည်ရည်မွန်မွန်ပါပဲ။ ဒါပေမဲ့ သင်္ဘောကက်ပတိန် ပ..ပ်ဆလေနဲ့ အရက်မူးမူးပြီးနေတဲ့ အင်ဂျနီယာချုပ်ကတော့ တော်တော်ကို



ကြောက်စရာကောင်းတယ်။ သင်္ဘောပေါ်ကို ရောက်လာစက...အရာရှိ ထမင်းစားခန်းထဲမှာ ထမင်းစားပေမဲ့ ခုတော့ ကျွန်မအခန်းထဲမှာပဲ ထမင်းကို လာအပို့ခိုင်းရတယ်' ဟု ပြောလိုက်ရ၏။

"ဘာဖြစ်လို့လဲ...ဂျနီဖာ"

ကျွန်တော်က စိုးရိမ်တကြီးမေးလိုက်မိ၏။

"ထမင်းစားခန်းထဲရောက်သွားရင် အင်ဂျင်နီယာချုပ်က စားပွဲတစ်ဖက်ကနေပြီး ရီသဲ့သဲ့လုပ်လွန်းလို့ပါ။ သူကတော့ အမြဲမူးနေတဲ့လူပဲ၊ မူးတဲ့လူ တစ်ယောက်က ရီသဲ့သဲ့လုပ်တတ်တယ်ဆိုတာ ကျွန်မသိပါတယ်။ ဒါပေမဲ့ အမျိုးတူနိုင်ငံတူအမျိုးသမီးတစ်ယောက်ကို အမျိုးသားတစ်ယောက်က ခုလိုအချိန် ခုလိုအခါမျိုးမှာ ဒီလိုလုပ်မယ်လို့ နည်းနည်းမှ မမျှော်လင့်ခဲ့ဘူး"

"အရာခံဗိုလ်ရန်ကင်းဆိုတဲ့ လူကကော ဘယ်လိုလဲ၊ သူက...အင်ဂျင်နီယာချုပ်နဲ့ အမြဲတွဲနေတဲ့လူပဲ"

ကျွန်တော်က ထပ်၍မေးလိုက်၏။

"သူကတော့...အမျိုးသမီးတွေအပေါ်မှာ စိတ်ဝင်စားတဲ့ လူမျိုးမဟုတ်ပါဘူး"

မစ္စဂျနီဖာက မပွင့်တပွင့်ရယ်၍ အဖြေပေးလိုက်လေသည်။

မစ္စဂျနီဖာနှင့် ကျွန်တော်တို့သည် လေ့လှော်ရွက်တိုက်ခြင်းအတတ်နှင့် ပတ်သက်၍ စကားလက်ဆုံကျနေကြ၏။ လှေအမျိုးအစားများ သင်္ဘောအမျိုးအစားများနှင့် ရေကြောင်းပြောင်းလွဲတတ်ပုံများ၊ လေကြောင်း လှုပ်ရှားတတ်ပုံများကို မိမိတို့တတ်သိနားလည်သလောက် အပြန်အလှန် အသိချင်း ဖလှယ်ကြ၏။

ညနေ နှစ်နာရီခွဲလောက်တွင် မစ္စဂျနီဖာက သင်္ဘောကုန်းပတ်ပေါ်မှ အောက်ထပ်ရှိ သူ့အခန်းရှိရာသို့ ဆင်းသွားသည်။

ညနေသုံးနာရီတွင် ရဲဘော်ကလေးဆီးက ကျွန်တော့်ထံမှ ကင်းတာဝန်ကို လွှဲပြောင်းယူ၏။ သူ့မျက်နှာမှာ သွေးမရှိတော့သကဲ့သို့ ဖြူလျော်၍နေသည်သို့တိုင်အောင် သူက စောစောကထက် နေထိုင်ကောင်းလာပါသည်ဟု ကျွန်တော့်ကို အကျိုးနိခံ၍ပင် ပြောနေသည်။

သို့ဖြစ်၍လည်း ကင်းတာဝန်ကို ရဲဘော်ကလေးဆီးအား လွှဲပြောင်းပေးထားခဲ့ပြီးနောက်၊ ထမင်းချက်ခန်းသို့ ဆင်းကာ မတ်ခွက်တစ်ခွက်ဖြင့် ထိုထိုး

www.burmeseclassic.com

www.burmeseclassic.com



ကို ခပ်ယူပြီး၊သင်္ဘောသားများ ထမင်းစားခန်းသို့ ဝင်လာခဲ့၏။

ထမင်းစားခန်းထဲတွင် ရဲဘော်ကြီးကွတ်သည် သင်္ဘောသား လေးငါးခြောက်ယောက်နှင့်အတူ ဝိုင်းဖွဲ့လျက် ရယ်စရာမောစရာများကို ပြောနေလေသည်။

ကျွန်တော်က ရဲဘော်ကြီးကွတ်အနီးရှိ ကုလားထိုင်လွတ်တစ်ခုတွင် ဝင်ထိုင်လိုက်ရင်း မတ်ခွက်ထဲမှ ကိုကိုးကို တစ်ငုံစီစုပ်ယူ၍ သောက်နေမိလေသည်။

ခဏမျှအကြာတွင် ရဲဘော်ကြီးကွတ်က ကျွန်တော့်အား တံတောင်ဖြင့် မသိမသာတွက်လိုက်ရင်း ...

'မင်းသိချင်တဲ့... အီဗန်ဆိုတာ ဟိုစားပွဲထိပ်မှာ ထိုင်နေတဲ့ လူပေါ့'ဟု တီးတိုးပြောလိုက်၏။

ကွတ်ပြောသည့်အတိုင်း စားပွဲထိပ်သို့ ကြည့်လိုက်သောအခါ အပြာရောင်ဆွယ်တာအင်္ကျီရှည်ကို ဝတ်ထားသော သင်္ဘောသားတစ်ယောက်ကို တွေ့ရ၏။ လူက ဗလသေးသေးပင်ဖြစ်၏။ မျက်နှာက သေးသေးသွယ်သွယ် ပါးပါးလျားလျားနှင့် ကောက်ကျစ်တတ်သည့် အမူအရာရှိသည်ဟု ထင်ရ၏။ ဆံပင်က နက်မှောင်လျက် ရေနံရောင်ကဲ့သို့ ပြောင်လျက်ရှိ နေလေသည်။

အီဗန်သည် သူ့အနားတွင် ထိုင်နေသော သင်္ဘောသားတစ်ယောက်နှင့် စကားလက်ဆုံကျနေ၏။ သူ့အနားတွင် ထိုင်ရင်း စကားလက်ဆုံကျနေသော သင်္ဘောသား၏နှာရိုးမှာ ကျိုးနေသည်ကိုတွေ့ရပြီး လက်ယာဘက် နားရွက်မှာလည်း အပေါ်ပိုင်းမှ ပြတ်လျက်ရှိသည်ကို သတိထားမိ၏။

ကျွန်တော်က မတ်ခွက်ထဲမှ ကိုကိုးကို တစ်ငုံစာမျှစီ ဖိမ်ခံ၍သောက်ရင်း သင်္ဘောသားအီဗန်နှင့် သူ့အဖော်ကို မသိမသာ အကဲခတ်၍ နေမိလေသည်။

ဤသို့အကဲခတ်ရင်း ပီနန်ဟူသော စကားကို ကျွန်တော်က ရုတ်တရက် ထုတ်ဖော်၍ ပြောလိုက်ပါလျှင် အီဗန်က မည်သို့ ဂယက်ရိုက်၍လာမည်ကို စဉ်းစားနေမိ၏။

ရဲဘော်ကြီးကွတ်၏ တစ်ဖက်တွင် ထိုင်နေသော သင်္ဘောသားတစ်ယောက်က သူ့လက်မှ နာရီကို ကြည့်လိုက်ရင်း ...

'ဟ ... လေးနာရီထောင် ထိုးနေပြီ။ သူငယ်ချင်းတို့ လာကြဟေ့'ဟု ဆိုရင်း ထိုင်ရာမှ ထလိုက်၏။

အခြားသင်္ဘောသားနှစ်ယောက်ကလည်း ထိုင်ရာမှထလိုက်ကာ၊ စောစော



က သင်္ဘောသားနှင့်အတူ ထမင်းစားခန်းထဲမှ ထွက်သွားခဲ့လေသည်။

သူတို့သုံးယောက်ထွက်ခွာသွားကြသောအခါ၌ ထမင်းစားခန်းထဲတွင် ကျွန်တော်နှင့် ကွတ်မှအပ သင်္ဘောသားသုံးယောက်သာ ကျန်နေရစ်ခဲ့၏။

တစ်ယောက်က အီဗန်၊ နောက်တစ်ယောက်က နှာခေါင်းရိုးကျိုးကာ လက်ယာနားရွက်အထက်ပိုင်းပြတ်နေသူနှင့် ခဏခဏနှာချေနေသော သင်္ဘောသား အဘိုးကြီးတစ်ယောက်ဖြစ်၏။

အီဗန်က နှာခေါင်းရိုးကျိုးနေသော သူ့အဖော်အား သူစီနင်းလိုက်ပါလာဖူးသည့် သင်္ဘောတစ်စင်းအကြောင်းကို ပြောပြနေလေသည်။

အီဗန်က ဝေလနယ်သားပီပီ စကားကို ဝဲဝဲနှင့် မြန်မြန်ကလေး ပြောနေ၏။ ပြောသည့်အခါတိုင်း ဆိုလိုသည့် အဓိပ္ပာယ်ကို ပေါ်အောင် သူ့လက်နှစ်ဖက်ကို အမြဲလှုပ်ရှားလျက် ပြနေလေသည်။

"ကျုပ် လိုက်ဖူးတဲ့ သင်္ဘောထဲမှာတော့ အဲဒီဂရိလူမျိုးပိုင်တဲ့ သင်္ဘောဟာဖြင့် အရုပ်ဆိုးဆုံး၊ အညစ်ပတ်ဆုံးသင်္ဘောပဲ"

အီဗန်က သူ့စကားကို ဤသို့နိဂုံးချုပ်လိုက်၏။ ကျွန်တော်က ပီနန်အကြောင်းကို ကြားဖောက်၍ မေးလိုက်ချင်သည်။ လျှာပင် တယားယား ဖြစ်၍လာ၏။ မအောင့်နိုင်တော့သည့် အဆုံးတွင် ...

'ဒါဖြင့် ပီနန်သင်္ဘောကကောဗျာ'ဟု လှမ်း၍ မေးလိုက်၏။

အီဗန်၏သေးငယ်သော ဦးခေါင်းသည် ကျွန်တော့်ဘက်သို့ မြွေပွေး၏ ဦးခေါင်းပမာ ဆတ်ခနဲ လှည့်လာ၏။ သူ့မျက်စိအစုံကလည်း မတရားမှုတစ်ခုခုကို ပြုလုပ်တော့မည်ကဲ့သို့ ပို၍ကျဉ်းမြောင်းလာသည်။

"ဟေ့...မင်းက ဘာပြောလိုက်တာလဲ"

အီဗန်က ကျွန်တော့်ကို စူးစိုက်၍ ကြည့်ရင်း မေးလိုက်၏။ နှာခေါင်းရိုးကျိုးနေသော သူ့ဖော်ကလည်း ကျွန်တော့်ကို အစိမ်းလိုက်ဝါးစားတော့မတတ်။

"ရဲဘော်က အရုပ်ဆိုး၊ အညစ်ပတ်ဆုံးသင်္ဘောတွေ အကြောင်းကို ပြောနေသယ် မဟုတ်လား။ ဒီတော့ သင်္ဘောတွေအထဲမှာ ညစ်ပတ်ရုပ်ပွေတဲ့နေရာမှာ ထိပ်ဆုံးကရှိသင့်တဲ့၊ ပီနန်သင်္ဘောအကြောင်းကို ကျုပ်က သတိရတာနဲ့ အစဖော်မေးလိုက်တာပါ"

ကျွန်တော်က လက်ထဲတွင် မတ်ခွက်ကို ကိုင်ထားရင်း လေအေးဖြင့် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ပီနန်အကြောင်းကို ဘာများသိလို့ပဲ"

အီဗန်နှင့်အတူ ထိုင်နေသော နှာခေါင်းရိုးကျိုးနေသည့်လူက ကျားဟိန်းသလိုဟိန်း၍ မေးခွန်းထုတ်လိုက်၏။

"သိပ်ပြီးသိတာတော့ မဟုတ်ဘူး။ အတင်းအဖျင်းသတင်းတွေအရ ပြောရတာပါ။ တရုတ်ပင်လယ်က ပြန်လာတဲ့ သင်္ဘောသားတွေဆိုရင်၊ ပီနန်အကြောင်းကို ပြောတတ်ကြတာပဲ"

ကျွန်တော်က မြန်မြန်ထက်ထက်ပင် အဖြေပေးလိုက်၏။

အီဗန်နှင့် နှာခေါင်းရိုးကျိုးနေသော သူ့အဖော်က ကျွန်တော်ကို အတင်းဝင်၍ အုပ်တော့မည့် ကျားကြီးနှစ်ကောင်ကဲ့သို့ မျက်တောက်မခတ်ဘဲ စိုက်၍ကြည့်နေကြ၏။

အီဗန်က ကျွန်တော်ရှိရာသို့ သူ၏ သေးငယ်သော ခန္ဓာကိုယ်ကလေးကို တိုးလိုက်ရင်း...

'ကျုပ်က ပီနန်သင်္ဘောမှာ လိုက်ပါဖူးတဲ့ လူဆိုပြီး၊ မောင်ရင်က ဘယ်လိုလုပ် ပြောနိုင်တာတုံး'ဟု ဒေါသဖြင့် မေးနေသည်။

"ပီနန်သင်္ဘောပေါ်မှာ မာလိန်မှူးလုပ်တဲ့လူက၊ ဟယ်ဆလေ၊ ဟင်ဒရစ်က ပထမအရာရှိ။ ခင်ဗျားနဲ့ ဂျူတ်ဆိုတဲ့လူက သင်္ဘောသား...။ ကျုပ်က ဒီအထိ သိနေတယ်ဆိုရင် ခင်ဗျားက ဘာများ ပြောဦးမလဲ"

နှာခေါင်းရိုးကျိုးနေသော အီဗန်၏ အဖော်က ထိုင်ရာမှ ကျားဟိန်းသလို ဟိန်း၍ထလိုက်၏။

"ဂျူတ်ဆိုတာ...ကျုပ်ပဲ"

"ဆက်ပြီး ပြောစမ်းပါဦး"

အီဗန်က ဒေါသဖြင့် ဆိုလိုက်၏။

အီဗန်၏မျက်နှာက မတရားမှုတစ်ခုကို လုပ်တော့မည် အသွင်ပေါက်နေ၏။ ဂျူတ်ကလည်း စားပွဲပေါ်တွင် တင်ထားသောလက်နှစ်ဖက်ကို ကျစ်ကျစ်ဆုပ်ထားလျက်ရှိသည်။

ဂျူတ်၏လက်သီးတစ်လုံးမှာ တူကြီးတစ်လုံးလောက် ကြီးသည်ဟု ထင်ရ၏။

"ခင်ဗျားတို့နှစ်ယောက်က အရင်တုန်းကပဲ၊ ကက်ပတိန် ဟယ်ဆလေနဲ့ အတူတူရှိလိမ့်မယ် ထင်ပြီး၊ ကျွန်တော်က မေးလိုက်တာပါ"



ကျွန်တော်က လေအေးအေးဖြင့်ပင် ပြောလိုက်၏။

"ကျုပ်တို့က ပီနန်မှာ တစ်ခါမှ မလိုက်ဖူးဘူး"

ဂျူတ်က အော်ကြီး ဟစ်ကျယ်ပြောလိုက်၏။

"ဒါဖြင့်ရင်လည်း...ကျုပ်ကမှားပြီး ပြောမိတာဖြစ်မှာပေါ့"

ကျွန်တော်က ဤသို့ပြောရင်း တစ်ဆက်တည်းပင်...

'ကဲ...ရဲဘော်ကြီးကွတ်၊ လာဗျာ ကျုပ်တို့ကင်းအလှည့်ရောက်တော့မယ်'ဟု ဆိုရင်း ထိုင်ရာမှ ထလိုက်၏။

ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့က အခန်းပြင်ဘက်သို့ ထွက်သွားတော့မည်အပြုတွင် ဂျူတ်က သူထိုင်နေသော ကုလားထိုင်ကို တွန်းပြီး ထိုင်ရာမှ ထရန်ဟန်ပြင်လိုက်၏။

သို့ရာတွင် အီဗန်ကဆွဲ၍ ထားလိုက်သောကြောင့်သာ ဂျူတ်သည် ပြန်၍ထိုင်သွားသည်ကို သတိထားလိုက်မိ၏။

အခန်းအပြင်ဘက်သို့ ရောက်သွားသောအခါ ရဲဘော်ကြီးကွတ်က–

'ဒီကောင်တွေနဲ့၊ မောင်ရင်က ဘယ်လိုများ အရှုပ်အရှင်းရှိနေသလဲ၊ မင်းက ပီနန်ဆိုတဲ့ သင်္ဘောနာမည်ကို ပြောလိုက်ရုံနဲ့ ဒီကောင်နှစ်ကောင်က မီးစနဲ့ အထိုးခံရသလို ဖြစ်သွားပုံထောက်တော့၊ ပီနန်နဲ့ ပတ်သက်ပြီး ဒီကောင်တွေမှာ မရှင်းမရှင်းကိစ္စတွေ ရှိနေပြီထင်တယ်' ဟု မှတ်ချက်ချလိုက်၏။

"ဘယ်လို အရှုပ်အရှင်း ရှိတယ်ဆိုတာကိုတော့ ကျွန်တော်မပြောတတ်ဘူးဗျာ"

ကျွန်တော်က စကားရှည်၍ မပြောချင်သဖြင့် တိုတိုနှင့်ပင် ဖြတ်၍ပြောလိုက်လေသည်။

၁၉၄၅ ခု မတ်လ ၄ ရက်နေ့ ညနေတွင် အခြားထူးခြားသော အဖြစ်အပျက်တစ်ခုကိုလည်း တွေ့ခဲ့ရသေး၏။

ရဲဘော်ကြီးကွတ်က ကင်းတာဝန် ထမ်းဆောင်နေသော ရဲဘော်ကလေးဆီးထံမှ ညသန်းခေါင်မတိုင်မီ တစ်နာရီအလိုတွင် တာဝန်ပြောင်းယူရ၏။ အခန်းတွင်းသို့ ရဲဘော်ကလေးဆီးရောက်လာသောအခါ ကျွန်တော့်မှာ အိပ်ပုခက်ပေါ်တွင် မပျော်တစ်ချက် ပျော်တစ်ချက်နှင့် ရှိနေသော အချိန်ဖြစ်၏။

"အိပ်မပျော်သေးဘဲကို"

ရဲဘော်ကလေးဆီးက ကျွန်တော့်ကို ဤသို့စကားဆိုရင်း–

www.burmeseclassic.com

www.burmeseclassic.com



'လေကောင်းလေသန့်ရအောင် အသက်ကယ်လှေတစ်စင်းထဲမှာ သွားပြီး အိပ်ရရင် ကောင်းမယ်ထင်တယ်။ ဒီအခန်းထဲမှာ အိပ်ရတာကတော့ အန်ချင်သလို ဖြစ်ဖြစ်နေတယ်' ဟု ပြောလိုက်၏။

"အသက်ကယ်လှေထဲကို သွားပြီးအိပ်မယ်ဆိုတာကတော့ စည်းမျဉ်းအတိုင်းဆိုရင် အိပ်လို့ရတဲ့နေရာမဟုတ်ဘူး။ ဒါပေမဲ့ အိပ်ချင်တဲ့နေရာမှာ အိပ်တာပေါ့ကွာ"

"ကျွန်တော်က အိပ်ချင်မူးတူးဖြင့် ပြန်ပြောလိုက်၏။

ရဲဘော်ကလေးဆီးက အပြင်ဘက်သို့သွားပြီး ဆယ်မိနစ်ခန့်ပင် မကြာမီ အိပ်ပျော်စပြုနေသော ကျွန်တော့်အား ပခုံးကို တွန်းထိုး၍ နှိုးနေပြန်၏။

"ဘာဖြစ်လာပြန်တာလဲကွ"

ကျွန်တော်က ဒေါသဖြစ်ဖြစ်ဖြင့် ဝေါက်ဆတ်ဆတ် မေးလိုက်၏။

"လက်နှိပ်ဓာတ်မီးရှိသလား"

ရဲဘော်ကလေးဆီးက အသံတိုးတိုးဖြင့် မေးလိုက်၏။ သူ့အသံမှာ တစ်စုံတစ်ခု အရေးကြီးနေပုံရသည်ဟု ထင်မိလေသည်။

"မရှိဘူးကွ။ ဘာဖြစ်လို့လဲ။ ဘာဖြစ်လို့ လက်နှိပ်ဓာတ်မီးလိုနေရပြန်တာလဲ"

ကျွန်တော်က စိတ်မရှည်နိုင်သည့်အတိုင်း ဝေါက်၍မေးလိုက်၏။

"ဒီလိုပါဗျာ။ ကျွန်တော်က လေကောင်းလေသန့်ရအောင် ဆိုပြီး အသက်ကယ်လှေတစင်းထဲမှာဝင်ပြီး အိပ်လိုက်တယ်။ အိပ်လည်းအိပ်ရော ကျွန်တော့်အောက်မှာရှိတဲ့ အသက်ကယ်လှေက ပျဉ်းပြားတွေဟာ ဟိုလှုပ်ဒီလှုပ်နဲ့ ကျွတ်ထွက်လာတာ တွေ့ရတယ်။ ခင်ဗျားကိုယ်တိုင်လာပြီး ကြည့်စမ်းပါဗျာ"

ရဲဘော်ကလေးဆီးက တုန်လှုပ်သည့်လေသံဖြင့် တိုးတိုးပင်ပြောလိုက်၏။

ကျွန်တော်သည် အိပ်ပုခက်ပေါ်မှဆင်းလိုက်ပြီး စစ်ဖိနပ်ကိုကောက်၍စွပ်လိုက်၏။ ပြီး ရဲဘော်ကလေးဆီးနှင့်အတူ လိုက်ပါသွားသည်။

လေကောင်းလေသန့်ရစေရန် ရဲဘော်ကလေးဆီး ဝင်၍ အိပ်ခဲ့သော အသက်ကယ်လှေမှာ သင်္ဘော၏ လက်ဝဲဘက်တွင်ရှိသော လှေပင်ဖြစ်၏။ အမှတ် (၂) အသက်ကယ်လှေပင်တည်း။

ရဲဘော်ကလေးဆီးက အသက်ကယ်လှေဝမ်းဗိုက်ရှိရာသို့ တက်သွားသဖြင့် ကျွန်တော်ကလည်း သူနှင့်ကပ်၍ တက်လာခဲ့၏။



သူသည် အသက်ကယ်လှေဝမ်းဗိုက်အပြင်ဘက်ကို ခဏမျှ လက်ဖြင့် စမ်းလိုက်ရင်း...

'ဟောဒီမှာ ...စမ်းကြည့်စမ်းပါ။ ပျဉ်စပ်တွေ ပြုတ်ထွက်နေတာ တွေ့တယ်မဟုတ်လား' ဟု ပြောလိုက်၏။

သူပြောသည့်အတိုင်း ကျွန်တော်က လိုက်စမ်းကြည့်လိုက်၏။

အသက်ကယ်လှေ ဝမ်းဗိုက်မှ ပျဉ်စပ်များမှာ သင်္ဘောဆေးအသစ်သုတ်ထားသဖြင့် စိုထန်းထန်းဖြစ်နေ၏။ ပျဉ်စပ်များကို အပေါ်သို့ လက်ဖြင့်မ၍ကြည့်လိုက်သောအခါ ကြွတက်လာသည်ကို တွေ့ရ၏။

ပျဉ်စပ်တစ်ခုကို မလိုက်တိုင်း အပေါ်သို့ ကြွ၍တက်သွားသည်ကို တွေ့ရ၏။

ကျွန်တော့်အထင်တွင် ဝက်အူများ သံချေးတက်ကုန်သဖြင့် ပျဉ်စပ်များ ကြွ၍ တက်နေခြင်းဖြစ်သည်ဟု ခန့်မှန်းရ၏။ လက်နှိပ်ဓာတ်မီးမရှိဘဲ အဘယ်ကြောင့် ပျဉ်စပ်များ မနိုင်မနံ့ရှိနေသည်ကို အတိအကျပြောရန် ခဲယဉ်းလှသည်။

မည်သို့ပင်ဖြစ်စေ ဤအမှတ် (၂) အသက်ကယ်လှေမှာ တစ်စုံတစ်ရာ အရေးကြုံလျှင် ကျွန်တော်တို့အတွက် သတ်မှတ်၍ပေးထားသော အသက်ကယ်လှေ ဖြစ်နေသည်။

ရေလမ်းခရီးတွင် အသက်နှင့်ပတ်သက်၍ အရေးကြုံလာပါက ကျွန်တော်တို့တက်၍ စီးရမည့်လှေမှာ အမှတ် (၂) အသက်ကယ်လှေပင် ဖြစ်၏။ ဤအသက်ကယ်လှေတွင် ဝမ်းဗိုက်ပေါ်မှ ပျဉ်စပ်ငါးစပ်အထိကွာ၍နေခြင်းမှာ မလိုလားအပ်သော ကိစ္စပင်ဖြစ်၏။ စစ်ကြီးအတွင်း ဖြစ်နေသောကြောင့်လည်း ကျွန်တော်တို့သင်္ဘောအား ရန်သူက အချိန်မရွေး လာရောက်တိုက်ခိုက်နိုင်စရာ ရှိနေ၏။

သို့ဖြစ်၍လည်း...

'ငါတော့ အရာခံဗိုလ်ရန်ကင်းဆီကို သွားပြီး ဒီအသက်ကယ် လှေအကြောင်းကို ပြောရလိမ့်မယ်' ဟု ရဲဘော်ကလေးဆီးအား ပြောပြီးနောက် အရာခံဗိုလ်ရန်ကင်းရှိမည်ဟုထင်ရသော အောက်ထပ် အရာရှိများအခန်းသို့ ဆင်းလာခဲ့၏။

အရာခံဗိုလ်ရန်ကင်းသည် ခါတိုင်းကဲ့သို့ပင် သင်္ဘောအင်ဂျင်နီယာချုပ်၏ အခန်းထဲ၌ ရှိနေလေသည်။

ပထမအကြိမ်ကလိုပင် အင်ဂျင်နီယာချုပ်က အိပ်ရာပေါ်တွင် လဲလျောင်း

www.burmeseclassic.com

www.burmeseclassic.com



နေပြီး အိပ်စင်ခြေရင်းဘက်ပိုင်းတွင် အရာခံဗိုလ်ရန်ကင်းက ထိုင်နေ၏။ သူတို့လက်ထဲတွင် ဖဲချပ်များကိုယ်စီ ရှိနေကြ၏။

အခန်းတစ်လုံးမှာ ပုလင်းခွံများဖြင့် ပြည့်နေပြီး စီးကရက်မီးခိုးများကလည်း မွှန်ထူလျက်ရှိနေ၏။

အရာခံဗိုလ်ရန်ကင်းက ကျွန်တော့်ကို လှည့်ကြည့်လိုက်ပြီး...

'ဘာကိစ္စများ ထူးလာပြန်ပြီလဲဟေ့ 'ဟု မေးလိုက်၏။

"အမှတ်နှစ်အသက်ကယ်လှေဟာ အသက်ကယ်လှေအဖြစ် ဘယ်လိုမှ အသုံးပြုလို့ ရမယ်မဟုတ်တဲ့ အကြောင်းကို လာပြီး သတင်းပို့တာပါ။ ဒီအကြောင်းကို ကက်ပတိန်ဟယ်ဆလေကိုလည်း သတင်းပို့ထားဖို့လိုမယ်လို့ ကျွန်တော်ထင်ပါတယ်"

အရာခံဗိုလ်ရန်ကင်းက စိတ်ရှုပ်သည့်အမူအရာဖြင့်...

'မင်းက...ဘာတွေများလာပြီးပြောနေရတာလဲ၊ မင်းအလုပ်က ကင်းတာဝန်ကို အလှည့်ကျမှန်မှန်ထမ်းဆောင်ဖို့ပဲ မဟုတ်လား။ သင်္ဘောမှာ ဘာဖြစ်နေတယ် ဘာညာဆိုပြီး စပ်စုဖို့က မင်းအလုပ်မဟုတ်ဘူး' ဟု အော်၍ ပြောလိုက်၏။

"အမှတ်နှစ်အသက်ကယ်လှေမှာ ဝမ်းဗိုက်က ပျဉ်ပြားတွေ ကျွတ်ထွက်နေတယ်။ ဒီတော့ ဘယ်လိုပဲဖြစ်ဖြစ် ကက်ပတိန်ဟယ်ဆလေ သိအောင်တော့ ကျွန်တော်တို့ သတင်းပို့ထားရလိမ့်မယ်"

ကျွန်တော်ကလည်း ဒေါသဖြင့် အော်၍ ပြောလိုက်၏။

"ပျဉ်ပြားတွေကျွတ်ထွက်နေတယ်ဆိုတာ မင်းက ဘယ်လိုလုပ်ပြီး သိသလဲ"

"ရဲဘော်ကလေးဆီးကိုယ်တိုင် တွေ့ခဲ့တယ်။ လေကောင်းလေသန့်ရအောင်လို့ အဲဒီအမှတ်နှစ် အသက်ကယ်လှေပေါ်ကို တက်သွားတဲ့အခါမှာ အဲဒီလှေက ဝမ်းဗိုက်ပျဉ်စပ်တွေ ကျွတ်ထွက်နေတာကို ရဲဘော်ကလေးဆီးကိုယ်တိုင် တွေ့ခဲ့ [illegible] ကျွန်တော့်ကို သတင်းပို့ခဲ့တယ်"

ကျွန်တော် စကားမဆုံးမီပင် အရာခံဗိုလ်ရန်ကင်းက သူ့လက်ထဲတွင် ကိုင်ထားသော ဖဲချပ်များကို အိပ်ရာပေါ်သို့ ပစ်ချလိုက်၏။

"ဘုရားရေ...အသက်ကယ်လှေထဲမှာ ဘယ်သူမှတက်ပြီး မအိပ်ရဘူးဆိုတာ မင်းမသိဘူးလား၊ မင်းမှာ ဒီလောက်မှ အသိဉာဏ်မရှိဘူးလား"



"ကျွန်တော် လာပြီးသတင်းပို့နေတာက အသက်ကယ်လှေပေါ်မှာ တက်ပြီး အိပ်ခွင့်ရှိမရှိဆိုတဲ့အကြောင်း မဟုတ်ပါဘူး။ အသက်ကယ်လှေက ဝမ်းဗိုက်ပျဉ်စပ်တွေ ကျွတ်ထွက်နေတယ်ဆိုတာ၊ အသက်ကယ်လှေဟာ အသက်ကယ်နိုင်တဲ့ သတ္တိမရှိတော့တာကို လာပြီး သတင်းပို့နေတာပါ။ ဝမ်းဗိုက်က ပျဉ်စပ်ငါးခု ကျွတ်ထွက်နေတော့ တကယ်လို့ အရေးတစ်စုံတစ်ရာ ဖြစ်လာရင် ဒီလှေဟာ အသက်မကယ်နိုင်တော့တဲ့ အကြောင်းကို လာပြီး သတင်းပို့နေတာပါ"

ကျွန်တော်က စိတ်ကို မချုပ်တည်းနိုင်တော့သည့်အလျောက် အော်ဟစ်၍ပင် ပြောလိုက်၏။

အရာခံဗိုလ်ရန်ကင်းက ကျွန်တော့်မျက်နှာကို တစ်ချက်မျှ စူးစိုက်၍ ကြည့်လိုက်၏။

"ဒါတွေဟာ မင်းရဲ့ထင်မြင်ချက်တွေပဲ မဟုတ်လား။ မင်းကိုယ်မင်း ရေကြောင်းဗိုလ်ချုပ်ကြီးများ ထင်နေသလား။ ဒုတပ်ကြပ်က ရေကြောင်းဗိုလ်ချု[illegible] ရဲ့ အလုပ်ကိုဝင်ပြီး မလုပ်သင့်ဘူးလို့ ထင်တယ်။ မင်းက လှေအကြောင်း သင်္ဘောအကြောင်း ဘာများနားလည်လို့လဲ။ တံငါလှေနဲ့တုံကင်း ဘယ်လိုကွာခြားတယ်ဆိုတာကို မသိတဲ့လူက ကိုယ်နဲ့မတန်တဲ့အကြောင်းတွေ လာပြီး ပြောမနေစမ်းပါနဲ့ကွာ။ ကိုယ့်နေရာကိုယ် ပြန်ပြီး ကင်းတာဝန် မလစ်လပ်အောင်သာ ထမ်းဆောင်စမ်းပါ"

အရာခံဗိုလ်ရန်ကင်း၏ စကားကြောင့် ကျွန်တော်က မခံရပ်နိုင်အောင် ဖြစ်လာ၏။

"ယသွားတတ်တဲ့ အရွယ်ကနေပြီး စစ်တပ်ထဲမရောက်ခင်အထိ ပင်လယ်ထဲမှာ ကျက်စားဖူးတဲ့အကောင်။ လှေအမျိုးမျိုး သင်္ဘောအမျိုးမျိုး စီးဖူးတဲ့အကောင်။ အငယ်စားရေယာဉ်တွေနဲ့ ပတ်သက်ပြီး ဒီသင်္ဘောပေါ်မှာရှိတဲ့ လူတွေထက်တော့ ကျွန်တော်က နားလည်ထားတဲ့အကောင်။ အမှတ်နှစ် အသက်ကယ်လှေဟာ အရေးပေါ်ကိစ္စဖြစ်လာရင် ကျွန်တော်တို့အတွက် သတ်မှတ်ပေးထားတဲ့ အသက်ကယ်လှေပဲ။ ဒီအသက်ကယ်လှေမှာ ဝမ်းဗိုက်က ပျဉ်စပ်ငါးခု ကျွတ်ထွက်နေတယ်ဆိုတာ ကျွန်တော်တို့ ဝတ္တရားအတိုင်း ခင်ဗျားတို့ကို လာပြီး သတင်းပို့နေတာပဲ။ ဒီသတင်းကို...သင်္ဘောကက်ပတိန်ဟယ်ဆလေသိတဲ့အထိ သတင်းပို့ပေးပါလို့ ကျွန်တော် လေးလေးနက်နက် တိုက်တွန်းပါတယ်"

အရာခံဗိုလ်ရန်ကင်းက တစ်လုံးမျှပြန်၍မပြောဘဲ ကျွန်တော့်ကိုသာ စိုက်

www.burmeseclassic.com



ကြည့်နေ၏။ ဤသတင်းကို ကက်ပတိန်ဟယ်ဆလေထံသို့ ပို့သင့်မပို့သင့်ကို ပင် ဆုံးဖြတ်နိုင်ခြင်း မရှိဘဲ ဇဝေဇဝါ ဖြစ်နေဟန်တူ၏။

သူသည် သင်္ဘောအင်ဂျင်နီယာချုပ်ဘက်သို့ လှည့်လိုက်ပြီး အဖြေရှာ လေသည်။

"အသက်ကယ်လှေတွေကို တစ်လမှာ ဘယ်နှခါလောက် စစ်ဆေးထား သလဲ"

"တစ်ပတ်မှာ တစ်ခါလောက်တော့ စစ်ဆေးလေ့ရှိတယ်။ ကျုပ်တို့... မာမန့်ဆိပ်ကမ်းမှာ ရပ်နေတုန်းက ဟင်ဒရစ်နဲ့ သင်္ဘောသားတစ်ယောက် အသက် ကယ်လှေတွေပေါ်မှာ စစ်ဆေးကြည့်ရှု ပြင်ဆင်နေတာကို တွေ့ခဲ့ရသားပဲ"

သင်္ဘောအင်ဂျင်နီယာချုပ်က လေအေးအေးဖြင့် ပြန်ပြောလိုက်၏။

"ကျွန်တော်လည်း ဒီအတိုင်းထင်တာပဲ"

အရာခံဗိုလ်ရန်ကင်းက အင်ဂျင်နီယာချုပ်အား အလိုက်သင့်စကားဆို လိုက်ပြီး၊ ကျွန်တော့်ဘက်သို့ လှည့်ကာ–

'ဟေ့...ဗာဒီ ပြောနေတာကြားရဲ့မဟုတ်လား မင်းက အထိတ်တလန့် ဖြစ်အောင် လုပ်မနေစမ်းပါနဲ့ကွာ' ဟု ပြောလိုက်၏။

"ဟင်ဒရစ်က အသက်ကယ်လှေတွေပေါ်ကို တက်ပြီး စစ်ဆေးခဲ့တယ်၊ မစစ်သေးဘူးဆိုတာ ကျွန်တော်နဲ့ ဘာမှမဆိုင်ဘူး။ ကျွန်တော်နဲ့ ဆိုင်တာက ဒီအချိန်ဒီအခါမှာ အမှတ်နှစ်အသက်ကယ်လှေဟာ..အသက်ကယ်နိုင်တဲ့ အခြေ အနေမှာ မရှိဘူးဆိုတဲ့ အချက်ကို တင်ပြနေတာပဲ။ မယုံရင် ခင်ဗျားကိုယ်တိုင် လိုက်ပြီး ကြည့်လှည့်ပါ"

ကျွန်တော်ကလည်း တစ်ပြားသားမျှ အလျှော့မပေးဘဲ ပြင်းပြင်းထန်ထန် ပြောဆိုနေ၏။

အရာခံဗိုလ်ရန်ကင်းသည် အတန်ကြာအောင် ချီတုံချတုံဖြစ်နေပြီးမှ–

'မနက်ကျတော့မှပဲ သွားကြည့်လိုက်မယ်၊ မင်းပြောသလို ချွတ်ယွင်း ချက်ရှိနေတယ်ဆိုရင်လည်း ကက်ပတိန်ဆီကို သွားပြီးသတင်းပို့လိုက်မယ်။ ကဲ... ကျေနပ်ပြီးလား'ဟု ကျွန်တော်အား ချေးသိပ်စကား ဆိုလိုက်၏။

"ခင်ဗျားကိုယ်တိုင် အခုပဲ လိုက်ပြီးကြည့်စေချင်တယ်"

အရာခံဗိုလ်ရန်ကင်းက ချေးသိပ်စကားဆိုနေသည့်တိုင် အလျှော့မပေးဘဲ တင်း၍ခံနေ၏။



"ခုလိုက်ပြီး ဘယ်လိုလုပ်ကြည့်နိုင်မလဲကွာ၊ သင်္ဘောတစ်စင်းလုံးကို ရန်သူက အန္တရာယ်မပေးနိုင်အောင် မှောင်ချထားတယ် မဟုတ်လား။ တကယ် လို့ အသက်ကယ်လှေမှာ တစ်ခုခုယိုယွင်းပျက်စီးနေတယ်ဆိုရင်လည်း အခုချိန်မှာ ဘာလုပ်လို့ ရနိုင်မှာ မဟုတ်ဘူး"

အရာခံဗိုလ်ရန်ကင်း၏ စကားမှာ ကောင်းကျိုးဟုတ်မှန်နေသယောင် ယောင်ရှိ၏။ ကျွန်တော့်အား ဤမျှအဆို လိုက်လျော၍ ပြေရာပြေကြောင်း ပြော ဆိုနေသည်ကိုပင် ကျေနပ်ရမလိုဖြစ်လာ၏။ ထို့ကြောင့်လည်း အရာခံဗိုလ်ရန်ကင်း ထံမှ ထွက်ခွာ၍လာခဲ့၏။

အမှတ်နှစ်အသက်ကယ်လှေ ဝမ်းဗိုက်မှ ပျဉ်စပ်ငါးချောင်းကျွတ်ထွက် ၍နေခြင်းမှာ ကျွန်တော်နှင့် ရဲဘော်ကလေးဆီးတို့က အထင်အမြင်မှား၍နေခြင်း ပင် ဖြစ်လေသလားဟု ကျွန်တော်က အပြန်ခရီးတွင် စဉ်းစား၍ လာမိ၏။

အသက်ကယ်လှေဝမ်းဗိုက်မှ ပျဉ်စပ်များ အနည်းငယ်မျှ လျော့ရိလျော့ ရဲ ဖြစ်နေသည်ကို ရဲဘော်ကလေးဆီးနှင့် ကျွန်တော်တို့က ပျဉ်စပ်များ ကျွတ်ထွက် နေသည်အထိ အထင်မှားခဲ့ခြင်း ဖြစ်နေလေသလား။ သို့ရာတွင် သင်္ဘောအင်ဂျင် နီယာချုပ်ထံမှ ကြားလိုက်ရသော စကားတစ်ခွန်းက ကျွန်တော့်အထင်ကိုပို၍ မယုံသင်္ကာဖြစ်အောင် ဖန်တီးလာပြန်၏။

"မာမန့်မှာ သင်္ဘောဆိုက်ထားတုန်းက ဟင်ဒရစ်နဲ့ သင်္ဘောသား တစ် ယောက်က အသက်ကယ်လှေတွေပေါ်ကိုတက်ပြီး စစ်ဆေးကြည့်ရှု ပြင်ဆင်ခဲ့ တယ်"

ဤစကားကို ကျွန်တော်က အပြန်အလှန် စဉ်းစား၍ နေမိ၏။

ဤအတွေးကို ခေါင်းထဲတွင် ထည့်လျက်ပင် သင်္ဘောအောက်ထပ်ရှိ ထမင်း ချက်ခန်းသို့ ကိုကိုးချိုချိုတစ်ခွက်သောက်ရန် ကျွန်တော် ဆင်းလာခဲ့၏။

ထမင်းချက်ရဲဘော်ကြီးနှင့် ခါတိုင်းကဲ့သို့ပင် စကားစမြည်ပြောရင်း...

'မာမန့်မှာ ကျွန်တော်တို့သင်္ဘော ဆိုက်ကပ်နေတုန်း အသက်ကယ်လှေ တွေပေါ်ကို ဟင်ဒရစ်နဲ့ သင်္ဘောသားတစ်ယောက်ယောက်များ တက်ပြီး စစ်ဆေး ကြည့်ရှု ပြင်ဆင်တာကို သတိပြုမိရဲ့လား'ဟု ကျွန်တော်က အမှတ်မထင်မေး လိုက်မိ၏။

ထမင်းချက်ရဲဘော်ကြီးသည် ပေါင်ပေါ်တွင်ခွေ၍ အိပ်နေသော လိပ်ခွံ ရောင်ကြောင်ကို အိပ်ချင်မူးတူးဖြင့် ပွတ်သပ်၍ ပေးနေရာမှ အဖြေပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အင်း...ဟုတ်တယ် တစ်ခုခုတော့ လုပ်နေကြတာ တွေ့လိုက်ရတယ်"

"အသက်ကယ်လှေတွေက ဘာများ ဖြစ်နေလို့လဲ"

"ဘာဖြစ်မှန်းတော့ မသိဘူး"

"ဟင်ဒရစ်နဲ့ အတူတူ လုပ်တဲ့လူက ဘယ်သူတဲ့လဲ"

ကျွန်တော်က ဤသို့မေးလိုက်ခြင်းမှာ ထူးထူးထွေထွေအကြောင်းမရှိ။ ဟင်ဒရစ်နှင့် အတူ အသက်ကယ်လှေများပေါ်သို့ တက်ခဲ့သော သင်္ဘောသားသည် ကျွန်တော့်အသိထဲက ဖြစ်နေပါက သူ့အား သူ့တို့လုပ်ခဲ့သည့် အလုပ်နှင့် ပတ်သက်၍ စုံစမ်းမေးမြန်းနိုင်ရန်သာ ဖြစ်သည်။

သို့ရာတွင် ထမင်းချက် ရဲဘော်ကြီးက ပေးလိုက်သောအဖြေကြောင့် ကျွန်တော်မှာ စိတ်တုန်လှုပ်ချောက်ချား၍ သွားခဲ့ရ၏။

"ဂျူတ်ဆိုတဲ့အကောင်ပေါ့ကွာ"

ထမင်းချက်ရဲဘော်ကြီးက ဤသို့အဖြေပေးလိုက်သည့်အချိန်တွင်ပင်၊ သူ့ပေါင်ပေါ်တွင်ခွေ၍ အိပ်နေသော လိပ်ခွံရောင်ကြောင်က တစ်ချက်မျှအော်လိုက်၏။

ဂျူတ်ဟူသောအမည်က ကျွန်တော့်ဦးနှောက်ကို လာ၍ အလုပ်ပေးနေ၏။

ယနေ့ညနှစ်နာရီမှ နံနက်လေးနာရီအထိ ပဲ့ကိုင်ဘီးတွင် တာဝန်ယူမည့် ဂျူတ်၊ ပီနန်သင်္ဘောတွင် ကက်ပတိန်ဟယ်ဆလေ၊ ပထမအရာရှိ ဟင်ဒရစ်၊ သင်္ဘောသား အီဗန်တို့နှင့် တွဲ၍ နာမည်ကြီးနေခဲ့သော ဂျူတ်။ ဤသို့သော လူတစ်ယောက်က မိတ်ဖက်ကြီးဖြစ်သော ဟင်ဒရစ်နှင့်တွဲကာ မာမန့်ဆိပ်ကမ်းတွင် သင်္ဘောရပ်ထားစဉ်က အသက်ကယ်လှေများကို တက်ရောက်စစ်ဆေး ပြုပြင်လုပ်ကိုင်ခဲ့သည်ဆိုခြင်းမှာ...

ကျွန်တော့်အတွေးများက ချာချာလည်၍ နေရာမှ၊ မကြာမတင်ကလေးကမှ တွေ့လိုက်ရသော အဖြစ်အပျက်ကို သတိရလာ၏။

အရေးတစ်စုံတစ်ရာကြုံက ကျွန်တော်တို့အတွက် သတ်မှတ်၍ ပေးထားသော အမှတ်နှစ်အသက်ကယ်လှေတွင် ဆေးများ အသစ်စက်စက်သုတ်ပြီးခါစဖြစ်နေပါလျက်၊ ဝမ်းဗိုက်မှ ပျဉ်စပ်ငါးချောင်းက ကျွတ်ထွက်နေခြင်း။

ကျွန်တော်သည် သင်္ဘောကုန်းပတ်ပေါ်တွင် လူးလာခေါက်တုံ့ စကြံလျှောက်၍ နေမိ၏။ သင်္ဘောဦးကိုကျော်၍ တက်လာသော ရေလှိုင်းများကြောင့် ကျွန်တော့်မျက်နှာမှာ စိုစွတ်ထိုင်းမှိုင်းလျက်ရှိနေ၏။ မယုံသင်္ကာခြင်း၊ စိုးရိမ်ပူပန်ခြင်းတို့က ကျွန်တော့် စိတ်အစဉ်ကို ဖိစီးနှိပ်စက်လျက် ရှိနေလေသည်။



ညတစ်နာရီချိန်တွင် ကျွန်တော်က ရဲဘော်ကြီးကွတ်ထံမှ ကင်းတာဝန်ကို လွှဲပြောင်းယူလိုက်၏။

မတ်လ (၄) ရက်နေ့ည၏ တစ်နာရီအချိန်ဆိုသည် မတ်လ (၅) ရက်နေ့ နံနက်တစ်နာရီပင် မဟုတ်လား။

၁၉၄၅–ခု မတ်လ (၄) ရက်နေ့ည သန်းခေါင်ယံမှ (၅) ရက်နေ့သို့ ကူးပြောင်းပြီးသော နံနက်တစ်နာရီအချိန်။

ရဲဘော်ကြီးကွတ်မှာ အအေးနှင့် နွမ်းလျသည့်ဒဏ်ကို ခံနေရရာမှ မိမိ၏ ကင်းအလှည့် ပြီးသွားသောကြောင့် အတော်ပင် စိတ်ချမ်းသာပုံရသွားဟန်တူသည်။

"မောင်ရင် ရောက်လာတာနဲ့ အတော်ပဲ"

ရဲဘော်ကြီးကွတ်က ဤသို့ နှုတ်ဆက်ရင်း အိပ်ပုခတ်ရှိရာ အခန်းတွင်းသို့ ဝင်သွား၏။

မည်းမည်းမှောင်နေသော ကုန်းပတ်ပေါ်တွင် ကျွန်တော်တစ်ယောက်တည်းသာ ကင်းတာဝန်ကို ထမ်းဆောင်နေရလေသည်။

မျက်စိများက အမှောင်ထဲတွင် ကျင့်သားရ၍ လာသည့်တိုင်အောင် မည်းသည့်အရာကိုမှ မမြင်ရ၊ သင်္ဘောဘေးမှ ဖြတ်၍ တက်သွားသော လှိုင်းခေါင်းဖြူများကိုသာ မြင်နေရ၏။

ကျွန်တော်သည် အခန်းပြင်ဘက်တွင် စင်္ကြံလျှောက်လိုက် သင်္ဘောလက်ရန်းကိုမှီရင်း ခဏမျှ နားလိုက်ဖြင့် ကျွန်တော့် ကင်းတာဝန်ကို ထမ်းဆောင်နေ၏။

သင်္ဘောဦးဘက်သို့ သင်္ဘောလက်ရန်းကိုမှီရင်း လှမ်းမျှော်၍ ကြည့်လိုက်သောအခါ ကျွန်တော်တို့ သင်္ဘောနှင့် များစွာအလှမ်းဝေးနေပြီဖြစ်သော အမေရိကန်ကုန်းသည်မှ ပင်အပ်လောက်သေးငယ်သော မီးရောင်ကလေးနှစ်ခုကို မြင်ရ၏။ သင်္ဘောကို မှောင်ချရာတွင် သေသေသပ်သပ် မရှိသောကြောင့် မြင်နေရသော အလင်းရောင်ကလေးနှစ်ပွင့်ပင် ဖြစ်လေသည်။

ပင်လယ်ပြင်ကျယ်ကြီးတစ်ခုလုံးတွင် ကျွန်တော်တို့ ရှေ့ဘက် အတော်ပင် အလှမ်းကွာသောနေရာမှမြင်နေရသည့် မီးရောင်ကလေးနှစ်ပွင့်သည်သာ ကျွန်တော်တို့ အဖော်သဟဲ ဖြစ်နေရ၏။

သံမဏိဖြင့် ပြုလုပ်ထားသော သင်္ဘောကုန်းပတ်ပေါ်မှ အံဖုံးများမှာ စက်ခန်းမှ စက်ခေါင်းများ၏ လည်ပတ်သည့်အရှိန်ဖြင့် မှန်မှန်ကြီး လှုပ်လှုပ်ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



စက်ခေါင်းများအသံထက် ပို၍ ကျယ်သော အသံကား သင်္ဘောကိုယ်ထည် အထက်ပိုင်းကို ဖြတ်၍ တိုက်ခတ်လာသော လေသံပင်ဖြစ်၏။ ဤအသံနှင့်အတူ သင်္ဘောဦးပိုင်းကို မကြာခဏ လာရောက်တိုက်ခတ်နေသည့် တောင်ကြီးပမာ မြင့်မောက်သော လှိုင်းလုံးကြီးများ၏ လှိုင်းချိုးသံပင် ဖြစ်လေသည်။

လေက သင်္ဘောဦးပိုင်း လက်ယာဘက်မှနေ၍ တိုက်ခတ်နေသည်ဖြစ်ရာ၊ ကျွန်တော့်မှာ သင်္ဘောပဲ့စင်၏ တစ်ပိုင်းတစ်စ အကာအကွယ်ကို ရရှိနေသည့် အလျောက် လေဒဏ်မှ အနည်းငယ် သက်သာရာ ရနေလေသည်။

သင်္ဘောဦးပိုင်းဘက်သို့ လျှောက်၍ သွားလိုက်လျှင် ဦးပိုင်းပေါ်သို့ ကျော်၍ ကျော်၍ တက်လာသော လှိုင်းလုံးကြီးများ၏အရောင်ဖြင့် သင်္ဘောလက်ဝဲဘက် ပိုင်းတွင် ရှိသည့် ပဲ့စင်အစွန်းအစကို တွေ့မြင်နေရ၏။

ပဲ့စင်၏ အစွန်ဆုံးဘက်တွင်မူ ရေကြောင်းအချက်ပြမီး၏ ဖျော့တော့တော့ အနီရောင်ကို ဝိုးတဝါး တွေ့မြင်နေရလေသည်။

အချိန်မှာ ကုန်ခဲလှသည်ဟု ထင်ရ၏။ ကျွန်တော်၏ အတွေးများကလည်း တစ်စွန်းတစ်စစီတွေ့မြင်ခဲ့ရသော အကြောင်းအချက်အရာ အပြုအမူများပေါ်တွင် တရစ်ဝဲဝဲရှိနေကာ တဝဲလည်လည် တရစ်ဝဲဝဲတို့မှ စုပေါင်းပေါ်ထွက်လာသော အချက်အလက်တို့ကို အပြန်ပြန် အလှန်လှန် စဉ်းစား၍နေမိ၏။

ကျွန်တော်၏လက်တွင် ပတ်ထားသော ညကြည့်နာရီ၏ မီးစုန်းလက်တံ များကြောင့် ညနှစ်နာရီထိုးပြီကို သိလိုက်ရ၏။

"ညနှစ်နာရီက မနက်လေးနာရီထိ ပဲ့ကိုင်ဘီးမှာ ဂျုတ်က တာဝန်ယူနေလိမ့်မယ်"

သင်္ဘောကက်ပတိန် ဟယ်ဆလေနှင့် ပထမအရာရှိဟင်ဒရစ်တို့ ပြောခဲ့သော စကားကို ကျွန်တော့် နားထဲတွင် ကြား၍လာသည်။

နာရီအချိန်များကို ရွှေ့၍ ထားမည်ဟုလည်း ပြောခဲ့ကြသေးသည် မဟုတ်လား။

အဘယ်ကြောင့် အချိန်များကို ရွှေ့၍ ထားလိုကြပါသနည်း။

'တိုင်း၍ရက်သည် ပက္ကလာမိုးရွာတာနှင့် အဆင်သင့်' ဟူသောစကားကို ကက်ပတိန် ဟယ်ဆလေက ယခုနေ့ညကိုမှ ရည်ညွှန်း၍ အဘယ်ကြောင့် ပြောဆိုခဲ့ပါသနည်း။

ကျွန်တော်က အခန်းပြင်ဘက်တွင် ခေါက်တုံ့ခေါက်ပြန် စင်္ကြံလျှောက်



ရင်း အတွေးလွန်၍ နေမိ၏။

ခေါက်တုံ့ခေါက်ပြန် လျှောက်နေရာမှ တစ်ဖက်သို့ ပြန်၍လှည့်လိုက်သည့်အခါတိုင်း သင်္ဘောဦးဘက်မှနေ၍ ကုန်းပတ်တစ်လျှောက်သို့ ပြေးတက်လာသော ရေပန်းများက ကျွန်တော့် မျက်နှာကို လာ၍ ထိခိုက်နေ၏။

ည...နှစ်နာရီ ဆယ့်ငါးမိနစ်...

ဤအချိန်တွင် ကျွန်တော်က သင်္ဘောလက်ရန်းကို မှီ၍ စောစောက ကျွန်တော်တို့ ရှေ့ဘက်ဆီတွင် မြင်နေရသော ပင်အပ်ရောင် မီးပွင့်ကလေးနှစ်ပွင့်ကို လှမ်း၍ကြည့်လိုက်မိ၏။ အချိန်နာရီကို ကျွန်တော်က တိတိကျကျ သတိထားမိသည်မှာလည်း အကြောင်းထူးရှိနေ၏။

သုံးရောင်ခြယ်သည်သင်္ဘောအုပ်စုမှတစ်စုသော သင်္ဘောသာဖြစ်ရာ၊ နွားအုပ်ကြီးတစ်အုပ်ကဲ့သို့ ရှေ့မှ သွားနေသော သင်္ဘောနောက်သို့သာ ကျွန်တော်တို့၏ သုံးရောင်ခြယ်က လိုက်ပါရမည်ဖြစ်၏။ ယခုမူ ရှေ့မှသွားနေသော အမေရိကန်ကုန်သည်၏ မထင်မရှားသော မီးရောင်လေးနှစ်ပွင့်ကို မတွေ့မမြင်ရသောအခါ ကျွန်တော်တို့ သင်္ဘောသည် လမ်းကြောင်းပြောင်း၍ ခုတ်မောင်းလာခဲ့ပြီကို ကျွန်တော်က လေ့လော့ရှက်တိုက်ဖူးသည့် တစ်ဦးပီပီ ကောင်းစွာသိလိုက်၏။

ရေယာဉ်အုပ်စုတစ်စုတွင် အရေးပေါ် တွေ့ကြုံလာရသော အခြေအနေအရ မိတို့၏ ရေယာဉ်လမ်းကြောင်းကို ပြောင်းလဲနိုင်သည့် အခွင့်အရေးရှိသည်ကိုသည်း ကျွန်တော်က သိနေ၏။

ဦးဆောင်သင်္ဘောဖြစ်သော ပင့်ကူက မည်သို့မျှ အမိန့်မပေးစေကာမူ ရေယာဉ်အုပ်စုတွင်ပါဝင်သော သင်္ဘောတစ်စင်းစင်းသည် မိမိရင်ဆိုင်နေရသော ဘေးအန္တရာယ်အတိုင်း ရေယာဉ်လမ်းကြောင်း ပြောင်းလဲနိုင်ခွင့်ရှိသည်ကိုလည်း ကျွန်တော်က သိပြီးဖြစ်၏။

ရှေ့မှမြင်နေရသော အမေရိကန်ကုန်သည်၏နောက်သို့ မလိုက်ဘဲ၊ လမ်းကြောင်းပြောင်း၍ လာခြင်းမှာ သုံးရောင်ခြယ်သင်္ဘောမှ ကက်ပတိန်ဖြစ်သူ ဟယ်ဆလေ၏ ဆုံးဖြတ်ချက်အပေါ်တွင်သာ မူတည်၍နေလေသည်။ သင်္ဘောတစ်စင်းကို အုပ်ချုပ်နေရသော ကက်ပတိန်ဖြစ်သူသည် အရေးပေါ်ကြုံတွေ့လာရသော ဘေးအန္တရာယ်ကို ရှောင်ကွင်းရန်အတွက် သင်္ဘောကို မိမိသဘောအတိုင်း လမ်းကြောင်းပြောင်းလွှဲ၍ ခုတ်မောင်းနိုင်ခွင့် ရှိလေသည်။

သုံးရောင်ခြယ်သင်္ဘော၏ အရပ်လေးမျက်နှာတို့တွင် အလုံးအစ မထင်

www.burmeseclassic.com

www.burmeseclassic.com



သော ရေပြင်သည်သာ ဝိုင်းဝိုင်းလည်လျက်ရှိပြီး အကူအညီ အဖော်သဟဲ ပြုစရာ ဆို၍ အုပ်စုမှပါသော သင်္ဘောတစ်စင်းတလေကိုမှ မမြင်မတွေ့ရဘဲ ဖြစ်နေရလေသည်။

ကျွန်တော်သည် သင်္ဘောလက်ရန်းကိုမှီ၍ ရပ်နေရာမှ ပွဲစင်ရှိရာဘက်သို့ လျှောက်၍လာခဲ့၏။

ပွဲစင်သည် ကျွန်တော်တို့ တာဝန်ယူနေသော ကုန်းပတ်၏အပေါ်ဆင့်တွင် ရှိနေလေသည်။ သင်္ဘောဦးပေါ်သို့ ကျော်လွှား၍တက်နေသော လှိုင်းခေါင်းဖြူကြီးများက ထိုးထွက်နေသည့် ရောင်ပြန်ဟပ်မှုကြောင့် သင်္ဘောပွဲစင်၏ အဆောက်အအုံတစ်ခုလုံးကို ပိုးတဝါး မြင်နေရ၏။ စောစောက တွေ့မြင်ခဲ့ရသော ပွဲစင်ထက်မှ ရေကြောင်းအချက်ပြမီး၏ နီကျင့်ကျင့်အရောင်ကို ယခုအချိန်၌ လုံးဝမမြင်ရတော့။

ကျွန်တော်က ရေကြောင်းအချက်ပြမီးကို လှမ်းမျှော်၍ကြည့်နေစဉ် သင်္ဘောဦးပိုင်းပေါ်သို့ ကျော်လွှား၍ တက်လာသော လှိုင်းလုံးကြီးတစ်လုံးက ကျွန်တော့်မျက်နှာကို လာ၍ ရိုက်ခတ်လာ၏။

ဤသို့ရိုက်ခတ်ရာ၌ လှိုင်းလုံးကြီးက ကျွန်တော်၏ လက်ဝဲဘက်မျက်နှာအခြမ်းကိုသာ ရိုက်ခတ်၍သွားကြောင်း ကျွန်တော်က သတိထားလိုက်မိ၏။

ကျွန်တော့်မျက်နှာကို သင်္ဘောဦးပိုင်းမှ ကျော်လွှား၍တက်လာသော လှိုင်းလုံးကြီးက လက်ဝဲဘက်မှနေ၍ ရိုက်ခတ်လိုက်သည်ဟု ဆိုလိုက်ခြင်းမှာ ကျွန်တော်တို့၏ သုံးရောင်ခြယ်သင်္ဘောသည် ရေယာဉ်လမ်းကြောင်းကို ဆန့်ကျင်ဘက်အရပ်အထိ ပြောင်းလဲလာခဲ့သည်ဟု ဆိုလိုခြင်းပင်တည်း။

သုံးရောင်ခြယ်က လမ်းကြောင်းပြောင်း၍ လာခဲ့သည့်အလျောက် ကျွန်တော်ကရှေ့မှ ခုတ်မောင်းနေသော အမေရိကန်ကုန်သည်၏ ပင်အပ်နှစ်ခုသဖွယ် ရှိသည့် မီးရောင်ကလေးနှစ်ခုကို ယခုအချိန်အခါ၌ မမြင်မတွေ့ရခြင်းပင်ဖြစ်လေသည်။

ကျွန်တော်တို့၏ သုံးရောင်ခြယ်သင်္ဘောက လမ်းကြောင်းပြောင်း၍လာခဲ့ခြင်းမှာ ဂျာမန် ယူဘုတ်ရေငုပ်သင်္ဘောများ၏ ဘေးရန်အန္တရာယ်ကို တွေ့နေရသောကြောင့်ဟု ထင်မှတ်လိုက်မိ၏။

သို့ရာတွင် ကျွန်တော်တို့၏ သုံးရောင်ခြယ်သင်္ဘောက ...ရေငုပ်သင်္ဘောခွင်းဖုံးများကို ပစ်လွှတ်သံမကြားရသောကြောင့်လည်း မတွေးတတ်အောင် ဖြစ်နေ



ပြန်သည်။

ညအချိန်များတွင် ရေယာဉ်အုပ်စုတွင် ပါရှိသော သင်္ဘောတစ်စင်းနှင့်တစ်စင်း ရေဒီယို အဆက်အသွယ် မပြုလုပ်ခြင်းမှာလည်း ထုံးစံပင်ဖြစ်၏။ သင်္ဘောတစ်စင်းနှင့်တစ်စင်း ညအချိန်များတွင် ရေဒီယိုအဆက်အသွယ်ပြုလုပ်ပါက ပြုလုပ်သော ရေဒီယိုဆက်သွယ်မှုကို ရန်သူ၏ သင်္ဘောတစ်စင်းစင်းကကြားမှ ဖြတ်၍ ဖမ်းယူခြင်းအားဖြင့် ကျွန်တော်တို့သင်္ဘောအုပ်စု၏ ခြေရာလမ်းကြောင်းကို ရန်သူက ထောက်လှမ်းသိရှိနိုင်မည် ဖြစ်၏။

ကျွန်တော်က တဖွေ့လည်လည်ဖြစ်နေသော အတွေးများကြားတွင် မျောပါ၍နေစဉ် ခြေသံများကို ကြားလိုက်ရ၏။

ပွဲစင်ထက်မှ ကုန်းပတ်ပေါ်သို့ ရောက်နိုင်သော သံလှေကားအတိုင်း တစ်ဝက်တစ်ပျက်ဆင်းလာသည့် ခြေသံများပင် ဖြစ်၏။

ပွဲစင်၏ဝဲဘက်အောက် လှေကားထက်တွင် ရပ်နေသောလူတစ်ယောက်၏ သဏ္ဌာန်ကို ကျွန်တော်ကမြင်ရသည်။ ထိုသူရပ်နေသောနေရာကို ပွဲစင်ထက်မှ လူတစ်ယောက်က ဆင်းလာသည်။ သူတို့နှစ်ယောက်သည် လှေကားထက်တွင် ခဏမျှရပ်နေပြီးနောက် မည်းမှောင်နေသော ပွဲစင်ထက်တွင်ပင် ပျောက်ကွယ်သွားသည်ကို သတိပြုမိလိုက်၏။

ကျွန်တော်က လက်တွင် ပတ်ထားသော ညကြည့်နာရီမှ မီးစုန်းလက်တံများ ကို ကြည့်လိုက်၏။

ညနှစ်နာရီမိနစ်သုံးဆယ်...

ကျွန်တော့်ကင်းအလှည့် စေ့ရောက်ရန် မိနစ်လေးဆယ်ခန့် လိုနေသေး၏။ ကျွန်တော့်ကို ရဲဘော်ကလေးဆီးက လာရောက်၍ တာဝန်လဲမည်ဖြစ်၏။

ကျွန်တော်က တိုက်နေသော လေကြောင်းကို သတိထားရင်း ခေါက်တုံ့ခေါက်ပြန် စကြိုလျှောက်နေသည်။ ဤသို့လျှောက်ရင်းလည်း သုံးရောင်ခြယ်သင်္ဘောက မည်သည့်အချိန်တွင်...ရေယာဉ်လမ်းကြောင်း ပြန်၍ပြောင်းမည်ကို စောင့်၍ကြည့်နေမိ၏။ မနေ့ညကမူ သင်္ဘောသည် ရေယာဉ်လမ်းကြောင်း လုံးဝပြောင်းလဲမှုမရှိဘဲ ရှေ့သို့ရောက်နှင့်နေသော သင်္ဘောအုပ်စုအတိုင်း လိုက်လာခဲ့၏။ ယခုညတွင်မူ လမ်းကြောင်းကို ကြောင်လိမ်လှေကားသဖွယ် ပြောင်း၍ လိုက်လာခဲ့၏။

သင်္ဘောအုပ်စု၏ ခေါင်းဆောင်ဖြစ်သော ဖျက်သင်္ဘောပင်္ဂူက ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တို့ သင်္ဘောအား နေ့အချိန်က ရေယာဉ်လမ်းကြောင်းပြောင်း၍ လိုက်လာခဲ့ရန် တစ်စုံတစ်ရာ ညွှန်ကြားချက်မရှိကြောင်းကိုလည်း ကျွန်တော်က သိနေခဲ့၏။

မည်သို့ပင်ဖြစ်စေ၊ သုံးရောင်ခြယ်ကဲ့သို့သော ကုန်သင်္ဘောကြီးတစ်စင်းသည် အနီးအနားတစ်ဝိုက်တွင် ရန်သူတစ်ဦး၏အန္တရာယ်ကို တွေ့မြင်လာပါက မိမိ၏သွားရာလမ်းကြောင်းကို ဘေးအန္တရာယ်မှ ရှောင်တိမ်းသည့်အနေဖြင့် ပြောင်းလဲနိုင်ခွင့် ရှိရလိမ့်မည်ဟု ယူဆထားသည်။

ညနှစ်နာရီမိနစ်သုံးဆယ်အချိန်တွင် စောစောက ပျောက်ကွယ်နေသော ရေကြောင်း အချက်ပြမီး၏ နီကျင်ကျင်အရောင်ကို ကျွန်တော်က ပြန်မြင်လာရ၏။

ညနှစ်နာရီမိနစ်သုံးဆယ်...

နောက်ထပ်ခြောက်မိနစ်တိတိအကြာတွင်မှ ပေါက်ကွဲသံကြီးတစ်ခုက ကြောက်ခမန်းလိလိပေါ် ထွက်လာပြီးနောက် ကျွန်တော်တို့ စီးနင်းလိုက်ပါလာသော သုံးရောင်ခြယ်သင်္ဘောကြီးသည်လည်း တုန့်ခနဲရပ်သွားသည်ဟု ထင်လိုက်ရပါသတည်း။

□

(၄)

ပေါက်ကွဲသံကြီးတစ်ခုက ကြောက်ခမန်းလိလိ ပေါ်ထွက်လာသည်။ ကျွန်တော်တို့ စီးနင်းလိုက်ပါလာသော သုံးရောက်ခြယ်သင်္ဘောကြီးသည် ပေါက်ကွဲသံကြီးနှင့်အတူ တုန့်ခနဲရပ်သွားသည်ဟု ထင်လိုက်ရ၏။

ဤသို့ ပေါက်ကွဲသံကြီး ပေါ်ထွက်လာသည့်အချိန့်တွင် ကျွန်တော်သည် သင်္ဘောအလယ်ကောင်၌ ရပ်လျက်ရှိနေလေသည်။

ပေါက်ကွဲသံကြီး ပေါ်ထွက်လာသည့် အချိန်အခါကို ကျွန်တော်က ယခုတိုင် မှတ်မိ၍နေ၏။

ည နှစ်နာရီခွဲပြီးနောက် ခြောက်မိနစ်ကျော်၍ လာသောအချိန်တည်း။

တစ်နည်းအားဖြင့်ဆိုလျှင် မတ်လ ငါးရက်နေ့နံနက်၏ နှစ်နာရီသုံးဆယ့်ခြောက်မိနစ်တိတိ အချိန်ပင်တည်း။

ပေါက်ကွဲသံကြီးပေါ်ထွက်လာသည်နှင့် တစ်ပြိုင်နက် သင်္ဘောအလယ်တည့်တည့်တွင် ရပ်လျက်သားဖြစ်နေသော ကျွန်တော်က ပဲ့စင်ရှိရာသို့ မျှော်၍ကြည့်နေသည့်အခိုက်ပင် ဖြစ်၏။

ပဲ့စင်အဆောင်အအုံရှိရာသို့ ဝင်သည့်တံခါးဝတွင် မီးရောင်ကလေးတစ်ခု ရှိနေသည်။ ထိုမီးရောင်ကလေး၏ ရောင်ပြန်က ကျွန်တော့်အနီးတွင်ရှိနေသော သင်္ဘောခေါင်းတိုင် ဘေးတစ်ခြမ်းကို လာ၍ ဟပ်နေလေသည်။

သင်္ဘောခေါင်းတိုင်ဆီမှ မည်းနက်နေသော မီးခိုးများ၏ နောက်ခံွယ်တွင် မီးပွင့်ကလေးများ တလက်လက်ပါလာသည်ကို ကျွန်တော်က စိုက်၍ကြည့်နေသည့်အချိန်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ စိုက်၍ကြည့်နေရာမှ ပဲ့စင်ရှေ့ဘက်ပိုင်းရှိရာသို့ ကျွန်တော့်မျက်စိက ရောက်ခဲ့ပြန်သည်။ စောစောက တွေ့မြင်လိုက်ရသော လူသဏ္ဍာန်နှစ်ခုကို လိုက်၍ ကြည့်နေမိခြင်းပင်တည်း။

ဤအခိုက်တွင်ပင် သင်္ဘောဦးက ရေထဲတွင် တစ်ချက်မျှ ထိုးစိုက်သွားသည်ကို တွေ့လိုက်ရ၏။ ခဏအကြာတွင် တိုက်၍လာသော လှိုင်းလုံးကြီးနှင့်အတူ သင်္ဘောဦးက ပြန်၍ထောင်လာသည်။

ဤအခိုက်တွင်ပင် အော်သံဟစ်သံများ၊ ပေါက်ကွဲသံများ၊ အမိန့်ပေးသံများက ဆက်တိုက်ပေါ်ထွက်လာလေသည်။

ပေါက်ကွဲမှုကြောင့် ရှေ့သို့ဦးတည်၍ သွားနေသော သုံးရောင်ခြယ်သင်္ဘောကြီးသည် တုန့်ခနဲရပ်၍ သွားသည်သာမက ဘေးတစ်ဖက်တစ်ချက်သို့လည်း စောင်း၍ သွားခဲ့၏။

ကြားရသော ပေါက်ကွဲသံများမှာ မည်သည့် အသံဗလံဟု ခွဲခြား၍ မရအောင် ရောထွေးနေသည်ဟု ထင်မိ၏။

သုံးရောင်ခြယ်သင်္ဘောက ရေငုပ်သင်္ဘောကိုခွင်းသည့် ဗုံးများ ပစ်လွှတ်နေသည်ဟု ထင်ရ၏။ သို့ရာတွင် ပေါက်ကွဲသံမှာ ရေငုပ်သင်္ဘောကို ခွင်းသည့်ဗုံးများ ပေါက်ကွဲသံလောက် ပြင်းထန်ခြင်းမရှိဟု ထင်နေမိ၏။

သင်္ဘောနံရံတစ်ဖက်ဆီသို့ တလိမ့်ခေါက်ကွေး ရောက်သွားသည့် အချိန်တွင် သင်္ဘောကုန်းပတ်ပေါ်သို့ လိမ့်၍ တက်လာသော လှိုင်းလုံးကြီးက ကျွန်တော့်ကို ပင်လယ်ထဲသို့ သယ်ယူသွားရန် အားထုတ်နေ၏။

လှိုင်းလုံးကြီးမှာ ကုန်းပတ်ပေါ်တွင် မိုးအထိမြင့်သော မှိုပွင့်ကြီးတစ်ပွင့် ရုတ်တရက် ပေါ်၍လာသည်ဟု ထင်ရလောက်အောင် ကြီးမားလှချေသည်။

ကျွန်တော်က တွယ်ကပ်မိသော သင်္ဘောလက်ရန်းကို မြဲမြဲဆုပ်ကိုင်၍ ထားလိုက်နိုင်သောကြောင့်သာ လှိုင်းလုံးကြီးများနောက်သို့ ပါ၍မသွားခဲ့ခြင်း ဖြစ်၏။

မှိုပွင့်ကြီးကဲ့သို့အပေါ်သို့ မြောက်၍ တက်သွားသော လှိုင်းလုံးကြီးသည် သင်္ဘောကုန်းပတ်ပေါ်တွင်ပင် ပြန်၍ ချိုးချလိုက်၏။

ကျွန်တော်သည် သင်္ဘောလက်ရန်းကို မြဲနိုင်သမျှ မြဲအောင် ဆုပ်ကိုင်ထားလိုက်ရလေသည်။

ခဏအတွင်းတွင်ပင် ရောမလှိုင်းလုံးကြီးက သင်္ဘောကုန်းပတ်ပေါ်မှ



အောက်သို့ ဆင်းသွားသည်။

ကုန်းပတ်အပေါ်ရှိ ရေလွှတ်ပေါက်များတွင် ရေများစုပြုံရစ်ဝဲ၍ နေသည်မှအပ သင်္ဘောကုန်းပတ်ပေါ်တွင် တစ်စုံတစ်ခုမျှ မဖြစ်ပွားဘိသကဲ့သို့ ပကတိအတိုင်းပင် ရှိနေ၏။

ကျွန်တော်တို့အောက်ဘက်ရှိ သင်္ဘောစက်ခန်းများမှာလည်း စက်ခေါင်းများ၏ လည်သံများမှာ မှန်မှန်ကြီးပင် ပေါ်ထွက်နေသည်။

လေကမူ စောစောကအတိုင်း သင်္ဘောအထက်ပိုင်းကို ဖြတ်၍ တဝူးဝူး တိုက်ခတ်နေ၏။

တောင်လောက်မြင့်သော လှိုင်းလုံးကြီးများသည် သင်္ဘောကုန်းပတ်ပေါ်မှ ကျော်လွှား၍နေကြလေသည်။

သုံးရောင်ခြယ်သင်္ဘောကြီးတစ်ခုလုံးသည် တစ်မိနစ်တိတိ ရပ်တန့်၍နေသည်ဟုထင်ရ၏။ မှင်တက်မိနေသူ လူတစ်ယောက်ကဲ့သို့တည်း။

သင်္ဘောကြီးတစ်ခုလုံး တစ်မိနစ်မျှ 'သေ'၍ သွားရာမှ တစ်စုံတစ်ယောက်၏ အသံကြောင့် အသက်ဝင်၍လာ၏။ စက်ခန်းမှ ကြေးနန်းသံက နှစ်ကြိမ်မျှ ဆက်၍ ပေါ်လာ၏။ လေပြင်းနှင့် လှိုင်းတဝုန်းဝုန်းထကာ မှောင်အတိကျနေသော ပင်လယ်ပြင်တွင် ကြေးနန်းဖြင့် အချက်ပေးလိုက်သောအသံမှာ စူးရှကျယ်လောင်လှသည်ဟု ထင်ရ၏။

စက်ခန်းမှ တတိယအကြိမ်မြောက် အချက်ပေး ကြေးနန်းသံပေါ်လာသည်။ ထို့နောက် စက်သံများက လုံးဝတိတ်ဆိတ်၍ သွားခဲ့၏။

ဤအချိန်တွင်ပင် သင်္ဘောအောက်ထပ် ကုန်းပတ်များမှ လူသံသူသံများ ဗိုလ်ကြားလာရကာ အော်ဟစ်သံများ၊ မေးမြန်းသံများ၊ အမိန့်ပေးသံများနှင့်အတူ အထက်ကုန်းပတ်ပေါ်သို့ ပြေး၍တက်နေကြသော ခြေသံများကိုပါ ကြားရသည်။

သင်္ဘောစက်ခန်းမှ ကြေးနန်းသံဖြင့် သင်္ဘောကြီးကို အသက်သွင်းမှုတ်၍ ဆးလိုက်ဘိသည်အလား လူသံသူသံများ ပေါ်ထွက်လာခြင်းဖြစ်၏။

အောက်ထပ်မှ သင်္ဘောသားများ အပေါ်ကုန်းပတ်ရှိရာသို့ ရောထွေးစွာ ၍ ရောက်ရှိလာကြသည့်တိုင် ကျွန်တော့်မှာ ကိုင်ထားသည့် သင်္ဘောလက်ရန်းမှ ခွာနိုင်သေးဘဲ ရှိနေ၏။

မှောင်နှင့် မည်းမည်းထဲတွင် ပြေးကြလွှားကြ တစ်ယောက်နှင့်တစ်ယောက် တိုက်မိကြ၊ ရေရွှတ်မေးမြန်းကြသော အသံဗလံများမှာ ငရဲပွက်သကဲ့သို့ ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်လက်မှ လွင့်ကျ၍သွားသော ရိုက်ဖယ်ကို ပြန်၍တွေ့ရ၏။ ပွဲစင်ထက်မှ သင်္ဘောကက်ပတိန် ဟယ်ဆလေ၏ အသံကလည်း မိုးချုန်းသကဲ့သို့ ကျယ်လောင်စွာ ပေါ်ထွက်လာ၏။

ဟယ်ဆလေသည် စကားပြောခွက်ဖြင့် အော်ဟစ်အမိန့်ပေးနေလေသည်။

"အသက်ကယ်လှေရှိရာကိုသွားပြီး အသင့်စောင့်နေကြပါ။ အသင့်စောင့်နေကြပါ"

အမိန့်ပေးသံအဆုံးတွင် ကုန်းပတ်ပေါ်မှ မီးများက ရုတ်တရက် ပြန်၍ လင်းလာကြ၏။

မိမိတို့အတွက် သတ်မှတ်ပေးထားသော အသက်ကယ်လှေများရှိရာသို့ စုပြုံပြေးလွှား၍ နေကြသူများသည် လင်း၍လာသောမီးကြောင့် ပြေးနေရာမှ ရပ်လိုက်ကြပြီး သင်္ဘောအခြေအနေကို အိပ်မှုန်စုံမွှားဖြင့် အကဲခတ်နေကြလေသည်။

အချို့သော သင်္ဘောသားများမှာ ကိုယ်အထက်ပိုင်းတွင် အင်္ကျီပင်မရှိ။ အချို့မှာ အသက်ကယ်အိတ်များကို တပ်ဆင်လာခြင်းမရှိ။ တစ်ယောက်သော သင်္ဘောသားမှာ ဖိနပ်တစ်ဖက်သာဝတ်ထားပြီး တစ်ဖက်ကို လက်တွင်ကိုင်ထား၏။

ဖိနပ်တစ်ဖက်သာ ဝတ်ထားသူက အခြား သင်္ဘောသားတစ်ယောက်အား...

'ဟေ့...ဂျော့ ဘယ်နေရာထိသွားတာလဲ' ဟု လှမ်း၍မေးလိုက်၏။

"အမှတ်တစ်ကုန်လှောင်ခန်း။ သံရိုင်းတွေ ထည့်ထားတဲ့ ကုန်လှောင်ပေါက်ပဲ။ ရေတွေ ဒလဟောဝင်နေတာကို မကြားဘူးလား"

ဂျော့ကပြန်၍ပြောသံကို ကြားလိုက်ရ၏။

"တော်ပီတိုထိတာနဲ့ တူတယ်"

သင်္ဘောသားတစ်ယောက်က ထင်မြင်ချက်ပေးလိုက်၏။

"ခုလို လှိုင်းတွေလေတွေ ပြင်းထန်တဲ့ ညမျိုးမှာ ဘယ်လို ယူဘုတ်ကလာပြီး တော်ပီတိုနဲ့ ပစ်နိုင်မှာလဲ။ မိုင်းထိတာပဲ ဖြစ်ရမယ်"

အခြားသင်္ဘောသားတစ်ယောက်က ခန့်မှန်းချက်ပေးနေသည်။

တစ်ယောက်တစ်ပေါက် ပြောသံများကို ဗလုံးဗထွေးဖြင့် ကြားနေရ၏။ ထွန်းလင်းနေသော ကုန်းပတ်ပေါ်မှ မီးပွင့်များ၏ အရောင်ကြောင့် သင်္ဘောကြီးမှာ ဘေးအန္တရာယ် တစ်စုံတစ်ရာမဖြစ်ဘဲ ပကတိအတိုင်း တည်ရှိနေသည်ဟု



ထင်ရ၏။

သင်္ဘောကိုယ်ထည်အထက်ပိုင်းတွင်မူ အပေါက်အကွဲ အပျက်အစီး ဆို၍ လုံးဝမရှိ။

သို့ရာတွင် အင်ဂျင်စက်များက ရပ်၍ နေလေသောအခါ သင်္ဘောသည် ဘယ်ညာလူးလျက်ရှိနေသည်မှာကား အမှန်ပင်ဖြစ်၏။

ပွဲစင်ရှိရာ အဆောင်ထက်မှ သင်္ဘောပထမအရာရှိ ဟင်ဒရစ်နှင့် ဝေလနယ်သား သင်္ဘောသား အီဗန်တို့ ဆင်းလာသည်ကို တွေ့ရ၏။

ကက်ပတိန်ဟယ်ဆလေ၏ အသံက စကားပြောခွက်မှ ထွက်ပေါ်လာပြန်သည်။

"ဘာမှအထိတ်တလန့်ဖြစ်မနေကြနဲ့။ သတ်မှတ်ပြီးပေးထားတဲ့ အသက်ကယ်လှေတွေဆီကို သွားပြီး အသင့်စောင့်နေပါ"

ဟယ်ဆလေက သင်္ဘောသားများနှင့် သင်္ဘောပေါ်တွင် လိုက်ပါလာသူများအား ဤသို့ ညွှန်ကြားချက်ပေးလိုက်ပြီးနောက် သက်ဆိုင်ရာ သင်္ဘောအရာရှိများအား အမိန့်ပေးနေ၏။

"မစ္စတာကောင်ဆင်...အမှတ်နှစ် အသက်ကယ်လှေကို ချပြီး အသင့်စောင့်နေပါ၊ အင်ဂျင်နီယာချုပ်က အမှတ်တစ်အသက်ကယ်လှေကို ချထားပါ။ မစ္စတာဟင်ဒရစ်က သင်္ဘောအောက်ထပ်ကို ဆင်းပြီး သင်္ဘောဘယ်လောက်အထိ ပျက်စီးသွားတယ်ဆိုတာ သေသေချာချာ စစ်ဆေးကြည့်ပါ။ ခင်ဗျားနဲ့အတူ အီဗန်ကို ခေါ်သွားပါ"

ကက်ပတိန်ဟယ်ဆလေ၏ ညွှန်ကြားချက်ကြောင့်လည်းကောင်း၊ သင်္ဘောကြီးက တလူးလူး တလိမ့်လိမ့်နေရုံမှတစ်ပါးရေပေါ်တွင် ပေါ်မြဲပေါ်လျက်ရှိနေသောကြောင့် လည်းကောင်း၊ သင်္ဘောပေါ်ရှိ လူအားလုံးမှာ စိုးရိမ် ကြောင်လန့်စိတ်များ အတော်ပင် ပြယ်ပျောက်၍ သွားရသည့် လက္ခဏာကို တွေ့ရှိ၏။ ညွှန်ကြားသည့် အတိုင်းပင် မိမိတို့အဖို့ သတ်မှတ်ပေးထားသော အသက်ကယ်လှေများရှိရာသို့ သွားနေကြ၏။

အဝတ်အစားနှင့် အသက်ကယ်အိတ်များကို မေ့၍ထားခဲ့သော[illegible] သင်္ဘောအောက်ထပ်သို့ ပြန်၍ပြေးဆင်းသွားကြသည်။ သင်္ဘောမှာ [illegible] သိုင်းကွက်နင်းသကဲ့သို့ တလူးလူး တလိမ့်လိမ့် ရှိနေသည်ဖြစ်ရာ [illegible] ရှိ လူများသည် သင်္ဘောကုန်းပတ်ပေါ်တွင် မတ်တတ်ရပ်၍ [illegible]နိုင်ကြဘဲ

www.burmeseclassic.com

www.burmeseclassic.com



လေးဖက်တွားရှိသာ သွားနေကြရလေသည်။

အောက်ထပ်ရှိ စက်ခန်းမှ သင်္ဘောစက်သံများ တဖုတ်ဖုတ်နှိုးသံကို ပြန်၍ကြားရ၏။ လှိုင်းသံနှင့် လေသံနှင့် ဆူညံနေသည့်အကြားမှ ရေထုတ်စက်များ၏ အသံကို ကျွန်တော်က ကြားလာရ၏။

ကျွန်တော်က ကျွန်တော်တို့ အခန်းရှိရာသို့ သင်္ဘောလက်ရန်းကို တွယ်ရင်း လာခဲ့၏။ သင်္ဘောတစ်ဖက်သို့ လူးလိုက်သည့်အခါတိုင်း၊ ဆင့်၍ဝင်လာသောလှိုင်းက သင်္ဘောကုန်းပတ်ပေါ်သို့ ပြေး၍တက်လာ၏။ တစ်ခါတစ်ခါတွင် သင်္ဘောကုန်းပတ်ပေါ်၌ ကျွန်တော့်ခါးအထိပင် ရေက လျှံတက်၍ နေသည်။

ကျွန်တော့်အခန်းသို့ ရောက်သွားသောအခါ၊ ရဲဘော်ကြီးကွတ်နှင့် ရဲဘော်ကလေးဆီးတို့ကို သင်္ဘောနံရံကို ကြံ့ကြံ့ကိုင်လျက် လှိုင်းထဲတွင် မျောပါမသွားအောင် ကြိုးစား၍ နေကြသည်ကို တွေ့ရ၏။

"ဘာဖြစ်တာလဲဗျ"

ရဲဘော်ကြီးကွတ်က ကျွန်တော့်ကို အော်၍မေးလိုက်၏။

"သင်္ဘောဦးဘက်ပိုင်းမှာ မိုင်းထိတာနဲ့ တူတယ်။ အသက်ကယ်အိတ်တွေ ဝတ်ထားကြ"

ကျွန်တော်က ဤသို့ပြောလိုက်ပြီး ကျွန်တော့်အသက်ကယ်အိတ်ကိုလည်း ကောက်၍ စွပ်လိုက်၏။

ရဲဘော်ကြီးကွတ်နှင့် ရဲဘော်ကလေးဆီတို့အား အသက်ကယ်အိတ်များကို ကျွန်တော်ကပင် ကူညီ၍ ဝတ်ပေးရ၏။

အခန်းတွင်းမှ ကုန်းပတ်ပေါ်သို့ ပြန်၍ထွက်လာခဲ့သောအခါ သင်္ဘောလက်ယာဘက်တွင်ရှိသည့် အသက်ကယ်လှေကို အောက်သို့ချပြီး နေသည်ကို တွေ့ရရုံမက၊ လူအချို့ပင် အသက်ကယ်လှေထဲသို့ တက်နေကြသည်ကို တွေ့ရ၏။

"ဟော...ဟို...လက်ဝဲဘက်က အမှတ်နှစ်အသက်ကယ်လှေဟာ ကျုပ်တို့လှေပဲ"

ကျွန်တော်က လက်ညှိုးညွှန်ရင်း ကျွန်တော့်နောက်မှပါလာသော ရဲဘော်ကြီးကွတ်အား ပြလိုက်၏။

"ဝမ်းဗိုက်က ပျဉ်စပ်ငါးချောင်းကျွတ်ထွက်နေတဲ့ လှေမဟုတ်လား။ ရဲဘော်ကလေးဆီးက ကျုပ်ကို ပြောပြလို့ သိထားပြီးပြီ"

ရဲဘော်ကြီးကွတ်က ကျွန်တော် ကြားလောက်ရုံ ပြောလိုက်၏။



အမှတ်နှစ် အသက်ကယ်လှေတွင် ဝမ်းဗိုက်မှ ပျဉ်စပ်ငါးချောင်းကျွတ်ထွက်နေကြောင်းကို ရဲဘော်ကြီးကွတ်က ပြောတော့မှပင် ကျွန်တော်က ပြန်၍ သတိရလာ၏။ စောစောက မှုန်ထူ၍ နေသည့်အတွက် ဤအကြောင်းကို လုံးဝ မေ့လျော့၍ နေခဲ့၏။

ကျွန်တော်သည် အထူးတုန်လှုပ်၍လာမိ၏။ သို့သော် မည်သို့မျှ ထင်မြင်ချက် မပေးသေးဘဲ ရဲဘော်ကြီးကွတ်နှင့် ဆီးတို့အား အသက်ကယ်လှေရှိရာသို့ အရောက်သွားကြရန်သာ တိုက်တွန်းနေမိ၏။

သင်္ဘော အထက်ကုန်းပတ်အတိုင်း လေးဘက်တွား၍ အသက်ကယ်လှေရှိရာသို့ ကျွန်တော်တို့သွားနေသည့်အချိန်တွင်ပင် သင်္ဘော၏ ကုန်လှောင်ခန်းများ၌ ရေများ တရကြမ်း ဝင်၍နေတော့မည်ဟု ခန့်မှန်းမိ၏။

ဤအချိန်တွင် ကျွန်တော့် နောက်ဖက်နားမှ ဖြတ်၍ တက်လာသော ဟင်ဒရစ်ကို တွေ့လိုက်ရ၏။ သူ့နောက်က...အီဗန်။

"ဟေ့...အီဗန်၊ မောင်ရင်က မစ္စတာဟင်ဒရစ်နဲ့ အတူတူ အောက်ကို ဆင်းပြီး ကြည့်ခဲ့တယ် မဟုတ်လား"

တစ်ယောက်ယောက်က အော်၍မေးလိုက်၏။

"ဟုတ်တယ်"

"ဘယ်လောက်များ ထိသွားသလဲ"

"ထိတာကတော့၊ သင်္ဘောမြုပ်လုအောင်ထိတာပဲ။ အမှတ်တစ် ကုန်လှောင်ခန်းမှာထိတဲ့ အပေါက်ကြီးက တစ်မိုင်လောက် ကျယ်လိမ့်မယ်လို့ ထင်တယ်။ ထိတဲ့နေရာကလည်း ပြန်ပြီးဖာထားရတဲ့နေရာဖြစ်နေတယ်။ ရေတွေကလည်း နိုင်ဂရာရေတံခွန်လို ဒလဟောဝင်နေတာပဲ"

အီဗန်၏ အပြောကြောင့် သင်္ဘောပေါ်ရှိ လူအားလုံးပင် တထိတ်တလန့်ဖြစ်လာကြ၏။

သင်္ဘောပထမအရာရှိ ဟင်ဒရစ်က ပွဲစင်ထက်သို့ ပြေး၍ တက်သွားပြီး ကပ်ပတိန်အား အဖြစ်အပျက်ကို အစီရင်ခံနေ၏။ ကုန်းပတ်ပေါ်ရှိသူအားလုံးပင် သင်္ဘောကက်ပတိန်နှင့် ဟင်ဒရစ်တို့ နှစ်ဦးအား ငေးမျှော်၍ ကြည့်နေမိကြသည်။ သင်္ဘောကက်ပတိန် ဟယ်ဆလေသည် စကားပြောခွက်ကို ကောက်၍ကိုင်လိုက်ပြီး သင်္ဘောအရာရှိများအား အမိန့်ပေးလိုက်၏။

"မစ္စတာကောင်ဆင်၊ သင်္ဘောပေါ်မှာပါတဲ့လူတွေအားလုံးကို အသက်

www.burmeseclassic.com

www.burmeseclassic.com



ကယ်လှေတွေပေါ်မှာ တင်ပါ။ တင်ပြီးရင် အမည်စာရင်းမှတ်ပါ။ လှေတစ်စင်းမှာ ပါရမယ့် လူတွေစုံတာနဲ့ တစ်ပြိုင်နက် ကျုပ်ဆီကို သတင်းပို့ပါ။ သင်္ဘောက ဦးပိုင်းက စပြီးမြုပ်နေပြီ။ ဆယ်မိနစ်လောက်ပဲ အချိန်ရလိမ့်မယ်။ မြန်မြန်ထက်ထက် ဆောင်ရွက်ပါ"

ဟယ်ဆလေ၏အမိန့်ကြောင့် လူတိုင်းပင် မျက်စိမျက်ဆန်ပြူး၍လာကြ၏။ သင်္ဘောကြီးတစ်စင်းလုံး စုန်းစုန်းမြုပ်ရန် ဆယ်မိနစ်သာလိုတော့သည် မဟုတ်လား။

ရဲဘော်ကြီးကွတ်က ဘုရားကို တစ်ချက်မျှ တလိုက်ရင်း...

'ငါးသိန်းကျော်တန်တဲ့ ငွေချောင်းကြီးတွေကတော့ ပင်လယ်အောက်မှာ သဲစာဖြစ်ရတော့မှာပဲ' ဟု ရေရွတ်မြည်တမ်းလိုက်၏။

ယခုအချိန်၌ ကျွန်တော်တို့သည် ပဲ့စင်အောက်ထပ်သို့ ရောက်နေကြပြီး ကျွန်တော်တို့အတွက် သတ်မှတ်၍ ပေးထားသော အမှတ်နှစ်အသက်ကယ်လှေနှင့်လည်း ကပ်နေပြီဖြစ်၏။ ကက်ပတိန်ဟယ်ဆလေက ပထမအရာရှိ ဟင်ဒရစ်အား စက်ခန်းထဲရှိ လူအားလုံး အပေါ်ကုန်းပတ်ပေါ်သို့ ရောက်မရောက် စစ်ဆေးရန် အမိန့်ပေးသံကို ကြားရ၏။ တစ်ဆက်တည်းတွင်ပင် ကုန်းပတ်ပေါ်တွင်ရှိနေသော ဒုတိယသင်္ဘောအရာရှိ မစ္စတာကောင်ဆင်အား ကက်ပတိန်ဟယ်ဆလေက ပဲ့စင်လက်ရန်းကိုမှီရင်း ညွှန်ကြားချက်ပေးနေ၏။

"အမှတ်နှစ် အသက်ကယ်လှေကို ချလိုက်ပါ။ သတိထားပြီးလည်းချနော်"

"ကုန်လှောင်ခန်းတွေက စုန်းစုန်းမမြုပ်သေးဘူး မဟုတ်လား"

မစ္စတာကောင်ဆင်က အထက်သို့မော်၍ မေးလိုက်၏။

"အမှတ်နှစ်ကုန်လှောင်ခန်းမှာတော့ ရေတွေပြည့်နေပြီ။ အမှတ်သုံး ကုန်လှောင်ခန်းကလည်း အချိန်မရွေး ရေအောက်မှာ နစ်တော့မလိုဖြစ်နေပြီ။ မြန်မြန်လုပ်စမ်းပါ"

ကက်ပတိန်ဟယ်ဆလေက ဒုတိယသင်္ဘောအရာရှိ ကောင်ဆင်အား အမှတ်နှစ်အသက်ကယ်လှေကို မြန်မြန်ချရန်သာ တိုက်တွန်းနေ၏။

"အမှတ်နှစ်ကုန်လှောင်ခန်းမှာ ရေတွေပြည့်နေပြီဆိုတာ မဟုတ်နိုင်တာဘဲ။ ကျုပ်တက်လာတုန်းက အမှတ်နှစ်ကုန်လှောင်ခန်းဟာ ဘာမှစိုးရိမ်တကြီး အခြေအနေကို မရောက်သေးဘူး"

ကျွန်တော့်အနားတွင် ရပ်နေသော သင်္ဘောသားတစ်ယောက်က ကက်



ပတိန် ဟယ်ဆလေ၏ စကားကို ပခုံးလေးတွန့်၍ တစ်ယောက်တည်း ရေရွတ်နေသည်။

ကျွန်တော့်နောက်ဘက်တွင် ရပ်နေသော ရဲဘော်ကြီးကွတ်က ကျွန်တော့်နံဘေးကို တံတောင်ဖြင့် တွက်ရင်း...

'မောင်ရင်က အမှတ်နှစ်အသက်ကယ်လှေမှာ ဝမ်းဗိုက်က ပျဉ်စပ်တွေ ကျွတ်နေတဲ့အကြောင်းကို မပြောတော့ဘူးလား၊ ဒီအသက်ကယ်လှေပေါ်မှာ လိုက်မယ့် လူတိုင်းကို ပြောဖို့သင်တယ်' ဟု သတိပေးနေ၏။

"ခုအချိန်ရောက်မှ သတိပေးနေလို့ အပိုပါပဲ။ ဒီလူတွေက ဒီအသက်ကယ်လှေကို တက်ပြီး စီးရင်စီး၊ မစီးရင် ဘာမှ စီးစရာရှိတော့မှာ မဟုတ်တော့ဘူး"

ကျွန်တော်က စိတ်ပျက်လက်ပျက်ဖြင့် ပြောလိုက်သည့်တိုင်အောင် အလျှော့ပေးသေးဘဲ...

'ဟော့...ဟိုကဖောင်တွေကကော' ဟု မေးနေပြန်၏။

"ဖောင်ဆိုလို့ သင်္ဘောတစ်စင်းလုံးမှာ နှစ်ခုပဲရှိတယ်။ ဖောင်တစ်ဖောင်မှာ အများဆုံး လူလေးယောက်ပဲ တင်နိုင်တယ်"

"ဘာပဲဖြစ်ဖြစ် ဖောင်ပေါ်မှာတက်ပြီး မလိုက်နိုင်တဲ့လူတွေက ဖောင်ကို ဆွဲပြီး လိုက်နိုင်တယ်မဟုတ်လား"

ရဲဘော်ကြီးကွတ်က ကျွန်တော့်ကို စောဒကတက်၍ နေပြန်သည်။

"ဖောင်ကိုတွယ်ပြီးလိုက်လာတဲ့ လူတွေ အအေးမိပြီး၊ တစ်နာရီလောက်ကြာရင် သေကုန်မှာပဲ။ ဒီပင်လယ်ပြင်ဟာ အာတိတ်သမုဒ္ဒရာနဲ့ ဆက်နေတယ်ဆိုတာကိုလည်း သတိထားဦး။ အသက်ကယ်လှေက ကျွတ်ထွက်နေတယ်ဆိုတဲ့ ပျဉ်စပ်ငါးချောင်းက ကျွတ်မထွက်ဘဲ နေချင်နေလေဦးမယ်"

ရဲဘော်ကြီးကွတ်နှင့် ကျွန်တော်က အပြန်အလှန်စကားဆိုနေစဉ် သင်္ဘောဒုတိယအရာရှိ မစ္စတာကောင်ဆင်က ကျွန်တော်တို့သုံးဦးအား အော်၍ပြောလိုက်၏၊

"ဟေ့...ရဲဘော်သုံးယောက်။ ဒီမှာလာပြီး အသက်ကယ်လှေကို ချပေးစမ်းပါ"

ကျွန်တော်တို့သုံးယောက်က အမှတ်နှစ်အသက်ကယ်လှေကို ရေပြင်ပေါ်သို့ ရောက်အောင် ကူညီ၍ချပေးရန် ရှေ့သို့တက်လာခဲ့ကြ၏။ အချို့သော သင်္ဘောသားများက အမှတ်နှစ်အသက်ကယ်လှေကို ရေမျက်နှာပြင်ပေါ်သို့ ရောက်အောင်

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစား၍ ချနေကြ၏။ သို့ရာတွင် သုံးရောင်ခြယ်သင်္ဘောကြီးက အမှုးသမား သိုင်းကွက်နင်းသကဲ့သို့ တလူးလူးတလိမ့်လိမ့်ဖြစ်နေလေသောအခါ အသက်ကယ်လှေကို အောက်သို့ ချရန် ကြိုးစားနေသူများသည် လူးလိမ့်နေသော သင်္ဘောအရှိန်နှင့်အတူ ကုန်းပတ်ပေါ်တွင် တဘိုင်းဘိုင်းလဲကျနေကြ၏။

အကူအညီပေးရန် တက်၍လာခဲ့သော ကျွန်တော်တို့သုံးယောက်သည်လည်း အခြားသူများနှင့်အတူ တဘိုင်းဘိုင်းလဲပြို၍ နေကြ၏။

အသက်ကယ်လှေကို အောက်သို့ချရန် ကြိုးစားနေသူများထဲတွင် ကျွန်တော်တို့အထဲမှ အုပ်ချုပ်ရေးမှူးအဖြစ်လိုက်ပါလာသော အရာခံဗိုလ်ရန်ကင်းကို တွေ့ရ၏။ ဆိပ်ကမ်းရှိသမျှ အနှံ့ရောက်ဖူးသော ကျွန်တော်၏ မိတ်ဆွေကြီးဖြစ်သူ ထမင်းချက် ရဲဘော်ကြီးကိုလည်း ဤနေရာတွင်ပင် တွေ့ရ၏။

ထမင်းချက်ရဲဘော်ကြီးသည် လိပ်ခွံရောင်ကြောင်ကို သူ၏ရင်ခွင်ထဲတွင် လက်နှစ်ဖက်ဖြင့် ပွေ့ပိုက်လျက် ခေါ်ဆောင်လာသည်ကို ကျွန်တော်က ယနေ့တိုင် အမှတ်ရ၍နေသေး၏။

သုံးရောင်ခြယ်သင်္ဘောကြီးက ဘယ်ညာ လူးလိမ့်၍နေ၏။ အမှတ်နှစ် အသက်ကယ်လှေသည် တကျိုကျိုမြည်ရင်း အောက်သို့ ကျလာ၏။ အပြေးဝင်၍ ဆောင့်လိုက်သော လှိုင်းလုံးကြီးတစ်လုံးကြောင့် ကျွန်တော်တို့အားလုံး ရေအောက်တွင် နစ်မွန်း၍သွားကြရ၏။ တစ်ဖက်မှထောင်၍လာသော သင်္ဘောနံရံကြောင့် ကုန်းပတ်ပေါ်တွင် မင်းမူနေသော ရေများက နိမ့်ရာဘက်မှ လျှော၍ ဆင်းသွားကြ၏။

ပင်လယ်သည် ပို၍မာန်ဟုန်ကြီးလာသည်ဟု ထင်ရသည်။ ကုန်းပတ်ပေါ်သို့ တက်၍လာသော ရေများက ကျွန်တော်တို့ ခြေထောက်များကို တုတ်ကြိုးကြီး တစ်ချောင်းက သိမ်းကျုံး၍ ရိုက်နေသကဲ့ထင်ရ၏။ ဤသို့ သိမ်းကျုံး၍ ရိုက်ပြီးနောက် သင်္ဘောလက်ယာဘက်ဆီသို့ ဝေါခနဲ ထိုးဆင်း၍သွားသည်။

လှိုင်းကလည်းထန်၊ လေကလည်းပြင်း၊ သင်္ဘောကလည်း တစ်ဖက်စောင်းဖြစ်နေသည့်အကြားတွင် ကျွန်တော်က ကက်ပတိန်ဟယ်ဆလေ၏အသံကို ကြားလိုက်ရပြန်၏။

ဟယ်ဆလေသည် ပွဲစင်ထက်မှနေ၍ ဓာတ်စကားဖြင့် ရွှေရွှတ်နေခြင်းဖြစ်၏။

"ရေတောင့်ပင်လယ်၊ မြင်ဝံ့ပဲ။ လေဝိုင်းငယ်မှုန်၊ လှိုင်းသုန်သုန်ခုန်မြူး



ရေမာလိန်မှူးငယ်တို့ မူးဆွေချာလှိုင်"

ကက်ပတိန်ဟယ်ဆလေက ဤသို့ရွှေရွှတ်လိုက်ပြီးနောက် သူရူးတစ်ယောက်ကဲ့သို့ ဟားတိုက်၍ရယ်နေပြန်သည်။

ပြီးမှ...

"ရဲဘော်တို့ အသက်ကယ်လှေပေါ်ကို တက်ကြ။ အရာခံဗိုလ်ရန်ကင်းမင်းနဲ့ မင်းလူတွေက အမှတ်နှစ်အသက်ကယ်လှေပေါ်ကို တက်ရလိမ့်မယ်"

ကက်ပတိန်ဟယ်ဆလေက အောက်ဘက်သို့ ကျွန်တော်တို့ လူတစ်စုကို ငုံ့၍ ကြည့်ရင်း အော်ဟစ်အမိန့်ပေးနေပြန်၏။

"ဟုတ်...ဟုတ်...ပါတယ်ခင်ဗျာ"

အရာခံဗိုလ်ရန်ကင်းက ကက်ပတိန်ဟယ်ဆလေ၏ အမိန့်ကို ထစ်ထစ်အအဖြင့် အာမဘာရွှေ့ခံနေပြန်၏။

ကက်ပတိန်ဟယ်ဆလေက...

'သင်္ဘောအောက်ထပ်မှာ ဘယ်သူမှ မကျန်တော့ဘူး ဟုတ်လား'ဟု ပထမသင်္ဘောအရာရှိ ဟင်ဒရစ်အား အော်၍ မေးလိုက်ပြန်၏။

"ဘယ်သူမှ မကျန်တော့ပါဘူး ခင်ဗျာ"

"မစ္စဂျူနီဖာကို အမှတ်နှစ် အသက်ကယ်လှေပေါ်မှာ တင်ပေးလိုက်ပါ. မစ္စတာ ဟင်ဒရစ်"

သင်္ဘောကက်ပတိန်ဟယ်ဆလေက ဆက်၍ အမိန့်ပေးနေလေသည်။

"ကောင်းပါပြီ ခင်ဗျာ"

မစ္စတာ ဟင်ဒရစ်၏ ပြောကြားသံအဆုံးတွင် အရာခံဗိုလ်ရန်ကင်းက ကျွန်တော်၏ လက်မောင်းတစ်ဖက်ကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်၏။

"လှေပေါ်ကိုတက်စမ်း ဗာဒီ။ ဆီး၊ ကွတ်...အားလုံးလှေပေါ်ကို တက်စမ်း"

အရာခံဗိုလ်ရန်ကင်းက ကျွန်တော့်အား အသက်ကယ်လှေပေါ်သို့ အတင်းအကြပ် တက်ခိုင်းနေသည့်တိုင် ကျွန်တော်က ရပ်နေသည့်နေရာမှ တစ်လက်မမျှ မရွေ့ဘဲ ပေ၍ခံနေ၏။

အမှတ်နှစ်အသက်ကယ်လှေပေါ်သို့ တက်ရောက်စီးနင်းလိုက်ပါရန် သတ်မှတ်ချက်ပေးထားသော သင်္ဘောသားအချို့က အသက်ကယ်လှေပေါ်သို့ အလုအယက် တက်နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အသက်ကယ်လှေပေါ်သို့ ရောက်နှင့်သူများက ခတ်တက်များကိုပင် ခတ်ကွင်းများ၌ အသင့်ထည့်၍ ရှိနေကြပြီ ဖြစ်၏။

အသက်ကယ်လှေကို ကြည့်ရသည်မှာ လူနှင့်လှေ မဆန့်ရင်ကာ ဖြစ်နေသည်ဟု ထင်ရ၏။ ကျွန်တော့် လက်တစ်ဖက်ဖြင့်ပင် ရွှေ့လျားကျွတ်ထွက်နေသော အသက်ကယ်လှေဝမ်းဗိုက်မှ ပျဉ်စပ်ငါးချောင်းသည် လှေပေါ်တွင်ပါသော လူများနှင့်ဆိုလျှင် မည်သို့ ဖြစ်လာပါမည်နည်း။

ကျွန်တော်က ဤသို့ စဉ်းစားရင်း အသက်ကယ်လှေပေါ်သို့ မတက်ဘဲ ယခုတိုင် တန်းလန်းချိတ်လျက် ရှိနေသေးသော ဖောင်နှစ်ခုရှိရာသို့ ကြည့်လိုက်ပြီး–

'ကျုပ်တော့ ဖောင်တစ်ခုခုကို ယူပြီးလာတော့မယ်'ဟု အရာခံဗိုလ်ရန်ကင်းအား ပြောလိုက်၏။

"အထက်အရာရှိက ပေးတဲ့အမိန့်အတိုင်း လိုက်ပြီးလုပ်ဖို့ဟာ မင်း တာဝန်ပဲမဟုတ်လား"

အထက်မှ ပေးသောအမိန့်ကို နာခံရမည်ဟူသော အလေ့အကျင့်က ကျွန်တော့်ရင်ထဲတွင် စွဲ၍ နေခဲ့ရသည်ဖြစ်သည့်အလျောက် အရာခံဗိုလ်ရန်ကင်း၏ အမိန့်အတိုင်း အမှတ်နှစ်အသက်ကယ်လှေပေါ်သို့ တက်ရန် ဟန်ပြင်လိုက်၏။

ဤသို့ ဟန်ပြင်လိုက်သည်နှင့်တစ်ပြိုင်နက်၊ အရာခံဗိုလ်ရန်ကင်းအား ကျွန်တော်က သဘော်အင်ဂျင်နီယာချုပ်အခန်းထိလိုက်၍ အမှတ်နှစ်အသက်ကယ်လှေမှာ အသက်မကယ်နိုင်တော့သည့် အခြေအနေတွင် ရှိနေကြောင်းဖြင့် သွားရောက်သတင်းပို့ခဲ့သည့် အကြောင်းကို ပြန်၍သတိရလာသည်။

သို့ဖြစ်၍လည်း အရာခံဗိုလ်ရန်ကင်း၏မျက်နှာကို စေ့စေ့ကြည့်၍ ကျွန်တော်က မေးလိုက်၏။

"အသက်ကယ်လှေက ဝမ်းဗိုက်မှာ ပျဉ်စပ်ငါးချောင်းကျွတ်ထွက်နေတာကို လာပြီး သတင်းပို့တာ မှတ်မိသေးရဲ့လား"

အရာခံဗိုလ်ရန်ကင်းက တစ်ခွန်းမျှပြန်၍မပြောနိုင်ဘဲ ကျွန်တော့်ကိုသာ ငေး၍ကြည့်နေ၏။

"ကျုပ်တော့ ဖောင်တစ်ခုကို တက်ပြီး စီးသွားမှာပဲ။ ခင်ဗျားကိုလည်း ကျုပ်လိုလိုက်ပြီး လုပ်ဖို့ တိုက်တွန်းတယ်"

ကျွန်တော်၏စကားအဆုံးတွင် ရဲဘော်ကြီးကွတ်က 'ကျုပ်လည်း မောင်ရင်နဲ့ အတူတူပဲ၊ ပျဉ်စပ်တွေ ကျွတ်ထွက်နေတဲ့ အသက်ကယ်လှေနဲ့တော့ မလိုက်ဘူး'



ဟု ဝင်၍ ထောက်ခံလိုက်၏။

အရာခံဗိုလ်ရန်ကင်းသည် သံသယဒွိဟဖြင့် တွေးဝေငေးမောလျက် ရှိနေလေသည်။

ဤအချိန်တွင်ပင် ပွဲစင့်ထက်မှ ကက်ပတိန်ဟယ်ဆလေ၏ အမိန့်က ငှက်ဆိုးထိုးသံကဲ့သို့ စူးရှကျယ်လောင်စွာ ပေါ်ထွက်လာ၏။

"အရာခံဗိုလ်ရန်ကင်း မင်းရော မင်းလူတွေပါ အသက်ကယ်လှေပေါ် ကို တက်စမ်း"

"ဟုတ်… ဟုတ်ကဲ့ခင်ဗျာ"

ရေတပ်တွင် အမှုထမ်းသက် ကြာသူတစ်ဦးပီပီ အထက်အရာရှိက ပေး သော အမိန့်ကို အရာခံဗိုလ်ရန်ကင်းက အလွယ်တကူပင် အာမဘာန္တေ ခံလိုက်၏။

ဤသို့ ခံလိုက်ရင်းလည်း ရဲဘော်ကြီးကွတ်နှင့် ရဲဘော်ကလေးဆီးတို့အား အသက်ကယ်လှေပေါ်သို့ အတင်းတွန်း၍ လွှတ်နေ၏။

"ဟေ့…ကွတ် လှေပေါ်ကို တက်စမ်း၊ ဒါ အမိန့်ပဲဟေ့…ဆီး၊ လှေပေါ်ကို တက်၊ ဒါဟာ အမိန့်ပဲ"

စစ်မှုထမ်းသက် မရင့်သေးသော ရဲဘော်ကလေးဆီးက အသက်ကယ် လှေရှိရာသို့ လျှောက်၍သွားသည်။ အဖွဲ့သားသုံးယောက်အနက် တစ်ယောက်က မိမိအမိန့်ကို နာခံနေသည်။ ဤသည်ကို မြင်ရသော အရာခံဗိုလ်ရန်ကင်းက အားတက်လာပြီး ရဲဘော်ကြီးကွတ်ကိုလည်း အတင်းတွန်းထုတ်၍ အမိန့်ပေးနေ၏။

"ကွတ်… လှေပေါ်ကို တက်စမ်း ဒါအမိန့်ပဲ"

ရဲဘော်ကြီးကွတ်က ရပ်နေသည့် နေရာတွင် ပေ၍ခံနေရင်း

'ကျုပ်ကတော့ ဒုတပ်ကြပ်ဗာဒီနဲ့အတူ ဖောင်ကိုပဲစီးမှာပဲ' ဟု တင်းမာသောလေသံဖြင့် ပြန်ပြောလိုက်သံကို ကြားရ၏။

အသက်ကယ်လှေပေါ်သို့ တက်အံ့ဆဲဆဲဖြစ်နေသော ရဲဘော်ကလေးဆီးက ရဲဘော်ကြီးကွတ်ဘက်သို့ လှည့်လိုက်ပြီး…

"ရဲဘော်ကြီးခင်ဗျား၊ အထက်ကအမိန့်ကို မလိုက်နာရင် အလွန်အား သက်သက် ဒုက္ခဖြစ်နေဦးမယ်၊ ပျဉ်စပ်တွေကျွတ်နေတယ်ဆိုတာလည်း ကျွန်တော်တို့ ထင်သလောက် အခြေအနေဆိုးမှာ မဟုတ်ပါဘူး'ဟု ရဲဘော်ကြီးကွတ်အား လှမ်း၍ တိုက်တွန်းနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်ကလေးဆီး၏ စကားကို ကြားလိုက်ရသော အရာခံဗိုလ်ရန်ကင်းက ပို၍ အားတက်လာကာ အမိန့်အာဏာကိုလည်း ပို၍ သုံးလာ၏။

"ဒုတပ်ကြပ် ဗာဒီ အသက်ကယ်လှေပေါ်ကိုတက်ပါ"

အရာခံဗိုလ်ရန်ကင်းက ကျွန်တော့်အား အမိန့်ပေးလာ၏။

"ကျုပ်ကတော့ ဖောင်နဲ့ပဲလာတာကို သဘောကျတယ်"

ကျွန်တော်က ဤသို့ ပြန်ပြောရင်း ဖောင်ရှိရာသို့ လှမ်း၍ ကြည့်လိုက်၏။ အရာခံဗိုလ်ရန်ကင်းက ကျွန်တော့် လက်မောင်းတစ်ဖက်ကို ဖျစ်ညှစ်ဆုပ်ကိုင်၍ ထားလိုက်ရင်း...

"ဒုတပ်ကြပ်ဗာဒီ အသက်ကယ်လှေပေါ်ကို တက်ပါ၊ ဒါဟာ နောက်ဆုံးအမိန့်ပေးခြင်းပဲ"

ကျွန်တော်က အရာခံဗိုလ်ရန်ကင်းလက်ထဲမှ ရုန်းကန်၍ထွက်လိုက်၏။ ဤသို့ ရုန်းကန်၍ ထွက်လိုက်ရင်း...

'ကျုပ်ကတော့ ဖောင်ကိုပဲ တက်ပြီးစီးမယ်၊ အမှတ်နှစ်အသက်ကယ်လှေက ဝမ်းဗိုက်ပျဉ်စပ်တွေ ကျွတ်ထွက်နေတာကို ကက်ပတိန်ဟယ်ဆလေ သိအောင် သတင်းပို့ပါလို့ ကျုပ်က တိုက်တွန်းတုန်းက ခင်ဗျားက ဘာဖြစ်လို့ လိုးလွဲပြီး နေခဲ့ရတာလဲ'ဟု အော်၍ ပြောလိုက်၏။

ဤအချိန်တွင် ကက်ပတိန် ဟယ်ဆလေ၏ အသံက ကျွန်တော်တို့ ခေါင်းပေါ်မှ ပေါ်ထွက်လာ၏။

သင်္ဘောကုန်းပတ်ပေါ်မှနေ၍ ကျွန်တော်က မော်ကြည့်လိုက်သောအခါ ကက်ပတိန်ဟယ်ဆလေသည် ပဲ့စင်လက်ရန်းကိုမှီလျက် ကျွန်တော်တို့ရှိရာသို့ စိုက်၍ ကြည့်နေသည်ကို မြင်ရ၏။

သူ၏မုတ်ဆိတ်နက်မှောင်မှောင်မှာ ပင်လင်ရေမြှုပ်များဖြင့် ပြောက်တီပြောက်ကျား ဖြူဆွတ်လျက်ရှိနေသည်ကို တွေ့ရ၏။

သူ၏မျက်လုံးအစုံကလည်း သားကောင်ကို ခုန်၍အုပ်တော့မည့် ကျားကြီးတစ်ကောင်၏ မျက်လုံးကဲ့သို့ တရဲရဲတောက်ပြောင်လျက် ရှိသည်ဟု ထင်ရလေသည်။

"အရာခံဗိုလ်ရန်ကင်း မင်းနဲ့ မင်းလူနှစ်ယောက်ကို အသက်ကယ်လှေပေါ်ကို တက်ပါဆိုပြီး ကျုပ်က အမိန့်ပေးနေတယ်။ ခုတိုင်အောင် ဘာဖြစ်လို့ မတက်ကြသေးတာလဲ"



ရဲဘော်ကလေးဆီက အသက်ကယ်လှေပေါ်သို့ တက်ရန်ဟန်ပြင်နေပြီဖြစ်သောကြောင့် သင်္ဘောကုန်းပတ်ပေါ်တွင် ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့သာ ရှိနေ၏။ ကျွန်တော်တို့နှင့်အတူ ရှိနေသူကား ကျွန်တော်တို့အား နွားမောင်းသကဲ့သို့ လှေပေါ်သို့ မောင်းချ၍နေသော အရာခံဗိုလ်ရန်ကင်းပင် ဖြစ်ပါသတည်း။

ကက်ပတိန် ဟယ်ဆလေ၏အမေးကို အရာခံဗိုလ်ရန်ကင်းက ကြောက်ကြောက်လန့်လန့်ဖြင့် အဖြေပေးလိုက်၏။

"သူတို့နှစ်ယောက်က အသက်ကယ်လှေပေါ်ကိုတက်ဖို့ငြင်း ဆန်နေပါတယ်"

ကက်ပတိန်ဟယ်ဆလေက ဤသို့အမိန့်ပေးပြီးနောက် ကျွန်တော့်မြင်ကွင်းမှ ပျောက်သွား၏။ သို့ရာတွင် ပဲ့စင်အဆောင်၏ အခြားဘက်အစွန်းမှနေ၍ အမှတ်တစ်အသက်ကယ်လှေကို ထွက်ခွာသွားရန် အမိန့်ပေးနေသံကြားရ၏။

ဤအချိန်၊ ဤအခါတွင် အဆင့်ဆင့် အမိန့်ပေးသံများမှာ ရောထွေးရှုပ်ပွေလျက် ရှိနေလေသည်။

ခဏအကြာတွင် အမှတ်တစ်အသက်ကယ်လှေသည် သတ်မှတ်ထားသော ဦးနင်းလိုက်ပါမည့် လူများနှင့်အတူ လှိုင်းလုံးကြီးများနောက်သို့ ရောက်သွားသည်ကို တွေ့လိုက်ရ၏။

ဤအချိန်ကွင်ပင် မစ္စဂျနီဖာအား အောက်ထပ်ရှိ သူ၏အခန်းသင်္ဘောကုန်းပတ်ထက်သို့ မစ္စတာဟင်ဒရစ်က ဖေးမ၍ခေါ်ယူလာလေသည်။

မစ္စဂျနီဖာကို ကြည့်ရသည်မှာ ဖြူဆွတ်နေသောအဝတ်ထုပ်ကလေးတစ်ထုပ်ကဲ့သို့ ခွေပျော့လျက်ရှိနေ၏။ ကိုယ်တွင် အသက်ကယ်အိတ်ကို စွပ်ထားသည်။

မစ္စတာဟင်ဒရစ်က မစ္စဂျနီဖာအား ဒုတိယအရာရှိကောင်ဆင်လက်သို့ အပ်လိုက်သဖြင့် ကောင်ဆင်က အမှတ်နှစ်အသက်ကယ်လှေပေါ်သို့ တက်ရန် တန်းစီနေသူများနောက်တွင် နေရာချပေးထားလိုက်၏။

တန်းစီ၍နေသူများတွင် ရဲဘော်ကလေးဆီးလည်း ပါသည်။ သူ့ကိုကြည့်ရတာ လူသေတစ်ယောက်ကဲ့သို့။ သူ့နောက်တွင် ရပ်နေသူကား ထမင်းချက်ရဲဘော်ကြီးဖြစ်၏။ လက်ထဲတွင် ပိုက်ထားသော လိပ်ခွံရောင်ကြောင်ကို ထမင်းချက်ရဲဘော်ကြီးက ယုယုယယ ပွတ်သပ်၍ ပေးနေသည့်တိုင်အောင် ကြောင်က ထမင်းချက်ရဲဘော်ကြီးလက်မှ ရုန်းထွက်ရန် ကြိုးစားနေသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အနားတွင် လာ၍တန်းစီလိုက်သူမှာ မစ္စဂျနီဖာပင် ဖြစ်လေသည်။ ကိုယ်ပေါ်တွင်ဝတ်ထားသော ကာကီရောင်ဂရိုကွတ်မှာ မစ္စဂျနီဖာထက် အဆမတန်ကြီးနေပုံရ၏။

မစ္စတာကောင်ဆင်က ဂျနီဖာအား အသက်ကယ်လှေပေါ်သို့ တင်ပေးရန် ဟန်ပြင်နေ၏။ သုံးရောင်ခြယ်သင်္ဘောသည် တစ်ဖက်သို့ အရှိန်ပြင်းပြင်းဖြင့် လူး၍ သွားသည်။ ရေများက ကုန်းပတ်ပေါ်သို့ ဒလဟောဝင်လာ၏။ သင်္ဘောလက်ဝဲဘက်လက်ရန်းမှာ ရေထဲတွင် နစ်မြုပ်၍နေပေ၏။

ခဏအကြာတွင် သင်္ဘောကပြန်၍ ထောင်လာသည်။ ကုန်းပတ်ပေါ်မှ ရေများလည်း စီး၍ကျသွားပြန်သည်။ ကျွန်တော်နှင့် မစ္စတာဂျနီဖာတို့သည် သင်္ဘောလက်ရန်းကို ကိုင်ရင်း တစ်ယောက်နှင့်တစ်ယောက်ကပ်၍ ရပ်နေမိကြ၏။

"ဒီအသက်ကယ်လှေပေါ်ကို မတက်နဲ့။ စိတ်မချရဘူး"

ကျွန်တော်က နှစ်ယောက်သား ကြားလောက်ရုံလေသံဖြင့် ပြောလိုက်၏။

"ဘာဖြစ်လို့လဲ ဗာဒီ"

"ဝမ်းဗိုက်က ပျဉ်စပ်ငါးချောင်းကျွတ်ထွက်နေတယ်"

လှိုင်းသံနှင့် လေသံကြောင့် ကျွန်တော့် စကားကို မစ္စဂျနီဖာ မကြားရမည်စိုးသည့်အတွက် ကျွန်တော့်အသံကို မြှင့်၍ပြောလိုက်မိ၏။

ဒုတိယအရာရှိ မစ္စတာကောင်ဆင်က ကျွန်တော် ပြောလိုက်သော စကားကို ကြားသွားပုံရ၏။

"မဟုတ်တာတွေကို ပြောမနေစမ်းပါနဲ့"

ကောင်ဆင်က ဒေါသတကြီးဖြင့် ကျွန်တော့်အား ဟန့်တားလိုက်ပြီး တစ်ဆက်တည်းပင် မစ္စဂျနီဖာအား အသက်ကယ်လှေပေါ်သို့တက်ရန် တိုက်တွန်းနေ၏။

"မြန်မြန်ကလေးတက်စမ်းပါ၊ ခုလောက်ဆိုရင် ကျွန်တော်တို့ သင်္ဘောကတောင် ချာပို့ကောင်းနေပြီ"

ဂျနီဖာအား အသက်ကယ်လှေပေါ်သို့ မတက်ရန် မရမကတားမြစ်ရတော့မည်ဟု ကျွန်တော်က ဆုံးဖြတ်လိုက်ပြီး...

'ဖောင်တစ်ခုခုပေါ်ကိုသာတက်ပါ။ ဖောင်ပေါ်မှာ အေးမှာတော့အမှန်ပဲ။ ဒါပေမဲ့ ဖောင်ကတော့ ရေပေါ်မှာ ပေါ်နေမှာ သေချာတယ်'ဟု ကျွန်တော်က ပြောလိုက်၏။



"မင်းဘာတွေလျှောက်ပြောနေရတာလဲ"

မစ္စတာကောင်ဆင်က ဒေါသတကြီးဖြင့် ရေရွတ်ပြောဆိုရင်း ကျွန်တော့်ပခုံးကိုကိုင်ကာ တစ်ပတ်လောက်ဆွဲ၍ မွှေ့လိုက်၏။

"အသက်ကယ်လှေတွေ အားလုံး အကောင်းချည်းပဲ။ လွန်ခဲ့တဲ့အပတ်ကမှ ကျုပ်ကိုယ်တိုင် စစ်ဆေးခဲ့သေးတာ"

"ဟုတ်ပါလိမ့်မယ်။ ဒါပေမဲ့ ကုန်ခဲ့တဲ့ညကတော့ မစစ်မိဘူးမဟုတ်လား"

ကျွန်တော်က မစ္စတာကောင်ဆင်၏ အမူအရာကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်ရင်း ဤကဲ့သို့ ပြောလိုက်ခြင်းဖြစ်၏။

ကောင်ဆင်က မစ္စဂျနီဖာဘက်သို့ လှည့်လိုက်ပြီး

'ကုန်ခဲ့တဲ့ညကလည်း ကျွန်တော်ကိုယ်တိုင် စစ်ခဲ့သေးတယ်'ဟု ပြောနေပြန်၏။

"ကျွန်တော်ပြောတာကို ယုံပါ၊ လှေပေါ်မှာထက် ဖောင်ပေါ်မှာ ပိုပြီး စိတ်ချရပါတယ်"

ကျွန်တော်က မစ္စဂျနီဖာအား လှမ်း၍ပြောလိုက်သည်။

ကောင်ဆင်က ကျွန်တော်ဘက်သို့ ပြန်လှည့်လာသည်။ သူ၏ ညာဘက်လက်သီးကိုလည်း တင်းတင်းကြီးဆုပ်လျက် ကျွန်တော့်ကို ထိုးတော့ သတ်တော့မည်ကဲ့သို့ ရှိနေ၏။

"ဟော့... နားထောင်။ လှိုင်းတွေ လေတွေ ကြမ်းတဲ့ ပင်လယ်ထဲမှာ အသက်ကယ်လှေပေါ်ကို တက်ဖို့ ငြင်းဆန်နေရင် ကျုပ်က မတက်တက်အောင် လုပ်ရလိမ့်မယ်"

ကောင်ဆင်က ဤသို့ပြောလိုက်သည်နှင့် တစ်ပြိုင်နက် ရဲဘော်ကြီးကွက်က ရှေ့သို့ တက်လာပြီး ကျစ်ကျစ်ပါအောင်ဆုပ်ထားသော ကောင်ဆင်၏ ညာဘက်လက်ကို လက်ကောက်ဝတ်မှစ၍ ဆုပ်ကိုင်ထားလိုက်ကာ...

'ဒုတပ်ကြပ်ဗာဒီ ပြောတာအမှန်ပဲ။ ကျွန်တော်ကိုယ်တိုင်လည်း လှေဝမ်းဗိုက်ကိုစမ်းကြည့်ခဲ့တယ်။ ပျဉ်စပ်တွေ ကျွတ်ထွက်နေတယ်၊ ဒီတော့ ကျွန်တော်တို့ ကြိုက်တဲ့ ဖောင်ကိုပဲ တက်ပြီးစီးရလိမ့်မယ်" ဟု ဆိုရင်း မစ္စဂျနီဖာဘက်သို့ လှည့်လျက်...

"ကျွန်တော်ပြောတဲ့စကားကိုသာ နားထောင်ပါ။ ဒုတပ်ကြပ် ဗာဒီရဲ့ စကားဟာ အမှန်အတိုင်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့နဲ့ အတူ ဖောင်ပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



တက်ပြီး လိုက်ခဲ့ရင် အသက်ရှင်ဖို့က ပိုပြီး များပါတယ်’ဟု တစ်ဆက်တည်း ပြောလိုက်သည်။

“အေး …ကြည့်ကြသေးတာပေါ့”

ကောင်ဆင်က ဤသို့ကြုံးဝါးလိုက်ရင်း သူ့လက်ကို တုံ့ခနဲ ဆွဲယူလိုက်၏။

“မစ္စဂျနီဖာ ကျေးဇူးပြုပြီး လှေပေါ်ကိုတက်ပါ၊ ထွက်ခွာဖို့ အချိန်ရောက်နေပါပြီ”

သို့တိုင်အောင် မစ္စဂျနီဖာက လှေပေါ်သို့မတက်ဘဲ ရပ်မြဲရပ်နေ၏။ သူ၏ မျက်လုံးက ကျွန်တော့် မျက်နှာကိုသာ စိုက်၍ ကြည့်နေသည်။

ကျွန်တော်ထံမှ အဖြေမှန်ကိုတောင်း၍နေခြင်းပင်တည်း။ လှေပေါ်သို့ ရောက်နှင့်နေသူများက သင်္ဘောမှလှေကို ခွာ၍ မထွက်နိုင်ဘဲ ကျွန်တော်တို့ကြောင့် နှောင့်နှေးနေသည်ကို ညည်းတွားရေရွတ်လျက် ရှိနေကြ၏။

ဤအချိန်တွင် သုံးရောင်ခြယ်သင်္ဘောကြီးမှာ ဦးပိုင်းမှစ၍ တဖြည်းဖြည်း စိုက်လျက် နစ်မြုပ်စပြုနေပြီဟု ထင်ရ၏။

ကျွန်တော်တို့ခေါင်းပေါ်ရှိ ပွဲစင်ထက်မှ ကက်ပတိန်ဟယ်ဆလေ၏ အသံက ပေါ်ထွက်လာ၏။

မစ္စတာကောင်ဆင်က ကောင်းပါပြီဟု ပြန်ပြောရင်း မစ္စဂျနီဖာကို အသက်ကယ်လှေပေါ်သို့ တက်ရန် တိုက်တွန်းနေပြန်၏။

ကျွန်မတော့ ဖောင်တစ်ခုခုမှာပဲ တက်ပြီးစီးတော့မယ်”

မစ္စဂျနီဖာက ပြတ်သားသော လေသံဖြင့် ပြောလိုက်၏။

“ကျွန်တော့်ကို ညွှန်ကြားချက်ပေးထားတာက မစ္စဂျနီဖာကို ဒီလှေပေါ် တင်ပြီး ခေါ်ခဲ့ဖို့ပဲ။ ကဲ… ဇာ အချိန်မရှိတော့ဘူး”

မစ္စတာကောင်ဆင်က ဤသို့ ဆိုလိုက်ရင်း မစ္စဂျနီဖာအား ပွေ့ချီ၍ယူတော့မည်ကဲ့သို့ ခြေလှမ်းပြင်လိုက်၏။

မစ္စဂျနီဖာသည် ကောင်ဆင်နှင့် ဝေးအောင် ရှောင်၍ ပြေးရင်း…

‘ကျွန်မဘာသာကျွန်မ ကြိုက်တဲ့ ဖောင်ကို စီးမယ်’ဟု အော်၍ ပြောလိုက်၏။

ပွဲစင်ထက်မှ ကက်ပတိန်ဟယ်ဆလေ၏ အသံက ထပ်၍ ပေါ်ထွက်လာပြန်၏။ ဒေါသဖြင့် ပြင်းသော အသံပင်တည်း။



“လှေကို သင်္ဘောက အခွာခိုင်းပေတော့”

ဟယ်ဆလေ၏ အမိန့်ပေးသံကြောင့် ကောင်ဆင်ကလည်း ပို၍ တင်းမာလာ၏။

“ကဲ…နောက်ဆုံးအကြိမ်အဖြစ် မေးမယ်။ ဒီလှေနဲ့ လိုက်မလား မလိုက်ဘူးလား”

“မလိုက်ဘူး၊ ဖောင်တစ်ခုခုပေါ်မှာသာလိုက်မယ်”

မစ္စဂျနီဖာက ပြတ်ပြတ်သားသားပင် အဖြေပေးလိုက်၏။

ဤအဖြေကို ကြားလိုက်ရသော မစ္စတာကောင်ဆင်က သူ့ပခုံးနှစ်ဖက်ကို တွန့်လိုက်၏။

သူသည် မစ္စဂျနီဖာအား နောက်ထပ်တစ်ခွန်းမျှ စကားမဆိုတော့ဘဲ သူ ကိုယ်တိုင်ပင် အမှတ်နှစ်အသက်ကယ်လှေပေါ်သို့တက်လိုက်ကာ လှေကို သင်္ဘောမှ ခွာရန် အမိန့်ပေးလိုက်လေသည်။

မစ္စတာကောင်ဆင်က အသက်ကယ်လှေကို သင်္ဘောမှ ခွာရန် အမိန့်ပေး လိုက်သည့်အချိန်တွင်ပင် သုံးရောင်ခြယ်သင်္ဘောကြီးက လက်ဝဲဘက်သို့ စောင်း၍သွားပြီး လှိုင်းများက ဦးပိုင်းမှ ဖြတ်၍ အထက်ကုန်းပတ်ပေါ်သို့ လိမ့်ဝင်လာ၏။

လိမ့်၍ဝင်လာသောရေမှာ အသက်ကယ်လှေ၏ ဝမ်းဗိုက်နှင့် ထိ၍နေ၏။

အသက်ကယ်လှေသည် သင်္ဘောမှခွာရန် အသင့်ဖြစ်နေပြီ။

ဤအချိန်တွင် အသက်ကယ်လှေပေါ်မှာ တစ်စုံတစ်ခုသော အရာက သင်္ဘောပေါ်သို့ ခုန်၍ဆင်းလိုက်သည်ကို ကျွန်တော်က တွေ့လိုက်ရ၏။

ထမင်းချက်ရဲဘော်ကြီး၏ ရင်ခွင်ထဲတွင် စောစောကပင် ရှန်းကန်လှုပ် ရှားနေသော လိပ်ခွံရောင်ကြောင်ပင်ဖြစ်၏။

ပြန်၍ဆုတ်သွားသော လှိုင်းလုံးကြီးနှင့်အတူ အသက်ကယ်လှေက ပါ၍ သွားသည်။

ကျွန်တော်က အနီးတွင်ရှိသော သင်္ဘောလက်ရန်းကို ဖမ်း၍ဆုပ်ထားကာ အထက်ကုန်းပတ်ပေါ်မှာ လှိုင်းလုံးကြီးကျဆင်း၍ သွားသည်အထိ သတိဖြင့် ရပ်၍ နေလိုက်၏။

နောက်တစ်ချက်လှိုင်းတက်၍ အလာတွင် အမှတ်နှစ်အသက်ကယ်လှေက သုံးရောင်ခြယ်သင်္ဘောကြီးနှင့် ပြန်၍ နီးကပ်လာပြန်၏။ ခတ်ကျင်များက ခတ် တက်များကို လှိုကာ တချို့သောသင်္ဘောသားများက ခတ်၍နေပြန်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



အမှတ်နှစ်အသက်ကယ်လှေကို ကြည့်ရသည်မှာ ယခုအချိန်အထိ တစ်စုံတစ်ရာ ဘေးအန္တရာယ် မကျရောက်သေးကြောင်း သိသာထင်ရှားနေသည်။ မည်သို့ပင်ဖြစ်စေ၊ ဝမ်းဗိုက်မှ ပျဉ်စပ်ငါးချောင်းကျွတ်နေသည်ဖြစ်သည့် အလျောက် မကြာခင်ပင် အသက်ကယ်လှေအတွင်းသို့ ရေများဝင်ကာ ဒုက္ခပေး၍လာတော့မည်ကို ကျွန်တော်က သိထားပြီးဖြစ်သည်။ သို့ဖြစ်၍လည်း အကြီးမှူးလုပ်သူ မစ္စတာကောင်ဆင်အား ကျွန်တော်က အော်ဟစ်၍ သတိပေးလိုက်ပါ၏။

"ကျွပ်က ဖောင်တစ်ခုခုကို ဖြုတ်ပြီး စီးလာခဲ့မယ်။ ခင်ဗျားလှေကို ဝေးဝေးမရောက်စေနဲ့ ။ ခင်ဗျားလှေက စိတ်မချရရင်ကျွန်တော့်ဖောင်ကိုကူးခဲ့ပါ"

ကျွန်တော်က အော်ဟစ်ပြောနေသည့် တိုင်အောင် ကျွန်တော့်စကားကို မစ္စတာကောင်ဆင်က အရေးထားပုံမရ။

မကြား၍လား ကျွန်တော့် စကားကိုပင် မယုံ၍လား၊ မည်သို့ဖြစ်စေ ကျွန်တော်ကတော့ လူသားတစ်ဦး လုပ်ထိုက်သောအလုပ်ကို တာဝန်ကျေပွန်စွာ လုပ်ပြီးခဲ့ပြီဖြစ်၏ ။

ကျွန်တော်က ရဲဘော်ကြီးကွတ်အား အော်၍ခေါ်လိုက်ပြီး လက်ယာဘက်မှ ဖောင်ဖြုတ်ချရန် အကြံပေးလိုက်၏။

ရဲဘော်ကြီးကွတ်သည် ကျွန်တော့်အနားတွင် ရပ်နေရာမှ သင်္ဘောလက်ယာဘက်တွင် ချိတ်ဆွဲထားသော ဖောင်သို့ပြေးသွားသည်ကို မြင်လိုက်ရ၏။ ဤအချိန်တွင်ပင် ထမင်းချက်ရဲဘော်ကြီးထံမှ ရုန်းကန်၍ထွက်လာသော လိပ်ခွံရောင်ကြောင်က သင်္ဘောအထက်ကုန်းပတ်မှ အောက်ထပ်ရှိ သင်္ဘောအခန်းများရှိရာသို့ လှေကားအတိုင်း ပြေးဆင်းသွားသည်ကို တွေ့လိုက်ရသည်။ လိပ်ခွံရောင်ကြောင်သည် ထမင်းချက်အခန်းရှိရာသို့ တောက်လျှောက်ဆင်း၍သွားမည်ဟု ထင်၏။

ကျွန်တော်က သင်္ဘောအောက်ထပ်သို့ ပြေးဆင်းသွားသော လိပ်ခွံရောင်ကြောင်ကို မျက်စိတစ်ဆုံးလိုက်၍ ကြည့်နေစဉ်မှာပင် ရဲဘော်ကြီးကွတ်က ဖောင်ရှိရာသို့ရောက်နေပြီး ဖောင်ကို ဆိုင်းတွဲထားသော ကြိုးများကို ဖြုတ်ချနေ၏။

ဤအချိန်တွင်ပင် ကက်ပတိန်ဟယ်ဆလေ၏အသံက မိုးချုန်းသကဲ့သို့ ပေါ်ထွက်လာပြန်၏။

"မစ္စတာဟင်ဒရစ်၊ မစ္စတာရန်ကင်း ဖောင်ကို ဖြုတ်ချနေတဲ့ လူတွေကို ရပ်တန်းက ရပ်စေခိုင်းလိုက်ပါ"

ဤအချိန်တွင် ကျွန်တော်က ဖောင်ကို ဆိုင်းထားသော နောက်ဆုံး



ကြိုးတစ်ပင်ကို လက်ထဲမှ ဓားဖြင့် ခုတ်ပိုင်းလိုက်သည့်အချိန်ဖြစ်၏။

ကျွန်တော်က ဖောင်ကိုဆိုင်းထားသော နောက်ဆုံးကြိုးတစ်ပင်ကို ဓားဖြင့် ခုတ်ပိုင်းဖြတ်တောက်လိုက်စဉ်မှာပင် ဟင်ဒရစ်နှင့် ရန်ကင်းတို့၏ တဖုတ်ဖုတ် ပြေးလာသော ခြေသံကို ကျွန်တော်က နားစွင့်နေမိပြီးဖြစ်၏။

ဟင်ဒရစ်နှင့် ရန်ကင်းတို့ ဩသံပေးလျက် ကျွန်တော်ရှိရာသို့ ပြေး၍ တက်လာသည်။ ဟင်ဒရစ်၏ လက်တစ်ဖက်တွင် သံကောက်ကြီးတစ်ခုကို ဆုပ်ကိုင်ထား၏။

နားရွက်ဖျားမှ မေးဖျားအထိ ကန့်လန့်ကြီးဖြတ်လျက်ရှိသော ဟင်ဒရစ်၏ ပါးပေါ်မှ အနာရွတ်ကြီးက ကုန်းပတ်ပေါ်တွင် ထွန်းလင်းနေသော မီးရောင်ကြောင့် ဖွေးဖွေးဖြူသောအသွင်ကို ဆောင်နေလေသည်။

ဤအချိန်တွင် သုံးရောင်ခြယ်သင်္ဘောကြီးက တစ်ဖက်သို့လူးလိမ့်၍ စောင်းလိုက်ပြန်၏ ။

ဂျနီဖာက နီးရာသင်္ဘောလက်ရန်းတစ်ခုကို ဆုပ်ကိုင်လိမ့်တက်လာသော လှိုင်းနှင့်အတူ ပင်လယ်ထဲသို့ ရောက်မသွားအောင် တင်းခံနေသည်။

ဟင်ဒရစ်နှင့် ရန်ကင်းတို့က ကျွန်တော်ရှိရာသို့ ရန်မူရန်ပြေးလွှား တိုးခွေ့၍ လာနေသည့်နည်းတူ ကက်ပတိန်ဟယ်ဆလေကလည်း ပွဲစင်ထက်မှ ကျွန်တော်ရှိရာသို့ သံလှေကားအတိုင်း ပြေး၍ဆင်းလာသည်။

သုံးရောင်ခြယ်သင်္ဘောကြီးတစ်ခုလုံးတွင် တစ်ခုတည်းသာရှိသော ခေါင်းတိုင်သည် လည်းကောင်း၊ အထီးတည်းသာရှိသော လင်းယဉ်တိုင်သည် လည်းကောင်း၊ အဆောင်တစ်ခုတည်းသာရှိသော ပွဲစင်သည် လည်းကောင်း ကျွန်တော့် မျက်စိထဲတွင် စက်ပိုင်းသဏ္ဍာန်ကဲ့သို့ ပေါ်၍နေသည်ဟု ထင်ရ၏။

သံကောက်ကြီးတစ်ခုကို ညာလက်တွင်ကိုင်၍ ကျွန်တော်ရှိရာသို့ ပြေးတက်လာသော ဟင်ဒရစ်က သင်္ဘောကုန်းပတ်ပေါ်သို့ လူတစ်ရပ်နီးပါးခန့်မြင့်အောင် ကျော်တက်၍ လာသော လှိုင်းလုံးကြီးဒဏ်ကြောင့် ကျွန်တော်ရှိရာသို့ မရောက်တော့ဘဲ လမ်းထက်ဝက်တွင်ပင် ခွေခနဲလဲလေသည်။

မည်သို့ပင်ဖြစ်စေ၊ ကုန်းပတ်ပေါ်မှ လှိုင်းလုံးကြီး ပြန်အကျတွင် ဟင်ဒရစ်ထ သံကောက်ကြီးကိုကိုင်ရင်း ကျွန်တော့်အား အစတုံးဖျောက်ပစ်ရန် [illegible]တက်လာ၏ ။

အခြေအနေမှာ ကျွန်တော့်အဖို့ များစွာဆိုးဝါးလျက်ရှိနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကုန်းပတ်ပေါ်မှ ရေပြန်၍ကျသွားသည်နှင့် တစ်ပြိုင်နက်။ ကျွန်တော်က ပခုံးတွင် လွယ်ထားသော ရိုက်ဖယ်ကို လက်ထဲတွင် အသင့်ကိုင်ထားလိုက်ရင်း သံကောက်ကိုကိုင်၍ တက်လာသော ဟင်ဒရစ်၏ ရင်ဝတည့်တည့်ဆီသို့ ထိုး၍ ချိန်လိုက်သည်။

"ရှေ့ကိုမတက်ခဲ့နဲ့၊ တက်ရင်ပစ်လိုက်မယ်"

ဟင်ဒရစ် ကျွန်တော့်အသံကို ကြားလိုက်ရသောကြောင့် ရောက်သည့် နေရာတွင်ပင် ရပ်လိုက်၏။ ထို့အတူ အရာခံဗိုလ်ရန်ကင်းကလည်း ဟင်ဒရစ်၏ နောက်ဘက်နားတွင် ကပ်၍ရပ်လိုက်၏။

အရာခံဗိုလ်ရန်ကင်း၏ မျက်နှာပေါ်တွင် ကြောက်ရွံ့စိုးရိမ်သည့် အမူအရာများကို တွေ့ရ၏။ ရန်ကင်းသည် ကက်ပတိန်ဟယ်ဆလေအား အမှတ်နှစ်အသက်ကယ်လှေနှင့် ပတ်သက်၍ အစီရင်ခံပြီးပြီဟု ကျွန်တော်က ယူဆမိသည်။

ဟင်ဒရစ်နှင့် ရန်ကင်းတို့က ကျွန်တော်က အမိန့်ပေးသည့်အတိုင်း ရောက်သည့်နေရာတွင် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ရပ်၍နေသည်ကို တွေ့လိုက်ရသော ကျွန်တော်က ရဲဘော်ကြီးကွတ်ရှိရာသို့ လှမ်း၍ ညွှန်ကြားချက်ပေးလိုက်၏။

"ရဲဘော်ကြီးကွတ်၊ ဖောင်ကို ရေထဲရောက်အောင် ဖြုတ်ချလိုက်ပါ"

"အိုကေ...ဗာဒီ။ နောက်ဆုံးကြိုးတစ်ချောင်းပဲ ကျန်တော့တယ်။ ကဲ... နောက်ဆုံး ကြိုးတစ်ချောင်းလည်း ပြတ်ရောလဟယ်"

ရဲဘော်ကြီးကွတ်၏ စကားအဆုံးတွင် တွဲချိတ်ထားသော ဖောင်ကြီးပြုတ်၍ လာသည်ကို တွေ့လိုက်ရ၏။

ဤအချိန်တွင်ပင် သင်္ဘောကုန်းပတ်ပေါ်သို့ တိုးဝင်၍လာသော လှိုင်းလုံးကြီးက ပြုတ်ကျလာသော ဖောင်ကို အဝေးသို့ ရောက်အောင်တွန်းထုတ်၍ ပစ်လိုက်၏။

သုံးရောင်ခြယ်သင်္ဘောကြီးက လက်ဝဲဘက်သို့ စောင်း၍ ရေများဝင်လာသည့်အချိန်တွင် ပြုတ်ကျလာသော ဖောင်ကြီးမှာ ဝဲကတော့ကြီးတစ်ခုအတွင်းမှ ထွက်၍လာသကဲ့သို့ သင်္ဘောအပြင်ဘက်သို့ လွင့်ထွက်သွား၏။ ခဏအတွင်းတွင်ပင် ဖောင်၏အရိပ်အယောင်ကိုပင် မမြင်ရတော့။

သင်္ဘောဒုတိယအရာရှိ ဟင်ဒရစ်အနီးသို့ ရောက်နေပြီဖြစ်သော ကက်ပတိန်ဟယ်ဆလေက ချိန်ထားသော ကျွန်တော့်သေနတ်ပြောင်းကို ရွံ့ကြောက်သည့် အမူအရာဖြင့် ရောက်နေသည့်နေရာတွင် ရပ်တန့်လိုက်၏။



"ဒုတပ်ကြပ် ဗာဒီ။ ဒီသင်္ဘောဟာ တဖြည်းဖြည်း ဦးစိုက်ပြီးမြုပ်နေတယ်ဆိုတာ သိတယ်မဟုတ်လား။ ဒါပေမဲ့ အသက်ကယ်လှေပေါ်ကို မတက်ရဘူးလို့ မင်းက ဟန့်တားနေတာဟာ လူတွေရဲ့ အသက်ကို တမင်သက်သက် ဖျက်ဆီးနေတာနဲ့ တူမနေဘူးလား"

ကက်ပတိန်ဟယ်ဆလေ၏ စကားမဆုံးမီ ကျွန်တော်က ကြားဝင်၍ ပြောလိုက်၏။

"တွဲထားတဲ့ ဖောင်ကိုဖြုတ်လိုက်တာဟာ လူတွေကို အန္တရာယ်ပေးနေတာ မဟုတ်ဘူး။ အမှတ်နှစ်အသက်ကယ်လှေက အသက်မကယ်နိုင်လောက်အောင် ချွတ်ယွင်းနေတယ်ဆိုတာ ခင်ဗျားအသိပဲ မဟုတ်လား၊ အရာခံဗိုလ်ရန်ကင်းက အမှတ်နှစ်အသက်ကယ်လှေမှာ ဘာတွေချွတ်ယွင်းနေတယ်ဆိုတာ ခင်ဗျားကို အစီရင်ခံပြီးပြီ မဟုတ်လား"

ကက်ပတိန်ဟယ်ဆလေက မှင်သေသေဖြင့် ပြန်၍ပြောနေ၏။

"အမှတ်နှစ်အသက်ကယ်လှေဟာ ဘာမှမဖြစ်ဘူး။ မစ္စတာဟင်ဒရစ် ကိုယ်တိုင် ကြည့်ရှုစစ်ဆေးပြီးသားပဲ"

'ဝမ်းဗိုက်က ပျဉ်စပ်ငါးချောင်းကျွတ်ထွက်နေတယ်'ဟု ကျွန်တော်က အော်၍ပြောလိုက်၏။

မစ္စတာဟင်ဒရစ်က ကြားဝင်လျက်...

'မဟုတ်တာတွေပြောမနေစမ်းနဲ့'ဟု အော်၍ ပြောလိုက်သည်။ ဤသို့ အော်၍ ပြောရင်းလည်း သူ့မျက်စိအစုံက သူ၏လုပ်ဖော်ကိုင်ဖက်များရှိရာသို့ သတင်းပို့နေသည်ဟု ထင်ရ၏။ နားရွက်ဖျားမှ မေးဖျားအထိ ကန့်လန့် ဖြတ်လျက်ရှိသော အမာရွတ်ကြီးက...ဒေါသဖြင့် အုံကြွ၍လာသည်ဟု မှတ်ထင်နေရလေသည်။

ဒေါသတထောင်းထောင်း ထနေသော ဟင်ဒရစ်အနီးသို့ ဝေလနယ်သား အီဗန်က ချဉ်းကပ်လာသည်။

ပီနန်သင်္ဘောတွင် တစ်လှေတည်းစီး တစ်ခရီးတည်း ဖြစ်ခဲ့ကြသော သင်္ဘောသားကျွတ်ကလည်း သင်္ဘောလက်ယာဘက်လက်ရန်းကိုမှီလျက် ရပ်နေ၏။

ခဏအတွင်းတွင်ပင် ကျွန်တော်က ကက်ပတိန်ဟယ်ဆလေနှင့် အပေါင်းပါတို့၏ ဉာဏ်နီဉာဏ်နက်ကို သိထားလိုက်မိ၏။

ကက်ပတိန်ဟယ်ဆလေက ကျွန်တော့်အား လက်ညှိုးကောင်းငေါက်ငေါက်

www.burmeseclassic.com

www.burmeseclassic.com



ထိုးလျှက် အကြံပေးသလိုလိုနှင့် အမိန့်ပေးနေ၏။

"ဒုတပ်ကြပ်ဗာဒီ၊ မင်းသေနတ်ကို ချလိုက်စမ်းပါ။ မင်းရဲ့အပြုအမူဟာ ပုန်ကန်မှုသဘောကို သက်ရောက်နေတယ် ဆိုတာ သိရဲ့လား။ မင်းသေနတ်ကို ချလိုက်စမ်းပါ"

ကျွန်တော်က ကက်ပတိန်ဟယ်ဆလေ၏ အမိန့်ကို ဒေါသဖြင့် ပြန်လှန် ချေပနေ၏။

"ကျုပ်လုပ်နေတာ ပုန်ကန်မှုသဘော သက်ရောက်နေတယ်ဆိုရင် ခင်ဗျား လုပ်တာက သင်္ဘောတစ်စင်းလုံးမှာရှိတဲ့ လူတွေကို လူသတ်မှုကျူးလွန်နေတဲ့ သဘော သက်ရောက်ပြီးမနေဘူးလား။ အသက်ကယ်လှေက ပျဉ်စပ်တွေကို တမင် သက်သက် ကျွတ်ထွက်အောင် လုပ်ထားတာပဲ မဟုတ်လား။ မာမန့်ဆိပ်ကမ်းမှာ ဟင်ဒရစ်က အသက်ကယ်လှေတွေကို စစ်ဆေးကြည့်ရှုတယ်ဆိုတာဟာ ပျဉ်ချပ် တွေကို တက်ပြီး ခွာနေတာပဲ မဟုတ်လား"

ကျွန်တော့် စကားအဆုံးတွင် ဟင်ဒရစ်က လက်ထဲတွင် ကိုင်ထားသော သံကောက်ကြီးကို ဝှေ့ယမ်းလျက် ကျွန်တော်ရှိရာသို့ ပြေးတက်ရန် ဟန်ပြင်လိုက် ၏။

ကျွန်တော်က သေနတ်ကိုထိုး၍ ချိန်လိုက်ရင်း ရှေ့သို့ တက်မလာရန် အော်ပြောလိုက်၏။ အကယ်၍သာ ဟင်ဒရစ်က ကျွန်တော်ရှိရာသို့ လက်ထဲတွင် ကိုင်ထားသော သံကောက်ကြီးဖြင့် ပြေး၍တက်လာပါမူ ကျွန်တော်က ပစ်၍ချ လိုက်မည်မှာ အမှန်ပင် ဖြစ်၏။

"ဒုတပ်ကြပ်ဗာဒီရူးများ ရူးနေသလား"

ကက်ပတိန်ဟယ်ဆလေက ဖျောင်းဖျသည့်လေသံဖြင့် ကျွန်တော့်နာမည်ကို ခေါ်၍ ပြောလိုက်၏။

ကျွန်တော်က ပြန်၍ အော်ပြောလိုက်၏။

"ကျုပ် မရူးဘူး ခင်ဗျားတို့သာရူးနေတာ။ ပီနန်သင်္ဘောမှာ ပုလင်းတူဘူးဆို့ လုပ်ခဲ့တဲ့ ခင်ဗျားရော...ဟင်ဒရစ်ရော...ဂျုတ်ရော...အီဗန်ရော...ငွေရူးရူးနေတာ။ တရုတ်ပင်လယ်ထဲမှာ ပီနန်သင်္ဘောကို ဓားပြသင်္ဘောလူသတ်သင်္ဘောဖြစ်အောင် လုပ်ခဲ့တဲ့ ခင်ဗျားတို့ လေးယောက်ပဲ ရူးနေတာ။ သုံးရောင်ခြယ်သင်္ဘောက သင်္ဘော သားတွေကို ဘာဖြစ်လို့ သတ်ဖို့ ကြံစည်နေတာလဲ မစ္စတာဟယ်ဆလေ"

ပီနန်ဟူသော အမည်ကို ကြားလိုက်ရသောကြောင့် ကက်ပတိန်ဟယ်



ဆလေ၏ မျက်နှာက ပျက်၍သွားသည်ကို ကျွန်တော်က သတိထားလိုက်မိ၏။

ပီနန်သင်္ဘောပေါ်တွင် ဓားပြမှု လုယက်မှုနှင့် လူသတ်မှုများကို ကျူးလွန်ခဲ့ ကြသူများဟု ထမင်းချက်ရဲဘော်ကြီးက ကျွန်တော့်အား အတင်းအဖျင်း သတင်း အဖြစ် ပြောပြခဲ့သူများမှာလည်း ဟယ်ဆလေ၊ ဟင်ဒရစ်၊ ဂျုတ်နှင့် အီဗန်တို့ လေးယောက်ပင် မဟုတ်လား။

ကက်ပတိန်ဟယ်ဆလေက ခေါင်းကို တစ်ချက်ညိတ်လျက် တစ်စုံတစ် ယောက်အား အချက်ပြလိုက်သည်ကို ကျွန်တော်သတိထားလိုက်မိ၏။ ဤအချိန် တွင် ရဲဘော်ကြီးကွတ်က ကျွန်တော့်အား အော်၍သတိပေးလိုက်၏။

ကျွန်တော်က နောက်ဘက်သို့ တစ်ပတ်လှည့်လိုက်၏။ ဂျုတ်က ကျွန်တော့် အနားသို့ ရောက်နှင့်ပြီး ဖြစ်နေ၏။ တုတ်ခိုင်သောခန္ဓာကိုယ်နှင့် သန်မာသော သူ၏လက်သီးများက ကျွန်တော်ကို အလဲထိုးရန် အသင့်ဖြစ်နေသည်။ ကျွန်တော် က ကျွန်တော့်ကိုယ်ကို ကာကွယ်ရန် အချိန်မရနိုင်မီ ဂျုတ်က ကျွန်တော့်မျက်နှာ ပေါ်သို့ အုန်းသီးကဲ့သို့ ပြင်းထန်မာကျောသော သူ၏လက်သီးချက်များကို သွက် သွက်ကြီး ပစ်သွင်းလာသည်ကို ကျွန်တော်က သတိရလိုက်ပြီး နောက်ပိုင်းတွင် မည်ကဲ့သို့ ဖြစ်သွားမှန်းမသိအောင်ပင် သတိလစ်သွားခဲ့လေသည်။

သတိပြန်ရလာသည့်အချိန်တွင် ကျွန်တော့် ခေါင်းတစ်ခုလုံးမှာ ကိုက်ခဲ နာကျင်လျက်ရှိပြီး၊ ကျွန်တော့် ကိုယ်ခန္ဓာကိုယ်ကြီးမှာလည်း မည်းမည်းမှောင်သော လောကကြီးထဲတွင် နိမ့်လိုက်မြင့်လိုက်ဖြစ်နေသည်ကို သတိပြုမိလိုက်၏။

ကျွန်တော့် ပတ်ဝန်းကျင်တစ်ခုလုံးတွင်လည်း တဝုန်းဝုန်းမြည်နေသော လှိုင်းသံသာ မင်းမူလျက်ရှိ၏။ ရဲဘော်ကြီးကွတ်၏အသံကို ခဏအကြာတွင် ကြား လာရ၏။ အသံမှာ တိုးလွန်းလှသည်ဟု ထင်မိ၏။

"သတိရလာပြီ"

ရဲဘော်ကြီးကွတ်၏ အသံကို တိုးတိုးကလေး ကြားနေရာမှ အတန်ကြာ တွင် ယခင်ကထက် ကျယ်ကျယ်ကလေး ကြားရ၏။

"ဗာဒီ ဘယ့်နှယ်နေသေးသလဲ"

ကျွန်တော့်တစ်ကိုယ်လုံးမှာ နာကျင်ကိုက်ခဲနေသည်။ မျက်စိကို ဖွင့် ၍မရ။ ကျွန်တော့် အတ္တဘောကြီးမှာလည်း ထန်းပင်အမြင့်လောက်အထိ မြင့် သွားလိုက် ချောက်ကမ်းပါးအဆုံးအထိ နိမ့်၍ ကျသွားလိုက်ဖြင့် တထိတ်ထိတ် ရင်ခုန်စရာ အခြေအနေသို့ ရောက်နေရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ပက်လက်ကလေးလဲနေရာမှ အတင်းထ၍ထိုင်လိုက်၏။ တစ်ယောက်ယောက်က ကျွန်တော့် ကျောကုန်းကို ဖေးမ၍ပေးထားသည်ဟု ထင်ရ၏။ တစ်ကိုယ်လုံးမှာ ရွှဲရွှဲစိုနေပြီး တခိုက်ခိုက်တုန်နေသည်။

"ဘာတွေဖြစ်ခဲ့တာလဲ"

ပါးစပ်ကိုဖွင့်၍ မရနိုင်လောက်အောင် မေးရိုးက နာကျင်နေသည်။

"ဂျုတ်ဆိုတဲ့ ကောင်က မောင်ရင့်ကို လက်သီးစာကျွေးသွားတာ။ ဘယ့်နှယ်နေသေးသလဲ"

ရဲဘော်ကြီးကွတ်က ကျွန်တော့်ကို မေးလိုက်၏။

"ခေါင်းက မူးနောက်နောက် ဖြစ်နေသေးတယ်"

ကျွန်တော်က ဤသို့ပြောရင်း မျက်စိကို အားတင်း၍ ဖွင့်လိုက်၏။ ဘာကိုမျှမမြင်ရ၊ အမှောင်ထုသာ စိုးမိုးလျက်ရှိ၏။ ကျွန်တော့် မျက်စိများ ကန်းသွားလေပြီးလာဟု စိတ်ထဲမှာ ထိတ်၍ သွားမိ၏။

မိုးကောင်းကင်ရှိရာသို့ မော့ကြည့်လိုက်သောအခါ အဖြူရောင်းများ ဝိုင်းဝိုင်းလည်လျက်ရှိသည်ကို မြင်ရ၏။ တစ်လုံးပြီးတစ်လုံး ဆင့်၍ဆင့်၍ ချိုးနေသော လှိုင်းခေါင်းဖြူများ။

တစ်စုံတစ်ယောက်က ကျွန်တော့်ခေါင်းကို ညင်ညင်သာသာကလေး ပွတ်သပ်၍ ပေးနေသည်ကို သိလာသည်။

"ဘယ်သူလဲ ကျုပ်ကတော့ ဘာမှမမြင်ဘူး"

"ကျွန်မပါ"

ဂျနီဖာ၏အသံကို ကြားလိုက်ရ၏။ ကျွန်တော်တို့ ဖောင်ပေါ်တွင် မစ္စဂျနီဖာပါ ပါ၍လာလေသည်တကား။

ကျွန်တော်က တည့်တည့်မတ်မတ်ထိုင်လိုက်ရင်း ဖောင်ပေါ်တွင် ပါလာသည့်လူများ၏ မျက်နှာကို လိုက်၍ ကြည့်နေမိ၏။ စုစုပေါင်းသုံးယောက်တည်း။

မျက်နှာကို သဲသဲကွဲကွဲမမြင်ရ။ ပိုးတဝါးသာ မြင်နေရ၏။

"ရန်ကင်းကော ပါမလာဘူးလား"

"ပကျန်ရစ်ခဲ့တယ်၊ ကက်ပတိန်ရဲ့ အမိန့်အတိုင်း သင်္ဘောပေါ်မှာပဲ ကျန်ရစ်ခဲ့တယ်။ ဟယ်ဆလေက မစ္စဂျနီဖာကို သင်္ဘောပေါ်မှာနေတာ အန္တရာယ်များမှာစိုးတဲ့အတွက် ဒီဖောင်ပေါ်မှာပဲ တင်ပေးလိုက်တယ်။ မနက်နေထွက်လာဘော့မှပဲ သူတို့ အသက်ကယ်လှေနဲ့ လာပြီး ကယ်မယ်လို့ ကတိပေးလိုက်တယ်"



ကျွန်တော့် အမေးကို ရဲဘော်ကြီးကွတ်က အဖြေပေးလိုက်ခြင်း ဖြစ်၏။

ကျွန်တော်တို့ စီနင်းလိုက်ပါလာသော ဖောင်သည် မြင့်၍တက်လာသော လှိုင်းလုံးကြီးနှင့်အတူ ပင်လယ်ရေမျက်နှာပြင် ထိပ်ဆုံးသို့ ရောက်လာ၏။

ခပ်လှမ်းလှမ်းတွင် မီးရောင်တန်းတစ်ခုကို တွေ့လိုက်ရ၏။

"ဟော...ဟိုကဟာ သုံးရောင်ခြယ်မဟုတ်လား"

"ဟုတ်တယ် ဟယ်ဆလေက ကျုပ်တို့ဖောင်ကို သင်္ဘောမြုပ်မသွားခင် ခပ်လှမ်းလှမ်းကို ခွာပြီး နေပါလို့ ညွှန်ကြားလိုက်တယ်။ သင်္ဘောကြီးစုန်းစုန်းမြုပ်သွားတဲ့ အချိန်မှာ ကျုပ်တို့က သင်္ဘောအနားမှာရှိနေရင် ကျုပ်တို့ပါ ရေဝဲကတော့ကြီးထဲမှ မြုပ်သွားမှာ စိုးရှတယ်လို့ ပြောတယ်။ ခုတော့ လေတိုက်တာနဲ့ပဲ ကျုပ်တို့ဖောင်ဟာ သင်္ဘောနဲ့ တော်တော်လှမ်းတဲ့နေရာကို ရောက်နေပြီ"

ရဲဘော်ကြီးကွတ် ပြောလိုက်သော စကားကို မစ္စဂျနီဖာက မကျေနပ်သည့် လေသံဖြင့်

'အဖြစ်အပျက်က ငိုအားထက် ရယ်အားသန်ရမလို့ ဖြစ်နေပြီ၊ ကျွန်မတို့ အပို့ မည်းမှောင်နေတဲ့ ပင်လယ်ပြင်ကြီးထဲမှာ လှိုင်းတဝုန်းဝုန်း လေတဝုန်းဝုန်းနဲ့ အရိုးကွဲလုမတတ် အအေးဒဏ်ကိုခံနေရပေမဲ့ ဟောဟိုမှာတော့ လုံခြုံတဲ့ အခန်းတွေ ရေနွေးတွေ အစားအစာတွေနဲ့ မီးရောင်တွေ ထိန်လို့ လင်းလို့ ရှိနေတယ် မဟုတ်လား'ဟု ပြောလိုက်၏။

"ဟုတ်တယ် မစ္စဂျနီဖာပြောတာ ဟုတ်တယ်"

ရဲဘော်ကြီးကွတ်က ထောက်ခံချက်ပေးလိုက်ရင်း–

'ငါးသိန်းကျော်တန် ငွေချောင်းတွေဟာ ပင်လယ်အောက်မှာ သဲဖုံးပြီး ဆောက်ကုန်တော့မှာပဲ'ဟု ဆိုလိုက်၏။

ကျွန်တော်တို့သုံးယောက် စီးနင်းလိုက်ပါလာသောဖောင်သည် မြင့်တက်၍လာသော လှိုင်းလုံးကြီးနှင့်အတူ ပင်လယ်ရေမျက်နှာပြင်ထိပ်သို့ ခေါင်းထောင်လျက် တက်လာခဲ့ပြန်၏။ ချိုးနေသော လှိုင်းလုံးများက ပွက်သေးထ၍နေ၏။ တိုက်နေသောလေကလည်း ကျွန်တော်တို့အသားကို ဓားပါးပါးဖြင့် လှီးနေသကဲ့သို့ နာကျင်အေးစက်နေ၏။ ခပ်လှမ်းလှမ်းတွင်မူ မီးများထိန်လင်းနေသော သုံးရောင်ခြယ်သင်္ဘော။

ကျွန်တော်တို့ ဖောင်ကို မမြင်နိုင်စွမ်းသော ရောမပင်လယ်သတ္တဝါကြီး တစ်ကောင်က အလွန်ရှည်လျားသော လက်ကြီးတစ်ခုဖြင့် ပင့်မြှောက်၍ ထား

www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့ ဖြစ်နေ၏။

သုံးယောက်သားဖောင်တွင် စည်းနှောင်ထားသော ကြိုးကိုသာ တင်းတင်းဆုပ်၍နေကြရ၏။ မည်သူမျှ စကားမပြောနိုင်။

မြင်နေရသော သုံးရောင်ခြယ်သင်္ဘော်မှ မီးရောင်တန်းမှာ ရုတ်တရက်ပင် ကွယ်ပျောက်သွားသည်။ ကျွန်တော်တို့ဖောင်က လှိုင်းနှင့်အတူ အောက်ဘက်သို့ ပြန်၍ကျလာသောကြောင့်လားဟု အခြေအနေကို အကဲခတ်ကြည့်လိုက်၏။

ဖောင်သည် အမြင့်ဆုံးပင်လယ်ရေမျက်နှာပြင်ထိပ်တွင် တလူးလူး တလိမ့်လိမ့် ရှိနေဆဲပင် ဖြစ်၏။ ဤသို့ဖြစ်ပါလျက် သုံးရောင်ခြယ်သင်္ဘော်မှ မီးရောင်တန်းကို မမြင်ရခြင်းမှာ အဘယ်ကြောင့်ပါနည်း။

ခဏအကြာတွင် နိမ့်ဆင်း၍သွားသော လှိုင်းလုံးနှင့်အတူ ဖောင်က အောက်သို့ကျလာပြန်၏။ ဤသို့ကျနေသည့်အချိန်တွင် ကျွန်တော်တို့က အပန်းဖြေခွင့် ခဏမျှစီရကြ၏။

အတန်ကြာလျှင် ကျွန်တော်တို့ စီးလာသော ဖောင်က ပင်လယ်ရေမျက်နှာပြင်ထိပ်ဆုံးသို့ ရောက်လာရပြန်သည်။ စောစောက မြင်တွေ့နေရသော သုံးရောင်ခြယ်သင်္ဘော်မှ မီးရောင်တန်းကို ကျွန်တော်တို့အားလုံး ဂရုစိုက်၍ကြည့်ကြ၏။

ပင်လယ်တစ်ခွင်တစ်ပြင်လုံးသည် ကြီး၍မှောင်၍နေ၏။

သုံးရောင်ခြယ်သင်္ဘော်သည် ငါးသိန်းကျော်ကျော်မျှတန်သော ငွေချောင်းများနှင့်အတူ ပင်လယ်ရေအောက်သို့ ရောက်သွားရလေပြီတကား။

ပင်လယ်ရေမျက်နှာပြင်ထက်တွင် အမြင့်ဆုံးသောနေရာသို့ ရောက်နေသည့် ကျွန်တော်တို့က သုံးရောင်ခြယ်သင်္ဘော်ကြီး၏အပြစ်ကိုတွေးကာ နှမြောတသယူကျုံးမရဖြစ်နေကြစဉ်ပင် ကျွန်တော်က သုံးရောင်ခြယ်သင်္ဘော်မှ စက်ခေါင်းများ လည်သံကို ကြားလိုက်ရသည်ဟု ထင်နေမိ၏။

အမှန်စင်စစ်အားဖြင့် ထင်နေခြင်းမဟုတ်ဘဲ စက်ခေါင်းများလည်သံကို ကြားလိုက်ရသည်ဟု ကျွန်တော်က အတတ်ပင် ဆိုနိုင်၏။

သို့ဖြစ်၍လည်း...

'နားထောင်စမ်း အင်ဂျင်စက်ခေါင်းတွေ လည်သံကို ကြားရတယ်' ဟု ကျွန်တော်က အော်၍ပြောလိုက်၏။

"လေတိုက်သံကို အထင်မှားလို့ ဖြစ်လိမ့်မယ်။ သုံးရောင်ခြယ်က စုံးစုံး နစ်သွားပြီ မဟုတ်လား"



ရဲဘော်ကြီးကွတ်က ကျွန်တော်နှင့် ဂျူနီဖာတို့ ကြားလောက်အောင် အော်၍ ပြောလိုက်၏။

ရဲဘော်ကြီးကွတ် ပြောသည့်အတိုင်းပင် သုံးရောင်ခြယ်သင်္ဘော်သည် ငါးသိန်းကျော်ကျော်တန်သော ငွေချောင်းများနှင့်အတူ ပင်လယ်အောက်သို့ ထိုးစိုက်၍ နစ်မြုပ်သွားမည်မှာ အမှန်ပင် ဖြစ်ပေလိမ့်မည်။

ဘာရင့်ပင်လယ်ထဲတွင် ကျွန်တော်တို့ စီနင်းလိုက်ပါလာသော ဖောင်တစ်ခုသာ လှိုင်းတံပိုးများနှင့်အတူ ကျန်ရစ်နေခဲ့လေသည်တကား။

ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့၏ စိတ်ပျက်လက်ပျက်အမူအရာကို အကဲခတ်မိသော မစ္စဂျူနီဖာက အမျိုးသမီးတစ်ဦးပင် ဖြစ်သော်လည်း အားပေးစကားကို ဆိုနေပါသေး၏။

"ကက်ပတိန်က မနက်မိုးလင်းရင် ကျွန်မတို့ကို လာပြီးကယ်မယ်လို့ ပြောထားတယ်မဟုတ်လား"

ကျွန်တော်က စကားတစ်ခွန်းမျှပြန်၍ မပြောဘဲ ဖောင်ပေါ်တွင် ပက်လက်အိပ်ချလိုက်ပြီး ကျွန်တော့်မျက်စိများကို စုံးစုံးမှိတ်ထားလိုက်၏။

ကျွန်တော် စိတ်အစဉ်က မကြာမီကလေးတွင် ဖြစ်ပျက်ခဲ့သောအကြောင်းအချက်ကလေးများကို တစ်ခုစီတစ်ခုစီ ပြန်၍ လိုက်လံဖမ်းယူကာ အပြန်အလှန် တွေးစားနေမိသည်။

အသက်ကယ်လှေများကို ဝမ်းဗိုက်မှ နေ၍ ဖျက်ဆီးထားခဲ့ရိုးမှန်လျှင် သင်္ဘော်ကြီးတစ်ခုလုံး ဆုံးရှုံးနစ်မြုပ်သွားရခြင်း၌ ကက်ပတိန်ဟယ်ဆလေနှင့် အပေါင်းပါတို့အဖို့တွင် မည်သို့သော အကျိုးကို ခံစားရပါမည်နည်း။

သင်္ဘော်ကြီးတစ်ခုလုံး စုံးစုံးနစ်မြုပ်သွားသောအခါ၌ အသက်ကယ်လှေတစ်ခုပေါ်တွင် တင်ဆောင်၍ ယူလာနိုင်သော ငွေချောင်းများ၏ တန်ဖိုးမှာ မည်မျှရှိပါမည်နည်း။

များများ စားစားတန်ဖိုးရှိနိုင်မည် မဟုတ်သည်မှာကား အမှန်ပင်ဖြစ်၏။

သို့ဖြစ်လျှင် ကျွန်တော်၏ စဉ်းစားဆုံးဖြတ်ချက်များနှင့် လုပ်ဆောင်ချက်များသည် အဟောသိကံဖြစ်၍ နေသည်မဟုတ်ပါလား။

ထန်းပင်များလောက် မြင့်တက်၍ လာလိုက် ချောက်ကမ်းပါးကြီးထဲ ပြန်ကျသို့ နက်ရှိုင်း၍လာလိုက် ဖြစ်နေသော အခြေအနေတွင် ကျွန်တော်က ဖောင်မှ ကြိုးများကို ဆုပ်ကိုင်ထားရင်း အမျိုးမျိုးစဉ်းစား၍ လိုက်ပါလာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ စီးနင်းလိုက်ပါလာသော ဖောင်က နော်ဝေကမ်းခြေအလွန်တွင် လေနှင့်အတူ မျောပါနေခြင်းဖြစ်ရာ၊ လေက နှင်းမှုန်များဖြင့် အေးသည့်ထက်အေး၍ လာသည်နှင့်အမျှ ဖောင်မှ ကြိုးစများကို ဆုပ်ကိုင်ထားသော ကျွန်တော်တို့၏လက်များမှာလည်း ရေခဲလုမတတ် ထုံကျင်ကိုက်ခဲ၍ လာလေသည်။

ဤသို့ဖြင့် ကျွန်တော်တို့သည် တစ်ညတာအချိန်ကို လွန်မြောက်၍ မိုးသောက်ယံဘက်သို့ ရောက်လာခဲ့ကြရ၏။

ညကြီးမှောင်မည်းတွင် တောင်လုံးကြီးပမာ မြင့်၍တက်လာသော လှိုင်းတံပိုးများကို ကြောက်ရလန့်ရမှန်းမသိခဲ့သော်လည်း မြင်မြင်ထင်ထင်အချိန်သို့ ရောက်လာသောအခါ၌မူ ကျွန်တော်တို့ တွေ့ကြုံနေရသော ဘေးအန္တရာယ်မှာ ပိုမို၍ ကြီးနေကြောင်း လက်တွေ့သိလာရ၏။

တဒီးဒီးတိုက်ခတ်နေသောလေက ကျွန်တော်တို့အသားများကို ဓားပါးပါးဖြင့် အညှင်းလိုက် အညှင်းလိုက် ဆုတ်ဖြဲ၍နေသည်ဟု ထင်ရ၏။

ကျွန်တော်တို့ ဖောင်ကို ကျော်လွန်၍ သွားသော လှိုင်းလုံးကြီးတစ်လုံးနှင့် ကျွန်တော်တို့ ဖောင်နားသို့ ရောက်မလာသေးသော လှိုင်းလုံးကြီးတစ်လုံးအကြားတွင် ကျွန်တော်တို့ဖောင်မှာ ကလေးသူငယ်တစ်ယောက်၏ အိပ်ပုခက်ကလေးပမာ ငြိမ့်ငြိမ့်ညောင်းညောင်း သာသာယာယာ ရှိနေတတ်၏။ ဤအချိန်များတွင်သာ ကျွန်တော်တို့က အကြံအဖန် စကားစမြည်ပြောဆိုကြသည်။

ငရဲပွက်သကဲ့သို့ ပွက်လောထ၍ လာသော လှိုင်းခေါင်းဖြူများနှင့် အတူ သုံးရောင်ခြယ်အမှတ်တံဆိပ်ပါရှိသော ကုလား အကျီုးအပွဲများက ကျွန်တော့်ဖောင်အနီးသို့ မျောပါလာတတ်၏။ တစ်ကြိမ်တစ်ခါတွင်မူ အသက်ကယ်လှေမှ ခတ်တက်တစ်ချောင်း ကျွန်တော်တို့ဖောင်အနီးသို့ ရောက်လာသည်။ ရဲဘော်ကြီးကွတ်က ရေထဲသို့ တစ်ပိုင်းဆင်းလျက် ခတ်တက်ကို ဆယ်ယူရရှိခဲ့၏။

အသက်ကယ်လှေမှ ခတ်တက်တစ်ချောင်းကို ဆယ်ယူရရှိခဲ့ခြင်းအားဖြင့် အသက်ကယ်လှေတွင် လိုက်ပါသူအားလုံး လှေနှင့်အတူ စုံးစုံးမြုပ်သွားပြီဟု ယူဆရန်မှ တစ်ပါး အခြားအကြောင်းမရှိတော့။

မစ္စဂျနီဖာသည် ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်အား ကျေးဇူးအထူးတင်၍ နေလေသည်။

နေ့လယ်ဘက်သို့ရောက်သောအခါ ကျွန်တော်တို့ရှိရာသို့ ခုတ်မောင်း၍ လာသည်ဟု ထင်ရသော တိုက်သင်္ဘောငယ်တစ်စင်း၏အရိပ်အယောင်ကိုမြင်ရ၏။



ကျွန်တော်တို့ဖောင်က လှိုင်းလုံးကြီးပင့်သဖြင့် အမြင့်ဆုံးသို့ ရောက်နေသည့်အချိန်တွင် ကျွန်တော်က ဖောင်ပေါ်တွင် မတ်တတ်ရပ်ပြီး ရဲဘော်ကြီးကွတ်ရရှိထားသော လှော်တက်ကို လှုပ်ခါ၍ပြနေမိ၏။ ဖောင်ပေါ်မှ ကျွန်တော်လိမ့်ကျ၍ မသွားရန်အတွက် ကျွန်တော့် ခြေထောက်နှစ်ချောင်းကို ရဲဘော်ကြီးကွတ်က တင်းတင်းပါအောင် ဆုပ်ကိုင်၍ထား၏။

"ဒီအ[illegible] အချက်ပြနေလို့ သင်္ဘောက မြင်မှာမဟုတ်ဘူး။ လှော်တက်မှာ တစ်ခုခုချိပ်ပြီး[illegible]"

မစ္စဂျနီဖာက ဤသို့ပြောရင်း သူ့ကိုယ်ပေါ်ဝတ်ထားသော ဆွယ်တာအင်္ကျီအနီကို ချွတ်လိုက်၏။

"အအေးမိနေပါဦးမယ် မစ္စဂျနီဖာ"

ကျွန်တော်က စိုးရိမ်တကြီးဖြင့် ပြောလိုက်၏။

"ဒါထက်ပိုပြီး အအေးမိစရာမရှိတော့ပါဘူး"

မစ္စဂျနီဖာက ဤသို့ပြောရင်း ခတ်တက်အဖျားတွင် သူ၏အနီရောင် ဆွယ်တာကို ဖောင်ပေါ်မှ တွေ့ရသော ကြိုးစတစ်စဖြင့် ခိုင်အောင်ချည်လိုက်၏။

လှိုင်းလုံးကြီးတစ်လုံး ကျွန်တော်တို့ စီးနင်းလိုက်ပါလာသော ဖောင်ကို ပင်လယ်ရေမျက်နှာပြင်အထက်သို့ ပင့်တင်လိုက်သည့်အချိန်၌ ကျွန်တော်က အနီရောင်ဆွယ်တာစွပ်ထားသော ခတ်တက်ကို ဝှေ့ယမ်း၍ပြလိုက်၏။

ကျွန်တော်၏ ဒူးနှစ်ဖက်ကို ရဲဘော်ကြီးကွတ်က မြဲမြဲကြီး ဆုပ်ကိုင်၍ထားလေသည်။

ကျွန်တော်တို့ တွေ့မြင်နေရသော တိုက်သင်္ဘောကလေးသည် ယခုအချိန်အခါ၌ ကျွန်တော်တို့နှင့် မိုင်ဝက်မျှအကွာသို့ ရောက်နေပြီဟု ခန့်မှန်းရ၏။

လှိုင်းလေများအကြားတွင် ဦးတိုက်၍လာနေသော တိုက်သင်္ဘောကလေး၏ အခြေအနေကို ကြည့်ရခြင်းအားဖြင့် တိုက်သင်္ဘောမှ ကက်ပတိန်ဖြစ်သူသည် ကျွန်တော်တို့ ပြသနေသော အနီရောင်ကို တွေ့မြင်နေရပြီဟု ခန့်မှန်းရ၏။

နောက်တစ်ကြိမ် လှိုင်းမြင့်ကြီးပေါ်သို့ ကျွန်တော်တို့ဖောင် မြင့်တက်၍လာသောအခါ ကျွန်တော်တို့ တွေ့မြင်နေရသော တိုက်သင်္ဘောသည် ကျွန်တော်တို့ရှိရာသို့ ဦးတည်၍လာနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရ၏။

နာရီဝက်ခန့်အချိန်အတွင်းတွင် ကျွန်တော်တို့သည် ဒုက္ခပင်လယ်ဝေနေသော ဖောင်ပေါ်ထက်မှ နိဗ္ဗာန်ချမ်းသာနှင့် တူသော တိုက်သင်္ဘော 'သူရဲကောင်း'

www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ ရောက်ရှိလာခဲ့ကြရ၏။

သေကံမရောက် သက်မပျောက်ဟူသော စကားအတိုင်းပင်းတည်း။

❐

(၅)

…ိုက်သဘော် 'သူရဲကောင်း' မှာ ကျွန်တော်တို့၏ ရေယာဉ်အုပ်စုတွင် အပါအဝင် …ဖြစ်၏။

သုံးရောင်ခြယ်ထံမှ ပေးပို့လိုက်သော အက်စ်–အို– အက်စ် သတင်းအရ …ယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ဖျက်သင်္ဘောပင့်ကူ၏ အကြီးအမှူး… တာဝန်ပေးလိုက်ခြင်းဖြစ်သည်ဟု ကျွန်တော်တို့သိရ၏။

မတ်လ ၅ ရက်နေ့ နေ့လယ်ဘက်တွင် ကျွန်တော်တို့ စီးနင်းလိုက်ပါလာ…သော သူရဲကောင်းက ရေယာဉ်အုပ်စုမှ သင်္ဘောများကို မီလာ၏။

သူရဲကောင်းမှ ဦးစီးဖြစ်သူက သုံးရောင်ခြယ်သင်္ဘောကြီးနစ်မြုပ်သွားပြီ…ကြောင်းနှင့် ပင်လယ်ထဲတွင် အသက်ရှင်လျက် ကျန်နေသူဟူ၍ ကျွန်တော်…ို သုံးယောက်ကိုသာ တွေ့ခဲ့ရကြောင်း အစီရင်ခံလိုက်၏။

ရေယာဉ်အုပ်စုကြီးကို ကြက်သားအုပ်မကြီးသဖွယ် စောင့်ရှောက်လိုက်…သော ပင့်ကူမှ ဦးစီးမှူးဖြစ်သူသည် မိမိ စောင့်ရှောက်ကွပ်ကဲ၍ လာခဲ့သော …သင်္ဘောများအနက် အင်္ဂလန်နိုင်ငံတော် ဘဏ်ကြီးအတွက် တင်ဆောင်လာ…သော ငါးသိန်းကျော်ကျော် တန်ဖိုး ရှိသည့် ငွေချောင်းများသည် သုံးရောင်ခြယ် …အတူ ပင်လယ်ထဲတွင် နစ်မြုပ်ဆုံးရှုံးရလေပြီဟု ကြားသိရသောအခါ၌ အဘယ် …ိတ်ထိခိုက်လျက်ရှိပါမည်နည်း။

ကျွန်တော်တို့သုံးဦးအနက် အခြေအနေအဆိုးဆုံးမှာ ရဲဘော်ကြီးကွတ်…၏။ အဆုတ်တွင် အအေးမိသောကြောင့် အဖျား ဒီဂရီတစ်ရာ့လေးအထိ တက်…သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ရဲဘော်ကြီးကွတ်အား စောင့်ရှောက်ပြုစုရန် တိုက်သင်္ဘောတွင်ရှိသော ဆေးခန်းတွင်ပင် ကျွန်တော့်ကို နေရာချပေးထားသည်။ မစ္စဂျူနီဖာကိုမူ အမျိုးသမီးတစ်ဦးဖြစ်သည့်အတိုင်း သီးသန့်အခန်းလေးတစ်ခန်းပေးထားသည်ဟု သိရ၏။

နောက်တစ်နေ့နက် သင်္ဘောကုန်းပတ်ပေါ်သို့ ကျွန်တော်တက်သွားသောအခါ ရေယာဉ်အုပ်စုမှ သင်္ဘောများကို မမြင်ရတော့ဘဲ 'သူရဲကောင်း' တစ်ဦးတည်းသာ မြောက်ဘက်သို့ ဦးလှည့်၍ ခုတ်မောင်းနေသည်ကို တွေ့ရ၏။

ရာသီဥတုမှာ ကြည်လင်ကောင်းမွန်၍ နေလေသည်။

ကုန်းပတ်ပေါ်တွင်တွေ့ရသော သင်္ဘောသားတစ်ဦးအား စုံစမ်းမေးမြန်းကြည့်သောအခါ ကျွန်တော်တို့သင်္ဘောသည် ပင့်ကူ၏ ညွှန်ကြားချက်အရ အိုက်စလင်တွင် သောင်တင်၍နေသော အမေရိကန်အမျိုးသားနှစ်ဦးအား ခေါ်ယူရန်သွားရောက်နေခြင်းဖြစ်ပြီး ထိုကမှတစ်ဆင့် အနောက်ဘက်သို့ သွားနေသော အတ္တလန်တိတ်သမုဒ္ဒရာမှ ရေယာဉ်အုပ်စုသို့ ရောက်သည်အထိ ထိုအမေရိကန်အမျိုးသားနှစ်ဦးအား လိုက်ပို့ပေးရမည်ဟု သိရှိရ၏။

ကျွန်တော်က မစ္စဂျူနီဖာ၏အခန်းသို့သွား၍ ကျွန်တော်တို့ သင်္ဘောအိုက်စလင်ကျွန်းဘက်သို့ ဦးတည်၍ ထွက်ခွာနေကြောင်း ပြောပြလိုက်၏။

မစ္စဂျူနီဖာမှာ ယောကျ်ားဝတ်အင်္ကျီ၊ ယောကျ်ားဝတ်ဘောင်းဘီများဖြင့် ဗိုလ်သီဖတ်သီ ဖြစ်နေသည့်တိုင် ကြည့်၍ တစ်မျိုးလှနေသည်ကိုတွေ့ရ၏။ ဒုက္ခပင်လယ်တွင်းမှ လွတ်မြောက်လာခဲ့ပြီဖြစ်သောကြောင့်လည်း သူ၏မျက်နှာကြည်လင် လျက်ရှိနေ၏။

သူရဲကောင်းသင်္ဘောပေါ်တွင် သုံးပတ်ခန့်မျှ စီးနင်းလိုက်ပါနေစဉ်အတွင်း ကျွန်တော့်မှာ အလိုလိုပျော်၍နေသည်။ ကျွန်တော့် စစ်မှုထမ်းသက်တွင် ဤရက်များလောက် ပျော်သည့်နေ့များကို တစ်ကြိမ်တစ်ခါမှ မတွေ့ခဲ့ရဖူး။

ဤအချိန်အတွင်း ရဲဘော်ကြီးကွတ်ကလည်း သက်သာ၍လာခဲ့ပြီဖြစ်သည့်အလျောက် ကျွန်တော်တို့နှစ်ယောက်သည် မစ္စဂျူနီဖာနှင့် စကားလက်ဆုံကျ၍သာ အချိန်ကို ကုန်လွန်ခဲ့ကြ၏။ ကျွန်တော်နှင့် ဂျူနီဖာမှာ လေ့လော်ရှက်တိုက် ဝါသနာပါသူများ ဖြစ်ကြသည့်အလျောက် ပို၍ ပြောစရာတွေရှိနေ၏။

ဂျူနီဖာက အင်္ဂလိပ်ရေတပ်သိမ်းယူသွားသော သူ၏စက်တပ်ရွက်သင်္ဘောကလေး 'အီလီယံမိုး" အကြောင်းကို တသသပြောနေတတ်၏။



အီလီယံမိုးမှာ အလေးချိန် ၂၅-တန်မျှသာ ရှိသော်လည်း စကော့တလန်၊ အင်္ဂလန်ကမ်းခြေတစ်လျှောက်တွင် ခရီးအတော်ပေါက်ခဲ့ပြီဟု သိရ၏။

ဂျူနီဖာနှင့် သူ့အစ်ကိုဖြစ်သူသည် စက်သမားတစ်ဦးတည်းကိုသာ ခေါ်၍ ရွက်လွှင့်ခဲ့ကြသည်ဟူ၍လည်း သိရ၏။

ကျွန်တော်ကလည်း ကျွန်တော့် သူငယ်ချင်းနှစ်ဦးနှင့်အတူ သူငယ်ချင်းပိုင် သင်္ဘောကလေးကို ပြင်သစ်နှင့် စပိန်နိုင်ငံများအထိ ရွက်လွှင့်စက်ဖွင့်၍ သွားဖူးကြောင်း စားမြုံ့ပြန်၍ ပြောပြနေမိ၏။

ကျွန်တော်တို့သည် သင်္ဘောပေါ်တွင် လုပ်စရာဆို၍ များများစားစားမရှိသောကြောင့် စကားပြောလိုက် စာဖတ်လိုက် အညောင်းပြေလမ်းလျှောက်လိုက်ဖြင့် အချိန်ဖြုန်းကြ၏။

တိုက်သင်္ဘောသူရဲကောင်းသည် အိုက်စလင်တွင် တစ်ပတ်ကြာ နားနေပြီးနောက် အမေရိကန်သင်္ဘောနှစ်စင်းနှင့်အတူ ခရီးထွက်လာခဲ့ရပြန်၏။

ရာသီဥတု သာယာနေပြီး ရန်သူ့အန္တရာယ်ကလည်း ကင်းရှင်းလျက်ရှိသောကြောင့် တိုက်သင်္ဘောပေါ်တွင် လိုက်ပါလာခဲ့ရသည်မှာ ပျော်ပွဲစားခရီးထွက်လာရသကဲ့သို့ ပျော်စရာကောင်းနေလေသည်။

သူရဲကောင်းတိုက်သင်္ဘောသည် အမေရိကန်သင်္ဘောနှစ်စင်းအား အတ္တလန်တိတ် သမုဒ္ဒရာကိုဖြတ်လျက် ခရီးထွက်မည့် ရေယာဉ်အုပ်စုကြီးနှင့် တွေ့သည်အထိ လိုက်ပို့ခဲ့ပြီးနောက် ပြန်၍လှည့်လာခဲ့၏။

ယခုအချိန်တွင် သူရဲကောင်းသည် ကျွန်တော်တို့၏ အမိနိုင်ငံဖြစ်သော အင်္ဂလန်သို့ ဦးတည်လျက် ခုတ်မောင်းနေလေသည်။

သို့ရာတွင် ကျွန်တော်တို့ ထင်သကဲ့သို့ သင်္ဘောက လန်ဒန်ဆိပ်ကမ်းတွင် ဆိုက်ကပ်မည်မဟုတ်ဘဲ ဖားမောက်တွင်ဆိုက်ကပ်မည်ဟု သတင်းဖြစ်မွှားလာပြန်သည်။

တစ်နေ့တွင် သူရဲကောင်းမှ ဦးစီးဖြစ်သူအား ကုန်းပတ်ပေါ်တွင် အဆင်သင့်တွေ့ရသဖြင့် မည်သည့်ဆိပ်ကမ်းတွင် သင်္ဘောဆိုက်ကပ်ပါမည်လဲဟု စုံစမ်းကြည့်လိုက်၏။

သင်္ဘောသားများထံမှ ကျွန်တော်တို့ ကြားနေခဲ့ရသော သတင်းအတိုင်းပင် ကျွန်တော်တို့ သင်္ဘောသည် ဖားမောက်ဆိပ်ကမ်းတွင် ဆိုက်ကပ်မည်ဟု သိရှိရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဖားမောက်မှာ ကျွန်တော့်မိဘများ နေထိုင်သော မြို့ပင်ဖြစ်၏။

ဤအကြောင်းကို ကျွန်တော်က မစ္စဂျနီဖာအား ဝမ်းသာအားရပြောပြသည်။

"ကျွန်မတော့ ဖားမောက်မှာဆင်းပြီး စကော့တလန်အရောက်သွားမှာပဲ။ ကျွန်မ အဖေကို မတွေ့ရတာ သုံးနှစ်ကျော်သွားပြီ။ နာဇီအကျဉ်းစခန်းကနေပြီး အိမ်ကို ဘယ်သူမှ စာရေးခွင့်မရကြတော့ ကျွန်မအဖေက ကျွန်မကို သေပြီလို့ ထင်နေမှာပဲ။ ကျွန်မ အစ်ကိုကလည်း တိုက်ပွဲမှာ ကျဆုံးသွားခဲ့ရလေတော့ ကျွန်မအဖေဟာ ကျွန်မသတင်းကိုလည်း မကြားရတဲ့အခါမှာ စိတ်အများကြီး ထိခိုက်နေလိမ့်မယ်"

"ဂျနီဖာကိုတော့ ဆိပ်ကမ်းပေါ်အရောက် ကျွန်တော် လိုက်ပို့ပါ့မယ်။ ကျွန်တော့် မိဘတွေနဲ့လည်း မိတ်ဆက်ပေးပါရစေ"

ကျွန်တော်က ဝမ်းသာအားရပြောလိုက်၏။

မစ္စဂျနီဖာက မည်သို့မျှ ပြန်မပြောဘဲ မပွင့်တပွင့်ပြုံး၍ နေလေသည်။

၁၉၄၅ ခု မတ်လ ၃၀ ရက်နေ့ နံနက် ၁၀ နာရီကျော်ကျော်တွင် သူရဲကောင်းသင်္ဘောက ဖားမောက်ဆိပ်ကမ်းသို့ ရောက်ရှိလာပြီးနောက် ရေလယ်တွင် ကျောက်ချရပ်စဲ၍ ထားလိုက်၏။

ဆိပ်ကမ်းနှင့် ကပ်နေသည့်နေရာတွင် ရေတပ်မှ ကင်းလှည့်သင်္ဘောကလေးများ ဆိုက်ကပ်ထားသည်ကို တွေ့ရ၏။

ကျွန်တော်တို့နှင့် ခပ်လှမ်းလှမ်းတွင် ဖျက်သင်္ဘောကြီးတစ်စင်းနှင့် တိုက်သင်္ဘောလေးနှစ်စင်းကလည်း ရေလယ်တွင် ကျောက်ချရပ်စဲလျက် ရှိနေ၏။

ကျွန်တော်ငယ်ငယ်က နေထိုင်ခဲ့သော မြို့ဖြစ်၍လည်း၊ ကျွန်တော်က မစ္စဂျနီဖာအား သင်္ဘောလက်ရန်းမှနေ၍ မြို့၏ရှုကွင်းရှုကွက်များကို လက်ညှိုးထိုး၍ ပြောပြနိုင်ခဲ့၏။

မစ္စဂျနီဖာသည် သင်္ဘောမှဆင်းရန်အတွက် မာမန့်ဆိပ်ကမ်းမြို့တွင် တွေ့မြင်ခဲ့ရသော ကာခကီရောင် ဂရိတ်ကုတ်နှင့် ဘယ်ရီကက်ကို ဝတ်ဆင်ထားလျက်ရှိနေ၏။ မာမန့်ဆိပ်ကမ်းတွင် သုံးရောင်ခြယ်သင်္ဘောပေါ်သို့ တက်လာစဉ်က ပါရှိခဲ့သော အိတ်ရှည်ရှည်ကား သုံးရောင်ခြယ်နှင့်အတူ နစ်မြုပ်သွားခဲ့ပြီမဟုတ်လား။

ခဏအကြာတွင် တိုက်သင်္ဘောမှ အရာရှိငယ်ကလေးတစ်ဦး ကျွန်တော်တို့



အနီးသို့ ရောက်လာပြီး

'ဆိပ်ကမ်းကို ကူးဖို့ မော်တော်အသင့်ရှိနေပါပြီ မစ္စဂျနီဖာ'ဟု လာပြောလာ၏။

"ကဲ...ဝွတ်ဘိုင် သေမင်းခံတွင်းက လက်မခံလို့ လူ့ပြည်ကို ပြန်ရောက်လာတဲ့ ကျွန်မတို့တစ်တွေ တစ်နေ့မှာ ပြန်ပြီးဆုံကြရအောင်"

မစ္စဂျနီဖာက ဤသို့ပြောရင်း ကျွန်တော့်လက်ကို ဆွဲ၍နှုတ်ဆက်လိုက်သည်။ ထို့နောက် ရဲဘော်ကြီးကွတ်ကိုလည်း နှုတ်ဆက်လိုက်သည်။

ကျွန်တော်တို့ရှေ့မှ ထွက်ခွာသွားသော ဂျနီဖာ၏ နောက်ကျောကို ကြည့်ရင်း ကျွန်တော့် ရင်ထဲတွင် ဟာလာဟင်းလင်းဖြစ်၍နေမိ၏။

မစ္စဂျနီဖာသည် မော်တော်ထဲသို့ ရောက်သွားပြီးနောက် ကျွန်တော်တို့နှစ်ယောက်အား လက်ကိုဝှေ့ယမ်း၍ နှုတ်ဆက်လိုက်၏။

ဆိပ်ခံဘောတံတားပေါ်သို့ ရောက်သောအချိန်၌ကား ကျွန်တော်တို့အား ပြန်စောင်း၍ပင် လှည့်ကြည့်ဖော်မရဘဲ၊ ရှေ့သို့သာ တစိုက်စိုက်သွားနေသည်ကို မြင်ရ၏။

ပို၍ဝေးသွားသော မစ္စဂျနီဖာအား ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်က ငေးမျှော်၍ ကြည့်နေစဉ်တွင်ပင် ကျွန်တော်တို့ အနီးတွင် လာ၍ ရပ်လိုက်သော စစ်ဖိနပ်သံကို ကြားလိုက်ရ၏။ လှည့်ကြည့်လိုက်သောအခါ စစ်ပုလိပ်အဖွဲ့မှ တပ်ကြပ်ကြီး တစ်ဦး ဖြစ်နေသည်ကို အံ့သြစွာ တွေ့လိုက်ရ၏။

"ဒုတပ်ကြပ်ဗာဒီနဲ့ ရဲဘော်ကြီးကွတ်ဆိုတာ ခင်ဗျားတို့နှစ်ယောက်ပဲလား"

ကျွန်တော်တို့နှစ်ယောက်က ဟုတ်မှန်ကြောင်း အဖြေပေးလိုက်ကြ၏။

"မင်းတို့နှစ်ယောက်ကို တာဝန်အရ ဖမ်းရလိမ့်မယ်"

စစ်ပုလိပ်အဖွဲ့တပ်ကြပ်ကြီးက သူ့အိတ်ထဲမှာ စာရွက်စာတမ်းအချို့ကို ထုတ်၍ ကြည့်ရင်း ကျွန်တော်တို့နှစ်ယောက်အား ပြောလိုက်၏။

"ဘာအမှုနဲ့ ဖမ်းမှာလဲ"

ရဲဘော်ကြီးကွတ်က တပ်ကြပ်ကြီးအား မခန့်လေးစားသည့် အမူအရာဖြင့် မေးလိုက်၏။

တပ်ကြပ်ကြီးသည် ပခုံးနှစ်ဖက်ကို တွန့်လိုက်ရင်း...

'ဘာအမှုနဲ့ ဖမ်းရမှာလဲ...သင်္ဘောပေါ်မှာ ပုန်ကန်မှုနဲ့ ဖမ်းတာပေါ့'ဟု အေးဆေးသောလေသံဖြင့် ဆိုလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့က တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်မိကြ၏။

သဘော်ာပျက်သဖြင့် သေမင်းခံတွင်းသို့ ရောက်ခဲ့ရပြီးနောက် ကံကောင်းထောက်မသဖြင့် ပြန်၍ အသက်ရှင်လာခဲ့ရသော ကျွန်တော်တို့သည် သင်္ဘောပေါ်တွင် ပုန်ကန်မှုဖြင့် အဖမ်းခံနေရပြီ ဖြစ်၏။

သင်္ဘောပေါ်တွင် ပုန်ကန်မှုကြောင့် သက်ဆိုင်ရာမှပေးအပ်မည့်အပြစ်ဒဏ်မှာ ကျွန်တော်တို့ နှစ်ယောက်အား အာဏာရပါးကွက်သားအဖွဲ့က မသေမချင်း ပစ်သတ်စေဟူသော အပြစ်ပင် ဖြစ်ပါသတည်း။

❐

## (၆)

ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်ကို ဖားမောက်ဆိပ်ကမ်းမှ နေ၍ ပလိုင်းမောက်တနီးတွင်ရှိသော တပ်စခန်းတစ်ခုသို့ခေါ်သွားသည်။ အမှတ် ၃၄၅–တပ်ခွဲက ဌာနေရာတွင် စခန်းချလျက်ရှိ၏။

စခန်းသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ကျွန်တော်တို့ နှစ်ယောက်အား အခန်းကျဉ်းကလေးတစ်ခုထဲတွင် ချုပ်နှောင်၍ထားလိုက်၏။ ပြစ်မှုရှိသူ များအား ချုပ်ထားလေ့ ရှိသည့် အခန်းမှာ အချုပ်သမားများဖြင့် ပြည့်နှက်လျက် ရှိနေသောကြောင့် ကျွန်တော်တို့နှစ်ယောက်အား သီးသန့်အခန်းကျဉ်းကလေးတစ်ခုထဲတွင် ချုပ်နှောင်ထားခြင်းဖြစ်၏။

အချုပ်ခန်းသို့ရောက်လာသည့် နေ့တွင်ပင် ကျွန်တော်တို့ နှစ်ယောက်အား တပ်ရေးဗိုလ်ရှိရာသို့ ခေါ်ထုတ်သွားပြီးနောက်၊ ဆက်လက်ချုပ်နှောင်ထားရန် ရမန်ယူလိုက်၏။ တပ်ရေးရုံးတွင် ထပ်မံစုံစမ်းကြည့်သောအခါ ကျွန်တော်တို့ နှစ်ယောက်အား ပုန်ကန်မှုဖြင့် စွဲချက်တင်ထားသည့် ပုဂ္ဂိုလ်အမည်ကို ထပ်မံစုံစမ်းကြည့်လိုက်သောအခါ အံ့အားသင့်၍ သွားခဲ့၏။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့အား ပုန်ကန်မှုဖြင့် စွဲချက်တင်ထားသူမှာ ဗိုလ်ရန်ကင်း ဖြစ်နေသောကြောင့်ပါတည်း။

ကျွန်တော်တို့ထံမှ အစစ်ခံချက် အတိုချုပ်ကို ရရှိပြီးသည့် နောက်ပိုင်းတွင် ခန်းမှူးဖြစ်သူက ကျွန်တော်တို့အမှုကို စစ်ခုံရုံးသို့ တင်သင့် မတင်သင့် ဆုံးဖြတ်လိမ့်မည်ဟု တပ်ရေးဗိုလ်က ပြောပြသည်။

ကျွန်တော်တို့အား စွဲချက်တင်သူမှာ အရာခံဗိုလ်ရန်ကင်း ဖြစ်နေကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကို ထောက်ရှုခြင်းအားဖြင့် သုံးရောင်ခြယ်သင်္ဘောကြီးနစ်မြုပ်သွားရာတွင် အသက်ရှင်ကျန်ရစ်သူများမှာ ကျွန်တော်၊ ရဲဘော်ကြီးကွတ်နှင့် မစ္စဂျနီဖာတို့ သုံးဦးသာ မဟုတ်ဘဲ၊ ရန်ကင်းနှင့်တကွ အခြားသူများလည်း ရှိနေဦးမည်မှာ သေချာသည်။

အရာခံဗိုလ်ရန်ကင်းက အသက်မသေ လွတ်မြောက်၍လာသူဖြစ်နေလျှင် ရန်ကင်းနှင့်အတူ အသက်ကယ်လှေတစ်ခုထဲတွင် အတူစီး၍လာမည်ဖြစ်သော ကက်ပတိန် ဟယ်ဆလေနှင့် သူ၏ ဂိုဏ်းသားများလည်း အသက်မသေ ကြွင်းကျန်၍ နေမည်မှာ မုချဖြစ်၏။

တပ်ရေးရုံးမှ အချုပ်ခန်းသို့ ပြန်ရောက်သောအခါ ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့က သင်္ဘောပေါ်တွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်ဆွေးနွေးကြ၏။ ကျွန်တော်တို့နှစ်ဦး၏ ထွက်ဆိုချက်သည် တစ်ဦးနှင့်တစ်ဦး ကိုက်ညီရန်လိုသည်သာမက ကျွန်တော်တို့ နှစ်ဦးအား စစ်ခုံရုံးသို့ မပို့နိုင်အောင်လည်း ကျွန်တော်တို့၏ အစစ်ခံချက်က အကြောင်းအချက် ခိုင်လုံရမည်မဟုတ်လား။

"ကျုပ် နားမလည်နိုင်တာကတော့ ကက်ပတိန်ဟယ်ဆလေက သင်္ဘောကဖောင်ကို ကျုပ်တို့ ဖြုတ်ယူတာကို သူက ဘာကြောင့် တားမြစ်ပိတ်ပင်နေရတာလဲ ဆိုတဲ့ အချက်ပဲ"

ကျွန်တော်က သံတိုင်ကြားမှ အပြင်ဘက်သို့ လှမ်းမျှော်၍ ကြည့်ရင်း ပြောလိုက်၏။

"ကျုပ်တို့ကို အမှတ်နှစ်အသက်ကယ်လှေထဲမှာ အလိုက်နိုင်းပြီး ပင်လယ်ထဲမှာ အသေနိုင်းချင်လို့ ဖြစ်မှာပေါ့။ ဖောင်နဲ့ဆိုရင် ကျုပ်တို့က သေချင်မှ သေမယ် မဟုတ်လား"

ရဲဘော်ကြီးကွတ်က ကောက်ကာငင်ကာ ပြောလိုက်သောစကားမှာ ဟယ်ဆလေ၏ အမှန်တကယ် ရည်ရွယ်ချက်ပင် ဖြစ်ရမည်ဟု ကျွန်တော်က တွေးလိုက်မိ၏။

သို့ရာတွင် ပြန်၍ စဉ်းစားလိုက်သောအခါ ကျွန်တော့် တွေးထင်ချက်မှာ အချက်အလက် ခိုင်လုံခြင်း မရှိဟု သတိပြုမိပြန်သည်။

ဟယ်ဆလေက ကျွန်တော်တို့အား သေစေချင်သည်မှာ မှန်သည်ထားဦး၊ သုံးရောင်ခြယ်သင်္ဘောကြီးတစ်ခုလုံးက ငါးသိန်းကျော်တန်သော ငွေချောင်းများနှင့်အတူ နစ်မြုပ်သွားပြီဖြစ်ရာ ဟယ်ဆလေသည် သူ၏အသက်ကယ်လှေ၌ ငွေချောင်း



များအနက် အနည်းငယ်မျှကိုသာ တင်ဆောင်၍ ယူသွားနိုင်မည်ဖြစ်၏။ သုံးရောင်ခြယ်သင်္ဘောကြီး နစ်မြုပ်သွားခြင်း မရှိလျှင်ကား ကျွန်တော်၏ တွေးထင်ချက်မှာ များစွာ အခြေခံ ခိုင်လုံလှပေမည်။

ယခုမူ သုံးရောင်ခြယ်သင်္ဘောကြီးက ငွေချောင်းများနှင့်အတူ နစ်မြုပ်သွားခဲ့ပြီဖြစ်၍ ကျွန်တော်တို့က သူ၏ အမိန့်ကို ငြင်းဆန်လျက် ဖောင်ကို ဖြုတ်၍ စီးလာခဲ့ခြင်းမှာ ပုန်ကန်မှုကြီးအဖြစ်သို့ ရောက်၍နေရပြီ မဟုတ်လား။

ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်က ကျွန်တော်တို့အမှုအကြောင်းကို အပြန်ပြန် အလှန်လှန် ဆွေးနွေးနေခိုက် အချုပ်စခန်းတွင် တာဝန်မှူးအဖြစ် ထမ်းဆောင်နေသော တပ်ကြပ်ကြီးတစ်ဦးက ကျွန်တော်တို့အခန်းဝသို့ ရောက်လာကာ...

'စာပါတယ်ဗျို့၊ ခင်ဗျားတို့နှစ်ယောက်အဖို့ စာပါတယ်ဗျို့။ ဒုတပ်ကြပ်တာဒီအတွက်တော့ မှတ်ပုံတင်စာပဲ။ လက်မှတ်ထိုးပြီး ယူရလိမ့်မယ်'ဟု အသံကျယ်လောင် ကျယ်လောင်ဖြင့် ပြောရင်း စာအိတ်နှစ်အိတ်ကို စားပွဲပေါ်သို့ ပစ်တင်လိုက်၏။

ကျွန်တော်က ရုံးမှလက်ခံစာအုပ်တွင် မှတ်ပုံတင်စာကို ရရှိကြောင်း လက်မှတ်ထိုးလိုက်၏။

စာအိတ်တွင် လိပ်စာတပ်ထားသော လက်ရေးကို ကြည့်လိုက်ခြင်းအားဖြင့် မည်သူ့ထံမှ ပေးလိုက်သောစာဖြစ်ကြောင်းကို ကျွန်တော်က သိနေသလို စာထဲတွင် မည်သည့်အကြောင်းများ ပါမည်ကိုလည်း ကျွန်တော် အတပ်သိနေပြီး ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် ကျွန်တော့်ထံသို့ ရောက်လာသောစာမှာ ကျွန်တော့်အား ဗိုလ်သင်တန်းသို့ တက်ရောက်ရန် အပြင်းအထန် တိုက်တွန်းခဲ့သော ကျွန်တော့် ရည်းစားဘက်တီထံမှ စာဖြစ်နေသောကြောင့်တည်း။

ဒုတပ်ကြပ်ဘာဝမှ ဗိုလ်အဖြစ်သို့ ရောက်မှ ကျွန်တော့်အား လက်ထပ်မည်ဖြစ်သော ဘက်တီက ပန်ကန်မှုဖြင့် အဖမ်းအဆီးခံနေရသော ကျွန်တော့်အပေါ်တွင် မည်သို့ သဘောထားမည်၊ ဘက်တီ၏ မိဘနှစ်ဦးက ကျွန်တော့်အပေါ်တွင် မည်ကဲ့သို့ ယူဆမည်ကို ကျွန်တော်က အတပ်သိနေသည်။

စာအိတ်ကို ဖွင့်လိုက်သောအခါ ဘက်တီအား ကျွန်တော်က ပေးထားခဲ့သော စေ့စပ်ကြောင်းလမ်းရေး လက်စွပ်က အပြင်ဘက်သို့ ခေါက်ခနဲ ထွက်ကျလာ၏။ စာကို အလျင်စလို ဖတ်လိုက်ပြီးနောက် ကျွန်တော်က အစိတ်စိတ်အမွှာမွှာ ဆုတ်ဖြဲ၍ ပစ်လိုက်၏။ ပြီးမှ လက်စွပ်ကို ရဲဘော်ကြီးကွတ်၏ လက်ထဲသို့

www.burmeseclassic.com

www.burmeseclassic.com



အတင်းထိုးထည့်ပေးရင်း…

'ဒီလက်ဖွပ်ကို ခင်ဗျားမိန်းမဆီ ပို့လိုက်စမ်းဗျာ။ သူ အသုံးလိုရင်လည်း ရောင်းချပြီး စားပါစေ'ဟု ပြောလိုက်၏။

အိမ်သူသက်ထားထံမှ ရောက်သာသောစာကို ဖတ်နေသော ရဲဘော်ကြီး ကွတ်က ကျွန်တော့်အပြုအမူနှင့် ကျွန်တော့်စကားကို နားလည်ပုံမရ။ သို့ရာတွင် ကျွန်တော် စိတ်ညစ်နေကြောင်းကိုကား သူက သိနေ၏။ သို့ဖြစ်၍လည်း ကျွန်တော် ပြောသည့်အတိုင်း လက်ဖွပ်ကို သူ့အိတ်ထဲတွင် ထည့်ထားလိုက်၏။

"ဘယ်လိုဖြစ်တာလဲ ရဲဘော်"

ရဲဘော်ကြီးကွတ်က အတန်ကြာမှ ကျွန်တော့်ကို မေးလိုက်၏။

ကျွန်တော်က ဘက်တီထံမှ ရောက်လာသော စာအကြောင်းကို အတိုချုပ် ပြောပြလိုက်၏။ ရဲဘော်ကြီးကွတ်က ကျွန်တော် စိတ်ချမ်းသာစေရန် တတ်နိုင်သမျှ ဖျောင်းဖျပြောဆို၍ နေလေသည်။

ထိုနေ့ညနေဘက်တွင် ကျွန်တော့်မိဘနှစ်ပါးက ကျွန်တော်ရှိရာ အချုပ် ခန်းသို့ ရောက်လာကြ၏။ ပြစ်မှုမှာ မည်မျှကြီးကျယ်ကြောင်း ကျွန်တော့်မိဘများက သိထားကြသည့်အလျောက် စကားတစ်ခွန်းမျှ မပြောနိုင်ကြဘဲ မျက်ရည်လည်ရွှဲနှင့် သာ ကျွန်တော့်မျက်နှာကို ငေး၍ ကြည့်နေကြ၏။

ကျွန်တော့်မိဘနှစ်ပါး ပြန်သွားသောအခါ ဂျနီဖာထံသို့ အကြောင်းအကျိုး အစုံအလင်ပါသော စာရှည်ရှည်ကြီးတစ်စောင်ကို ရေး၍ ပို့လိုက်၏။

အချုပ်ခန်းတွင် နေရစဉ်အတွင်း ကျွန်တော်တို့အား ပေးထားသော အလုပ် မှာ အချုပ်ခန်းကို စင်ကြယ်အောင် ဆေးကြောသုတ်သင်ရသော အလုပ်သာ ဖြစ် သည်။ မနက်ပိုင်းတွင် ကျန်းမာရေး လေ့ကျင့်ခန်းကို နာရီဝက်ခန့် လေ့ကျင့်ရ၏။ ထိုမှတစ်ပါး ကျွန်တော်တို့တွင် အခြားအလုပ်တာဝန်ဟူ၍ မရှိ။

အချုပ်ခန်းတွင် တစ်ပတ်လောက်ကြာအောင် နေလာရသောအခါ ဗိုလ် အဆင့်အတန်းရှိ အရာရှိတစ်ဦးက ကျွန်တော်တို့ နှစ်ဦးထံမှ အစစ်ခံချက် အတိုချုပ် ကို ယူသည်။ ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့က အခြေအနေ အမှန်အတိုင်း ဖော်ထုတ်၍ အစစ်ခံကြ၏။

ကျွန်တော်တို့ထံမှ အစစ်ခံချက်အတိုချုပ်ကို ယူသောအရာရှိက အရာခံ ဗိုလ်ရန်ကင်းနှင့် ကက်ပတိန်ဟယ်ဆလေတို့၏ ကျွန်တော်တို့အပေါ်တွင် တပ် ထားသော စွဲချက်များကိုလည်း ဖတ်ပြ၏။ သူတို့၏ စွဲချက်များမှာ သူတို့ဘက်မှ



ကြည့်လျှင် အလွန်မှန်ကန်သော စွဲချက်များပင် ဖြစ်၏။

အစစ်ခံချက်အတိုချုပ်ဟု ဆိုသော်လည်း ကျွန်တော်တို့နှစ်ယောက်သည် နံနက်မှ နေ့လယ်အထိ ရုံးခန်းတွင်ထိုင်ကာ အစစ်ခံကြရခြင်း ဖြစ်၏။

ကျွန်တော်တို့အချုပ်ခန်းသို့ ပြန်လည်ရောက်ရှိသောအခါ ညနေသုံးနာရီ ပင် ထိုးနေပေပြီ။

"ကျုပ်တို့ကိုတော့ စစ်ခုံရုံးကို တင်လိမ့်မယ် ထင်တယ်"

ရဲဘော်ကြီးကွတ်က သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်ရင်း မှတ်ချက်ချ လိုက်၏။

"စစ်ခုံရုံးမှာ တရားသူကြီးတွေအဖြစ် ကြားနာရမယ့် ပုဂ္ဂိုလ်တွေဟာ စစ် ဘက်မှ အမှုထမ်းရင့်တဲ့ ပုဂ္ဂိုလ်တွေသာ အများဆုံးဖြစ်တာပဲ။ ဒီပုဂ္ဂိုလ်ကြီးတွေက အမှုသွား အမှုလာထက် စစ်တပ်တစ်တပ်ရဲ့ စည်းကမ်းကို တပ်သားတွေ လိုက်နာ တယ်ဆိုတာကိုသာ အလေးထားပြီး ကြည့်ကြမယ် မဟုတ်လား။ ဒီတော့ အမိန့် စည်းကမ်းနဲ့ တာဝန်ကို လိုက်နာရမယ့်နေရာမှာ ကျုပ်တို့က ကျုပ်တို့အကြောင်း နဲ့ ချွတ်ယွင်းချက် ရှိပေမဲ့ အဲဒီချွတ်ယွင်းချက်ကို စစ်ခုံရုံးမှာ တရားသူကြီးအဖြစ် စစ်ဆေးနားထောင်ရမယ့် ပုဂ္ဂိုလ်ကြီးတွေက အရေးထားမိမှာ မဟုတ်ဘူး။ ဒီတော့ ခင်ဗျားပြောသလို ခုံရုံးရောက်မှာကတော့ သေချာတယ်"

ကျွန်တော်က ရဲဘော်ကြီးကွတ်အား အေးဆေးသော အမူအရာဖြင့် ပြန်၍ ပြောလိုက်၏။

ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်သည် ထိုနေ့တစ်နေ့လုံး အတွေးကိုယ်စီ ဖြင့် ငြိမ်နေကြလေသည်။

နောက်တစ်နေ့နံနက် ၈ နာရီမထိုးမီ ကျွန်တော်တို့အခန်းသို့ မမျှော်လင့် သော ဧည့်သည်တစ်ယောက် ရောက်လာ၏။ ထိုဧည့်သည်ကား ဗိုလ်ကြီးဂျင်းနင်း ဆိုသူပင် ဖြစ်၏။

စစ်မဖြစ်မီ နာမည်ကျော် ဝတ်လုံတော်ရ တစ်ဦးအဖြစ် ဆောင်ရွက်နေခဲ့ ပြီး စစ်ကြီးဖြစ်လာသောအခါ မဝင်မနေရအမိန့်ကြောင့် ဘုရင့်တပ်မတော်တွင် ဥပဒေဘက်ဆိုင်ရာဌာန၏ ဗိုလ်ကြီးအဖြစ် ခန့်အပ်ခြင်း ခံခဲ့ရသူပင် ဖြစ်၏။

ဗိုလ်ကြီးဂျင်းနင်းက ကျွန်တော်တို့ အလိုရှိလျှင် အပြင်မှ ရှေ့နေရှေ့ရပ် များကို ငှားပေးမည်ဖြစ်ကြောင်း၊ သို့ရာတွင် ရှေ့နေအတွက် ကျွန်တော်တို့က ကုန်ကျရမည် ဖြစ်ကြောင်း၊ သူသည် ရှေ့နေရှေ့ရပ်အဖြစ် အသက်မွေးဝမ်းကျောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်ခဲ့သူတစ်ဦးပီပီ ကျွန်တော်တို့၏ အမှုကို လိုက်ပါဆောင်ရွက်ပေးလိုကြောင်း၊ ဤသို့လိုက်ပါဆောင်ရွက်ပေးလိုခြင်းမှာလည်း လာဘ်လာဘကို မျှော်ကိုး၍မဟုတ်ဘဲ မိမိ၏ ဝါသနာအရသာဖြစ်ကြောင်း၊ စွဲချက်တင်သော အရာခံဗိုလ်ရန်ကင်းနှင့် ကက်ပတိန်ဟယ်ဆလေတို့၏ အကြောင်းပြချက်များကို လည်းကောင်း၊ ကျွန်တော်တို့၏ အတိုချုပ်အစစ်ခံချက်ကို ဖတ်ရှုရခြင်းအားဖြင့် လည်းကောင်း၊ သူသည် ဤအမှုတွင် စိတ်ပါဝင်စားမှုရှိလာသဖြင့် တရားခံများဖြစ်သော ကျွန်တော်တို့နှင့် သက်ဆိုင်ရာမှ ခွင့်ပြုချက်အရ လာရောက်တွေ့ဆုံရခြင်း ဖြစ်ကြောင်း ပြောပြသည်။

ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့ ဗိုလ်ကြီးဂျင်းနင်း၏ အမူအရာကို အတန်ကြာအောင် အကဲခတ်၍ နေခဲ့ကြ၏။ ဗိုလ်ကြီးဂျင်းနင်း၏ အမူအရာမှာ နိမ့်ကျနေသူများဘက်မှ အကူအညီပေးလိုသော ပုဂ္ဂိုလ်တစ်ဦးဟု ကျွန်တော်တို့က ယူဆမိ၏။

ဤသို့ မယူဆသည့်တိုင်အောင် ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့မှာ အပြင်မှ ရှေ့နေရှေ့ရပ်တစ်ဦးအား ကျွန်တော်တို့ပိုက်ဆံဖြင့် ငှားရမ်းနိုင်သူများ မဟုတ်ကြ။

မည်သို့ပင်ဖြစ်စေ ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့က ဗိုလ်ကြီးဂျင်းနင်း၏ စိတ်နေသဘောထားကို သိရှိအောင် တတ်နိုင်သမျှ တီးခေါက်၍ ကြည့်နေမိကြ၏။

မည်သို့ပင်ဖြစ်စေ ဗိုလ်ကြီးဂျင်းနင်းသည် ကျွန်တော်တို့ အမှုတွင် စိတ်ပါဝင်စားသူတစ်ယောက်ဖြစ်ကြောင်းမှာကား ထင်ရှားနေသည်ဟု ယူဆမိ၏။ သို့ဖြစ်၍လည်း ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့က ဗိုလ်ကြီးဂျင်းနင်းအား ကျွန်တော်တို့၏ အကျိုးဆောင်ရှေ့နေအဖြစ် ဆောင်ရွက်ပေးရန် တိုက်တွန်းကြ၏။

ကျွန်တော်တို့၏ အတိုချုပ်အစစ်ခံချက်ကို ကြည့်၍ စခန်းမှူးဖြစ်သူ ဗိုလ်မှူးကြီးက ကျွန်တော်တို့အမှုကို စစ်ခုံရုံးသို့ တင်ပို့ရန် ဆုံးဖြတ်ပြီး ဖြစ်ကြောင်းလည်း သိရှိရ၏။

ဗိုလ်ကြီးဂျင်းနင်းက မေးမြန်းသဖြင့် ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့က သုံးရောင်ခြယ်သဘော်ပေါ်တွင် ပေါ်ပေါက်ခဲ့သော အဖြစ်အပျက်အားလုံးကို ပြောပြကြသည်။

"အမှတ်နှစ်အသက်ကယ်လှေက ဝမ်းဗိုက်မှာ ပျဉ်စပ်ငါးချောင်း ကျွတ်



ထွက်နေတယ်ဆိုတာ ဘယ်လိုကျွတ်ထွက်နေတာလဲ"

ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့၏ ပြန်ပြောင်းပြောပြချက်ကို စိတ်ဝင်စားစွာ နားထောင်နေပြီးနောက် ဗိုလ်ကြီးဂျင်းနင်းက မေးလိုက်၏။

"တစ်လက်မရဲ့ လေးပုံတစ်ပုံလောက်အထိ ကျွတ်ထွက်နေတာပါ"

"ဒီလိုကျွတ်ထွက်နေတာကို ရဲဘော်ကလေးဆီးက ပြောပြလို့ သိရတာလား။ ကိုယ်တိုင်ကိုယ်ကျ သွားပြီး စမ်းသပ်ကြည့်ရှုလို့ သိရတာလား"

ကိုယ်တိုင်ကိုယ်ကျ သွားရောက်ကြည့်ရှုလို့ သိရကြောင်း ကျွန်တော်တို့နှစ်ဦးက အဖြေပေးလိုက်ကြ၏။

ဗိုလ်ကြီးဂျင်းနင်းက ကျွန်တော်တို့ ပြောပြချက်ကို စိတ်ဝင်စားစွာဖြင့် နားထောင်နေရာမှ...

'ခင်ဗျားတို့နှစ်ယောက် အသက်မသေ ကြွင်းကျန်နေမယ်လို့ ထင်တဲ့လူတွေအတိုင်း အသက်မသေဘဲ ကြွင်းကျန်နေတဲ့ လူတွေကတော့ ကက်ပတိန်ဟယ်ဆလေ၊ ပထမအရာရှိဟင်ဒရစ်၊ သင်္ဘောသားဂျုတ်၊ အီဗန်နဲ့ ခင်ဗျားတို့အပေါ်က အုပ်ချုပ်ရေးအရာရှိအဖြစ် လိုက်ပါလာတဲ့ အရာခံဗိုလ်ရန်ကင်းပဲ'ဟု ပြောလိုက်၏။

"သူတို့ကို **'သူရဲကောင်း'** တိုက်သင်္ဘောက မတွေ့မမြင်ခဲ့တာကလည်း အတော်ထူးဆန်းနေတယ်"

ရဲဘော်ကြီးကွတ်က ထင်မြင်ချက်ပေးလိုက်၏။

"ဟုတ်တယ်။ တော်တော် ထူးဆန်းနေတယ်။ သုံးရောင်ခြယ်သင်္ဘောကြီး နစ်မြုပ်သွားပြီးတဲ့နောက် နှစ်ဆယ့်တစ်ရက်အကြာမှာမှ မိုင်းဗုံးရှင်းတဲ့ သင်္ဘောက သူတို့တစ်တွေကို ဖာရိုကမ်းခြေနဲ့ မကွာလှတဲ့ နေရာမှာ သွားပြီး တွေ့ရတယ်။ တော်လ နှစ်ဆယ့်ခြောက်ရက်နေ့မှာပေါ့"

"နှစ်ဆယ့်တစ်ရက်ကြာအောင် အသက်ကယ်လှေတစ်စင်းနဲ့ မျှောပါနေတယ်ဆိုတာကတော့ ထူးဆန်းပြီးမနေဘူးလား"

ကျွန်တော်က လှေလှော်ရွက်တိုက် ဝါသနာအရ တွေ့ကြုံထားသည့် အခန်းစာများကို အမှီပြုလျက် မေးခွန်းထုတ်လိုက်သည်။

"ဒါကလည်း စဉ်းစားစရာ အချက်တစ်ချက်ပဲ။ ရေကြောင်းကို နားလည်တဲ့ ပုဂ္ဂိုလ်တွေနဲ့ တိုင်ပင်ပြီးမှ ပြန်ပြောရမယ့် အချက်ပဲ၊ ကဲ... ကျုပ်သွားလိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီးကျောင်းနှင်းက စားပွဲပေါ်တွင် တင်ထားသော စစ်ဦးထုပ်ကို ကောက်၍ ဆောင်းပြီး အခန်းပြင်ဘက်သို့ ထွက်သွားသည်။

ခဏအကြာတွင် ကင်းမှူးတာဝန်ကို ထမ်းဆောင်နေသော တပ်ကြပ်ကြီး တစ်ဦး ရောက်ရှိလာပြီး ကျွန်တော့်အား တွေ့ဆုံရန် အပြင်ဘက်တွင် အမျိုးသမီး တစ်ဦး စောင့်နေကြောင်းဖြင့် လာရောက် အကြောင်းကြားလာသည်။

"ကောင်မကလေးက တယ်ပြီး နိပ်သကိုဗျ"

တပ်ကြပ်ကြီးက ရယ်ရွှန်းဖတ်ရွှန်း ပြောလိုက်၏။

ကျွန်တော်၏ ရည်းစားဖြစ်သူ ဘက်တီက ကျွန်တော့်အား လာရောက်တွေ့ဆုံခြင်းပင် ဖြစ်သည်ဟု ထင်မှတ်လိုက်၏။

သို့ရာတွင် ကျွန်တော် ထင်သကဲ့သို့ကား မဟုတ်ပါချေ။

ကျွန်တော်တို့ အခန်းတွင်းသို့ ရောက်လာသောသူကား မစ္စဂျနီဖာပင် ဖြစ်၏။

ကျွန်တော်က စကားတစ်ခွန်းမျှ မပြောနိုင်ဘဲ အံ့အားကြီးသင့်၍ နေမိ၏။ ကျွန်တော့်မျက်စိများကိုပင် ကျွန်တော် မယုံနိုင်အောင် ဖြစ်နေမိ၏။ ပုန်ကန်မှုဖြင့် အချုပ်ခံနေရသော ကျွန်တော်တို့လို စစ်သားအစုတ်အနုပ်ဆီသို့ ဂျနီဖာလို ဂုဏ်သရေရှိသော အမျိုးသမီးတစ်ဦးက အချုပ်ခန်းအထိ လာ၍ တွေ့ဆုံလိမ့်မည်ဟု တစ်ခါမျှ မမျှော်လင့်ခဲ့။

တာဝန်ကျတပ်ကြပ်ကြီးက ဖွင့်ပေးသော သံတိုင်တံခါးပေါက်မှ မစ္စဂျနီဖာက ဝင်ရောက်လာပြီး ကျွန်တော့်လက်နှစ်ဖက်ကို သူ့လက်နှစ်ဖက်ဖြင့် အုပ်ကိုင်၍ ဆုပ်ရင်း၊ လေးနက်သောအမူအရာဖြင့် နှုတ်ဆက်နေ၏။

"ဂျနီဖာ ဒီလိုလာပြီးတွေ့တာ ဝမ်းသာလိုက်တာ။ ကျွန်တော်ကတော့ ဂျနီဖာ စကော့တလန်မှာပဲ ရှိနေလိမ့်မယ်လို့ ထင်တာ"

မစ္စဂျနီဖာက ကျွန်တော့်စကားကို အပြုံးဖြင့် နားထောင်ရင်း ရဲဘော်ကြီး ကွတ်ကိုလည်း အားရပါးရ နှုတ်ဆက်နေပြန်၏။

ဂျနီဖာသည် မိတ်ကောင်းဆွေစစ်တစ်ဦး မှန်လှချေ၏တကား။

"ရှင်တို့နှစ်ယောက်ကို ပုန်ကန်မှုနဲ့ ဖမ်းထားတယ်ဆိုတဲ့ ဗာဒီဆီက စာကို ရတော့ သိပ်ပြီး အံ့ဩသွားတယ်။ ဘာကြောင့် ဒီလို အဖမ်းခံရတယ်ဆိုတာ သိချင်တာနဲ့ စကော့တလန်ကပဲ လာခဲ့တာ"

ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့က အကျိုးအကြောင်းကို ပြောပြလိုက်ကြ၏။



အတန်ကြာတွင် ရဲဘော်ကြီးကွတ်က အခန်းပြင်ဘက်သို့ ထွက်သွားပြီး ကျွန်တော်တို့ သုံးယောက်အတွက် လက်ဖက်ရည်ပူပူခွက်ကို အချက်ခန်းမှ ဗန်းခွက်ဖြင့် ထည့်၍ ယူလာခဲ့၏။

ဂျနီဖာက သူ့အကြောင်းနှင့် ဘုရင်ရေတပ်မတော်က သိမ်းယူသွားသော အီလီယံမိုးရွက်တင် စက်သင်္ဘောကို ပြန်လည်ရရှိပြီးမှ ပြင်ရန် လိုအပ်သမျှကို ပြင်နေကြောင်း ပြောပြ၏။

ကျွန်တော်တို့ကလည်း ကျွန်တော်တို့ဘက်မှ ဗိုလ်ကြီးကျောင်းနှင်းဆိုသူက စစ်ခုံရုံးတွင် တရားခံအကျိုးဆောင် ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ပေးမည့် အကြောင်း မစ္စဂျနီဖာအား ပြောပြသည်။

"ဒါထက် ဟယ်ဆလေတို့လူရက်ကို ကယ်ခဲ့တဲ့ မိုင်းရှင်းသင်္ဘောက ဦးစီးမှူးနဲ့ အိုဝန်မှာ ပါတီတစ်ခုမှာ တိုက်တိုက်ဆိုင်ဆိုင် သွားပြီးတွေ့မိတယ်။ သုံးရောင်ခြယ်နှစ်တုန်းက အသက်မသေတဲ့ ကြွင်းကျန်နေသူတွေထဲမှာ ကျွန်မလည်း အပါအဝင် တစ်ယောက်ဆိုတာ သိရတော့ ဦးစီးမှူးက အတော်ကို အံ့ဩသွားတယ်။ ထက်ထပ်ပြီး ဟယ်ဆလေတို့လူရနဲ့ အသက်ကယ်လှေတစ်စင်းတည်းမှာ လိုက်ပါလာတဲ့ ဖောင်တစ်ခုနဲ့ လိုက်ပါလာခဲ့ရတဲ့ အကြောင်းကို ကြားရတော့ ဦးစီးမှူးက ပိုပြီး အံ့ဩသွားတယ်။ ဟယ်ဆလေတို့ လူရကို သင်္ဘောနစ်ပြီး နှစ်ဆယ့်တစ်ရက်မှ တွေ့ရတာ။ တွေ့ရပြန်တော့လည်း တွေ့ရတဲ့နေရာက ပြဿနာတစ်မျိုးဖြစ်နေတယ်လို့လည်း သိရတယ်။ အဲဒီအချိန်က ရာသီဥတုခန့်မှန်းချက်အရ ဟယ်ဆလေတို့ လူရဟာ သင်္ဘောနစ်ပြီးပြီး တစ်ပတ်အတွင်းလောက်မှာ လူသူတွေရှိတဲ့ ကမ်းခြေကို ရောက်နိုင်ပေမဲ့ နှစ်ဆယ့်တစ်ရက်ကြာပြီးမှ လေကြောင်းနဲ့ ဆန့်ကျင်ဘက် အရပ်မှာ လာပြီး တွေ့ရတာဟာ ရေကြောင်း ရာဇဝင်မှာတော့ တော်တော်လေး ထူးထူးဆန်းဆန်း ဖြစ်နေတယ်လို့ ပြောပြတယ်"

"ဒီအကြောင်းနဲ့ ပတ်သက်ပြီး မိုင်းရှင်းသင်္ဘောက ဦးစီးမှူးက ဟယ်ဆလေတို့ မေးသေးလား"

ကျွန်တော်က မစ္စဂျနီဖာအား မေးလိုက်၏။

"မေးတယ်။ မေးတော့ အဲဒီအချိန်က ရာသီဥတုခန့်မှန်းချက်က [illegible] ဆိုဆို...လေဆိုတာ အမြဲပြောင်းလဲပြီး နေတတ်တော့ ပင်လယ်ထဲမှာ [illegible] နဲ့ နေရတဲ့လူက အသိဆုံးပဲ မဟုတ်လားလို့ ပြန်ပြီး မေးခွန်းထုတ်သတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်ဆလေ ပြောတာကို ဦးစိုးမှူးက ယုံကြည်ရဲ့လား"

"လူတစ်ယောက်ဟာ ပင်လယ်ကြီးထဲမှာ လှေကလေးတစ်စင်းနဲ့ နှစ်ဆယ့်တစ်ရက်တိုင်တိုင် မျောပြီးနေတာကို ဘယ့်နှယ်သဘောကျနိုင်မလဲ။ ဒီအချက်ကပဲ ဟယ်ဆလေရဲ့ အကြောင်းပြချက်ကို ခိုင်လုံအောင် လုပ်ပေးနေတယ်မဟုတ်လား ဗာဒီ။ ဒါပေမဲ့ အသက်ကယ်လှေတစ်စင်းနဲ့ သုံးရောင်ခြယ်ကနေပြီး လွတ်မြောက်လာနိုင်ပြီး ကျွန်မတို့ကို လာပြီး မကယ်တဲ့အချက်ပဲ"

"ဟုတ်တယ် ဒီအချက်က စဉ်းစားစရာပဲ"

ကျွန်တော်က ထောက်ခံလိုက်၏။

"ကျွန်မတို့ကို လာမကယ်တာထောက်တော့ သဘောမြုပ်တဲ့ နေရာမှာ ဟယ်ဆလေတို့လူစုက ကြာကြာမနေချင်တဲ့ သဘောရှိတာကို တွေ့ရတယ်။ ဒီလိုကြာကြာမနေချင်တာဟာလည်း လျှို့ဝှက်တဲ့ကိစ္စတစ်ခုတော့ ရှိရလိမ့်မယ်။ ကျွန်မတို့ ဖောင်ကို ရှာမတွေ့တာဟာ ရိုးရိုးသားသားပဲ ရှာမတွေ့တာလည်း ဖြစ်နိုင်တယ်။ ဒါပေမဲ့ ဗာဒီတို့၊ ရဲဘော်ကြီးကွတ်တို့၊ ရဲဘော်လေးဆီးတို့ ကြားရတွေ့ရတဲ့ မယုံသင်္ကာစရာတွေကို စုပေါင်းပြီး ပြန်လှန်စဉ်းစားလိုက်ရင် ဟယ်ဆလေမှာ တစ်ခုခုတော့ အကြံအစည် ဉာဏ်နီဉာဏ်နက်ရှိနေပြီလို့ တွေးမိတယ်"

မစ္စဂျနီဖာက စဉ်းစဉ်းစားစား လေးလေးပင်ပင် ပြောလိုက်၏။

"ဂျနီဖာက အရာရှိတွေအတွက် သီးသန့်ထားတဲ့ နေရာမှာ နေရတိုင်ရတော့ ဟယ်ဆလေရဲ့ ဉာဏ်နီဉာဏ်နက်နဲ့ ပတ်သက်ပြီး မသင်္ကာစရာအချက်တွေများ မကြားမိဘူးလား။ သတိမပြုမိဘူးလား"

ကျွန်တော်၏အမေးကို မစ္စဂျနီဖာက လေအေးအေးဖြင့်–

'ဗာဒီဆီက စာကို ရကတည်းက အမှုနဲ့ ပတ်သက်ပြီး အထောက်အကူပေးနိုင်တဲ့ အချက်အလက်တွေကို ခေါင်းကွဲလုမတတ် စဉ်းစားကြည့်ခဲ့တယ်။ ဒါပေမဲ့ ဟုတ်တိပတ်တိ အကြောင်းအချက်ဆိုလို့ တစ်ခုမှ စဉ်းစားလို့ မရခဲ့ဘူး။ အရာရှိတွေရဲ့ ပြောပုံဆိုပုံ လုပ်ပုံကိုင်ပုံတွေဟာ ရိုးရိုးနဲ့ မှန်မှန်ပဲ ရှိနေတယ်လို့ ထင်ရတယ်။ ဟယ်ဆလေနဲ့ ဟင်ဒရစ်တို့ တပူးတွဲတွဲ ရှိနေတာကိုလည်း အပြစ်မဆိုသာပြန်ဘူး။ မသင်္ကာစရာရယ်လို့လည်း မဆိုနိုင်ပြန်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သင်္ဘောတစ်စင်းက ကက်ပတိန်နဲ့ ပထမအရာရှိဟာ ဒီလိုပဲ တပူးတွဲတတွဲရှိနေတတ်တာပဲ မဟုတ်လား။ အင်ဂျင်နီယာချုပ်ဆိုတဲ့ လူကတော့ အချိန်ရှိသမျှ မူးရူးနေလို့ ရှုမှန်းစရာကောင်းတာ အမှန်ပဲ။ ဒါပေမဲ့ အင်ဂျင်နီယာချုပ်လိုလူမျိုးက ဉာဏ်နီ



ဉာဏ်နက်ရှိတဲ့ လူစားမျိုးမဟုတ်ဘူး။ ရန်ကင်းဆိုတဲ့လူကတော့ အထက်လူကြီးကိုဖားပြီး အောက်လူကို နှိမ့်တတ်တဲ့ သတ္တဝါမျိုးပဲ။ သူ့မှာလည်း ဉာဏ်နီ ဉာဏ်နက်ရယ်လို့ ရှိမယ်မထင်ဘူး။ ခေါင်းဆောင်တဲ့လူရှိမှ နောက်ကလိုက်ရဲတဲ့ လူမျိုး။ တစ်နေ့ ညနေဘက်မှာ ကက်ပတိန်ရဲ့ အခန်းအပြင်ဘက်မှာ ကျွန်မက အမှတ်တမဲ့ရပ်နေမိတယ်။ အခန်းတံခါးကလည်း စေ့ရုံလေးစေ့ထားတယ်လို့ ထင်ရတာပဲ။ အတွင်းကပြောနေတဲ့ စကားသံတွေအရ သဘောပထမအရာရှိ ဟင်ဒရစ်က ဟယ်ဆလေအခန်းထဲမှာ ရှိနေတာကတော့ သေချာတယ်။ ဟင်ဒရစ်က ဟယ်ဆလေကို ဘာတွေ ပြောနေမှန်း မသိပေမဲ့ ဟယ်ဆလေက ဗာတ်စကားဆန်ဆန်ရေရွတ်လိုက်တဲ့ အသံကိုတော့ ကျွန်မက နားစွန်နားဖျား ကြားလိုက်ရတယ်'ဟု ပြောရင်း ခဏမျှ အမောဖြေ၍ နေလိုက်၏။

"ဘယ်လိုများ ကြားလိုက်မိသလဲ မစ္စဂျနီဖာ"

မစ္စဂျနီဖာက အတန်ကြာအောင် စဉ်းစားနေပြီးမှ ကြားခဲ့ရသော ဗာတ်စကားကို ပြန်၍ ရွတ်ပြလိုက်၏။

"သွေးရှင်ရှင်ဖြန်း၊ စိမ်းစိမ်းတန်းအောင်၊ လက်စွမ်းတော်ပြလိုက်မည်။ ယခု မပြ လူ့ဘဝ၊ မုချဆတ်ဆတ် ညံ့တော့မကိုး"

ကျွန်တော်က ဂျနီဖာရွတ်ပြသော ဗာတ်စကားကို ငြိမ်၍ နားထောင်နေ၏။

"ဟယ်ဆလေက နည်းနည်းတော့ စိတ်မနှံ့ဘူးလို့ ထင်တယ်"

ဂျနီဖာက စဉ်းစားခန်းဝင်နေသော ကျွန်တော့်အား စူးစိုက်၍ကြည့်ရင်း မေးလိုက်၏။

"စိတ်မနှံ့တာမဟုတ်ဘူး။ ဘယ်လိုအမည်တပ်ရမှန်းတောင် မသိဘူး။ ဟယ်ဆလေက သူလုပ်ချင်တာ တစ်ခုခုရှိလာပြီဆိုရင် ဒီလိုလုပ်ချင်တာနဲ့ နီးစပ်ဆက်သွယ်နေတဲ့ ဗာတ်စကားတစ်ခုခုကို ရွတ်ရွတ်ပြီး နေတတ်တာကတော့ အမှန်ပဲ။ ဒီအကြောင်းကို သုံးရောင်ခြယ်သဘောက ထမင်းချက်ရဲဘော်ကြီးဆီကလည်း ကြားခဲ့ရတယ်။ ကျွန်တော့်အတွေ့အကြုံအရလည်း သိခဲ့ရတယ်။ တိုတိုနဲ့ပြောရရင် သူရူးပုံက အရူးပါး ရူးပုံမျိုးပဲ"

ဂျနီဖာက ကျွန်တော့်စကားကို ခြွင်းချက်မရှိ ထောက်ခံလိုက်၏။

"ကဲ... အချိန်လည်း မရှိတော့ဘူး၊ လန်ဒန်အထိ သွားမယ်လို့ စီစဉ်ထားတယ်။ အဲဒီမှာ ကိစ္စကလေးတွေ ဆောင်ရွက်စရာရှိနေသေးတယ်။ သတင်းအကြောင်းအလိုရှိရင်တော့ ကျွန်မကို အချိန်မရွေး အကြောင်းကြားလိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



မစ္စဂျူနီဖာက ထိုင်ရာမှထရင်း ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်အား ပြောလိုက်၏။

"ဒီနေ့နံက ထွက်သွားခင် ကျွန်တော်တို့ရဲ့ အကျိုးဆောင်ရှေ့နေကြီးဖြစ်တဲ့ ဗိုလ်ကြီးကျင်းနှင်းနဲ့ တွေ့သွားပြီး ကျွန်တော်တို့အကြောင်းကို ဟုတ်တဲ့မှန်တဲ့အတိုင်း ပြောပြခဲ့ချင်တယ်"

ကျွန်တော်က မစ္စဂျူနီဖာကို လက်ဆွဲနှုတ်ဆက်ရင်း ဝေဝွာရယ်ချက်တစ်ချက် ပြုလိုက်၏။

"စိတ်ချပါ ဟာနီ။ ကျွန်မ တတ်နိုင်သလောက် ရှင်တို့အတွက် ကြိုးစားပေးမယ်ဆိုတာ စိတ်ချပြီး နေစမ်းပါ"

မစ္စဂျူနီဖာက ဤသို့ပြောရင်း အခန်းပြင်ဘက်သို့ ထွက်လိုက်၏။ အချုပ်ခန်းတံခါးကြီးက ကျိုင်းခနဲမြည်ကာ ပြန်၍ ပိတ်သွားသည်။

ကျွန်တော်သည် ဝေး၍ဝေး၍သွားသော ဂျူနီဖာ၏ နောက်ကျောကိုကြည့်ရင်း အချုပ်ခန်းအတွင်းမှ ငေး၍ နေမိလေသည်။

(၄

အတွေးဖြင့် ဆွေးခဲ့ရသောရက်များက နှစ်ဆယ်ကျော်ကျော် ကြာ၍သွားသောအခါ ဂျူနီဖာနှင့် ကျွန်တော်က ပြန်၍ ဆုံခွင့်ရပြန်သည်။

ဆုံခွင့်ရသောနေရာမှာ စိတ်ရွှင်လန်း ပျော်ရွှင်စရာကောင်းသော နေရာမျိုးတော့ မဟုတ်။ ကျွန်တော်တို့အား ခုံတင်၍ စစ်မည့် စစ်ခုံရုံးနေရာတည်း။

ရန်သူ့လေကြောင်းတိုက်ခိုက်မှုရန်ကို ကာကွယ်နိုင်ရန်အတွက် စစ်ခုံရုံးကို အက်စ်တာနယ်နှင့် မလှမ်းမကမ်းနေရာတွင် ဖွင့်လှစ်ထားသည်။

ကျွန်တော်တို့အား စစ်ပုလိပ်အချုပ်ကားဖြင့် နံနက် ၈ နာရီအချိန်မှစ၍ ရုံးရှိရာ ခေါ်သွားသောအခါ ဂျူနီဖာနှင့် တွေ့ဆုံခွင့်ရခြင်းပင် ဖြစ်၏။

အမှုအတွက် ကျွန်တော့်မှာ စိတ်ညစ်နေသည်မှာ အမှန်ပင်ဖြစ်၏။ သို့ရာတွင် ဂျူနီဖာ၏ ကျက်သရေရှိသော မျက်နှာကလေးကို တွေ့မြင်လိုက်ရသောအခါ ကျွန်တော့်စိတ်ဘဝင်မှာ ရွှင်၍လာခဲ့၏။

ဂျူနီဖာက သူ့ဖခင်ကြီးကို စစ်ခုံရုံးရှိရာသို့ သူနှင့်အတူ ခေါ်ယူလာခဲ့ခြင်းကပင် သူက ကျွန်တော်တို့အပေါ်တွင် မည်မျှ သံယောဇဉ်ရှိနေသည်ကို ပြသနေခြင်းပင် မဟုတ်လား။

သက်ကြီးရွယ်အိုအရွယ်သို့ ရောက်နေသည့်တိုင် စကော့တလန်မှ အင်္ဂလန်သို့ ထွက်ခွာလာပြီး ကျွန်တော်တို့ကို စစ်ဆေးမည့် စစ်ခုံရုံးရှိရာ အက်စ်တာနယ်မြေတိုင်အောင် ကိုယ်တိုင်ကိုယ်ကျ ရောက်လာသော ဂျူနီဖာ၏ဖခင်ကြီးသည် အထူးကျေးဇူးတင်စရာပင်။

ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့အား အချုပ်ကားပေါ်မှ ဆင်းပြီး တရားခံ

www.burmeseclassic.com

www.burmeseclassic.com



များအတွက် ထားရှိသော ယာယီအခန်းလေးတစ်ခုသို့ စစ်ပုလိပ်များက ခေါ်ယူသွားကြ၏။

ယာယီအချုပ်ခန်းအတွင်းသို့ သွတ်သွင်းထားခြင်းခံရသည်တိုင် ကျွန်တော်က ရွှင်ရွှင်ပျပျ ဖြစ်နေမိ၏။ ကျွန်တော့်နည်းတူ ရဲဘော်ကြီးကွတ်လည်း တပြုံးပြုံး ဖြစ်နေ၏။

"ကျုပ်မိန်းမက ကျုပ်ဆီကို လာပြီး တွေ့သဗျ"

ရဲဘော်ကြီးကွတ်က အားရပါးရ ပြောနေ၏။ ကျွန်တော်ကမူ ရဲဘော်ကြီးကွတ်၏ ဇနီးကို မြင်ပင်မမြင်မိ။

"မောင်ရင်က ဘယ်မြင်ပါ့မလဲ။ မောင်ရင့်အဆက်ကလေးကိုပဲ ကြည့်နေတာကိုး"

ရဲဘော်ကြီးကွတ်က စီးကရက်တစ်လိပ်ကို မီးညှိရင်းက ကျွန်တော့်ကို ပြောလိုက်၏။

"အဆက်ကလေးမဟုတ်သေးပါဘူးဗျာ"

ကျွန်တော်က စိတ်ပျက်လက်ပျက် အသံမျိုးဖြင့် ပြောလိုက်မိ၏။

ပုထုဇဉ်တို့သဘာဝအရ ကျွန်တော်နှင့် သေဖော်သေဖက်ဖြစ်သော ဂျနီဖာအပေါ်တွင် တစ်ဖက်သတ်စိတ်ကူးယဉ်၍ နေမိသည်မှာ အမှန်ပင် ဖြစ်၏။

သို့ရာတွင် တွေး၍ ကြည့်လိုက်တိုင်း သူ့ဘဝနှင့် ကျွန်တော့်အဖြစ်မှာ မဟာတံတိုင်းကြီး ကာဆီး၍ နေသကဲ့သို့ ရှိနေသည် မဟုတ်လား။

ဂျနီဖာက အင်မတန်မှ ချမ်းသာကြွယ်ဝသူတစ်ဦး၏ သမီးမဟုတ်စေကာမူ တင့်တောင့်တင့်တယ် အခြေအနေတွင် ရပ်တည်နိုင်သည့်ဘဝတွင် ရှိနေသည်။ ကျွန်တော့်အဖြစ်ကမူ ထောင်ထဲသို့ တန်းတန်းမတ်မတ်ကြီး ဝင်သွားတော့မည့် တရားခံ၏အဖြစ်။

ကျွန်တော်က မည်သို့ပင် စိတ်ကူးယဉ်၍ နေစေကာမူ ဂျနီဖာက ကျွန်တော့်အား အိမ်ထောင်ဖက်တစ်ဦးအနေဖြင့် လည်းကောင်း၊ ချစ်သူတစ်ဦးအနေဖြင့် လည်းကောင်း ထည့်သွင်းစဉ်းစားမည် မဟုတ်ကြောင်းမှာကား အမှန်ပင် ဖြစ်၏။

ကျွန်တော်ရှိရာ အချုပ်ခန်းသို့ ကိုယ်တိုင်ကိုယ်ကျ ရောက်လာခြင်းသည် လည်းကောင်း၊ ကျွန်တော်တို့အား အမှုစစ်မည့် စစ်တရားခုံရုံးသို့ ကိုယ်တိုင်ကိုယ်ကျ ရောက်လာသည်သာမက ဖခင်ဖြစ်သူကိုပါ ခေါ်ဆောင်လာခဲ့ခြင်းသည် လည်းကောင်း ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့အပေါ်တွင် သူ၏အသက်ကို လွှတ်



မြောက်ရာ လွတ်မြောက်ကြောင်း ဖန်တီးပေးခဲ့သည့် ကျေးဇူးကို တုံ့ပြန်သောသဘော ဖြင့်သာလျှင် ကိုယ်၏ စောင်မခြင်း နှုတ်၏စောင်မခြင်း ပြုနေသည်ဟု ကျွန်တော်က စဉ်းစားမိသည်။

မည်သို့ပင်ဖြစ်စေ ဂျာနီဖာတစ်ယောက် ကျွန်တော်ရှိသည့်နေရာအရပ်သို့ ရောက်လာခြင်းကိုပင် ကျွန်တော်က ကျေနပ်ဝမ်းသာ၍ နေမိ၏။

အချုပ်ခန်းနှောင်အိမ်ထဲ၌ သေဒဏ်အထိ အပြစ်ပေးနိုင်သောအမှုကို ကျူးလွန်ခဲ့ပါသည်ဟုဆိုကာ စွဲချက်တင်လျက် ချုပ်နှောင်ခံထားရသူတစ်ဦးအဖို့ မကြာမီက သေဖော်သေဖက်ဖြစ်ခဲ့သော မိတ်ဆွေတစ်ဦးက လာရောက်မေးမြန်းတွေ့ဆုံခြင်းကို ခံရခြင်းကပင်လျှင် နှစ်သိမ့်ဝမ်းမြောက်စရာ မဟုတ်ပါလား။

ခုံရုံးတရားသူကြီးများကား ကျွန်တော်တို့အား မဆင့်ခေါ်မီ စစ်ပုလိပ်တပ်ဖွဲ့မှ တပ်ကြပ်ကြီးတစ်ဦး ကျွန်တော်တို့ရှိရာသို့ ရောက်ရှိလာပြီး ကျွန်တော်တို့နှစ်ယောက်ကို သက်ဆိုင်ရာ တရားခံများ ဟုတ်မဟုတ် ကိုယ်ပိုင်နံပါတ်များနှင့် တိုက်ဆိုင်၍ စစ်ဆေးသည်။

"ကိုယ်ပိုင်အမှတ် ၀၂၅၅၆၇၃၄၂ ဒုတပ်ကြပ် ဂျိမ်းလန်ဒန်ဗာဒီဆိုတာ မင်းပဲလား"

တပ်ကြပ်ကြီးက သူယူလာသော မှတ်တမ်းနှင့် ဓာတ်ပုံများကို ကြည့်ကာ ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်၍ မေးလိုက်၏။

ကျွန်တော်က ဟုတ်မှန်ကြောင်း ပြောလိုက်၏။

ရဲဘော်ကြီးကွတ်၏ ကိုယ်ပိုင်နံပါတ်နှင့် ကိုယ်ခန္ဓာပေါ်တွင် ထင်ရှားသော အမှတ်အသားများကိုလည်း တပ်ကြပ်ကြီးက စစ်ဆေးကြည့်ရှုပြီး ခုံရုံးရှိရာသို့ ပြန်လည်ထွက်ခွာသွားသည်။

အတန်ကြာလျှင် ကျွန်တော်တို့နှစ်ယောက်အား ယာယီအချုပ်ခန်းထဲမှ ခုံရုံးရှိရာသို့ ခေါ်ထုတ်သွား၏။

ရုံးခန်းအတွင်းသို့ ဝင်လိုက်မိသည်နှင့် တစ်ပြိုင်နက် ကျွန်တော့်ခြေများလက်များများ အေးစက်၍ သွားသည်ဟု ထင်လိုက်ရ၏။ တရားခွင်ပေါ်တွင် အသင့်နေရာယူလျက် ရှိနေကြသော တရားသူကြီးများမှာ စစ်ဘက်ဝါရင့် အရာရှိကြီးများပင် ဖြစ်၏။ ဝါရင့်အရာရှိကြီးများဆိုသည်မှာ လက်အောက်ငယ်သားက အထက်အရာရှိ၏ အမိန့်ကို လိုက်နာမှုကြိုက်သော ပုဂ္ဂိုလ်များပင် မဟုတ်လား။

ပုန်ကန်မှုဖြင့် စွဲချက်တင်လိုက်သည်ဟု ဆိုလျှင်ပင် ခုံရုံးတရားသူကြီးများ

www.burmeseclassic.com

www.burmeseclassic.com



က ကျွန်တော်တို့အပေါ်တွင် အထက်မှပေးသော အမိန့်ကို ဘာကြောင့် မလိုက်နာရပါသလဲဟူသော မေးခွန်းက ရှေ့ဆုံးမှ ပေါ်ထွက်လာမည်သာ ဖြစ်၏။

ကျွန်တော်တို့ဘက်မှ အကြောင်းပြချက်များက မှန်ကန်နေစေကာမူ အထက်လူကြီး၏အမိန့်ကို ဖီဆန်တော်လှန်သည်ဟူသော ယူဆချက်က ကျွန်တော်တို့အဖို့ အမဲကွက်ကြီးကဲ့သို့ ဖြစ်နေတော့မည် မဟုတ်လား။

ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့သည် သက်ဆိုင်ရာတပ်ကြပ်ကြီး၏ ညွှန်ကြားချက်အတိုင်း တရားခံများအား ထည့်သွင်းလေ့ရှိသည့် နေရာတွင် ဝင်၍ ထိုင်လိုက်၏။

အမှုစစ်မည့် ခုံရုံးတရားသူကြီးများနှင့် အစစ်ခံရမည့် တရားခံတို့အား မျက်နှာချင်းဆိုင်၍ ထိုင်စေခြင်းမှာလည်း တရားခံအား ပို၍ စိတ်အားငယ်စေရန် ပြုလုပ်ပေးနေသကဲ့သို့ ထင်ရ၏။

ကျွန်တော်တို့၏ အမှုကို ခုံရုံးအစိုးရ ရှေ့နေကြီးအဖြစ် ဆောင်ရွက်မည့် စစ်ဘက်အရာရှိကြီးတစ်ဦးက စတင်ဖွင့်လှစ်လိုက်ပြီး ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့အား ဤစစ်ခုံရုံးက အမှုစစ်ဆေးစီရင်ချက်ပေးသည်ကို သဘောတူ၊ မတူ မေးမြန်းလိုက်၏။

ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့က သဘောတူကြောင်းဖြင့် အဖြေပေးလိုက်၏။

ကျွန်တော်တို့ထံမှ အဖြေကို ရလျှင် အစိုးရရှေ့နေကြီးက စစ်တရားခုံတွင် ပါဝင်သည့် ပုဂ္ဂိုလ်ကြီးများနှင့်အတူ တရားခံ တရားလိုများအားလုံး ကျမ်းသစ္စာကျိန်ဆိုကြပါဟု ခုံရုံးသဘာပတိကြီးအား လျှောက်ထားလိုက်၏။

စစ်ခုံရုံး၏ တရားဥပဒေ သဘောအရ ပဏာမကျမ်းသစ္စာ ကျိန်ဆိုခြင်းက ပင်လျှင် အချိန်များများကုန်လွန်၍ သွားခဲ့စေ၏။

ခုံရုံးအတွင်းတွင် တရားခံအဖြစ်သို့ ရောက်နေရသော ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့က တကယ့်လက်သည်တရားခံဖြစ်သော ပုဂ္ဂိုလ်ကြီးလေးဦးတို့အား တရားလိုအဖြစ် တွေ့မြင်နေရ၏။

ကက်ပတိန်ဟယ်ဆလေ၊ ပထမအရာရှိ ဟင်ဒရစ်၊ သင်္ဘောသား ဂျတ်နှင့် အီဗန် သူတို့နှင့်အတူရှိနေသူကား ကျွန်တော်တို့အပေါ်တွင် အုပ်ချုပ်ရေးအရာရှိ အဖြစ် ဆောင်ရွက်ခဲ့သော တစ်နည်းအားဖြင့်ဆိုလျှင် အသားထဲမှ လောက်ထွက်ခဲ့ သော အရာခံဗိုလ်ရန်ကင်းပင် ဖြစ်ပါသတည်း။



ပဏာမအစီအစဉ်များ ပြီးဆုံးသွားပြီးနောက် အမှုစစ်ဆေးခြင်းကို စတင်လိုက်၏။

တရားလိုများဘက်မှ အမှုလိုက် အရာရှိက ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့အား စွဲချက်တင်ရသည့် အကြောင်းနှင့် ပတ်သက်၍ ခုံရုံးတော်သို့ စီကာပတ်ကုံး လျှောက်လဲချက်ပေးသွား၏။

အမှုလိုက် အရာရှိ၏ လျှောက်ထားချက်ကို ကျွန်တော်က လုံးစေ့ပတ်စေ့ မှတ်မိသော်လည်း အလွန်အရေးကြီးသော လျှောက်လဲချက်တစ်ခုကမူ ကျွန်တော့် နားထဲမှ မထွက်နိုင်ဘဲ ဖြစ်နေသည်။

"သင်္ဘောပေါ်မှာ အထက်အရာရှိရဲ့အမိန့်ကို ဖီဆန်ပြီး ပုန်ကန်တဲ့ အမှု ဖြစ်တဲ့အတွက် သေဒဏ်ထိ အပြစ်ပေးနိုင်တဲ့ အမှုကြီးပါ"

အမှုလိုက် အရာရှိက စွဲချက်တင်ရသည့် အကြောင်းကို လျှောက်လဲချက် ပေးလိုက်ပြီးနောက်၊ ၎င်းစွဲချက်ကို ထောက်ခံချက်ပေးမည့် သက်သေတစ်ဦးကို ခေါ်ယူလိုက်၏။

ထိုသက်သေကား အသားထဲမှ လောက်ထွက်ခဲ့သော အရာခံ ဗိုလ်ရန်ကင်း ပင် ဖြစ်၏။

တရားလိုဘက်မှ ပထမဆုံး သက်သေအဖြစ် အစစ်ခံရမည့် အရာခံဗိုလ်ရန် ကင်းသည် စိတ်တုန်လှုပ်ချောက်ချားလျက် ရှိနေသည်ဟု ကျွန်တော်က ခန့်မှန်း မိ၏။ သူက ကျွန်တော့်ကို တစ်ကြိမ်တစ်ခါမျှ သိက္ခာရှိသူ ပေတည်သည့်အနေ ဖြင့် ကြည့်လိုက်ခြင်းမ၊ သူ အသားထဲမှ တုန်လှုပ်ချောက်ချားလျက် ရှိနေကြောင်း ကို ဖော်ပြလိုက်သည့် အချက်ပင် ဖြစ်၏။

အရာခံဗိုလ်ရန်ကင်းက အစစ်ခံချက်ကို ရုံးလုံးခံအတိုင်းပင် ပေးသွား၏။ ဆိုလိုသည်မှာ အမှုနှင့်ပတ်သက်၍ သက်ဆိုင်သူတစ်ဦးအဖြစ် တာဝန်ရှိသော်လည်း ကျွန်တော်တို့ တရားခံများအပေါ်တွင် စွတ်လေသည့် ငါသိရှိသည်ဟူ၍ သဘော ထားသည့်ပုံစံမျိုးဖြင့် ထွက်ဆိုခြင်းပင် ဖြစ်၏။

ဥပဒေ သဘောတရားအရ ကြည့်လျှင် အရာခံဗိုလ်ရန်ကင်း၏ ထွက်ဆို ချက်မှာ မှန်ကန်တိကျလှသည်ဟု ဆိုရမည်ပင် ဖြစ်၏။

ကျွန်တော်က ကျွန်တော့်ဘက်မှ လိုက်ပါဆောင်ရွက်မည့် တရားခံအကျိုး ဆောင် ဗိုလ်ကြီးလွှင်နှင်း၏ မျက်နှာကို လှမ်း၍ကြည့်လိုက်မိ၏။

ဗိုလ်ကြီးလွှင်နှင်း၏ အမူအရာမှာ မည်သို့မျှ ထူးခြားခြင်းမရှိ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တို့လို အမှုပေါင်းမြောက်များစွာကို တရားလိုအကျိုးဆောင်အဖြစ် လည်းကောင်း၊ တရားခံအကျိုးဆောင်အဖြစ် လည်းကောင်း လိုက်ပါဖူးသူဖြစ်သည့်အလျောက် မည်သို့မျှ တုန်လှုပ်ခြင်း ရှိမည်မဟုတ်ဟု ခန့်မှန်းရ၏။

တရားခံနှစ်ဦးဖြစ်သော ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့အဖို့မှာကား ခံစရာရှိလျှင် ကျွန်တော်တို့သာခံရမည်ဖြစ်သောကြောင့် ရုံးခန်းအတွင်းတွင် တုန်လှုပ်၍နေမိသည်မှာ အမှန်ပင် ဖြစ်ပါ၏။

အစစ်ခံထွက်ဆိုနေသော အရာခံဗိုလ်ရန်ကင်း၏ မျက်နှာကို ဗိုလ်ကြီးဂျင်းနင်းက ကုလားထိုင်နောက်မှီကို မှီရင်း ကြည့်၍သာ နေသည်။

အရာခံဗိုလ်ရန်ကင်း၏ ထွက်ဆိုချက်တွင် ကျွန်တော်တို့အပေါ်၌ အပြစ်ပိ၍လာအောင်လည်း အမှုလိုက်အရာရှိက ကြားဖြတ်ထောက်ပင့်မေးခွန်းများဖြင့် သွေးပင့်၍ ပေးနေ၏။

ရန်ကင်းက ဖြေဆိုသည့် မေးခွန်းမှန်သမျှကို ခုံရုံးသမာဓိဖြစ်သူက မှတ်ချက်များလိုက်၍ ရေးနေသည်ကိုလည်း ကျွန်တော်တို့က မြင်နေရ၏။

အမှုလိုက်အရာရှိသည် ကျွန်တော်တို့နှစ်ဦးက အထက်အရာရှိဖြစ်သော အရာခံဗိုလ်ရန်ကင်း၏အမိန့်ကို နာခံခြင်းမရှိပုံ ပေါ်လွင်သည်ထက် ပေါ်လွင်ထင်ရှားအောင် အရာခံဗိုလ်ရန်ကင်းအား မေးခွန်းအမျိုးမျိုးထုတ်၍ စစ်မေးနေ၏။

"ရုံးတော်ကို လျှောက်ထားချင်တာကတော့ အရာခံဗိုလ်ရန်ကင်းဟာ သူ့လက်အောက်မှာ တာဝန်ထမ်းဆောင်နေတဲ့ ဒုတပ်ကြပ် ဗာဒီနဲ့ ရဲဘော်ကြီးကွတ်တို့ကို အသက်ကယ်လှေထဲကို ဝင်ပြီး နေရာယူဖို့အတွက် သုံးကြိမ်သုံးခါတိတိ အမိန့်ပေးခဲ့တယ်ဆိုတဲ့ အချက်ပဲ"

အမှုလိုက် အရာရှိက ဤသို့ လျှောက်ထားလိုက်ပြီးနောက် အရာခံဗိုလ်ရန်ကင်းဘက်သို့ လှည့်၍မေးလိုက်၏။

"သုံးကြိမ်သုံးခါတိတိ အမိန့်ပေးခဲ့တယ်ဆိုတာ ဟုတ်သလား"

"ဟုတ်ပါတယ်ခင်ဗျား"

အရာခံဗိုလ်ရန်ကင်းက တိကျစွာပင် အဖြေပေးလိုက်၏။ သူ့အမှုအရာမှာ စောစောကကဲ့သို့ တုန်လှုပ်ချောက်ချားနေသည့် အမှုအရာမျိုး မဟုတ်တော့ဘဲ ကျွန်တော်တို့နှစ်ဦးအား ကလဲ့စားချေရသည့်အတွက် ရွှင်လန်းဝမ်းမြောက်နေသည့် လက္ခဏာများ ပေါ်လွင်လျက် ရှိနေလေသည်။

"ဒုတိယအကြိမ် အမိန့်ပေးတဲ့အခါမှာ ဒီအမိန့်ဟာ စစ်ဘက်အထက်



အရာရှိတစ်ဦးက လက်အောက်ငယ်သားသုံးဦးအပေါ်မှာ ပေးတဲ့ စစ်အမိန့်ဖြစ်ကြောင်းကို ဗာဒီရယ်၊ ကွတ်ရယ်၊ ဆီးရယ် သုံးယောက်စလုံး နားလည်သိရှိအောင် အမိန့်ပေးခဲ့တာပဲမဟုတ်လား"

အမှုလိုက်အရာရှိက ဆီပွတ်ကျည်ပွေ့စကားကို ဆိုနေပြန်သည်။

"ဟုတ်ပါတယ်ခင်ဗျား"

အရာခံဗိုလ်ရန်ကင်းက ဤသို့ အဖြေပေးလိုက်ပြီးနောက် ခုံရုံးသဘာပတိကြီးဘက်သို့ လှည့်ကာ...

'ကျွန်တော်က အမိန့်ဖြစ်တဲ့အကြောင်း သိသာထင်ရှားအောင် ပြောနေသည့်တိုင်အောင် ဒုတပ်ကြပ်ဗာဒီက အသက်ကယ်လှေပေါ်ကို မတက်ဘဲ ဖောင်တစ်ခုကိုသာ ဖြုတ်ပြီးသွားမယ်လို့ အကျောက်အကန် ပြောနေပါတယ်။ ဒုတိယတရားခံဖြစ်တဲ့ ရဲဘော်ကြီးကွတ်ကလည်း ဒုတပ်ကြပ်ဗာဒီအတိုင်းပဲ လုပ်မယ်လို့ ပြောနေပါတယ် သဘာပတိကြီးခင်ဗျာ'ဟု လျှောက်လဲချက်ပေးနေ၏။

"ပွဲစင်ပေါ်ကို တက်ပြီး ဒုတပ်ကြပ်ဗာဒီနဲ့ သူ့အဖော်ကွတ်တို့က အမှတ်နှစ်အသက်ကယ်လှေပေါ်ကို တက်ပြီး မလိုက်လိုတဲ့အကြောင်းကို ကက်ပတိန်ဟယ်ဆလေကို ခင်ဗျားက သတင်းပို့နေတုန်းမှာ ပထမတရားခံက မစ္စဂျနီဖာကို အမှတ်နှစ်အသက်ကယ်လှေပေါ်မှာ တက်ပြီး မလိုက်ဖို့ သွေးဆောင်စည်းရုံးနေတယ်မဟုတ်လား"

အမှုလိုက်အရာရှိ၏ အမေးကို အရာခံဗိုလ်ရန်ကင်းက ဟုတ်ပါသည်ဟု အဖြေပေးလိုက်၏။

"ကက်ပတိန်ဟယ်ဆလေကို အစီရင်ခံပြီး ပွဲစင်ထက်က ဆင်းလာတဲ့အချိန်မှာ ပေါဒီခုံရုံးတော်မှာ တရားခံနှစ်ဦးအဖြစ် ရောက်ရှိနေတဲ့ ဒုတပ်ကြပ်ဗာဒီနဲ့ ရဲဘော်ကြီးကွတ်တို့ နှစ်ယောက်က ဖောင်တစ်ခုကို သင်္ဘောပေါ်က ဖြုတ်ချနေတာကို တွေ့ရတယ်မဟုတ်လား။ အဲဒီအချိန်မှာပဲ ကက်ပတိန်ဟယ်ဆလေက ခင်ဗျားကို အမိန့်ပေးတယ် မဟုတ်လား။ ပေးတဲ့ အမိန့်က ဖောင်ကိုဖြုတ်ချနေတဲ့ တရားခံနှစ်ဦးကို ရပ်တန်းက ရပ်လိုက်ဖို့ ပေးလိုက်တဲ့ အမိန့်ပဲမဟုတ်လား"

အမှုလိုက်အရာရှိ၏ ရှေ့ဆောင်လမ်းပြ မေးခွန်းများကို အရာခံဗိုလ်ရန်ကင်းက ဟုတ်ပါသည် မှန်ပါသည်ဟု အဖြေပေးနေလေသည်။

"ဟုတ်ပါတယ်ခင်ဗျာ၊ တရားခံနှစ်ဦးကို ကျွန်တော်ကရော၊ ကက်ပတိန်ဟယ်ဆလေကရော သင်္ဘောပထမအရာရှိ ဟင်ဒရစ်ကရော ဖောင်ကို ဖြုတ်ချေ

www.burmeseclassic.com

နဲ့လို့ အမိန့်ပေးပါတယ်။ ဒါပေမဲ့ ဒီအမိန့်ကို တရားခံနှစ်ဦးက လုံးဝလိုက်နာခြင်း မရှိပါဘူး"

"တရားခံနှစ်ဦးက မောင့်ကို ဘာဖြစ်လို့ ဖြတ်ချနေရတယ်လို့ ထင်သလဲ"

"ဒုတပ်ကြပ် တာဒီက မောင်တစ်ခုခုကို ယူပြီး သွားမယ်လို့ ပြောပါတယ်။ သူတို့တက်ပြီးစီးသွားဖို့အတွက် ဖြတ်ချခြင်း ဖြစ်တယ်လို့ ထင်ပါတယ်"

"မောင့်ကိုဖြတ်ချရန်လို့ ခင်ဗျားတို့က အမိန့်ပေးလိုက်တဲ့အခါ ဒုတပ်ကြပ် တာဒီက ဘာလုပ်သလဲ"

"ဒုတပ်ကြပ်တာဒီက သူ့ ဝမ်းမှာ လွယ်ထားတဲ့ ရိုက်ဖယ်ကို ဖြုတ်လိုက်ပြီး ကျွန်တော်နဲ့ မစ္စတာဟင်ဒရစ်တို့ကို ချိန်ထားပါတယ်။ နောက်ဆုတ်လိုက်လို့လည်း အော်ပြောနေပါတယ်"

"ဒီအချိန်မှာ သေနတ်မောင်းတင်ထားသလား။ ဒီအချက်ဟာ အရေးကြီးတဲ့အတွက် တိတိကျကျပြောဖို့ပါ"

"ဟုတ်ကဲ့ မောင်းတင်ထားပါတယ်။ မောင်းတင်ထားတာကို ကျွန်တော် ကိုယ်တိုင် သေသေချာချာ မြင်ရပါတယ်"

ရုံးခန်းအတွင်းတွင် တစ်ဦးနှင့်တစ်ဦး ပြောသံဆိုသံများက ထွက်ပေါ်လာသည်။ မောင်းတင်ထားသော သေနတ်ဖြင့် အထက်မှ အရာရှိနှင့် သင်္ဘောတွင် ထထမအရာရှိဖြစ်သူအား ချိန်ရွယ်ထားခြင်းမှာ ပစ်သတ်လိုသည့်စိတ်ဆန္ဒရှိကြောင်း ပေါ်လွင်နေသည်ဟု ယူဆကြသောကြောင့် ရုံးခန်းအတွင်းရှိ ပရိသတ်များမှာ တအံ့တသြ မှတ်ချက်ချခြင်းဝင် ဖြစ်ဟန်တူသည်။

ခုံရုံးသဘာပတိကြီးသည် ပရိသတ်များရှိရာသို့ တစ်ချက်မျှ ခေါင်းမော်၍ ကြည့်လိုက်ပြီးနောက် အရာခံဗိုလ်ရန်ကင်း၏ ပြောဆိုချက်ကို မိမိမှတ်စုစာအုပ်တွင် ရေး၍ ထားလိုက်သည်ကို တွေ့ရ၏။

အရာခံဗိုလ်ရန်ကင်းသည် မိမိပြောဆိုချက်ကို ပရိသတ်များနှင့်တကွ ခုံ ရုံးသဘာပတိကြီးကိုယ်တိုင်က အလေးထားသည့် အရေးစိုက်လျက် ရှိသည်ကို တွေ့ ရသောကြောင့် ပြုံးလိုက်၏။

ကျွန်တော်တို့အပေါ်တွင် ထွေးဆောက်လာမည်ဖြစ်သော ဘေးအန္တရာယ် သိရှိလာသည်အလျောက် ရန်ကင်းက အနိုင်ယူသည့်အပြုံးကို ပြုံးနေခြင်းဝင် ဖြစ် ပေလိမ့်မည်။

အမှုလိုက် အရာရှိက ခေါင်းကို တစ်ချက်ညိတ်လိုက်ပြီး 'ဒါလောက်ပါပဲ



ကျေးဇူးတင်ပါတယ်'ဟု ဆို၍ ကုလားထိုင်တွင် ထိုင်လိုက်၏။

ခုံရုံးအဖွဲ့ဝင် တရားသူကြီးတစ်ဦးက ကျွန်တော်တို့ဘက်မှ လိုက်ပါဆောင် ရွက်နေသော ဗိုလ်ကြီးဂျင်းနင်းဘက်သို့ လှည့်လျက်...

'မစ္စတာရန်ကင်းကို ပြန်လှန်မေးခွန်းများ မေးချင်သလား'ဟု မေးမြန်း လိုက်လေ၏။

ဗိုလ်ကြီးဂျင်းနင်းက ပြန်လှန်မေးခွန်းများ ထုတ်လိုပါကြောင်း လျှောက် ထားလိုက်၏။ ရုံးတော်က မေးခွင့်ပေးလိုက်လေသည်။

ဗိုလ်ကြီးဂျင်းနင်း၏ အမူအရာမှာ မည်သို့မျှ အရေးမကြီးသော ကိစ္စတစ်ခု ကို ဆောင်ရွက်နေသည့် အမူအရာမျိုး ဖြစ်နေ၏။ စကားပြောသံမှာလည်း အားတက်သရော မရှိလှဘဲ အေးစက်စက်နိုင်လှသည်ဟု ထင်မိ၏။

သို့သော် တဖြည်းဖြည်း အရှိန်ရလာသော မီးရထားကြီးကဲ့သို့ ဗိုလ်ကြီး ဂျင်းနင်း၏ ပြန်လှန်မေးခွန်းများသည် အရာခံဗိုလ်ရန်ကင်းအား ချောင်ပိတ်၍ မိအောင် လေးဖက်လေးတန်မှ ဝိုင်း၍ တိုက်ခတ်လာသော မေးခွန်းများဖြစ်သည် ကို ကျွန်တော်နှင့်တကွ ပရိသတ်ကြီးကပါ သတိပြုမိလာကြသည်။

"မစ္စတာရန်ကင်းခင်ဗျား၊ ခင်ဗျားဟာ ဒုတပ်ကြပ်တာဒီနဲ့ ရဲဘော်နှစ်ယောက် ပါဝင်တဲ့ ကင်းအဖွဲ့ကို အုပ်ချုပ်ရတယ် မဟုတ်လား"

ဗိုလ်ကြီးဂျင်းနင်းက အရာခံဗိုလ်ရန်ကင်းဘက်သို့ လှည့်၍ မေးလိုက်၏။

"ဟုတ်ပါတယ်ခင်ဗျာ"

အရာခံဗိုလ်ရန်ကင်းက တရားခံအကျိုးဆောင် ရှေ့နေဘက်မှ မေးခွန်းမှာ အထူးအဆန်း မေးခွန်းတစ်ခုမဟုတ်သည့်အတွက် အေးအေးသာသာ လွယ်လွယ် ကူကူဖြင့် အဖြေပေးလိုက်၏။

"ကင်းတာဝန်ကို ခင်ဗျားကိုယ်တိုင် အလှည့်ကျထမ်းဆောင်ပါသလား"

"မဆောင်ပါဘူးခင်ဗျာ၊ ဘုရင့်ရေတပ်မတော်က အရာခံဗိုလ်တစ်ယောက် ဟာ အလှည့်ကျကင်းတာဝန်ကို ထမ်းဆောင်တဲ့ ထုံးစံမရှိပါဘူးခင်ဗျာ"

"ကောင်းပြီ။ ထုံးစံမရှိဘူးဆိုတာကိုတော့ ထားလိုက်ပါတော့ သို့သော်... ကင်းတာဝန်ကို ယူရတဲ့ အဖွဲ့သားအရေးအတွက်ဟာ အင်မတန်မှ နည်းပါးနေတယ်။ ဒီလိုနည်းပါးနေတာတောင် အုပ်ချုပ်ရေးအရာရှိအဖြစ် တာဝန်ယူထားရတဲ့ ခင်ဗျား နဲ့ ဘယ်လိုမှ ကင်းတာဝန်နဲ့ မသက်ဆိုင်ဘူးလို့ ယူဆထားပါသလား"

"ထုံးစံမရှိတဲ့အတွက် အလှည့်ကျ ကင်းတာဝန်နဲ့ မသက်ဆိုင်ဘူးလို့ ယူဆ

www.burmeseclassic.com

www.burmeseclassic.com



ထားပါတယ်"

"ကောင်းပြီ၊ အလှည့်ကျကင်းတာဝန်ကို ထုံးစံမရှိလို့ မထမ်းဆောင်ပေမဲ့ စောင့်ရှောက်ဖို့ အထူးတာဝန်ပေးထားတဲ့ အထူးကုန်ပစ္စည်းတွေ ရှိတဲ့နေရာမှာပဲ အိပ်တယ်မဟုတ်လား၊ အချိန်ရှိသရွေ့ အထူးကုန်ပစ္စည်းတွေရှိတဲ့ အခန်းမှာပဲ အချိန်ကုန်ခဲ့ရတာပဲ မဟုတ်လား"

"မဟုတ်ပါဘူးခင်ဗျာ"

အရာခံဗိုလ်ရန်ကင်းက ဤသို့အဖြေပေးရင်း သူ၏နက်ပြာရောင် ယူနီဖောင်းနှင့် အလွန်ပဏာရနေသော အဖြူရောင်လည်စည်းကို လက်တစ်ဖက်ဖြင့် ဆွဲကိုင်လိုက်၏။

ဗိုလ်ကြီးဂျင်းနင်း၏ မေးခွန်းက အရာခံဗိုလ်ရန်ကင်း၏ အသည်းနှလုံးကို ကိုင်၍ လှုပ်ခါနေလေပြီ။

"ကက်ပတိန်က ကျွန်တော့်အတွက် အခန်းတစ်ခန်း သီးသန့်ပေးထားပါတယ်။ ထမင်းစားတော့လည်း သင်္ဘောက အရာရှိတွေနဲ့ အတူတူ ထမင်းစားပါတယ်"

"ဩော်...ဟုတ်လား"

ဗိုလ်ကြီးဂျင်းနင်းက အံ့ဩသည့် လေသံဖြင့် အာမေဋိတ်ပြုရင်း ဆက်၍ မေးလိုက်၏။

"အထူးကုန်ပစ္စည်းတွေလို့ နားလည်ထားရတဲ့ပစ္စည်းတွေနဲ့ အတူ ခင်ဗျားက အတူတူရှိမနေဘဲ တခြားနေရာကို ရောက်နေတာဟာ ဒီပစ္စည်းတွေနဲ့ အတူရှိနေဖို့ မလိုဘူး၊ ခင်ဗျားမှာ ဒီလိုတာဝန်မရှိဘူးလို့ ယူဆထားလို့လား"

"မယူဆပါဘူးခင်ဗျာ၊ ဒုတပ်ကြပ် ဗာဒီက ကင်းမှူးတာဝန်ကို ယူထားပါတယ်၊ သူ့ကို ကင်းတာဝန်နဲ့ ပတ်သက်ပြီး သေချာတိကျတဲ့ အမိန့်ကိုလည်း စာနဲ့ရေးပြီး ပေးထားပါတယ်။ အလှည့်ကျကင်းတာဝန်ကို တာဝန်ယူထားတဲ့ ရဲဘော်တွေက အတိအကျ လိုက်နာမနာ သိရအောင်လည်း ကျွန်တော်က ကင်းကို မှန်မှန်ကြီး စစ်ဆေးပါတယ်"

"မှန်မှန်ကြီး စစ်ဆေးတယ်ဆိုတာ ဘယ်လိုလဲ"

ဗိုလ်ကြီးဂျင်းနင်းက ဘာမျှအရေးမကြီးသကဲ့သို့ ပေါ့ပေါ့ဆဆ အမူအရာဖြင့်ပင် မေးလိုက်၏။ သို့ရာတွင် အရာခံဗိုလ်ရန်ကင်းအဖို့မှာမူ ပိသာလေးဖြင့် ဘောကို အပစ်ခံရသကဲ့သို့ ခေါင်သက်သက်ရှိနေမည့် မေးခွန်းပင် ဖြစ်၏။



"တစ်နေ့တစ်နေ့မှာ အချိန်ခွဲခြားပြီး စစ်တာကို ဆိုလိုတာပါ။ အလှည့်ကျကင်းတာဝန်ကို ယူထားရတဲ့ ရဲဘော်တွေက မေ့မေ့လျော့လျော့ မရှိအောင် စစ်ဆေးတာကို ဆိုလိုတာပါ"

"ဒါဖြင့် တစ်နေ့မှာ ဘယ်နှကြိမ်စီ ကင်းစစ်သလဲ"

ဗိုလ်ကြီးဂျင်းနင်း၏ အသံက လုံ့စွပ်သွားကဲ့သို့ ထက်မြက်စူးရှ၍လာသည်ဟု ထင်ရ၏။

"တစ်နေ့မှာ ဘယ်နှကြိမ်ရယ်လို့တော့ အတိအကျမရှိပါဘူးခင်ဗျာ"

အရာခံဗိုလ်ရန်ကင်း၏ အသံက တုန်လှုပ်လျက် ရှိနေ၏။

ဗိုလ်ကြီးဂျင်းနင်းက အရာခံဗိုလ်ရန်ကင်း၏ အဖြေကို မည်သို့မျှ အရေးမထားသည့်အနေဖြင့်...

'ကဲ...ဒါဖြင့် အကြမ်းဖျင်းအားဖြင့် တစ်နေ့မှာ ဘယ်နှခါလောက် စစ်ဆေးသလဲ။ အကြမ်းဖျင်းလေးပဲ ပြောစမ်းပါ' ဟု ထပ်၍ မေးလိုက်၏။

ဖြေသူက အလွယ်တကူဖြေရန်အတွက်လည်း ရှေ့မှ လမ်းကြောင်း၍ ပေးနေသေးသည်။

"တစ်နေ့မှာ ဆယ်ကြိမ်လား ဆယ့်နှစ်ကြိမ်လား ဒါမှမဟုတ် ဒါထက်များသလား။ မှတ်မိသလောက်ပေါ့ဗျာ"

"ကျွန်တော် မမှတ်မိပါဘူးခင်ဗျာ"

အရာခံဗိုလ်ရန်ကင်းက ကျောက်ရုပ်ကြီးတစ်ရုပ် စကားပြောနေသကဲ့သို့ အဖြေပေးနေလေသည်။

"ဒါဖြင့် မာမန့်ဆိပ်ကမ်းကနေပြီး သင်္ဘောမြှုပ်တဲ့အချိန်အထိ ကင်းကို လေးကြိမ်ထက် ပိုပြီး မစစ်ဖြစ်ခဲ့လို့ ဆိုရင် မှန်မလား"

ဤမေးခွန်းကို အရာခံဗိုလ်ရန်ကင်းက ဇွဲလည်ကြောင်ပတ်လုပ်၍ အဖြေပေးလိုက်၏။

"ကျွန်တော် မမှတ်မိပါဘူးခင်ဗျာ"

ဗိုလ်ကြီးဂျင်းနင်းက ကိုယ်ကို ရှေ့သို့ ကိုင်းညွတ်လိုက်ရင်း...

'ခင်ဗျား မမှတ်မိတာလား...မပြောနိုင်တာလား။ ဒီလိုမမှတ်မိတာတွေ မပြောနိုင်တာတွေကို ထောက်ခြင်းအားဖြင့် ခင်ဗျားရဲ့တာဝန်ကို အလေးထားမှု ပေါ့ပေါ့ဆဆသဘောထားတယ်ဆိုတာ ထင်ရှားနေပြီ'ဟု ဆိုလိုက်ရာ ခုံရုံးတရားသူကြီးများရှိရာသို့ လှည့်လျက်...

www.burmeseclassic.com

www.burmeseclassic.com



'မစ္စတာရန်ကင်းဟာ သူ့တာဝန်ကို အင်မတန်မှ ပေါ့ပေါ့ဆဆ သဘောထားတဲ့အကြောင်း၊ အချိန်ကို အရက်သောက်ခြင်း၊ ဖဲရိုက်ခြင်းဖြင့်သာ ကုန်လွန်စေကြောင်း ထင်ရှားအောင် ဒီအမှုနောက်ပိုင်းအချိန်မှာ ကျွန်တော်က သက်သေတစ်ယောက် ထုပြပါ့မယ်။ နောက်ပြီး လေးဆယ့်ရှစ်နာရီအတွင်းမှာ နှစ်ကြိမ်တိုင်တိုင် အရက်များ မူးယစ်နေတာကိုလည်း သက်သေဖော်ထုတ်ပြီး ပြပါ့မယ်'ဟု လျှောက်ထားလိုက်၏။

ပြီးမှ အရာခံဗိုလ်ရန်ကင်းဘက်သို့ လှည့်လိုက်၏။

"မစ္စတာရန်ကင်းခင်ဗျား...ခင်ဗျားကို အင်မတန်မှ အရေးကြီးတဲ့ မေးခွန်းတစ်ခု မေးလိုပါတယ်။ သတိကောင်းစွာထားပြီး ဖြေဆိုပါလို့လည်း မေတ္တာရပ်ခံပါတယ်။ ခင်ဗျားက အုပ်ချုပ်ရေးအရာရှိအဖြစ် စောင့်ကြပ်တာဝန်ယူထားရတဲ့ အထူးကုန်ပစ္စည်းဆိုတာတွေဟာ ဘယ်လိုပစ္စည်းတွေ ဖြစ်တယ်ဆိုတာ သိပါသလား"

"မသိပါဘူးခင်ဗျာ"

အရာခံဗိုလ်ရန်ကင်းက ဤသို့ အဖြေပေးလိုက်ပြီးမှ...

'အစကတော့ မသိပါဘူးခင်ဗျာ။ နောက်တော့ ရဲဘော်ကြီးကွတ်က ဒုတပ်ကြပ်ဗာဒီရှေ့မှာပဲ သေတ္တာတစ်လုံးကို ဖွင့်တဲ့အခါကျမှ သိလာရပါတယ်'ဟု ဆက်၍ ပြောလိုက်၏။

"အဲဒီအချိန်အခါမှာ အထူးကုန်ပစ္စည်းတွေဆိုတာ အင်္ဂလန်ပြည် အစိုးရဘဏ်တိုက်ကြီးအတွက် သယ်ယူလာရတဲ့ ငါးသိန်းကျော်ကျော်လောက်တန်တဲ့ ငွေချောင်းတွေဆိုတာ သိလာရတယ် မဟုတ်လား"

"ဟုတ်ကဲ့ သိလာရပါတယ်"

"သိလာရတော့ ဘယ်လိုများ အထူးသတိဝီရိယထားပြီး စောင့်ရှောက်ဖို့ စီစဉ်ခဲ့သလဲ"

အရာခံဗိုလ်ရန်ကင်း၏ လျှာကရှေ့မှ သွားဖြင့် ခလုတ်တိုက်နေသည်ဟု ထင်ရ၏။

"ကျွန်တော် ကျွန်တော် ဒုတပ်ကြပ်ဗာဒီကို သူ့ကင်းတာဝန်ကိုသူ နိုင်အောင်ထိန်းဖို့"

အရာခံဗိုလ်ရန်ကင်း၏ စကားမဆုံးမီ ဗိုလ်ကြီးဂျင်းနင်းက ကြားဝင်၍ ထောက်လိုက်၏။



"သူ့ကင်းတာဝန် ဟုတ်လား။ သူ့ကင်းတာဝန်ဆိုတာ ခင်ဗျားရဲ့ ကင်းတာဝန်ကို ပြောနေတာပဲ မဟုတ်လား"

ဗိုလ်ကြီးဂျင်းနင်းက အရာခံဗိုလ်ရန်ကင်းအား ဤသို့ မေးခွန်းထုတ်လိုက်ပြီးနောက် ခုံရုံးအဖွဲ့ဝင်များဘက်သို့ လှည့်ကာ...

'အထူးကုန်ပစ္စည်းကို တာဝန်ယူပြီး ကင်းစောင့်နေရတဲ့ တာဝန်ကျ ကင်းအဖွဲ့အပေါ်မှာ အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ယူထားရတဲ့ အရာခံဗိုလ်ရန်ကင်းက အထူးကုန်ပစ္စည်းတွေဆိုတာ ငါးသိန်းကျော်ကျော်တန်တဲ့ ငွေချောင်းတွေဖြစ်နေမှန်း ကောင်းစွာ သိရှိရပြီးတဲ့နောက် ဘာတွေလုပ်နေတယ်ဆိုတာ သက်သေထူပြီးပြပါ့မယ်။ အထူးကုန်ပစ္စည်းတွေဆိုတာ ငါးသိန်းကျော်ကျော်တန်တဲ့ ငွေချောင်းများဖြစ်မှန်း သိလျက်သားနဲ့ သင်္ဘောအင်ဂျင်နီယာချုပ်ရဲ့ အခန်းထဲမှာသာ ဖဲကစားရင်း၊ အရက်သောက်ရင်း အချိန်တွေကို ဖြုန်းနေတယ်ဆိုတာ ဒီအမှုရဲ့ နောက်ပိုင်းမှာ ကျွန်တော်က သက်သေတစ်ယောက်ကို ခေါ်ပြီး ပြပါ့မယ်'ဟု လျှောက်ထားလိုက်၏။

ဤတွင် အမှုလိုက်အရာရှိဖြစ်သူက ဖြုန်းခနဲ ထ၍ရပ်ရင်း...

'ခုံရုံးသဘာပတိကြီးခင်ဗျာ၊ တစ်ဖက်က အကျိုးဆောင်ရှေ့နေရဲ့ မေးခွန်းကို ကျွန်တော် ကန့်ကွက်ပါတယ်။ မစ္စတာရန်ကင်းဟာ တရားခံနှစ်ဦးဘက်က သက်သေခံနေတာမဟုတ်ဘူး'ဟု ကန့်ကွက်လိုက်၏။

ခုံရုံးသဘာပတိကြီးက အမှုလိုက်အရာရှိ၏ အဆိုပြုချက်ကို ခဏမျှ စဉ်းစားလိုက်ပြီး ခုံရုံးအကျိုးဆောင် တရားသူကြီးဘက်သို့ လှည့်၍ကြည့်လိုက်၏။

ခုံရုံးအစိုးရရှေ့နေကြီးက အမှုလိုက်အရာရှိ၏ ကန့်ကွက်ချက်ကို မည်သို့မျှ ဟန့်တားခြင်းမပြုဘဲ တရားခံအကျိုးဆောင်ရှေ့နေကြီးက ဆက်လက်လျှောက်ထားရန် သဘောတူညီချက်ပေးလိုက်သည်။

ကျွန်တော်တို့၏ အကျိုးဆောင်ရှေ့နေကြီးက တစ်မိနစ်မျှ မဆိုင်းဘဲ ဆက်၍ လျှောက်လဲချက်ပေးလိုက်၏။

'ဤအမှုနဲ့ ပတ်သက်ပြီး ကျွန်တော် တင်ပြလိုတဲ့ အကြောင်းအချက်က တရားခံနှစ်ဦးက အုပ်ချုပ်သူအရာရှိအဖြစ် ဆောင်ရွက်တဲ့ အရာခံဗိုလ်ရန်ကင်း အပေါ်မှာ ယုံကြည်ချက်မရှိတဲ့ အကြောင်းကို နောက်ခံကားချပ်အနေနဲ့ တင်ပြလိုခြင်းပင် ဖြစ်ပါတယ်။ ဒီလိုယုံကြည်ချက်မရှိတဲ့အတွက် အသက်ဘေးအန္တရာယ်နဲ့ ရင်ဆိုင်လာရတဲ့အချိန်မှာ တရားခံနှစ်ဦးဟာ မိမိရဲ့ဆန္ဒအလျောက်သာလျှင် သဘော

www.burmeseclassic.com

www.burmeseclassic.com



ဖောင်ကိုဖြုတ်ပြီး စီးနင်းလိုက်ပါလာတယ်ဆိုတဲ့အကြောင်းကို သက်သေထူပြလိုခြင်း ဖြစ်ပါတယ်"

ဗိုလ်ကြီးဂျင်းနင်းက ခုံရုံးတရားသူကြီးများအား လျှောက်လဲချက်ပေးလိုက်ပြီးနောက် အရာခံဗိုလ်ရန်ကင်းဘက်သို့ လှည့်လိုက်၏။

ရန်ကင်း၏မျက်နှာမှာ သူ့လည်ပင်းတွင် စည်းထားသော လည်စည်းကဲ့သို့ ဆွတ်ဆွတ်ဖြူ၍နေ၏။ သူ၏မျက်စိအစုံကလည်း ကျီးကန်းတောင်းမှောက်ကတောက်ကယောက်ဖြစ်နေလေသည်။

ဗိုလ်ကြီးဂျင်းနင်းက စားပွဲခုံပေါ်တွင် သူ၏လက်နှစ်ဖက်ကို အသာအယာထောက်လိုက်ရင်း ချော့မော့ ဖြားယောင်းသောလေသံဖြင့် မေးခွန်းထုတ်လိုက်၏။

"မစ္စတာရန်ကင်းခင်ဗျာ၊ ခင်ဗျားဟာ ငါးသိန်းကျော်ကျော်တန်တဲ့ ငွေချောင်းများကို စောင့်ရှောက်ပြီး လာရတယ်ဆိုတာကို သိလာတဲ့တိုင်အောင် ဒုတပ်ကြပ်ဗာဒီအပေါ်မှာသာ တာဝန်တွေ ပုံချပေးနေပြီး ခင်ဗျားကတော့ ကင်းအဖွဲ့ရဲ့ အုပ်ချုပ်ရေးမှူးတာဝန်ကို ယူထားရတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်နေပြီး ဘယ်လိုမှ အထူးဝီရိယစိုက်ပြီး ကင်းစစ်ဆေးတာကို မတွေ့ရတာဟာ အံ့ဩစရာမကောင်းပေဘူးလား"

ဗိုလ်ကြီးဂျင်းနင်း၏ အမေးကို အရာခံဗိုလ်ရန်ကင်းက မျက်စိပျက်ပျက်မျက်နှာပျက်ပျက်ဖြင့် ဖြေဆိုချက်ပေးနေ၏။

"ဒုတပ်ကြပ်ဗာဒီကို ကင်းတာဝန်နဲ့ ပတ်သက်ပြီး ကျွန်တော်က အမိန့်မှန်သမျှကို စာနဲ့ ရေးပြီး အပြည့်အစုံ ပေးအပ်ထားပြီး ဖြစ်နေတဲ့အတွက် နောက်ထပ်ဘယ်လိုမှ ကျွန်တော်က တာဝန်ယူစရာမရှိဘူးလို့ ထင်ပါတယ်ခင်ဗျာ"

ဗိုလ်ကြီးဂျင်းနင်းက အရာခံဗိုလ်ရန်ကင်း၏ ဖြေကြားချက်ကို နားထောင်ရင်း မိမိတေးထားသော အချက်များ၏ ပြန်၍ ဖတ်နေသည်။

"ကောင်းပြီ၊ မစ္စတာရန်ကင်းခင်ဗျာ ယခုမေးခွန်းဟာ သုံးရောင်ခြယ်သင်္ဘောကြီးနစ်မြုပ်တဲ့ညနဲ့ တိုက်ရိုက်သက်ဆိုင်နေပါတယ်။ သုံးရောင်ခြယ်သင်္ဘောကြီးဟာ မတ်လငါးရက်နေ့ည နှစ်နာရီသုံးဆယ့်ခြောက်မိနစ်အချိန်မှာ မိုင်းဗုံးအထိခံရတယ်လို့ ကျွန်တော် နားလည်ထားပါတယ်။ အဲဒါ ဟုတ်တယ်ဆိုရင် ဒုတပ်ကြပ်ဗာဒီက မတ်လလေးရက်နေ့ ရှစ်နာရီသုံးဆယ်အချိန်မှာ ခင်ဗျားဆီကို ရောက်လာပြီး အမှတ်နှစ် အသက်ကယ်လှေဟာ ပင်လယ်ထဲမှာ သွားလာလို့ မရအောင် အခြေအနေ ဆိုးနေတယ်ဆိုတာ လာပြီး သတင်းပို့တယ်ဆိုတာ ဟုတ်ပါသလား"



အရာခံဗိုလ်ရန်ကင်းက မေးခွန်းကို မဖြေသေးဘဲ အတန်ကြာအောင် ငိုင်၍နေ၏။

"ဟုတ်ပါတယ်ခင်ဗျာ"

အရာခံဗိုလ်ရန်ကင်းက ဤသို့အဖြေပေးလိုက်ပြီးနောက် တစ်စုံတစ်ခုကို သတိရလာသည့်ဟန်ဖြင့် ဆက်၍ အဖြေပေးနေပြန်သည်။

"ကျွန်တော့်ဆီလာပြီး သတင်းပို့တဲ့အထဲမှာ ဖျဉ်စပ်အချို့ ကျွတ်ထွက်နေတယ်ဆိုတဲ့ အကြောင်းလည်း ပါတယ်။ ဆီးဆိုတဲ့ ကင်းအဖွဲ့ထဲမှာပါတဲ့ ရဲဘော်ကလေးတစ်ယောက်ဟာ လှေထဲမှာ သွားပြီး အိပ်ဖို့ ကြံစည်တယ်ဆိုတဲ့အကြောင်းလည်းပါတယ်။ ဒီတော့ ကျွန်တော်က ဆီးမှာ ဒီလိုလုပ်နိုင်တဲ့ အခွင့်မရှိဘူးဆိုတာ..."

အရာခံဗိုလ်ရန်ကင်း၏ ထွက်ဆိုချက် မဆုံးသေးမီ၊ ဗိုလ်ကြီးဂျင်းနင်းက ကြားဖြတ်လျက်...

'ဒုတပ်ကြပ် ဗာဒီက လာပြီး၊ ခင်ဗျားဆီကို သတင်းပို့နေတဲ့အချိန်မှာ ခင်ဗျား ဘာများလုပ်နေသလဲ'ဟု မေးလိုက်၏။

"ကျွန်တော် ဖဲကစားနေပါတယ်"

"နောက်ကော ဘာလုပ်နေသေးသလဲ"

"ဒီမေးခွန်းကို ဘာဆိုလိုတယ်ဆိုတာ နားမလည်ပါဘူး ခင်ဗျာ"

ရန်ကင်းက တုန်လှုပ်သည့် အမူအရာ ရှိနေလင့်ကစား ဇွဲလည်ကြောင်ပတ်စကားဆိုနေပြန်၏။

"ကျွန်တော် ဆိုလိုတာက ခင်ဗျား ဖဲကစားနေတယ်ဆိုတာ ဟုတ်ပြီ။ ဖဲကစားရင်း အရက်ပါ သောက်နေသလားလို့ မေးတာပါ"

"အဲ...ကျွန်တော်နဲ့ အင်ဂျင်နီယာချုပ်နဲ့ တစ်ခွက်နှစ်ခွက်လောက်စီတော့ သောက်ထားကြတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မမူးပါဘူး"

"မမူးဘူးဆိုတာ သောက်ထားတဲ့ လူတိုင်းက ပြောတဲ့စကားပဲ။ ဒါပေမဲ့ မူးတယ်မမူးဘူးဆိုတာ သောက်ထားတဲ့လူက ဆုံးဖြတ်လို့ အမြဲတမ်း မှန်ကန်နိုင်တဲ့ ကိစ္စမျိုးမှ မဟုတ်ဘဲ"

"ကျွန်တော်တို့ဟာ တစ်ခွက်နှစ်ခွက်"

ရန်ကင်း၏ စကားမဆုံးမီ...

'ကျွန်တော်တို့လို့ ဆိုခြင်းအားဖြင့် ခင်ဗျားနဲ့ အင်ဂျင်နီယာချုပ်တို့ ဆိုလို

www.burmeseclassic.com

www.burmeseclassic.com



တာပဲ မဟုတ်လား'ဟု ထောက်၍ မေးလိုက်၏။

"ဟုတ်ပါတယ်ခင်ဗျာ"

"ဒီလိုဆိုခြင်းဖြင့် ခင်ဗျားဟာ အင်ဂျင်နီယာချုပ်နဲ့ အမြဲ တတွဲတွဲရှိနေတယ် မဟုတ်လား"

"ကျွန်တော်နဲ့ အင်ဂျင်နီယာချုပ်ဟာ တစ်ယောက်နဲ့တစ်ယောက် အပေါင်းအသင်းအနေနဲ့ ခင်မင်မှု ရှိကြပါတယ်။ အပျော်တမ်း ဖဲရိုက်ကြပါတယ်"

"အသောက်ကိုလည်း နှစ်ယောက်လုံး ကြိုက်ကြတာပဲ မဟုတ်လား"

ဗိုလ်ကြီးဂျင်းနင်းက ဤသို့ မေးလိုက်ပြီး ခုံရုံးတရားသူကြီးများဘက်သို့ လှည့်၍ လျှောက်ထားလိုက်၏။

"ဒီကိစ္စနဲ့ ပတ်သက်ပြီး သက်သေအဖြစ် မစ္စဂျနီဖာကို ခေါ်ယူတင်ပြလိုပါတယ်။ မစ္စဂျနီဖာဟာ သုံးရောင်ခြယ်မှာ ဧရိုးသည်တစ်ဦးအဖြစ် လိုက်ပါခဲ့တဲ့ အမျိုးသမီးဖြစ်ပါတယ်။ အင်ဂျင်နီယာချုပ်က အမြဲတမ်း မူးရူးပြီး ထမင်းစားခန်းထဲမှာ ရိသဲ့သဲ့လုပ်တဲ့အတွက် ထမင်းကို မိမိအခန်းထဲသို့ ယူပြီးစားခဲ့ရပါတယ်။ အင်ဂျင်နီယာချုပ်ကို သင်္ဘောက အရာရှိတွေ သင်္ဘောသားတွေက ငမူးကြီးလို့ ခေါ်ခဲ့ကြပုံကိုလည်း တင်ပြရပါစေ"

ဤသို့လျှောက်ထားပြီးသည်နှင့် တစ်ပြိုင်နက် ရန်ကင်းဘက်သို့ ဆတ်ခနဲ လှည့်လိုက်ပြီး...

'ကဲ...အသက်ကယ်လှေအကြောင်းကို ပြောစမ်းပါဦး၊ ဒုတပ်ကြပ်ဗာဒီက အမှတ်နှစ် အသက်ကယ်လှေမှာ ဝမ်းဗိုက်က ပျဉ်စပ်တွေ ကျွတ်ထွက်နေတဲ့အကြောင်း လာပြီး သတင်းပို့တော့ ခင်ဗျားက ဘယ်လိုများ အရေးယူဆောင်ရွက်သလဲ'ဟု မေးလိုက်၏။

ဗိုလ်ကြီးဂျင်းနင်း၏ မေးခွန်းကြောင့် အရာခံဗိုလ်ရန်ကင်း၏ အမူအရာက ကျားဟိန်းသံကို ကြားလိုက်ရသော နွားတစ်ကောင်ကဲ့သို့ ဖြစ်သွားပြီး–

'သူ့သတင်းပို့ချက်ကို သိပ်ပြီး အရေးကြီးတယ်လို့ မယူဆမိဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကြည်းတပ်က ဒုတပ်ကြပ်တစ်ယောက်ဟာ သင်္ဘောအရာရှိတွေလောက်တော့ သင်္ဘောအကြောင်းတွေ၊ အသက်ကယ်လှေအကြောင်းတွေကို နားလည်မှာ မဟုတ်ဘူးလို့ ယူဆထားလို့ပါပဲ။ နို့ပြီး အင်ဂျင်နီယာချုပ်ကလည်း အသက်ကယ်လှေတွေကို အချိန်မှန်မှန် စစ်ဆေးတယ်လို့ ပြောလို့ပါ။ ဒါတောင်မှ မနက်ကျရင် သူသတင်းပို့တဲ့အတိုင်း အမှတ်နှစ်အသက်ကယ်လှေကို သွားပြီးကြည့်



ယ်လို့ ပြောလိုက်ပါတယ်'ဟု အဖြေပေးလိုက်၏။

"မာမန့်ဆိပ်ကမ်းမှာ သင်္ဘောဆိုက်ရပ်ထားစဉ်က ပထမအရာရှိ ဟင်ဒရစ်နဲ့ သင်္ဘောသားတစ်ယောက်က အသက်ကယ်လှေတွေကို ပြင်ဆင်ကြတယ်လို့ အင်ဂျင်နီယာချုပ်က ခင်ဗျားကို ပြောသလား"

"ပြောတယ်လို့ ထင်ပါတယ်"

"ဒီအကြောင်းကို ကက်ပတိန်ဆီကို ချက်ချင်းသွားပြီး သတင်းပို့သင့်တယ်လို့ မထင်ဘူးလား"

"မထင်ပါဘူးခင်ဗျာ"

"ဒုတပ်ကြပ်ဗာဒီက သူဟာ ငယ်ငယ်ကစပြီး ကြည်းတပ်ထဲရောက်လာတဲ့အချိန်ထိ လှေလှော်ရွက်တိုက်ပြီး အချိန်ကုန်တာ များခဲ့တယ်။ စက်တပ် ရွက်တပ်အားတဲ့ ရေယာဉ်ကလေးတွေအကြောင်းကို သုံးရောင်ခြယ်သင်္ဘောမှာရှိတဲ့ အရာရှိနဲ့ သင်္ဘောသားတွေ နည်းတူ နားလည်ကျွမ်းကျင်တယ်လို့ ခင်ဗျားကို ပြောခဲ့တာဆိုကော မှတ်မိရဲ့လား"

"ဒီလိုအဓိပ္ပာယ်မျိုးပါတဲ့ စကားကိုတော့ ပြောတယ်လို့ ထင်ပါတယ်"

"ဒီလိုပြောတာတောင်မှ ဒုတပ်ကြပ် ဗာဒီသတင်းပို့တဲ့အတိုင်း အမှတ်နှစ်အသက်ကယ်လှေကို သွားပြီး ချက်ချင်း စစ်ဆေးသင့်တယ်လို့ မထင်ဘူးလား"

အရာခံဗိုလ်ရန်ကင်းက အင်္ကျီမှ ကြယ်သီးတစ်လုံးကို လက်ဖြင့် မွှေ့ရင်းဆေးရမည့်အဖြေကို စဉ်းစားနေ၏။

ခဏကြာမှ...

'အဲဒီအချိန်က မှောင်နေပါတယ်'ဟု အဖြေပေးလိုက်၏။

'မှောင်ပေမဲ့ ခင်ဗျားမှာ လက်နှိပ်ဓာတ်မီးရှိတယ် မဟုတ်လား။ ခင်ဗျားဟာ ဆိုက်တာကိုပဲ အရက်သောက်တာကိုပဲ ဂရုစိုက်နေတော့ ခင်ဗျားရဲ့တာဝန် ဝတ္တရားတွေကို ဂရုမစိုက်အားဘူး မဟုတ်လား။ ခင်ဗျားသာ ခင်ဗျားတာဝန်က ယခုလိုပေါ့ပေါ့လျော့လျော့ လုပ်နေတာထက် နည်းနည်းကလေးပိုပြီး ဂရုစိုက်လိုက်မယ်ဆိုရင် ခင်ဗျားဟာ လူပေါင်း တစ်ဒါဇင်ရဲ့ အသက်ကို ဒါမှမဟုတ် ဒါထက်ပိုပြီးများတဲ့ လူတွေရဲ့ အသက်ကို ကယ်နိုင်ခဲ့မှာ ဖြစ်ရုံသာမက ခင်ဗျားအပေါ်မှာ ယုံကြည်မှု၊ အားကိုးမှု ရှိပေလိမ့်မယ်"

ဗိုလ်ကြီးဂျင်းနင်းက ခေါင်းကို တစ်ချက် ညိတ်လိုက်ပြီး...

'ကျွန်တော် မေးလိုတာကတော့ ဒါပါပဲခင်ဗျာ'ဟု ပြောရင်း ကုလားထိုင်

www.burmeseclassic.com

www.burmeseclassic.com



တွင် ထိုင်ချလိုက်၏။

အရာခံဗိုလ်ရန်ကင်းသည် အစစ်ခံချက်ပေးနေသော သီးသန့်နေရာမှ ရုံးခန်းအပြင်ဘက်သို့ ထွက်လာ၏။ မျက်နှာကို ကြမ်းပြင်ရှိရာသို့သာ စိုက်၍ ထွက်လာခြင်းဖြစ်၏။ အပြစ်ဒဏ်တစ်ခုခုကြောင့် ကြိမ်ရိုက်ခံနေရပြီး ဆရာကြီးအခန်းမှ ထွက်လာသော ကျောင်းသားတစ်ယောက်နှင့် တူနေ၏။ ကျွန်တော့်အနီးမှ ကပ်၍ ဖြတ်သွားသောအခါ အရာခံဗိုလ်ရန်ကင်း၏ တစ်ကိုယ်လုံးမှာ နတ်ပူးသလို တုန်နေသည်ဟု ကျွန်တော်က ပြောရဲသည်။

ဖြူဖွေးသော သူ၏ မဟာနဖူးကြီးတွင်လည်း ချွေးစေးများ ထွက်နေသည်။

ဗိုလ်ကြီးဂျင်းနင်း၏ ပြန်လှန်မေးခွန်းများက ခုံရုံးအဖွဲ့ဝင်များနှင့်တကွ နားထောင်နေသော ပရိသတ်ကိုပါ ဆွဲဆောင်နိုင်စွမ်းရှိသည်ကိုလည်း ကျွန်တော် [illegible] သတိပြုမိ၏။

ကျွန်တော်တို့တွင် လွတ်မြောက်ရန် လမ်းစရှိနေပြီဟု ကျွန်တော်က ပထမ [illegible] ဆုံးအကြိမ် မှတ်ထင်မိလေသည်။

□

(၁)

"ဒုတပ်ကြပ်ဗာဒီနဲ့ သူ့အဖော်က သဘော်က ဖောင်ကို ဖြတ်ချတာကို လူကြီးမင်းက သာဖြစ်လို့ အလိုမရှိပါသလဲ။ ဤခုံရုံးတော်သို့ ပြောပြစေလိုပါတယ်"

အရာခံဗိုလ်ရန်ကင်းကို ပြန်လှန်မေးခွန်းထုတ်၍ ပြီးစီးသွားပြီးနောက် ကျွန်တော်တို့ဘက်မှ လိုက်ပါဆောင်ရွက်သော အကျိုးဆောင်ရှေ့နေဗိုလ်ကြီးဂျင်းနင်းက သက်သေအဖြစ် အစစ်ဆေးခံရန် တရားခုံရုံးရှေ့မှောက်သို့ ရောက်ရှိလာသော သုံးရောင်ခြယ်သင်္ဘောမှ ကက်ပတိန်ဟယ်ဆလေအား မေးလိုက်၏။

အရာခံဗိုလ်ရန်ကင်းကို ဗိုလ်ကြီးဂျင်းနင်းက ကျွန်တော်တို့ အမှုအတွက် ဥပဒေစကားများဖြင့် တိုက်စစ်ဆင်ခဲ့ရာတွင် ကိုးဆယ်ရာခိုင်နှုန်းအထိ အောင်မြင်မှုရရှိခဲ့သည်ဟု မှတ်ထင်ရသော်လည်း ကက်ပတိန် ဟယ်ဆလေကို စစ်ဆေးရာ၌ ကျွန်တော်တို့ဘက်မှ လုံးဝ အောင်မြင်မှု ရရှိနိုင်မည့် အလားအလာမရှိသည်ကို တွေ့ရရုံသာမက အရှုံးကြီး ရှုံးမသွားအောင်ပင် ဆုတောင်း၍ နေမိ၏။

အရာခံဗိုလ်ရန်ကင်းကို ကျွန်တော်တို့၏ အကျိုးဆောင် ရှေ့နေကြီး ဗိုလ်ကြီးဂျင်းနင်းက ငှက်ပျောပင်တစ်ပင်ကို ဓါးလည်မှ ကိုင်၍ လှုပ်သကဲ့သို့ လှုပ်ခါနိုင်ခဲ့သော်လည်း ကက်ပတိန်ဟယ်ဆလေအား လှုပ်ခါ၍ ကြည့်လိုက်သောအခါမှ ဟယ်ဆလေသည် ကျောက်တိုင်ကြီးတစ်တိုင်ကဲ့သို့ ပကတိခိုင်မာနေသည်ဟု ကျွန်တော်က ထင်မြင်မိ၏။

နက်မှောင်စူးရှသော မျက်လုံးအစုံနှင့် နက်မှောင်သော မှတ်ဆိတ်[illegible] သေးငယ်သော ဟယ်ဆလေ၏ ကိုယ်ခန္ဓာကို ကြီးထွားရင့်မာအောင် [illegible] အကူပြုပေးနေသည်ဟု ထင်ရ၏။

ထင်ရ၏ဟုဆိုရာ၌ ကျွန်တော်ကသာ ထင်နေခြင်းမဟုတ်ဘဲ ခုံရုံးအဖွဲ့ကြီး တစ်ခုလုံးနှင့်တကွ ပရိသတ်များကပါ ထင်နေခြင်းကို ကျွန်တော်က ဆိုလိုခြင်း ဖြစ်၏။

တည်ငြိမ်သောအသံ၊ ပြတ်သားသော စကားလုံးတို့ကြောင့် ကက်ပတိန် ဟယ်ဆလေ၏ ထွက်ဆိုချက်မှန်သမျှသည် ခုံရုံးအဖွဲ့ဝင်များနှင့်တကွ နားထောင် နေသော ပရိသတ်များ၏ အသည်းနှလုံးထဲသို့ ထိုးဖောက်စူးဝင်သွားသည်ဟု ထင်မှတ်နေရလေသည်။

ဤအမှုတွင် ကက်ပတိန်ဟယ်ဆလေနှင့် ဆန့်ကျင်ဘက်ဂိုဏ်းသားကြီး ဖြစ်နေသော ကျွန်တော်တို့၏ အကျိုးဆောင်ဗိုလ်ကြီး ဂျင်းနင်းသည်ပင်လျှင် ဟယ် ဆလေ၏ အရှိန်အဝါကြောင့် တွန့်ဆုတ်ဆုတ် ရှိနေသည်ဟု ကျွန်တော်က ထင် နေမိ၏။

ဗိုလ်ကြီးဂျင်းနင်းက မေးလိုက်သောအမေးကို ဟယ်ဆလေက တိကျပြတ် သားစွာပင် ရုံးတော်သို့ ဦးနိုက်၍ ဖြေဆိုလိုက်၏။

"ဖောင်ကို သင်္ဘောပေါ်က ဖြုတ်ချတာကို အလိုမရှိတာကတော့ အမှန်ပဲ"

ဟယ်ဆလေက ဗိုလ်ကြီးဂျင်းနင်း၏ အမေးကို ဤသို့ တိကျပြတ်သားစွာ ဖြေဆိုလိုက်ပြီးနောက် ခုံရုံးတရားသူကြီးများဘက်သို့ လှည့်ကာ . . .

'အသက်နဲ့ ပတ်သက်ပြီး အန္တရာယ်ရှိနေတဲ့ အရေးပေါ် အချိန်အခါမျိုးမှာ အမိန့်ပေးနိုင်တဲ့လူဟာ တစ်ဦးတစ်ယောက်တည်းပဲ ရှိသင့်ပါတယ်။ အမိန့်ပေးနိုင် တဲ့လူတွေ တစ်ဦးထက်ပိုပြီးရှိနေရင် အခြေအနေဟာ ပိုပြီး ရှုပ်ထွေးလာနိုင်တယ်။ ဘေးအန္တရာယ်များ လာနိုင်ပါတယ်။ ဝါရင့်စစ်သားကြီးများဖြစ်တဲ့ ခုံရုံးသဘာပတိ အဖွဲ့ဝင် လူကြီးမင်းများဟာ ကျွန်တော်ဆိုလိုတဲ့ အဓိပ္ပာယ်ကို နားလည်သဘော ပေါက်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒုတပ်ကြပ်ဗာဒီ ဦးဆောင်ပြီး ဖြုတ်ချနေတဲ့ ဖောင်ဟာ တကယ့်အသက်အန္တရာယ်နဲ့ လက်တစ်လုံးခြားလောက်ကွာတော့မှ အသုံးပြုဖို့ သတ်မှတ်ထားတဲ့ အသက်ကယ်ဖောင်တွေပါ။ အသက်ကယ်လှေ တစ်စင်းက နစ်မြုပ်လုဆဲဆဲ သင်္ဘောတစ်စင်းနားက ထွက်ခွာတဲ့အချိန်မှာ လှိုင်း ဒဏ်ကြောင့်ဖြစ်စေ အခြားတစ်စုံတစ်ခုသော အကြောင်းကြောင့်ဖြစ်စေ ပေါက်ကွဲ ပျက်စီးသွားတဲ့ ကိရိယာများအဖြစ်နဲ့ ကျွန်တော်က သုံးဖို့ ရည်ရွယ်ပြီး ဒုတပ်ကြပ် ဗာဒီနဲ့ သူ့အပေါင်းအဖော်ရဲ့ ပြုမူချက်ကို ကန့်ကွက်ရခြင်း ဖြစ်ပါတယ်ခင်ဗျာ' ဟု လေယူလေသိမ်းကောင်းကောင်းဖြင့် လျှောက်လဲချက်ပေးလိုက်၏။



ကက်ပတိန်ဟယ်ဆလေ၏ လျှောက်ထားချက်မှာ တကယ်ဖြစ်ပွားခဲ့သော ကျွန်တော်တို့၏ အမှုကိစ္စများနှင့် ပတ်သက်လျှင် မည်သို့မျှ တရားဝင်မည် မဟုတ် သော်လည်း စစ်ခုံရုံးတစ်ခုတွင် တင်၍ စစ်ဆေးရသော ကျွန်တော်တို့ကဲ့သို့ အမှုမျိုး ၌ ဟယ်ဆလေ၏ ထွက်ဆိုချက်မှာ သေွးထွက်အောင် မှန်ကန်လှသော စကားများ ဖြစ်နေချေသည်။

ကျွန်တော်တို့ဘက်မှ တိုက်စစ်ဆင်နေသော ဗိုလ်ကြီးဂျင်းနင်းကလည်း တစ်လက်မမျှ အလျှော့မပေးဘဲ ရှေ့သို့ တက်၍သာ တိုက်နေ၏။

"ဒုတပ်ကြပ်ဗာဒီနဲ့ သူ့အဖော်က သင်္ဘောပေါ်က ဖောင်ကို ဖြုတ်ချနေတဲ့ အချိန်မှာ အသက်ကယ်လှေသုံးစင်းရှိသည့်အနက် နှစ်စင်းဟာ လိုက်ပါမယ့်လူ တွေကို တင်ပြီး သင်္ဘောကနေပြီး ထွက်ခွာနေပြီမဟုတ်လား"

"အသက်ကယ်လှေနှစ်စင်းဟာ လူတွေအပြည့်နဲ့ ရေထဲကို ရောက်နေတာ ကတော့ အမှန်ပဲ။ ဒါပေမဲ့ သင်္ဘောနစ်သွားရင် ဘေးလွတ်မယ့် နေရာကိုတော့ မရောက်သေးဘူး"

ဗိုလ်ကြီးဂျင်းနင်းက စားပွဲပေါ်တွင် တင်ထားသော သူ့မှတ်စုစာအုပ်များ ကို ငုံ့၍ ကြည့်လိုက်၏။

ပြီးမှ . . .

'အမှတ်နှစ် အသက်ကယ်လှေကို ရေထဲကို ချပြီးပြီမဟုတ်လား၊ ချပြီးပြီ ဆိုတာ မှန်ရဲ့လား' ဟု မေးမြန်းလိုက်၏။

ကက်ပတိန်ဟယ်ဆလေက တိကျသောအဖြေကို ပြန်၍ ပေးလိုက်၏။

"ဟုတ်တယ်"

"အမှတ်နှစ် အသက်ကယ်လှေဟာ ပင်လယ်တွင်းမှာ သွားလာဖို့ မသင့် တော်ဘူးလို့ လူကြီးမင်းကို သတင်းပို့ထားခဲ့ရင် လူကြီးမင်းက ဒုတပ်ကြပ်ဗာဒီတို့ က သင်္ဘောပေါ်က ဖောင်ကို ဖြုတ်ချတာကို တစ်မျိုးတစ်ဖုံ စဉ်းစားမယ် မဟုတ် လား"

ဟယ်ဆလေ၏ မျက်နှာကို မီးမောင်းထိုးသကဲ့သို့ စူးစိုက်၍ ကြည့်ကာ မေးခွန်းထုတ်နေသော ဗိုလ်ကြီးဂျင်းနင်းအား ကက်ပတိန်ဟယ်ဆလေက တစ်ချက် မျှ စိုက်၍ ကြည့်လိုက်ပြီး . . .

'ဒီမေးခွန်းဟာ ပေါက်ပေါက်စရာ မလိုဘူး။ သင်္ဘောအရာရှိတွေထဲက [illegible] ကျ အရာရှိဟာ နေ့တိုင်း နေ့တိုင်း အသက်ကယ်လှေတွေကို [illegible]ပြီး [illegible]

www.burmeseclassic.com



နေတာဖြစ်တော့ ဒီမေးခွန်းဟာ ပေါ်ကိုပေါ်လာစရာ မရှိဘူး'ဟု အဖြေပေးလိုက်၏။

"ကက်ပတိန်ဟယ်ဆလေခင်ဗျာ၊ ကျွန်တော် မေးလိုတာက လူကြီးမင်းရဲ့ ထင်မြင်ချက်ကို မေးလိုခြင်း ဖြစ်ပါတယ်။ အမှတ်နှစ်အသက်ကယ်လှေဟာ ပင်လယ်တွင်းမှာ ခရီးသွားဖို့ မသင့်လျော်ဘူးလို့ ရုတ်တရက် ကြားရတဲ့အခါမှာ ဒုတပ်ကြပ်ဗာဒီနဲ့ ရဲဘော်ကြီးကွတ်ကို သင်္ဘောပေါ်က ဖောင်ကို ဖြုတ်မချအောင် တားဆီးနေမှာလား ဆိုတာ သိချင်တဲ့ အချက်ပါ"

"ဒီမေးခွန်းကို ကျွန်တော် မဖြေနိုင်ပါ"

ကက်ပတိန်ဟယ်ဆလေက တိုတိုတောင်းတောင်းပင် အဖြေပေးလိုက်၏။ ဤသို့ အဖြေပေးလိုက်ပြီးနောက် ခုံရုံးသဘာပတိကြီးဘက်သို့ လှည့်၍ လျှောက်ထားလိုက်၏။

"အရေးပေါ် အခြေအနေများ ပေါ်ပေါက်နေတဲ့ အချိန်အခါမှာ အမိန့်ဆိုတာ ချက်ချင်းဖြစ်ပေါ်နေတဲ့ အခြေအနေပေါ်မှာ မူတည်ပြီး ပေးရတာပါ။ ဒီတော့ ဘယ်လို အခြေအနေမျိုးဖြစ်လာရင် ဘယ်လိုစိတ်ကူးမလဲ၊ ဘယ်လို အမိန့်ပေးမလဲဆိုတဲ့ မေးခွန်းကိုတော့ ကျွန်တော် မဖြေနိုင်ပါ"

ကက်ပတိန်ဟယ်ဆလေက ခေါင်းမာမာဖြင့် ဘူးခံ၍နေသည့်တိုင် ကျွန်တော်တို့ဘက်မှ အကျိုးတော်ဆောင်ကြီး ဗိုလ်ကြီးဂျင်းနင်းက ဟယ်ဆလေ၏ မဖြုန်သောခံစစ်ကို တိုက်စစ်ဆင်၍ နေပါသေး၏။

"ကက်ပတိန် ဟယ်ဆလေခင်ဗျာ၊ အမှတ်နှစ်အသက်ကယ်လှေဟာ ပင်လယ်ထဲမှာ ခရီးသွားလို့ မရနိုင်လောက်အောင် ချွတ်ယွင်းချက်တွေ ရှိနေတယ်ဆိုတာကို ဒုတပ်ကြပ်ဗာဒီနဲ့ ရဲဘော်ကြီးကွတ်က သိနေသလို သိနေတယ်လို့ ထင်ရသလိုဖြစ်နေတဲ့ အချိန်အခါမျိုးမှာ လူကြီးမင်းက ဒုတပ်ကြပ်ဗာဒီနဲ့ သူ့အဖော်က သင်္ဘောပေါ်က ဖောင်ကို ဖြုတ်ချတာကို ကန့်ကွက်နိုင်ပါ့မလား။ ဟန့်တားနိုင်ပါ့မလား"

ဤမေးခွန်းကို ပေးလိုက်ပြီးနောက် ကက်ပတိန်ဟယ်ဆလေ၏ အတွေးကို စောစောကပင် ချေဖျက်ထားရန် အကြံဖြင့် ဗိုလ်ကြီးဂျင်းနင်းက နောက်ထပ်မေးခွန်းတစ်ခုကို ဆက်၍ မေးလိုက်၏။

"လူကြီးမင်းက ဖြေလိုက်တဲ့ အဖြေဟာ ဒီအမှုနဲ့ ပတ်သက်ပြီး တရားခံနှစ်ဦးအပေါ်မှာ သက်သာရာ သက်သာရစေကြောင်း ဖြစ်သွားလိမ့်မယ်ဆိုတာ တွေးမိပြီး မဖြေတာဖြစ်ပေမဲ့ ဖောင်ကို ဖြုတ်မချအောင် တားနေတဲ့ အချိန်မှာတော့



လူကြီးမင်းဟာ အမှတ်နှစ် အသက်ကယ်လှေဟာ ပင်လယ်တွင်းမှာ ခရီးသွားဖို့ မသင့်လျော်ဘူးဆိုတာ သိနေပြီမဟုတ်လား။ ဒီအမှုမှာ တရားခံဖြစ်နေတဲ့ လူနှစ်ယောက်က အမှတ်နှစ်အသက်ကယ်လှေထဲကို တက်ရောက်စီးနင်းဖို့ ငြင်းနေတယ်ဆိုတာ အရာခံဗိုလ်ရန်ကင်းက လူကြီးမင်းကို အော်ပြီး သတင်းပို့တဲ့အခါမှာ လူကြီးမင်းက ပဲ့စင်ပေါ်ကို တက်ဖြို့ အစီရင်ခံဖို့ အမိန့်ပေးတယ် မဟုတ်လား၊ ဒီလိုအမိန့်ပေးတာ ဟုတ်ပါသလား"

"ဟုတ်ပါတယ်"

ကက်ပတိန်ဟယ်ဆလေက မေးခွန်းထုတ်နေသော ဗိုလ်ကြီးဂျင်းနင်းအား စိုက်၍ကြည့်နေ၏။

စိုက်၍ကြည့်နေပုံမှာ ဗိုလ်ကြီးဂျင်းနင်း၏ ထိုးနှက်ချက်ကြောင့် မသက်မသာ ဝေဒနာကို ခံစားနေရသည့် အမူအရာပေါ်နေလေသည်။

"တရားခံနှစ်ယောက်က လှေပေါ်ကို မတက်ဖို့ ငြင်းဆန်နေတာဟာ ဘာအကြောင်းကြောင့်လို့ အရာခံဗိုလ်ရန်ကင်းက အစီရင်မခံဘူးလား"

ကက်ပတိန်ဟယ်ဆလေက မဆိုင်းမတွဘဲ အဖြေပေးလိုက်၏။

"ပင်လယ်ခရီးမှာ သွားလာဖို့ အခြေအနေမကောင်းဘူးလို့ တရားခံနှစ်ဦးက ထင်တဲ့အကြောင်း အရာခံဗိုလ်ရန်ကင်းက အစီရင်ခံပါတယ်"

ခုံရုံးတရားသူကြီးများက တစ်ဦးနှင့်တစ်ဦး လှည့်၍ ကြည့်ရင်း အသိချင်းလှယ်လိုက်ကြသည်ကို ကျွန်တော်က သတိထားလိုက်မိ၏။

"ဒီလိုအစီရင်ခံတဲ့တိုင်အောင် လူကြီးမင်းက ဒီအစီရင်ခံချက်ပေါ်မှာ မူတည်ပြီး ဘယ်လိုမှ ဆောင်ရွက်ခဲ့ခြင်း မရှိဘူး မဟုတ်လား"

ကက်ပတိန်ဟယ်ဆလေက ဤမေးခွန်းကိုလည်း ပြတ်ပြတ်သားသားပင် အဖြေပေးနေပြန်၏။

"ဟုတ်တယ်၊ ဘယ်လိုမှ ဆောင်ရွက်ခဲ့ခြင်း မရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပင်လယ်ရေကြောင်းမှာ ယခုလို ဘေးအန္တရာယ်မျိုးနဲ့ ရင်ဆိုင်ရတာမျိုးကို တွေ့ဖူးတဲ့ လူတွေဆိုရင် သွေးရူးသွေးတန်း ဖြစ်တတ်တာကို ကျွန်တော်က တွေ့ဖူးလို့ပဲ။ ဒီအချိန်မှာ လှိုင်းတွေလေတွေက ပြင်းထန်နေတယ်ဆိုတာကိုလည်း သတိပြုစေချင်ပါတယ်"

"ဒုတပ်ကြပ်ပြောတာကို အရာခံဗိုလ်ရန်ကင်းက ယုံသလား"

"ကျွန်တော် မေးမကြည့်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဒုတပ်ကြပ်နဲ့ သူ့အဖော်က အမှတ်နှစ်အသက်ကယ်လှေမှာ လိုက်ပါမယ့် အစား ဖောင်နဲ့သာ စီးပြီး လိုက်သွားမယ်လို့ ပြောတယ်ဆိုတဲ့အကြောင်းကို အရာခံဗိုလ်ရန်ကင်းက ကက်ပတိန်ကို အစီရင်ခံပါသလား"

"အစီရင်ခံတယ်လို့ ထင်တယ်"

"ပိုပြီး လုံခြုံမှုရှိတဲ့ အသက်ကယ်လှေနဲ့ မလိုက်ဘဲ ဖောင်နဲ့သာ စီးပြီး လိုက်သွားမယ်ဆိုတာဟာ ထူးဆန်းနေတယ်လို့ မထင်မိဘူးလား"

"ကျွန်တော့်မှာ ထင်နေဖို့အချိန်လည်း မရပါဘူးခင်ဗျာ၊ သင်္ဘောတစ်စင်းလုံးလုံး မြုပ်တော့မယ့်အချိန်မျိုးမှာ ကျွန်တော့်အဖို့ အထူးဦးစားပေးပြီး လုပ်စရာကိုင်စရာတွေ ရှိနေပါတယ်။ သွေးရူးသွေးတန်းဖြစ်နေတဲ့ လူနှစ်ယောက်အတွက် အချိန်သက်သက်ပေးပြီး စဉ်းစားမနေနိုင်ပါဘူး။ အသက်ကယ်လှေနဲ့ လိုက်သည်ဖြစ်စေ၊ ဖောင်ကိုစီးသွားသည်ဖြစ်စေ မြုပ်တော့မယ့်ဆဲဆဲ သင်္ဘောနဲ့ ခပ်လှမ်းလှမ်းကို ရောက်အောင်တော့ ခွာနေရလိမ့်မယ်လို့ အရာခံဗိုလ်ရန်ကင်းကို ကျွန်တော်က ပြောလိုက်ပါတယ်"

ကက်ပတိန်ဟယ်ဆလေ၏ ထွက်ဆိုချက်များမှာ ခုံရုံးတရားသူကြီးများ အကြိုက်တွေ့စေမည့် စကားလုံးများသာ ဖြစ်၏။

ကျွန်တော်တို့ဘက်မှ လိုက်ပါဆောင်ရွက်သော ဗိုလ်ကြီးဂျင်းနင်းက အရာခံဗိုလ်ရန်ကင်းအားကက်ပတိန်၏ အသက်ကယ်လှေပေါ်တွင် တင်၍ ခေါ်သွားပြီးနောက် မစ္စဂျနီဖာကဲ့သို့သော အမျိုးသမီးတစ်ဦးအား ဖောင်ပေါ်တွင် အဘယ်ကြောင့် လိုက်ပါစေသလဲဟု မေးခွန်းထုတ်လိုက်သောအခါ၌လည်း...

'ဖောင်နဲ့ လိုက်သွားတာဟာ ကျွန်တော်က အမိန့်ပေးလို့ လိုက်သွားတာ မဟုတ်ပါဘူး။ သူ့ဘာသာသူ ဆုံးဖြတ်ပြီးလိုက်ပါသွားခြင်းသာ ဖြစ်ပါတယ်။ သင်္ဘောကြီး စုံးစုံးမြုပ်မသွားခင် ကျွန်တော့်မှာ စီမံဆောင်ရွက်စရာတွေ အများကြီး ရှိနေပါတယ်။ ဒီအချိန်အတွင်းမှာ မစ္စဂျနီဖာ သင်္ဘောပေါ်မှာ ကျန်နေရစ်ခဲ့ခြင်းအားဖြင့် အသက်အန္တရာယ်ကို ထိခိုက်စေနိုင်ပါတယ်။ ဖောင်နဲ့လိုက်ပါသွားရင် မစ္စဂျနီဖာအဖို့ ကသိကအောက်ဖြစ်မှာ မှန်ပေမဲ့ အသက်အန္တရာယ်ကိုတော့ ထိခိုက်မှာမဟုတ်ဘူးလို့လည်း တွက်မိတယ်။ နို့ပြီး နံနက် လင်းရောင်ခြည်ပေါ်လာတာနဲ့ တစ်ပြိုင်နက် ကျွန်တော့် အသက်ကယ်လှေနဲ့ မစ္စဂျနီဖာကို သွားပြီး ကယ်ယူမယ်လို့လည်း ဆုံးဖြတ်ထားခဲ့ပါတယ်။ အရာခံဗိုလ်ရန်ကင်းကိုတော့ ယောကျ်ားတစ်ယောက်လည်းဖြစ်တဲ့အပြင် ရေတပ်အရာခံဗိုလ်တစ်ဦးလည်း ဖြစ်



တဲ့အတွက် သင်္ဘောပေါ်မှာ ရှိနေစေခြင်းအားဖြင့် ဘယ်လိုမှ အသက်အန္တရာယ်ကို ထိခိုက်နိုင်မှာ မဟုတ်ဘူးလို့ တွက်ဆပြီး ကျွန်တော်နဲ့အတူ ကျန်နေစေခဲ့ခြင်း ဖြစ်ပါတယ်'ဟု အချက်ကျကျ အဖြေပေးနေပြန်၏။

"နံနက်အလင်းရောင်ပေါ်တဲ့အချိန်မှာ မစ္စဂျနီဖာကို ကယ်မယ်လို့ ပြောပြီး ဘာဖြစ်လို့ မကယ်ဘဲ ပစ်ထားခဲ့ရတာလဲ"

"မကယ်ဘဲ ပစ်ထားခဲ့ခြင်းမဟုတ်ပါ။ ကျွန်တော်တို့ အသက်ကယ်လှေဟာ အချိန်တော်တော်ကြာအောင် မြောက်ဘက်ကို မျောပါသွားတယ်လို့ ထင်ရပါတယ်။ လေကြောင်းတိုက်ခိုက်မှု အပြောင်းအလဲမြန်တဲ့ အချိန်မျိုးမှာ ဒီလိုဖြစ်တတ်ပါတယ်။ အဲဒီနေ့မနက်က မြူနှင်းတွေကြောင့် သိပ်ပြီးတော့လည်း မြင်နိုင်စွမ်းမရှိပါဘူး။ မစ္စဂျနီဖာလိုက်ပါသွားတဲ့ဖောင်နဲ့ မစ္စဂျနီဖာကို လာပြီး ကယ်တဲ့ တိုက်သင်္ဘော သူရဲကောင်းတို့ဟာ ကျွန်တော်တို့ အသက်ကယ်လှေနဲ့ တစ်မိုင်နှစ်မိုင်အကွာလောက်မှာ ရှိကောင်းရှိနေမယ် ဖြစ်သော်လည်း ကျွန်တော်တို့ကသော်လည်းကောင်း၊ မစ္စဂျနီဖာနဲ့ သူရဲကောင်းတို့ကသော် လည်းကောင်း တစ်ဦးနဲ့တစ်ဦး တွေ့မြင်နိုင်ခြင်း မရှိခဲ့ပါ"

ဗိုလ်ကြီးဂျင်းနင်းက ကက်ပတိန်ဟယ်ဆလေ၏ ထွက်ဆိုချက်ကို ရေတပ်ဗိုလ်ချုပ်ကြီးရုံးမှ ထုတ်ပြန်သော ရာသီဥတုအခြေအနေ ထုတ်ပြန်ချက်များဖြင့် ကိုင်၍ ပေါက်ပြန်သည်။

"ရေတပ်ဗိုလ်ချုပ်ကြီးရုံးက ထုတ်ပြန်တဲ့ ရာသီဥတု အခြေအနေအရ အဲဒီအချိန်မှာ ဘာရင့်ပင်လယ်တောင်ဘက်မှာ လေဟာ အများအားဖြင့် မြောက်ဘက်ကိုသာ တိုက်ခတ်လျက်ရှိတယ်လို့ ဖော်ပြထားပါတယ်။ အဲဒီအချိန်ဆိုတာဟာ ခင်ဗျားတို့ အသက်ကယ်လှေကို မိုင်းရှင်းသင်္ဘောက ကယ်ယူခဲ့တဲ့ အချိန်အတောအတွင်းကို ဆိုလိုပါတယ်။ မြောက်ဘက်ကိုသာ တိုက်နေတဲ့ လေကြောင်းအရ ကက်ပတိန်တို့ စီးနင်းလိုက်ပါလာတဲ့ အသက်ကယ်လှေဟာ သင်္ဘောနစ်မြုပ်ပြီး တစ်ပတ်အတွင်းမှာပဲ 'ဒေါ့ဂါးကမ်းခြေ'အနီးကို ဆိုက်ရောက်လာရဖို့ ရှိပါတယ်။ ခုတော့ သင်္ဘောမြုပ်ပြီးလို့ နှစ်ဆယ့်တစ်ရက်တိတိကြာတဲ့ အချိန်ကျမှ တောင်ဘက် 'ဖာရိုး'ကမ်းခြေအလွန်မှာ ကက်ပတိန်တို့ အသက်ကယ်လှေကို တွေ့ရတာ ထူးဆန်းပြီး မနေဘူးလား"

ကက်ပတိန်ဟယ်ဆလေက ပခုံးနှစ်ဖက်ကို တွန့်ပစ်လိုက်၏။

"ရေတပ်ဗိုလ်ချုပ်ကြီးရုံးက ဘယ်လိုပဲ ထုတ်ပြန်ထုတ်ပြန် ကျွန်တော့်ကိုယ်

www.burmeseclassic.com



တွေ့ကို ပြောရမှာကတော့ လေဟာ အရပ်အဘက်ဘက်က ပြောင်းပြီး အဲဒီအချိန်မှာ တိုက်နေတယ်ဆိုတဲ့ အချက်ပဲ။ တစ်ခါမှာဆိုရင် ကျွန်တော်တို့လှေဟာ တောင်ဘက် လတ္တီတွဒ် ၆၈ ဒီဂရီအထိ မျောပါသွားခဲ့ပြီး တစ်ခါကဆိုရင်လည်း မြောက်ဘက် လတ္တီတွဒ် ၇၀ ဒီဂရီအထိ ပါသွားခဲ့တယ်။ ကျွန်တော်တို့ဟာ အသက်ကယ်လှေထဲမှာ အစာရေစာ မလုံလောက်ဘဲနဲ့ ရေခဲလိုအေးစက်ပြီး နှစ်ဆယ့်တစ်ရက်တိုင်တိုင် နေခဲ့ရတာဟာ ပျော်ပွဲစားထွက်နေခဲ့တာ မဟုတ်ဘူးဆိုတာ သတိပြုစေလိုပါတယ်"

ကက်ပတိန်ဟယ်ဆလေ၏ အဖြေက ရေပက်၍ မဝင်နိုင်လောက်အောင် ဖြစ်နေ၏။

ခုံရုံးသဘာပတိကြီးကို ကြည့်ရခြင်းအားဖြင့်လည်း ဗိုလ်ကြီးဂျင်းနင်း၏ ကက်ပတိန်ဟယ်ဆလေအပေါ်တွင် ဝင်ရောက်ထိုးဖောက်၍ တိုက်စစ်ဆင်နေခြင်းမှာ စိတ်ဝင်စားစရာမရှိလှဟု ထင်နေရ၏။

ဗိုလ်ကြီးဂျင်းနင်းက သင်္ဘောအင်ဂျင်နီယာချုပ်၏ အပြုအမူနှင့် ပတ်သက်၍ မေးလိုက်သော မေးခွန်းကိုလည်း ဟယ်ဆလေက စိစိညက်ညက်ကြေအောင် ချေမှုန်းပစ်လိုက်၏။

"အရာခံဗိုလ်ရန်ကင်းဟာ ရှိသမျှအချိန်တွေကို အင်ဂျင်နီယာချုပ်ရဲ့ အခန်းမှာ ဖဲကစားရင်း ဖြုန်းနေခဲ့ပါတယ်။ ခင်ဗျားရဲ့ အင်ဂျင်နီယာချုပ်ဟာ အမူးသမားကြီးတစ်ယောက် ဖြစ်ပါသလား"

"သင်္ဘောသားဆိုတာ အရက်သောက်ကြတာ များတာပဲ။ အင်ဂျင်နီယာချုပ်နဲ့ ပတ်သက်ပြီး ကျွန်တော် ပြောနိုင်တာကတော့ သူဟာ အလုပ်ကို ကျွမ်းကျင်လိမ္မာစွာ လုပ်ဆောင်တတ်တဲ့ အရာရှိတစ်ယောက်ပါပဲ"

"သင်္ဘောထွက်တဲ့ ပထမည သန်းခေါင်လောက်အချိန်မှာ ခင်ဗျားက ပထမအရာရှိ ဟင်ဒရစ်ကို တိုင်း၍ရက်တဲ့ ပက္ကလာမိုးရွာတာနဲ့ အဆင်သင့်လို့ ပြောခဲ့တာဟာ ဘာကို ရည်ရွယ်ပြီး ပြောခဲ့တာလဲ"

ဗိုလ်ကြီးဂျင်းနင်းက ကက်ပတိန်ဟယ်ဆလေ၏ မျက်နှာကို အကဲခတ်ရင်း မေးလိုက်၏။

"ဒီမေးခွန်းရဲ့ ဆိုလိုချက်ကို ကျွန်တော် နားမလည်ပါ။ တရားခံနှစ်ဦးအနက် တစ်ဦးဟာ ကျွန်တော်တို့နဲ့ မစ္စတာဟင်ဒရစ်တို့ ပွဲစင်ပေါ်မှာ စကားစမြည်ပြောနေတာကို တစ်ခွန်းတစ်စကြားမိပြီး သူ့အထင်နဲ့သူ ပြောခြင်းသာ ဖြစ်ပါ



လိမ့်မယ်။ ဒီမေးခွန်းကို ကျွန်တော်က လွယ်လွယ်ကလေးနဲ့ ဖြေဆိုနိုင်ပါတယ်။ တိုင်း၍ရက်တဲ့ ပက္ကလာမိုးရွာတာနဲ့ အဆင်သင့်ဆိုသလို နောက်တစ်နေ့မှာ ရာသီဥတုဆိုးနေတဲ့အတွက် ဂျာမဏီယူဘုတ်တွေက ကျွန်တော်တို့ ရေယာဉ်အုပ်စုနောက်ကို လိုက်မလာနိုင်တော့ဘူးလို့ ဆိုတာပါ"

"ခင်ဗျားက နက်ဖြန်ညကျရင်တော့ ကျွန်တော်တို့ လုပ်ရလိမ့်မယ်လို့ ပြောပြီး မစ္စတာဟင်ဒရစ်ကို နာရီအချိန်တွေ ရွှေ့ထားပြီးပြီလားလို့ မေးတယ်မဟုတ်လား။ အချိန်ရွှေ့ထားတဲ့အခါကလည်း သင်္ဘောသား ဂျူတီဆိုတဲ့လူက နောက်တစ် နေ့ည နှစ်နာရီက မနက်လေးနာရီထိ ပုံကိုင်တဲ့ဘီးကို တာဝန်ယူထားရတဲ့အချိန် ဖြစ်နေတယ်မဟုတ်လား။ ဒီအချိန်မှာပဲ သုံးရောင်ခြယ်သင်္ဘောကြီးဟာ မိုင်းဖုံးအထိခံရတာ ထူးဆန်းမနေဘူးလား"

"ဒီမေးခွန်းရဲ့ နောက်ကွယ်အဓိပ္ပာယ်ဟာ ကျွန်တော့်ကို တိုက်ရိုက်ကြီးစော်ကားတဲ့ အဓိပ္ပာယ်ပါနေပါတယ်"

ကက်ပတိန်ဟယ်ဆလေက ဗိုလ်ကြီးဂျင်းနင်းဘက်သို့ စူးစိုက်၍ ကြည့်ရင်း တုံ့ပြန်လိုက်၏။ ပြီးမှ ခုံရုံးသဘာပတိကြီးဘက်သို့ လှည့်လိုက်ကာ…

'သဘာပတိကြီးခင်ဗျား၊ ကျွန်တော်ပြောခဲ့သမျှ စကားရဲ့ အဓိပ္ပာယ်ကို အဓိပ္ပာယ်ပြန်ပြီး ရှင်းလင်းနေရမလိုဖြစ်နေပါပြီ။ တစ်စုံတစ်ယောက်က ကျွန်တော်ပြောနေတဲ့ စကားကို နားစွန်နားဖျားကြားပြီး မယုံသင်္ကာဖြစ်လာတာနဲ့ပဲ ကျွန်တော်က အဲဒီစကားတွေကို ဆန်စဉ်ရာ ကျည်ပွေ့လိုက်သလို လိုက်ပြီး ရှင်းလင်းချက်ထုတ်ရမလို ဖြစ်နေပါပြီ။ နာရီတွေက အချိန်ရွှေ့ထားဖို့ ပြောတာက ကျွန်တော်တို့မှာ လေးနဲ့ မြားဝန်နဲ့ အားမမျှဖြစ်နေတဲ့အတွက် အချိန်တွေကို ရွှေ့ထားဖို့ ပြောရခြင်းပါ။ ဒီလိုအချိန်တွေကို ညီတူညာတူ ရွှေ့ထားလိုက်တဲ့အတွက် ဘယ်သူမှ လိုတာထက် ပိုပြီး မလုပ်ရဘဲ နည်းနည်းနဲ့ ကျဲကျဲဝိုင်းနိုင်အောင် ဖြစ်ပါတယ်' ဟု လျှောက်ထားလိုက်၏။

ဟယ်ဆလေ၏ လျှောက်ထားချက်ကို ဗိုလ်ကြီးဂျင်းနင်းက…

'ကြားရတဲ့စကားတစ်ခွန်းနှစ်ခွန်းကြောင့် အထူးအရေးကြီးတဲ့ ကုန်ပစ္စည်းကို ကင်းမှူးအဖြစ် တာဝန်ယူနေရတဲ့ ဒုတပ်ကြပ်ဗာဒီရဲ့ စိတ်ထဲမှာ ဘယ်လိုထင်ရိုက်နိုင်တယ်ဆိုတာကို တင်ပြလိုတဲ့အတွက် ယခုကဲ့သို့ မေးလိုက်ရခြင်းဖြစ်ပါတယ်' ဟု သဘာပတိကြီးအား တင်ပြလိုက်ပြီးနောက် တစ်ဆက်တည်းပင် —

'မရှင်းမလင်းဖြစ်နေတဲ့ အချက်တစ်ချက်ကို မေးချင်ပါတယ်။ ဒီမေးခွန်း

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပတ်သက်ပြီး နားစွန်နားဖျား ကြားရသူဟာ တရားခံအဖြစ် တင်ပြထားတဲ့ ရဲဘော်နှစ်ဦးမဟုတ်ပါဘူး။ ခရီးသည်အဖြစ် လိုက်ပါလာတဲ့ မစ္စဂျုနီဖာသာ ဖြစ်ပါတယ်။ ကက်ပတိန်ဟယ်ဆလေခင်ဗျာ၊ မာမန့်ဆိပ်ကမ်းက ထွက်ခွာလာပြီး မကြာခင်မှာပဲ ခင်ဗျားက မစ္စတာဟင်ဒရစ်ကို ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘယ်လိုဆင်ခြေပေးရမယ်ဆိုတာ ကျုပ် စဉ်းစားလိုက်ဦးမယ်လို့ ပြောခဲ့ပါတယ်။ ဒီစကားရဲ့ အဓိပ္ပာယ်ဟာ ဘာကို ရည်ညွှန်းပြီးဆိုလိုပါသလဲ'ဟု မေးလိုက်၏။

"ဒီစကားဟာ ကျွန်တော်ပြောခဲ့တဲ့စကားလား။ ကျွန်တော်တော့ မမှတ်မိဘူး။ ပြောခဲ့တဲ့ စကားတွေကလည်း အများသားကလား။ အဲ... တရားခံများဘက်က အကျိုးဆောင်ရှေ့နေကြီး ပြောသလို ဒီစကားဟာ ကျွန်တော်ပြောခဲ့တဲ့ စကားလို့ပဲ ထားလိုက်ပါတော့။ ကဲ... ဒီစကားကို ဘာကို ရည်ညွှန်းပြီး ပြောခဲ့တယ်ဆိုတာ ကျွန်တော် ဖြေဆိုပါတော့မယ်။ အားလုံး ဂရုစိုက်ပြီး နားသောတဆင်ကြပါခင်ဗျာ။ မာမန့်ဆိပ်ကမ်းမှာ သင်္ဘောတွေ ရပ်နေတုန်းက ကျွန်တော်တို့က ရေတပ်သင်္ဘောတစ်စင်းကနေပြီး စားစရာသောက်စရာလေးတွေ လစ်ပြီး ယူထားခဲ့တာ ရှိပါတယ်။ အဲဒီအကြောင်းကို ပွဲစင်ပေါ်မှာ မစ္စတာဟင်ဒရစ်နဲ့ ရယ်စရာ မောစရာအဖြစ် စကားစပ်မိလို့ ပြောကြရင်း ဒီကိစ္စနဲ့ပတ်သက်ပြီး ဘယ်လိုဆင်ခြေပေးရမယ်ဆိုတာ ကျုပ် စဉ်းစားလိုက်ဦးမယ်လို့ ပြောလိုက်ခြင်းပါပဲခင်ဗျာ"

ကက်ပတိန်ဟယ်ဆလေက ဤသို့ အဖြေပေးလိုက်ရင်း တစ်ချက်မျှ မရယ်ချင့်ရယ်ချင် ရယ်လိုက်၏။

ဟယ်ဆလေ၏ ပြက်လုံးကို သဘောကျသွားသော ခုံရုံးအဖွဲ့ဝင် အရာရှိကြီးများကလည်း တစ်ချက်မျှ ရယ်လိုက်ကြ၏။

မည်သို့ပင်ဖြစ်စေ၊ ကျွန်တော်တို့ဘက်မှ အကျိုးဆောင်ရှေ့နေကြီး ဗိုလ်ကြီးဂျင်းနင်းကမူ လှေခွက်ချည်းကျန် အောင်လံမလဲဟူသော ဖွဲဖြင့် ဟယ်ဆလေကို တိုက်စစ်ဆင်လျက်ပင် ရှိနေသေး၏။

"ဒီစကားကို ပြောပြီးတဲ့နောက် မကြာခင်ကလေးမှာပဲ ကက်ပတိန်က ရှိတ်စပီးယားရဲ့ ပြဇာတ်က ဟင်းမလက်ရဲ့ ဇာတ်စကားကို ရွတ်ဆိုလိုက်ပါတယ်။ သွေးရှင်ရှင်ဖြန်း၊ စိမ်းစိမ်းတန်းအောင် လက်စွမ်းတော် ပြလိုက်မည်၊ ယခုမပြ၊ လူ့ဘဝမှချ ဆတ်ဆတ်ညှဲ့တော့ မကိုး...။ ဘာဖြစ်လို့ ဒီလို ရွတ်ဆိုရတယ်ဆိုတာ ပြောစမ်းပါ"

"ကျွန်တော်က ရှိတ်စပီးယားပြဇာတ်ထဲက ဇာတ်စကားတွေကို မကြာခဏ



ရွတ်နေကျပဲ"

ဟယ်ဆလေက တိုတိုပင် အဖြေပေးလိုက်၏။

အသံက တုန်လှုပ်မှုမရှိသည့်တိုင် ပါးတစ်ဖက်တစ်ချက်ပေါ်တွင် အနီရောင်စို့လာခြင်းကို မြင်ရခြင်းအားဖြင့် သူ့အကျင့်အကြံကို ကျွန်တော်တို့က ခုရုံးတော်တွင် ငယ်ကျိုးငယ်နာဖော်၍ ပြောဆွေးနွေးနှင့်ကြောင်း သိရှိလိုက်ရသည့်အတွက် ဒေါမာန်ပွား၍ လာပြီဖြစ်ကြောင်းကိုကား မြွေမြွေချင်းဖြစ်၍ ကျွန်တော်က မြင်လိုက်ရခြင်း ဖြစ်၏။

"ဒီလိုရွတ်နေကျဆိုတာ ကျွန်တော် သိပြီးသားပါ၊ ဒီလိုရွတ်တဲ့အခါမှာလည်း ခင်ဗျားရွတ်တဲ့ ဇာတ်စကားတွေဟာ ခင်ဗျားလုပ်မယ့် အလုပ်တွေနဲ့ သွားသွားပြီး ဟပ်နေတယ်ဆိုတာကိုလည်း ကျွန်တော်က နားလည်ထားပြီးသားပါ။ ဒီအချိန်မှာ ခင်ဗျားရွတ်လိုက်တဲ့ပြဇာတ်စကားဟာ ဟင်းမလက်က သွေးစိမ်းရှင်ရှင်ထွက်အောင် သူ၏ သင့်တို့အကြံအစည်ပြုနေတဲ့ အချိန်မှာပြောလိုက်တဲ့စကားပဲ။ တကယ်လို့သာ သုံးရောင်ခြယ်သင်္ဘောရဲ့ ကက်ပတိန်ဖြစ်နေတဲ့ ခင်ဗျားက အမှတ်နှစ်အသက်ကယ်လှေမှာ ဝမ်းဗိုက်က ပျဉ်စပ်ငါးချောင်း ကျွတ်ထွက်နေတယ်ဆိုတာကိုသာ အရေးပေးပြီး တွေးလိုက်မယ်ဆိုရင် လူတွေရဲ့ အသက်တွေကို အများကြီး ကယ်နိုင်ခဲ့မှာပဲ"

ဗိုလ်ကြီးဂျင်းနင်းက ဤနေရာတွင် ရပ်မနေဘဲ တစ်ဖက်သား စဉ်းစားခွင့်အချိန်မရအောင် နောက်ထပ် မေးခွန်းတစ်ခုကိုလည်း တစ်ဆက်တည်း မေးလိုက်၏။

"ကက်ပတိန်ဟယ်ဆလေခင်ဗျာ။ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ခင် တရုတ်ဝင်လယ်မှာ ပီနန်ဆိုတဲ့ သင်္ဘောကို ခင်ဗျားကိုယ်တိုင် အုပ်ချုပ်ပြီး ကိုယ်ပိုင်သင်္ဘောအဖြစ် ခရီးထွက်လာခဲ့ဖူးပါသလား"

ဤမေးခွန်းကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် အနက်ရောင်တောက်နေသော ဟယ်ဆလေ၏ မျက်လုံးအစုံတွင် မီးရောင်များ သန်းလာသည်ကို ကျွန်တော် သတိပြုလိုက်မိ၏။

မီးရောင်နှင့်အတူ အခြားအရောင်တစ်ခုကလည်း ကပ်၍ပါလာသည်ကို သတိထားမိသည်။

မီးရောင်မှာ ဒေါသရောင်ဖြစ်ကြောင်းကိုကား၊ ကျွန်တော် သိထင်သိမြင် ဖြစ်၏။ သို့ရာတွင် မီးရောင်နှင့် ကပ်၍ပါလာသော အရောင်ကိုမူ ကျွန်တော်က

www.burmeseclassic.com

www.burmeseclassic.com



မခွဲခြားတတ်။

သို့ရာတွင် နောက်မှ သိလာရသည်မှာ မီးရောင်နှင့် ကပ်၍ ပေါ်ထွက်လာသောအရောင်မှာ ကြောက်ရွံ့သောအရောင်ဖြစ်ကြောင်း။ ဤသို့ သိလာရသည့်နည်းတူ ဟယ်ဆလေအကြောင်းကိုလည်း ကျွန်တော်က နောက်ပိုင်းမှ ကောင်းကောင်းကြီး သိလာရလေသည်။

ကက်ပတိန်ဟယ်ဆလေက မည်သို့ အဖြေပေးရမည်ကို မသိဘဲ၊ ငိုင်တိုင်တိုင်ဖြစ်နေစဉ်၊ အမှုလိုက် အရာရှိက ဟယ်ဆလေဘက်မှ အကူအညီပေးရန် ပေါ်ထွက်လာခဲ့၏။

"အမှုနဲ့မဆိုင်တဲ့ မေးခွန်းကို တရားခံရှေ့နေက မေးနေပါတယ်။ ကျွန်တော် ကန့်ကွက်ပါတယ်"

အမှုလိုက် အရာရှိက ခုံရုံးသဘာပတိကြီးဘက်သို့ လှည့်၍ လျှောက်ထားလိုက်သည်တွင် စစ်ခုံရုံးအစိုးရ ရှေ့နေကြီးကလည်း အမှုလိုက်အရာရှိ၏ ကန့်ကွက်ချက်ကို မိမိထောက်ခံကြောင်းဖြင့် ထပ်မံ၍ လျှောက်လဲချက်ပေးလိုက်၏။

"ပီနန်နဲ့ ပတ်သက်ပြီး ကျွန်တော် မေးလိုက်တဲ့ မေးခွန်းဟာ ဒီအမှုနဲ့ ဘယ်လိုသက်ဆိုင်တယ်ဆိုတာ၊ နောက်တော့ ကျွန်တော် ရှင်းလင်းတင်ပြပါမယ်"

ဗိုလ်ကြီးဂျင်းနင်းက ခုံရုံးသဘာပတိကြီးအား ဤသို့ လျှောက်လဲချက်ပေးလိုက်ပြီးနောက် ကုလားထိုင်တွင် ထိုင်ချလိုက်၏။

ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့သည် သက်ပြင်းတစ်ချက်တည်းကို လေးလေးကြီးပင် မှုတ်ထုတ်မိလိုက်ကြ၏။

သင်္ဘောပထမအရာရှိ ဟင်ဒရစ်ကို တိုက်စစ်ဆင်သည့်အခါ၌ကား၊ ကျွန်တော်တို့၏ ရှေ့နေကြီး ဗိုလ်ကြီးဂျင်းနင်းက ပို၍ အောင်ပွဲဆင်လာနိုင်ခဲ့သည်။

နားရွက်ဖျားမှ မေးဖျားအထိ ရှိနေသော အမာရွတ်ကြီးက လည်းကောင်း၊ အမြဲမပြတ်လှုပ်ရှားကစား၍နေသော ဟင်ဒရစ်၏ မျက်လုံးများက လည်းကောင်း၊ ခုံရုံးအဖွဲ့ဝင်အရာရှိကြီးများနှင့် ပရိသတ်များက သူ့အပေါ်တွင် အထင်သေးအောင် ဖန်တီးပေးနေသကဲ့သို့ ရှိသည်ဟု ထင်ရ၏။

သို့တိုင်အောင် ဟင်ဒရစ်မှာ လွယ်လွယ်ဖြင့် အနိုင်တိုက်၍ ရလိုက်သော ရန်သူတစ်ဦးကားမဟုတ်။

ဗိုလ်ကြီးဂျင်းနင်းက မေးလိုက်သော မေးခွန်းမှာ ကက်ပတိန်ဟယ်ဆလေအား ထုတ်လိုက်သည့် မေးခွန်းများနှင့် တူယောင်ရှိများပင် ဖြစ်၏။ ဟင်ဒရစ်ထွက်



ဆိုချက်များမှာလည်း ဟယ်ဆလေနှင့် အကွာကြီး ကွာ၍နေခြင်းလည်း မရှိ။

သို့ရာတွင် ပီနန်သင်္ဘောအကြောင်းနှင့် ပတ်သက်၍ မေးခွန်းထုတ်လိုက်သောအခါ၌ကား၊ ဟင်ဒရစ်သည် ဟယ်ဆလေကဲ့သို့ ကြံ့ကြံ့ခိုင်၍ မနေနိုင်တော့ဘဲ ယိမ်းယိုင်လာသည်ကို တွေ့ရ၏။

"တရုတ်ပင်လယ်ထဲမှာ တချို့ကုန်သင်္ဘောတွေ၊ သင်္ဘောသားတွေနဲ့အတူ ရုံးရုံးမြုပ်သွားရတဲ့ အကြောင်းတွေမှာ ပီနန်သင်္ဘောရဲ့ လက်ချက်ပါဝင်တယ်ဆိုတာ ဟုတ်သလား"

ဟင်ဒရစ်က ပေးရမည့်အဖြေကို ရှာဖွေနေစဉ်မှာပင် ဗိုလ်ကြီးဂျင်းနင်းက ဒုတိယအကြိမ်မြောက် တိုက်စစ်ဆင်လိုက်ပြန်၏။

"မာမန့်ဆိပ်ကမ်းမှာ သုံးရောင်ခြယ်သင်္ဘောကို ဆိုက်ကပ်ထားတဲ့အချိန်မှာ ခင်ဗျားနဲ့အတူ သင်္ဘောသားတစ်ယောက်က အသက်ကယ်လှေတွေကို စစ်ဆေးပြုပြင်တယ်လို့ သိရတယ်။ ဘာတွေများ ပြုပြင်ခဲ့သလဲ"

"အတိအကျ ဘာရယ်လို့တော့ မဟုတ်ပါဘူး"

"ဘယ်နေရာမှာ ဘာကို အတိအကျ ပြုပြင်ခဲ့တယ်လို့ မပြောနိုင်ဘူးလား"

"အထွေထွေပြုပြင်မှုလောက်သာ ဖြစ်ပါတယ်။ အတိအကျရယ်လို့ မဟုတ်ပါဘူး"

"ခင်ဗျားနဲ့အတူတူ အထွေထွေပြုပြင်ရေးကို ဆောင်ရွက်ခဲ့တဲ့ သင်္ဘောသားက ဘယ်သူလဲ"

"ဂျူတ်ဆိုတဲ့ သင်္ဘောသားပါ"

ဗိုလ်ကြီးဂျင်းနင်းက ဟင်ဒရစ်အား မေးသော မေးခွန်းများမှာ ဤမျှသာ ဖြစ်၏။

သို့ရာတွင် ဂျူတ်အား ပြန်လှန်မေးခွန်းထုတ်ရန် အလှည့်သို့ ရောက်လာသော အချိန်၌ ရန်သူ့ခံစစ်ကြောင်းတွင် အပျော့ဆုံးနေရာကို ရွေး၍ တိုက်သော တိုက်စစ်မှူးကဲ့သို့ ဗိုလ်ကြီးဂျင်းနင်းက အစွမ်းကုန်ချေမှုန်းရေးတိုက်ပွဲကို ဆင်နွှဲလာလေသည်။

"မာမန့်ဆိပ်ကမ်းမှာ သင်္ဘောရပ်စဲနေတုန်းက အသက်ကယ်လှေတွေကို ပထမအရာရှိ ဟင်ဒရစ်နဲ့အတူ အထွေထွေပြုပြင်ရေးလုပ်ငန်းများ လုပ်ခဲ့တယ်ဆိုတာ ဟုတ်ပါသလား"

"ဟုတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"နာရီက အချိန်တွေကို ရွှေ့ထားခဲ့တယ်ဆိုတာကော ဟုတ်သလား။ ဒီလို ရွှေ့ထားခဲ့တဲ့အတွက် သုံးရောင်ခြယ်သဘော်ကြီး မိုင်းဖုံးထိတဲ့ အချိန်မှာ၊ ခင်ဗျားက သဘော်လက်ကိုင်ဘီးကို လှည့်ရတဲ့ တာဝန်ကို ယူထားရတဲ့အချိန်နဲ့ ကိုက်နေတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

ဂျူတ်၏ အမူအရာမှာ ထောင်ချောက်အတွင်းသို့ လှမ်း၍ဝင်မိသော သားကောင်သဖွယ် ဖြစ်နေလေသည်။

ဤအချက်ကိုပင် ဗိုလ်ကြီးဂျင်းနင်းက အခွင့်ကောင်းယူကာ အရေးကြီးသော မေးခွန်းတစ်ခုကို မေးလိုက်၏။

"ဒါထက်ခင်ဗျား ပီနန်သဘော်မှာများ သဘော်သားတစ်ယောက်အဖြစ် အလုပ်လုပ်ဖူးပါသလား"

ဤမေးခွန်းကို ကြားလိုက်ရသော ဂျူတ်၏ အမူအရာမှာ ကျားကိုမြင်လိုက်ရသော သားကောင်ကဲ့သို့ တုန်လှုပ်သွားသည်ဟု ထင်လိုက်ရ၏။

ဂျူတ်ကဲ့သို့သော လူမျိုးမှာ တရားရုံးများ၌ အထင်သေး အမြင်သေး ခံရတတ်သည့် ရုပ်လက္ခဏာ အင်္ဂါရှိသော အမျိုးအစားသာ ဖြစ်၏။

လက်ယာဘက် နားရွက်အပေါ်ပိုင်း ပြတ်ထွက်နေပြီး နားရွက်များမှ နေ၍ မေးဖျားအထိ ထင်းထင်းကြီးရှိနေသော အမာရွတ်က ဂျူတ်၏နောက်ရာဇဝင်ကို အမြဲအားဖြင့် ဖော်ထုတ်၍ ပြနေသကဲ့သို့ မှတ်ထင်ရ၏။

ဂျူတ်သည် ပီနန်သဘော်နှင့် ပတ်သက်၍ ခုံရုံးပေါ်တွင် မေးမြန်းခြင်းခံရမည်မဟုတ်ဟု ယူဆထားခဲ့ဟန်တူ၏။ သို့ဖြစ်၍လည်း ဗိုလ်ကြီးဂျင်းနင်းက ပီနန်သဘော်အကြောင်းနှင့် ပတ်သက်၍ မေးမြန်းလိုက်သောအခါ ဂျူတ်သည် ချုံခို၍ အတိုက်ခံလိုက်ရသကဲ့သို့ ဖြစ်နေလေသည်။

သို့ရာတွင် ဗိုလ်ကြီးဂျင်းနင်းအဖို့ အပြီးသတ် ချေမှုန်းရေး တိုက်ပွဲဆင်နွှဲနိုင်အောင် လက်နက်နှင့် ကျည်ဆန်က အားပျော့လျက် ရှိနေခြင်းပင် ဖြစ်၏။ ကျွန်တော်သည် ပီနန်သဘော်နှင့် ပတ်သက်၍ ထမင်းချက်ရဲဘော်ကြီးထံမှ အတင်းစကား အဖျင်းစကား အဖြစ်သာ ကြားခဲ့ရသည်ဖြစ်ရာ၊ အသေးစိတ်အကြောင်းအရာကို ဗိုလ်ကြီးဂျင်းနင်းအား ပြောမပြနိုင်ဘဲ ရှိနေခဲ့၏။ သို့ဖြစ်၍လည်း အပြီးသတ် ချေမှုန်းရေးတိုက်ပွဲဆင်နွှဲရန် စိတ်ဓာတ်ပြင်းထန်နေသော ဗိုလ်ကြီးဂျင်းနင်းမှာ အောင်ပွဲရလုနီးနီး အချိန်တွင်မှ တိုက်စရာ လက်နက်ဟူ၍ တစ်ခုမျှ မကျန်တော့ဘဲ မီးစာကုန် ဆီခန်းရတော့သည်။



အကယ်၍သာ ပီနန်သဘော်နှင့် ပတ်သက်၍ တိကျသော အသေးစိတ်အကြောင်းအရာများကို ကျွန်တော်တို့က သိရှိပြီး၊ ပျောက်ကွက်ဖြစ်သော ဂျူတ်အပေါ်တွင် ဖိ၍ တိုက်စစ်ဆင်ခဲ့လျှင် ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့သည် ဤအမှုမှ ကွင်းလုံးကျွတ်လွတ်၍ လာနိုင်သည်သာမက ကက်ပတိန်ဟယ်ဆလေနှင့် သူ၏ ကိုယ်ကျိုးသားအားလုံးမှာ နာခေါင်းကျည်ပွေ့ တွေ့သွားရမည်မှာ အမှန်ပင်ဖြစ်၏။

သို့သော် ပီနန်သဘော်နှင့် ပတ်သက်၍ ကျွန်တော်တို့က အသေးစိတ် အတိအကျ ဖော်ထုတ်နိုင်ခြင်း မရှိလေသောအခါ တိုက်စစ်မှူးဖြစ်သူ ဗိုလ်ကြီးဂျင်းနင်းမှာလည်း ရောက်သည့်နေရာတွင်ပင် တပ်စွဲ၍ ရပ်တန့်နေလိုက်ရတော့၏။

ဟယ်ဆလေ၏ ကိုယ်ကျိုးသား တစ်ဦးဖြစ်သော သဘော်သားအီဗန်ကိုမူ ဗိုလ်ကြီးဂျင်းနင်းက ပြန်လှန်မေးခွန်းထုတ်ရန် ခေါ်ယူခဲ့ခြင်း မရှိပါချေ။

စွဲချက်တင်သူဘက်မှ သက်သေများကို ကျွန်တော်တို့၏ တရားခံရှေ့နေကြီးက ပြန်လှန်မေးခွန်းများ ထုတ်ပြီးသောအခါ ကျွန်တော်တို့ဘက်မှ အပြစ်မရှိကြောင်း ဖော်ထုတ်နိုင်ရန် သက်သေများ တင်ပြရန်လိုလာသည်။

ဗိုလ်ကြီးဂျင်းနင်းက ကျွန်တော့်ကိုပင် တရားခံပြ ပထမသက်သေအဖြစ် ခုံရုံးတော်သို့ တင်သွင်းလိုက်၏။

ကျွန်တော်က တစ်စုံတစ်ခုမျှ မချန်မချွင်းဘဲ တွေ့ရှိသမျှအကြောင်းကို ထွက်ဆိုလိုက်သည်။

အမှတ်နှစ်အသက်ကယ်လှေတွင် ဝမ်းဗိုက်မှ ပျဉ်စပ်ငါးချောင်း ကျွတ်ထွက်နေကြောင်း ထွက်ဆိုရာ၌ အစိုးရရှေ့နေကြီးက ကျွန်တော့်အား ကြားဖြတ်မေးခွန်းတစ်ခုမေးလိုက်၏။

ထိုမေးခွန်းမှာ အမှတ်နှစ် အသက်ကယ်လှေကို ကျွန်တော်ကိုယ်တိုင် သွားရောက်စစ်ဆေးခြင်းပြုမပြုနှင့် ပြုရာတွင် လက်နှိပ်ဓာတ်မီးပါမပါဟူသော အချက်ကိုမူတည်၍ မေးခွန်းထုတ်ခြင်းပင် ဖြစ်သည်။

ပထမသက်သေအဖြစ် ကျွန်တော် ထွက်ဆို၍ ပြီးသောအခါ ဗိုလ်ကြီးဂျင်းနင်းက ရဲဘော်ကြီးကွတ်အား ဒုတိယ သက်သေအဖြစ် ခေါ်ယူလိုက်၏။

တတိယနှင့် နောက်ဆုံးသက်သေအဖြစ် မစ္စဂျနီဖာအား ခေါ်ယူစစ်ဆေးသည်။

ဤသို့ စစ်ဆေးရာတွင် ပို၍ လုံခြုံသော အသက်ကယ်လှေအစား ဘောင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပေါ်တွင် မစ္စဂျနီဖာက ကျွန်တော်တို့နှင့်အတူ လိုက်ပါလာချင်အောင် မည်သို့သော အခြေအနေမျိုးက ဖန်တီးလာကြောင်း ပေါ်လွင်ထင်ရှားအောင် ဗိုလ်ကြီးဂျင်းနင်းက စစ်မေးသွားသည်။

တရားလိုများ၏ စွဲချက်နှင့် တရားခံများ၏ ချေပချက်များကို စစ်ဆေးမေးမြန်း၍ ပြီးသောအခါ နှစ်ဖက်သော ရှေ့နေကြီးများ၏ လျှောက်လဲချက်များကိုသာ ခုံရုံးတရားသူကြီးများက ကြားနာရန် ကျန်ရှိတော့၏။

ခုံရုံးဘက်မှ လိုက်ပါဆောင်ရွက်ရသော အစိုးရရှေ့နေကြီးက စွဲချက်တစ်ခုလုံးကို ခြုံ၍ နောက်ဆုံးပိတ် အတိုချုပ်စွဲချက်ကို ခုံရုံးသဘာပတိကြီးအား လျှောက်လဲချက်ပေးလေသည်။

နေ့လယ် ၁၂ နာရီ ၁၅ မိနစ်တွင် ရုံးတော်အား ခေတ္တမျှ ရပ်နားလိုက်၏။

ယာယီအချုပ်ခန်းလေးထဲတွင် ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့က ကျွန်တော်တို့အမှုကို ခုံရုံးအဖွဲ့က မည်သို့ ဆုံးဖြတ်ချက်ပေးပါမည်နည်းဟု အတွေးကိုယ်စီဖြင့် ငြိမ်သက်လျက် ရှိနေကြ၏။

ဗိုလ်ကြီးဂျင်းနင်းက အမှုအတွက် ရှိသမျှ စွမ်းအားကို သုံး၍ လျှောက်လဲချေပခဲ့သည်မှာ အမှန်ပင်ဖြစ်၏။ သို့ရာတွင် ရုံးတော်မှာ အရပ်သား တရားရုံးမဟုတ်ဘဲ စစ်ခုံရုံးဖြစ်နေသောကြောင့် တစ်ကြောင်း၊ ကျွန်တော်တို့မှာလည်း စစ်မှုထမ်းများသာ ဖြစ်နေသောကြောင့် တစ်ကြောင်း ခုံရုံးအဖွဲ့ဝင် အရာရှိကြီးများသည် ကျွန်တော်တို့အပေါ်၌ တာဝန်နှင့် စည်းကမ်းဘက်ကသာ ဦးစားပေး စစ်ဆေးအကဲဖြတ်လိမ့်မည်ဟု တွေးရ၏။

ခဏအကြာတွင် အခန်းတံခါးပွင့်သွားပြီး ဂျနီဖာနှင့် သူ၏ ဖခင်က ကျွန်တော်တို့ ရှိရာသို့ ရောက်လာ၏။ သူတို့နှစ်ယောက်နောက်မှ ကပ်၍ ပါလာသူကား ရဲဘော်ကြီးကွတ်၏ ဇနီးပင် ဖြစ်၏။

ကျွန်တော်တို့သည် အမှုအကြောင်းကို မပြောကြဘဲ ရယ်စရာမောစရာများကိုသာ ပြောဆိုနေကြ၏။

တစ်နာရီထိုးရန် ဆယ့်ငါးမိနစ်အလိုတွင် ကျွန်တော်တို့အခန်းမှ ဧည့်သည်များကို အစောင့်စစ်ပုလိပ်က အခန်းပြင်ဘက်သို့ ထွက်ခွာသွားပါရန် မေတ္တာရပ်ခံလိုက်ပြီးနောက်၊ ကျွန်တော်တို့နှစ်ဦးအား ရုံးခန်းထဲသို့ ခေါ်ယူသွားပြန်သည်။

ခုံရုံးသဘာပတိကြီးက ကျွန်တော်တို့၏ အမှုနှင့် ပတ်သက်၍ ခုံရုံးအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုအာဏာပိုင်အဖွဲ့သို့ တင်ပြရမည် ဖြစ်ကြောင်း၊ အာဏာ



ပိုင်အဖွဲ့၏ အတည်ပြုချက်ကို ရသည့်အချိန်၌ ဆုံးဖြတ်ချက်ကို ကျွန်တော်တို့နှင့်တကွ အမှုနှင့် သက်ဆိုင်သူအားလုံး သိရှိစေရန် ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း ကြေညာလိုက်ပြီးနောက် ခုံရုံးတော်ကို ရပ်စဲလိုက်လေသည်။

နှစ်ပတ်ခန့်အကြာတွင် ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့အား စခန်းမှူးက ခေါ်၍ ခုံရုံးအာဏာပိုင်အဖွဲ့က အတည်ပြုလိုက်သော ဆုံးဖြတ်ချက်ကို ဖတ်ပြသည်။

ဆုံးဖြတ်ချက်အရ ကျွန်တော့်မှာ ထောင်ဒဏ်လေးနှစ်ကို အလုပ်ကြမ်းဖြင့် ကျခံရမည်ဖြစ်ပြီး ရဲဘော်ကြီးကွတ်မှာ သုံးနှစ်ကျခံရမည်ဟု သိရ၏။

ဤဆုံးဖြတ်ချက်ကို ကျွန်တော့်တစ်သက်တွင် မေ့နိုင်တော့မည် မဟုတ်ပါ။

ဒုတိယကမ္ဘာစစ်ကြီးက ပြီးဆုံးသည့်အချိန်သို့ ရောက်နေပြီ ဖြစ်သည်တိုင် ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့မှာ စစ်ကြီးက ပေးခဲ့သောအမွေကို 'ဒတ်မိုး' ထောင်ကြီးတွင် ခံရဦးတော့မည်ပါတကား။

❒

www.burmeseclassic.com

www.burmeseclassic.com

## (၉)

"ဒတ်မိုး" ဆိုသည်မှာ ဗြိတိန်နိုင်ငံတစ်ခုလုံးတွင် အရက်စက်ဆုံးအကြမ်းတမ်းဆုံး အညှာအတာကင်းမဲ့ဆုံး ထောင်ကြီးပင်ဖြစ်၏။ ပြစ်ဒဏ်ကို နှစ်ရှည်လများ ခံရမည့်သူများနှင့် စစ်အကျဉ်းသားများကို ချုပ်နှောင်ထားရာ စခန်းလည်း ဖြစ်သည်။ အပြစ်ဒဏ်ကြောင့် ထောင်ကျခံနေရသော စစ်ဘက်အမှုထမ်းသုံးရာခန့် ရှိသည်ဟု ကြားသိရ၏။

ထူးဆန်းနေသည်မှာ ဒတ်မိုးအကျဉ်းထောင်ကြီးအတွင်းတွင် ကလေးထောင်ကိုပါ ပူးတွဲထားရှိခြင်းပင်တည်း။

ကလေးထောင်ဟု ဆိုသော်လည်း၊ အသက်နှစ်ဆယ့်သုံးနှစ်အရွယ်အထိ လက်ခံထိန်းသိမ်းထားလေ့ ရှိသောကြောင့် လူကြီးထောင်နှင့် များစွာကွာခြားခြင်း မရှိ၊ ကလေးထောင်တွင် လူကြီးထောင်ထက် သက်သက်ညှာညှာ ရှိသည်မှာကား အမှန်ပင်ဖြစ်၏။

ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့အား ထိန်းသိမ်းထားသော ထောင်မှာ လူကြီးထောင်ပင် ဖြစ်၏။

ကျွန်တော်တို့အား စတင်ထိန်းသိမ်းထားခဲ့သော အချုပ်စခန်းမှ 'ဒတ်မိုး' ထောင်ကြီးအထိ အချုပ်ကားဖြင့် ခရီးအဆင့်ဆင့်လာခဲ့ရ၏။ ထောင်ထဲသို့ ရောက်လာသောအခါ ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့အား တစ်ခန်းစီခွဲ၍ ပိတ်ထားလိုက်၏။

ကျွန်တော်တို့သည် တစ်ယောက်တည်းသာ နေရသော အခန်းကျဉ်းလေး၌ အပြစ်ဒဏ် ကုန်ဆုံးသည့်အချိန်အထိ နေရဦးမည်ပါတကား။



အခန်းမှာ ခြောက်လှမ်းမျှသာရှည်၍ လေးလှမ်းမျှသာကျယ်သည်။ တံခါးတွင် သံမဏိသံတိုင်များ တပ်ဆင်ထားသည်။ တစ်ခုတည်းသာရှိသော ပြတင်းပေါက်တွင်လည်း သံတိုင်များ တပ်ဆင်ထားသည်။

ဤအခန်းကျဉ်းလေးထဲတွင် အကျင့်စာရိတ္တကောင်းသည့်အတွက် ရရှိမည့် လျှော့ရက်များကို နုတ်လိုက်ပါက၊ ကျွန်တော်သည် သုံးနှစ်ကျော်ကျော်နေရဦးမည် ဖြစ်၏။

သုံးနှစ်ခွဲဆိုသည်မှာ ရက်ပေါင်း တစ်ထောင်တစ်ရာနှစ်ဆယ် မဟုတ်လား။

နာရီအားဖြင့်ဆိုလျှင် နှစ်သောင်းခုနစ်ထောင်နှစ်ဆယ့်လေးနာရီ၊ မိနစ်အားဖြင့် ဆိုလျှင်...။

ကျွန်တော်သည် ဆက်၍မတွေးရဲတော့ဘဲ ငိုင်၍သာ နေမိ၏။ ဤအချိန်တွင်ပင် ကျွန်တော် အခန်းနံရံကို အခြားတစ်ဖက်မှနေ၍ တီးခေါက်လိုက်သော အသံတစ်ခုကို အဆက်မပြတ်ကြားလိုက်ရ၏။

ကြေးနန်းရိုက်ရာတွင် အသုံးပြုရသော မော့စ်အသံတည်း။ ကျွန်တော်မှာ အခြေခံကြေးနန်းရိုက်နည်းသင်တန်းသို့ တက်ခဲ့ဖူးသူတစ်ဦး ဖြစ်နေသောကြောင့် တစ်ဖက်မှ အချက်ပြ၍ ရိုက်ခတ်လိုက်သော အသံကို နားလည်နေ၏။ ကျွန်တော်ကလည်း ကျွန်တော်နှင့် မိတ်ဆက်သော အကျဉ်းသားထံသို့ သတင်းပြန်၍ ပို့လိုက်၏။

အခန်းကျဉ်းလေးထဲတွင် အထီးကျန်အဖြစ်ဖြင့် ရှိနေတော့သည် မဟုတ်ဘဲ ကျွန်တော့်မှာ အဖော်အလျော် အပေါင်းအသင်းနှင့် ရှိနေခြင်းမဟုတ်ပါလား။

ခဏအကြာတွင် ရဲဘော်ကြီးကွတ်ထံမှ ပေးပို့လိုက်သော ကြေးနန်းသတင်းက ကျွန်တော့်ဆီသို့ ကြားလူမှတစ်ဆင့်ရောက်ရှိလာ၏။ ကျွန်တော်နှင့် တစ်ခန်းခြားတွင် ရဲဘော်ကြီးကွတ်က ရှိနေသည်ဟုသိရ၏။ တစ်ထောင်လုံးတွင် ဤနည်းဖြင့် သတင်းပို့သတင်းယူလုပ်နေကြသဖြင့် ထောင်သားများမှာ အကြောင်း တစ်စုံတစ်ခု ထူးလျှင် ထူးချင်း ခဏအတွင်းတွင် သိရှိပြီး ဖြစ်နေကြတော့၏။

နေ့လယ်ဘက်တွင် ကျောက်တွင်းသို့သွားပြီး ကျောက်ခွဲသည့်အလုပ်ကို တစ်နေ့လုံးလုပ်ရ၏။ ပေါင်းသင်းဆက်ဆံရာ၌ လည်းကောင်း၊ နေထိုင်ရာ၌ လည်းကောင်း ကျွန်တော့် ဘဝအခြေအနေသည် အပြောင်းအလဲကြီး ပြောင်းလဲ၍ လာခဲ့၏။

ညဘက်တွင် စာဖတ်ခွင့်ကလေးရနေသောကြောင့်သာ ကျွန်တော့် အသိ

www.burmeseclassic.com



ဉာဏ် သည် ပျောက်ကွယ်သွားခြင်း မရှိဟုထင် ရ၏။ မည်သို့ပင် ဖြစ်စေ ခါးလှသော၊ ရင့်သီးလှသော လောကအတွေ့အကြုံကို ခိုလှုံသင်ကြားရာ တက္ကသိုလ်ကြီး ဖြစ်အောင် ကျွန်တော်က ကြိုးစားရ၏။ ဘဝရေဆန်ကို ဆန်တက်ရခြင်းမှာ ပင်ပန်းလှချေ၏ တကား။

ကျွန်တော်သည် အထက်လူကြီးဖြစ်သော အရာခံဗိုလ်ရန်ကင်း၏ အမိန့်ကိုလည်းကောင်း၊ ကက်ပတိန်ဟယ်ဆလေ၏ အမိန့်ကိုလည်းကောင်း မနာမခံဖီဆန်မှုန်ကန်သည့်အတွက် ဤဒတ်မိုး ထောင်ကြီးထဲသို့ ရောက်ခဲ့ရခြင်း ဖြစ်၏။ အကယ်၍သာ ကျွန်တော်တို့သည် အရာခံဗိုလ်ရန်ကင်း၏ အမိန့်ကိုလည်းကောင်း၊ ကက်ပတိန် ဟယ်ဆလေ၏ ညွှန်ကြားချက်ကို လည်းကောင်း လိုက်နာခဲ့ပါလျှင် ယခုကဲ့သို့ ဤထောင်ကြီးအထဲတွင် အပင်ပန်း အဆင်းရဲခံကာ အကျဉ်းသားဖြစ်နေရမည် မဟုတ်။

သို့ရာတွင် ကျွန်တော်တို့သည် နစ်မြုပ်သွားပြီးဖြစ်သော သုံးရောင်ခြယ်သင်္ဘောကြီးနှင့်အတူ၊ ပင်လယ်အောက်သို့ရောက်ကာ အသက်ပျောက်၍ နေမည်မှာ အမှန်ပင်ဖြစ်၏။

အကယ်၍သာ ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့က အရာခံဗိုလ်ရန်ကင်း၏ အမိန့်အတိုင်း မစ္စဂျူနီဖာနှင့်အတူ အမှတ်နှစ်အသက်ကယ်လှေပေါ်တွင် လိုက်ပါလာခဲ့လျှင် အရာခံဗိုလ်ရန်ကင်းသည်လည်း ကျွန်တော်တို့နှင့်အတူ တစ်လှေတည်းတွင် လိုက်ပါလာရမည်ဖြစ်ပြီး ကျွန်တော်တို့နှင့်တကွ အရာခံဗိုလ်ရန်ကင်းပါ ရေအောက်တွင် မြှုပ်နှံသင်္ဂြိုဟ်ပြီးသား ဖြစ်နေပေတော့မည်။

ကျွန်တော်က ပေးသည့်အမိန့်ကို ဖီဆန်၍သာလျှင် အရာခံဗိုလ်ရန်ကင်းသည် အမှတ်နှစ်အသက်ကယ်လှေတွင် လိုက်ပါသွားရခြင်းမရှိဘဲ ယနေ့အထိ အသက်နှင့်ကိုယ် မြဲ၍နေခြင်းမဟုတ်ပါလား။ အရာခံဗိုလ်ရန်ကင်းသည် ဤသို့ အသက်ရှင်နေရခြင်းအတွက် ကျွန်တော့်ကို နေ့စဉ်နှင့်အမျှ ဦးချ၍ ကျေးဇူးအထူးတင်နေထိုက်သူမဟုတ်ပါလား။ ယခုမူ ကျွန်တော်တို့အား ထောင်ထဲသို့ ဆွဲ၍ သွင်းသူမှာ သူပင် ဖြစ်နေချေသည်။

အမှုအကြောင်းကို တွေးမိသည့်အခါတိုင်း အရာခံဗိုလ်ရန်ကင်းအပေါ်တွင်သာ အငြိုးကြီး၍လာခဲ့၏။ သူနှင့် ကျွန်တော်တို့သည် ဘဝတူစစ်သည်တော်များ ဖြစ်ပါလျက် ဘဝတူချင်းအပေါ်တွင် မထောက်မညာ ပြုရက်နိုင်သည်မှာလည်း အရာခံဗိုလ်ရန်ကင်း၏ လူမဆန်သော စိတ်နေစိတ်ထားကြောင့်သာဖြစ်၏။



အလုပ်ကြမ်းကို လုပ်ရ၍ ပင်ပန်းလာသည့်အခါတိုင်း၊ အစားအသောက်ကောင်းကောင်းမစားနိုင်၍ မကျေမနပ်ဖြစ်ရသည့်အခါတိုင်း အရာခံဗိုလ်ရန်ကင်းကိုသာ ထောင်မှပြေးထွက်၍ သတ်လိုက်ချင်စိတ်ပေါ်လာ၏။

ကျွန်တော်ကဲ့သို့ ကိုယ်လွတ်လက်လွတ် ရဲဘော်တစ်ဦးက အရာခံဗိုလ်ရန်ကင်း အပေါ်တွင် ဤမျှအငြိုးကြီးနေလျှင် အိုးနှင့် အိမ်နှင့် သားနှင့် မယားနှင့်ရှိနေသော ရဲဘော်ကြီးကွတ်က မည်မျှအငြိုးကြီး၍ နေပါမည်နည်း။

အမှုအကြောင်းကို တွေးလိုက်တိုင်း ဒေါသလှိုင်းထ၍ လာတတ်သဖြင့် ကျွန်တော်သည် ပထဝီသမိုင်းနှင့် စက်မှုလက်မှု သိပ္ပံစာအုပ်များကို များများဖတ်၍ မေ့ပျောက်အောင် ကြိုးစားပစ်ရ၏။

သတင်းစာမဂ္ဂဇင်းများမှ ပဟေဠိများကိုလည်း ဖြေဆိုခြင်းအားဖြင့် ကျွန်တော့် စိတ်အာရုံကို လွှဲပြောင်းပေးရသည်။

ဂျူနီဖာထံသို့ စာများ မှန်မှန်ရေး၍ ကျွန်တော့်စိတ်ကို ဖြေဖျောက်ရ၏။ ဤသို့အားဖြင့် ကျွန်တော့်မှာ ပြင်ပကမ္ဘာကြီးနှင့် အဆက်မပြတ်ဘဲ နောက်ဆုံးဖြစ်ပေါ်နေသော သတင်းများကို သိကျွမ်းနားလည်ခွင့် ရရှိနေလေသည်။

ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့ကလည်း ကျွန်တော်တို့ အခန်းကြားတွင်ရှိနေသော ထောင်ကျရဲဘော်ကြီး 'ဆန်ဒီ' ထံမှ တစ်ဆင့် အဆက်အသွယ်ကောင်းစွာ ရရှိနေကြ၏။ တစ်ခါတစ်ခါ အလုပ်တစ်ခုထဲတွင် ကျွန်တော်တို့ အတူတူတာဝန်ကျသောအခါလည်းရှိတတ်၏။ ဤအချိန်များတွင် ကျွန်တော်တို့က တတ်အားသမျှ မိမိတို့ရရှိသည့်သတင်းကို ဖလှယ်လေ့ရှိကြ၏။

ကျွန်တော်တို့ အခန်းနှစ်ခုကြားမှ ထောင်ကျ ရဲဘော်ကြီးဆန်ဒီမှာ ယခင်က ဘုရင့်စက်မှုလက်မှုအင်ဂျီနီယာတပ်တွင် အမှုထမ်းခဲ့သူဖြစ်သည့်အပြင် ထောင်ထဲသို့ ရောက်နေသည်မှာလည်း ကျွန်တော်တို့ထက် များစွာစော၍ နေသူဖြစ်သည့်အလျောက် ကျွန်တော်တို့အား များစွာအကူအညီပေးနိုင်သူဖြစ်၏။

သတင်းစာနှင့် မဂ္ဂဇင်းများကို ထောင်ထဲသို့ သွင်းခွင့်မရှိသော်လည်း ရဲဘော်ကြီးဆန်ဒီက သူ့နည်းဖြင့်သူ အကြံအဖန်လုပ်၍ ယူတတ်၏။ သတင်းစာ မဂ္ဂဇင်းများမှာ ကျွန်တော်တို့ထံသို့ အချိန်မီရောက်ရှိမလာနိုင်သော်လည်း ထုတ် သည့်နေ့မှ အများဆုံး ငါးရက်ဆယ်ရက်ခန့်အကြာတွင် အမြဲတမ်းရောက်လာ လေ့ရှိသည်။

ဒတ်မိုးထောင်ကြီးထဲသို့ ရောက်ရှိပြီးနောက် တစ်နှစ်ခန့်ကြာသောအခါတွင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အဖို့ အလွန်ထူးခြားသော သတင်းတစ်ခုကို သတင်းစာတစ်စောင်တွင် တွေ့လိုက်ရ၏။

ထိုနေ့ကား မတ်လ (၇) ရက်နေ့တည်း။

၁၉၄၆–ခု မတ်လ (၇) ရက်နေ့။

သက်ဆိုင်ရာ ဝါဒါများက အချုပ်ခန်းများကို စစ်ဆေး၍ ပြီးသွားသည် တစ်ပြိုင်နက် ကျွန်တော့်ထံသို့ ရောက်ရှိနေသော လန်ဒန်ထုတ်သတင်းစာတစ်စောင်ကို ကောက်ယူဖတ်ကြည့်လိုက်၏။

သတင်းစာမှာ နှစ်ရက်ခန့်နောက်ကျ၍နေသော်လည်း ကျွန်တော်အဖို့မူ အသစ်သာဖြစ်နေ၏။

မျက်နှာဖုံးမှ သတင်းများကို ဖတ်ပြီးနောက် အမှတ်နှစ်စာမျက်နှာသို့ လှန်လိုက်သောအခါ သုံးရောင်ခြယ်ဟူသော ခေါင်းစည်းကလေးတစ်ခုက ကျွန်တော့်ကို ကျဉ်စက်ဖြင့် တို့လိုက်သကဲ့သို့ တုန်လှုပ်သွားစေသည်။

သတင်းမှာ ရှည်ရှည်လျားလျားမဟုတ်သော်လည်း ကျွန်တော်အဖို့ အလွန်တရာ စိတ်ပါဝင်စားဖွယ်ကောင်းသော သတင်းတစ်ပုဒ် ဖြစ်နေချေသည်။

**စစ်ကြီးပြီးနောက်**
**ပထမဆုံးအကြိမ်**
**ရတနာသိုက်ကို ရှာဖွေခြင်း**

သုံးရောင်ခြယ်ဟူသော ခေါင်းစဉ်အောက်တွင် အထက်ပါ ခေါင်းစည်းကလေးက ဆင့်ဆင့်သွယ်တန်းလျက် ရှိနေ၏။ ပြီးမှ–

'သုံးရောင်ခြယ်သင်္ဘော ကက်ပတိန်က ငါးသိန်းကျော်တန် ငွေချောင်းများကို ဆယ်ယူမည်ဆိုခြင်း' ဟု စာလုံးမည်းကလေးများဖြင့် ဖော်ပြထားသည်ကို ဖတ်ရ၏။

ဆက်လက်ပါရှိသော သတင်းကို ဖတ်ရှုလိုက်သောအခါ ကျွန်တော့် တစ်ကိုယ်လုံးမှာ နတ်ပူးသကဲ့သို့ တုန်၍နေလေသည်။

နယူးကာဆယ်မြို့။ အင်္ဂါနေ့။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ငါးသိန်းကျော်တန် ငွေချောင်းများနှင့်အတူ ရုန်သူ့မိုင်းဗုံးထိ၍ ဘာရင့်ပင်လယ်အတွင်းတွင် နစ်မြုပ်သွားသော သုံးရောင်ခြယ်သင်္ဘောကို ထိုစဉ်အခါက ကက်ပတိန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသော သီယိုဒိုဟယ်ဆလေက ဆယ်ယူမည်ဟု သိရှိရကြောင်း။



သုံးရောင်ခြယ်သင်္ဘောသည် တန်ချိန်ငါးထောင်ရှိသော ကုန်သင်္ဘောဖြစ်ပြီး ရုရှားနိုင်ငံမှ ငါးသိန်းကျော်တန်သော ငွေချောင်းများကို အခြားကုန်ပစ္စည်းများနှင့် အတူ တင်ဆောင်ပြီး ၁၉၄၅ ခု မတ်လ (၄) ရက်နေ့မှအစပြု၍ အင်္ဂလန်နိုင်ငံသို့ ခင်္ကုဖျက်သင်္ဘောဦးစီးရေယာဉ်အုပ်စုဖြင့် လာခဲ့ရာတွင် ဘာရင့်ပင်လယ်အတွင်း တစ္ဆမ်ဆိုနှင့် အနောက်မြောက် မိုင်သုံးရာအကွာခန့်တွင် ရန်သူ့မိုင်းဗုံးထိ၍ မတ်လ (၅) ရက်နေ့သို့ အကူးတွင် နစ်မြုပ်သွားခြင်း ဖြစ်ကြောင်း။

သင်္ဘောနစ်မြုပ်ရာတွင် အသက်မသေ ကြွင်းကျန်နေသော ကက်ပတိန်ဟယ်ဆလေက အပေါင်းအပါ အချို့နှင့်အတူ ရန်ပုံငွေ များထည့်ဝင်လျက် သင်္ဘောနှင့်အတူ နစ်မြုပ်သွားသော ငွေချောင်းများကို ဆယ်ယူရန်အတွက် ကုမ္ပဏီလီမိတက်တစ်ခု ဖွဲ့စည်းခဲ့ရာ ထိုကုမ္ပဏီလီမိတက်၏အမည်ကို သုံးရောင်ခြယ် ပြန်လည်ဆယ်ယူရေးလီမိတက်ဟု ခေါ်တွင်စေခဲ့ကြောင်း။

ကက်ပတိန်ဟယ်ဆလေဦးစီးသော ကုမ္ပဏီလီမိတက်အဖွဲ့ဝင်များက ငွေချောင်းများဆယ်ယူရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် ဘုရင့်ရေတပ်မတော်မှ စစ်အတွင်းက အသုံးပြုခဲ့သော ဆွဲသင်္ဘောတစ်စင်းကို ဝယ်ယူခဲ့ကြောင်း၊ ယခုအချိန်တွင် အဆိုပါ ဆွဲသင်္ဘောကို တိုင်းနီဆိုက်သင်္ဘောကျင်း၌ နောက်ဆုံးပေါ် ခေတ်မီရေငုပ်ကိရိယာများ တပ်ဆင်လျက်ရှိကြောင်း၊ သင်္ဘောပျက်ကို အထူးတလည် ထောက်လှမ်းရှာဖွေနိုင်သော ခေတ်မီကိရိယာကိုလည်း တပ်ဆင်ပြီးဖြစ်ကြောင်း။

ကျွန်ုပ်တို့၏သတင်းထောက်က မုန်တိုင်းဟု အမည်ပေးထားသော အထက်အဆိုပါ ဆွဲသင်္ဘောပေါ်သို့ တက်ရောက်၍ ရှာဖွေရေးကို ခေါင်းဆောင်မည့် ကက်ပတိန်ဟယ်ဆလေနှင့် သွားရောက်တွေ့ဆုံ၍ ရှာဖွေရေးလုပ်ငန်းနှင့် ပတ်သက်၍ ကိုယ်တိုင်ကိုယ်ကျ စုံစမ်းမေးမြန်းခဲ့ကြောင်း"

သုံးရောင်ခြယ်သင်္ဘော ရန်သူ့မိုင်းထိ၍ နစ်မြုပ်သွားသည်မှာ ယနေ့ မတ်လ (၇) ရက်နေ့ဆိုလျှင် တစ်နှစ်တင်းတင်းပြည့်သည့်နေ့ ဖြစ်ကြောင်း၊ ကျွန်ုပ်တို့သတင်းထောက်က တစ်နှစ်တင်းတင်းပြည့်သည့်နေ့တွင် ဤသို့ လာရောက်တွေ့ဆုံသည့်အတွက် ဝမ်းသာကြောင်းဖြင့် ကက်ပတိန်ဟယ်ဆလေက ပြောကြားကြောင်း။

ကက်ပတိန်ဟယ်ဆလေမှာ ကိုယ်လုံးကိုယ်ထည် သေးသော်လည်း ချောင်းချက်သော မုတ်ဆိတ်မွေး၊ စူးရှသော မျက်စိအစုံတို့ကြောင့် ထက်မြက်ဖျတ်လတ်သူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးဟု ယူဆရကြောင်း။"

သုံးရောင်ခြယ်ပေါ်တွင် ငါးသိန်းကျော်တန်သော ငွေချောင်းများ တင်ဆောင်လာသည့်အချက် လျှို့ဝှက်ကိစ္စတစ်ခုအနေဖြင့် ယခုအချိန်တွင် ဖုံးထားရန် လိုတော့မည် မထင်ကြောင်း၊ သုံးရောင်ခြယ် နစ်မြုပ်သွားသောနေရာမှာ ကျောက်တန်းများ ပတ်ပတ်လည်ရံလျက်ရှိသော နေရာတွင် ဖြစ်နေသောကြောင့် အချိန်ကြာလာသည်နှင့်အမျှ ရေမှာတိမ်၍လာမည်ဟု မျှော်လင့်ရကြောင်း၊ ဤကျောက်တန်းအတွင်းတွင်ပင် သုံးရောင်ခြယ်သည် ယခုအထိ ရှိနေလိမ့်မည်ဟု မျှော်လင့်ကြောင်း၊ စစ်အတွင်းတွင် တိုးတက်လာသော ရေငုပ်ကိရိယာများ၊ နည်းလမ်းများကြောင့် အကယ်၍သာ သုံးရောင်ခြယ်သည် မျှော်မှန်းထားသည့် နေရာ၌ ယခုတိုင်ရှိနေလျှင် ရန်သူ့လက်ချက်ကြောင့် ဆုံးရှုံးသွားရသော ငါးသိန်းကျော်တန် ငွေချောင်းများကို မိမိ ခေါင်းဆောင်သောအဖွဲ့က ဆယ်ယူရရှိနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်းဖြင့် ကက်ပတိန်ဟယ်ဆလေက ကျွန်ုပ်တို့ သတင်းထောက်အား ပြောပြလိုက်ကြောင်း။

သုံးရောင်ခြယ်သင်္ဘောမှ ပျောက်ဆုံးသွားသော ငါးသိန်းကျော်တန် ငွေချောင်းများကို ပြန်လည်ရယူရန် ကြိုးစားခြင်းမှာ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက် ပထမအကြိမ် ရတနာသိုက်တူးဖော်ရေးလုပ်ငန်းပင်ဖြစ်ကြောင်း။

ကက်ပတိန်ဟယ်ဆလေက သုံးရောင်ခြယ်နစ်မြုပ်ရာတွင် သူနှင့်အတူ အသက်မသေ ကြွင်းကျန်နေပြီး ယခုရှာဖွေရေးလုပ်ငန်းတွင်လည်း အတူတကွ လက်တွဲလျက်ရှိသော သူ၏အရာရှိနှစ်ဦးနှင့်လည်း ကျွန်ုပ်တို့၏ သတင်းထောက်အား မိတ်ဆက်ပေးခဲ့ကြောင်း။

စကော့အမျိုးသား ပက်ဟင်ဒရစ်မှာ တုတ်တုတ်ခိုင်ခိုင် ကျင်ကျင် လည်လည် ရှိပုံရကြောင်း မုန်တိုင်းသင်္ဘော၏ ပထမအရာရှိဖြစ်ကြောင်း။

လိုင်ယိုနယ်ရန်ကင်းမှာ ဒုတိယအရာရှိဖြစ်လျက် ဘုရင့်ရေတပ်မတော်တွင် ဆယ့်လေးနှစ်တိုင်တိုင် အရာခံဗိုလ်အဖြစ် အမှုထမ်းနေရာမှ နုတ်ထွက်လာခဲ့ပြီး မုန်တိုင်းသင်္ဘောတွင် ဒုတိယအရာရှိအဖြစ် တာဝန်ယူထားသူဖြစ်ကြောင်း။ သင်္ဘောသားများတွင် သုံးရောင်ခြယ်နစ်မြုပ်စဉ်က အသက်မသေဘဲ ကျန်နေရစ်ခဲ့သော ရဲဘော်ရဲဘက်နှစ်ဦးလည်း ပါဝင်ကြောင်း။

သုံးရောင်ခြယ်သင်္ဘောနစ်မြုပ်စဉ်က အသက်မသေ ကြွင်းကျန်နေခဲ့ပြီးနောက်၊ ပင်လယ်ထဲတွင် အသက်ကယ်လှေကလေးတစ်စင်းဖြင့်သာ နှစ်ဆယ့်



တစ်ရက်တိုင်တိုင် မျောပါနေခဲ့သူများသည် သင်္ဘောကြီးနှင့်အတူ ပျောက်ဆုံးနစ်မြုပ်သွားသော ငါးသိန်းကျော်တန်သည့် ငွေချောင်းများကို အမွေအဖြစ် ဆက်ခံသိမ်းပိုက်သင့်သည်ဟု ထင်မြင်မိကြောင်းနှင့် ကက်ပတိန်ဟယ်ဆလေက ကျွန်ုပ်တို့ သတင်းထောက်အား ပြောပြလိုက်ကြောင်း။

မုန်တိုင်း ရှာဖွေရေးသင်္ဘောသည် ပြင်ဆင်မှုများ အစစအရာရာပြီး စီးသွားပါက ဧပြီလနှစ်ဆယ့် နှစ်ရက်နေ့တွင် ဆိပ်ကမ်းမှထွက်ခွာလျက် ရှာဖွေရေးလုပ်ငန်းကို စတင်မည်ဟု သိရှိရကြောင်း။

ရှာဖွေရေးလုပ်ငန်းတွင် မည်သူက ငွေကြေးထောက်ပံ့မှုများ ပြုလုပ်လာသလဲဟူသော မေးခွန်းကို ကက်ပတိန်ဟယ်ဆလေက ဖော်ထုတ်ရန် ငြင်းဆိုပြီး သုံးရောင်ခြယ်နစ်မြုပ်ရာတွင် အသက်မသေ ကြွင်းကျန်နေသော ပုဂ္ဂိုလ်ငါးဦးကသာ တတ်နိုင်သမျှ ငွေကြေးထည့်ဝင်လျက် ရှာဖွေရေးလုပ်ငန်းကို စီစဉ်လုပ်ကိုင်ခဲ့ခြင်းဖြင့် ပြောပြလိုက်ကြောင်း။

ဤသတင်းကို အကြိမ်ပေါင်းတစ်ထောင်ခန့် ထပ်၍ထပ်၍ ကျွန်တော်က ဖတ်နေမိသည်။ ကြာတော့ သတင်းတွင်ပါရှိသော စာလုံးတိုင်းကိုပင် အလွတ်ရလာသကဲ့သို့ ဖြစ်လာသည်။

သတင်းစာထဲမှ စာလုံးများကို တစ်လုံးစီတစ်လုံးစီရွတ်ရင်း ကက်ပတိန်ဟယ်ဆလေနှင့် အပေါင်းပါတို့၏ အစီအစဉ် နောက်ကွယ်တွင် မည်ကဲ့သို့သော ဉာဏ်နီဉာဏ်နက်များရှိနေသနည်းဟု စဉ်းစားမိသည်မှာလည်း ကျွန်တော့် ခေါင်းဝင် ကွဲထွက်လုမတတ် ရှိနေ၏။

အသက်ကယ်လှေတစ်စင်းတည်းတွင် အတူတူလိုက်ပါခဲ့သော ငါးယောက်သော သူတို့သာလျှင် ရှာဖွေရေးလုပ်ငန်း၌ ပါဝင်ခဲ့သည်မှာ ထူးဆန်းသလို ဖြစ်နေ၏။

"ဟယ်ဆလေ၊ ဟင်ဒရစ်၊ ရန်ကင်း၊ ဂျူတ်၊ အီဗန်"

ဖောင်ပေါ်တွင် ရဲဘော်ကြီးကွတ်၊ မစ္စဂျန်နီဖာနှင့် ကျွန်တော်တို့ သုံးယောက်က တက်၍ စီးနင်းလိုက်ပါလာခဲ့စဉ် နစ်မြုပ်အံ့ဆဲဆဲသုံးရောင်ခြယ်ပေါ်၌ နောက်ဆုံး ကျန်နေရစ်ခဲ့သူငါးယောက်မှာ ဤငါးယောက်ပင်ဖြစ်၏။

ယခု ဤငါးယောက်က နစ်မြုပ်သွားသော သုံးရောင်ခြယ်တွင် တင်ဆောင်လာခဲ့သည့် ငါးသိန်းကျော်တန် ငွေချောင်းများကို ရှာဖွေမည်ဟု တစ်နှစ်ကျော်ကြာပြီးခါမှ တစ်စခန်းထလာပြန်၏။ ဤသည်မှာလည်း ထူးဆန်းသလို ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။

တောင်ဘက်အရပ်သို့ ခုနစ်ရက်အတွင်းတွင် ရောက်လာသင့်ပါလျက် ပင်လယ်ထဲတွင် နှစ်ဆယ့်တစ်ရက်တိုင်တိုင် အသက်ကယ်လှေတစ်စင်းဖြင့် မျော ပါ၍ နေခဲ့သည်ဟု ဆိုသူများမှာလည်း ဤငါးယောက်ပင် ဖြစ်သည်။

ရဲဘော်ကြီးကွတ်နှင့် ကျွန်တော်တို့အား ဒုတ်မိုးထောင်ကြီးအတွင်းသို့ အတင်းသွင်းခဲ့သူများမှာလည်း ဤငါးယောက်ပင်ဖြစ်သည်။

ဤငါးယောက်သည် တစ်နှစ်ခန့်ကြာလာသည့်တိုင်အောင် အဘယ်ကြောင့် တပူးတွဲတွဲ ရှိနေပါသနည်း။

အရာခံဗိုလ်ရန်ကင်းဆိုလျှင် ဆယ့်လေးနှစ်တိုင်တိုင် အမှုထမ်းခဲ့သော ဘုရင့်တပ်မတော်မှ ထွက်လာခဲ့၏။ သင်္ဘောသားဂျူတ်နှင့် အီဗန်တို့ဆိုလျှင်လည်း ကမ္ဘာအနှံ့အပြားသွားလာနေသော သင်္ဘောများပေါ်တွင် ရောက်ရှိနေကာ ကျွန် သုံးဦးနှင့် ကွဲ၍နေရမည်မှာ မမှုတာပင်ဖြစ်၏။

ယခုမူ ဤငါးယောက်သောသူတို့သည် သုံးရောင်ခြယ်သင်္ဘောနစ်မြုပ် သွားသော အချိန်မှစ၍ တစ်နှစ်ခန့်ကြာသော ယခုအချိန်အထိ တပူးတွဲတွဲ မကွဲ မကွာ ရှိနေနိုင်ခြင်းမှာ ထူဆန်းအံ့သြဖွယ်ကောင်းလေစွ။

တစ်ကျိတ်တည်းတစ်ဉာဏ်တည်းရှိနေခဲ့သော လူလိမ်လူကောက်ငါးယောက် က ငွေချောင်းများ ရှာဖွေရေးလုပ်ငန်းတွင် အတူတကွ ရှိနေခဲ့ခြင်းမှာ နစ်မြုပ်သွား သည်ဟု ဆိုသော ငွေချောင်းများကို ပြန်လည်ရရှိရန် သေချာသလောက်ရှိနေသော ကြောင့်သာ ဖြစ်ရမည်ဟု ကျွန်တော်က စဉ်းစားမိ၏။

ငွေချောင်းများ ရှာဖွေရေးလုပ်ငန်းတွင် ကက်ပတိန်ဟယ်ဆလေနှင့် သင်္ဘော ပထမအရာရှိ ဟင်ဒရစ်တို့ အတူတကွ ပါဝင်နေခြင်းကို မည်သို့မျှ သံသယဖြစ်ဖွယ် မရှိသော်လည်း ရေတပ်မတော်တွင် ဆယ့်လေးနှစ်တိုင်တိုင် အမှုထမ်းနေခဲ့သော အရာခံဗိုလ်ရန်ကင်း၊ ကမ္ဘာအနှံ့အပြား ပင်လယ်ရှိရာ ဒေသများတွင် ရောက်ရှိနေ သင့်သော ဂျူတ်နှင့် အီဗန်က၊ အင်္ဂလန်တွင်ပင် ဟယ်ဆလေတို့နှင့် အတူရှိနေ ခဲ့ခြင်းမှာ ဆက်စပ်၍မရသော အကြောင်းအချက်များသာ ဖြစ်နေ၏။

ငါးယောက်အတူ ပူးတွဲ၍နေခြင်းမှာ တစ်ယောက်ကိုတစ်ယောက် စိတ် မချရသောကြောင့် ဖြစ်တန်ရာ၏။ နစ်မြုပ်သွားသည်ဟုဆိုသော သုံးရောင်ခြယ် မှာလည်း တစ်နေရာတွင် ချောင်ထိုး၍ ဖုံးကွယ်လျှို့ဝှက်ထားသည်ဟု ဆိုလျှင် မှားနိုင်ပါမည်လား။



အတွေးပေါင်း ထောင်သောင်းများစွာက ကျွန်တော့်ခေါင်းထဲတွင် စုပြုံ ဝင်ရောက်လာကြ၏။

မုန်တိုင်းသင်္ဘောတွင် ရှိနေသော လူငါးယောက်အနက်၊ ရန်ကင်းမှလွဲ၍ ကျန်လူလေးယောက်မှာ ပီနန်သင်္ဘောတွင် တပူးတတွဲရှိနေခဲ့ကြသူများ မဟုတ် လား။

ပီနန်အကြောင်းကို တွေးမိလျှင် အမှတ်နှစ်အသက်ကယ်လှေပေါ်၌ အထက် အရာရှိ၏ အမိန့်အတိုင်း လိုက်ပါသွားရင်း ပင်လယ်ရေအောက်တွင် အသက် ပျောက်၍ သေရသော ရဲဘော်ကလေးဆီးနှင့် ထမင်းချက်ရဲဘော်ကြီးတို့၏ မျက်နှာ ကို ကွက်ခနဲ မြင်ယောင်လာမိ၏။

အရာခံဗိုလ်ရန်ကင်းနှင့် ကက်ပတိန်ဟယ်ဆလေတို့သည် အမှတ်နှစ် အသက်ကယ်လှေတွင် လိုက်ပါသွားသူများကို သာမက အမှတ်တစ်အသက်ကယ် လှေတွင် ကက်ပတိန်၏ ညွှန်ကြားချက်အမိန့်အတိုင်း လိုက်ပါသွားသော သင်္ဘော သားများ၏ အသက်ကိုလည်း သွေးအေးအေးဖြင့် ပရိယာယ်ဆင်၍ သက်ဖြတ်ခဲ့ ခြင်းမှာ ဖြစ်နိုင်စရာကောင်းသော အချက်တစ်ချက်ပင် မဟုတ်လား။

နစ်မြုပ်သွားသော သုံးရောင်ခြယ်သင်္ဘောနှင့်အတူ ပျောက်ဆုံးနေသည့် ငါးသိန်းကျော်တန်ငွေများကို ရှာဖွေရန်အတွက် ဟယ်ဆလေတို့လူစုက ငွေစု ဆောင်း၍ ရေတပ်မတော်မှ ဆွဲသင်္ဘောတစ်စင်းကို ဝယ်ယူခဲ့သည်ဟုဆို၏။

ဆွဲသင်္ဘောတစ်စင်းသည် ပေါင်နှစ်သောင်းမှ သုံးသောင်းအထိ တန်ဖိုး ရှိမည်ဖြစ်ရာ ဤမျှ များပြားသောငွေကို ဟယ်ဆလေတို့ လူစုက အဘယ်ကဲ့သို့ ရရှိနိုင်ပါမည်နည်း။

ဆွဲသင်္ဘောကို ဝယ်ယူပြီးနောက် နောက်ထပ်တပ်ဆင်ရမည့် ရေငုပ်ကိရိယာ များ ရေအောက်ရှာဖွေရေးကိရိယာများအတွက်လည်း ကုန်ကျစရာ အများအပြား ပင် ရှိနေသေး၏။

ဟယ်ဆလေ၊ ဟင်ဒရစ်၊ ရန်ကင်း၊ ဂျူတ်၊ နှင့် အီဗန်တို့ ငါးယောက်က ဤမျှများပြားသောငွေကို စုဆောင်းထည့်ဝင်နိုင်ကြပါမည်လား။

ရှာဖွေရေးလုပ်ငန်းတွင် နောက်ပိုင်းမှ နေ၍ ငွေကြေးထောက်ပံ့သူအမည် ကို ကက်ပတိန် ဟယ်ဆလေက ဖော်ထုတ်ရန် ငြင်းဆိုပြီး မိမိတို့ငါးယောက်ထံသာ စုဆောင်းရှာဖွေ ထည့်ဝင်ကြသည်ဟု ပြောဆိုခြင်းမှာလည်း ယုတ္တိတန်သော အကြောင်းအချက်တစ်ခုပင် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



ပီနန်သင်္ဘောကိုစီး၍နေစဉ်က လုယက်တိုက်ခိုက်ရရှိခဲ့သော ကျောက်သံပတ္တမြားများကို ထုခွဲရောင်းချခြင်းဖြင့် ဟယ်ဆလေတို့ လူစုသည် ပင်လယ်အောက်ရှာဖွေရေးလုပ်ငန်းကို ဆောင်ရွက်နိုင်မည်မဟုတ်လား။

သုံးရောင်ခြယ်နှစ်မြှုပ်သွားပြီးနောက် တစ်နှစ်ခန့်ကြာသည့်တိုင်အောင် ဟယ်ဆလေတို့လူစုက ဓာတ်မြှုပ်၍ နေခဲ့ခြင်းမှာလည်း ထူးခြားသော အချက်တစ်ချက်ဟု ကျွန်တော် စဉ်းစားမိ၏။

သတင်းစာတွင်ပါသော အကြောင်းအရာကို အခန်းချင်းကပ်နေသော စက်မှုလက်မှုတပ်မှ ရဲဘော်ကြီးဆန်ဒီမှတစ်ဆင့် အခြားတစ်ဖက်ရှိ ရဲဘော်ကြီးကွတ်ထံသို့ ကျွန်တော်က တစ်ညလုံးကြေးနန်းရိုက်သည့်စနစ်ဖြင့် သတင်းပို့၍နေမိ၏။

နောက်တစ်နေ့နံနက် အရုဏ်တက်၍ လာသည်နှင့် တစ်ပြိုင်နက် ကျွန်တော်က ဒတ်မိုးထောင်ကြီးကို တစ်နည်းအားဖြင့် ဖောက်ထွင်း၍ ပြေးရန်ဆုံးဖြတ်လိုက်၏။

အပြစ်မဲ့သော ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့ကိုသာမက ကျွန်တော်တို့နှင့် သက်ဆိုင်သော ဆွေမျိုးမိဘများနှင့်တကွ သက်ဆိုင်ရာ အပေါင်းအသင်းတို့ကိုပါ မတရားနှိပ်စက်ညှဉ်းပန်းခဲ့သော အရာခံဗိုလ်ရန်ကင်းထံမှ အမှန်တရားကိုလည်းပင် ညှစ်၍ ထုတ်ပြီးနောက် ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့တွင် အပြစ်မရှိကြောင်း တစ်နိုင်ငံလုံးသို့ ကြေညာရန်တည်း။

ရန်ကင်းထံမှ လည်မျိုကိုညှစ်၍ အမှန်တရားကို ဖော်ထုတ်ရမည့် လုပ်ငန်းမှာ မုန်တိုင်းသင်္ဘောက နယူးကာဆယ်မှ မထွက်ခွာမီ ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ကြောင်းကိုလည်း ကျွန်တော်နားလည်သည်။

တစ်နှစ်နီးပါးခန့် နေလာခဲ့ရသော ဒတ်မိုးထောင်ကြီးက ကျွန်တော့်အား အရာခံဗိုလ်ရန်ကင်း၏ ကိုယ်ခန္ဓာတစ်ခုလုံးရှိ အကြောအခြင် အရိုးအသား မှန်သမျှကို စိစိညက်ညက် ကြေအောင် ချေနိုင်သော ခွန်အားနှင့် သန်မာဖျတ်လတ်မှုကို ပေးထား၏။

ကျွန်တော်၏ တစ်ခုတည်းသော ရည်မှန်းချက်မှာ မုန်တိုင်းသင်္ဘောနယူးကာဆယ်မှ မထွက်ခွာမီ ရန်ကင်းအား အရှင်လတ်လတ်တွေ့ဖို့ပင်ဖြစ်၏။

ရန်ကင်းကိုသာ တွေ့လိုဇောအားကြီးနေသဖြင့် လေးဖက်လေးတန် ပိတ်ရံကာဆီးထားရုံမျှမက ယက္ခကုမ္ဘာဏ်များ စောင့်ကြပ်နေသကဲ့သို့သော ထောင်



အစောင့်အကြပ်များ၊ ကင်းလှည့်နေသော ပုလိပ်များ၊ အနံ့ခံ၍လိုက်တတ်သော စစ်ခွေးများပါ တစ်ခဲနက်ရှိနေသော တရားဥပဒေဆိုင်ရာ အစောင့်အရှောက်များကြားမှလွတ်မြောက်ထွက်ပြေးမည့် နည်းလမ်းကိုမူ ကျွန်တော်က မစဉ်းစားမိခဲ့။

နောက်တစ်နေ့နံနက်တွင် သက်ဆိုင်ရာအလုပ်ခွင်သို့ မဆင်းမီ ကိုယ့်အစုနှင့်ကိုယ် ထောင်ကွက်လပ်တွင် တန်းစီရသည့်အချိန်တွင်မှ မြင့်မားထူထဲသော အုတ်နံရံကြီးများကို ကြည့်ရင်း စိတ်မောသွား၍ သွားမိ၏။

ဒတ်မိုးထောင်ကြီးမှ မည်ကဲ့သို့ လွတ်မြောက်နိုင်ပါမည်နည်း။

ကျွန်တော့်အား ပြန်လည်ဖမ်းဆီးမိခြင်းမရှိအောင် ထောင်ဝတ်ထောင်စားများကို အရပ်ဝတ်အရပ်စားများဖြင့် ပထမဆုံးလဲရန်လိုသည်။ ထိုနောက် နယူးကာဆယ်သို့ သွားရန်အတွက် ငွေလိုသည်။

အရပ်ဝတ်အရပ်စားနှင့် ငွေများမရရှိမီ မြင့်မား၍ ထူထဲလှသော ထောင်ကြီး၏ နံရံတစ်ဖက်ဖက်ကို ကျော်ထွက်နိုင်ဖို့က အရေးကြီးဆုံးမဟုတ်လား။ ထောင်ကြီးအတွင်းတွင် တွဲဖက်ထားရှိသော ဘော်စတယ်ကလေးထောင်မှ အချို့ကလေးများ ထောင်နံရံပေါ်မှကျော်၍ ထွက်ပြေးသွားကြသည့် သတင်းများကို ကျွန်တော်တို့ မကြာခဏပင် ကြားနေရ၏။

သို့ရာတွင် ထောင်တွင်းမှ တစ်နည်းနည်းဖြင့် အပြင်သို့ရောက်သွားသူများမှာ မကြာခင်ပင် ထောင်ထဲသို့ ပြန်လည်ရောက်ရှိလာသည်ဟူသည် သတင်းများကိုလည်း ကျွန်တော်တို့က ကြားစမြဲဖြစ်၏။

ဒတ်မိုးထောင်ကြီး ပတ်ပတ်လည်တွင် ကုန်းပြင်မြင့်များနှင့် သစ်ပင်များရှိသော်လည်း ဤသစ်ပင်များအကြားတွင် ပုန်းအောင်း၍နေရန်မှာ ထင်သလောက်လွယ်ကူခြင်းမရှိ။ အနံ့ကို သိသော စစ်ခွေးများက ထွက်ပြေးသူ၏နောက်သို့ တကောက်ကောက်လိုက်၍ လာတတ်သလို လမ်းဆုံလမ်းခွနှင့် မီးရထားဘူတာရုံများတွင် ညအချိန်များ၌ အမြဲတစေကင်းလှည့်၍နေသော ပုလိပ်ကားများကလည်း ဒတ်မိုးထောင်ကြီးက လည်းကောင်း၊ ဘော်စတယ်ကလေးထောင်မှလည်းကောင်း တစ်နည်းနည်းဖြင့် လွတ်မြောက်လာသူများကို လမ်းဆုံလမ်းလေးခွမှနေ၍ ပြန်လည်ဖမ်းမိသွားတတ်သည်မှာလည်း ရိုးနေသော ကိစ္စတစ်ခုကဲ့သို့ ဖြစ်နေလေသည်။

ဤသို့ဆိုလျှင် ကျွန်တော်သည် ဒတ်မိုးထောင်ကြီးမှ နယူးကာဆယ်ဆိပ်ကမ်းရှိ မုန်တိုင်းသင်္ဘောရှိရာသို့ ဧပြီလ (၂၂) ရက်နေ့ မတိုင်မီ မည်သို့ရောက်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါတော့မည်နည်း။

မြေကိုလှူး၍ မိုးကိုပုံ့ရအောင်ကလည်း ကျွန်တော့်မှာ နဂါးလည်းမဟုတ်၊ ဝိဇ္ဇာဓော်ဂျီ တပသီလည်းမဟုတ်၊ လူသားစင်စစ်ဖြစ်သော ဒုတပ်ကြပ်ဟောင်း တဒီသာလျှင် ဖြစ်နေချေ၏။

မည်သို့ပင်ဖြစ်စေ၊ ကျွန်တော်ကတော့ အကြံကို နည်းနည်းကလေးမျှ မလျှော့။

တရားကို နတ်စောင့်သည်ဟုပင် ဆိုရမည်လား။ လုံ့လထုတ်သောသူအား နတ်ကစောင့်မည်ဟု ဆိုရသည်လားမသိ။ ကျွန်တော်တို့ကို ထိုနေ့နံနက်တွင်ပင် သက်ဆိုင်ရာ ထောင်မှူးကလေးက ထောင်အဆောင်အအုံအချို့ကို ဆေးသုတ်ရသော ဂိုဏ်းတွင် ထည့်ပေးလိုက်၏။ ကျွန်တော်တို့ဆိုသည်မှာ ကျွန်တော်နှင့် ရဲဘော်ကြီး ကွတ်အပြင် ကျွန်တော်တို့အကြား၌ ဆက်သွယ်ရေးတာဝန်ကို ယူထားသော စက်မှု လက်မှုတပ်တွင် အမှုထမ်းခဲ့ဖူးသည့် ရဲဘော်ကြီးဆန်ဒီပင်ဖြစ်၏။

ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့က ဆေးသုတ်ရသည့် ဂိုဏ်းကလေးတွင် ပါဝင်ပြီး ရဲဘော်ကြီးဆန်ဒီက ကျွန်တော်တို့လုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသော စက်မှုလက်မှု ဂိုဏ်းကွဲလေးတွင် တာဝန်ချထားခြင်းခံရသည်။

ကျွန်တော်တို့ ဆေးသုတ်လုပ်ငန်းကို ဆောင်ရွက်ရသောနေရာမှာ ဒုတ်မိုး ထောင်ကြီး၏ အရှေ့ဘက်ပိုင်း တစ်စိတ်တစ်ဒေသဖြစ်၏။ ဤနေရာတွင် ဆေးဘူး များ၊ ဆေးသုတ်သည့် ကိရိယာများ၊ လက်သမား တန်ဆာပလာများနှင့် ဆေးသုတ် ရာတွင် မရှိမဖြစ်သည့် လှေကားများ ရှိနေ၏။

လှေကားများမှာ အဆောက်အအုံ အနိမ့်အမြင့်အတိုင်း အရွယ်အစားစား ပြုလုပ်ထားခြင်းဖြစ်ရာ အချို့လှေကားများမှာ ထောင်ကြီး၏နံရံအထိပင် ရှည် လျားနေသည်ကို ကျွန်တော်က စိတ်ဖြင့် တိုင်းထွာ၍သိရှိပြီး ဖြစ်၏။

နေ့လယ်ပိုင်းအချိန်တွင် ဆေးသုတ်လုပ်ငန်းကို တစ်နေ့လုံးလုပ်ကိုင်ပြီး နောက် လှေကားများကို ဂိုဒေါင်အတွင်းသို့ပြန်၍ သွင်းရာတွင် ကျွန်တော်က ဆေးသုတ်ရာ၌ အသုံးပြုရသော ပွဲ့လျက်စိုလက်သီးဆုပ်ခန့်ကို ကျွန်တော့်အိတ်ထဲ၌ ထည့်၍ယူလာခဲ့၏။

ကျွန်တော့်အခန်းသို့ ပြန်ရောက်သောအခါ ဘောင်းဘီအိတ်ထဲတွင် ထည့် ၍ယူခဲ့သော ပွဲ့လျက်စိုကို ကျွန်တော့်တွင် အသင့်ရှိနေသော ဆေးတံသောက် ဆေးဘူးခွံကလေးတစ်ခုထဲသို့ အစိုမပျက်စေရန် ထည့်၍ ထားလိုက်၏။



ထိုညတွင်ပင် တစ်ဖက်ခန်းရှိ ရဲဘော်ကြီးဆန်ဒီထံသို့ ကြေးနန်းရိုက်၍ သတင်းပို့လိုက်၏။ သော့ပုံစံတစ်ခုကို ပွဲ့လျက်စိုတွင် ယူထားသည့်အတိုင်း ပကတိသော့တစ်ချောင်း လုပ်ပေးနိုင်ပါမည်လားဟူသော သတင်းပင် ဖြစ်၏။

ရဲဘော်ကြီးဆန်ဒီက လုပ်ပေးနိုင်ကြောင်း၊ သော့ပုံစံကိုသာရလျှင် နှစ်ရက် အတွင်း ပြီးစီးအောင် ပြုလုပ်ပေးနိုင်ကြောင်းဖြင့် သတင်းပြန်ပို့လိုက်၏။

ကျွန်တော်သည် အတော်ပင် ဝမ်းသာ၍ သွားမိလေသည်။

နောက်တစ်နေ့တွင် ဆေးသုတ်ဂိုဏ်း၌ပင် ကျွန်တော်တို့ တာဝန်ကျ၏။

ထောင်ကြီး အရှေ့ဘက်ခြမ်းရှိ အဆောင်အအုံများကို ဆေးသုတ်နေစဉ် မှာပင် ဆေးနှင့်ရော၍ ဖျော်စပ်ရသော တာပင်တိုင်ပုလင်းများ ကုန်သွား၏။

ကျွန်တော့်မှာ ထောင်သားများအထဲတွင် လျှော့ရက်အများဆုံးရထားသည် သာမက အကျင့်စာရိတ္တရော အလုပ်အကိုင်ပါ ကောင်းသည်ဟု မှတ်ချက်ချထား ခြင်းခံရသူဖြစ်သောကြောင့် ကြီးကြပ်ရသော ထောင်ဝါဒါက ကျွန်တော့်အား ဂိုဒေါင်ထဲတွင် တာပင်တိုင်ပုလင်းများ သွားယူရန် အမိန့်ပေးလိုက်ပြီး သူ့ခါးမှ သော့တွဲကြီးကိုပါ ဖြုတ်၍ ကျွန်တော်ရှိရာသို့ ပစ်ပေးလိုက်၏။

ဤသော့တွဲကြီးထဲတွင် ကျွန်တော်တို့ အချုပ်ခန်းရှိရာ အဆောင်မှ ဂိုဒေါင်အတွင်းသို့ ဝင်ရောက်နိုင်သော တံခါးကို ဖွင့်နိုင်သည့် သော့တစ်ချောင်း ပါဝင်သည်ကို ကျွန်တော်ကသိပြီး ဖြစ်၏။ ဤသော့ဖြင့်ပင် ကျွန်တော်ကိုယ်တိုင် လွန်ခဲ့သည့်ရက်မှစ၍ ဖွင့်ခဲ့ရသည်မဟုတ်လား။

ကျွန်တော်တို့အဆောင်နှင့် ဂိုဒေါင်ကြားတွင် ရှိသော တံခါးကိုသာ ဖွင့်နိုင် လျှင် ဂိုဒေါင်အတွင်းတွင် ထားသော လှေကားကို ကျွန်တော်တို့က အလွယ်တကူ ရရှိနိုင်မည်ဖြစ်၏။

ဂိုဒေါင်မှာ ဟင်းလင်းပွင့်လျက်ရှိနေခြင်း မဟုတ်သော်လည်း ခတ်ထား သော သော့မှာ ရမ်ရရာ သံချောင်းကလေးတစ်ချောင်းဖြင့် ဖွင့်ရုံမျှဖြင့် ပွင့်သွားသော သော့ပင်ဖြစ်သည်။ ဤအကြောင်းကိုလည်း ကျွန်တော်က သိရှိပြီးဖြစ်၏။

ကျွန်တော့်ရှေ့မှောက်သို့ ကျရောက်လာသော သော့တွဲကို ကောက်ယူလိုက် ပြီး ကျွန်တော်က ခြေလှမ်းမှန်မှန်ဖြင့် တံခါးရှိရာသို့ ထ၍ လာခဲ့၏။

နောက်တစ်နေ့ နံနက်တွင် ကျွန်တော်တို့ အချုပ်ခန်းများကို ဆေး[illegible] သည့်အချိန်အတွင်း ပွဲ့လျက်စိုတွင် သော့တူပုံစံနှိပ်ထားသော ဆေး[illegible] များ မမြင်အောင် ရဲဘော်ကြီးဆန်ဒီလက်ထဲသို့ ကျွန်တော်က [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အကြံကို မသိသော ရဲဘော်ကြီးကွတ်က

'ကျုပ်တို့နှစ်ယောက်ကြားမှာ အဆက်အသွယ်လုပ်လို့ ဆန်ဒီကို ဆေးဘူး တစ်ခုနဲ့ ပူဇော်တာလားဗျ'ဟုပင် ကျွန်တော်ကို တီးတိုးလှမ်း၍ နောက်နေ၏။

ကျွန်တော်က အတိုးဆုံးနည်းဖြင့် ကျွန်တော့်အကြံကို ပြောပြလိုက်၏။

ရဲဘော်ကြီးကွတ်က စိတ်အားထက်သန်စွာဖြင့် မေးလိုက်၏။

"ပထမအရေးအကြီးဆုံးက ရဲဘော်ကြီးဆန်ဒီဆီက သော့တူရဖို့ပဲ"

ကျွန်တော့် စကားကို ရဲဘော်ကြီးကွက်က ခဏမျှ စဉ်းစားနေပြီး

'သောကြာနေ့ညမှာ ကလေးထောင်က အကောင်တွေ ထောင်ထမယ်လို့ ကြားနေရတယ်။ ထောင်ထမယ့်အချိန်က ညရှစ်နာရီတိတိပဲ။ ဒီအချိန်ကလေးနဲ့ ကပ်ပြီး ကျုပ်တို့လစ်ထွက်နိုင်ရင်တော့ အကောင်းဆုံးပဲ'ဟု ပြောလိုက်၏။

ဤအချိန်တွင်ပင် ဝါဒါတစ်ယောက်က ကျွန်တော်တို့ အနီးသို့ ရောက်လာသဖြင့် စကားပြောရပ်ကာ အလုပ်ကိုသာ မဲ၍လုပ်နေလိုက်ကြ၏။

နောက်တစ်နေ့မှာ ကြာသပတေးနေ့ဖြစ်၏။ ဆေးသုတ်ဂိုဏ်းတွင် ယခင်နေ့များကကဲ့သို့ အလုပ်လုပ်ပြီးနောက် ထောင်ထဲသို့ ရောက်လာသောအခါ ဆန်ဒီထံမှ သော့တူကို ရရှိခဲ့၏။

ကြာသပတေးနေ့ညတွင်ပင် ဘော်စတယ်ကလေးထောင်မှ ထောင်သားအချို့ သောကြာနေ့ ညရှစ်နာရီတိတိအချိန်တွင် ထောင်ထမည့်အကြောင်း ထပ်မံ၍ သတင်းရသည်။

သို့ဖြစ်၍ ရဲဘော်ကြီးကွတ်အား သောကြာနေ့ ညရှစ်နာရီမထိုးမီ ဆယ့်ငါးမိနစ်ခန့်အလိုတွင် ထောင်ကြီးမှ ထွက်ပြေးရန် ရဲဘော်ကြီးဆန်ဒီမှ တစ်ဆင့် သတင်းပို့လိုက်၏။ အရေးကြီးသော သော့တူကိုလည်း ရရှိထားပြီ ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်၏။

ကြာသပတေးနေ့ ညတစ်ညလုံး ကျွန်တော်က အိပ်မပျော်။

အမျိုးမျိုးသော အတွေးများက ကျွန်တော့်ခေါင်းထဲသို့ ဝင်နေ၏။

ကျွန်တော့်မှာ အပြစ်ဒဏ်ကို တစ်နှစ်မျှခံခဲ့ရပြီးပြီ ဖြစ်သော်လည်း နောက်ထပ် သုံးနှစ်ကျော်ကျော်ကြာအောင် ဤဒတ်မိုးထောင်ကြီးတွင် နေရမည့်သူဖြစ်၏။ ရဲဘော်ကြီးကွတ်အဖို့ ဆိုလျှင် အပြစ်ဒဏ်၏ သုံးပုံတစ်ပုံကို ခံခဲ့ရပြီးဖြစ်သောကြောင့် လျှော့ရက်များနှင့်ဆိုလျှင် နောက်ထပ်တစ်နှစ်ကျော်ကျော်လောက်သာ နေရတော့မည်ဖြစ်၏။ အကယ် ထောင်မှထွက်ပြေးသွားသော ကျွန်တော်တို့ နှစ်



ယောက်အား သက်ဆိုင်ရာက ဖမ်းမိသွားလျှင် တစ်ကိုယ်တည်းသမားဖြစ်သော ကျွန်တော့်အဖို့ သန်းခေါင်ထက် အပြင် ညဥ့်နက်မည် မဟုတ်သော်လည်း ရဲဘော်ကြီးကွတ်အဖို့ မှာမူ သားနှင့်မယားနှင့်ဖြစ်သောကြောင့် လှုပ်လေ မြုပ်လေဖြစ်မည်ကိုလည်း တွေး၍ ပူပန်နေမိ၏။

မည်သို့ပင်ဖြစ်စေ၊ ရဲဘော်ကြီးကွတ်က ကျွန်တော်နှင့်သေလိုသေ၊ ရှင်လိုရှင် အတူလိုက်မည်ဟု ပြောထားသောကြောင့် သူ့အား မည်သည့်နည်းနှင့်မျှ ချန်ထား၍ မဖြစ်ဟုလည်း စဉ်းစားမိပြန်၏။

အိပ်၍မပျော်နိုင်တိုင်း တစ်ဖက်ခန်းရှိ ရဲဘော်ကြီးဆန်ဒီကို နှိုးကာ ကွတ်ထံ ကျွန်တော့်စိတ်တွင် ပေါ်လာသမျှ အတွေးကို သတင်းပို့၍ နေမိ၏။

မနက်ဖြန် သောကြာနေ့ည ခုနစ်နာရီလေးဆယ့်ငါးမိနစ်အချိန်တွင် ထောင်မှထွက်ပြေးရန် စီစဉ်ထားသည့်တိုင်၊ မည်သို့ မည်ပုံပြေးမည်ဟု တိကျသော အစီအစဉ်ကား ယခုတိုင်မရှိသေး။

ဤသို့မရှိသေးသည့်အကြောင်းကိုလည်း ရဲဘော်ကြီးဆန်ဒီထံ သတင်းပို့လိုက်၏။

နှစ်ကြီးသမားဖြစ်သည့်အတိုင်း ရဲဘော်ကြီးဆန်ဒီက ကျွန်တော့်အား အစီအစဉ်တစ်ခုကို ပြောပြလိုက်၏။

"နက်ဖြန်ညနေ ညနေစာ ထမင်းစားပြီးတဲ့ အကျဉ်းသားနှစ်ဆယ်လောက်ကို မီးသွေးဂိုဒေါင်က မီးသွေးတွေကို ထောင်မကြီးမှာရှိတဲ့ ဂိုဒေါင်ကို အရောက်သယ်ဖို့ တာဝန်ပေးထားတဲ့ ဂိုဏ်းကလေးတစ်ဂိုဏ်းရှိတယ်။ အဲဒီဂိုဏ်းမှာ ကျုပ်ရဲ့ ရဲဘော်တစ်ယောက်ပါနေတယ်။ ညနေ(၆)နာရီ လောက်မှာ လုပ်ရမယ့် အလုပ်ပဲ။ အလုပ်ကတော့ တစ်နာရီခွဲကနေပြီး နှစ်နာရီလောက်ထိ ကြာလိမ့်မယ်။ ကျုပ်နဲ့ ကျုပ်ရဲဘော်က အခန်းထဲမှာပဲ ကျန်နေရစ်ခဲ့မယ်။ ခင်ဗျားနဲ့ ခင်ဗျားရဲဘော်ကြီးက ကျုပ်တို့နှစ်ယောက်အစား အဲဒီဂိုဏ်းထဲမှာ လိုက်သွားပါ"

"သက်ဆိုင်ရာ ထောင်ဝါဒါက ကျုပ်တို့ နာမည်တွေကို ခေါ်ရင် ခင်ဗျားတို့နှစ်ယောက် ကျုပ်တို့ကိုယ်စား ထူးပေးပါ"

"အခန်းထဲမှာ ကျုပ်တို့နှစ်ယောက်က နေမကောင်းချင်ယောင်ဆောင်ပြီး နေရစ်ခဲ့မယ်။ ထောင်ဝါဒါလာမေးရင် ကျုပ်တို့ နှစ်ယောက်က နေမကောင်းလို့ အခန်းထဲမှာပဲ ကျန်ရစ်ခဲ့တယ်။ ကျုပ်တို့အစား ခင်ဗျားတို့နှစ်ယောက်လို့ထင်ပါသွား တယ်ဆိုပြီး ဖြေလွှတ်လိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ထွက်ပြေးသွားပြီးတဲ့နောက် ကျန်သမျှ ဘေးဒဏ်ကိုတော့ ကျုပ်နဲ့ ကျုပ်ရဲဘော်ကြီးက ကုန်းပြီး ခံပါ့မယ်။ စိတ်ချ လက်ချသာ ထွက်ပေတော့"

ရဲဘော်ကြီးဆန်ဒီ၏ အကြံပေးချက်မှာ ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်အဖို့ အားတက်စရာပင် ဖြစ်၏။

သောကြာနေ့သို့ ရောက်သောအခါ ကျွန်တော်နှင့်ရဲဘော်ကြီးကွတ်တို့က လုပ်နေကျ ဆေးသုတ်သည့် အလုပ်ဂိုဏ်းတွင်ပင် ဣန္ဒြေရရ လုပ်ကိုင်ကြ၏။

အလုပ်ချိန်စေ့၍ ပင်မထောင်ကြီးသို့ ရောက်သောအခါ၌လည်း ပုံစံဖြင့် ကျွေးသော ထမင်းကို ခါတိုင်းကဲ့သို့ပင် စားကြ၏။

သို့သော် ခြောက်နာရီထိုးရန် မိနစ်အနည်းငယ်လိုသောအချိန်၌မူ ကျွန်တော်တို့သည် ကျောက်မီးသွေးသယ်ရမည့် ဂိုဏ်းထဲသို့ ရောက်ရှိနေကြပြီး ဖြစ်လေသည်။

ခြောက်နာရီထိုးပြီးနောက် ငါးမိနစ်ကြာသောအချိန်၌မူ ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့သည် အခြားသော ဂိုဏ်းသားများကဲ့သို့ ဂုန်နီအိတ်ထဲတွင် မီးသွေးများကို လောင်းထည့်ရင်း စေ့ရောက်လာတော့မည်ဖြစ်သော အချိန်နာရီကို တစောင့် စားစားနှင့် ဖြစ်နေမိကြ၏။

ရဲဘော်ကြီးကွတ်က ဂုန်နီအိတ်အဝနှစ်ဖက်ကို လက်ဖြင့် ကိုင်ထားသည်။ ကျွန်တော်က ဘောင်းတစ်ခုဖြင့် ကျုံး၍ မီးသွေးများကို အိတ်ထဲသို့ လောင်းထည့်နေ၏။

"သော့တူ...ရပြီလား ဗာဒီ"

ကျွန်တော်က စကားတစ်ခွန်းမျှ မပြောဘဲ ခေါင်းညိတ်၍ပြလိုက်၏။

အမှောင်ထုက တစ်စတစ်စ သိပ်သည်းလာ၏။ နှင်းမြူများကလည်း ပို၍ ညည့်နက်လာသည့်အတိုင်း သဲသဲမဲမဲ ကျဆင်းနေ၏။

တရားကို နတ်စောင့်သည်ဟူသော စကားမှာ ကျွန်တော်တို့အဖို့ မှန်ကန်လှသည်ဟု ဆိုရမည်ဖြစ်၏။

ရာသီဥတုအခြေအနေကပင် ကျွန်တော်တို့ ဘက်မှပင်း၍နေလေသည် တကား။

ကျွန်တော်က လက်မှနာရီကို ကြည့်လိုက်၏။

နောက်ထပ်လေးဆယ့်ငါးမိနစ်အကြာတွင် ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့၏ စွန့်စားခန်းသည် စပေတော့မည်။

❐

(၁၀)

လေးဆယ့်ငါးမိနစ်သောအချိန်မှာ ကြာလွန်းလှသည်ဟု ထင်မိ၏။

မီးသွေးများကို ဂုန်နီအိတ်များတွင် ထည့်ပြီးနောက် ကားပေါ်သို့ တင်ရ၏။ တင်ပြီးသမျှ မီးသွေးအိတ်များကို မလှမ်းမကမ်းရှိ အဆောင်များသို့ သွား၍ ဖြန့်ဝေပေးရသည်။ ဤသို့ဖြန့်ဝေပေးပြီးမှ ပင်မထောင်ကြီးအတွင်းသို့ မီးသွေးအိတ်များကို သယ်ဆောင်၍ သွားရမည်ဟု သိရ၏။

မလှမ်းမကမ်းရှိ အဆောင်များသို့သွား၍ မီးသွေးအိတ်များကို ဖြန့်ဝေပေးလိုက် ဂိုဒေါင်ကြီးသို့လာ၍ မီးသွေးအိတ်များကို တင်လိုက်ဖြင့် ကျွန်တော်တို့ တစ်တွေမှာ အလုပ်များနေကြ၏။ သို့ရာတွင် ကျွန်တော့် မျက်စိကမူ လက်တွင် ပတ်ထားသောနာရီကိုသာ မကြာခဏ သတိပြုလျက် ရှိနေလေသည်။

နေမင်း၏ အလင်းရောင်က တဖြည်းဖြည်း မှေးမှိန်၍လာကာ ငွေမှုန်စလေးနှင့်တူသော နှင်းဖွေးဖွေးကလေးများ ကျစပြုလာ၏။

မီးသွေးအိတ်များကို ဖြန့်ဝေပေးပြီးနောက် ဂိုဒေါင်ကြီးရှိရာသို့ တတိယအကြိမ်မြောက် ပြန်၍ ရောက်လာသည့်အချိန်တွင် အမှောင်ထုက မင်းမှုလျက်ရှိနေပေပြီ။

ငွေနှင်းမှုန်တို့ကလည်း ဘော်ငွေရောင်စောင်ကြီးကိုဖြန့်၍ ခင်းထားသကဲ့သို့ ကျဆင်းနေ၏။

ရဲဘော်ကြီးကွတ်က ကျွန်တော့်လက်ကို သူ့တံတောင်ဆစ်ဖြင့် တွန်းလိုက်ရင်း–

'အချိန်မစေ့သေးဘူးလား' ဟု တိုးတိုးသံဖြင့် မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် ဂုန်နီအိတ်များတွင် မီးသွေးများကိုလောင်း၍ ထည့်နေရခြင်းဖြစ်ရာ ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်မှာ စောစောကဲ့သို့ပင် တစ်တွဲတည်းတွဲလျက် ရှိနေကြခြင်းဖြစ်၏။

ကျွန်တော်က လက်မှနာရီကို ရဲဘော်ကြီးကွတ် မြင်သာအောင် ပြလိုက်၏။ ခုနစ်နာရီမိနစ်လေးဆယ်တိတိ ရှိနေပေပြီ။

"ကျုပ်အနားမှာကပ်နေ။ ဝါဒါလစ်တာနဲ့ တစ်ပြိုင်နက်ပြေးကြရအောင်"

ကျွန်တော်က ရဲဘော်ကြီးကွတ်အား နှုတ်ခမ်းလှုပ်ရုံမျှသောအသံဖြင့် ပြောလိုက်ပြီးနောက် မီးသွေးအိတ်များကို ကားပေါ်သို့ ပစ်၍တင်နေသည်။

ခဏအကြာတွင် မီးသွေးအိတ်များ တင်ထားသော လော်ရီကားကြီးက ခပ်လှမ်းလှမ်းရှိ အဆောင်တစ်ခုရှိရာသို့ ထွက်လာခဲ့၏။

အကျဉ်းသားများက သက်ဆိုင်ရာအဆောင်သို့ ကားပေါ်မှ မီးသွေးအိတ်များကို သယ်၍ ပို့နေစဉ် ကျွန်တော်တို့ကို ကြီးကြပ်ရသော ဝါဒါက ဘွိုင်လာရှိသောအခန်းထဲသို့ ဝင်သွားပြီး မီးသွေးအိတ်များကို မည်သို့မည်ပုံချထားရန် အစီအစဉ်ပြုလုပ်ပေးနေ၏။

ကျွန်တော်သည် မီးသွေးအိတ်တစ်အိတ်ကို ထမ်း၍ ဘွိုင်လာခန်းထဲသို့ ဝင်သွားသည်။ မီးသွေးအိတ်ကို ဝါဒါညွှန်ပြသောနေရာ၌ ထားခဲ့ပြီး လော်ရီကားရှိရာသို့ ပြန်လာကာ၊ ရဲဘော်ကြီးကွတ်၏ နောက်ဘက်နားတွင် ရပ်လိုက်သည်။

"ပြေးကြစို့၊ ဖိနပ်ချွတ်ထားခဲ့"

ကျွန်တော်တို့သည် ဖိနပ်ကို ကားပေါ်သို့ ပစ်တင်၍ထားခဲ့ပြီးနောက် မှောင်ရိပ်ခိုကာ မီးသွေးဂိုဒေါင်မှ အလှမ်းကွာသောနေရာသို့ ခပ်သွက်သွက်ကလေးပင် လျှောက်လာခဲ့ကြ၏။

ကားမီးရောင်က ကျွန်တော်တို့နှင့် ဆန့်ကျင်ဘက်အရပ်တွင် ထိန်လျက်ရှိပြီး အဆောင်အထပ်ထပ် ပြတင်းပေါက်သံတိုင်များအကြားမှ မီးရောင်ကမှိန်ကျင်ကျင်ဖြစ်နေ၏။

အမှောင်ရိပ်ကျသည့်နေရာတွင် ခဏမျှ ရပ်လိုက်ကြပြီး နောက်ဘက်သို့ လှည့်ကြည့်လိုက်ကြ၏။

တစ်စုံတစ်ယောက်မျှ ကျွန်တော်တို့နောက်သို့ လိုက်လာခြင်း မရှိ။

ကျွန်တော်သည် ရဲဘော်ကြီးကွတ်၏ လက်မောင်းကို ဆွဲ၍သတ်မှတ်ထားသော တံခါးရှိရာသို့ သုတ်သုတ်လှမ်း၍ လာခဲ့ကြ၏။ အဆောင်များနှင့် ဆေးသုတ်



ဂိုဒေါင်ကို ပိုင်းခြားကန့်သတ်၍ ထားသော တံခါးတည်း။

ဤတံခါးမှ သော့တူကို ရဲဘော်ဆန်ဒီ၏ အကူအညီဖြင့် ကျွန်တော်က ရရှိထားခဲ့ပြီ မဟုတ်လား။

ကိုက်ငါးဆယ်ခန့်လာခဲ့ကြသောအခါ ကျွန်တော်တို့တွေ့လိုသော တံခါးကြီးကို တွေ့ရ၏။

လက်မှနာရီကိုကြည့်လိုက်သောအခါ ခုနစ်နာရီမိနစ်ငါးဆယ်ရှိနေပေပြီ။

ဘော်စတယ်ကလေးထောင်မှ ထောင်ထရန် သတ်မှတ်ထားသော အချိန်သို့ ရောက်ရန် ဆယ်မိနစ်သာ လိုတော့၏။

ဆယ်မိနစ်အတွင်း ထောင်အပြင်ဘက်သို့ ကျွန်တော်တို့ ရောက်ရှိပြီးဖြစ်ရပေမည်။ ဤသို့မှ မရောက်နိုင်လျှင် . . .

ဤအတွေးက ကျွန်တော့်စိတ်ကို လေးလံ၍လာစေ၏။ ဒူးများကလည်း တဆတ်ဆတ်တုန်နေသည်။

ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့က တံခါးရှေ့တွင် ခြေစုံပစ်၍ရပ်လိုက်ကြ၏။

အင်္ကျီလက်မောင်းအကြားတွင် သေသပ်လျှို့ဝှက်စွာ သွင်း၍ ယူလာခဲ့သော သော့ကို ထုတ်ယူလိုက်ပြီး သော့ခလောက်ရှိအပေါက်တွင် သွင်းလိုက်၏။

လက်ကတုန်နေသောကြောင့်လားမသိ သော့မှာ သော့ခလောက်တွင် သွင်း၍ မဝင်ဘဲ တစ်လစ်ဖြစ်နေ၏။

ရဲဘော်ကြီးကွတ်က အနီးတွင် တွေ့ရသော ကျောက်ခဲတစ်လုံးကို ကောက်ယူလိုက်ပြီး သော့ခလောက်အပေါက်တွင် တစ်လစ်ကြီးဖြစ်နေသော သော့တူဖင်ပိုင်းကို ထုချလိုက်၏။

ပေါ်ထွက်လာသောအသံက ကမ္ဘာမြေကြီး ပြိုကျသွားသကဲ့သို့ ကျယ်လောင်လှသည်ဟု ထင်မိ၏။

ကျွန်တော်တို့လာခဲ့သော လမ်းဘက်သို့ လှည့်ကြည့်လိုက်သောအခါ အခြေအနေအားလုံးမှာ စောစောကလိုပင် နေမြဲဖြစ်နေ၏။

သော့ခလောက်အပေါက်တွင်းသို့ ဝင်၍ သွားသော သော့ကို ကျွန်တော်က အားစိုက်၍ လှည့်လိုက်၏။

ကလစ်ခနဲ မြည်သံနှင့်အတူ သော့ခလောက်ကြီး ပွင့်သွားသည်ကို တွေ့လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့သည် တံခါးဖွင့်၍ ဝင်လာခဲ့ပြီးနောက် အတွင်းဘက်မှနေ၍ ဒေါက်တစ်ခုဖြင့် ပြန်၍ ထောက်ထားလိုက်၏။ ပြီးမှ ဂိုဒေါင်ရှိရာသို့ ပြေး၍ လာကြပြီး ယခင်နေ့များကပင် သတ်မှတ်ရွေးချယ်ထားသော လှေကားရှည်ရှည်တစ်ခုကို နှစ်ယောက်သား ဦးပုံ့ထမ်း၍ ထောင်နံရံကြီးတွင် ထောင်လိုက်ကြ၏။

ထောင်နံရံတစ်လျှောက်ရှိ ကင်းစောင့်တဲအိမ်များတွင် မီးရောင်ကလေးလက်လက်ကိုမြင်နေရသော်လည်း မီးမောင်းကြီးများ ထွန်းညှိထားခြင်း မရှိသေး။

ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့သည် ထောင်နံရံကိုကပ်၍ ထောင်ထားသော လှေကားအတိုင်း တက်လာခဲ့ကြပြီးနောက် ထောင်နံရံထိပ်တွင် ခဏကလေးမျှ နားလိုက်ကြ၏။

နားလိုက်သည်ဟု ဆိုသော်လည်း ထောင်နံရံတစ်လျှောက်ရှိ အစောင့်အကြပ် မီးစင်မီးမောင်းတို့၏ အခြေအနေကို ခဏမျှ အကဲခတ်လိုက်ခြင်းသာ ဖြစ်သည်။

အတွင်းဘက် ထောင်နံရံတွင် ကပ်၍ထောင်ထားသော ဝါးလှေကားကို လူနှစ်ယောက်၏ အားဖြင့် အပေါ်သို့ ဆွဲတင်လိုက်ပြီးနောက် ထောင်အပြင်ဘက်နံရံနှင့် ကပ်လျက် ချထားလိုက်၏။ ပြီးမှ ကျွန်တော်တို့နှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် ကပ်လျက် ဆင်းလာကြကာ၊ ထောင်ထားသော လှေကားကို အသံမမြည်အောင် ဆွဲ၍ဖြုတ်လိုက်ပြီးနောက် မလှမ်းမကမ်းရှိ မြက်တောထဲတွင် ဝှက်၍ထားလိုက်၏။

ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်သည် လေးငါးစက္ကန့်မျှ ကြာအောင် ထောင်ကြီး၏ အခြေအနေကို စောင့်၍ ကြည့်လိုက်ပြီးနောက် ကျွန်တော်က ရှေ့ဆောင်လျက် ပရင့်စ်တောင်မြို့ကို အားမှ ဖြတ်ကျော်၍ သွားနိုင်မည်ဖြစ်သော တောလမ်းအတိုင်း တစ်ဟုန်ထိုး ပြေး၍လာခဲ့ကြ၏။

ဤအချိန်တွင် ထောင်လှန့်သံများနှင့် မီးရောင်များကလည်း ကောင်းကင်ယံတွင် တလက်လက်တောက်၍ လာလေသည်။

ဘော်စတယ် ကလေးထောင် ထနေပြီ။

ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့သည် အတန်ကြာအောင် ပြေး၍ တစ်ဟုန်ထိုးသွားကြပြီးနောက်၊ နောက်သို့ လှည့်၍ကြည့်လိုက်သောအခါ ကလေးထောင်ရှိရာ အဆောင်ဘက်၌ မီးများ ကောင်းကင်ယံသို့ ထိုးထွက်နေသည်ကို



တွေ့ရ၏။

ထောင်ထသူများသည် အဆောင်အအုံတစ်ခုကို မီးတင်၍ ရှို့ကြောင်း ထင်ရှားသိသာနိုင်လေသည်။

ထောင်လှန့်အချက်ပေးသံများ၊ မီးသတ်ဥသြဆွဲသံများ၊ ကင်းလှည့်မှုလိပ်ကားများ ဥသြသံများက ရေပွက်သလို ဆူညံလျက် ရှိနေလေသည်။

ဒတ်မိုးထောင်တည်ရှိရာ ပရင့်စ်တောင်မြို့မှ ကက်ပတိန်ရှိရာ နယူးကာဆယ်မြို့သို့ ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့ မည်သို့မည်ပုံ ထွက်ပြေး ရောက်ရှိလာကြောင်းကို ရေးနေလျှင် သီးသန့် စာအုပ်တစ်အုပ်ပင် ဖြစ်လာနိုင်စရာရှိ၏။

သို့ရာတွင် ယခု ကျွန်တော်ရေးသား ဖော်ပြနေသောအကြောင်းမှာ ကက်ပတိန် ဟယ်ဆလေနှင့် အရာခံဗိုလ်ရန်ကင်းတို့က ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်အပေါ်တွင် မည်သို့ ကာလိမ်ကျလျက် သုံးရောင်ခြယ်သဘော်ကြီးပေါ်တွင် လိုက်ပါလာခဲ့ကြသော သဘော်သားတို့၏ အသက်ကို မည်ကဲ့သို့ သွေးအေးအေးဖြင့် သတ်ဖြတ်ကြလျက် ငါးသိန်းကျော်ကျော်တန်သော ငွေချောင်းများကို မည်သို့မည်ပုံ အပျောက်ရိုက်ကြရန် ကြံစည်ပုံများကိုသာ ဖော်ထုတ်ရမည်ဖြစ်ရာ ဒတ်မိုးထောင်ကြီးမှ ကျွန်တော်တို့ထွက်ပြေးရပုံအကြောင်းကို တိုတိုနှင့်ပင် နိဂုံးချုပ်လိုက်ပါရစေ။

မိုင်ပေါင်းနှစ်ရာကျော်ကျော်ကို ခြေကျင်တစ်မျိုး ကားဖြင့် တစ်သွယ် မီးရထားဖြင့် တစ်ပုံ ပုန်းလျှိုးကွယ်လျှိုး ကြောက်ကြောက်လန့်လန့်နှင့် ပြေးလာခဲ့ရပြီးနောက် ကျွန်တော်တို့သည် လန်ဒန်မြို့သို့ တစ်ရက်ကြာပြီးနောက်တွင် အရပ်ဝတ်အရပ်စားဖြင့် ရောက်လာခဲ့ကြ၏။

ရောက်လာသောအချိန်မှာ နံနက်ရှစ်နာရီရှိပြီ ဖြစ်၏။

ချာချင်ကရော့ ဘူတာကြီးတွင် မယောင်မလည်ဖြင့် ရပ်၍ နေရင်း ထိုနေ့ထုတ် သတင်းစာတစ်စောင်ကို ဝယ်၍ ဖတ်လိုက်၏။

ဘော်စတယ်ကလေးထောင်ထသည့်အကြောင်းက သတင်းစာ[illegible] တွင် ထင်းခနဲပါလာသည်။ ဆက်၍ဖတ်ကြည့်လိုက်သောအခါ ကလေး[illegible] သည့် အကြောင်းကို အကျယ်တဝင့်ရေးသားထားပြီး သတင်းအခန်း[illegible] ဒတ်မိုးထောင်ကြီးမှ အကျဉ်းသားနှစ်ယောက် ထွက်ပြေးသွားကြောင်း[illegible] ပါရှိသည်ကို တွေ့ရ၏။

ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့၏ အမည်နာမများနှင့် [illegible]

www.burmeseclassic.com

www.burmeseclassic.com



ရေးသားထားသော်လည်း ကျွန်တော်တို့ ဓာတ်ပုံများပါမလာခြင်းကြောင့် တစ်နည်းအားဖြင့် ဝမ်းသာရ၏။

မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့ကား နယူးကာဆယ်ရှိ တိုင်နီဆိုက်ဆိပ်ကမ်းတွင် ကျောက်ချ ရပ်စွဲလျက်ရှိသော မုန်တိုင်းသင်္ဘောပေါ်သို့တက်၍ အရာခံဗိုလ်ရန်ကင်းအား မတွေ့တွေ့အောင်ရှာဖွေလျက် ရန်ကင်း၏ လည်ပင်းကို ညှစ်ကာ သုံးရောင်ခြယ်နှင့် ပတ်သက်သော အမှန်တရားကို ဖော်ထုတ်ရမည် ဖြစ်၏။

ရန်ကင်း၏ လည်ပင်းမှ အမှန်တရားကို မဖော်ထုတ်ရသေးမီအတွင်း ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့သည် မည်သူ့အဖမ်းအဆီးကိုမှ ခံကြမည်မဟုတ်။

ကျွန်တော်တို့သည် လန်ဒန်မှ နယူးကာဆယ်သို့ အစောဆုံးထွက်သော ရထားကို စီးလျက် လိုက်ပါလာခဲ့ကြ၏။

နယူးကာဆယ်သို့ ရောက်သောအခါ မိုးကတဖြောက်ဖြောက်ရွာနေ၏။ ညကလည်း မှောင်စပျိုးနေသည်။

ကျွန်တော်တို့နှစ်ယောက်မှာ ခရီးပန်းကာ အိပ်ချင်စိတ်သာ ရှိနေကြ၏။ သို့ရာတွင် အိပ်၍မဖြစ်သည်ကို သိထားသူများဖြစ်သည့်အတိုင်း ဘူတာရုံတွင်ပင် မျက်နှာသစ် ကိုယ်လက်သန့်ရှင်းပြီးနောက် အရာခံဗိုလ်ရန်ကင်းအား တွေ့နိုင်ရန်အတွက် ဆိပ်ကမ်းများရှိရာဘက်သို့ ရှာပုံတော်ထွက်ခဲ့ကြ၏။

နယူးကာဆယ်မြို့ ကမ်းနားလမ်းတစ်လျှောက်သို့ ကျွန်တော်တို့ ရောက်သောအခါ ညရှစ်နာရီထိုးနေပေပြီ။

မုန်တိုင်းသင်္ဘောကျောက်ချရပ်စွဲထားသည့် ဆိပ်ကမ်းနေရာကို ကမ်းနားလမ်းတစ်လျှောက်ရှိ လူတိုင်းလိုလိုပင် သိနေကြပုံရ၏။ ငါးသိန်းကျော်တန် ငွေချောင်းများကို အရှာထွက်မည့် သင်္ဘောဖြစ်သောကြောင့်လည်း ဤမျှနာမည်ကြီးနေခြင်းဖြစ်ပုံရ၏။

တိုင်နီဆိုက်ဆိပ်ကမ်းသို့ ရောက်သောအခါ ကမ်းနှင့်ကုန်းပေါင်တစ်ခုသာ ခြားလျက် ကျောက်ချရပ်စွဲနေသော မုန်တိုင်းသင်္ဘောကို တွေ့ရ၏။

ကမ်းပေါ်တွင် ရှိသော ဝန်ချီကရိန်းစက်ကြီးများ၊ ကုန်လှောင်ရုံများနှင့် နှိုင်းစာလိုက်လျှင် ကျောက်ချရပ်စွဲထားသော မုန်တိုင်းမှာ သေးကွေး၍ နေသည်ဟု ထင်ရ၏။

ဆိပ်ကမ်းတစ်လျှောက်တွင် မည်းမှောင်၍ နေကာ လူသူလည်း ကင်းရှင်းလျက် ရှိနေလေသည်။



ဓာတ်တားပေါ်တွင် သစ်သားပီပါများ သံစည်ပုံးကြီးများက ဟိုတစ်စုသည်တစ်စုရှိနေ၏။ ကျွန်တော်တို့သည် မုန်တိုင်းနှင့် နီးကပ်သမျှ နီးကပ်အောင် သံစည်ပုံးများအကြားမှ ရှေ့ကို တိုးကပ်လာခဲ့ကြ၏။

ဓာတ်တားနှင့် သင်္ဘောအကြားတွင် ကုန်းပေါင်လေးတစ်ခုထိုးထား သည်ကိုတွေ့ရ၏။ မီးလုံးတစ်လုံး မုန်တိုင်းသင်္ဘောအတက်အဆင်းနေရာတွင် ထွန်းလင်းလျက် ရှိသည်။

ရေဒီယိုသံက သင်္ဘောအခန်းတစ်ခန်းမှ ပျံ့လွင့်၍ ပေါ်ထွက်နေ၏။

“ရန်ကင်းဆိုတဲ့ အကောင်က အရက်မူးမူးနဲ့ ရေဒီယိုနားထောင်နေတာနဲ့ တူတယ်”

သံစည်ပုံးနှစ်ပုံးအကြားတွင် ချုံးထောက်၍ ထိုင်နေသော ရဲဘော်ကြီးကွတ်က ကျွန်တော့်ဘက်သို့ လှည့်၍ တီးတိုးဆိုလိုက်၏။

ကျွန်တော်ကပြန်၍ မပြောနိုင်မီ သင်္ဘောကုန်းပတ်ပေါ်တွင် လာ၍ရပ်လိုက်သော ဟင်ဒရစ်ကို တွေ့လိုက်ရ၏။

ကျွန်တော်သည် ဟင်ဒရစ်မျက်နှာကို ငေးစိုက်၍ ကြည့်နေမိ၏။ အပေါ်မှ တွဲလွဲချိတ်ထားသော မီးလုံး၏မီးရောင်ကြောင့် ဟင်ဒရစ်၏ မျက်နှာကို သေချာစွာမြင်နေရ၏။ ကျွန်တော်တို့အား ဒတ်မိုးတောင်ကြီးအတွင်းသို့ သွင်း၍ပေးခဲ့သူများတွင် သူသည်လည်း တစ်ဦးအပါအဝင်မဟုတ်လား။

ခဏအကြာတွင် ဟင်ဒရစ်အနားသို့ ရောက်လာသော သင်္ဘောသား အီဗန်ကို မြင်ရ၏။

ရဲဘော်ကြီးကွတ်သည် ကျွန်တော့်လိုပင် တိတ်ဆိတ်ငြိမ်သက်လျက် ရှိ၏။ ဟင်ဒရစ်နှင့် အီဗန်တို့နှစ်ယောက် သင်္ဘောကုန်းပတ်ပေါ်တွင် အတူယှဉ်၍ရပ်နေသည်ကို တွေ့မြင်သွားဟန် တူသည်။

ဗေလနယ်သား အီဗန်ကိုကြည့်ရခြင်းအားဖြင့် တစ်စုံတစ်ခုကို မကျေမနပ်ဖြစ်နေပုံရ၏။ ဟင်ဒရစ်နှင့်လည်း အပြန်အလှန်ပြောဆိုနေသည်ကို တွေ့ရ၏။

ဟင်ဒရစ်သည် မြည်တွန်တောက်တီးရင်း ထိုးထားသော ကုန်းပေါင်အတိုင်း သင်္ဘောပေါ်မှ ဆိပ်ခံဓာတ်တားရှိရာသို့ ဆင်းလာသည်။

ဤမှာဘက် ကုန်းပေါင်ထိပ်သို့ အရောက်တွင် ဟင်ဒရစ်က သင်္ဘောကုန်းပတ်ရှိရာသို့ ပြန်၍ မျက်နှာမူလိုက်၏။

လက်ယာဘက်နားရွက်ဖျားမှ မေးဖျားအထိ တန်းလန်း [illegible]

www.burmeseclassic.com

www.burmeseclassic.com



ရှိ သော အမာရွတ်ကို ကျွန်တော်က ကောင်းစွာမြင်နေရ၏။

"ဒါ ကက်ပတိန် အမိန့်ပဲ။ တစ်ယောက်ယောက်ကတော့ သင်္ဘောပေါ်မှာ အမြဲရှိနေပြီး သူ ဘယ်မှမသွားအောင် စောင့်ကြည့်နေရလိမ့်မယ်။ ညက သင်္ဘောပေါ်မှာ တစ်ညလုံး ကျုပ်နေခဲ့တယ် မဟုတ်လား။ ဒီနေ့ညဟာ မင်းအလှည့်ပဲ။ သူ့ကို သင်္ဘောပေါ်က မဆင်းစေနဲ့။ သင်္ဘောပေါ်မှာ သောက်ချင်သလောက် သောက်ပစေ"

ဟင်ဒရစ်က ကုန်းပေါင် ဤမှာဘက်အစွန်းမှနေ၍ သင်္ဘောကုန်းပတ်ပေါ်တွင် ရပ်နေသော အီဗန်အား လှမ်း၍ ပြောနေ၏။

"ကျုပ်ပြောတာကိုလည်း နားထောင်စမ်းပါဦး။ ကျုပ်မှာ ဒီနေ့ည ကျုပ်အဆက်နဲ့ ချိန်ထားတာရှိတယ်။ မနေ့ညကဆိုရင် ကျုပ်က ဘယ်မှမသွားဘဲ သင်္ဘောပေါ်မှာပဲ အချိန်ဖြုန်းနေခဲ့တယ် မဟုတ်လား။ ဒီနေ့ညကျရင် သင်္ဘောပေါ်မှာ ကျုပ်တို့ နေရမယ်ဆိုတာ စောစောက ခင်ဗျားတို့ပြောထားခဲ့ရင် ဒီနေ့ည ကျုပ်ကမ်းပေါ်ကို သွားနိုင်အောင် အစီအစဉ်လုပ်ရမှာပေါ့။ မနေ့ညက သင်္ဘောပေါ်မှာ တစ်ညလုံးကျုပ် နေခဲ့တာဟာ အလကား ဖြစ်ရတော့တာပဲ မဟုတ်လား"

ကုန်းပေါင်ဟိုမှာဘက်စွန်းတွင် ရပ်နေသော အီဗန်ကလည်း မကျေမချမ်းဖြင့် အော်ကြီးဟစ်ကျယ် ပြန်၍ ပြောနေလေသည်။

"မနေ့ညက မောင်ရင့်ကိုမပြောခဲ့တာက ဒီနေ့ညကျရင် ဂျုတ်က သင်္ဘောပေါ်မှာ ရှိလိမ့်မယ်ထင်ပြီး မပြောခဲ့တာပေါ့။ ဒါပေမဲ့ ဒီနေ့ညနေကျတော့မှ ကက်ပတိန်က ဂျုတ်ကို တာဝန်တစ်ခုပေးပြီး ခိုင်းလိုက်ကော့ ကျုပ်ဘယ်လိုလုပ်ပြီး တတ်နိုင်မှာလဲ ဒီနေ့ညတော့ မောင်ရင်ပဲ သင်္ဘောပေါ်မှာ နေရလိမ့်မယ်"

ဟင်ဒရစ်က ဤသို့ပြောလိုက်ပြီးနောက် ဘောတံတားပေါ်သို့ တတ်ကာ ဆိပ်ကမ်းအပြင်ဘက်သို့ ထွက်သွားသည်ကို တွေ့မြင်လိုက်ရ၏။

အီဗန်သည် ကုန်းပေါင်အဖယ်သို့ ရောက်အောင် လှမ်း၍လာပြီးနောက် ကျောခိုင်း၍ ထွက်ခွာသွားသော အထက်မှအရာရှိဖြစ်သူ ဟင်ဒရစ်အား သင်္ဘောသား ထုံးစံအတိုင်း ဆဲရေး ရေရွတ်နေ၏။ ပြီးမှ သင်္ဘောကုန်းပတ်ရှိရာသို့ ပြန်၍ ဘက်သွားကာ အောက်ထပ်သို့ ဆင်း၍သွားသည်ဟု ထင်လိုက်ရ၏။

"ဒီအတိုင်းဆိုရင်တော့ ဟယ်ဆလေရော၊ ဟင်ဒရစ်ရော၊ ဂျုတ်ရော သင်္ဘောပေါ်မှာမရှိတာ သေချာနေပြီ။ ဟင်ဒရစ်က သူ သူနဲ့ ပြောနေတာဟာ ရန်ကင်းကို ပြောနေတာ ဖြစ်မှာပဲ"



ရဲဘော်ကြီးကွတ်က ကျွန်တော့်နားနားသို့ ကပ်၍ လေသံဖြင့် ပြောလိုက်၏။

"ဟုတ်လိမ့်မယ်ထင်တယ်။ ကမ်းပေါ်ကိုတော့ မတက်ရဘူး။ သင်္ဘောပေါ်မှာ သောက်ချင်သလောက် သောက်ပါစေလို့ ဟင်ဒရစ်က ရည်ညွှန်းပြီး ပြောလိုက်တဲ့ လူဟာ ရန်ကင်းပဲ ဖြစ်ရမယ်။ ရန်ကင်းက အရက်နဲ့ အရမ်းကြိုနေပုံရတယ်။ ကမ်းပေါ်ကို တက်ဖို့ သူ့ကို ဘယ်သူမှ စိတ်ချပုံမရဘူး"

ကျွန်တော်က ထင်မြင်ချက်ပေးလိုက်၏။

ကျွန်တော့် စကားအဆုံးတွင် သင်္ဘောကုန်းပတ်ပေါ်မှ စတိုင်ကျကျ ဝတ်စားလျက် ဆင်းလာသော အီဗန်ကို တွေ့လိုက်ရ၏။

အီဗန်သည် ကုန်းပေါင်အတိုင်း ဘောတံတားရှိရာသို့ ဆင်းလာပြီးနောက် ဆောင်မြောက်ဝဲယာကို ဓာတ်မျှ အကဲခတ်လိုက်ကာ ဆိပ်ကမ်းပေါ်သို့ တက်သွားသည်ကို တွေ့လိုက်ရ၏။

သင်္ဘောပေါ်တွင် အရာခံဗိုလ်ရန်ကင်းမှတစ်ပါး မည်သူမျှမရှိတော့ကြောင်း သေချာ၍ နေလေသည်။

ကျွန်တော်က ရောက်နေသည့်နေရာမှ မထသေးဘဲ ငိုင်၍နေမိ၏။

အရာခံဗိုလ်ရန်ကင်းအား ကျွန်တော်တို့နှစ်ယောက်ချင်း တွေ့ဆုံလိုသည့်နေရာမှာ ကုန်းပေါ်တွင်သာဖြစ်၏။ ရေထဲတွင်မဟုတ်။

အရာခံဗိုလ်ရန်ကင်း၏ လည်ပင်းမှ အမှန်တရားပေါ်ထွက်လာအောင် ညှစ်၍ ထုတ်ရမည့်နေရာမှာ ဆိပ်ကမ်းတစ်နေရာရာသာ ဖြစ်သင့်သည်ဟု ကျွန်တော်က ဆုံးဖြတ်ထားခဲ့၏။

ဤသို့ ဆိပ်ကမ်းတစ်နေရာရာတွင် အမှန်တရားကို ဖော်ထုတ်နိုင်တော့မှ လည်း ကျွန်တော်တို့အမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာ အသိသက်သေနှင့် ပုလိပ်တို့ကို အလွယ်တကူ ခေါ်ယူနိုင်လိမ့်မည်ဟု စဉ်းစားထားခဲ့၏။

ယခုမူ ရန်ကင်းက ရေထဲတွင် ရှိနေသည် မဟုတ်လား။

ရေထဲတွင် ရှိနေသည်ဆိုခြင်းမှာ မှန်တိုင်းသင်္ဘောပေါ်တွင် ရှိနေခြင်းကို ဆိုလိုခြင်းဖြစ်၏။ ရန်ကင်းအား လည်ပင်းကို ညှစ်၍ အမှန်တရားကို ဖော်ထုတ်ရမည့် အချိန်သည် လည်းကောင်း၊ ရန်ကင်းအား ရေထဲမှ ကုန်းပေါ်ရှိ ပုလိပ်ထံသို့ ရောက်အောင် သယ်ဆောင်ရမည့်အချိန်သည် လည်းကောင်း ကျွန်တော် ... တွက်ထားမိသောကြောင့် ဖြစ်၏။

သို့ဖြစ်၍လည်း စမတ်ကျကျဝတ်ထားသော အီဗန်က ... ထားသော

www.burmeseclassic.com



အဆက်ကလေးနှင့်တွေ့ရန် အထက်အရာရှိဖြစ်သူ ဟင်ဒရစ်၏စကားကိုပင် နား မထောင်ဘဲ ကမ်းပေါ်သို့ တက်ရောက်ပျောက်ကွယ်သွားသည့် အချိန်အထိပင်၊ ကျွန်တော်က ငိုင်၍ နေမိခြင်း ဖြစ်သည်။

"ဟေ့လူ ဘာငိုင်နေတာလဲ၊ သင်္ဘောပေါ်မှာ ခွေးမသား ရန်ကင်းက လွဲပြီး ဘယ်သူမှ မရှိတော့ဘူး။ ဒါလောက်အခွင့်ကောင်းနေတုန်း တက်ကြရ အောင်"

ရဲဘော်ကြီးကွတ်က ကျွန်တော့်ပခုံးကို ခပ်ဆတ်ဆတ်ကလေးပုတ်ရင်း ပြောလိုက်၏။

သို့တိုင်အောင် ကျွန်တော်က ငိုင်မြဲငိုင်၍ပင် နေမိသေး၏။

မှန်တိုင်းသင်္ဘောမှာ ကျွန်တော်တို့အဖို့ ရန်သူ့နယ်မြေပင် ဖြစ်၏။ ရန်သူ့ နယ်မြေအတွင်းသို့ ကျွန်တော်တို့က ချင်းနင်းဝင်ရောက်သွားခြင်းမှာ အရေးကိစ္စ တစ်စုံတစ်ခုကြုံလာလျှင် ကျွန်တော်တို့နစ်ယောက်ကို ချောင်ပိတ်၍ မိနေအောင် ကျွန်တော်တို့ ကိုယ်တိုင် ဖန်တီးပေးလိုက်သကဲ့သို့ ရှိနေမည်ကိုလည်း တွေးမိ သောကြောင့် ဖြစ်၏။

ရဲဘော်ကြီးကွတ်က ဒူးထောက်၍ ထိုင်နေရာမှ မတ်တတ်ရပ်လိုက်ကာ ကျွန်တော့်လက်တစ်ဖက်ကို အတင်းဆွဲ၍ ခေါ်နေသည်။

"ဒါလောက် အခွင့်ကောင်းတာ ဘယ်မှာရဦးမလဲ"

မှန်တိုင်းသင်္ဘောပေါ်မှ ပျံ့လွင့်၍ လာသော သီချင်းသံက ကျွန်တော့်စိတ် ကို မခံချင်အောင် နှိုးဆွပေးသကဲ့သို့ ရှိနေ၏။

ကျွန်တော်သည် မဆိုးထိုင်ထိုင်နေရာမှ ထလိုက်ပြီး ရဲဘော်ကြီးကွတ်နှင့် အတူ သင်္ဘောရှိရာသို့ တိုး၍လာခဲ့၏။

ချိတ်ဆွဲထားသော မီးလုံး၏အရောင်ကြောင့် ကုန်းပေါင်သည် ပြောင်လက် ၍ နေလေသည်။

ခဏအတွင်းတွင်ပင် ကျွန်တော်တို့သည် သင်္ဘောကုန်းပတ်ပေါ်သို့ ရောက် ရှိသွားကြပြီးနောက် သင်္ဘောပဲ့စင်အဆောင်ရှိရာသို့ ဖော့နင်း၍ လာခဲ့ကြ၏။

ပဲ့စင်အဆောင်ရှိရာပေါ်သို့ ရောက်လာကြပြီးနောက် ရေဒီယိုသံ တညံညံ ပေါ်ထွက်နေသော သင်္ဘောအခန်းရှေ့တွင် ရပ်လိုက်ကာ ကျွန်တော်က တံခါးကို တွန်းဖွင့်လိုက်၏။

ကျွန်တော်တို့ မျှော်လင့်ထားသည့်အတိုင်းပင် အရာခံဗိုလ်ရန်ကင်းသည်



အခန်းတွင်းရှိ အိပ်စင်ပေါ်၌ တုံးလုံးပက်လက်ကြီး လဲလျောင်းကာ သီချင်းသံဖြင့် မိမိခံနေသည်ကို တွေ့လိုက်ကြရလေသည်။

အိပ်စင်တစ်ဖက်ဘေးမှ တွဲလောင်းကြီးကျနေသောလက်၊ လည်ပင်းမှ ဗိုက် အထိ ဟာတာကြီးဖြစ်နေသော အင်္ကျီတို့က အရာခံဗိုလ်ရန်ကင်း၏ မူးယစ်နေသော အခြေအနေကို သက်သေခံ၍ နေသကဲ့သို့ စားပွဲတစ်ခုပေါ်တွင် သောက်လက်စ ဝီစကီပုလင်းနှင့်အတူ အနားတွင် ခပ်၍ ထားသော ရေဖန်ချိုင့်တစ်ခု၊ လျှပ်စစ် မီးဖိုဖြင့် တည်ထားသော အိုးတစ်အိုးတို့ကလည်း အရာခံဗိုလ်ရန်ကင်း၏ မူးယစ် သောက်စားသည့်အဖြစ်ကို အမြစ်မှ လှန်ကာ ပြ၍ နေလေသည်။

အပြင်ဘက်မှ တံခါးကို ဆွဲ၍ ဖွင့်လိုက်သံကြောင့် အရာခံဗိုလ်ရန်ကင်းက မူးသံဖြင့်–

'ဝင်ခဲ့လေဗျာ'ဟု ဆိုလိုက်၏။

အခန်းထဲသို့ ရောက်လာသော ကျွန်တော်တို့က အရာခံဗိုလ် ရန်ကင်းသည် လူမှန်းသူမှန်းမသိအောင် မူးနေကြောင်း အတပ်သိလိုက်၏။

ကျွန်တော်တို့က ရဲဘော်ကြီးကွတ်အား တံခါးကိုပြန်၍ ပိတ်ထားလိုက် ရန် လက်ဖြင့် အချက်ပြ၍ ပြောလိုက်သည်။

ပြီးမှ ခြေရင်းဘက် စားပွဲပေါ်တွင် အသင့်ရှိနေသော ရေဖန်ချိုင့်ကို ကောက် ၍ ကိုင်ကာ အထဲတွင်ရှိနေသော ရေများဖြင့် အရာခံဗိုလ်ရန်ကင်း၏ မျက်နှာကို ပက်ထည့်လိုက်၏။

ရေခဲထက်ပင် အေးနေမည်ဖြစ်သော ရေကြောင့် အရာခံဗိုလ်ရန်ကင်း၏ မှေးနေသော မျက်စိအစုံက ပြူးကျယ်၍ လာသည်။

ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့အား အတန်ကြာအောင် စိုက်ကြည့် နေပြီးမှ–

'မင်းတို့ကို ငါသိပါတယ်ကွာ 'ဟု ဆိုလိုက်၏။

အရာခံဗိုလ်ရန်ကင်း၏ အသံတွင် တုန်လှုပ်သံများ ပါနေလေသည်။

ဒတ်မီးထောင်ကြီးမှ ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့ ထွက်ပြေးလာသည့် သတင်းကို ကက်ပတိန်ဟယ်ဆလေနှင့်တကွ အရာခံဗိုလ်ရန်ကင်း၊ ပထ[illegible] ၌ပါ သိရှိနေပြီး ဖြစ်နေမည်မှာ အမှန်ပင်ဖြစ်၏။

သို့ဖြစ်၍လည်း အရာခံဗိုလ်ရန်ကင်းအား ကက်ပတိန်ဟယ်[illegible] သင်္ဘောပေါ်မှ မဆင်းရန် မိမိဂိုဏ်းသားများအား မသိမသာ [illegible]

www.burmeseclassic.com



ခဲ့သည်ဟု ယုံကြည်ရ၏။

တချောင်းချောင်း ထွက်လာသော ဒေါသကြောင့် ကျွန်တော်က အရာခံဗိုလ်ရန်ကင်း၏ လည်ပင်းအောက်မှ ကော်လာနှစ်စကို ဆုပ်ဆွဲ၍ ကိုင်လိုက်ပြီး ရန်ကင်း၏မျက်နှာကြီးကို ကျွန်တော့်အနီးသို့ အတင်းဆွဲ၍ ယူလိုက်၏။

ရန်ကင်း၏ ကိုယ်တစ်ပိုင်းသည် ဖွဲအိတ်ကြီးတစ်အိတ်ကဲ့သို့ ကျွန်တော် ဆွဲရာသို့ ငေါက်စနဲ ထ၍ပါလာ၏။

"ယောကောင် ငါ့ကိုမှတ်မိရဲ့လား၊ တို့ဘယ်ရောက်နေဆိုတာကော မင်းသိရဲ့ လား တို့ဒုတ်မိုးကို ရောက်နေတယ်။ ညကမှ ထွက်ပြေးလာခဲ့တယ်။ မင်းဆီက အမှန်တရားကို ထုတ်ယူရအောင် တို့လာခဲ့တယ်။ အမှန်တရား... အမှန်တရား— မင်းနားလည်ရဲ့လား"

မေးလည်းမေး ပြောလည်းပြောရင်း တူကြီးတစ်လုံးကဲ့သို့ သန်မာနေသော ကျွန်တော့် ညာလက်သီးဖြင့် အရာခံဗိုလ်ရန်ကင်း၏ မျက်နှာကို ဆောင့်၍ ဆောင့်၍ ထိုးချလိုက်၏။

အရာခံဗိုလ်ရန်ကင်းသည် ကျွန်တော့်၏ လက်သီးဒဏ်ကြောင့် နာကျင်နေသည်ထက် ကြောက်လန့်သည့်စိတ်က ပို၍ ကြီးနေသည်ဟု ထင်ရ၏။ စကားပင် တစ်ခွန်းမျှ မပြောနိုင်။

ကျွန်တော်က သူ့မျက်နှာကို လက်ဝါးဖြင့် တဖျန်းဖျန်းမြည်အောင် ထပ်ရိုက် လိုက်ရင်း

'ဟေ့ ငါပြောတာ ကြားသလား'ဟု အော်မေးလိုက်၏။

အရာခံဗိုလ်ရန်ကင်းက သူ့နှုတ်ခမ်းအစုံကို လက်ဖြင့် ပွတ်လိုက်ကာ—

'သိတယ်'ဟု အဖြေပေးလိုက်၏။

ကျွန်တော်က ရန်ကင်းအား ရှုံ့ရှာမုန်းတီးစွာဖြင့် နောက်သို့ ပြန်၍ တွန်းပစ် လိုက်၏။

ရန်ကင်း၏ ခေါင်းက နောက်ဘက်ရှိ အခန်းနံရံနှင့် အတင်းဝင်၍ တိုးမိကာ ထထိုင်းထိုင်းမြည်သွားသည်။

"ကဲ...သုံးရောင်ခြယ်သင်္ဘောကနေပြီး၊ ကျုပ်တို့ဖောင်နဲ့ ထွက်ခွာလာပြီး တဲ့နောက် ဘာတွေ ဖြစ်တယ်ဆိုတာ ပြောစမ်း"

အရာခံဗိုလ်ရန်ကင်းကလည်း နာ၍သွားသော သူ့ခေါင်းနောက်ကို လက်ဖြင့် တယုတယ ပွတ်သပ်နေရာမှ...



'ကျုပ်တို့လည်း သင်္ဘောကို စွန့်ပစ်ခဲ့ပြီး အသက်ကယ်လှေနဲ့ ထွက်ခွာလာခဲ့တာပဲ'ဟု ညည်းညည်းတွားတွား လေသံဖြင့် အဖြေပေးလိုက်၏။

ကျွန်တော် အရှေ့သို့ တိုးလိုက်ပြီး အရာခံဗိုလ်ရန်ကင်း၏ အင်္ကျီစနှစ်စကို ဆွဲယူလိုက်သည်တွင် ရန်ကင်းက ကျွန်တော်လက်မှ လွတ်အောင်ရုန်းလိုက်၏။

ကျွန်တော်က ညာလက်သီးပြင်းပြင်းတစ်လုံးကို ရန်ကင်း၏ ပါးရိုးပေါ်သို့ ထိုးချလိုက်၏။

ရန်ကင်းက ကလေးငယ်တစ်ယောက်ကဲ့သို့ ငိုသံပါအောင် အော်လိုက်၏။

ကျွန်တော်က ရန်ကင်း၏ လက်တစ်ဖက်ကို ပြုတ်တူနှင့် ညှပ်သကဲ့သို့ ဆုပ်၍ ကိုင်လိုက်ပြီးနောက် သူ့၏ နောက်ကျောဘက်တွင် လိမ်၍ထားလိုက်၏။

"ကဲ...မှန်တာကို ပြောစမ်း၊ မဟုတ်တာတွေ ပြောရင်တော့ ယောကောင် မင်းလက်ကို လိမ်ချိုးလိုက်မယ်"

ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့က အရာခံဗိုလ်ရန်ကင်း၏ လည်ပင်းမှ အမှန်တရားထွက်၍လာသည်အထိ မည်သို့မည်ပုံ စစ်ဆေးသည်ကို ဤနေရာတွင် အသေးစိတ် ဖော်ပြ၍ သင့်မည်မဟုတ်ဟု ထင်မိ၏။

ရန်ကင်း၏ ခန္ဓာတစ်ခုလုံးမှ ရှိသမျှ အရိုးမှန်သမျှကို ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့က ရိုက်၍ ချိုးမည်ဟု ကြုံးဝါးခဲ့သည့်အတိုင်း အမှန်းတရားမပေါ်မချင်း ရန်ကင်းကို လက်သီးစာ၊ ဖနောင့်စာ၊ ဒူးစားကျွေး၍ နေကြ၏။

ကြာတော့ကာ ကက်ပတိန်ဟယ်ဆလေကို ကြောက်သည့် ရန်ကင်း၏ စိတ်မှာ ကျွန်တော်တို့၏ အထုအထောင်း အနှိပ်အစက်ဒဏ်ကြောင့် ပျော့ညံ့၍ လာသည်။

"အမှတ်နှစ် အသက်ကယ်လှေဟာ ဝမ်းဗိုက်က ပျဉ်စပ်တွေ ကျွတ်ထွက်နေတယ်မဟုတ်လား"

ကျွန်တော်က သုံးကြိမ်မြောက်မေးလိုက်၏။

"မသိဘူး"

အရာခံဗိုလ်ရန်ကင်းက ခပ်သဲ့သဲ့မျှသောအသံဖြင့် အဖြေပေးနေ၏။

"ကဲ...မသိနဲ့ ဦးကွာ"

ကျွန်တော်က ဤသို့ဆိုရင်း ရန်ကင်း၏လက်ကို သွက်သွက်ပါအောင် ကျိုးသွားလုမတတ် အားကုန်စိုက်၍ လိမ်လိုက်၏။

အရာခံဗိုလ်ရန်ကင်း၏ အတ္တဘောကြီးတစ်ခုလုံးသည် မီးခိုးရုံတွင် ထည့်

www.burmeseclassic.com

www.burmeseclassic.com



၍ ဖုတ်လိုက်သော အမဲခြောက်ကဲ့သို့ တွန့်လိမ်ကွေးကောက်၍ သွားကာ အော် ညည်းသံကလည်း ပေါ်ထွက်လာသည်။

"သိတယ်။ အမှတ်နှစ်အသက်ကယ်လှေမှာ ပျဉ်စပ်တွေ ကျွတ်ထွက်နေ တာကို သိတယ်"

အရာခံဗိုလ်ရန်ကင်းက လူမမာတစ်ယောက်၏ အသံဖြင့် ကျွန်တော့်ကို ပြောနေ၏။

"သိရဲ့သားနဲ့ ကျုပ်တို့ကို အဲဒီလှေမှာ...ဘာဖြစ်လို့ စီးဖို့ အမိန့်ပေးရ တာလဲ"

ကျွန်တော်က လိမ်ထားသော ရန်ကင်း၏ လက်ကို တစ်ပတ်မျှ ဖြေ၍ ပေးလိုက်ပြီး ဆက်မေးလိုက်၏။

"ဒါတွေအားလုံး ကက်ပတိန်ဟယ်ဆလေက အမိန့်ပေးလို့ လုပ်ရတာပဲ၊ ကျုပ် ဘာမှမသိဘူး ။ သူပြောတဲ့အတိုင်း မလုပ်ရင် သူက ကျုပ်ကို သတ်ပစ်မှာ။ သူက ရူးနေတယ်၊ ငွေချောင်းတွေကို ရဖို့ပဲ စိတ်ကူးပြီး ရူးနေတယ်။ သူပြောတာ ကို ကျုပ်က လိုက်ပြီး လုပ်ရတာ"

"ဘာတွေလိုက်ပြီး လုပ်ရတာလဲ"

အရာခံဗိုလ်ရန်ကင်းက ကျွန်တော့်အား ငေးစိုက်၍ ကြည့်နေသည်။ တစ်စုံ တစ်ရာမျှ ပြန်၍မပြော။

ကျွန်တော်က ဝက်အူတင်းသလို သူ့လက်ကို လိမ်၍တင်းပေးလိုက်၏။

"အသက်ကယ်လှေနှစ်စင်းစလုံး ပျဉ်စပ်တွေ ကျွတ်ထွက်နေတယ်မဟုတ် လား"

ရန်ကင်းက ကျွန်တော့်အား အသနားခံသောမျက်နှာဖြင့် ကြည့်နေသည်။

သို့သော် ကျွန်တော်က သူ့ကို မသနားနိုင်။ သုံးရောင်ခြယ်သင်္ဘောပေါ်တွင် လိုက်ပါလာသော နှစ်ဆယ့်သုံးယောက်သော သူတို့၏ အသက်ကို သတ်ခဲ့သူမှာ အရာခံဗိုလ်ရန်ကင်းနှင့် ကက်ပတိန် ဟယ်ဆလေ၏ အပေါင်းအသင်းများပင် မဟုတ်လား။

"အသက်ကယ်လှေနှစ်စင်းမှာ ဝမ်းဗိုက်က ပျဉ်စပ်တွေ ကျွတ်ထွက်နေတာ ကက်ပတိန်ဟယ်ဆလေသိသလား၊ မသိဘူးလား"

"သိတယ်"

"ဘယ်အချိန်မှာသိသလဲ"



အရာခံဗိုလ်ရန်ကင်းက မဖြေဘဲ ငြင်းဆန်နေ၏။ ရဲဘော်ကြီးကွတ်က ညာလက်သီးတစ်လုံးကို ရန်ကင်း၏မျက်နှာတည့်တည့်ဆီသို့ ပစ်၍သွင်းလိုက် ၏။

လူတစ်ဦးတစ်ယောက်အား နှိပ်စက်ညှဉ်းပန်းနေရသည့်အလုပ်မှာ နှိပ် စက်ညှဉ်းပန်းသူများအဖို့ပင် စိတ်မချမ်းသာစရာ အလုပ်ကြီးတစ်ခုဖြစ်၏။ ခံရသူ တစ်ဦးအဖို့ ဆိုလျှင်ကား မည်သို့ ရှိနေမည်ကို ကျွန်တော်ကိုယ်ချင်းစာနာတတ် ပါ၏။

သို့ရာတွင် အမှန်ကို မုသားလုပ်၍ ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့အား ထောင်သွင်း၍ အကျဉ်းထားခဲ့သူများအပေါ်တွင် ကျွန်တော်တို့က ခွင့်မလွှတ်နိုင် သည်မှာလည်း အမှန်ပင် ဖြစ်ပါ၏။

ကျွန်တော်တို့အား ဆိုးသည်ဟု ဆိုလျှင်လည်း ဆိုကြပါစေတော့။

"အသက်ကယ်လှေနှစ်စင်းမှာ ဝမ်းဗိုက်က ပျဉ်စပ်တွေ ကျွတ်နေတာကို ပွဲစင်ပေါ်တက်ပြီး ကျုပ်က သတင်းပို့တော့ ကက်ပတိန်ဟယ်ဆလေက သိနေပြီ"

အရာခံဗိုလ်ရန်ကင်းက ကျွန်တော့်အမေးကို တစ်လုံးချင်း အဖြေပေးနေ၏။

အသက်ကယ်လှေနှစ်စင်းမှာ မုန်တိုင်းထန်နေသော ပင်လယ်ပြင်၌ သွား လာရန် မသင့်သည်ကို သိနေသည့်တိုင်အောင် ကက်ပတိန်ဟယ်ဆလေနှင့် အရာခံ ဗိုလ်ရန်ကင်းတို့က ကျွန်တော်နှင့်တကွသော သင်္ဘောပေါ်တွင် လိုက်ပါလာသူများ အား အမှတ်နှစ်လှေပေါ်သို့တက်ရန် အတင်းအကျပ် အမိန့်ပေးနေခဲ့သည် မဟုတ် ပါလား။

အကယ်၍သာ အရာခံဗိုလ်ရန်ကင်းသည် လိမ္မာပါးနပ်သူတစ်ယောက်ဖြစ် လျှင် ကျွန်တော်တို့နှင့် ပူးပေါင်းလျက် နှစ်ဆယ့်သုံးယောက်သောသူတို့၏ အသက် ကို ကယ်ဆယ်နိုင်ခဲ့မည်မဟုတ်လား။

ရဲဘော်ကလေးဆီးသည် လည်းကောင်း၊ ထမင်းချက်ရဲဘော်ကြီးသည် လည်းကောင်း အမှတ်နှစ်အသက်ကယ်လှေနှင့်အတူ ပင်လယ်ပြင်ကျယ်ကြီးထဲ၌ အသက်ကို စတေး၍ သွားခဲ့ကြရသည်။ ထို့အတူ ကြွင်းကျန်သောသူတို့သည်လည်း ချွတ်ယွင်းနေသော တမင်တကာချွတ်ယွင်းအောင်ပြုလုပ်ထားသော အသက်ကယ် လှေကို တကယ့်အသက်ကယ်လှေဟု ယုံကြည်ကာ စီးနင်းလိုက်ပါ၍ သွား[illegible] သဖြင့် ရေအောက်တွင် အသက်ပျောက်ခဲ့ကြသည် မဟုတ်လား။

ဤအဖြစ်အပျက်ကို တွေးမိသည်နှင့် တစ်ပြိုင်နက် ကျွန်တော့်[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဆတ်ဆတ်တုန်၍လာသည်။

"လူသတ်ကောင်ဟယ်ဆလေလို မင်းလည်း လူသတ်ကောင်၊ အသက်ကယ်လှေနှစ်စင်းမှာ ပျဉ်တွေကျွတ်ထွက်နေတာ သိရဲ့သားနဲ့ ဘာဖြစ်လို့ မပြောခဲ့သလဲ။ ဟယ်ဆလေက မင်းကို ဘာတွေပေးခဲ့သလဲ"

သရဲမရဲစီးနေသူတစ်ယောက်ကဲ့သို့ ကျွန်တော်က အရာခံဗိုလ်ရန်ကင်းကို တစ်ဖက်မှ လက်ကို ကျစ်ကျစ်ပါအောင် လိမ်ထားရင်း တစ်ဖက်ကလည်း လည်ပင်းကို ဖျစ်ညှစ်၍ နေမိ၏။

"ကျုပ်...ကျုပ် ပြောပါမယ်"

အရာခံဗိုလ်ရန်ကင်းက သဲ့သဲ့မျှသော လေသံဖြင့် ပြောနေ၏။

ကျွန်တော်က လိမ်ထားသောလက်နှင့် ညှစ်ထားသောလည်ပင်းကို လျှော့ချလိုက်ပြီး...

'ပြောစမ်း ခွေးကောင် ပြောစမ်း' ဟု ကြိမ်းမောင်း အော်ဟစ်လိုက်၏။

"ငွေပေးမယ်လို့ ပြောတယ်၊ ငွေချောင်းတွေကို ရောင်းလို့ရတဲ့အထဲက ဝေစုတစ်စု ပေးမယ်လို့ ပြောတယ်။ ဒါဟာ ကျုပ် အကြံမဟုတ်ဘူး။ သူပြောတာကို ကျုပ်ကလိုက်ပြီး လုပ်ရတာ"

အရာခံဗိုလ်ရန်ကင်းက ကျွန်တော့်အား သနားစရာအသံဖြင့် တိုးလျှိုးတောင်းပန်နေလေသည်။

ငွေအတွက် နှစ်ဆယ့်သုံးယောက်သော သူတို့၏ အသက်ကို သွေးအေးအေးဖြင့် သတ်ရက်သော ဟယ်ဆလေနှင့် ဂိုဏ်းသားများ၏ စိတ်သဘောကို ကျွန်တော်က အံ့ဩ၍ နေမိ၏။

"မင်းဟာ ဘုရင့်တပ်မတော်က အရာခံဗိုလ်မဟုတ်လား။ ဟယ်ဆလေရဲ့ အကြံကို သိရင်သိချင်း ကျုပ်တို့နဲ့ တိုင်ပင်မယ်ဆိုရင် လူ့အသက်နှစ်ဆယ့်သုံးသက်ဟာ သေရမှာမဟုတ်ဘူး။ မင်းဟာ ဟယ်ဆလေလိုပဲ လူသတ်မှုကို ကျူးလွန်တဲ့ အကောင်"

ကျွန်တော်က ဤသို့ ပြောတော့မှပင် အရာခံဗိုလ်ရန်ကင်းက သူ့အဖြစ်ကို သူ သိလာဟန်တူ၏။

ကျွန်တော်က ဤမျှနှင့် ရပ်မနေဘဲ မေးလိုက်၏။

"ဖောင်နဲ့ ကျုပ်တို့ထွက်လာတော့ နောက်ပိုင်းမှာ ဘယ်လိုဖြစ်သလဲ"

"ကျုပ် ... ကျုပ်တို့ကက်ပတိန်ရဲ့ အသက်ကယ်လှေထဲကို ဆင်းပြီး



ပင်လယ်ထဲမှာ မျောပါလာခဲ့ကြတာပေါ့"

ရန်ကင်း၏ လေသံနှင့် အမူအရာကို ကြည့်ရခြင်းအားဖြင့် အမှန်တရားကို ဖုံးကွယ်၍ ပြောနေကြောင်း ကျွန်တော်က အတပ်သိနေသည်။

သို့ဖြစ်၍လည်း ရန်ကင်း၏ လည်ပင်းမှ ကော်လာစနှစ်စကို ကျွန်တော့်ဘယ်လက်ဖြင့် သိမ်းကြုံးဆွဲယူလိုက်ပြီး အနီးသို့ ကပ်လာသော ရန်ကင်း၏ ကျက်သရေယုတ်သော မျက်နှာကို လက်သီးစာကျွေးတော့မည်ဟု ဟန်ပြင်လိုက်သည်နှင့် တစ်ပြိုင်နက် အရာခံဗိုလ်ရန်ကင်းက သူ့မျက်နှာကို နောက်ဘက်သို့ တတ်နိုင်သမျှ တွန်း၍ဆုတ်ရင်း...

'အမှန်ကိုပြောမယ်။ ဒီလိုဖြစ်လာမယ်ဆိုတာလည်း ကျုပ်သိတယ်။ ဖြစ်လာကတည်းက ဘယ်လိုအဆုံးသတ်မယ်ဆိုတာကိုလည်း ကြောက်နေမိပြီးသားပဲ။ ကျုပ်သဘောနဲ့ ကျုပ်လုပ်တာတော့ မဟုတ်ဘူး'ဟု တုန်လှုပ်သည့်လေသံဖြင့် ပြောလိုက်၏။

"ကဲ...ဒါဖြင့် ဘာတွေ ဖြစ်တယ်ဆိုတာ ပြောစမ်း"

ကျွန်တော်က အရာခံဗိုလ်ရန်ကင်း၏လက်ကို လိမ်ညှစ်၍ထားရာမှ တစ်ပတ်လျှော့လိုက်ကာ အသံအေးအေးဖြင့် ခပ်ဖြည်းဖြည်းပင် မေးလိုက်လေသည်။

"ကျုပ်...ကျုပ်တို့က သင်္ဘောစက်တွေကိုပြန်ပြီး လည်အောင်လုပ်လိုက်ကြတယ်။ သင်္ဘောအောက်မှာ ပေါက်သွားတဲ့ အပေါက်ကြီးကိုလည်း ပြန်ပြီး ဖာလိုက်ကြတယ်။ ဒီလိုဖာနိုင်အောင်လည်း စောစောကပဲ စီစဉ်ထားတာကိုး"

အရာခံဗိုလ်ရန်ကင်း၏စကားကြောင့် ကျွန်တော့်မှာ အံ့အားကြီး အံ့အားသင့်၍ သွားခဲ့ရ၏။

"စောစောကပဲ စီစဉ်ထားတယ်ဟုတ်လား။ ဒါဖြင့် မိုင်းဖုံးထိတယ်ဆိုတာဟာလည်း မဟုတ်ဘူးပေါ့"

"မဟုတ်ဘူး၊ သံစည်ပုံးတွေထဲမှာ ကော်ဒိုက်ယမ်းမှုန့်တွေ ထည့်ပြီး ဖောက်ခွဲလိုက်တာပဲ"

"နောက်တော့ ဘာတွေဆက်ပြီးလုပ်ကြသလဲ"

"နောက်တော့ ဆက်ပြီး သင်္ဘောကို မောင်းလာခဲ့တာပေါ့"

"ဘယ်နေရာကို မောင်းသွားသလဲ"

ရန်ကင်းထံမှကြားရသော စကားများမှာ မယုံကြည်နိုင်လောက်အောင် ဝင် အံ့ဩဖွယ်ကောင်းနေသည်နှင့်အမျှ စိတ်ဝင်စားစရာလည်း အလွန်ကောင်း

www.burmeseclassic.com

www.burmeseclassic.com



နေ၏။ သုံးရောင်ခြယ်သဘော်သည် မိုင်းဗုံးထိပြီးနောက် နစ်မြုပ်သွားသည်ဟု ကျွန်တော်နှင့်တကွ အသက်ကယ်လှေအမှတ်နှစ်တို့ဖြင့် ထွက်ခွာသွားသူများအား ပိပိရိရိအယုံသွင်း၍ ထားခဲ့ပြီးနောက် ဟယ်ဆလေတို့လူစုသည် သဘော်အရောင်နှင့် သဘော်အမည်ကိုပြောင်းကား လုံခြုံသည့်နေရာတစ်ခုတွင် ခိုအောင်း၍ နေခဲ့ကြမည်မှာ အမှန်ပင် ဖြစ်ပေလိမ့်မည်။

"ဘယ်ကိုမောင်းသွားသလဲ"

ကျွန်တော်က ထပ်၍မေးလိုက်၏။

"ဘယ်နေရာကို မောင်းသွားတယ်ဆိုတာ မသိဘူး"

ရန်ကင်းက ဘူးကွယ်၍နေပြန်၏။ မည်သည့်နေရာတွင် သဘော်ကို ပုံဖျက်လျက်ဝှက်၍ ထားခဲ့သည်ဆိုသောအချက်မှာ ကျွန်တော်တို့အမှုအတွက် အလွန်အရေးကြီးသော သက်သေခံချက်ပင် ဖြစ်၏။

မည်သည့်နေရာတွင် သုံးရောင်ခြယ်သဘော်ရှိ နေသည်ဟု ကျွန်တော်တို့က လက်ညှိုးထောက်၍ ဖော်ထုတ်နိုင်ခဲ့လျှင် ကျွန်တော်တို့အမှုမှာ ပြောင်းပြန်လှန်၍ သွားကာ ကျွန်တော်တို့က တရားလို၊ ရန်ကင်းနှင့် ဟယ်ဆလေကတို့လူစုက တရားခံများ ဖြစ်၍ သွားတော့မည်မဟုတ်လား။

သို့ဖြစ်၍လည်း ဤအချက်ကို ရန်ကင်း၏လည်ပင်းမှ ညှစ်၍ထုတ်နိုင်ရန်အတွက် ရန်ကင်း၏လက်ကို နောက်တစ်ပတ်တိုး၍ လိမ်ညှစ်မည်ဟု စိတ်ကူးရင်း ရှေ့သို့ တစ်လှမ်းတိုးလိုက်၏။

တိုး၍လာသော ကျွန်တော့်ခြေလှမ်းကို ရန်ကင်းက သတိပြုလိုက်မိသည်နှင့် တစ်ပြိုင်နက်...

'ဘယ်နေရာကို မောင်းသွားတယ်ဆိုတာ လောင်ဂျီတွဒ်ဘယ်လောက် လတ္တီတွဒ်ဘယ်လောက်ကို ရောက်သွားတယ်ဆိုတာ မသိတာကို ပြောတာ'ဟု စကားလှီးလွှဲပြောလိုက်၏။

"ကောင်းပြီ။ ဘယ်မြို့ဘယ်နိုင်ငံ ဘယ်ဒေသဘက်ကို မောင်းသွားတယ်ဆို တာကိုပဲ ပြော"

"စပိဘာဂျင်ဘက်ကို မောင်းသွားတယ်။ မက်ဒွန်ရောခ့်လို့ခေါ်တဲ့ ကျွန်းတစ်ကျွန်းလည်း ရှိတယ်။ ဝက်ဝံကျွန်းအနားမှာ သုံးရောင်ခြယ်ကို ကျောက်တန်းတွေကြားမှာရှိတဲ့ ကျောက်ဆည်ပေါက်ကနေသွင်းပြီး မက်ဒွန်ရောခ့်ကျွန်းရဲ့ အရှေ့ပိုင်းမှာရှိတဲ့ ကမ်းစပ်မှာ တင်ပြီးထားခဲ့တယ်"



ရန်ကင်း၏ စကားအဆုံးတွင် ရဲဘော်ကြီးကွတ်က...

'လိမ်ပြီးပြောနေတာမယုံနဲ့။ သုံးရောင်ခြယ်ကို ကျွန်းတစ်ကျွန်းက သောင်စပ်မှာ တင်ထားခဲ့တယ်ဆိုတာ ဖြီးလုံးလိမ့်လုံးတွေ။ ငါးသိန်းကျော်ကျော် ငွေချောင်းတွေပါတဲ့ သဘော်ကို ကျွန်းတစ်ကျွန်းပေါ်မှာ တစ်နှစ်လောက်ကြာအောင် တင်ထားခဲ့ပါ့မလား'ဟု ဝင်၍ ပြောလိုက်၏။

ရဲဘော်ကြီးကွတ်၏စကားကို ကြားသွားသော အရာခံဗိုလ်ရန်ကင်းက...

'ဒါဟာအမှန်ပဲ။ မင်းတို့ကို အမှန်တွေကို ပြောနေတာ' ဟု ကြောက်လန့်တကြားပြောနေ၏။

ဆက်၍ဖြီးဆဲလိမ့်ဆဲပင် ရှိသည်ဟု ထင်နေသော ရဲဘော်ကြီးကွတ်က အရာခံဗိုလ်ရန်ကင်းအား လက်သီးစာကျွေးရန် ရှေ့သို့ တိုးလာ၏။ ရန်ကင်းက ကြောက်ကြောက်လန့်လန့်ဖြင့်...

'မက်ဒွန်ရောခ့်ကျွန်းက အရှေ့ဘက်ကမ်းစပ်မှာ သုံးရောင်ခြယ်ကို ထားခဲ့တယ်ဆိုတာ အမှန်ပါပဲဗျာ။ ငွေချောင်းတွေရော ပါလာသမျှ ပစ္စည်းတွေရော ဒီအတိုင်းပဲ ထားပစ်ခဲ့တာပါ' ဟု ပြောနေပြန်၏။

ကျွန်တော်က ရဲဘော်ကြီးကွတ်ကို ပြန်၍ ဆွဲထားလိုက်ရင်း...

'သူ့လိုအကောင်က ဒီလောက်အထိ ဉာဏ်ဆင်ပြီး ပြောတတ်မယ့်အကောင်မဟုတ်ဘူး။ သူပြောခဲ့တာတွေထဲမှာ သူ့ကိုယ်သူ ကြိုးကွင်းစွပ်သလို ဖြစ်နေတဲ့ အချက်တွေ အများကြီးပါနေတယ်' ဟု ဖျောင်းဖျလိုက်ရ၏။

သို့တိုင်အောင် ရဲဘော်ကြီးကွတ် မကျေမချမ်းသောလေသံဖြင့်...

'သဘော် ဘယ်နေရာမှာ ရှိတယ်ဆိုတဲ့ စကားကို ကျုပ်ဖြင့် နည်းနည်းမှ အဓိပ္ပာယ်မရှိဘူးလို့ထင်တယ်' ဟု ဆိုရင်း ရှေ့သို့တိုးရန် ခြေလှမ်းပြင်လိုက်၏။

ဤအချိန်တွင်ပင် တံခါးတစ်ခုကို တစ်စုံတစ်ယောက်က အတင်းဆွဲ၍ ဖွင့်လိုက်သော အသံပေါ်ထွက်လာ၏။

ရဲဘော်ကြီးကွက်ကပင်...

'ဘယ်သူလဲဟေ့' ဟု အော်၍မေးလိုက်၏။

ကျွန်တော်က သီချင်းသံတငြိမ့်ငြိမ့်ဖြင့် ရှိနေသော ရေဒီယိုကို [illegible] လိုက်သည်။

သဘော်ပေါ်တွင် လျှောက်၍သွားနေသော ခြေသံကိုလည်း [illegible]

ခဏအကြာတွင် ခြေသံက ကျွန်တော်တို့အခန်းတံ [illegible]

www.burmeseclassic.com



လာပြီး ရပ်သွားသည်ကို သတိထားလိုက်မိ၏။ တံခါးတွင် တပ်ထားသော လက်ကိုင်ကို အပြင်မှ လှည့်၍ဖွင့်နေသည်ကိုလည်း တွေ့နေရ၏။

ကျွန်တော်တို့အဖို့ အခန်းထဲတွင် ရပ်နေရုံမှတစ်ပါး တခြားထွက်ပေါက် ဟူ၍မရှိတော့။

ခဏအကြာတွင် တံခါးပွင့်သွားပြီး လူတစ်ယောက် ကျွန်တော်တို့ တံခါးဝတွင် ရပ်နေသည်ကို တွေ့ရလိုက်၏။

တပြောင်ပြောင်တောက်နေသော ကြယ်သီးများနှင့် ဖြူဖွေးနေသော ကော်လာကိုသာ ထင်ထင်ရှားရှား တွေ့နေရပြီး လူပုံပန်းသဏ္ဌာန်ကိုမူ ဝိုးတဝါး သာ တွေ့နေရ၏။

တံခါးဝတွင် ရပ်နေသော ထိုလူသည် အခန်းထဲသို့ လှမ်း၍ဝင်လာခဲ့၏။

ကက်ပတိန်ဟယ်ဆလေပင်တည်း။

အခန်းထဲသို့ ဟယ်ဆလေရောက်လာပုံမှာ ဖာတ်ခုံပေါ်သို့ ကန့်လန့်ကာ ကြားမှ မင်းသား ရောက်လာသည့် ပုံမျိုးပင် ဖြစ်၏။

ဟယ်ဆလေက တံခါးလက်ကိုင်ရှိရာသို့ စောင်းငဲ့၍ ကြည့်လိုက်၏။ ထို့နောက် အရာခံဗိုလ်ရန်ကင်း၏ မျက်နှာကို တချက်မျှ စိုက်၍ ကြည့်လိုက် သည်။ ထို့နောက် တံခါးရှိ လက်ကိုင်ကို ပြန်၍ ကြည့်နေပြန်၏။

တံခါးကို သော့ခတ်၍ ရသည်ဟုဆိုလျှင် ကျွန်တော်နှင့် ရဲဘော်ကြီးကွတ် တို့အား အခန်းထဲတွင် သော့ခတ်၍ ပိတ်လှောင်ထားရန် ကြံစည်နေသည်ဟု ကျွန်တော်က စဉ်းစားမိ၏။

သို့ရာတွင် တံခါးမှာ သော့ခတ်၍ရသော အလုံပိတ်၍နေသော တံခါးမျိုး မဟုတ်ကြောင်းကို ကျွန်တော်က သိပြီးဖြစ်၏။

တံခါးခုံကို ကျော်၍ ဝင်လာပြီးနောက် အခန်းထဲတွင် ရပ်နေသော ဟယ် ဆလေ၏ အမူအရာမှာ မဝေခွဲ မဆုံးဖြတ်တတ်သည့် အမူအရာမျိုးပင် ဖြစ်၏။

ဟယ်ဆလေက ကျွန်တော့်ကို စိုက်၍ ကြည့်နေမှန်းသိသဖြင့် ကျွန်တော် ကလည်း သူ့ကို ပြန်၍ကြည့်လိုက်၏။

သူ့မျက်လုံးဒဏ်ကို ကျွန်တော်က ကြာကြာမခံနိုင်။

ကျွန်တော်က တုန်လှုပ်၍ နေမိသည်မှာ အမှန်ပင် ဖြစ်၏။

ဒတ်မိုးကဲ့သို့သော ထောင်ကြီးအထဲတွင် အကျဉ်းသားအဖြစ်နေခဲ့ရသော ကြောင့် ကျွန်တော် စိတ်နှင့် ကိုယ်မှာ ကြမ်းတမ်းခက်တရော်နေသည် မှန်သော်



လည်း အထက်မှပေးသော အမိန့်ကိုမူ ဆင်ကြီးတစ်ကောင်ကဲ့သို့ လိုက်နာလို သော အစဉ်အလာမှာ အသည်းစွဲ၍ နေပြီဖြစ်ကြောင်း၊ ဟယ်ဆလေနှင့် မျက်နှာ ချင်းဆုံမိခါမှ ကျွန်တော်က ကောင်းစွာ သဘောပေါက်လာခဲ့၏။

အခန်းထဲသို့ ရောက်လာခဲ့သည်ဟု ဆိုလျှင်ပင် ကက်ပတိန်ဟယ်ဆလေ ၏ အရှိန်အဝါက ကျွန်တော်တို့အပေါ်တွင် လွှမ်းမိုး၍ လာခဲ့သည်မှာလည်း အမှန် ပင် ဖြစ်တော့သည်။

ခဏမျှ တွေဝေနေသော ကက်ပတိန်ဟယ်ဆလေ၏ အမူအရာမှာ မကြာမီ အတွင်းတွင်ပင် အရှိန်အဝါကြီးသော မြွေတစ်ကောင်ကဲ့သို့ ညို့ဓာတ်ပြင်း၍ လာသည်ကို တွေ့ရှိခံစားမိသည်။

ဟယ်ဆလေက ဩဇာတိက္ကမရှိသောလေသံဖြင့် စကားစ၍ ဆိုလိုက်၏။

"ဗာဒီ...မင်း ရူးများနေသလား မင်းတို့ထောင်က ထွက်ပြေးလာတဲ့ အကြောင်း အသိသားပဲ။ ဒါက ကျုပ်နဲ့ မဆိုင်ဘူး။ ကျုပ်နဲ့ ဆိုင်တာက ကျုပ်ရဲ့ အရာရှိတစ်ယောက်ကို သဘော်ပေါ်တက်ပြီး ရိုက်နှက်နေတာကတော့ ကျုပ်နဲ့ ဆိုင်တယ်။ မင်းက ထောင်သားတစ်ယောက်ပဲ၊ ထောင်ကပြေးလာပြီး မင်းကို ဆန့်ကျင်ပြီး သက်သေထွက်ခဲ့တဲ့လူကို လာပြီး ရိုက်နှက်တာကတော့ မင်းအတွက် ပိုပြီး အပြစ်ကြီးလေးနေဦးမယ်၊ ရုံးတော်က မင်းကို ကြီးလေးတဲ့ အပြစ်ပေးလိမ့် မယ်၊ မင်းက လက်စားချေဖို့ လာတာကိုး"

"ကလဲ့စားချေဖို့ လာတာမဟုတ်ဘူး"

ကျွန်တော့်အသံက တစ်မျိုးဖြစ်နေ၍ လည်ချောင်းကလည်း ခြောက်ကပ် ကပ်ဖြစ်နေ၏။ ကျွန်တော့်စကားကြောင့် ဟယ်ဆလေ၏ မျက်စိအစုံက သခင်ကို နမ်းရန်ကြံသော ဆင်၏မျက်လုံးကဲ့ မှေး၍သွားပြီး...

"ဒါဖြင့် ဘာဖြစ်လို့ ထောင်ကထွက်ပြေးလာတာလဲ"

မေးခွန်းထုတ်လိုက်၏။

"ကျုပ်က အမှန်တရားကို ဖော်ထုတ်ချင်လို့ပဲ"

ကျွန်တော်ပြောလိုက်သော စကားကြောင့် ကက်ပတိန်ဟယ်ဆလေ၏ မျက်စိအစုံက ပြူးကျယ်၍လာ၏။

"အမှန်တရား ဟုတ်လား။ မင်းက အမှန်တရားကို ဖော်ထုတ်ချင်လို့ လား"

ကက်ပတိန်ဟယ်ဆလေက ဤသို့စကားဆိုရင်း အရာ[illegible]

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို ခဏမျှ စိုက်၍ ကြည့်လိုက်ကာ...

"မောင်ရင်က ဘာတွေများပြောသလဲ"

မေးလိုက်၏။

ကက်ပတိန်ဟယ်ဆလေ၏ အသည်းမှာ ဓားမြှောင်တစ်ချောင်း၏ အဖျားကဲ့သို့ အေးစက်ကာ သွေးထွက်အောင် ဖန်တီးလိုသည့် အဓိပ္ပာယ်ပေါ်နေ၏။

ဆူဖြိုးသောအရာခံဗိုလ်ရန်ကင်း၏ အတ္တဘောကြီးက ကျဉ်စက်ဖြင့် တို့လိုက်သကဲ့သို့ လှုပ်ရှား၍ လာလေသည်။

"ကျွန်တော် ဘာမှမပြောပါဘူး။ ဘာမှ မပြောဘူး ဆိုတာ ယုံပါ"

အရာခံဗိုလ်ရန်ကင်းက သူ၏ ဆူဖြိုးဝတုတ်သော ခန္ဓာကိုယ်အထက်ပိုင်းကို အခန်းနံရံတွင် တစ်ပိုင်းမှီ၍ထားရာမှ ရှေ့သို့ ခေါင်းထောင်၍ပြောလိုက်ခြင်းဖြစ်၏။

"မောင်ရင်က ..သူတို့ကို ဘာတွေများ ပြောထားသလဲ"

ကက်ပတိန်ဟယ်ဆလေက လေအေးအေးဖြင့်ပင် ထပ်၍မေးနေပြန်သည်။ လေမှာ အေးလွန်းလှသောကြောင့် အသည်းကြားကို ဓားပါးပါးဖြင့် လှီး၍ နေသည်ဟု ထင်ရလောက်၏။

"ဘာမှမပြောပါဘူး။ ပြောတာတွေကလည်း လိမ်ပြီး ဇာတ်ကွက်ဆင်ပြီး ပြောတာတွေပါ။ ခေါင်းထဲမှာ ဖြုန်းခနဲ ပေါ်လာတာတွေကို ပြောချလိုက်တာပါ။ သူတို့နှစ်ယောက် ကျွန်တော့်လက်ကို သွင်သွင်ကျိုးအောင် ရိုက်ချိုးပြီးမေးနေတာ တွေးမိတွေးရာကို ပြောလိုက်တာပဲ။ ကျွန်တော် ဘာမှမပြောပါဘူး။ ကျွန်တော်..."

အရာခံဗိုလ်ရန်ကင်း၏ စကားအဆုံးမသတ်မီ ကက်ပတိန်ဟယ်ဆလေက ရန်ကင်း၏မျက်နှာကို ရွံရှာမုန်းတီးသည့် အမူအရာဖြင့် ကြည့်လိုက်ပြီးနောက် ကျွန်တော်တို့ဘက်သို့ လှည့်၍ သာယာအေးချမ်းသောလေသံဖြင့် ဖျောင်းဖျောင်းဖျဖျမေးနေပြန်သည်။

"ဒီလူက မောင်ရင်တို့ကို ဘာတွေများ ပြောပြနေသလဲ"

ဟယ်ဆလေ၏မေးခွန်းကြောင့် ကျွန်တော်က သူ့မျက်နှာကို ပြန်၍ ကြည့်လိုက်မိ၏။ ယခုအချိန်တွင်မူ ကျွန်တော် ကြောက်စိတ် ဟူ၍ လုံးဝမရှိတော့။

ကျွန်တော်တို့နှင့် တစ်လှေတည်းစီး တစ်ခရီးတည်းသွားဖော်ဖြစ်သော ရဲဘော်ကလေးဆီး၏သင်္ချိုင်းဟန်သည် လည်းကောင်း၊ ဟယ်ဆလေတို့ လူစုနှင့် ပတ်သက်၍ ပီနန်သင်္ဘောအကြောင်းကို ပြောပြလိုက်သည့် ရက်ရောဖော်ရွေ



သည့် ထမင်းချက်ရဲဘော်ကြီး၏ ပုံပန်းသဏ္ဌာန်သည်း လည်းကောင်း၊ ကျွန်တော့်မနောအာရုံထဲတွင် ထင်ထင်ရှားရှားပေါ်၍ လာခဲ့သောကြောင့် ဖြစ်၏။ ဤမျှမက အသက်ကယ်လှေနှစ်စင်းထဲသို့ ပို့သွင်းခြင်းခံရသော သင်္ဘောသားများ၏ အသွင်သဏ္ဌာန်ကလည်း ကျွန်တော်၏ကြောက်စိတ်ကို ပျောက်အောင် လှုံ့ဆော်၍ ပေးနေသည်ဟု ထင်ရ၏။

နှစ်ဆယ့်သုံးယောက်သော သူတို့၏ အသက်ကို သွေးအေးအေးဖြင့် သတ်ခဲ့သူများမှာ ဟယ်ဆလေ၊ ဟင်ဒရစ်နှင့် အရာခံဗိုလ်ရန်ကင်းတို့ပင် မဟုတ်လား။

ဤသို့ တွေးမိလိုက်သည့်အတိုင်း ဒေါသက ကျွန်တော့်ဦးခေါင်းကို မြွေဆိပ်တက်၍ လာသကဲ့သို့ ဖြစ်လာစေ၏။

ကျွန်တော့်နှင့် ရဲဘော်ကြီးကွက်တို့ကို အပထား၍ ပင်လယ်ရေအောက်တွင် အသက်ပျောက်သွားရရှာသော နှစ်ဆယ့်သုံးယောက်သောသူတို့၏ ဝိညာဉ်အတွက် ကျွန်တော်က ကိုယ်စားပြု၍ ကလဲ့စားချေရမည် မဟုတ်ပါလား။

ကျွန်တော့်က ဇာတ်ကြောင်းကို ပြန်ပြောင်း၍ တွေးနေစဉ်တွင်း တရားခံဗိုလ်ရန်ကင်းကလည်း ဟယ်ဆလေအား မည်သို့ အဖြေပေးရမည်ကို အချိန်ယူ၍ စဉ်းစားနေပုံရ၏။

အခန်းတစ်ခုလုံးမှာ ပကတိ တိတ်ဆိတ် ငြိမ်သက်လျက် ရှိနေလေသည်။

ကက်ပတိန်ဟယ်ဆလေက ကျွန်တော့်မျက်နှာကို စပါးကြီးမြွေတစ်ကောင်ညို့၍ ကြည့်နေသကဲ့သို့ စိုက်ကြည့်ရင်း–

'ရန်ကင်းက မင်းတို့ကို ဘာတွေများ ပြောနေသလဲ' ဟု မေးလိုက်၏။

ဟယ်ဆလေ၏ အသံမှာ ဒေါသမာနသံများ ပါနေသည် မှန်သော်လည်း ဒေါသနှင့် မာနကို သတိနှင့် ထိန်းချုပ်၍ ထားကြောင်း ကျွန်တော်က သတိထားလိုက်မိ၏။

ဟယ်ဆလေ၏ အမူအရာမှာလည်း ခုံရုံးတော်တွင် ကျွန်တော်တို့ဘက်မှ တရားခံ အကျိုးဆောင်ဗိုလ်ကြီး ဂျင်းနင်းက ပီနန်သင်္ဘောနှင့် ပတ်သက်၍ မေးမြန်းလိုက်သောအခါ ဖြစ်ပေါ်လာသည့် အမူအရာမျိုး ထင်ရှားနေလေသည်။

ကက်ပတိန်ဟယ်ဆလေက ရင်ဆိုင်တွေ့နေရသော အဖြစ်မျက်နှင့် ပတ်သက်၍ ကြောက်စိတ်ဝင်နေကြောင်း ကျွန်တော်က ချက်ချင်းပင် 

ရလိုက်၏။

သို့ဖြစ်၍လည်း၊ ကျွန်တော်က ရဲရဲတင်းတင်းနှင့် ပြတ်

www.burmeseclassic.com

www.burmeseclassic.com



ပင် ပြောချလိုက်၏။

"သင်္ဘောပေါ်မှာပါတဲ့ လူတွေအနက် နှစ်ဆယ့်သုံးယောက်ကို ခင်ဗျားက ဘယ်လိုသွေးအေးအေးနဲ့ သတ်ပစ်လိုက်တယ်ဆိုတာကို ရန်ကင်းက ကျုပ်တို့ကို ပြောပြနေတာပဲ"

ဟယ်ဆလေက လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်၏။ ကျွန်တော့်ကို ကျားခုန်၍ အုပ်သကဲ့သို့ အုပ်ကာ ထိုးတော့ ကြိတ်တော့မည်ဟု ထင်ရ၏။

သို့သော် ကျွန်တော်ထင်သည့်အတိုင်း ဖြစ်မလာ။ ဟယ်ဆလေက တဟားဟားရယ်လိုက်၏။

ရယ်သံမှာ သာယာနာပျော်ဖွယ် ကောင်းလှသည်တော့ မဟုတ်။ သားရဲတစ္ဆေများ အော်ဟစ်သံနှင့် တူသည်ဟု ထင်ရ၏။

"ကျုပ်ကို လူသတ်ကောင်လို့ ဆိုတာပဲ မဟုတ်လား"

ဟယ်ဆလေက တဟားဟားရယ်နေမှ ရုတ်တရက် ရပ်လိုက်ပြီး ကောက်ကာငင်ကာ မေးလိုက်၏။

"လူသတ်မှုရော ဓားပြမှုရော ကျူးလွန်ခဲ့တာပဲ မဟုတ်လား"

"ဘယ်လိုသက်သေပြမလဲ"

"ဖြစ်အောင်ပြမယ်"

"ဘယ်လိုပြမလဲ"

ဟယ်ဆလေက ဤသို့မေးရင်း ကျွန်တော့်ကို စိမ်းစိမ်းကြီးစိုက်၍ ကြည့်နေ၏။

"သုံးရောင်ခြယ် ဘယ်နေရာမှာ ရှိတယ်ဆိုတာ ကျုပ်သိပြီးပြီ။ ကင်းထောက် လေယာဉ်တစ်စင်းကို လွှတ်လိုက်ရင်း..."

ဟယ်ဆလေက ကျွန်တော့် စကားကို ဆုံးအောင်ပင် နားထောင်မနေဘဲ၊ ရန်ကင်းဘက်သို့ လှည့်လိုက်ရင်း-

"မင်း...မင်း...မူးရူးနေတဲ့ကောင်။ သူတို့ကိုဘာတွေ ပြောထားသလဲ"

နတ်ပူးသကဲ့သို့ တစ်ကိုယ်လုံးဆတ်ဆတ်တုန်နေသော အရာခံဗိုလ်ရန်ကင်းက အိပ်စင် ခြေရင်းဘက်သို့ လက်နှစ်ဖက်ကို ထောက်၍ရွှေ့လာရင်း-

'အမှန်အတိုင်းပဲ ပြောလိုက်တာပါ'ဟု ဆိုလိုက်၏။ ဤသို့ဆိုပြီးမှ အစိမ်းဝါး၍ စားတော့မတတ် စူးစိုက်၍ ကြည့်နေသော ကက်ပတိန်ဟယ်ဆလေ၏



မျက်လုံးဒဏ်ကို ရန်ကင်းက မခံနိုင်တော့ဘဲ

'ကျွန်တော် ဘာတွေပြောနေမိတယ် ဆိုတာတောင် ကျွန်တော်မသိဘူး။ သူတို့ယုံအောင် ကလိမ်စေ့ ငြမ်းဆင်ပြီး ပြောခဲ့တာပါ'ဟု လေပြေထိုး၍ ပြောနေပြန်၏။

အရာခံဗိုလ်ရန်ကင်းက ဤသို့ပြောရင်း အိပ်စင်ခြေရင်းဘက်စားပွဲပေါ်တွင် ရှိသော ဝီစကီပုလင်းကို ကောက်၍ ကိုင်လိုက်ပြီး ဖန်ခွက်ထဲသို့ လောင်းထည့်ရန် ကြိုးစားနေ၏။

လက်နှစ်ဖက်က တဆတ်ဆတ်တုန်နေသောကြောင့် ပုလင်းအဝနှင့် ဖန်ခွက်နှုတ်ခမ်းထိသံက တချွင်ချွင်မြည်နေလေသည်။

ကက်ပတိန်ဟယ်ဆလေက ကျွန်တော့်ဘက်သို့ ပြန်၍လှည့်လာပြန်သည်။

"အမှန်တွေဆိုတာ ဘာလဲ"

ယခုအကြိမ်တွင်တော့ ဟယ်ဆလေက ပြုံးပြုံးကလေးပင် မေးနေချေသည်။

"လူတစ်ယောက်က ခုတစ်မျိုးပြောတယ်။ တော်တော်ကြာရင် တစ်မျိုးဆိုတယ်။ ခု စားကလေးကြော် ခုဆီထမင်းလုပ်နေတဲ့ လူတစ်ယောက်ရဲ့စကားကို ဘယ်ဟာအမှန်လို့ ပြောနိုင်မှာလဲ"

ဟယ်ဆလေက ဤသို့ ပလ္လင်ခံလိုက်ပြီးမှ-

"မင်းက ကျုပ်ကို လူသတ်သမား ပင်းလယ်ဓားပြလို့ ထင်ရင် ပုလိပ်ကို သွားပြီး တိုင်လိုက်ပါလား။ ပုလိပ်ဌာနမှာမှ ကျုပ်ကို မင်းက ဘယ်လိုထင်တယ်ဆိုတာ ပြောချင်သလို ပြောခဲ့ မင်းပြောတာကို ပုလိပ်က ယုံမလား မယုံဘူးလား စောင့်ကြည့်"

'ရန်ကင်းဆိုတဲ့ အကောင်က ဒီနေ့တစ်မျိုးပြောပြီး နက်ဖြန်ကျရင်တစ်မျိုး ပြောမယ့် အကောင် သူ့စကားကိုကော ပုလိပ်က ယုံမှာတဲ့လား'ဟု ပြောရင်း တဟားဟား ရယ်လိုက်၏။

ပြီးမှ-

'ရန်ကင်းကို လက်စားချေချင်လို့ မင်းတို့က လာပြီး ရိုက်တာ နက်တာဆို တော့ ပုလိပ်က ယုံလိမ့်မယ်။ သွားပြီး တိုင်ကြပါလား။ ရန်ကင်းကို ဆွဲထိုး ရိုက်တာထက် ပုလိပ်က မင်းတို့ကို ဝိုင်းပြီး ဝေယံတော...တောလိမ့်မယ်ဟု အော်လိုက်၏။

"အစတော့ ပုလိပ်တွေက ယုံမှာ မဟုတ်ဘူး။ ဒါပေမဲ့ နှစ်ခြင်းလွှာပြီးရင်

www.burmeseclassic.com

www.burmeseclassic.com



တဲ့ သုံးရောင်ခြယ်ဟာ မမြုပ်ဘဲနဲ့ ဘယ်နေရာမှာ ရှိနေတယ်ဆိုတာ သိလာရင် ကျုပ်ပြောတာကို ယုံလာမှာပဲ”

ကျွန်တော်ကလည်း မခံချင်စိတ်ဖြင့် အော်၍ ဟစ်၍ ပြောလိုက်၏။

ရဲဘော်ကြီးကွတ်က နောက်မှနေ၍ ကျွန်တော့်လက်တစ်ဖက်ကို ဆွဲရင်း–

“တော်ပါတော့ဗျာ၊ လေကုန်ခံပြီး ပြောမနေပါနဲ့ သွားကြစို့”

ကျွန်တော်က ရဲဘော်ကြီးကွတ်ထံမှ ရုန်းကန်၍ ထွက်လိုက်၏။ အသက်ကယ်လှေတစ်စင်းနှင့်အတူ အသက်ပျောက်ရှာသော သူတို့၏ မျက်နှာကို ပြေး၍ မြင်လိုက်မိသောကြောင့်လည်း ပို၍ ဒေါသထွက်လာသည်။ နှစ်ဆယ့်သုံးယောက်သောသူတို့၏ အသက်ကို သွေးအေးအေးဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့သော လူသတ်ကောင်ကြီးကမူ ကျွန်တော့်ရှေ့တွင် တဟားဟားရယ်လျက် ရပ်နေသည် မဟုတ်လား။

“လူနှစ်ဆယ့်သုံးယောက်ကို သွေးအေးအေးနဲ့ လုပ်ကြံသတ်ဖြတ်ခဲ့တဲ့ လူသတ်မှုကြီးကတော့ ပျောက်သွားလိမ့်မယ်လို့ မထင်နဲ့၊ ဒီအမှုကြီးမှာ အဓိကသက်သေဖြစ်တဲ့ သုံးရောင်ခြယ်သင်္ဘောက ပျောက်ပျက်ပြီးသွားတာ မဟုတ်တော့ ခင်ဗျားရဲ့ လူသတ်မှုကြီးလည်း အစဖျောက်လို့ ရမှာမဟုတ်ဘူး။ တရုတ်ပင်လယ်ထဲမှာ ကျူးလွန်ခဲ့တဲ့ လူသတ်မှုတွေ ဓားပြမှုတွေကို အစဖျောက်လို့ ရချင်ရမယ်၊ ဒါပေမဲ့ ဘာရင့်ပင်လယ်ထဲမှာ ကျူးလွန်ခဲ့တဲ့ နှစ်ဆယ့်သုံးလောင်းပြိုင် လူသတ်မှုကြီးကိုတော့ ဘယ်နည်းနဲ့မှ အစဖျောက်လို့ ရမှာမဟုတ်ဘူး”

ကျွန်တော်က ဒေါသကြီးနေသော်လည်း စကားကိုမူ အေးအေးဖြင့် တစ်လုံးချင်း ပီပီသသ ပြောနေသည်။

တရုတ်ပင်လယ်ဟူသော စကားကြောင့် ဟယ်ဆလေ၏မျက်လုံးတစ်စုံက ကျွတ်ထွက်တော့မတတ် ကျယ်၍သွားပြီး လက်နှစ်ဖက်ကလည်း တင်းတင်းကြီး ဆုပ်လျက်ရှိနေသည်ကို တွေ့လိုက်ရ၏။ ခဏမျှ ရူးသွားသည်ဟုပင် ထင်လိုက်ရ၏။ ကျွန်တော်က နောက်ထပ်တစ်ခွန်းလောက် ထပ်၍ ပြောလိုက်လျှင် ဟယ်ဆလေ၏ ဦးနှောက်မှာ ချာချာလည်၍ သွားတော့မည်ဟု ထင်မှတ်ရ၏။

“ပီနန်သင်္ဘောကို မာလိန်မှူးအဖြစ်နဲ့ တရုတ်ပင်လယ်ထဲမှာ ကျက်စားခဲ့တုန်းက လူဘယ်နှယောက်ကို ဘယ်လို သွေးအေးအေးနဲ့ သတ်ခဲ့သလဲ”

ကျွန်တော်က ထိုးစစ်ဆင်သကဲ့သို့ ဟယ်ဆလေအား နောက်ဆုံး ချေမှုန်းရေး တိုက်ပွဲကို ဆင်လိုက်၏။



ဟယ်ဆလေက မုန်ယိုနေသော ဆင်ကြီးတစ်ကောင်လို ကျွန်တော့်အား အတင်းဝင်၍ ထိုးတော့မည်ဟု ထင်လိုက်၏။ လက်ထဲတွင် သေနတ်တစ်လက်သာ အသင့်ရှိနေလျှင် ဟယ်ဆလေက ဤနေရာတွင်ပင် ကျွန်တော့်အား ပွဲချင်းပြီးသွားအောင် သတ်လိုက်မည်ဟု ထင်၏။ သူ့မျက်လုံးအစုံက အရူးတစ်ယောက်၏ မျက်လုံးနှင့် တူနေသည်ဟု ကျွန်တော်ထင်နေမိ၏။

သို့ရာတွင် ဟယ်ဆလေက သွေးအေးအေးဖြင့်ပင် ကျွန်တော့်ကို ပြန်၍မေးနေ၏။

“ပီနန်နဲ့ တရုတ်ပင်လယ်ထဲမှာ ကျုပ် ဘာတွေလုပ်ခဲ့တယ်ဆိုတာ မင်းက ဘာများသိလို့လဲ၊ ဘယ်လောက်သိလို့လဲ၊ မင်းက ဘာမှမသိဘူး။ ခုံရုံးမှာလည်း ဒီကိစ္စနဲ့ပတ်သက်ပြီး ကျုပ်ကို အစ်ထုတ်ခဲ့တယ်၊ ဒါပေမဲ့ မင်းက သိလို့မဟုတ်ဘူး”

“အဲဒီတုန်းကတော့ မသိတာအမှန်ပဲ ဒါပေမဲ့”

ကျွန်တော့်စကားမဆုံးမီ ဟယ်ဆလေ၏မျက်လုံးအစုံက ကြောင်မျက်လုံးကဲ့သို့ အရောင်တဖျတ်ဖျတ် တောက်လာသည်။

“အလို...ဘုရားရေ”

ဟယ်ဆလေက ဇာတ်ထဲမှာ မင်းသားကြီးအိုက်တင်ဖြင့် ရေရွတ်လိုက်ပြီး

‘သေသူအများ၊ ပြောစကား ကြားရဖူးတယ်လို့ ဘယ်တုန်းကများ ထုံးစံရှိသလဲ၊ ယခုတော့မှ သေသူအဖြစ် ထောင်ကျညစ်က လာ၍ဖြင့် ဟစ်ချေပေ၏၊ စိတ်ညစ်လိုက်ပါဘိ ငါ့ကိုယ်နှယ်’ ဟု ဇာတ်သံနှော၍ ပြောနေပြန်၏။

ဤစကားမှာ မည်သည့်ပြဇာတ်မှ ဇာတ်စကားဖြစ်သည်ကို ကျွန်တော်က မသိသော်လည်း နောက်ထပ်၍ ရွတ်ဆိုလိုက်သော စကားများမှာမူ ရှိတ်စပီးယား၏ မက်ဘက်ပြဇာတ်ထဲမှ စာပိုဒ်ဖြစ်ကြောင်း ကျွန်တော်က သိလိုက်၏။

‘နှစ်ဆယ်ကျော်မျှ အသုဘ၏ မရဏတေးသံ၊ ဆူညံညံကို ပြန်၍ကြားရချေတော့သည်’ ဟယ်ဆလေက မင်းသားကြီးလေသံဖြင့် ရေရွတ်လိုက်ပြီးနောက် ရေနက်ထဲမှ ကမ်းပေါ်သို့ တက်၍လာသော လူတစ်ယောက်ကဲ့သို့ အသက်ကို ခပ်ပြင်းပြင်းရှူနေ၏။

“သင်္ဘောအခန်းကို ဇာတ်ရုံထင်ပြီး မင်းသားကြီး ဟန်ပန်လေးတွေ လုပ်မနေစမ်းနဲ့၊ ခင်ဗျားအတွက် လူသတ်တယ်ဆိုတာ ဇာတ်ကောင်ကို ရွတ်ရတာလောက် မခက်ဘူးမဟုတ်လား”

ကျွန်တော်က ဟယ်ဆလေ၏ အမူအရာကို မြင်ပြင်ဖော်၍ လာသည်

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း အော်၍ပြောလိုက်၏။

ကျွန်တော့်စကားကြောင့် ကက်ပတိန်ဟယ်ဆလေမှာ အရိုက်ကို အထိုးခံလိုက်ရသကဲ့သို့ ဖြစ်သွားပုံရ၏။

"မင်းသားကြီးဟန်ပန် ဟုတ်လား"

ဟယ်ဆလေက ကျွန်တော့်အား ရွံရှာစက်ဆုပ်သည့် အမူအရာဖြင့် ပြန်၍အော်လိုက်၏။ သူ့မျက်လုံးအစုံက ပြူးကျယ်၍လာသည်။ အသက်ရှူပင် ရပ်နေသည်ဟု ထင်ရ၏။

သုံးရောင်ခြယ်သင်္ဘောပေါ်တွင် ထမင်းချက်ရဲဘော်ကြီးက ဟယ်ဆလေနှင့် ပတ်သက်၍ အတင်းအဖျင်းများကို သတင်းအဖြစ် ပြောခဲ့ပုံက ကျွန်တော့် နားထဲတွင် ပြန်၍ကြားလာ၏။

သို့ဖြစ်၍လည်း...

"မှတ်ဆိတ်ပါးမြိုင်းမွေးတွေထားပြီး ခင်ဗျားရုပ်ကို ဘာဖြစ်လို့ ဖျက်ထားရတာလဲ၊ ပြဇာတ်ထဲမှာ မင်းသားကြီးလုပ်ခဲ့ဖူးတော့ ခင်ဗျားကို လူတွေ သိမှာစိုးတာနဲ့ မှတ်ဆိတ်ပါးမြိုင်းမွေးတွေနဲ့ ရုပ်ဖျက်ပြီး ထားခဲ့တာပဲ မဟုတ်လား"

ကျွန်တော့် စကားကြောင့် ဟယ်ဆလေ၏ မှတ်ဆိတ်ပါးမြိုင်းမွေးများအားလုံးပင် ထောင်၍ထလာသည်ဟု ထင်ရ၏။ ကျွန်တော့်ကိုလည်း ကျားအုပ်သကဲ့သို့ ခုန်၍အုပ်တော့မည်ဟု မှတ်ထင်နေရသည်။

ရဲဘော်ကြီးကွတ်က ကျွန်တော့်နားနားသို့ ကပ်ပြီး...

"တော်ပါတော့ဗျာ ဒါတွေပြောနေလို့ ပြီးမှာ မဟုတ်ဘူး၊ သွားကြစို့ဟု စိတ်မရှည်နိုင်တော့သော အသံဖြင့် ပြောလိုက်၏။

"ကောင်းပြီ သွားကြစို့"

ကျွန်တော်က ဤသို့ပြောရင်း ဟယ်ဆလေရှေ့မှ ထွက်၍လာခဲ့၏။

ဟယ်ဆလေက ကျွန်တော်တို့အား ဟန့်တားခြင်းမပြု။ သူ့ကို ကြည့်ရသည်မှာ သေငယ်ဇောနှင့် မေ့မြောနေသော လူတယောက်ပမာ ဖြစ်နေသည်။ သူ့ရှေ့မှ ထွက်လာသော ကျွန်တော်တို့ကိုပင် မြင်ပုံမရ၊ သူ့မျက်စိများက ဝေးလံသော အတိတ်ဆီမှ အဖြစ်အပျက်များကို မြင်နေရသည်ဟု ထင်ရလေသည်။

အခန်းအပြင်သို့ ရောက်လာသောအခါ တိုက်နေသော လေက ရှူးနှမ်းနေသကဲ့သို့ ဘယ်ကွေ့ ညာဝိုက်လျက် တိုက်ခတ်နေ၏။

ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့က ကုန်းပေါင်ကိုနင်း၍ ဆိပ်ခံသော



တံတားပေါ်သို့ ရောက်လာပြီးနောက်၊ မုန်တိုင်းသင်္ဘောကျောက်ချရပ်စွဲထားရာ ဆိပ်ကမ်းမှ အပြင်သို့ ခြေကုန်သုတ်၍လာခဲ့ကြ၏။

ဆိပ်ကမ်းလမ်းမှနေ၍ မီးရောင်များ ထိန်ထိန်လင်းနေသော နယူးကာဆယ်မြို့လယ်သို့ လျှောက်၍ လာရင်း ရဲဘော်ကြီးကွတ်က...

'ရန်ကင်းပြောတာတွေဟာ အမှန်ချည်းပဲလို့ ယူဆတယ်'ဟု မှတ်ချက်ချလိုက်၏။

"သူ့လိုအကောင်က လုပ်ဇာတ်လုပ်ပြီး ပြောတတ်မယ့် အကောင်မျိုးမဟုတ်ဘူး။ ဒါပေမဲ့ ဟယ်ဆလေပြောသလို ကျုပ်တို့ပြောတာကို ပုလိပ်ကတော့ ယုံမှာ မဟုတ်ဘူး။ နို့ပြီး ရန်ကင်းကို ခေါ်မေးရင်လည်း သူက ဘူးကွယ်ပြီးနေမှာပဲ။ ဒီတော့... ကျုပ်တို့ဘက်က မှန်ကန်ကြောင်း လက်ဆုပ်လက်ကိုင် သက်သေပြနိုင်ဖို့ လိုတယ်"

ကျွန်တော့် စကားကို ရဲဘော်ကြီးကွတ်က မရယ်ချင့်ရယ်ချင် ရယ်လိုက်ရင်း...

'သက်သေဆိုလို့ စပိဘာဂျင်အနား၊က ကျွန်းတစ်ကျွန်းရဲ့ ကမ်းစပ်မှာ သုံးရောင်ခြယ်သင်္ဘောရှိနေတယ်လို့ ပြောပြနိုင်တာပဲမဟုတ်လား'ဟု ဆိုလိုက်၏။

"ဟယ်ဆလေသာ ရောက်မလာရင်တော့ ရန်ကင်းဆီက သူ့လက်ရေးနဲ့ ရေးထားတဲ့ သက်သေထွက်ချက်ကို ယူပြီး ပုလိပ်ကိုပြမယ်လို့ စိတ်ကူးထားခဲ့တယ်။ ခုတော့ အကောင်အထည်မပေါ်နိုင်တော့ဘူး"

"ရန်ကင်းလက်ရေးနဲ့ ရေးထားတဲ့ စာကို ပုလိပ်အဖွဲ့က ယုံဦးမှကိုး။ သူ့ကို ခေါ်ပြီး စစ်တော့ ဘူးကွယ်လိုက်ရင် ကျုပ်တို့ အရှုးဖြစ်ကုန်လိမ့်မယ်"

ရဲဘော်ကြီးကွတ်က သူ့ထင်မြင်ချက်ကို ပြောပြနေ၏။

"အကောင်းဆုံးကတော့ ကျုပ်တို့ကိုယ်တိုင် သုံးရောင်ခြယ်ရှိတဲ့ နေရာကို သွားပြီး ငွေချောင်းလေးငါးချောင်းလောက် ယူလာပြီး ပုလိပ်ကို ပြဖို့ပဲ"

"သုံးရောင်ခြယ် ရှိတဲ့နေရာကို ကျုပ်တို့က ဘယ်လိုလုပ်ပြီး သွားမလဲ"

ရဲဘော်ကြီးကွတ်က စိတ်ပျက်လက်ပျက် ပြောလိုက်၏။ ဤသို့ ပြောပြီးနောက် အစ်စုံတစ်ခုကို သတိရလာဟန်ဖြင့် ကျွန်တော့်လက်မောင်းကို ဖမ်းဆွဲလိုက်ကာ...

'မစ္စဂျနီဖာမှာ သင်္ဘောကလေးတစ်စင်း ရှိတယ်မဟုတ်လား... အဲဒါနဲ့ အပိုတစ်လုံးလည်း တပ်ထားတယ်ဆိုတော့ သုံးရောင်ခြယ်ရှိတဲ့နေရာကို သွားလို့

www.burmeseclassic.com



ရမယ်ထင်တယ်'ဟု ဆိုလိုက်၏။

"ဟုတ်တယ် ဂျနီဖာရှိတဲ့ အိုဗန်ကိုပဲ သွားကြစို့"

ကျွန်တော်က ဝမ်းသာအားရပြောလိုက်၏။ ခဏမျှအကြာတွင် ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့သည် စကော့တလန်ပြည် အိုဗန်မြို့သို့ သွားသောယာဉ်တစ်စီးပေါ်၌ တက်ရောက်မိပြီးသား ဖြစ်နေလေသည်။

ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့အား ကယ်နိုင်မည့်သူမှာ မဏိမေခလာ မစ္စဂျနီဖာပင် မဟုတ်ပါလား။

▢

## (၁၁)

အိုဗန်မြို့သို့ မတ်လ (၁၇) ရက် တနင်္ဂနွေနေ့ နေ့လယ်ဘက်တွင် ကျွန်တော်တို့ ရောက်ရှိခဲ့ကြ၏။

အိုဗန်မြို့နှင့် ကာရီရာကျွန်းအကြားရှိ ပင်လယ်ပြင်မှာ အပြာရောင်လှိုင်းကလေးများဖြင့် ကြည်နူးဖွယ်ဖြစ်နေလေသည်။

ကာရီရာကျွန်း ဟိုမှာဘက်တွင် မူးလ်တောင်တန်ကြီး၏ တောင်နှယ်တောင်နာမောင်းတို့က မြည်ိုရောင်သန်းကာ ရှုမျှော်ခင်းကို ပို၍ လှပအောင် ဖန်တီးလျက်ရှိလေသည်။

အိုဗန်မှနေ၍ ဆက်လက်ထွက်ခွာလာခဲ့သော ကျွန်တော်တို့သည် ချောင်းကလေးတစ်ခုကို ဖြတ်၍ ကူးလိုက်သောအခါ တောင်စောင်းတစ်ခုပေါ်တွင် တည်ရှိနေသော မစ္စဂျနီဖာတို့အိမ်သို့ ဆိုက်ရောက်လာကြ၏။

တောင်ကုန်းပတ်လည်တွင် ထင်းရှူးပင်မြင့်ကြီးများ ပေါက်ရောက်လျက်ရှိနေသောကြောင့် ဂျနီဖာတို့၏အိမ်မှာ ကျွန်တော်တို့အဖို့ ပုန်းလျှိုးခိုအောင်း၍ကောင်းမည့်နေရာဟု ထင်နေမိ၏။

အိမ်ရှေ့ဆင်ဝင်အောက်သို့ ရောက်ပြီးနောက် တံခါးကို ကျွန်တော်က ခေါက်လိုက်ပြီး အိမ်ထဲမှ ထွက်ပေါ်လာမည့် တစ်စုံတစ်ယောက်ကို စောင့်မျှော်နေစဉ် ရဲဘော်ကြီးကွတ်က ... စ်

'ကျုပ်တို့လို ထောင်ပြေးတွေကို မစ္စဂျနီဖာက ပျူပျူငှာငှာ လက်ခံပါ့မလား'ဟု မေးလိုက်၏။

သည်တော့မှပင် ကျွန်တော့်အဖြစ်ကို ကျွန်တော် ပြန်၍သိလာ၏။

www.burmeseclassic.com



ကျွန်တော့်မှာ ဂျနီဖာအား တွေ့လိုဇောဖြင့် မျှော်တလင့်လင့်ရှိ၍သာနေခဲ့ရာ ကျွန်တော့်အဖြစ်ကိုပင် ကျွန်တော်က မေ့၍ထားမိသည်အထိ ဂျနီဖာအပေါ်တွင် အာရုံစိုက်၍နေမိလေသည်တကား။

အိမ်စေနှင့်တူသော မိန်းမကြီးတစ်ယောက်က ဧည့်ခန်းမှ တံခါးကို လာ၍ ဖွင့်ပေး၏။ ကျွန်တော်က ရဲဘော်ကြီးကွတ်နှင့် ကျွန်တော့်နာမည်ကို ပြောလိုက်ပြီး မစ္စဂျနီဖာနှင့် တွေ့လိုပါသည်ဟု ဆိုလိုက်၏။

အိမ်စေမိန်းမကြီးသည် အတွင်းခန်းသို့ ဝင်ရောက် ပျောက်ကွယ်သွားပြီး နောက် ခဏမျှအကြာတွင် ပြန်ထွက်လာပြီး ကျွန်တော်တို့အား ဧည့်ခန်းရှိကုလားထိုင်များတွင် ထိုင်နေပါဟု အကြောင်းကြားလာ၏။

အိမ်စေမိန်းမကြီးအခန်းတွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားပြီးနောက် ခဏမျှအကြာတွင် ဆံပင်ငွေရောင်နှင့် လူကြီးတစ်ယောက် ဧည့်ခန်းအတွင်းသို့ ရောက်ရှိလာလေသည်။

သူကား ဂျနီဖာ၏ဖခင်တည်း။

ခုံရုံးတွင် ကျွန်တော်တို့ အမှုကို စစ်ဆေးနေစဉ်ကပင် ဂျနီဖာ၏ ဖခင်ကြီးနှင့် ရင်းနှီးခင်မင်ခဲ့သည့်အတိုင်း ကျွန်တော်တို့က မစ္စဂျနီဖာကို မတွေ့ရသည့်တိုင် ဝမ်းသာ၍နေခဲ့၏။

ဂျနီဖာ၏ ဖခင်ကြီးသည် ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့အား လက်ကို ဆွဲ၍ နှုတ်ဆက်လိုက်ရင်း...

'မောင်ရင်တို့နှစ်ယောက် ဒီကိုရောက်လာမယ်ဆိုတာ ဦး မျှော်လင့်နေပြီးသားပဲ'ဟု ပဋိသန္ဓာရစကားကို ဆိုလိုက်၏။

"မျှော်လင့်နေတယ်"

ကျွန်တော်က ဂျနီဖာ၏ ဖခင်ကြီးလေသံကို သံယောင်လိုက်ကာ အံ့သြစွာ ပြောလိုက်မိသည်။

အဘိုးကြီးသည် အခန်းအလယ်ရှိ မီးလင်းဖိုရှိရာသို့ ကျွန်တော်တို့နှစ်ဦးအား ခေါ်ဆောင်၍ ခေါ်သွားရင်း...

"အင်း... ဟုတ်တယ်။ မောင်ရင်တို့နှစ်ယောက် ရောက်လာလိမ့်မယ် ဆိုပြီး မျှော်နေရတယ်။ သတင်းစာမှာ မောင်ရင်တို့နှစ်ယောက် ထွက်ပြေးလာတယ် ဆိုတဲ့ သတင်းကို ဖတ်ရကတည်းက တစ်နေ့နေ့မှာ ဒီကို ရောက်လာမယ်ဆိုတာ မျှော်လင့်ခဲ့ပြီးသားပဲ။ ကျုပ်သမီး ဂျနီဖာကလည်း တစ်နေ့နေ့မှာ မောင်ရင်တို့



ရောက်လာလိမ့်မယ်လို့ တစ်ပြောတည်းပြောနေတာပဲ။ ဒီကနေ့တော့ တနင်္ဂနွေနေ့ ဖြစ်လို့ သူ့အချစ်တော် အီလီယံမိုးနဲ့ ရှက်တိုက်ပြီး ခရီးထွက်သွားလေရဲ့။ စက်ဆရာကြီး မက်ဖာဆင်လည်း အတူတူပါသွားတယ်။ ညနေလေးနာရီလောက်ကို ပြန်ရောက်လာမယ်လို့လည်း မှာသွားတယ်။ ကဲ...ကဲ... ဘာပဲဖြစ်ဖြစ် စိတ်အေး လက်အေးသာ နေကြထိုင်ကြ"

အဘိုးကြီးက ဤသို့ပြောရင်း အိမ်စေမိန်းမကြီးအား ကျွန်တော်တို့အဖို့ လက်ဖက်ရည်ပွဲပြင်လိုက်ရန် အမိန့်ပေးလိုက်၏။

ဒတ်မိုးထောင်ကြီးတွင် လူစင်စစ်က တစ္ဆေသရဲပမာနေထိုင်လာခဲ့ရသော ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့မှာ အိမ်ဖြစ်ကိတ်မုန့်နှင့် ခြံထွက်ထောပတ်များ ယိုများကို စားသောက်ရလေသောအခါ အသက်ရှင်လျက်ဖြင့် နိဗ္ဗာန်သို့ရောက်လာသည်ဟု ထင်မှတ်နေမိလေသည်။

လက်ဖက်ရည်နှင့် မုန့်များကို ကျွန်တော်တို့ စားသောက်ပြီးသွားသောအခါ ဂျနီဖာ၏ဖခင်ကြီးက တောင်ပေါ်သားတစ်ဦးပီပီ လေသံဝဲဝဲဖြင့် ကျွန်တော့်ကို စကားစ၍ ဆို၏။

"မောင်ရင် ခရီးမပန်းဘူးဆိုရင် ဒီကနေပြီး လျှောက်သွားပါလား။ မကြာခင် ဂျနီဖာတို့လည်း ပြန်ရောက်ဖို့ အချိန်ရောက်လာတော့မယ်။ ရဲဘော်ကြီးကွတ်နဲ့ ကျုပ်ကတော့ စကားပြောရင်း ကျန်နေရစ်ခဲ့မယ်လေ။ ဒီကနေ လမ်းအတိုင်း လျှောက်သွားရင် ရဲတိုက်ကြီးတစ်ခုကို တွေ့လိမ့်မယ်။ အဲဒီရဲတိုက်ကြီးနဲ့ ကပ်နေတဲ့ ရေပြင်မှာ အီလီယံမိုးကို အမြဲတမ်း ကျောက်ချပြီး ထားစမြဲပဲ။ သမီးက မောင်ရင်တို့ကို အားမသိရန်မခဲ ဒတ်မိုးထောင်ကြီးက လွတ်မြောက်လာတယ် ဆိုတာ သိရင် သိပ်ပြီး ဝမ်းသာလိမ့်မယ်"

ကျွန်တော်က ဂျနီဖာ၏ ဖခင်ကြီးအား ကျေးဇူးစကားအထပ်ထပ်ဆိုရင်း ညွှန်ကြားချက်အတိုင်း လျှောက်၍ လာခဲ့၏။

တောတောင်ရေမြေ အထွေထွေဖြင့် သာယာ၍နေသော စကော့တလန်ပြည်၏ ရှုခင်းမှာ စိတ်ကြည်နူးဖွယ်ရာပင် ဖြစ်၏။

အိုဗန်မြို့ကို ရစ်ဝိုင်းလျက်ရှိသော ပင်လယ်ပြာနှင့် ပင်လယ်ပြာ၏ [illegible] ဘက်တွင် တည်ရှိနေသော တောင်တန်းတောင်စွယ်တို့က ဒတ်မိုး[illegible] ပြေးထွက်၍ လာခဲ့ရသော ကျွန်တော့်စိတ်ကို ငြိမ်ငြိမ်နေအောင် [illegible] လေသည်။

www.burmeseclassic.com



အတန်ကြာအောင် လျှောက်၍လာသောအခါ ညွှန်ပြလိုက်သော ရဲတိုက်ကြီးအနီးသို့ ရောက်လာခဲ့၏။ တစ်ခုသော ကမူလေးပေါ်မှ နေ၍ ပြာသောပင်လယ်ထဲသို့ လှမ်းမျှော်၍ ကြည့်လိုက်သောအခါ တဖွေးဖွေးနှင့် လွင့်၍နေသော ရွက်တိုင်ကို ရေးဦးစွာ မြင်ရ၏။ ထပ်မံ၍ ကြည့်ရှုလိုက်သောအခါ ရွက်တပ်စက်သင်္ဘောကလေးတစ်စင်းက ရဲတိုက်ကြီးရှိရာသို့ ဦးတည်လာနေသည်ကို တွေ့လိုက်ရလေသည်။

ခဏအကြာတွင် ဖွင့်ထားသော ရွက်များက လိပ်၍သွားသည်ကို တွေ့လိုက်ရပြီးနောက် တန်ချိန်နှစ်ဆယ့်ငါးတန်မျှသာရှိသော ရွက်တတ်စက်သင်္ဘောကလေး အိလီယံမိုးသည် ရဲတိုက်ကြီးနှင့် ဆက်လျက်ရှိသော ပင်လယ်ချိုင်အတွင်းသို့ အရှိန်ဖြင့် ဝင်လာသည်ကို တွေ့လိုက်ရ၏။

သင်္ဘောပေါ်မှ ကျောက်ဆူးချသံ ပေါ်ထွက်လာပြီးနောက် မကြာမီပင် ဒင်ဂီခေါ် ရာဘာလှေကလေးတစ်စင်း ကျွန်တော်ရှိနေသော ကမ်းနဖူးသို့ ဦးတိုက်၍ လှော်ခတ်လာသည်ကို မြင်ရ၏။

ရာဘာလှေဦးပိုင်းတွင် ထိုင်နေသူမှာ ဂျနီဖာဖြစ်ကြောင်း ကျွန်တော်က ကောင်းစွာ သိနေ၏။ ပဲ့ပိုင်းတွင် ထိုင်၍ လှော်ခတ်လာသူမှာ အိလီယံမိုးကို တယုတယကိုင်တွယ် မောင်းနှင်ခဲ့သော စက်ဆရာကြီး မက်ဖာဆင်ဖြစ်လိမ့်မည်ဟု တွေးထင်ရ၏။

ရာဘာလှေက သင်္ဘောနှင့် ကျွန်တော့်အကြား ခရီးထက်ဝက်သို့ရောက်လာသည်အထိ ကျွန်တော်က မစ္စဂျနီဖာကို လှမ်း၍ နှုတ်မဆက်ဘဲ အရုပ်တစ်ရုပ်ကဲ့သို့ ငြိမ်သက်စွာပင် နေလိုက်၏။

ဂျာနီဖာက ကျွန်တော့်အပေါ်တွင် မည်မျှ သံယောဇဉ် ကြီးမားကြောင်း သိလိုသောကြောင့် ငြိမ်၍နေလိုက်ခြင်းပင်တည်း။

ရာဘာလှေက ကမ်းနှင့် နီး၍လာသောအခါ ဦးပိုင်းတွင် ထိုင်၍ လိုက်ပါလာသော ဂျနီဖာက ကျွန်တော့်ကို ကွဲကွဲပြားပြားသိမြင်သွားပြီး လှေပေါ်မှနေ၍ ဝမ်းသာအားရ နှုတ်ဆက်လိုက်၏။

ကျွန်တော့်အပေါ်တွင် ယခုထက်ထိ သဘောထားမပြောင်းသော ဂျနီဖာကို ကျေးဇူးအတင်ကြီးတင်၍ နေမိလေသည်။

"ဒီကို ဘယ်လိုလုပ်ပြီး ရောက်လာသလဲ။ လာရတာ လွယ်ရဲ့လား"

ဂျနီဖာက မေးခွန်းပေါင်းများစွာကို တစ်ချိန်တည်းတွင် မေးလိုက်ပြီးနောက်



တစ်ချက်မျှ ရယ်လိုက်၏။

"မေးစရာမေးခွန်းတွေက သောင်းခြောက်ထောင် ရှိနေတယ်။ ဘာပဲဖြစ်ဖြစ် ရှင် ရောက်လာတာကို သိပ်ပြီး ဝမ်းသာမိတယ်"

ဂျနီဖာက ရွှင်လန်းသောအသံဖြင့် စကားဆိုရင်း ကျွန်တော့်ကို သူ့သင်္ဘောမှ စက်ဆရာကြီး မက်ဖာဆင်နှင့် မိတ်ဆက်ပေးလိုက်၏။

မက်ဖာဆင်မှာ အသက်ခြောက်ဆယ်ခန့်ပင် ရှိနေပြီဖြစ်သော်လည်း လူငယ်တစ်ယောက်ကဲ့သို့ သန်မာဖျတ်လတ်လျက် ရှိသည်ကို တွေ့ရ၏။ တစ်ကိုယ်တည်းနေသူဖြစ်သောကြောင့်လည်း ရှိသမျှအချိန်ကို လှေလှော်ရွက်တိုက် စက်မောင်းခြင်းဖြင့်သာ အသုံးပြုခဲ့သူဖြစ်ကြောင်းလည်း သိလာခဲ့ရသည်။

ကမ်းနဖူးကို ရာဘာလှေဦးကထိုး၍ ဆိုက်လိုက်ပြီးနောက် ဂျနီဖာက စက်ဆရာကြီးမက်ဖာဆင်အား အိမ်သို့ ပြန်လိုက ပြန်ပါဟု ပြောလိုက်၏။

စက်ဆရာကြီးက ကျွန်တော်တို့အနားမှ ဝေး၍ သွားသည်နှင့် တစ်ပြိုင်နက် ဂျနီဖာက အရေးကြီးသော မေးခွန်းတစ်ခုကို မေးလိုက်၏။

"မုန်တိုင်း သင်္ဘောပေါ်ကို ရောက်ခဲ့သေးတယ်မဟုတ်လား"

ကျွန်တော်က ဂျနီဖာ၏ မျက်နှာကို အံ့ဩသည့် အမူအရာဖြင့် ကြည့်၍ နေမိလေသည်။

"အံ့ဩပြီး မနေနဲ့လေ၊ ရှင်တို့နှစ်ယောက် ထောင်က ထွက်ပြေးလာတယ်ဆိုကတည်းက သုံးရောင်ခြယ်နဲ့ ပတ်သက်နေပြီဆိုတာ ထင်ရှားနေတာပဲ။ ဟယ်ဆလေက မြုပ်သွားတဲ့ သုံးရောင်ခြယ်သင်္ဘောက ငွေချောင်းတွေကို ဆယ်ဖို့ လုပ်နေတာကို သိတယ် မဟုတ်လား"

"သိတယ်။ ဒါပေမဲ့ သုံးရောင်ခြယ်က မြုပ်မသွားတာကတော့ အမှန်ပဲ"

ကျွန်တော့်စကားကို ကြားလိုက်ရသောကြောင့် ဂျနီဖာ၏ ချစ်စရာနှုတ်ခမ်းအစုံက ခပ်ဟဟကလေး ပွင့်၍နေသည်။ သုံးရောင်ခြယ်သင်္ဘောကြီး နစ်မြုပ်သွားခြင်း မရှိဟူသော သတင်းမှာ အလွန်တရာ အံ့ဩဖွယ်အတိ ပြည့်နေသည် မဟုတ်လား။

"ဗာဒီ ရယ်စရာများ ပြောနေတာလား။ နှစ်ဆယ့်သုံးလောင်ဘွိုင် [illegible] တောင်မှ သုံးရောင်ခြယ်က မမြုပ်ဘူးလား"

"မမြုပ်ဘူး"

ဂျနီဖာက ကျွန်တော်ပြောလိုက်သော စကားကို [illegible]

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ရှတ်နေရာမှ မေးလိုက်၏။

"မမြုပ်ဘူးလို့ ဘယ်သူက ပြောသလဲ"

"ရန်ကင်းက ပြောတယ်။ မုန်တိုင်းသင်္ဘောပေါ်မှာ သူ့လည်ပင်းကို ညှစ်ပြီး အမှန်ကို ကျွန်တော်တို့က ဖော်ထုတ်နိုင်ခဲ့တယ်"

ဂျနီဖာက သဲသောင်ပြင်ပေါ်တွင် ထိုင်ချလိုက်၏။ ကျွန်တော်ကလည်း သူ့အနားတွင် ကပ်၍ ထိုင်လိုက်၏။ ကျွန်တော်တို့၏ ကိုယ်ခန္ဓာနှစ်ခုမှာ တစ်ခုနှင့် တစ်ခု ထိငြိ၍ နေလေသည်။

ကျွန်တော်က မုန်တိုင်းသင်္ဘောပေါ်မှ အဖြစ်အပျက်ကို ခရေစေ့တွင်းကျ ပြန်၍ပြောနေမိသည်။ ဤသို့ ပြောနေရင်းလည်း ဂျနီဖာ၏ လက်တစ်ဖက်ကို ကျွန်တော်က ဆုပ်ကိုင်၍ ထားနေကြောင်း နောက်မှ သိလာခဲ့ရ၏။

"မယုံနိုင်စရာပါပဲ ဗာဒီ။ လူပေါင်းနှစ်ဆယ့်သုံးယောက်ရဲ့ အသက်ကို သွေးအေးအေးနဲ့ သတ်ပုံကတော့ မယုံနိုင်စရာပါပဲ။ အသက်ကယ်လှေဝမ်းဗိုက်က ဗျဉ်စပ်တွေ ကျွတ်ထွက်နေတယ်ဆိုတာ ခုမှ ပိုပြီး သေချာနေတော့တာပဲ။ ကိုယ့်စည်းစိမ် ကိုယ့်ချမ်းသာမှုအတွက် လူနှစ်ဆယ့်သုံးယောက်ကို သွေးအေးအေးနဲ့ သတ်တယ်ဆိုတာ ဘယ်လိုမှ ယုံကြည်နိုင်စရာ မရှိဘူး။ ယုံရခက်သလိုတောင် ဖြစ်နေပါကလား"

ဂျနီဖာက ကျွန်တော့်ပခုံးစွန်းကို သူ့ကျောဖြင့် မှီရင်း လေးလေးတွဲ့တွဲ့ ပြောနေလေသည်။

"ဟုတ်တယ်၊ ယုံရခက်သလိုတောင် ဖြစ်နေလို့ ပုလိပ်ကို သွားတိုင်ရင်လည်း ကျွန်တော်တို့သာ ဒုက္ခရောက်ဖို့ ရှိတယ်"

ဂျနီဖာက တစ်ချက်မျှ စဉ်းစားလိုက်ရင်း…

'ဂျနီဖာတို့က သုံးရောင်ခြယ်သင်္ဘောမြုပ်မသွားဘဲ ခုထက်တိုင် ငွေချောင်းတွေနဲ့ အတူရှိနေတယ်ဆိုတာ လက်ဆုပ်လက်ကိုင်ပြနိုင်ရင် ဟယ်ဆလေနဲ့ သူ့ဂိုဏ်းသားတွေရဲ့ ရက်စက်ယုတ်မာမှုကြီးကို ပုလိပ်တွေကရော လူတွေကပါ ယုံလာလိမ့်မယ်၊ ဂျနီဖာတို့က လက်ဆုပ်လက်ကိုင် သက်သေပြနိုင်ဖို့ လိုတာပဲ မဟုတ်လား'ဟု ဆိုလိုက်၏။

ဂျနီဖာက ဗဟုကိန်းကို သုံးကာ 'ဂျနီဖာတို့'ဟု ဆိုလိုက်ခြင်းကပင်လျှင် ကျွန်တော်အဖို့ အားတက် ဝမ်းမြောက်၍ မဆုံးနိုင်အောင် ဖြစ်နေမိလေသည်။

"လက်ဆုပ်လက်ကိုင် ပြနိုင်ဖို့ကလည်း နည်းတစ်နည်းပဲ ရှိတယ်"



ကျွန်တော့်အဆိုပြုချက်ကို ဂျနီဖာက ထောက်ခံလိုက်၏။

"ဟုတ်တယ်၊ နည်းတစ်နည်းပဲ ရှိတယ်။ မက်ဒွန်ရော့ခ်က ဘယ်နေရာမှာ ရှိသလဲ"

"ဝက်ဝံကျွန်းအနားမှာ စပိဘာဂျင်ရဲ့ တောင်ဘက်"

ဂျနီဖာက သဲပြင်ပေါ်မှာ ခရုခွံကလေးများကို လက်ဖြင့် မွှေ၍ ကစားနေရာမှ…

"အဲဒီဘက်တစ်လျှောက်မှာတော့ ပင်လယ်က အတော်ကြမ်းလိမ့်မယ် ထင်တယ်။ ဟယ်ဆလေက ဘယ်တော့လောက် ခရီးစပြီး ထွက်မတဲ့လဲ'ဟု မေးလိုက်၏။

"ဧပြီလ နှစ်ဆယ့်နှစ်ရက်နေ့။ ဒါပေမဲ့ ကျွန်တော်တို့ထောင်က ထွက်ပြေးလွတ်မြောက်လာတာကို သူက သိနေတော့ စိုးရိမ်ပြီး ချိန်းထားတဲ့ ရက်ထက်စောပြီး ခရီးထွက်လိမ့်မယ် ထင်တယ်"

"ဒီနေ့ဟာ မတ်လနှစ်ဆယ့်နှစ်ရက်နေ့ပဲ။ သုံးရောင်ခြယ်က ငွေချောင်းလေးငါးဆယ်ချောင်းလောက် ယူလာနိုင်ခဲ့ရင်တောင် သက်သေအဖြစ် ခိုင်ခိုင်လုံလုံ ရှိမှာပဲ။ ဒီလိုယူနိုင်အောင်လည်း ဂျနီဖာဆီကို လာခဲ့တာပဲ မဟုတ်လား"

ဂျနီဖာ၏ အမေးကြောင့် ကျွန်တော်က တစ်ခဏမျှ ငေး၍ နေမိ၏။

ဂျနီဖာက ဤမေးခွန်းကို ဖော်ထုတ်လိုက်ခြင်းမှာ သူ့အင်မတန်မြတ်နိုးသော အီလီယံမိုးကို ကျွန်တော်တို့အတွက် အသုံးချရန် စိတ်ဆန္ဒပြင်းပြနေ၍လားသို့တည်းမဟုတ် ကျွန်တော်တို့၏ တောင်းဆိုချက်ကို စောစောစီးစီးကပင် ပယ်ချချင်၍လား။

"ဒီလိုအရေးကိစ္စမှာ ကျွန်တော်တို့ကို သင်္ဘောတစ်စင်း ငှားနိုင်မယ့်လူဆိုလို့ ဂျနီဖာတစ်ယောက်ပဲ ရှိတယ်။ ဒီတော့…"

ကျွန်တော်က မပြောလျှင် မဖြစ်တော့သည့်အတွက် အရဲစွန့်၍ ပြောချလိုက်၏။ စိတ်ထဲတွင် တအုံနွေးနွေး ဖြစ်နေရခြင်းထက် အကျိုးအကြောင်းကို ပြတ်ပြတ်သားသား သိလိုက်ရခြင်းက ပို၍ကောင်းသည်ဟု ယူဆပြီး ဖွင့်ထုတ်၍ ပြောလိုက်ခြင်းပင် ဖြစ်၏။

"အီလီယံမိုးကို ဗာဒီတို့အတွက် အသုံးချမယ်လို့ စိတ်ကူးပြီးသား"

ဂျနီဖာ၏ စကားကြောင့် ကျွန်တော်က အတိုင်းမသိ ဝမ်းသာ၍ သွားသည်။ ကြမ်းတမ်းသော ပင်လယ်ပြင်၌ နှစ်ဆယ့်ငါးတန်မျှသာရှိသော အီလီယံမိုး

www.burmeseclassic.com

www.burmeseclassic.com



မှာ ဝံပုလွေအုပ်ကြီးရှိသော နေရာသို့ သိုးငယ်တစ်ကောင်က အရဲစွန့်၍ သွားရသည့်ပုံမျိုးနှင့် တူပေလိမ့်မည်ဟု စဉ်းစားမိ၏။

ဂျနီဖာက ထိုင်ရာမှထလိုက်ကာ…

'လာ… သင်္ဘောပေါ်ကို သွားပြီး မြေပုံတွေကို ကြည့်ရအောင်။ မက်ဒွန်ရော့ခ်က ဘယ်နေရာမှာ ရှိတယ်ဆိုတာ တိတိကျကျသိရအောင်'ဟု ရော်ဘာလှေရှိရာသို့ ဆင်း၍ သွားသောကြောင့် ကျွန်တော်လည်း နောက်မှ လိုက်၍ လာခဲ့သည်။

သင်္ဘောပေါ်သို့ ရောက်သွားပြီးနောက် ပဲ့ကိုင်သည့်အခန်းထဲတွင် ထိုင်ရင်း ရေကြောင်းဌာနချုပ်မှ ထုတ်ပေးထားသော သက်ဆိုင်ရာ မြေပုံကားချပ်များတွင် မက်ဒွန်ရော့ခ်ကျွန်းကို နှစ်ယောက်သား ရှာကြည့်ကြသည်။

ကျွန်တော်က မြေပုံကားချပ်များပေါ်တွင် ခဲတံတစ်ချောင်းဖြင့် ထောက်၍ မက်ဒွန်းရော့ခ်ကို လိုက်၍ ရှာနေစဉ် ဤအရပ်ဒေသနှင့် ပတ်သက်၍ ဒါရိုက်တာရီလမ်းညွှန်အဖြစ် ဖော်ပြထားသော စာအုပ်ကို ဂျနီဖာက လှန်လိုက်ပြီး…

'မြောက်ဘက် လတ္တီတွဒ် ၇၃.၅၆၊ အရှေ့လောင်ဂျီတွဒ် ၀၃.၀၃ ဒီမှာ မက်ဒွန်ရော့ခ်ကျွန်းရှိတယ်'ဟု ပြောလိုက်၏။

မြေပုံကားချပ်ပေါ်တွင် ဝက်ဝံကျွန်းကို စ၍တွေ့ရ၏။ ထိုနောက် မက်ဒွန်ရော့ခ်ကျွန်းကို တွေ့ရသည်။

"ဒီကျွန်းနဲ့ ပတ်သက်ပြီး လမ်းညွှန်စာအုပ်က ဘယ်လိုဆိုထားတယ်ဆိုတာ နားထောင်ဦး"

ဂျနီဖာက လမ်းညွှန်စာရပ်ကို ကြည့်၍ ဖတ်ပြနေ၏။

"ကျောက်ထု၍ အထီးတည်းသော တည်ရှိနေသော ကျွန်းဖြစ်သည်။ ရာသီဥတု ကောင်းမွန်သည့်အချိန်တွင် ပင်လယ်ငှက်များ ကျက်စားနေတတ်သည်။ ဤကျွန်းနှင့် ပတ်သက်၍ အနည်းငယ်သာ သိရှိရသေးသည်။ မှတ်တမ်းများအလိုအရ ဤကျွန်းပေါ်သို့ အခေါက်ပေါင်း တစ်ဒါဇင်ပြည့်အောင်ပင် တက်ရောက်ဖူးကြခြင်း မရှိချေ။ ဤကျွန်းရှိရာဒေသတစ်ဝိုက်ကို ခရီးသွားသင်္ဘောများ ရှောင်ရှား၍သာ သွားလာတတ်ကြ၏။ ဤဒေသတွင် တစ်နှစ်ပတ်လုံး လှိုင်းလေကြမ်းတမ်း၍နေတတ်၏။ မက်ဒွန်ရော့ခ်ကျွန်းနှင့်တကွ ကျွန်းကို ပတ်ရံလျက်ရှိသော ကျောက်တန်းများကို ပင်လယ်လှိုင်းခေါင်းဖြူကြီးများက ဖုံးကွယ်၍ ထားတတ်သည်။ ကျွန်းကို ပတ်ရံလျက်ရှိသော ကျောက်တန်းမှာ မည်မျှရှည်သည်ဟု မပြောနိုင်။



ဤဒေသတစ်ဝိုက်ကို အကြမ်းဖျင်းအားဖြင့်သာ လေ့လာ၍ မြေပုံကြမ်းများ တိုင်းတာမှုများ ပြုလုပ်ရသေးသည်။ ဆောင်းရာသီတွင် မျော၍ပါလာသော ရေခဲကျောက်ဆောင်များနှင့် မတိုက်မိရန်အတွက် အထူးသတိထားရန်လိုသည်တဲ့။ ကဲ… သွားမယ့် နေရာကတော့ ပျော်စရာကြီးပဲ မဟုတ်လား"

မက်ဒွန်ရော့ခ်ကျွန်းနှင့် ပတ်သက်၍ လမ်းညွှန်စာအုပ်တွင် ဖော်ပြထားသမျှကို ဖတ်ပြလိုက်ပြီးနောက် ဂျနီဖာက ဟာသကလေးနှော၍ ပြောလိုက်ပုံမှာ ကြမ်းတမ်းသော လမ်းခရီးကြောင့် နောက်တွန့်၍ သွားစရာမရှိကြောင်း ဖော်ထုတ်လိုက်ခြင်းပင် ဖြစ်သည်ဟု ကျွန်တော်က ယူဆလိုက်၏။

မက်ဒွန်ရော့ခ်မှာ ဘာရင့်ပင်လယ်အတွင်းတွင် ရှိနေပြီး ရေခဲကျောက်ဆောင်များ မျော၍လာတတ်သည့် ရေပြင်အတွင်းတွင် ရောက်ရှိနေကြောင်း တွေ့ရ၏။

ကျွန်တော်က မြေပုံပေါ်က မက်ဒွန်ရော့ခ်ကျွန်းရှိရာကို ခဲတံဖြင့် အမှတ်အသားပြုနေစဉ် ဂျနီဖာက ကျွန်တော့် နောက်ဘက်နားတွင် ကပ်၍ ကြည့်နေ၏။

"ခုအချိန်ဟာ ဆောင်းရာသီမဟုတ်လို့ တော်သေးတာပေါ့၊ မိုးဆိုတော့ မျောလာမယ့် ရေခဲကျောက်ဆောင်တွေရဲ့ အန္တရာယ်ကို ကြောက်ဖို့ မလိုဘူး။ အီလီယံမိုးကိုတော့ ကျွန်တော်တို့ အသုံးပြုဖို့ ငှားမယ် မဟုတ်လား"

ကျွန်တော်က ကုန်း၍ အမှတ်အသားလုပ်နေရာမှ ကိုယ်ကို ဆန့်လိုက်ပြီး မေးလိုက်၏။

"ကျွန်တော်တို့ကို ငှားလိုက်ပေမဲ့ ပြန်ရချင်မှရမှာ။ မြေကလည်း ကြမ်း ရေကလည်း ကြမ်းတဲ့နေရာမှာ မဟုတ်လား"

ဂျနီဖာက အဖြေမပေးမီ ကျွန်တော်က ထပ်၍ ပြောလိုက်ခြင်း ဖြစ်၏။

ကျွန်တော့်မျက်နှာကို ဂျနီဖာက စဉ်းစားသည့် အမူအရာဖြင့် တစ်ချက်မျှ မော့်၍ ကြည့်လိုက်၏။ သူ့ အလွန်မြတ်နိုးသော အီလီယံမိုးမှာ ကျောက်ထုသော ကျောက်တန်းရှည်ခံလျက်ရှိသော ကျွန်းတစ်ကျွန်းသို့ ခရီးထွက်ရမည်ကို လည်းကောင်း၊ ဤသို့ခရီးထွက်ရာ၌ သဘာဝ အတားအဆီး အန္တရာယ်ကိုသာမက ပင်လယ်ဓားပြကြီး၊ လူသတ်ကောင်ကြီး ဟယ်ဆလေနှင့်တကွ ဂိုဏ်းသားများက ပေးနိုင်မည့် အန္တရာယ်ကိုပါ ရင်ဆိုင်ကောင်း ရင်ဆိုင်ရမည်ဖြစ်ရာ အီလီယံမိုးအဖို့ ပြန်လမ်းမရှိသောခရီးကို သင်္ဘောလွှင့်ရတော့မည်ကဲ့သို့ ရှိနေသည် မဟုတ်လား။

"ဗာဒီနဲ့ ရဲဘော်ကြီးကွတ်တို့အတွက်၊ ပင်လယ်အောက်မှာ အသက်မွေးဝမ်း

www.burmeseclassic.com



သွားရရှာတဲ့ နှစ်ဆယ့်သုံးယောက်သော ခရီးသွားဖော်များအတွက်၊ ဟယ်ဆလေနဲ့ ရန်ကင်းတို့ရဲ့ ရက်စက်ယုတ်မာမှုကြီးကို ဖော်ထုတ်နိုင်ဖို့အတွက် အီလီယံမိုးကို အသုံးပြုဖို့ ဆုံးဖြတ်ပြီးသားပါ။ ငှားဖို့လည်း အဆင်သင့်ပါ။ ဒါပေမဲ့ ဂျနီဖာလိုချင်တဲ့ စည်းကမ်းချက်တစ်ချက်ကိုတော့ ရှင်တို့လိုက်နာကြရလိမ့်မယ်။ ဒါမှလည်း သင်္ဘောကို ငှားမယ်"

"ဘယ်လိုစည်းကမ်းချက်မျိုးကိုမဆို လိုက်နာရ လိုက်နာရ အသင့်ပါပဲ ဂျနီဖာ"

ကျွန်တော်က ဝမ်းသာအားရဖြင့် ပြောလိုက်၏။

"ကျွန်မပြောမယ့် စည်းကမ်းချက်ကိုလည်း နားထောင်ပါဦး။ သိပ်ပြီးတော့လည်း အရင်မလိုပါနဲ့ဦးလေ"

ဂျနီဖာက လေးအေးဖြင့် ပြောနေလေသည်။

"ဘယ်လိုစည်းကမ်းချက်များလဲ ... ဘယ်လိုစည်းကမ်းချက်များလဲ ဂျနီဖာ"

"မက်ဒွန်ရော့ခ်ကျွန်းကို သွားတာမှာတော့ ရှင်က ခေါင်းဆောင်အဖြစ် နေရာယူရမယ်ဆိုတာ ကျွန်မ နားလည်ပြီးသားပဲ။ ဒါပေမဲ့ သင်္ဘောကို ထိန်းသိမ်းပဲ့ကိုင်ပြီး မောင်းနှင်တဲ့နေရာမှာတော့ ကျွန်မနဲ့ စက်ဆရာကြီးမက်ဖာဆင်က တာဝန်ယူရလိမ့်မယ်"

ဂျနီဖာစကားကြောင့် ကျွန်တော့်မှာ ငေးကြောင်၍ပင် သွားမိ၏။ သဘာဝ ခရီးလမ်းအားဖြင့် ကြမ်းတမ်းခက်တရော်နေသည်သာမက ဟယ်ဆလေတို့ လူသတ်ဂိုဏ်းသားများ၏ ဘေးရန်ကိုလည်း ကြောက်လန့်ရသည့်အခါမျိုးတွင် ဂျနီဖာကဲ့သို့သော အမျိုးသမီးတစ်ယောက်က ကျွန်တော်တို့နှင့်အတူ လိုက်ပါလာရမည်ဟူသော စည်းကမ်းချက်မှာ ကျွန်တော့်အဖို့ လက်မခံနိုင်သောအချက်ပင် ဖြစ်နေ၏။

သို့ဖြစ်၍လည်း ...

'မဖြစ်နိုင်တာကို စည်းကမ်းလုပ်ပြီး ပြောမနေစမ်းပါနဲ့ ဂျနီဖာ' ဟု ကျွန်တော်က စိတ်ပျက်အားလျော့သော လေသံဖြင့် ပြောလိုက်မိ၏။

ဂျနီဖာ၏ မျက်လုံးအစုံက စူးရှတောက်ပြောင်၍ လာသည်ဟု ထင်ရ၏။

"ကျွန်မပြောတဲ့ စည်းကမ်းချက်ကို ရှင်တို့ မလိုက်နိုင်ရင်လည်း ကိစ္စမရှိပါဘူး။ ကျွန်မကိုယ်တိုင် အီလီယံမိုးကို ဦးစီးပြီး လူမနေတဲ့ တစ္ဆေကျွန်းနဲ့တူတဲ့ မက်ဒွန်ရော့ခ်ကျွန်းကို သွားဖို့ အစကတည်းက စီစဉ်ပြီးသားပါ"



ဂျနီဖာ၏စကားကြောင့် ကျွန်တော့်မှာ ပို၍ တုန်လှုပ်လာရ၏။ အခြေအနေမှာ သူပေးသော စည်းကမ်းချက်ကို ကျွန်တော်က မလိုက်နာဘဲ မနေနိုင်အောင် ဖြစ်လာသည်။

သို့ရာတွင် ဂျနီဖာ၏ ဖခင်ဖြစ်သူက တစ်ဦးတည်းသောသမီးဖြစ်သူအား ကြမ်းတမ်းသောခရီးတွင် လိုက်ပါခွင့်ပေးလိမ့်မည် မဟုတ်ဟူသော မျှော်လင့်ချက်ဖြင့် ...

'ဂျနီဖာရဲ့ဖခင်ကြီးကခွင့်ပြုမယ်ဆိုရင်တော့ ပေးတဲ့စည်းကမ်းကို ကျွန်တော်တို့က လိုက်နာဖို့အသင့်ပါပဲ' ဟု ပြောလိုက်၏။

ဂျနီဖာ၏ မျက်နှာလေးက ရွှေလမင်းလို ဝင်းလက်၍ သွားသည်ဟု ထင်လိုက်ရ၏။

ကျွန်တော်တို့သည် သင်္ဘောမှ ကမ်းစပ်သို့ ရာဘာလှေဖြင့် လာခဲ့ကြပြီးနောက်၊ ဂျနီဖာတို့၏ အိမ်ရှိရာသို့ လမ်းလျှောက်၍ ပြန်လာခဲ့ကြ၏။

ညစာထမင်းဝိုင်းမှာ ကျွန်တော်တို့အဖို့ အလွန်တရာမှပင် ခမ်းနား၍ နေချေသည်။ စားပွဲပေါ်တွင် ဝီစကီပုလင်းရှိနေခြင်းကလည်း ကျွန်တော့်အဖို့ စိတ်ရွှင်လန်းမှုကို ပေးနေသကဲ့သို့ ရှိ၏။

ထမင်းစားခန်းထဲတွင် ရှိနေသော မီးလင်းဖိုကလည်း ကျွန်တော့်အား နွေးထွေးအောင် ယုယ၍ နေသည်ဟု ထင်ရ၏။

ဝီစကီပုလင်းတွင် တစ်ဝက်ခန့် ကျိုးသွားသောအခါ ဂျနီဖာ၏ ဖခင်ကြီးက စကားစလိုက်၏။

"ဂျင်နီရဲ့ စည်းကမ်းချက်ကို မောင်ရင်တို့ ကြားပြီးပြီ မဟုတ်လား"

"ဟုတ်ကဲ့၊ ကြားပြီးပါပြီ။ ဦးမင်းက လက်ခံမှ သူပေးတဲ့ စည်းကမ်းချက်ကို ကျွန်တော်တို့က လိုက်နာမှာပါ"

အဘိုးကြီးက တစ်ချက်မျှရယ်လိုက်ပြီး ...

'လက်ခံပါတယ်ကွာ' ဟု ဆိုလိုက်လေသည်။

ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့မှာ အဘိုးကြီး၏ စကားကြောင့် ကြောင်သေ သေ၍နေမိ၏။ ဤမျှကြမ်းတမ်းသော ဤမျှအန္တရာယ်များသော လမ်းခရီး၌ တစ်ဦးတည်းသာရှိသော သမီးကို ခရီးထွက်ရန် အခွင့်ပေးခြင်းမှာ ရူးသွပ်သော ချေ၏ တကားဟုလည်း ကျွန်တော်တို့က မှတ်ထင်နေကြ၏။

ကျွန်တော်တို့၏ အတွင်းသဘောကို အကဲခတ်မိဟန်တူသော အဘိုးကြီးက

www.burmeseclassic.com



သူ့သမီးအကြောင်းကို ရာဇဝင်ခင်း၍ ပြောပြနေလေသည်။

"ဂျနီဖာက ငယ်ငယ်ကတည်းကပဲ မဟုတ်ရင် ဆတ်ဆတ်ထိမခံတဲ့စိတ်ရှိတယ်။ ကြီးလာတော့လည်း နာဇီဂျာမဏီက ဥရောပနိုင်ငံတွေကို နယ်ချဲ့လာတာကို တွန်းလှန်ရမယ်ဆိုပြီး အသင်းအပင်းတွေ ဖွဲ့စည်းတဲ့အထဲမှာ ပါဝင်ခဲ့တယ်။ ဟစ်တလာရဲ့ တပ်တွေက မာရှယ်ပေတိန်းရဲ့ ပဋိမံတပ်တွေနဲ့ ပေါင်းပြီး ပြင်သစ်ကို သိမ်းပိုက်လိုက်တော့ ဂျင်နီက အနာကြီးနာခဲ့တယ်။ သူ့အမေက ပြင်သစ်သူကိုး။ နာဇီတွေ အုပ်စိုးထားတဲ့ ပြင်သစ်ကို မဟာမိတ်ရဲ့ ကိုယ်စားလှယ်အဖြစ် တိတ်တဆိတ်သွားပြီး ရန်သူ့လှုပ်ရှားမှုသတင်းကို နှိုက်ယူနိုင်ခဲ့တယ်။ ပြင်သစ်ကနေပြီး အင်္ဂလန်ကို ပြေးလာချင်တဲ့ မဟာမိတ် မြေအောက်ဘက်တော်သားတွေကိုလည်း အကြံအစည်လုပ်ပြီး ထုတ်ယူလာနိုင်ခဲ့တယ်။ တတိယအကြိမ်မြောက် ပြင်သစ်ပြည်ထဲကို ရုပ်ဖျောက်ပြီး ဝင်သွားတော့ သစ္စာဖောက်တစ်ဦးရဲ့ လက်ချက်ကြောင့် ဂျက်စတာပိုအဖွဲ့ရဲ့ အဖမ်းအဆီးကို ခံရပြီး ပိုလန်ပြည်ဝါဆောမှာရှိတဲ့ နာဇီအကျဉ်းစခန်းထိ ရောက်သွားခဲ့တယ်။ ကျုပ်ကတော့ ကျုပ်သမီးကို သေပြီလို့မှတ်နေတာပဲ။ စာပေးခွင့်လည်းမရှိ၊ အဆက်အသွယ်လုပ်ခွင့်လည်း မရှိတော့ တစ်ယောက်အကြောင်းတစ်ယောက် ဘယ်လိုမှ သတင်းမရခဲ့ဘူး။ နာဇီအကျဉ်းစခန်းက လွတ်လာပြီး ရုရှပြည်ကို ရောက်လာပြန်တော့လည်း သုံးရောင်ခြယ်သင်္ဘောမှာ မောင်ရင်တို့နဲ့အတူ မသေကောင်း မပျောက်ကောင်းနဲ့ ဇွန့်စားခန်းတွေကို ကြုံခဲ့ရတယ် မဟုတ်လား။ ဒီတော့ ဂျင်နီကို ကျုပ်က ဘာများ ဩဇာပေးနေစရာလိုတော့သလဲ၊ သူ့ကိုယ်သူ ထိန်းသိမ်းနိုင်တဲ့အရွယ်လည်း ရောက်နေပြီ မဟုတ်လား"

အဘိုးကြီးက ပြောပြသော အကြောင်းအရာမှာ ဝတ္ထုတစ်ပုဒ်လို နားထောင်၍ ကောင်းနေလေသည်။ အဘိုးကြီး ပြောပြသမျှကို ကျွန်တော်က အတိုချုပ်၍ ဤနေရာတွင် ဖော်ပြလိုက်ခြင်းသာ ဖြစ်ပါ၏။

ဂျနီဖာတို့ သားအဖနှစ်ယောက်နှင့် ဆုံတွေ့ရခြင်းမှာ သာယာပျော်ရွှင်ဖွယ်ကောင်းသော နိုင်ငံလေးတစ်ခုသို့ ကျွန်တော်တို့ ရောက်၍သွားရသလို ဖြစ်နေလေသည်။

ဤသို့အားဖြင့် လူမနေသည့် တံစွေကျွန်းနှင့်တူသော မက်ဒွန်ရော့ခ်သို့ အီလီယံမိုးဖြင့် ကျွန်တော်တို့ ခရီးထွက်ရန် ကိစ္စမှာ ပဏာမအနေဖြင့် ပြီးပြတ်၍ သွားခဲ့၏။



ပဏာမအနေဖြင့်ဟု ဆိုလိုက်ခြင်းမှာ ဤကဲ့သို့ ကြမ်းတမ်းသော ရေလမ်းခရီးကို ထွက်ရန်အတွက် ကျွန်တော်တို့တွင် ရိက္ခာဆေးဝါးနှင့်တကွ သင်္ဘောအတွက်ပါ လိုအပ်သော အပိုပစ္စည်းများရရှိအောင် စီစဉ်ရမည့် လုပ်ငန်းက ကျန်၍နေသောကြောင့် ဖြစ်၏။

ရိက္ခာကို သုံးလစာအထိ သိုမှီးရမည် ဖြစ်၏။ ရွက်များကိုလည်း ယခုရှိနေသည့်ရွက်အပြင် မုန်တိုင်းဒဏ်ကို ခံနိုင်သော ရွက်တစ်ဖုံ၊ ရိုးရိုးအပိုရွက်အပိုတစ်ဖုံ စသည်ဖြင့် စုဆောင်းနေရသေးသည်။ သင်္ဘောစက်အတွက်ဆိုလျှင်လည်း ဒီဇယ်ကို ဂါလံလေးဆယ်ဝင် ပီပါကြီးနှစ်လုံးဖြင့် အသင့်ရှိနေရမည် ဖြစ်၏။ အအေးဒဏ်ကို ခံနိုင်ရန်အတွက်လည်း အထူးအဝတ်အစားများ လိုနေလေသည်။

စစ်ပြီးခါစ ဗြိတိန်နိုင်ငံတွင် အစိုးရက အရာရာကို ရာရှင်စနစ်ဖြင့်သာ ဝေငှလျက်ရှိရာ ကျွန်တော်တို့ လိုချင်သော ပစ္စည်းများကို အလွယ်တကူ ဝယ်ယူ၍ မရနိုင်ဘဲ ဖြစ်နေရ၏။

ဟယ်ဆလေခေါင်းဆောင်သော မုန်တိုင်းသင်္ဘောက ဧပြီလ နှစ်ဆယ့်နှစ်ရက်နေ့တွင် ခရီးစတင်မည်ဟု သိထားရသောကြောင့်လည်း ကျွန်တော်တို့က သူတို့ထက် ဦးနိုင်သမျှ ဦးအောင် ကြိုးစားအားထုတ်နေရလေသည်။

မက်ဒွန်ရော့ခ်ကျွန်းသို့ ခရီးထွက်နိုင်ရန်အတွက် ဂျနီဖာ၏ ဖခင်ကြီးက ငွေကြေးစိုက်ထုတ်၍ အကုန်အကျခံသည်။

အတိုချုပ်၍ ဆိုရလျှင် ကျွန်တော်တို့သည် (၁၉၄၆) ခု ဧပြီလ (၁၃) ရက် စနေနေ့ နံနက် (၆) နာရီ (၄၃) မိနစ်အချိန်တွင် အိုဗန်မှ လူမနေသည့် တစ္ဆေကျွန်းသို့ စတင်၍ ခရီးထွက်နိုင်ခဲ့ပါသတည်း။

ခရီးထွက်လာပြီးနောက် သုံးရက်မြောက်သည့်နေ့တွင် အီလီယံမိုးသည် ဖာရိုးနှင့် ရှက်တလင် အကြားရှိ ပင်လယ်ရေပြင်သို့ ရောက်လာပြီးနောက် ကျွန်းစုဟူ၍ တစ်ခုတလေမျှ မမြင်ရဘဲ သံလိုက်အိမ်မြှောင်ကိုသာ အားကိုးကာ ခုတ်မောင်း၍ လာခဲ့ကြ၏။

သင်္ဘောတွင် ပါရှိသော အသံဖမ်းစက်ကြောင့် ဘုရင့်လေတပ်မတော်မှ ရာသီဥတု အခြေအနေနှင့် ပတ်သက်၍ သတင်းလွှင့်ချက်များကို ကျွန်တော်တို့ အမြဲမပြတ် ရရှိနေ၏။

လေတိုက်လမ်းကြောင်းက ကျွန်တော်တို့သွားလိုသော ဘက်သို့ ဦးတည်၍ နေသောအချိန်တွင် စက်အားကို လုံးလုံးမသုံးဘဲ ရွက်အားဖြင့်သာ ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ကြ၏။

သုံးရက်မြောက်ဖြစ်သော တနင်္လာနေ့တွင်ပင် ကျွန်တော်တို့အဖို့ အရေးကြီးသော သတင်းတစ်ခုကို ဗြိတိန်နိုင်ငံ အသံလွှင့်ဌာနမှ ဖမ်းယူရရှိခဲ့၏။

သတင်းမှာ ဘီဘီစီသတင်းထောက်က မုန်တိုင်းသင်္ဘောပေါ်သို့ တက်ရောက်၍ ကက်ပတိန်ဟယ်ဆလေနှင့် တွေ့ဆုံမေးမြန်းချက်ကို အသံဖမ်းကော်ပြားဖြင့် ဖမ်းယူထားပြီးနောက် ပြန်၍ အသံလွှင့်ချက်ပင် ဖြစ်၏။

ကျွန်တော်နှင့် ဂျနီဖာတို့က အသံလွှင့်ချက်ကို စိတ်ဝင်စားစွာ နားထောင်၍ နေကြ၏။

"ကျွန်တော်တို့က နောက်ဆုံးပေါ် ရေငုပ်ကိရိယာကို အသုံးပြုပါမယ်။ ဒီကိရိယာဟာ ရန်သူ့ရေငုပ်သင်္ဘောတွေ ဘယ်နေရာမှာ ရှိတယ်ဆိုတာကိုတောင် ထောက်လှမ်းပေးနိုင်တဲ့အတွက် သုံးရောင်ခြယ် ဘယ်နေရာမှာရှိနေတယ်ဆိုတာကိုလည်း ထောက်လှမ်းပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ရပါတယ်။ သင်္ဘောပျက်ကို ထောက်လှမ်းလို့ ရတာနဲ့ တစ်ပြိုင်နက် ကျွန်တော်တို့က ခေတ်မီကိရိယာများကို အသုံးပြုတတ်တဲ့ ရေငုပ်သမားတစ်ယောက်ကို ပင်လယ်ရေပြင်အောက်ကို လွှတ်လိုက်ပါမယ်။ ကျွန်တော်တို့ဟာ လိုအပ်တဲ့ပစ္စည်းကိရိယာများကို မှန်းထားတာထက် ကြိုပြီးရတဲ့အတွက်ကြောင့် သန်ဘက်ခါပဲ ခရီးထွက်ဖို့ စီစဉ်ထားပြီး ဖြစ်ပါတယ်"

ကက်ပတိန်ဟယ်ဆလေ၏ ဖြေကြားချက်ကို ကြားရပြီးနောက် ပွဲစင်ထက်တွင်ရှိနေသော ကျွန်တော်နှင့် ဂျနီဖာတို့က တစ်ယောက်မျက်နှာကို တစ်ယောက်လှမ်း၍ ကြည့်လိုက်မိကြ၏။

သန်ဘက်ခါစ၍ ခရီးထွက်မည်ဟု ဟယ်ဆလေ၏ အသံလွှင့်ဖြေကြားချက်တွင်ပါရှိလာသောကြောင့် ကျွန်တော်တို့က သူတို့ထက် ငါးရက်မျှ စော၍နေသည်။

သို့ရာတွင် လှိုင်းကလည်းကြမ်း၊ လေကလည်းကြမ်း၊ နယ်မြေအနေအထားကလည်း ကြမ်းသော ခရီးပြင်၌ အီလီယံမိုးသည် တစ်နာရီလျှင် ရေမိုင်အားဖြင့် ငါးမိုင်မှ ရှစ်မိုင်ကြားအထိသာ ခုတ်မောင်းနိုင်ပြီး ဟယ်ဆလေ၏ မုန်တိုင်းဆွဲသင်္ဘောက တစ်နာရီလျှင် ရေမိုင်ဆယ့်နှစ်မိုင်အထိ ခုတ်မောင်းနိုင်စွမ်းရှိသည်ဖြစ်ရာ ကျွန်တော်တို့ကို မကြာခင်ပင် လိုက်၍ မီလာတော့မည်ဟု ယူဆရ၏။

သို့ရာတွင် ဟယ်ဆလေက သုံးရောင်ခြယ်သင်္ဘောပျက်သည့် နေရာတွင် ရှာဖွေရေးလုပ်ငန်းကို ပြုလုပ်မည်ဟု သတင်းလွှင့်ထားသည်ဖြစ်ရာ၊ မုန်တိုင်းသည်



ကျွန်တော်တို့ကဲ့သို့ မက်ဒွန်ရောခ်ကျွန်းသို့ တိုက်ရိုက်လာနိုင်မည် မဟုတ်ဘဲ သုံးရောင်ခြယ် နစ်မြုပ်ခဲ့သည့်နေရာတစ်ဝိုက်တွင် နှစ်ရက်သုံးရက်ခန့် အလုပ်ပြု၍ အချိန်ဖြုန်းရမည်ကိုလည်း ကျွန်တော်တို့က တွက်ချက်မိသည်။

ပင်လယ်ရေပြင်ကို ဤဒေသတစ်ဝိုက်မှ ဖြတ်သန်းလာသော ကုန်တင်သင်္ဘောများက အလုပ်ပြု၍နေသည့် မုန်တိုင်းကို တွေ့မြင်သွားပြီးမှသာ ဟယ်ဆလေ၏ မုန်တိုင်းအား တစ်နည်းနည်းဖြင့် ကိုယ်ယောင်ဖျောက်လျက် လူမနေသည့် တစ္ဆေကျွန်းသို့ အပြင်းတွန်း၍ လာမည်မှာ ကိန်းသေပင် ဖြစ်၏။

ဤသို့သောအတွေးကြောင့် ဂျနီဖာနှင့် ကျွန်တော်တို့က စိတ်သက်သာရာရ၍သွားခဲ့ကြ၏။ သို့ရာတွင် ရှေ့ရေးကို တွေး၍ ပူပန်မြဲ ပူပန်နေမိသည်။

ဧပြီလ (၁၃) ရက်နေ့မှာ ထွက်ခွာခဲ့သော ကျွန်တော်တို့သည် ရက်သတ္တတစ်ပတ်အတွင်း ရေမိုင်ပေါင်း တစ်ထောင်အထိ ခုတ်မောင်းဖြတ်ကျော်၍ လာနိုင်ခဲ့ကြ၏။

ဒုတိယရက်သတ္တတစ်ပတ်အစသို့ ရောက်လာသောအခါ ရာသီဥတုကကြမ်းတမ်းခက်တရော်၍ လာလေသည်။

မြေပုံများကို လေ့လာကြခြင်းအားဖြင့် မက်ဒွန်ရောခ်ကျွန်းသို့ ရောက်ရန်နီးလေးရာသာ လိုတော့သည်ဟု ခန့်မှန်းရသည်။ တစ်နာရီလျှင် ပျမ်းမျှကြေးအားဖြင့် ရေမိုင် ၁၀ မိုင်ခန့်သာ သင်္ဘောလွှင့်နိုင်လျှင် နောက်နှစ်ရက်အကြာ၌ လူမနေသည့် တစ္ဆေကျွန်းအား ကျွန်တော်တို့ ရောက်မည်ဟု ခန့်မှန်းမိသည်။

သို့ရာတွင် ဖမ်းယူရရှိသော မိုးလေဝသသတင်းအရ ဤဒေသတစ်ဝိုက်တွင် လေသည် တဖြည်းဖြည်း တိုက်ခတ်နေရာမှ မုန်တိုင်းငယ်တစ်ခုအထိ ဖြစ်ပေါ်လာလိမ့်မည်ဟု သိရှိထားရသောကြောင့် စိတ်အားငယ်၍နေမိလေသည်။

နောက်တစ်နေ့ နံနက်သို့ ရောက်လာသောအခါ ပင်လယ်မှာ ခါတိုင်းကဲ့သို့ပင် ဣန္ဒြေရနေသော်လည်း လေတိုက်နှုန်းက နေမြင့်၍ လာသည်နှင့်အမျှ မြင့်တက်၍လာလေသည်။

အီလီယံမိုးက ရဲရင့်သော သူရဲကောင်းအာဇာနည် မယ်ကလေးကဲ့သို့ ရွှေ တန့်လန့်ဆီး၍ တိုက်ခတ်နေသော လေကို ထိုးဖောက်၍ တက်နေလေသည်။

နေ့လယ်အချိန်သို့ ရောက်လာသောအခါ လေက ပို၍ ကြမ်းလာလေသည်။

ထမင်းချက်အဖြစ် တာဝန်ယူထားသော ရဲဘော်ကြီးကွတ်က လက်ထဲတွင် ခွက်နှစ်ခွက်ဖြင့် ပွဲစင်ပေါ်သို့ တက်လာပြီး ပတ်ဝန်းကျင်အခြေအနေကို လှည့်၍

www.burmeseclassic.com



ကြည့်လိုက်၏။

မှန်ပြောင်းတစ်လက်ဖြင့် ပတ်ဝန်းကျင်အခြေအနေကို ကြည့်နေသော ရဲဘော်ကြီးကွတ်က ကျွန်တော့်လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်လိုက်ရင်း…

'ဟော… ဟိုမှာ ကြည့်စမ်း'ဟု ဆိုရင်း ရှေ့သို့ လက်ညှိုးညွှန်၍ ပြလိုက်၏။

သဘော်နှင့် တစ်မိုင်ခန့်အကွာတွင် ရေပန်းဖွေးဖွေးကြား၌ ဝေလငါးကြီး တစ်ကောင် အိပ်ပျော်နေသကဲ့သို့ ရှိနေသော ကျွန်းတစ်ကျွန်းကို တွေ့လိုက်ရ၏။

ကျွန်တော်တို့ ရောက်လိုလှသော မက်ဒွန်ရော့ခ်ပင်တည်း။

ဂျီနီဖာက ပဲ့ကိုင်ဘီးကို ထိန်းနေရာမှ ကျွန်တော့်ဘက်သို့ ခေါင်းငဲ့၍ ကြည့်ရင်း…

'ကျောက်ဆည်ပေါ်က နေပြီး သုံးရောင်ခြယ်ကို ကျွန်းကမ်းပါးအထိ ရောက်အောင် ခုတ်မောင်းလာတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား'ဟု မေးလိုက်၏။

"ဟုတ်နိုင်တယ်လို့ ဆိုရမှာပဲ။ တန်ချိန်ငါးထောင်လောက်ရှိတဲ့ ကုန်တင် သဘော်ကြီးတစ်စင်းကို ကျောက်ဆည်ပေါ်ကနေ သွင်းပြီးအပြန်မှာ အသက်ကယ်လှေတစ်စင်းနဲ့ ထွက်လာနိုင်တာပဲ မဟုတ်လား"

ကျွန်တော့်အဖြေကြောင့် ဂျနီဖာက နောက်ထပ်မမေးဘဲ ပဲ့ကိုင်ဘီးကိုသာ ဂရုစိုက်၍နေလေသည်။

ခဏအကြာတွင် ဂျနီဖာက ကျွန်တော်အား ပဲ့စင်ထက်တွင် ပဲ့ကိုင်ဘီးကို တာဝန်ယူစေပြီး သူ၏ နေ့စဉ်မှတ်တမ်းစာအုပ်တွင် အောက်ပါအတိုင်း ရေးမှတ်လိုက်သည်ကို တွေ့ရ၏။

ဧပြီလ (၂၉) ရက် တနင်္လာနေ့၊ နေ့လယ် (၁) နာရီ (၂၆) မိနစ်။

မက်ဒွန်ရော့ခ်ကို လှမ်း၍ မြင်ရသည်။ လေကြမ်းစပြုလာ၏။ မုန်တိုင်း ကြီးတစ်ခု ဖြစ်ပေါ်လာမည်ဟု ထင်ရသည်။

ဂျနီဖာက နေ့စဉ်မှတ်တမ်းစာအုပ်ကို ပိတ်လိုက်ပြီးနောက် ကျွန်တော့်ဘက် သို့ လှည့်၍ကြည့်ရင်း…

'သဘော်တစ်စင်းဟာ တစ်နှစ်လောက်အထိ ဒီလိုနေရာမျိုးမှာ မပျက်မစီး ဘဲ ရပ်တည်ပြီးနေနိုင်မယ်လို့ ထင်သလား'ဟု မေးလိုက်၏။

"ငါးသိန်းကျော်တန်တဲ့ ငွေချောင်းတွေပါတဲ့ သဘော်တစ်စင်းကို လုံခြုံ တဲ့ နေရာမှာ ကျောက်ချပြီး ထားခဲ့မှာကတော့ အမှန်ပဲ မဟုတ်လား"

ဂျနီဖာ၏ အမေးကို ကျွန်တော်က အမေးဖြင့်ပင် အဖြေပေးလိုက်၏။



တစ်မိုင်မျှ ကွာသော နေရာဆီသို့ ထပ်၍ ကြည့်လိုက်သောအခါ လှိုင်းခေါင်း ဖြူကြီးများနှင့်အတူ ကျောက်ဆောင်ကျောက်တန်းများကို လှိုင်းများ ရိုက်ခတ် သဖြင့် ပေါ်ထွက်လာသော ရေပန်းများ၏ အလယ်တွင် ဝေလငါးကြီးတစ်ကောင် ခွေ၍အိပ်နေသည်နှင့်တူသော မက်ဒွန်ရော့ခ်ကျွန်းကို တွေ့မြင်လိုက်ရ၏။

အီလီယံမိုးသည် မက်ဒွန်ရော့ခ်ကျွန်း၏ တောင်ဘက်မျက်နှာမှ နေ၍ ခုတ်မောင်းနေခြင်းဖြစ်ရာ၊ ကျွန်းနှင့် သုံးမိုင်ခန့်အထိ ကွာဝေးနေပြီး ကျွန်းကို ပတ် ရံထားသော ကျောက်တန်းကြီးနှင့်မူ တစ်မိုင်နှစ်မိုင်ခန့်ကွာမည်ဟု မှတ်ထင်ရ၏။

"ကျောက်တန်းနဲ့ ဒါထက် ပိုပြီးနီးသွားအောင် ရှေ့ကို တိုးပြီးသွားရင် မကောင်းဘူးလား"

ကျွန်တော်က ပဲ့စင်ထက်တွင် တာဝန်ယူနေသော ဂျနီဖာအား အကြံပေး လိုက်၏။

ဂျနီဖာက သဘောတူသည့်အနေဖြင့် ခေါင်းကို တစ်ချက်ညိတ်လိုက်လေ သည်။

ကျွန်းကို ပတ်ရံ၍ထားသော ကျောက်တန်းကြီးကို လှိုင်းလုံးကြီးများက ရိုက်ခတ်နေသော အသံမှာ အနားမှ ကပ်၍ သေနတ်ပစ်နေသောအသံကဲ့သို့ ကျယ် လောင်လှ၏။ တစ်စတစ်စပြင်း၍လာသော လေအဟုန်ကြောင့် လှိုင်းလုံးကြီးများ ၏ အခြေမှာလည်း ဒိုင်းနမိုက်ပေါက်ကွဲနေသကဲ့သို့ ပြင်းထန်နေလေသည်။

ခက်နေသည်မှာ အရာခံဗိုလ်ရန်ကင်း ပြောပြလိုက်သော ကျောက်ဆည် ပေါက်ကို ကျွန်တော်တို့က ယခုအချိန်အထိ ရှာ၍ မရနိုင်ခြင်းပင်တည်း။

ပဲ့ကိုင်နေသော ဂျနီဖာက အီလီယံမိုးကို ကျွန်း၏ အရှေ့ဘက်သို့ ရောက် အောင် ခုတ်မောင်း၍ ဦးဆောင်သွားခဲ့၏။

ဝေလငါးကြီး၏ အမြီးပိုင်းနှင့်တူသော အရှေ့ဘက်သို့ ရောက်လာသော အခါ ကျွန်တော်က ကောင်းကင်ထဲသို့ ထိုးထွက်၍နေသော နီကျင့်ကျင့်အရောင် တစ်ခုကို တွေ့လိုက်ရ၏။

သတိထား၍ ထပ်မံကြည့်ရှုလိုက်သောအခါ သဘော်တစ်စင်း၏ ခေါင်း တိုင်တစ်ခုဖြစ်ကြောင်း ကျွန်တော်က သေချာစွာ တွေ့လိုက်ရ၏။

"ခေါင်းတိုင်ကို တွေ့လိုက်ရတယ်။ သုံးရောင်ခြယ်က ဒီကျွန်းထဲ[illegible] မှာရှိနေမှာ အမှန်ပဲ"

ကျွန်တော့်စကားကြောင့် အားလုံးသူပင် အားတက်၍ လာ[illegible]၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းတစ်ကျွန်းလုံးကို ကျောက်တန်းများက ဝန်းရံပတ်လျက် ရှိနေသည်ဟု ထင်ရ၏။

ကျွန်း၏ အနောက်ဘက်ပိုင်းသို့ ကျွန်တော်တို့ ရောက်လာသောအခါ ကျောက်ဆည်ပေါက်နှင့်တူသော အပေါက်တစ်ပေါက်ကို တွေ့ရ၏။

ကျောက်ဆည်ပေါက်ဟု ထင်ရခြင်းမှာလည်း ဤနေရာတွင် လှိုင်းရိုက်ခတ်မှုက တောင်လိုမဖောက်ဘဲ သာမန်မျှသာ ရှိနေသောကြောင့် ဖြစ်၏။

ဂျနီဖာသည် အီလီယံမိုးအား ကျောက်ဆည်ပေါက်နှင့် ကိုက်နှစ်ရာခန့် အကွာအထိ ခုတ်မောင်း၍ ယူလာခဲ့၏။

အချိန်မှာ ညနေ သုံးနာရီထိုးရန် နီးနေပေပြီ။

ယခုအချိန်တွင်မှ ကျောက်ဆည်ပေါက်မှ မဝင်လိုက်လျှင် ကျွန်တော်တို့သည် တိုက်ခတ်ရန် ပြင်ဆင်နေသော မုန်တိုင်းကြီးတစ်ခု ဖြတ်ကျော်ပြီးစီးသွားသည်အထိ တစ်နေရာရာတွင် ချောင်ခို၍ နေရမည် ဖြစ်သည်။

ဤသို့ ချောင်ခိုနေစဉ်အတွင်း ဟယ်ဆလေတို့ လူသိုက်က ကျွန်တော်တို့ထက် ဦးအောင် သုံးရောင်ခြယ်သင်္ဘောရှိရာသို့ ရောက်နေမည်ကိုလည်း စိုးရိမ်ရသေး၏။

ကျောက်ဆည်ပေါက်နှင့် ကိုက်နှစ်ရာခန့်သာ ကွာနေသည့်တိုင် ကျွန်တော်တို့က ကျောက်ဆည်ပေါက်ကို ဖြတ်၍ ဝင်ရမည်လား။ ပြန်၍ ဆုတ်ရမည်လားဟု မဝေခွဲနိုင်အောင် ဖြစ်နေမိ၏။

ရေကြောင်းဦးစီးချုပ်ရုံးမှ ထုတ်ဝေသော မြေပုံနှင့် ရေပုံတွင် မက်ဒွန်ကျော်ကျွန်း၏ အခြေအနေက အတိအကျ ဖော်ပြနိုင်ခြင်းမရှိသည်ကပင်လျှင် လူမနေသင့်သည့် တစ္ဆေကျွန်းသို့ ဆိုက်ကပ်မိဝင်နားနေရန်မှာ ကမ္ဘာ့အပြင်ဘက်သို့ ထွက်ခွာ၍ သွားရသော ခရီးတစ်ခုကဲ့သို့ အခက်အခဲပေါင်းစုံဖြင့် ပြည့်နှက်၍နေမည်ကို ကြိုတင်ဖော်ပြထားခြင်း မဟုတ်ပါလား။

မည်သို့ပင်ဖြစ်စေ၊ လူမနေသည့် တစ္ဆေကျွန်းသို့ ကျွန်တော်တို့က အရောက်သွားရပေတော့မည်။

မည်သို့သော ဘေးရန်အန္တရာယ်ကြီးက ကျွန်တော်တို့အား တားဆီးနှောင့်ယှက်လျက် ရှိနေပါမည်နည်း။

□

## (၁၂)

ကျွန်တော်တို့သင်္ဘောက ကျောက်ဆည်ပေါက်နှင့် ရင်ပေါင်တန်း၍ လာသောအခါ ကျွန်တော်တို့ လက်ယာဘက် နှစ်ဖာလုံမျှသာ ကွာတော့သောနေရာ၌ သုံးရောင်ခြယ်သင်္ဘောကြီးကို ထင်းထင်းကြီး တွေ့နေရလေသည်။

ကျောက်ဆည်ပေါက်နှင့် အပြင်ဘက်တွင် လှိုင်းလေက ကြမ်းနေသော်လည်း သုံးရောင်ခြယ်သင်္ဘောကို ကျောက်ချရပ်စွဲ၍ထားသောနေရာ၌မူ လေကွယ်ရာဖြစ်နေသောကြောင့် လှိုင်းတံပိုးများ ငြိမ်သက်လျက် ရှိနေ၏။

ဂျနီဖာက ပုံကိုင်ရင်း...

'ကျောက်ဆည်ပေါက်က ဝင်လို့ ဖြစ်မယ်ထင်သလား'ဟု မေးလိုက်၏။

"သုံးရောင်ခြယ်လို သင်္ဘောကြီးတစ်စင်းလုံးတောင် ဝင်နိုင်တာပဲ"

"အဲဒီတုန်းက လေငြိမ်ရေငြိမ်တဲ့အချိန်ဖြစ်လိမ့်မယ်။ ခုတွေ့နေရတဲ့ ရာသီဥတုမျိုးနဲ့ဆိုရင် လွယ်မယ်မထင်ဘူး။ တစ်ဖက်တစ်ချက်မှာရှိတဲ့ ကျောက်ကမ်းပါးကြီးတွေကို ဝင်ပြီး တိုက်မိမှာ သေချာတယ်"

ဂျနီဖာက ဤသို့ပြောရင်း သင်္ဘောဦးကို ကျောက်ဆည်ပေါက်နှင့် တည့်တည့်ကြီး တန်းနေအောင် လှည့်လိုက်၏။

ကျောက်ဆည်ပေါက်နှင့် ရင်ပေါင်တန်း၍ နေစဉ်အခါက သုံးရောင်ခြယ်သင်္ဘောကြီး၏ အခြေအနေကို ကောင်းစွာမြင်နိုင်ရန်အတွက် အင်ဂျင်စက်များ ရပ်၍ထားခဲ့၏။ ယခုမှ ကျောက်ဆည်ပေါက်ကို ဖြတ်၍ ဝင်ရတော့မည်ဖြစ်သည့် အတွက် ဂျနီဖာက မက်ဖာဆင်အား အင်ဂျင်စက်များကို ဖွင့်၍ထားရန် အမိန့် ချက်ပေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆည်ပေါက်သို့ ပြေး၍ သွားနေသော လှိုင်းလုံးများက တစ်လုံးနှင့် တစ်လုံး ကပ်၍ လိုက်ပါလာသလို ကျောက်ဆင်ပေါက်မှပြန်၍ ထွက်လာသော လှိုင်းလုံးများကလည်း အင်အားကြီးမားလှချေသည်။ ပမာဆိုလျှင် သေမင်းခံတွင်း ဝကြီးတစ်ခုနှင့် တူနေလေသည်။

မြင်းအကောင်ပေါင်း ထောင်သောင်းများစွာ တစ်ပြိုင်နက်တည်း ပြေးလွှား နေသကဲ့သို့ ထင်မှတ်ရသည် ကျောက်ဆည်ပေါက်ဝကို ဖြတ်လျက် ကျွန်းအတွင်း ပိုင်းသို့ ဝင်ရမည့်အရေးမှာ အသက်ဖြင့် လဲရမည့်အရေးပင် ဖြစ်၏။

ဂျနီဖာက မာလိန်မှူးတာဝန်ကို ယူထားသူပီပီ ကျွန်တော်တို့အားလုံး အသက်ကယ်အင်္ကျီများ အသင့်ဝတ်ဆင်ထားရန် ညွှန်ကြားလိုက်၏။

ပြီးမှ . . .

'မက်ဖာဆင်ကို ကုန်းပတ်ပေါ်မှာတက်ပြီးနေပါစေ။ သင်္ဘောတစ်ခုခုဖြစ် သွားရင် စက်ခန်းထဲမှာ လှောင်ပြီး ပိတ်မိနေမှာစိုးရတယ်'ဟု ကျွန်တော့်ကို လှမ်း၍ ပြောလိုက်၏။

ကျွန်တော်က စက်ခန်းရှိရာသွားပြီးနောက် မက်ဖာဆင်အား ကုန်းပတ် ပေါ်သို့ ခေါ်ယူလာခဲ့၏။

သင်္ဘောအင်ဂျင်စက်များက အစွမ်းကုန်လည်ပတ်ခုတ်မောင်းလျက် ရှိနေ ကြလေသည်။

ကျောက်ဆည်ပေါက်အတွင်းသို့ ဝင်ရောက်မည့် အခြေအနေမှာ တစ်ဖက် မှ ဒုန်းစိုင်း၍လာသော မြင်းတပ်ကြီးနှင့် အခြားတစ်ဖက်မှ အပြင်းတက်၍လာသော ရန်သူ့တပ်ကြီးကို မျက်နှာချင်းဆိုင်၍ ပစ်ခတ်ထိုးခုတ်နေသည့် အကြားမှဖြတ်၍ ပြေးရမည်ဖြစ်သော လူတစ်ယောက်ကဲ့သို့ ဖြစ်နေလေသည်။

တစ်ဖက်ဖက်မှ ပစ်ခတ်ထိုးခုတ်လိုက်သော လက်နက်က ကြားထဲမှ ဖြတ်၍ ပြေးသွားရမည့်လူကို အန္တရာယ်ပေးမည်မှာကား သေချာလှသည်။ သို့တိုင် အောင် မြင်းတပ်ကြီးနှစ်ခုအကြားသို့ မဝင်ဘဲ လိုရာစခန်းသို့ရောက်နိုင်မည်မဟုတ် ဟု ကျွန်တော်တို့သည် အသက်ကို စွန့်၍ ကျောက်ဆည်ပေါက်အတွင်းသို့ ဝင်ကြရ ပေတော့မည်။

ဂျနီဖာက တိုက်ပွဲသို့ လိုက်ပါသွားမည့်တစ်ဦးတည်းသော သားအား မိခင် ဖြစ်သူက ရှုကြည့်၍ မဝနိုင်သကဲ့သို့ အီလီယံမိုးသင်္ဘောကို ဦးမှပဲ့...ပဲ့မှ ဦးဆီသို့ အပြန်အလှန် ရှုကြည့်နေ၏။



ပဲ့ကိုင်ဘီးကို ထိန်းလျက်ရှိသော ဂျနီဖာအနီးသို့ ကျွန်တော်က တိုး၍ ကပ်သွားပြီး သူ၏လက်မောင်းနှစ်ဖက်ကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်၏။

ဤသို့ဆုပ်ကိုင်ရင်းလည်း . . .

"ကျွန်တော် တစ်ခုခုဖြစ်သွားသည့်တိုင်အောင် ကျွန်တော်ပြောခဲ့တဲ့ စကား လေးကိုတော့ အမှတ်တရရှိစေချင်ပါရှေယ်။ ဂျနီဖာကို ကျွန်တော်က ချစ်နေပါတယ် ဆိုတဲ့ စကားပါပဲ"

ဂျနီဖာက ကျောက်ဆည်ပေါက်ရှိရာသို့ ပဲ့ကိုင်ဘီးကို ဖြောင့်ဖြောင့်ကြီး နေအောင် ထိန်းပေးနေရာမှ . . .

'ဗာဒီ . . .'ဟု ခေါ်လိုက်၏။ ပြီးမှ ဆက်၍ စကားဆိုလိုက်သည်။

"ဗာဒီကို မချစ်ရင် ဒီလိုအန္တရာယ်များတဲ့ ခရီးလမ်းမှာ မိန်းမကြမ်းကြီး လုပ်ပြီး လိုက်လာပါ့မလား"

ကျွန်တော်က ဂျနီဖာအား နောက်မှနေ၍ ဆုပ်ကိုင်ထားရင်း ပင်လယ်ရေ ဖြင့် စိုစွတ်၍နေသော သူ့ပါးပြင်လေးကို ကျွန်တော့်ပါးပြင်ဖြင့် ခဏမျှ ထိကပ်၍ ထားလိုက်၏။

"ကဲ . . .သေမင်းခံတွင်းကို ဖြတ်ကျော်ကြဖို့ အားလုံးအသင့်ပြင်"

ကျွန်တော်က စွန့်စားခန်းခရီးကို ခေါင်းဆောင်လာသူပီပီ ရဲဘော်ရဲဘက် များအား တိုက်ပွဲဝင်ရန် ညွှန်ကြားချက်ပေးလိုက်၏။

မြင်းတပ်ကြီးနှစ်တပ်အကြားတွင် အလျားလိုက် ထိုးဖောက်၍ ပြေးနေသူ တစ်ယောက်ကဲ့သို့ အီလီယံမိုးသည် ခေါင်းချင်းဆိုင်၍ အပြိုင်တိုက်နေသော လှိုင်း လုံးကြီးများအကြားမှ နေ၍ ကျောက်ဆည်ပေါက်ကို ဖြတ်ကျော်နေလေသည်။

ထန်းပင်လောက်မြင့်သော လှိုင်းလုံးကြီးများက နှစ်ဆယ့်ငါးတန်မျှသာ ရှိသော ကျွန်တော်တို့ သင်္ဘောရှိရာသို့ အဟုန်ပြင်းစွာဖြင့် ဆောင့်၍ ဝင်လာ၏။

သင်္ဘောပဲ့စင်ထက်တွင်ရှိသော လေကာမှန်မှာ လှိုင်းလုံးရိုက်သည့်ဒဏ် ကြောင့် အစိတ်စိတ်အမြွှာမြွှာကွဲ၍ ထွက်သွားပြီး ရေက ကုန်းပတ်ပေါ်သို့ ဒလဟော စီးဆင်း၍လာ၏။ သို့ရာတွင် ဝင်၍ လာသော ရေက ပဲ့ပိုင်းမှ လိမ့်၍ ထွက်သွား သောကြောင့် အီလီယံမိုးက ရေအောက်သို့ ရောက်မသွားဘဲ ဆက်လက် အသက် ရှင်လျက်ပင် ရှိနေသေး၏။

စက်ခန်းမှ အင်ဂျင်များကို အစွမ်းကုန်ဖွင့်၍ ထားသောကြောင့်လည်း အီလီယံမိုးက မြင်းတစ်ကောင် ဒုန်းစိုင်း၍ နေသကဲ့သို့ လျှင်မြန်စွာ ပြေးနေသော

www.burmeseclassic.com

www.burmeseclassic.com



သည်။

ခဏအကြာတွင် ပို၍ ပြင်းထန်သော လှိုင်းလုံးတစ်လုံးက သင်္ဘောဦးပိုင်းမှ တရကြမ်း တက်၍ တိုက်ခတ်လာပြန်၏။

"ကျောက်ဆည်ပေါက်ကို ဖြတ်ဝင်ပြီ။ အားလုံး သတိထားကြ"

ဂျနီဖာက လက်ကိုင်ဘီးကို ထိန်းရင်း အော်၍ပြောလိုက်၏။ သူ့နောက်ဘက်မှရပ်ကာ လက်ကိုင်ဘီးကို ကူ၍ ထိန်းထားရသော ကျွန်တော်က သင်္ဘောတစ်စင်းလုံး ထန်းပင်များလောက် အမြင့်အထိ မြောက်၍ တက်သွားသည်ကို သတိပြုမိပြီး ခဏအကြာတွင် အလွန်နက်ရှိုင်းသော ကျောက်ကမ်းပါးကြီးတစ်ခုထဲသို့ ကျွန်တော်တို့အားလုံး ထိုးကျ၍လာသည်ဟု ထင်လိုက်ရ၏။

မျက်စိကို ဖွင့်၍ ကြည့်လိုက်သောအခါ ကျွန်တော်တို့သည် သေမင်းခံတွင်းဝနှင့်တူသော ကျောက်ဆည်ပေါက်ကို လွန်မြောက်ခဲ့ပြီး ဖြစ်သည်ကို တွေ့လိုက်ရ၏။

လက်ကိုင်ဘီးပေါ်တွင် တစောင်းလေး မှေ့မြောနေသော ဂျနီဖာအား ကျွန်တော်က ပြန်လည်သတိရအောင် ရှေ့ဦးသူနာပြုနည်းဖြင့် ပြုစုပေးလိုက်၏။

ဂျနီဖာ ပြန်၍ သတိရလာသည့်အချိန်တွင် ရဲဘော်ကြီးကွတ်နှင့် စက်ဆရာကြီး မက်ဖာဆင်တို့ကလည်း ကုန်းပတ်ပေါ်တွင် လဲနေရာမှ ပြန်ထလာနိုင်ခဲ့ကြ၏။ ကျွန်တော်တို့ ကိုယ်ခန္ဓာအသီးသီးတွင် ခြစ်ရာပြတ်ရာစုတ်ရာများဖြင့် သွေးများ တစိမ့်စိမ့်ယိုစီးလျက် ရှိနေကြ၏။

သို့ရာတွင် သေမင်းခံတွင်းဝသို့ ကျော်နင်းဝင်ရောက်ပြီးနောက် လွတ်မြောက်လာပြီဟု သိရသောခဏ၌ အားလုံးသူပင် အားတက်၍ လာကြ၏။

အီလီယံမိုးသည် နှစ်ဆယ့်ငါးတန်မျှသာ ရှိသော စက်တပ်ရွက်သင်္ဘောကလေးပင် ဖြစ်လင့်ကစား တံခါးဝကို ခုန်ကျော်၍ လာနိုင်ခဲ့သည်တကား။

သင်္ဘောပေါ်တွင် လိုက်ပါလာသူအားလုံးက သေမင်းခံတွင်းမှ လွတ်မြောက်လာရခြင်းကို ဝမ်းသာအားရ ရှိနေကြစဉ် ကျွန်တော်တို့သင်္ဘောက စက်ကုန်ဖွင့်ထားသော အရှိန်ကြောင့် ပြိုင်မြင်းတစ်ကောင်လို ဒုန်းစိုင်း၍ ပြေးနေကြောင်း ကျွန်တော်က သတိပြုလိုက်မိ၏။

ရေပြင်အခြေအနေမှာ ကျောက်ဆည်ပေါက်ဝနှင့် လုံးဝခြားနား၍ နေခဲ့ပြီဖြစ်ရာ ဤအတိုင်းသာ ဆက်၍ ပြေးနေပါက အီလီယံမိုးသည် အတွင်းရှိ မက်ဒွန်ရေ့ခ်ကျွန်းကို ဝင်၍ တိုက်တော့မည်မှာ သေချာနေ၏။



သို့ဖြစ်၍လည်း . . .

'မက်ဖာဆင် စက်ခန်းကို ဆင်းပြီး စက်တွေကို ရပ်လိုက်ပါ'ဟု ကျွန်တော်က အော်ဟစ်၍ သတိပေးလိုက်ရ၏။

မက်ဖာဆင်က အင်ဂျင်စက်များကို ရပ်ပစ်လိုက်သောကြောင့် အီလီယံမိုးသည် ရှိနေသောအရှိန်ဖြင့်ပင် ကျွန်းအတွင်းပိုင်းသို့ ဝင်ရောက်လာနိုင်ခဲ့ပြီးနောက် သုံးရောင်ခြယ်သင်္ဘောနှင့် မလှမ်းမကမ်းတွင် ကျောက်ချ၍ ရပ်လိုက်၏။

သင်္ဘောပေါ်တွင် မက်ဖာဆင်အား အစောင့်အနေအဖြစ် ထားခဲ့ပြီးနောက် ဂျနီဖာ၊ ရဲဘော်ကြီးကွတ်နှင့် ကျွန်တော်တို့က ရာဘာလှေကို စီး၍ သုံးရောင်ခြယ်ရှိရာသို့ လာခဲ့ကြ၏။

ကျွန်းအတွင်းပိုင်းသို့ လိမ့်၍ လိမ့်၍ တက်လာသော လှိုင်းများက သုံးရောင်ခြယ်သင်္ဘော၏ ပဲ့ပိုင်းကို လာ၍ လာ၍ ရိုက်ခတ်နေကြ၏။ မိုးထဲ၊ ရေထဲ၊ နှင်းထဲတွင် တစ်နှစ်မျှကြာအောင် စွန့်ပစ်ထားခြင်းခံရသည့်အတွက် သုံးရောင်ခြယ်မှာ သံချေးများဖြင့် ရဲရဲနီနေသည်ကို တွေ့ရ၏။

ကျွန်တော်တို့ သုံးယောက်သည် သုံးရောင်ခြယ်ပေါ်သို့ ရောက်ရှိလာပြီးနောက် ငွေချောင်းများထားရာအခန်းဆီသို့ ပထမဆုံး လာခဲ့ကြ၏။

အခန်းတံခါးတွင် သော့ခလောက်များ ရှိနေသည် မှန်သော်လည်း ပွင့်လျက်သား တွေ့ရ၏။ ကျွန်တော်တို့ သုံးဦးက တစ်ယောက်မျက်နှာကို တစ်ယောက် အံ့သြသည့် အမူအရာဖြင့် လှမ်း၍ ကြည့်လိုက်မိကြ၏။

သင်္ဘောကြီးတစ်စင်းလုံးကို ကျောက်ဆည်ပေါက်မှ ဖြတ်ကျော်၍ သွင်းလာခဲ့ပြီးနောက် ဤနေရာသို့ ရောက်မှ ငါးသိန်းကျော်ခန့်တန်သော ငွေချောင်းများ ထည့်ထားသည့် အခန်းကို သော့ခတ်ခြင်း မပြုဘဲ ဟယ်ဆလေတို့ လူစုက ထားပစ်ခဲ့ပါမည်လား။

တံခါးတွင် သော့ခလောက်တန်းလန်းဖြင့် ရှိနေခြင်းကပင် ဟယ်ဆလေတို့ လူစုက ဤအခန်းကို သော့ခတ်၍ သွားကြောင်း သက်သေပြလျက် ရှိနေ၏။

သို့သော် ကျွန်တော်တို့က ပွင့်လျက်ရှိသော သော့ခလောက်ကိုသာ တွေ့နေရချေသည်။

တစ်စုံတစ်ယောက်က ဤကျွန်းပေါ်သို့ ရောက်လာပြီးနောက် ငွေချောင်းများကို သယ်ဆောင်၍ သွားခဲ့လေသလား။

စိုးရိမ်စိတ် ကြီးစွာဖြင့် အခန်းထဲသို့ ဝင်သွားပြီးနောက် သေတ္တာများကို

www.burmeseclassic.com



စစ်ဆေးကြည့်ရှုလိုက်သောအခါ ငွေချောင်းဆို၍ တစ်ချောင်းမှ မလျော့ဘဲ ယခင်အတိုင်းပင် ရှိနေသည်ကို တွေ့ရ၏။

သေတ္တာတစ်ခုနှင့်တစ်ခုအကြားတွင် ကျွန်တော်တို့ သွယ်တန်း၍ ထားခဲ့သော အိပ်ပုခက်များမှာလည်း ကျွန်တော်တို့ သုံးရောင်ခြယ်ပေါ်မှ နောက်ဆုံးထွက်ခွာလာခဲ့သည့်အတိုင်း ရှိနေကြ၏။

အထူးကုန်ပစ္စည်းများထားရာ အခန်းမှ အရာရှိများ ထမင်းစားခန်းထဲသို့ ရောက်သွားသောအခါ၊ ပို၍ ထူးဆန်းသောအရာတစ်ခုကို တွေ့ရပြန်၏။

စားပွဲပေါ်တွင် လူတစ်ယောက်စားသုံးရန်အတွက် အသင့်ပြင်ဆင် ချူးခပ်ထားသော ထမင်းပွဲပင်တည်း။

ထမင်းပွဲနှင့်အတူ ကျွန်တော်တို့အား အံ့အားသင့်၍ သွားစေသောအရာမှာ ထမင်းစားပွဲပေါ်တွင်ပင် ရှိနေသော အိတ်ဆောင်နာရီတစ်ခုပင်တည်း။

အိတ်ဆောင်နာရီမှာ အမှန်အားဖြင့် ထူးဆန်းလှသည်မဟုတ်၊ သို့ရာတွင် အိတ်ဆောင်နာရီရှိ လက်တံများက ရွေ့လျားလျက်ရှိပြီး စက်သံကလည်း တချက်ချက် မြည်နေခြင်းပင် ဖြစ်၏။

သော့မပေးဘဲ တစ်နှစ်ပတ်လုံးသွား၍ နေသောနာရီကို တစ်ခါမှ မမြင်ဘူး။ မည်သူမှလည်း တီထွင်ခြင်း မရှိသေး။ သို့ဖြစ်ပါလျက် အိတ်ဆောင်နာရီက တချက်ချက်မြည်ကာ အဘယ်ကြောင့် သွားနေပါသနည်း။

သဘောပေါ်တွင် လူတစ်ယောက်ယောက် ရှိနေကြောင်းမှာ တင်ရှား၍ နေလေသည်။

ဂျနီဖာက ကျွန်တော့်လက်မောင်းကို ကျစ်ကျစ်ပါအောင် ဆွဲ၍ထားသည်။ ထန်းပင်လောက်မြင့်သော လှိုင်းလုံးကြီးများကို ရင်ဆိုင်ရဲသော်လည်း အလွန်သေးငယ်သော အိတ်ဆောင်နာရီကလေးကိုမူ ဂျနီဖာက ရင်မဆိုင်ရဲသကဲ့သို့ ဖြစ်နေ၏။

အသက်ကယ်လှေနှစ်စင်းနှင့်အတူ နှစ်ဆယ့်သုံးလောင်းပြိုင် သေဆုံးသွားရသော အဖြစ်အပျက်ကို ကျွန်တော်တို့အားလုံးက သိရှိထားကြပြီးဖြစ်ရာ ငွေချောင်းများထားသည့်အခန်းမှ သော့ခလောက်ပွင့်နေခြင်းသည် လည်းကောင်း၊ အရာရှိများ ထမင်းစားခန်းတွင် လူတစ်ယောက်စာ အသင့်ချူးခပ်၍ ထားသော ထမင်းပွဲကို တွေ့ရခြင်းသည် လည်းကောင်း၊ သော့ပေးသူမရှိပါဘဲလျက် တချက်ချက်မြည်နေသော အိပ်ဆောင်နာရီကို တွေ့ရခြင်းသည် လည်းကောင်း၊ ကျွန်တော်တို့အဖို့ နေ့လယ်ကြောင်တောင်ကြီးတွင် တစ္ဆေအခြောက်ခံနေရသကဲ့သို့ ဖြစ်နေရလေ



သည်။

စားပွဲပေါ်တွင် လူတစ်ယောက်စာထမင်းပွဲရှိနေလျှင် သင်္ဘောအောက်ထပ်ရှိ စားဖိုခန်းမှာလည်း ထမင်းဟင်းချက်သည့် လက္ခဏာများကို တွေ့ရလိမ့်မည်ဟု မျှော်လင့်ကာ ကျွန်တော်က ဦးဆောင်လျက် သင်္ဘောအောက်ထပ်သို့ ဆင်းလာခဲ့၏။

ကုန်းပတ်ပေါ်မှ အောက်ထပ်စားဖိုခန်းရှိရာသို့ ဆင်းလာရင်း၊ ကျွန်တော့်အား အတင်းအဖျင်းသတင်းများကို ပြောရင်း ကိုကိုးဖြင့် လည်းကောင်း၊ ဝီစကီဖြင့် လည်းကောင်း ဧည့်ခံရှာသော ထမင်းချက်ရဲဘော်ကြီး၏ မျက်နှာကို ကွက်ခနဲ ပြေး၍ မြင်လိုက်မိ၏။

စားဖိုခန်းသို့ ကျွန်တော်တို့ ရောက်လာသောအခါ၊ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်ကို တွေ့ရ၏။ သင်္ဘောကြီးတစ်စင်းလုံးတွင် လိုက်ပါလာသမျှသော သင်္ဘောသားအားလုံးအတွက် ချက်ရပြုတ်ရသော အခြေအနေမှာ များစွာကွာခြား၍ နေမည်ကိုလည်း ကျွန်တော်က သိပြီး ဖြစ်၏။

ကျွန်တော်က မီးဖိုရှိရာသို့ ဝင်သွားပြီး မီးညှပ်တစ်ချောင်းဖြင့် ပြာများကို ထိုးဆွ၍ ကြည့်လိုက်သောအခါ နွေးထွေးထွေးပင် ရှိနေသေးသည်ကို တွေ့ရ၏။

သင်္ဘောပေါ်တွင် လူတစ်ယောက် ရောက်ရှိနေသည်မှာကား အမှန်ပင် ဖြစ်၍နေပေပြီ။

မီးဖိုခန်းမှ ပြန်၍ ထွက်လာသောအချိန်၌ ဂျနီဖာက ကျွန်တော့်အား အိတ်စင်တစ်ခုရှိရာသို့ လက်ညှိုးထိုး၍ ပြနေသည်။

ထမင်းချက် ရဲဘော်ကြီး အိပ်ခဲ့သော အိပ်စင်တည်း။

အိပ်စင်ပေါ်ရှိ စောင်တစ်ထည်အကြားတွင် တစ်စုံတစ်ခုက လှုပ်၍ သွားနေ၏။ ဤအချိန်တွင် ရဲဘော်ကြီးကွတ်က တပိုတပါးသွားနေသည်ဖြစ်ရာ ဂျနီဖာအဖို့ တစ္ဆေနှင့်လာ၍ တွေ့ရသလို ဖြစ်နေရလေသည်။

ကျွန်တော်က အိပ်စင်အနားသို့ ကပ်၍သွားပြီး လုံးထွေး၍ နေသော စောင်ကို ဖယ်ပစ်လိုက်၏။

တညောင်ညောင်မြည်သောအသံနှင့်အတူ ကြောင်တစ်ကောင်က အထဲမှ ထွက်၍လာသည်။

လိပ်ခွံရောင်ကြောင်ပင်တည်း။

ကြောင်ကို တွေ့လိုက်လျှင်ပင် ထမင်းချက် ရဲဘော်ကြီး၏ ခရီးသွားအဖော်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်း ကျွန်တော်က ကောင်းစွာ သိလိုက်၏။

အမှတ်နှစ် အသက်ကယ်လှေပေါ်တွင် ထမင်းချက်ရဲဘော်ကြီးကို နောက်ဆုံးတွေ့လိုက်ရ၏။ အသက်ကယ်လှေက သုံးရောင်ခြယ်သင်္ဘောမှခွာရန် ဟန်ပြင်နေသည့်အချိန်ပင် ဖြစ်၏။

ထမင်းချက် ရဲဘော်ကြီးက လိပ်ခွံရောင်ကြောင်ကို သူ၏ ရင်ခွင်ထဲတွင် တယုတယပွေ့ပိုက်၍ထား၏။ စားဖိုဆောင်မှ ယူလာခဲ့သော အသားဟင်းများကိုလည်း သူကိုယ်တိုင် လက်ဖြင့် ကိုင်၍ ကျွေးနေ၏။

သို့တိုင်အောင် လိပ်ခွံရောင်ကြောင်က ထမင်းချက်ရဲဘော်ကြီး၏ ရင်ခွင်ထက်တွင် အငြိမ်မနေဘဲ၊ ရုန်းကန်လှုပ်ရှားလျက်သာ ရှိနေသည်။

ကက်ပတိန်ဟယ်ဆလေက ပထမအရာရှိဖြစ်သူ ဟင်ဒရစ်အား အမှတ်နှစ် အသက်ကယ်လှေကို သင်္ဘောမှ ဝေးရာသို့ ခွာထွက်ပါစေဟု အမိန့်ပေးလိုက်သော အချိန်၌ လိပ်ခွံရောင်ကြောင်က ထမင်းချက်ရဲဘော်ကြီး၏ ရင်ခွင်အကြားမှ အတင်းရုန်းထွက်လျက် သုံးရောင်ခြယ်သင်္ဘောကုန်းပတ်ပေါ်သို့ ခုန်ဆင်း၍ လာသည်ကို ကျွန်တော်က တွေ့မြင်ခဲ့ရသည် မဟုတ်လား။

လိပ်ခွံရောင်ကြောင်သည် အမှတ်နှစ် အသက်ကယ်လှေနှင့် အတူ မိမိ၏ အရှင်သခင်ဖြစ်သော ထမင်းချက်ရဲဘော်ကြီးပါ ပင်လယ်အောက်တွင် အသက်ပျောက်ရတော့မည်ကို သိရှိသည့်အတွက် သင်္ဘောပေါ်သို့ ခုန်ဆင်း၍ လာခဲ့ခြင်း ဖြစ်ပေလိမ့်မယ်။

အဟိတ်တိရစ္ဆာန်ပင် ဖြစ်လင့်ကစား ကြုံတွေ့ရတော့မည့် ဘေးအန္တရာယ်ကို ကြိုတင်၍ အနံ့ရခြင်းမှာ သတ္တဝါတိုင်း၏ နိယာမအသိပင် မဟုတ်ပါလား။

လိပ်ခွံရောင်ကြောင်က တညောင်ညောင်အသံပေးရင်း ကျွန်တော့်အနီးသို့ ကပ်လာ၏။

သင်္ဘောပေါ်တွင် သက်ရှိသတ္တဝါတစ်ဦးတစ်ယောက် ရှိနေခြင်းမှာ ဤလိပ်ခွံရောင်ကြောင်ကို တွေ့လိုက်ရခြင်းအားဖြင့် ပြဿနာမှာ ပြယ်တန်သမျှ ပြယ်၍ သွားသည့်တိုင် ရှုပ်ထွေးနေသော အချက်များက ရှိနေပြန်သေး၏။

ထမင်းစားခန်းတွင်တွေ့ရသော လူတစ်ယောက်စာထမင်းပွဲကို လိပ်ခွံရောင်ကြောင်က ခူးခပ်၍ထားနိုင်မည် မဟုတ်သလို၊ အိတ်ဆောင်နာရီကိုလည်း သော့ပေးနိုင်မည် မဟုတ်။

သင်္ဘောပေါ်တွင် လူတစ်ယောက်ယောက် ရှိနေမှာကား အမှန်ပင် ဖြစ်



ပေတော့သည်။

“တစ်နှစ်လုံးကြာအောင် တစ်ယောက်တည်း ဘယ်လိုလုပ်ပြီး နေနိုင်မှာလဲ”

ဂျူနီဖာက ကျွန်တော့်ကို ကြည့်ရင်း ထင်မြင်ချက်ပေးလိုက်၏။

“ကျွန်းပေါ်မှာ ခူးယူစားသောက်နိုင်စရာ အပင်ဆိုလို့ တစ်ပင်မှ မရှိပေမဲ့ သင်္ဘောပေါ်မှာ ရိက္ခာတွေက ရှိသင့်သလောက် ရှိနေတယ် မဟုတ်လား”

ကျွန်တော်က ဤသို့ပြောလိုက်ပြီးနောက် သင်္ဘောတစ်စင်းလုံးကို လှည့်၍ ရှာရန် အကြံပေးလိုက်၏။

ကျွန်တော်နှင့် ဂျူနီဖာက အပေါ်ကုန်းပတ်ရှိရာသို့ တက်လာခဲ့ပြီး ရဲဘော်ကြီးကွတ်က စက်ခန်းရှိရာသို့ ဝင်သွားသည်။

ကျွန်တော်က ဂျူနီဖာကို အရာရှိများ ထမင်းစားခန်းတွင် ထားခဲ့ပြီးနောက် ပဲ့စင်အဆောင်ပေါ်သို့ တက်လာခဲ့၏။

ပဲ့စင်ထက်မှနေ၍ မက်ဒွန်ရော့ခ်ကျွန်းကို လှမ်းမျှော်ကြည့်လိုက်သောအခါ ဝေလငါးကြီးတစ်ကောင်ခွေ၍ အိပ်နေသကဲ့သို့ ရှိနေ၏။

ကျွန်းပေါ်တွင် သစ်ပင်ဝါးပင်ဟူ၍ ပေါက်ရောက်ခြင်းမရှိ။ ကျွန်းကို ဝိုင်းရံထားသော ကျောက်တန်းကြီးက တဝုန်းဝုန်းလာ၍ ရိုက်ခတ်နေသော ရေပန်းရေမြှုပ်များကြောင့် ပုလဲကုံးကြီးသဖွယ် ဖြစ်နေသည်ဟု ထင်ရ၏။

ပဲ့စင်ထက်တွင် မိုးရေခံ၍ထားသော ဆီစိမ်အဝတ်ကြီးတစ်ခုကို တွေ့ရ၏။ အံဆွဲများ၊ ဗီရိုများကို ဖွင့်၍ ကြည့်သော်လည်း ဟယ်ဆလေ၏ နောက်ပိုင်းရာဇဝင်နှင့် ပတ်သက်သော အကြောင်းအရာ တစ်စုံတစ်ခုမှ မတွေ့ရ။

ပဲ့စင်ထက်မှ တစ်ဖန် ဟယ်ဆလေနေထိုင်သွားသော အခန်းရှိရာသို့ ကူးလာခဲ့၏။ အခန်းထဲတွင် မွှေနှောက် ရှာဖွေကြည့်သောအခါ ရိုက်စပီးယား ပြဇာတ်ပေါင်းချုပ်စာအုပ်တစ်အုပ်နှင့် ပွဲကြိုက်သူအမည်ရှိ လစဉ်မဂ္ဂဇင်းဖိုင်တွဲကြီးတစ်တွဲကို တွေ့ရ၏။

မဂ္ဂဇင်းဖိုင်တွဲမှာ (၁၉၁၉) ခု (၁၉၂၀) နှင့် (၁၉၂၁) နှစ်များက ထုတ်ဝေခဲ့သော ပွဲကြိုက်သူ လစဉ်မဂ္ဂဇင်းများကို သားရေဖုံး သပ်ရပ်စွာ ချုပ်လုပ်ထားခြင်း ဖြစ်၏။

ဟယ်ဆလေ၏ နောက်ကြောင်းရာဇဝင်နှင့် ပတ်သက်၍ တစ်စွန်းတစ်စ တွေ့ရလို တွေ့ရခြား မဂ္ဂဇင်းစာအုပ်များကို လှန်လှော၍ ကြည့်နေစဉ် ရဲဘော်ကြီးကွတ်နှင့် ဂျူနီဖာတို့က ကျွန်တော်ရှိရာသို့ ရောက်လာကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နောက်တွင် သင်္ဘောသားအကျႌနှင့် သက္ကလတ်ဘောင်းဘီကို ဝတ်ဆင်ထားသော မုတ်ဆိတ်မွေးထူလပျစ်နှင့် လူတစ်ယောက် ပါလာလေသည်။

"သူ့နာမည်က ဇလင်စကီလို့ ခေါ်တယ်၊ ပိုလန်ပြည်သားပဲ။ တစ်နှစ်လောက်ကြာအောင် ဘယ်သူနဲ့မှ စကားမပြောရတော့ ဆွံ့အသလိုတောင် ဖြစ်နေတယ်။ အင်္ဂလိပ်စကားကို အတော်အသင့် ပြောတတ်တယ်"

ရဲဘော်ကြီးကွတ်က ဇလင်စကီအား စက်ခန်းတွင် တွေ့ရှိခဲ့သည်ဟု သိရ၏။

သုံးရောင်ခြယ်သင်္ဘောပေါ်သို့ မည်သို့မည်ပုံ ရောက်လာခဲ့ကြောင်းကို ကျွန်တော်က စုံစမ်းမေးမြန်းကြည့်လိုက်၏။

မာမန့်ဆိပ်ကမ်းတွင် သုံးရောင်ခြယ်သင်္ဘောဆိုက်ကပ်ထားစဉ် ဇလင်စကီက သင်္ဘောသားများမသိအောင် သင်္ဘောပေါ်သို့ တက်ရောက်ပြီးနောက် ကုန်လှောင်ခန်းတစ်ခုတွင် ပုန်း၍ နေခဲ့ကြောင်း။ သို့ဖြစ်၍လည်း သင်္ဘောပေါ်တွင် ပါသမျှလူများကို အသက်ကယ်လှေများတွင် တင်၍ လွှတ်စဉ် ဇလင်စကီမှာ အခြားသူများနှင့်အတူ ပါ၍မသွားဘဲ သင်္ဘောထဲတွင်ပင် ကျန်နေရစ်ခဲ့ကြောင်း။ သုံးရောင်ခြယ်သင်္ဘောကိုမှ ရွေး၍ တက်လာခြင်းမှာ အင်္ဂလန်သို့ သွားမည်ဟု စုံစမ်းသိရှိရသောကြောင့် ဖြစ်ကြောင်း။ ပိုလန်နိုင်ငံကို ဟစ်တလာ၏ နာဇီတပ်များက သိမ်းပိုက်ထားရာ နာဇီတပ်များကို တွန်းလှန်၍ တိုက်ခိုက်နေသော ပိုလန်မျိုးချစ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းလိုသဖြင့် အင်္ဂလန်သို့ တိတ်တဆိတ် လိုက်ပါလာခဲ့ခြင်း ဖြစ်ကြောင်း။ ယခင်က ပိုလန်မြင်းတပ်တွင် အရာရှိအဖြစ် အမှုထမ်းဖူးကြောင်း စသည်ဖြင့် ဇလင်စကီ၏ ရာဇဝင်ကို သိရှိခဲ့ရ၏။

ကျွန်တော်တို့ အမှုအတွက် လက်ဆုပ်လက်ကိုင် သက်သေပြနိုင်ရန် ငွေချောင်းများကိုသာမက ဇလင်စကီကိုလည်း ကျွန်တော်တို့က ခေါ်ယူသွားနိုင်မည် ဖြစ်သောကြောင့် ဝမ်းသာ၍ နေမိ၏။

သို့ရာတွင် ကြိုတင်ရရှိထားသော မိုးလေဝသသတင်းအတိုင်း လေနုကြမ်းမှ လေမုန်တိုင်းအဖြစ်သို့ ရောက်ရှိလာသော အခြေအနေကြောင့် ကျွန်တော်တို့မှာ ကျွန်းအတွင်းပိုင်းတွင်ပင် ဆက်လက်၍ ခိုအောင်းနေရမည်မှာ မလွဲမရှောင်သာ။

သုံးရောင်ခြယ်ပေါ်တွင် တစ်နှစ်လောက် ကြာအောင်နေလာခဲ့ရသော ဇလင်စကီက အီလီယံမိုး သင်္ဘောပေါ်တွင် ရှိနေသော မက်ဖာဆင်နှင့်တကွ အရေးကြီးသော ပစ္စည်းပစ္စယ မှန်သမျှကို သုံးရောင်ခြယ်သင်္ဘောပေါ်သို့ ပြောင်းရွှေ့ထားပါဟု အကြံပေး၏။ မုန်တိုင်းကြီးကျလာလျှင် ပင်လယ်ရေသည် သုံးရောင်ခြယ်သင်္ဘောဆိုက်ကပ်ထားရာ နေရာအထိ တက်၍ လာကြောင်း၊ သို့ဖြစ်၍ အီလီယံမိုးကိုလည်း ရနိုင်သမျှသော ကျောက်ဆူးကြီးများဖြင့် ကျောက်ချထားရန် လိုကြောင်း ကျွန်တော်တို့ကို အကြံပေး၏။



ကျွန်တော်တို့က အီလီယံမိုးမှ အရေးတကြီး လိုအပ်သော ပစ္စည်းပစ္စယများကို သုံးရောင်ခြယ်ပေါ်သို့ သယ်ယူနေစဉ် ပိုလန်အမျိုးသား ဇလင်စကီက ကျွန်တော်တို့အတွက် စားဖိုဆောင်တွင် စားတော်ချက်ရာထူးကို ယူလျက် ရှိနေလေသည်။

ကျွန်တော်က လက်ဆွဲမှန်အိမ်တစ်လုံးကို ထွန်းညှိ၍ ထားလိုက်ပြီး ရဲဘော်ရဲဘက်အားလုံးကို အရာရှိများအခန်းတွင် နေရာချ၍ ပေးထားလိုက်၏။

ထို့နောက် မှန်အိမ်တစ်လုံးဖြင့် ပွဲကြိုက်သူမဂ္ဂဇင်းဖိုင်များကို အပျင်းပြေလှန်၍ ကြည့်နေမိ၏။

၁၉၂၁ ခုနှစ်ထုတ် မဂ္ဂဇင်းဖိုင်တွဲတွင် ပြဇာတ်မင်းသားအဖြစ် ရှိတ်စပီးယားပြဇာတ်များကို ကပြရာတွင် ပါဝင်ခဲ့သော လီယိုဖောင်း၏ ပုံများကို အဆက်မပြတ် တွေ့လာရ၏။

ပြဇာတ်မင်းသား၏ မျက်နှာမှာ ကျွန်တော်နှင့် ရင်းရင်းနှီးနှီး တွေ့ဖူးသူတစ်ယောက်၏ မျက်နှာနှင့် တူနေသည်ဟု ထင်မိ၏။ သို့ရာတွင် မည်သူနှင့် တူသည်ဟူ၍ကား မဝေခွဲတတ်။

ကျွန်တော်က မဂ္ဂဇင်းဖိုင်တွဲကို ယူပြီး ဂျနီဖာနှင့် ရဲဘော်ကြီးကွတ်တို့အား ပြကြည့်၏။

သူတို့နှစ်ဦးစလုံးကလည်း ပြဇာတ်မင်းသား လီယိုဖောင်း၏ မျက်နှာကို မကြာခင်ကပင် မြင်ဖူးသလိုရှိသည်ဟု ဇဝေဇဝါဖြစ်နေကြ၏။

ရဲဘော်ကြီးကွတ်က အခန်းထဲတွင် တွေ့ရသော ခဲတံတစ်ချောင်းကို လှမ်းယူလိုက်ပြီး ပြဇာတ်မင်းသား လီယိုဖောင်း၏ မျက်နှာတွင် မုတ်ဆိတ်မွေး [illegible] တစ်ခုကို တပ်ပေးလိုက်ပြီး ခေါင်းပေါ်တွင် သင်္ဘောကက်ပတိန်များ ဆောင်း[illegible] ရှိသော ပီကက်တစ်လုံးကို တပ်ဆင်၍ ပေးလိုက်၏။

ကက်ပတိန်ဟယ်ဆလေ၏ ရုပ်လုံးက ဘွားဘွားကြီး ပေါ်၍ [illegible] သည်။

တစ်စုံတစ်ခု ပြုလုပ်မည်ကြံတိုင်း ရှိတ်စပီးယား ပြဇာတ်မှ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကို ရှုတ်လေ့ရှုတ်ထရှိသော ကက်ပတိန်ဟယ်ဆလေ၏ စရိုက်က ရုပ်ပုံပေါ်တွင် တိုက်ရိုက်ကြီးပေါ်၍ လာခဲ့၏။

ကက်ပတိန်ဟယ်ဆလေ သို့မဟုတ် ပြဇာတ်မင်းသား လီယိုဖောင်း။

ကျွန်တော် မဂ္ဂဇင်းဖိုင်တွဲမှ စာရွက်များကို ဆုတ်ယူပြီး အပေါ် အင်္ကျီအိတ်ထဲတွင် သေသပ်စွာ ခေါက်၍ ထည့်ထားလိုက်၏။ အမှုအတွက် သက်သေခံချက်အဖြစ် တင်ပြရန်တည်း။

ညရှစ်နာရီလောက်တွင် ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်က ကျောက်ချ၍ထားသော အီလီယံမိုးကို ကြည့်ရန် သုံးရောင်ခြယ်ပဲ့ပိုင်းသို့ လာခဲ့ကြ၏။

ပိုလန်အမျိုးသား ဇလင်စကီ၏ အကြံပေးချက်အရ သုံးရောင်ခြယ်ပေါ်တွင် တွေ့ရသော အငယ်စား ကျောက်ဆူးကြိုးသုံးပင်ကို ရာဘာလှေပေါ်တွင် တင်ပြီးနောက် ကျွန်တော်နှင့် စက်ဆရာကြီး မက်ဖာဆင်တို့က အီလီယံမိုးအား ညနေ ပိုင်းကပင် ကျောက်ဆူးကြိုးသုံးကြိုး ထပ်မံ၍ တုပ်ထားခဲ့ပြီး ဖြစ်၏။

သို့တိုင်အောင် လေနီကြမ်းနှင့်အတူ ကျွန်းအတွင်းပိုင်းသို့ လှိမ့်ဝင်လာသော လှိုင်းလုံးကြီးများ၏ ဒဏ်ကြောင့် အီလီယံမိုးသည် အထုအနက်ကို ခပ်သွက်သွက် ခံနေရသော အရုပ်ကလေးတစ်ရုပ်အဖြစ်သို့ ရောက်နေရှာလေသည်။

အီလီယံမိုးအပေါ်တွင် သံယောဇဉ်ကြီးလှသော ဂျနီဖာကမူ ကျွန်တော်တို့နှင့်အတူ လိုက်၍မကြည့်ဘဲ အခန်းထဲတွင်သာ တရှုပ်ရှုပ်ရှိနေရှာသည်။

ဆင့်၍ဆင့်၍ ဝင်လာကာ တစ်ချိုးတည်း ချိုးနေသော လှိုင်းလုံးများအကြားတွင် အီလီယံမိုးက အာဏာပါကွက်သားလက်သို့ ရောက်နေသော မင်းသမီးကလေးကဲ့သို့ ဖြစ်နေရှာ၏။

ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့ကလည်း မည်သို့မျှမတတ်နိုင်။ အီလီယံမိုးရှိရာသို့ ကျွန်တော်တို့က ရာဘာလှေကလေးဖြင့် ကူးသွားလျှင် ကျွန်တော်တို့ပင် လှိုင်းအောက်တွင် အသက်ပျောက်သွားမည် ဖြစ်၏။

သုံးရောင်ခြယ်သင်္ဘောပဲ့ပိုင်းမှ ကျွန်တော်တို့အတွက် သီးသန့်ယူထားသော အခန်းထဲသို့ရဲဘော်ကြီးကွတ်နှင့်အတူ ပြန်၍လာကြပြီးနောက် အခြေအနေကို ကျွန်တော်က တင်ပြလိုက်ကြ၏။

ဂျနီဖာသည် သားပျောက်သော မိခင်ကဲ့သို့ ရှိုက်ကြီးတငင် ငိုလိုက်၏။ ကျွန်တော်တို့က အလိုက်သိစွာဖြင့် သူ့အခန်းအပြင်ဘက်သို့ ထွက်လာခဲ့ကြ၏။

မက်ဒွန်ရော့ခ်ကျွန်းအတွင်းပိုင်းသို့ ကျွန်တော်တို့ ဝင်ရောက်လာနိုင်သော



နေ့မှာ ဧပြီလ ၂၉ ရက်နေ့ ဖြစ်၏။

ကျွန်တော်တို့နောက်မှ လူသတ်သမားကြီး ဟယ်ဆလေ၏ မုန်တိုင်းသင်္ဘောက ကောက်ကောက်ပါအောင် လိုက်၍လာမည်မှာ အမှန်ပင် ဖြစ်သည်။

ကျွန်တော်တို့က ကျွန်းအတွင်းပိုင်းသို့ ရောက်ရှိနေပြီးနောက် လေနီကြမ်းဒဏ်ကို သုံးရောင်ခြယ်သင်္ဘောပေါ်မှ ရှုနေရစဉ် ဟယ်ဆလေဦးစီးသော မုန်တိုင်းသင်္ဘောက လေနီကြမ်းဒဏ်ကို အပြင်းအထန်ခံနေရမည်ဟု ထင်မိ၏။

နောက်တစ်နေ့ နံနက်သို့ ရောက်လာသောအခါ ပင်လယ်ရေပြင်က ပို၍ ပို၍ ဆိုးသွမ်းလာသည်။

လှိုင်းလေကင်းရာ ကျွန်းအတွင်းပိုင်းတွင် ကျောက်ချရပ်စွဲထားသော သုံးရောင်ခြယ်သင်္ဘောသည်ပင်လျှင် တက်၍ တက်၍လာသော လှိုင်းလုံးများကြောင့် တသိမ့်သိမ့်လှုပ်ခါ၍ လာခဲ့၏။

ကျွန်တော်တို့က ပဲ့ပိုင်းသို့ ထွက်၍ အီလီယံမိုးကို မျှော်၍ ကြည့်နေစဉ်မှာပင် အဆက်မပြတ် ရိုက်ချိုး၍လာသော လှိုင်းလုံးများဒဏ်ကြောင့် အီလီယံမိုးသည် သင်္ဘောတစ်စင်းဘဝမှ ပြိုကွဲပျက်စီးလွင့်ပါးနေသော သစ်သားအစိတ်အပိုင်းအဖြစ်သို့ ရောက်ရှိသွားသည်ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ကြရလေသည်။

အီလီယံမိုးက သင်္ဘောဘဝမှ ခန္ဓာပျက်ကြွေကာ သစ်သားအပိုင်းအစအဖြစ်သို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် ကျွန်တော်တို့မှာလည်း မျှော်လင့်ချက်တောင်ကြီးတစ်ခု ပြိုကျသွားပြီဟု ထင်လိုက်ရ၏။

လက်ဆုပ်လက်ကိုင် သက်သေပြနိုင်ရန်အတွက် ငါးသိန်းကျော်တန်သော ငွေချောင်းများက ကျွန်တော်တို့လက်ထဲသို့ ရောက်နေပြီဖြစ်၏။

ပိုလန်အမျိုးသား ဇလင်စကီကလည်း သုံးရောင်ခြယ်သင်္ဘောကြီး မိုင်းမှုံးထိ၍ နစ်မြုပ်သွားခြင်းမဟုတ်ဘဲ မက်ဒွန်ရော့ခ်ကျွန်းအတွင်းပိုင်းတွင် တစ်နှစ်လောက်အထိ သောင်တင်၍ နေခဲ့ပုံကို လက်ဆုပ်လက်ကိုင် သက်သေပြနိုင်ရန် အသင့်ရှိနေပြီဖြစ်၏။

ဇာတ်ထဲတွင် မင်းသားအဖြစ် ကပြဖူးသူက ကက်ပတိန် ဟယ်ဆလေအဖြစ် တရုတ်ပင်လယ်အတွင်းတွင် စစ်ကြီးမဖြစ်မီ သွားလာကျက်စားကာ လူသတ်မှု၊ ဓားပြမှုများကို ကျူးလွန်ခဲ့ကြောင်း သက်သေပြရန်လည်း ကျွန်တော့် အိတ်ထဲတွင် အဆင်သင့် ရှိနေ၏။

သို့ရာတွင် . . .

www.burmeseclassic.com

www.burmeseclassic.com



ဤသက်သေခံချက်များကို တင်ဆောင်၍သွားမည့် အီလီယံမိုးက ပင်လယ်ရေအောက်တွင် မရှုမလှ အသက်ပျောက်သွား၍ သွားရသောအခါ ကျွန်တော်တို့အဖို့ အိုင်ယာလန်ထိကြီး ပေါက်ပါလျက် လက်မှတ်ပျောက်နေသူကဲ့သို့ ဖြစ်လာရတော့သည်။

ဇလင်စကီက ကျွန်တော်တို့အားလုံး စိတ်ညစ်နေမှန်းသိသည့်အတွက် ဘရန်ဒီပုလင်းတချို့ကို ထမင်းစားခန်းထဲသို့ ယူလာ၏။

ကျွန်တော်တို့အားလုံး ဘရန်ဒီကို မူးအောင် သောက်ပစ်လိုက်ကြသည်။

လူမနေသည့် တစ္ဆေကျွန်းတွင် ကျွန်တော်တို့က သောင်တင်၍နေခဲ့ပြီ မဟုတ်ပါလား။

□

(၁၃)

ထလင်ပါးကြီးတစ်ကောင်ခွေ၍ အိပ်နေပုံနှင့်တူသော မက်ဒွန်ရောခ်ကျွန်း၌ သောင်တင်၍ နေပြီဖြစ်ကြောင်း သိလိုက်သည်နှင့် တစ်ပြိုင်နက် အားလုံးပင် ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်ကြ၏။

ပိုလန်အမျိုးသား ဇလင်စကီက စက်ဆရာကြီးမက်ဖာဆင်၏ လက်ကိုဆွဲ၍ အောက်သို့ ခေါ်နေသည်။

ဇလင်စကီပြောသော အင်္ဂလိပ်စကားကို မက်ဖာဆင်က နားမလည်။

'စက်ခန်းထဲသို့ လိုက်ခဲ့ပါလို့ ခေါ်နေတယ်' ဟု ကျွန်တော်က ကြားမှဝင်၍ ပြော၏။

မက်ဖာဆင်အား သင်္ဘောစက်ခန်းထဲသို့ လိုက်ပို့ခဲ့ပြီးနောက် ကျွန်တော်တို့ရှိရာသို့ ဇလင်စကီပြန်၍ ရောက်လာသောအခါ ကျွန်တော်တို့သုံးဦးသား သင်္ဘောစတိုခန်းများ၌ မည်သည့်ရိက္ခာအစားအစာများရှိသည်ကို စာရွက်တစ်ရွက်ဖြင့် တစ်မနက်လုံး စာရင်းကောက်နေကြ၏။

ရဲဘော်ကြီးကွတ်ကိုမူ ရာသီဥတုအခြေအနေကို စောင့်ဆိုင်းကြည့်ရှုရန် တာဝန်ပေးထား၏။

နံနက် ဆယ့်တစ်နာရီလောက်တွင် ဝိုင်းဖွဲ့၍ ထမင်းစားကြ၏။

သင်္ဘောစတိုခန်းထဲတွင် ရှာဖွေတွေ့ရှိရသော ရိက္ခာမှာ ကျွန်တော်တို့အဖို့ ချွေချွေတာတာစားလျှင် သုံးလလောက်ခံမည်ဟု ခန့်မှန်းရကြောင်း ကျွန်တော်က ပြောပြလိုက်၏။

ကျွန်းပေါ်တွင် သစ်ပင်ဝါးပင်ဟူ၍ တစ်ပင်တလေမျှပင် မပေါက်ရောက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



မရှိရာ ကျွန်းမှ ရိက္ခာများ အစားအစာရနိုင်ရန် လုံးဝမျှော်လင့်ချက်မရှိ။

သုံးလကျော်လျှင်ဟူသော အတွေးက ကျွန်တော့် ခေါင်းကို ရှုပ်ထွေး၍ နေစေ၏။ ခရီးသွားအဖွဲ့ခေါင်းဆောင် တာဝန်ကို ယူထားရသူပီပီ အားလုံး သူ၏ အသက်ရှင်ရေး၊ အားလုံးသူ၏ လုံခြုံရေးအတွက် ကျွန်တော့်တွင် တာဝန်ရှိနေသည် မဟုတ်လား။

လူမနေသည့် တစ္ဆေကျွန်းမှ အင်္ဂလန်နိုင်ငံသို့ ပြန်ရောက်နိုင်မည့်အရေး မှာ တွေးပင်မတွေးဝံ့။ ဤအရပ်ဒေသသည် ကုန်သင်္ဘောများ ရှောင်ရှားကွင်းဗိုက် ၍ သွားလာလေ့ရှိသော ပင်လယ်အပိုင်းအခြားတစ်ခုဖြစ်ရာ ကျွန်တော်တို့အဖို့ လူမနေသည့် တစ္ဆေကျွန်းတွင်ပင် အစာရေစာပြတ်၍ သေရတော့မည်ကဲ့သို့ ဖြစ်နေ လေသည်။

"သုံးရောင်ခြယ်သင်္ဘောက ရေဒီယိုကို ပြန်ပြီးပြင်၊ သင်္ဘောက ပျဉ်စပ်တွေ ကို ခွာပြီး လှေတစ်စင်းဖြစ်အောင် ဖန်တီး"

ရဲဘော်ကြီးကွတ်က သူ့စိတ်ကူးကို ထမင်းဝိုင်းတွင် ပြောပြလိုက်၏။

"ရေဒီယိုအကြောင်းကို နားလည်တဲ့လူ ဘယ်သူမှမပါဘူး။ သုံးရောင် ခြယ်က ပျဉ်ချပ်တွေကို ခွာဖို့ဆိုတာကလည်း မလွယ်ဘူး"

"ကုန်းပတ်မှာ ခင်းထားတဲ့ ပျဉ်ချပ်တွေဆိုရင် ခွာလိုက်တာနဲ့ တစ်ပြိုင်နက် အားလုံးအကျိုးအပဲ့တွေ ဖြစ်ကုန်လိမ့်မယ်"

"သင်္ဘောကေဘင်အခန်းတွေမှာ ကာထားတဲ့ ပျဉ်တွေကျပြန်တော့လည်း သစ်ပါးကလေးတွေ ဖြစ်နေလို့ ဘယ်လိုမှ လှေစပ်လို့ရမှာမဟုတ်ဘူး။ ရသည့် တိုင်အောင် ဒီလိုကြမ်းတမ်းတဲ့ ပင်လယ်ရေပြင်ရဲ့ ဒဏ်ကိုခံနိုင်ပါ့မလား။ နောက် ပြီး ဟယ်ဆလေရဲ့ ရန်ကလည်း ရှိနေသေးတယ် မဟုတ်လား"

ကျွန်တော်က တွေးတွေးဆဆဖြင့် ပြောလိုက်၏။

စက်ဆရာကြီး မက်ဖာဆင်က စကားတစ်ခွန်းမှ ဝင်မပြောဘဲ ထမင်းကို လက်စသတ်ကာ၊ အောက်ထပ် စက်ခန်းရှိရာသို့ ဆင်းသွားသည်။

ကျွန်တော့်စကားအဆုံးတွင် ရဲဘော်ကြီးကွတ်က သူ့လက်ကိုထောင်လိုက် ပြီး...

'ဟယ်ဆလေဟာ၊ ကျုပ်တို့ရဲ့ အပြန်လက်မှတ်ပဲ မဟုတ်လား။ ဒီကျွန်း ကို သူရောက်အောင် လာမယ်ဆိုတာ ကျုပ်တို့ သိနေကြသားပဲ ဟယ်ဆလေနဲ့ သူ့လူတွေကို ကျုပ်တို့က လက်ဦးအောင် ဆော်ထည့်ပစ်လိုက်ရမယ်။ သင်္ဘောက



လက်နက်ဆိုလို့ ဘာမှမတွေ့ဘူးလား' ဟု မေးမေးပြောပြော ပြောလိုက်၏။

"ရိုက်ဖယ် ရှစ်လက်၊ ကျည်ဆန်တစ်သေတ္တာ၊ ဓားလွယ် လေးချောင်းနဲ့ အချက်ပြမီးကျည်၊ ပစ္စတိုနှစ်လက်ရှိတယ်"

ကျွန်တော်က အဖြေပေးလိုက်၏။

"ဒီလက်နက်တွေနဲ့ ဟယ်ဆလေတို့ မုန်တိုင်းကို ကျုပ်တို့က လုမယူနိုင် ဘူးလား"

ရဲဘော်ကြီးကွတ်က စစ်သားတစ်ယောက် ပီပီစကားဆိုလိုက်၏။

"ကျုပ်တို့က မလုရခင်၊ ကျုပ်တို့ဆီက ငွေချောင်းတွေယူပြီး ကျုပ်တို့ ကို အရင်သတ်သွားမှာ စိုးရိမ်နေရတယ်"

ကျွန်တော့်စကားကို ရဲဘော်ကြီးကွတ်က သဘောမကျ။

"သူတို့မှာလည်း စုစုပေါင်းမှ လူငါးယောက်ရှိတာ။ ကျုပ်တို့ဘက်မှာ ဆိုရင် ဖလင်စကီပါနဲ့ဆိုရင် ငါးယောက်ပဲ မဟုတ်လား။ ကျုပ်တို့ဘက်က ကြောင် တစ်ကောင် ပိုနေသေးတယ်"

"ဟယ်ဆလေတို့မှာ သင်္ဘောကို ဖောက်ခွဲပစ်ဖို့ ဒိုင်းနမိုင်းယမ်းဘီလူးတွေ ပါလာမှာ သေချာတယ်။ သုံးရောင်ခြယ်ပေါ်က ငွေချောင်းတွေကို သူတို့ မုန်တိုင်း သင်္ဘောပေါ် ရောက်အောင် တင်ပြီးတဲ့နောက်၊ ဒီနေရာမှာ သုံးရောင်ခြယ်ဆိုတဲ့ သင်္ဘောကို အစအနတောင်မကျန်ရအောင် ဒိုင်းနမိုင်းနဲ့ ဖောက်ခွဲပစ်လိုက်မှာ အမှန် ပဲ၊ သုံးရောင်ခြယ်ရှိနေသရွေ့ သူတို့ရဲ့ ရက်စက်ယုတ်မာမှုကြီးရဲ့ သက်သေခံ ပစ္စည်းက အခိုင်အမာ ရှိနေဦးမှာ မဟုတ်လား"

ကျွန်တော့် စကားကြောင့် ရဲဘော်ကြီးကွတ်က ငြိမ်၍သွားသည်။

"ဟုတ်တယ်။ မောင်ရင်ပြောတာ ကျုပ်ခုမှ စဉ်းစားမိတယ်"

သင်္ဘောပေါ်က ငွေချောင်းတွေကို သယ်ယူသွားပြီးတဲ့နောက် သုံးရောင် ခြယ်ကိုတော့ ဘယ်နည်းနဲ့ ဒီအတိုင်းထားခဲ့မှာ မဟုတ်ဘူး။ အလို ဘာပါလိမ့်"

ရဲဘော်ကြီးကွတ်က သူ့အမှားကို ဝန်ခံနေရာမှ အလန့်တကြား စကားဆို လိုက်၏။

သုံးရောင်ခြယ်သင်္ဘောကြီးတစ်ခုလုံးက တစ်စုံတစ်ခုသောအရှိန်[illegible] တုန်၍ လာသည်ကို ကျွန်တော်တို့က သတိပြုလိုက်မိကြ၏။

အောက်ဘက်ဆီမှ စက်သံကဲ့သို့သော အသံများကိုလည်း [illegible]

"မက်ဖာဆင်က သင်္ဘောစက်ကို နှိုးလို့ရပြီထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဂျနီဖာက ဝမ်းမြောက်သည့် လေသံဖြင့် ပြောလိုက်၏။

ကျွန်တော်တို့အောက်ဘက်ရှိ သဘော်ကြမ်းပြင်မှာ စက်ခန်းမှ အင်ဂျင်များ လည်ပတ်နေသော အရှိန်ကြောင့် တုန်လျက် ရှိနေလေသည်။

ညာဘက်သို့ ရောက်လာသောအခါ သင်္ဘောမှ မီးများကိုပင် ဖွင့်၍ ရလာသည်။ ကျွန်တော်တို့က အံ့သြ၍ နေကြသော်လည်း၊ ညနေစာအတွက် ခေါက်ဆွဲကိုကြော်၍ ယူလာခဲ့သော ဇလင်စကီကမူ အံ့သြသည့်လက္ခဏာမရှိ။

"အဘိုးကြီးက သင်္ဘောစက်နဲ့ ပတ်သက်ပြီး အင်မတန် ကျွမ်းကျင်တာပဲ၊ ခုတ်မောင်းနိုင်တဲ့အထိ အင်ဂျင်စက်တွေကို လည်အောင်လုပ်ပေးလိမ့်မယ်။ ကျွန်တော် တစ်ခါမှ မရောက်ဘူးတဲ့ အင်္ဂလန်နိုင်ငံကိုတော့ ရောက်ရဦးမှာပဲ"

ဇလင်စကီက ဝမ်းမြောက်အားရ ပြောနေလေသည်။

"အီလီယံမိုးမရှိဘဲနဲ့ အင်္ဂလန်ကို ဘယ့်နှယ်လုပ်ပြီး ရောက်နိုင်မှာလဲ"

ဂျနီဖာက ဇလင်စကီအား မေးလိုက်၏။

"သုံးရောင်ခြယ်နဲ့ပဲ ရောက်နိုင်တာပေါ့။ သင်္ဘောရောက သင်္ဘောကိုယ်ထည်က နေပြီး ကွာပြီး သွားသေးတာမှ မဟုတ်ဘဲ"

အမြင့်ဆုံး ဒီရေတက်လာတဲ့အချိန်မှာ သင်္ဘောကို ကမ်းစပ်က ဆွဲချလို့ ရမှာပဲ။ စက်အားပါ အသုံးပြုနိုင်ရင် ပိုပြီး လွယ်လိမ့်မယ်။ စက်တွေကို သံချေး မကိုက်အောင်လည်း စက်ဆီတွေ မှန်မှန်ထည့်ပြီး ပေးထားခဲ့တယ်။ ကဲ... ခေါက်ဆွဲ ပူပူနွေးနွေး စားရအောင် စက်ဆရာကြီးကို သွားခေါ်လိုက်ဦးမယ်"

ဇလင်စကီက ပြောပြောဆိုဆို အခန်းထဲမှ ထွက်သွား၏။ ကျွန်တော်တို့ သုံးယောက်က သင်္ဘောပေါ်တွင် တစ်နှစ်လောက်ကြာအောင် တစ်ယောက်တည်း နေလာခဲ့သော်လည်း လွတ်မြောက်ရေးအတွက် အမြဲမျှော်လင့်ချက်ထားလျက် ရှိသော ပိုလန်အမျိုးသား ဇလင်စကီကို ချီးကျူး၍ နေမိကြလေသည်။

စက်ခန်းတွင် တစ်နေ့လုံး အလုပ်များနေသော မက်ဖာဆင်က ဆီချေးများ ပေကျံနေသည့် အဝတ်အစားများဖြင့်ပင် ထမင်းစားခန်းသို့ ဝင်လာ၏။

ပူပူနွေးနွေးပင် ရှိနေသေးသော ခေါက်ဆွဲကြော်များကို ကျွန်တော်တို့ အားလုံးဝိုင်းဖွဲ့၍ စားသောက်ကြရင်း၊ စက်အခြေအနေကို ကျွန်တော်က စုံစမ်းကြည့် လိုက်၏။

"စက်တွေအားလုံး ခုတ်မောင်းနိုင်တဲ့ အခြေအနေမှာရှိတယ်လို့တော့ မပြောနိုင်ဘူး။ တချို့စက်တွေမှာဆိုရင်၊ ဘဲယာရင်တွေ ပျော်နေတယ်။ ဒါလောက်



ကိုတော့ ပြန်ထည့်လို့ ရတယ်။ သင်္ဘောငါးမန်းယက်နဲ့ ဆက်နေတဲ့ ဝင်ရိုးက တယ်ပြီး စိတ်ချရမယ်မထင်ဘူး။ နို့ပြီး ဘွိုင်လာတွေကိုလည်း စစ်ဆေးဖို့ လိုသေးတယ်တယ်။ မီးထိုးပေးလိုက်တဲ့အခါ သံချေးတက်ပြီး ဆန်ခါပေါက်တွေလို ကြွေကျမသွားပါစေနဲ့လို့ ဆုတောင်းရတာပဲ"

မက်ဖာဆင်က ဇလင်စကီ ကြော်ပေးသော ခေါက်ဆွဲကို အားရပါးရစားရင်း ခပ်လေးလေးပင် ပြောနေ၏။

'သူက အင်ဂျင်စက်တွေမှာ စက်ဆီတွေ အချိန်မှန်မှန် ထည့်ပေးထားခဲ့လို့ တော်သေးတာပေါ့။ နို့မို့ရင် စက်တွေသံချေးကိုက်ပြီး နှိုးလိုက်တာနဲ့ တစ်ဖြိုင်နက် ဆန်ခါပေါက်ဖြစ်ကုန်မှာပဲ'ဟု ပိုလန်အမျိုးသားရှိရာသို့ မေးငေါ့၍ပြရင်း ပြောလိုက်၏။

"သက်ဆိုင်ရာ အင်ဂျင်စက်တွေအားလုံး လည်ပတ်လို့ရနိုင်မယ် ထင်သလား"

"ထင်ရတာပဲ။ ဘွိုင်လာတွေက သံချေးတက်ပြီး ဇကာပေါက်လို ပွဲမကျရင်တော့ စက်တွေအားလုံးကို လည်အောင် လုပ်လို့ရမှာပဲ။ နက်ဖြန်မနက်လောက်မှာ စက်တွေအားလုံး လည်နိုင်လိမ့်မယ်လို့ ထင်တယ်။ မနက်ဖြန်မနက်ဘက်မှာ စက်တွေအားလုံး လည်နိုင်ရင် ကောင်းလိမ့်မယ်။ မနက်ခုနစ်နာရီခွဲနဲ့ ရှစ်နာရီအတွင်းမှာ အရှေ့ဘက်က တိုက်ခတ်တဲ့ လေကြောင့် ထူးကဲဒီရေတက်စရာရှိတယ်။ ဒီရေအတက်မှာ သုံးရောင်ခြယ်ကို ကမ်းပေါ်က ကျအောင် ချရမှာပဲ။ ဒီရေအမြင့်ဆုံးတက်တဲ့အချိန်မှာ သောင်ပေါ်က သင်္ဘောကို မချနိုင်ရင် နောက်တစ်ခါဒီလို ဒီရေတက်လာတဲ့ အချိန်ရအောင် စောင့်ရမှပဲ။ လပေါင်းအတော်ကြာအောင် စောင့်ရလိမ့်မယ်။ ဒီတော့ နက်ဖြန်ခါ သုံးရောင်ခြယ်ကို သောင်ပေါ်က ချနိုင်အောင် ကျွန်တော်တို့ အားလုံး ကြိုးစားကြရမှာပဲ"

စက်ဆရာကြီး မက်ဖာဆင်က လက်တစ်ဖက်တွင် ကိုင်ထားသော ခက်ရင်းကို အပေါ်သို့ ထောင်လိုက်ရင်း...

'သင်္ဘောရောမှာ ရှိနေတဲ့ သံပြားတွေက စက်တွေအရှိန်ကြောင့် ဖွင့်ထွက်ပြီး မသွားဖို့လည်း လိုသေးတယ်'ဟု ပြောလိုက်လေသည်။

ဂျနီဖာက ကြားဝင်လျက်...

'ဇလင်စကီကတော့...သင်္ဘောရဲ့ နံရံတွေရော၊ ရောကြမ်းရော၊ ခိုင်သေးတယ်လို့ ပြောပါကလား'ဟု ဆိုလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"သင်္ဘောရဲ့ နံရံတွေ ခိုင်တယ်မခိုင်ဘူး၊ သင်္ဘောရဲ့ ရောကခိုင်တယ်မခိုင်ဘူးဆိုတာ သင်္ဘောအပြင်ဘက်ကနေ ကြည့်ပြီး ပြောလို့မရဘူး။ ကုန်လှောင်ခန်းတွေမှာရှိတဲ့ ကုန်တွေကို တတ်နိုင်သမျှ ဖယ်ထုတ်ပြီး ကြည့်မှ သေသေချာချာ သိနိုင်လိမ့်မယ်"

သင်္ဘောအင်ဂျင်နီယာအဖြစ် နှစ်ပေါင်းများစွာ အမှုထမ်းခဲ့ဖူးသော စက်ဆရာကြီး မက်ဖာဆင်က အေးဆေးတည်ငြိမ်သောလေသံဖြင့် စကားဆိုလိုက်၏။

"ဘာပဲဖြစ်ဖြစ် နက်ဖြန် အထူးဒီရေတက်တာနဲ့ ကြုံတဲ့အချိန်မှာ သင်္ဘောကို သောင်ပေါ်က ရေထဲကို ရောက်အောင် ဆွဲချဖို့ အရေးအကြီးဆုံးပဲ"

ကျွန်တော်က လိုရင်းကို တိုတိုတုတ်တုတ်ပင် ပြောချလိုက်၏။ နက်ဖြန် အထူးဒီရေတက်သည့် အချိန်တွင်မှ သုံးရောင်ခြယ်ကို သောင်ပေါ်မှ ဆွဲမချနိုင်လျှင် ကျွန်တော်တို့၏ မျှော်လင့်ချက်ကြီးက ဟယ်ဆလေတို့ လူစုလက်ချက်ဖြင့် ပြိုပျက်၍ သွားရတော့မှာ အမှန်ပင်ဖြစ်၏။

"သင်္ဘောပေါ်မှာရှိတဲ့ ဝန်ချီကရိန်းစက်တွေ လည်နိုင်အောင် အချိန်ဘယ်လောက် ကြာမလဲ"

"နှစ်နာရီ အများဆုံး သုံးနာရီလောက်ပဲ ကြာလိမ့်မယ်"

ဘွိုင်လာအငယ်ကလေးတွေထဲက တစ်ခုကို မီးထိုးပြီး ပေးထားခဲ့တယ်"

မက်ဖာဆင်က အဖြေပေးလိုက်၏။

"ဝန်ချီကရိန်းစက်တွေ အလုပ်လုပ်နိုင်အောင် အမြန်ဆုံးကြိုးစားပေးပါ။ ကုန်းပတ်ပေါ်က မီးလုံးတွေကိုလည်း ထွန်းထားရလိမ့်မယ်။ ဆရာကြီးက သင်္ဘောစက်တွေ အားလုံးလည်နိုင်အောင် ကြိုးစားနေတဲ့အချိန်မှာ၊ ကျွန်တော်တို့က ကုန်လှောင်ခန်းတွေက သံရိုင်းတွေကို ဝန်ချီစက်တွေနဲ့ ဖော်ထုတ်ပစ်နေမယ်။ နက်ဖြန်မနက်မှာ သင်္ဘောပေါ်က ဆွဲချရမှာဖြစ်တော့ ရေစုတ်စက်တွေကို လည်အောင်လုပ်ပေးထားဖို့လည်း လိုတယ်။ သင်္ဘောက တစ်နှစ်လောက်ကြာအောင် သောင်ပေါ်မှာ တင်နေတော့ ရေထဲကိုရောက်သွားတာနဲ့ တစ်ပြိုင်နက် ရှိသမျှ အပေါက်တွေက ရေတွေ ဒလဟော ဝင်လာမှာ အမှန်ပဲ"

ကျွန်တော်က သတိပေးစကား ပြောကြားလိုက်ပြီးနောက် ထမင်းစားခန်းမှ ကုန်းပတ်ရှိရာသို့ ရာသီဥတုအခြေအနေကို ကြည့်ရန် ထွက်လာခဲ့၏။

လေတိုက်နှုန်းမှာ လျော့၍သွားပြီဟု ဆိုနိုင်သော်လည်း လေကြောင်းက ပြောင်းလဲ၍သွားခြင်းမရှိဘဲ ခပ်ပြင်းပြင်းတိုက်ခတ်နေဆဲပင်ဖြစ်၏။



ညနေသုံးနာရီအချိန်တွင် ဝန်ချီစက်များ လည်နိုင်လောက်အောင် ရေနွေးငွေ့အားက ကောင်းလာ၏။ ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်၊ ဖလင်စကီတို့က အမှတ်သုံး ကုန်လှောင်ခန်းအပေါက်မှ အံဖုံးကို ဖွင့်ပြီး အတွင်းသို့ ဆင်းလာခဲ့ကြ၏။

ဂျနီဖာက ဝန်ချီစက်တစ်ခုကို မောင်းနေလေသည်။

အပေါ်မှ ကျလာသော သံဒယ်ကြီးအတွင်းတွင် သံရိုင်းများကို ကော်၍ထည့်ပေးရသော အလုပ်မှာ မသက်သာလှ။ ဒတ်မိုးထောင်ကြီးတွင် တစ်နှစ်ခန့် အလုပ်ကြမ်းလုပ်၍ လာခဲ့ရသော ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်တို့မှာ မထောင်၊ တာသော်လည်း သင်္ဘောတစ်စင်းပေါ်တွင် တစ်နှစ်တိတိ အငြိမ်းစား၍ နေခဲ့ရသော ဖလင်စကီအဖို့မှာမူ များစွာ ပင်ပန်းလျက် ရှိနေချေသည်။

ကျွန်တော်တို့က သံဒယ်ပိုင်းကြီးတွင် ထည့်ပေးလိုက်သော သံရိုင်းများကို ဂျနီဖာက ဝန်ချီစက်ဖြင့် အပေါ်သို့ မ၍တင်ယူသွားပြီးနောက် ကမ်းပါးပေါ်တွင် သွန်ချနေ၏။

သံရိုင်းများမှာ ကုန်သွားသည်ဟူ၍ပင် မရှိဟု ထင်ရ၏။ သို့ရာတွင် အချိန်ကြာ၍ လာသောအခါ သံရိုင်းပုံကြီးမှာ ထက်ဝက်ခန့်အထိ လျော့၍ လာသည်ကို တွေ့ရ၏။

မှောင်စပျိုးသည့်အချိန်အထိ ဆက်တိုက်အလုပ်လုပ်ကြပြီး ညစာစားရန် ခဏမျှ နားကြသည်။ ထိုနောက် အင်ဂျင်မီးလုံးများ၏ အရောင်ဖြင့် တစ်ညလုံး လုပ်ကြ၏။

နောက်တစ်နေ့နံနက် ခြောက်နာရီအချိန်တွင် အမှတ်သုံးကုန် လှောင်ခန်းရှိ သံရိုင်းများအားလုံးပင် ကမ်းခြေပေါ်သို့ ရောက်သွားပြီး သင်္ဘောပဲ့ပိုင်းမှာလည်း အပေါ်သို့ ကြွ၍တက်လာလေသည်။

တစ်ညလုံးလုပ်ရသည့်အတွက် ပင်ပန်းမှုမှာ ဒတ်မိုးထောင်ကြီးတွင် တစ်နှစ်လုံး အလုပ်ကြမ်းလုပ်ရသည့် စံချိန်နှင့် တူနေသည်ဟု ထင်မိ၏။ ကျွန်တော်တို့ အားလုံးမှာ ရုပ်ပင်မပေါ်တော့ဘဲ သံရိုင်းတုံးကြီးသုံးခု ခြေထောက်ပေါက်၍ လမ်းလျှောက်နေသည်နှင့် တူနေလေသည်။

ဖလင်စကီကို နံနက်စာအတွက် ပြင်ဆင်ချက်ပြုတ်ရန် စေလွှတ်ပြီးနောက် ကျွန်တော်နှင့် ဂျနီဖာက စက်ခန်းရှိရာသို့ လာခဲ့ကြ၏။

ဘွိုင်လာကြီးတစ်ခုကို မီးထိုးနိုင်ရန် ကြိုးစားလျက်ရှိသော [illegible]

www.burmeseclassic.com

www.burmeseclassic.com



လည်း ခေါင်းမှ ခြေဖျားအထိ သံချေးများ ဆီချေးများဖြင့် အလိမ်းလိမ်းကပ်လျက် ရှိနေလေသည်။

"စက်ကြီးကိုလည်လို့ ရမလား"

ကျွန်တော့် အမေးကို မက်ဖာဆင်က ခေါင်းခါ၍ပြလိုက်ရင်း...

'နောက်ထပ် နှစ်ဆယ့်လေးနာရီလောက် ကြာလိမ့်ဦးမယ်'ဟု အဖြေပေးလိုက်၏။ စက်ကြီးမှာ သင်္ဘောကြီးတစ်ခုလုံးကို ရွေ့ရှားအောင် ပြုလုပ်နိုင်သော အင်ဂျင်များအနက် အဓိကအကျဆုံးဖြစ်၏။ ဤစက်ကြီးကို လည်ပတ်အောင် မလုပ်နိုင်သရွေ့ ဤဒေသမှ ကျွန်တော်တို့၏ လွတ်မြောက်ရေးမှာ မရေမရာပင် ရှိနေသေးသည်။

"ဘွိုင်လာကြီးကို မီးပေးဖို့ အတော်ခက်နေတယ်။ မီးပေးပုံပေးနည်းကလည်း တစ်မျိုးဖြစ်နေတယ်၊ မီးပေးတဲ့နေရာမှာ အရေးကြီးတဲ့ မီးဖာတိုင်တွေကို ပြန်ပြီး ရှင်းလင်းပေးနေရတယ်။ ဝန်ချီစက်နဲ့ ရေထုတ်စက်တွေ လည်နိုင်အောင်တော့ အပူရှိန်ရနေပြီ'

မက်ဖာဆင်၏ စကားကြောင့် ကျွန်တော်တို့က အတော်ပင် စိတ်အားလျော့၍ သွားမိလေသည်။

ဖလင်စကီ ပြင်ဆင်ချက်ပြုတ်၍ ယူလာသော နံနက်စာကို ကျွန်တော်တို့အားလုံး ဝိုင်းဖွဲ့၍စားသောက်ကြ၏။ အထူးဒီရေတက်လာသည်နှင့် တစ်ပြိုင်နက် သင်္ဘောကို သောင်ပေါ်မှရေထဲကို အရောက်ဆွဲချမည် ဖြစ်ကြောင်းကိုကား အဖွဲ့သားတိုင်းသို့ ကျွန်တော်က ထပ်မံ၍ သတိပေးထားလိုက်၏။

နံနက်စာစားသောက်ပြီးစီးပြီးနောက် မက်ဖာဆင်က စက်ခန်းရှိရာသို့ ပြန်သွားပြီး ကျွန်တော်တို့ လေးယောက်က ကျောက်ဆူးကြိုးစက်များကို အသင့်လည်ပတ်နိုင်အောင် ကြေးချွတ်၍နေကြ၏။

ဟယ်ဆလေတို့လှုသိုက်က သောင်ပေါ်မှာ သင်္ဘောလျှောကျ၍ မသွားအောင် ကျောက်ဆူးကြိုးများကို ကျွန်းပေါ်ရှိကျောက်တုံးကြီးများ၌ အသေစွဲ၍ထားခဲ့သည် ဖြစ်ရာ ဤကျောက်ကြိုးများအား တစ်နှစ်လောက်ကြာပြီးသည့်အချိန်တွင်မှ ပြန်၍ ရုပ်သိမ်းရမည့်အရေးမှာ အလုပ်ကြီးတစ်ခု ဖြစ်လာရပြန်၏။

နံနက် ခုနစ်နာရီခွဲကျော်လာသောအခါ သုံးရောင်ခြယ်သင်္ဘောပဲ့ပိုင်းက အမှတ်သုံးကုန်လှောင်ခန်းမှာ သံရိုင်းများကို ထုတ်ပစ်ထားသည့်အတိုင်း ဆင့်၍ဆင့်၍ တက်လာသော လှိုင်းလုံးများနှင့်အတူ အပေါ်သို့ကြွသည်ထက် ကြွတက်



လာခဲ့၏။

ကျွန်တော်က ရဲဘော်ကြီးကွတ်အား ဦးပိုင်းရှိ ကျောက်ဆူးကြိုးများကို ရုပ်သိမ်းရန် တာဝန်ပေးလိုက်ပြီး ဖလင်စကီကို ပဲ့ပိုင်းတွင် တာဝန်ယူစေသည်။

ကျွန်ုပ်နှင့် ဂျနီဖာကမူ သင်္ဘောကြီးတစ်စင်းလုံး သောင်ပေါ်မှ ရေထဲသို့ ကျသွားသည်အထိ အဖက်ဖက်မှ ကွပ်ကဲထိန်းသိမ်း ညွှန်ကြားချက်ပေးနေရမည် ဖြစ်၏။

ထူးကဲသောဒီရေက ကျွန်းအတွင်းပိုင်းသို့ လျင်မြန်စွာ တိုးဝင်၍နေ၏။ ကျွန်တော်က ရဲဘော်ကြီးကွတ်နှင့် ဖလင်စကီတို့အား သက်ဆိုင်ရာ ကျောက်ဆူးကြိုးများကို တစ်ခုပြီး တစ်ခု စနစ်တကျရုပ်သိမ်းရန် အော်၍ညွှန်ကြားချက်ပေးနေစဉ် ဂျနီဖာက သင်္ဘောကို ပဲ့ကိုင်၍ပေးနေ၏။

လှေအဆင်း မြင်းအတက်ဟူသော စကားကဲ့သို့ သင်္ဘောတစ်စင်းအား ဆိပ်ကမ်းသို့ ဆိုက်ကပ်ရာ၌ လည်းကောင်း၊ ဆိပ်ကမ်းမှခွာရာ၌ လည်းကောင်း အဆိုက်မတတ် အခွာမတတ်လျှင် သင်္ဘောတစ်စင်းလုံး စုံးစုံးနစ်ရသည့်အဖြစ်ကို ကျွန်တော်က သိပြီးဖြစ်၏။

ဦးနှင့် ပဲ့ပိုင်းမှ ကျောက်ဆူးကြိုးစက်များ၏ တဝုန်းဝုန်း တဒုန်းဒုန်းအသံများကို ကြားနေရခြင်းကပင်လျှင် သာယာနာပျော်ဖွယ်ရှိသည်ဟု ထင်မှတ်နေမိ၏။

ဒီရေအတက် လှိုင်းအတက်နှင့် သင်္ဘောကြီး သောင်ပေါ်မှ ခွာမည့် အချက်မှာ သိုင်းကွက်နင်းသကဲ့သို့ အချက်ကျကျ စနစ်ကျကျ ရှိနေရမည်ဖြစ်၏။

ကျွန်တော် ပဲ့ပိုင်းမှ ကျောက်ဆူးကြိုးတစ်ပင်ကို ရုပ်သိမ်းလိုက်ပြီးနောက် လှိုင်းအတက်နှင့် သင်္ဘောလှုပ်ရှားပုံကို အကဲခတ်၍ ကြည့်နေလိုက်၏။ ပြီးမှ ဦးပိုင်းမှ ကျောက်ဆူးကြိုးတစ်ပင်ကို ပေးသုံးဆယ်လောက်အထိ သင်္ဘောပေါ်သို့ တင်လိုက်ရန် အမိန့်ပေးလိုက်၏။

ခဏအကြာတွင် အောက်ထပ်မှ အင်ဂျင်စက်များ လည်သံကို ပို၍ ကြားလာရသည်။ ဒီရေအတက်က ပို၍ ကြမ်းလာသည်။

ဒီရေအတက်ကိုကြည့်လိုက် ကျောက်ဆူးကြိုးများကို သင့်လျော်သလို [illegible] လိုက်ဖြင့် ကျွန်တော်တို့က သိုင်းကကွက်ကဲ့သို့ အချက်ကျကျ လှုပ်ရှား[illegible] သောအခါ သုံးရောင်ခြယ်သင်္ဘောကြီးက သောင်ပေါ်မှနေ၍ ရေထဲသို့ [illegible] လာလေသည်။

သင်္ဘောကြီး ရေထဲသို့ ကျသွားပြီ ဖြစ်သောကြောင့် စိတ်[illegible]၍ [illegible]

www.burmeseclassic.com

www.burmeseclassic.com



မှာ အမှန်ပင်ဖြစ်၏။ သို့သော် သင်္ဘောကြီးတစ်ခုလုံးကို ခုတ်မောင်းသွားနိုင်အောင် လှုပ်ရှားပေးမည့် စက်ကြီးက ယခုတိုင် လည်ပတ်မှုမရှိသေးသောအခါ တစ်မျိုး ပူပန်၍ လာခဲ့ရပြန်၏။

ကျွန်တော်က စက်ခန်းရှိရာသို့ သွားပြီး စက်ဆရာကြီး မက်ဖာဆင်နှင့် တိုင်ပင်သည်။ သောင်ပေါ်မှ သင်္ဘောကြီးကျွသွားပြီးနောက် ဒုတိယအရေးအကြီး ဆုံးမှာ ကျောက်ဆည်ပေါက်မှနေ၍ ကျွန်တော်တို့ ထွက်နိုင်ရန်ဖြစ်၏။

စက်ကြီးက ယခုအချိန်အထိ လည်အားမရှိသေးသောအခါ ကျောက်ဆည် ပေါက်မှ ပြန်ထွက်ရန် အခက်အခဲ တွေ့နေရလေသည်။

"အမှတ်တစ်နဲ့နှစ် ကုန်လှောင်ခန်းတွေက သံရိုင်းတွေကို ဖယ်ထုတ်ပစ် လိုက်ရင် သင်္ဘောကြီး ပေါ့သွားလိမ့်မယ်။ ပေါ့သွားတော့ လည်သမျှ အင်ဂျင်နဲ့ ကျောက်ဆည်ပေါက်ကနေပြီး ထွက်ရအောင်"

စက်ဆရာကြီး မက်ဖာဆင်၏ အကြံပေးချက်မှာ အလွန်တရာပင် တန်ဖိုး ရှိလှ၏။

သို့ဖြစ်၍လည်း အမှတ်သုံးကုန်လှောင်ခန်းမှ သံရိုင်းများကို ထုပ်ပစ်သည့် နည်းတူ အမှတ်တစ်နှင့်နှစ် ကုန်လှောင်ခန်းမှ သံရိုင်းများကိုလည်း ကျွန်တော်တို့ လေးယောက်က ဝန်ချီစက်အကူအညီဖြင့် ထုတ်ပစ်ကြရပြန်သည်။

နောက်တစ်နေ့ နံနက်သုံးနာရီအချိန်တွင် သင်္ဘောပေါ်တွင် ရှိသမျှသံရိုင်း များကို ဖယ်ထုတ်၍ ပြီးသွားသည်။ အဖွဲ့သားအားလုံး ထမင်းချက်ခန်းတွင်ပင် စုဝေးကာ ပဏာမအောင်ပွဲအဖြစ် ရမ်တစ်ပုလင်းကိုဖွင့်၍ စားကြသောက်ကြ၏။ မက်ဖာဆင်က ဘွိုင်လာကြီးတွင် မီးထိုး၍ရအောင် အသင့်ပြုလုပ်ထားပြီး ဖြစ် ကြောင်း သတင်းကောင်း ပါးလိုက်၏။

ကြားရသော သတင်းကြောင့် ကျွန်တော်က စိတ်ပျော်၍သွားသည်။ ကျွန် တော့်မှာ ပင်ပန်းလွန်းသဖြင့် စားရင်းသောက်ရင်းပင် အိပ်ပျော်၍သွားခဲ့၏။

ဂျနီဖာက အတင်းလှုပ်၍နှိုးသဖြင့် နိုးလာသည့်အချိန်မှာ နံနက်ခြောက်နာရီ အချိန်ရှိနေပေပြီ။

မျက်နှာသစ်၊ မုတ်ဆိတ်ရိတ်ပြီးနောက် နံနက်စာကို စားလိုက်သောအခါ ကျွန်တော်မှာ လန်းဆန်း၍လာခဲ့၏။ စက်ခန်းသို့သွား၍ ကြည့်သောအခါ၌လည်း ဘွိုင်လာကြီးတွင် မီးထိုးပြီး အသင့်ဖြစ်နေသည်ကို တွေ့ရ၏။

စက်ကြီးမှာနေ့လယ် ဆယ့်နှစ်နာရီမထိုးမီ လည်၍ လာတော့မည်ဟု ခန့်



မှန်းရလေသည်။

ကုန်းပတ်ပေါ်သို့ ကျွန်တော်တို့တက်လာသောအခါ တစ်ခုတည်းသော ရှိသော ခေါင်းတိုင်မှ မီးခိုးများအားလုံး လိုက်အူ၍ထွက်နေသည်ကို မြင်ရ၏။ ဘွိုင်လာကြီးတွင် မီးထိုး၍ ရစပြုပြီဟူသော လက္ခဏာပင်တည်း။

တလိပ်လိပ်တက်လာသော မီးခိုးလုံးများကို ကြည့်ရင်း...

'ခုမှ...စိတ်အေးရသလို ရှိတော့တယ်'ဟု ဂျနီဖာက ပြောလိုက်၏။

ကျွန်တော်တို့သည် ကုန်းပတ်ပေါ်မှ ပဲ့စင်ရှိရာသို့ တက်သွားပြီးနောက်၊ သင်္ဘောကို ပဲ့ထိန်းရာ အခန်းထဲသို့ ဝင်ခဲ့ကြ၏။

ရေနွေးငွေ့က အရှိန်ရ၍ လာသောအခါ စက်ကြီးကလည်း လည်၍လာ တော့မည် ဖြစ်သည့်အတွက် သင်္ဘောကို ပဲ့ကိုင်ထိန်းသိမ်း ခုတ်မောင်းရန် လို လာသည်။

ကျွန်တော်ရော ဂျနီဖာပါ စက်တပ်ရွက်သင်္ဘောကလေးများကို ပဲ့ကိုင် ထိန်းသိမ်းရာ၌ ကျွမ်းကျင်သူများဖြစ်ကြသော်လည်း တန်ချိန်ငါးထောင်ရှိသော သုံးရောင်ခြယ်လို သင်္ဘောကြီးတစ်စင်းကိုမူ တစ်ခါမျှ ပဲ့ကိုထိန်းသိမ်းဖူးခြင်းမရှိ။

သို့ဖြစ်၍လည်း ကျွန်တော်တို့ နှစ်ယောက်က သင်္ဘောပဲ့ကိုင်ထိန်းသိမ်း ရေးနှင့်ပတ်သက်သည့် လမ်းညွှန်စာအုပ်ရှာ၍ ဖတ်ကြရ၏။ ဖတ်ရင်းလည်း အညွှန်း ပုံများနှင့်တကွ ပြထားသော ပစ္စည်းကိရိယာများကို ကိုင်တွယ်စမ်းသပ်ကြည့် ရ၏။ မရှင်းသည့် အချက်အလက်များကိုလည်း အပြန်အလှန် အကြံပေး ဆွေးနွေး ကြရ၏။ ကျွန်တော်တို့ခုတ်မောင်းသွားရမည့် လမ်းခရီးကိုလည်း ရေပုံပေါ်တွင် အသေးစိတ် လေ့လာကြရ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ ပဲ့ကိုင်မောင်း နှင်ရမည့် သုံးရောင်ခြယ်မှာ ကျွန်တော်တို့အဖို့ အစိမ်းသက်သက် ဖြစ်နေသော ကြောင့်ပင်တည်း။

ကျွန်တော်နှင့် ဂျနီဖာက သင်္ဘောပဲ့ကိုင် ထိန်းသိမ်းရေးကို စာတွေ့အား ဖြင့် လေ့လာနေရာမှ တစ်ယောက်မျက်နှာတစ်ယောက် ပြိုင်တူလှမ်း၍ ကြည့်လိုက် မိကြ၏။

လူမနေသည့် တစ္ဆေကျွန်းပေါ်တွင် အသက်နှင့် ခန္ဓာ အိုးစားကွဲရတော့မည့် ကဲ့သို့ ရှိနေခဲ့ရာမှ ကျွန်တော်တို့သည် ငွေချောင်းများပါရှိသော သုံးရောင်ခြယ် သင်္ဘောကြီးနှင့်အတူ ရွှေဘုံပြန်ရမည့်အရေးကို တွေးမိရင်း အကြည် ကြသည်ဟု ဆိုရမည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဂျနီဖာကို နမ်းလိုက်သည်။ ဂျနီဖာက တခစ်ခစ်ရယ်ရင်း ကျွန်တော့် လက်တစ်ဖက်ကို အားမလိုအားမရ ဖျစ်ညှစ်ထား၏။

ဤအခိုက်တွင်ပင် ပဲ့စင်ထက်သို့ ပြေး၍တက်လာသော ခြေသံနှင့်အတူ တကျော်ကျော်အော်၍ခေါ်လိုက်သော ရဲဘော်ကြီးကွတ်၏ ထိတ်ထိတ်ပျာပျာ အသံက ပေါ်ထွက်လာ၏။

ကျွန်တော်က သဘော်လက်ကိုင်ဘီးရှိရာအခန်းမှ ပဲ့စင်ကြမ်းပြင်ထက်သို့ ဆင်းလိုက်ရင်း...

'ဘာများ အရေးတကြီး ဖြစ်လာတာလဲ'ဟု လှမ်း၍ မေးလိုက်၏။

"ဟော...ဟိုမှာ"

ရဲဘော်ကြီးကွတ်က အသက်ကိုပင် ဝအောင်မရှူနိုင်ဘဲ ဟောဟဲလိုက်အောင် မောနေရာမှ ကျောက်ဆည်ပေါက်ရှိရာသို့ လက်ညှိုးညွှန်၍ပြနေ၏။

ရဲဘော်ကြီးကွတ် ညွှန်ပြနေသည့် ကျောက်ဆည်ပေါက်သို့ လှမ်းမျှော်၍ ကြည့်လိုက်သောအခါ ကျောက်ဆည်ပေါက်တောင်ဘက်ရှိ ကျောက်ကမ်းပါးယံကြီးကို လှိုင်းလုံးကြီးတစ်လုံးက အပြေးဝင်၍ ဆောင့်လိုက်ပြီး ရေပန်းများ ကောင်းကင်သို့ ဖြာ၍ တက်သွားသည်ကိုသာ တွေ့လိုက်၏။

ကျွန်တော်က နားမလည်သည့် အဓိပ္ပာယ်ဖြင့် ရဲဘော်ကြီးကွတ်၏ မျက်နှာကို လှမ်း၍ ကြည့်လိုက်၏။

"ကျောက်ဆည်ပေါက်မှ...ကျောက်ဆည်ပေါက်"

လောကြီးနေသော ရဲဘော်ကြီးကွတ်က ဤမျှသာ ပြန်၍ပြောနိုင်၏။ ကျောက်ဆည်ပေါက် ရှိရာသို့ ထပ်၍ ကြည့်လိုက်သောအခါ၊ လျော၍ ဆင်းသွားသော လှိုင်းလုံးများအကြားမှနေ၍ ငုတ်တုတ်ကြီးပေါ်လာသော သဘော်တစ်စင်းကို တွေ့လိုက်ရ၏။

ဂျနီဖာက အခန်းထဲမှ ပြေးထွက်လာပြီး ကျွန်တော့်လက်မောင်းကို စိုးရိမ်တကြီး ဆုပ်ကိုင်ရင်း...

'ဒါလင်...ဘာများဖြစ်လို့လဲ'ဟု ပျာပျာသလဲ မေးနေ၏။

ဘုရင့်ရေတပ်မတော်မှ ဆွဲသဘော်တစ်စင်းက ကျောက်ဆည်ပေါက်ကို ဦးတိုက်လျက် ကျွန်းအတွင်းပိုင်းသို့ ဝင်ရောက်ရန် ကြိုးစားနေလေသည်။

အမှန်ကိုဝန်ခံရလျှင် ဆွဲသဘော်ကိုမြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ကျွန်တော်က တုန်လှုပ်၍ သွားမိ၏။ ကက်ပတိန် ဟယ်ဆလေသည် ဘုရင့်ရေတပ်



မတော်မှ ဆွဲသဘော်တစ်စင်းကို ဝယ်ယူလျက် 'မုန်တိုင်း'ဟု အမည်ပေးကာ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက် ပထမဆုံးအကြိမ် ရတနာသိုက် အရှာထွက်မည်ဟု တိုင်းသိပြည်သိ ကြွေးကြော်လျက်၊ သုံးရောင်ခြယ်သဘော်ပေါ်မှ ငါးသိန်းကျော်တန်သော ငွေချောင်းများကို အပျောက်ရိုက်ရန် ထွက်ခွာလာခဲ့သည် မဟုတ်လား။

ကျွန်တော်က ကျောက်ဆည်ပေါက်မှ ကျွန်းအတွင်းပိုင်းသို့ ဦးတိုက်၍ ဝင်နေသော သဘော်ကို လက်ညှိုးထိုး၍ ပြလိုက်၏။

ပြန်၍ကျသွားသော ရေပန်းဖွေးဖွေးများအကြားတွင် ဆွဲသဘော်၏ ခေါင်းတိုင်က မည်းမည်းနက်နက် ထင်ထင်ရှားရှား ပေါ်၍နေလေသည်။

အီလီယံမိုး ကျောက်ဆည်ပေါက်အဝင်ဝတွင် တောင်လောက်မြင့်သော လှိုင်းဒဏ်ကို အလူးအလဲခံနေရသလို ဆွဲသဘော်ကလည်း တလူးလူးတလွန့်လွန့် ခံနေရသည်။

နာရီဝက်ခန့်အကြာတွင် ဆွဲသဘော်က သေမင်းခံတွင်းနှင့် တူသော ကျောက်ဆည်ပေါက်ကို ဖြတ်ကျော်လာနိုင်ခဲ့ပြီးနောက် ကျွန်းအတွင်းပိုင်းသို့ ရောက်လာခဲ့၏။

အတွင်းပိုင်းသို့ ရောက်လာသည်ဟုဆိုလျှင်ပင် လှိုင်းနှင့် လေမှာ ငြိမ်၍နေပြီဟု ဆိုနိုင်သည် မဟုတ်ပါလား။

ဆွဲသဘော်မှာ ဟယ်ဆလေနှင့် သူ့သတ်ဂိုဏ်းသားများ ဦးစီး၍ လာသော မုန်တိုင်းသဘော်ပင် ဖြစ်ရပေမည်။

ကျွန်တော်တို့ အိုဗန်မှထွက်ခွာမလာမီက ကျွန်တော်တို့ထံမှ သတင်းတစ်စုံတစ်ရာမရရှိခဲ့လျှင် သက်ဆိုင်ရာ ရေတပ်အာဏာပိုင်များအား အကြောင်းကြားလျက် ကျွန်တော်တို့အား အကူအညီပေးရန် ဆွဲသဘော်များ စေလွှတ်ပါဟု ဂျနီဖာ၏ ဖခင်ကြီးအား အကြံပေးထားခဲ့၏။ ယခုမြင်နေရသော ဆွဲသဘော်မှာ ရေတပ်က ကျွန်တော်တို့အား အကူအညီပေးရန် စေလွှတ်လိုက်သော ဆွဲသဘော်မဟုတ်ကြောင်း ကျွန်တော်တို့က အလိုလိုသိနေ၏။

သတ္တဝါတို့မည်သည် မိမိတို့ထံသို့ ရောက်လာမည့် ဘေးအန္တရာယ်ကို သဘာဝဖြင့် အလိုလို အနံ့ခံ၍ ရတတ်ကြသည်မဟုတ်လား။

"ဒါ...ဒါ...ဟယ်ဆလေရဲ့ သဘော်မဟုတ်လား"

ဂျနီဖာက ထိတ်လန့်တကြား မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ လူသတ်ကောင် ဓားပြကောင်...ဟယ်ဆလေရဲ့ သင်္ဘောပဲ"

ရဲဘော်ကြီးကွက်က အဖြေပေးလိုက်၏။

"သေနတ်တွေနဲ့ ကျည်ဆန်တွေ ယူခဲ့စမ်းဗျာ"

လေးငါးမိနစ်အတွင်းတွင်ပင် ကျွန်တော်တို့မှာ လက်နက်ကိုယ်စီဖြင့် သင်္ဘောပေါ်တွင် အသင့်နေရာယူပြီးဖြစ်နေကြ၏။ စက်ဆရာကြီး မက်ဖာဆင်မှ တစ်ပါး ကျွန်တော်တို့လေးယောက်က ရိုက်ဖယ်ကိုယ်စီဖြင့် အသင့်ရှိနေကြကာ ကျွန်တော်နှင့် ဂျနီဖာတို့ခါးကြားတွင် ခြောက်လုံးပြူးကလည်း ကိုယ်စီရှိနေကြ၏။

ဟယ်ဆလေ၏ မုန်တိုင်းသင်္ဘောက ကျွန်တော်တို့ ရှိရာသို့ တည့်တည့်ကြီး ခုတ်မောင်း၍လာပြီးနောက် စက်အရှိန်ကိုလျှော့၍ ချလိုက်၏။ မှန်ပြောင်းဖြင့် ကြည့်လိုက်သောအခါ မုန်တိုင်းသင်္ဘောပဲ့စင်ထက်တွင် မတ်တတ်ရပ်လျက် ကျွန်တော်တို့ရှိရာသို့ စူးစိုက်၍ ကြည့်နေသော ကက်ပတိန်ဟယ်ဆလေကို မြင်ရ၏။ မည်းနက်သော သူ့မုတ်ဆိတ်မွေးမှာ ပင်လယ်မှ ဆားပွင့်များဖြင့် ဖြူဖွေး၍ နေလေသည်။ ခေါင်းပေါ်တွင် ပိကက်ကို ဆောင်းထားခြင်းမရှိသောကြောင့် ရှည်လျား မည်းနက်၍ နေသော ဆံပင်များက ဟယ်ဆလေ၏ မျက်နှာပေါ်တွင် အုပ်လျက် ရှိနေ၏။ သူ့အနီးတွင် ရှိနေသူကား လက်သုံးတော် ငယ်ကျွန်ကြီး ဟင်ဒရစ်ပင် တည်း။

"ဂျနီဖာတို့သင်္ဘောပေါ်ကို တစ်ခါတည်း တက်လာမလား မသိဘူး"

ဂျနီဖာက စိုးရိမ်သံဖြင့် မေးလိုက်၏။

"သုံးရောင်ခြယ်ပေါ်မှာ ဘယ်သူတွေရှိနေမှန်း မသိဘဲနဲ့တော့ အရမ်းစွပ်ပြီး တက်လာမှာမဟုတ်ဘူး၊ ဘယ်သူတွေလဲဆိုတာ မေးပြီးမှ ဘယ်လိုခြေလှမ်း လှမ်း ရမယ်ဆိုတာ စဉ်းစားလိမ့်မယ်"

ကျွန်တော့်စကားအတိုင်းပင် မုန်တိုင်းက ခုတ်မောင်းလာသော အရှိန်ကို လျှော့ချလိုက်၏။

"ငွေချောင်းတွေကိုသာ ဟယ်ဆလေရသွားရင် သူ့သင်္ဘောပေါ်မှာပါလာ တဲ့ သင်္ဘောသားတွေကို အစတုံးပစ်လိမ့်မယ်ထင်တယ်။ ပီနန်သင်္ဘောတုန်းက လက်ရုံးတော်ငယ်ကျွန်တွေလောက်ပဲ ကျန်နေရစ်လိမ့်မယ် ထင်တယ်။ ရန်ကင်း ကိုတောင် ချမ်းသာပေးမယ် မထင်ဘူး"

ကျွန်တော်က စက်ခန်းသို့ ဆက်သွယ်ထားသော စကားပြောပြွန်မှနေ၍ စက်ဆရာကြီး မက်ဖာဆင်အား အခြေအနေကို မေးကြည့်လိုက်၏။



"မီးက ပေါင်ချိန်မပြည့်သေးဘူး။ ပေါင်ချိန်ပြည့်သည့်တိုင်အောင် အရှိန်က လိုသေးတယ်။ နောက်တစ်နာရီလောက်နဲ့ စက်ကြီးက လည်နိုင်သေးမှာ မဟုတ် ဘူး"

စက်ကြီးကိုသာ လည်နိုင်ပါက ကျွန်တော်တို့က ဟယ်ဆလေ၏ ရန်ကို ကြောက်ရန်မလို ယခုမူ ကျွန်တော်တို့က ချည်တုပ်ပြီး ခံနေရသူတစ်ယောက်ကဲ့ သို့ ဖြစ်နေမည် မဟုတ်လား။ ယခုအချိန်တွင် ရန်သူနှင့် ပူး၍မသတ်ဘဲနေခြင်းက ကျွန်တော်တို့အဖို့ အကောင်းဆုံးဖြစ်သည်ဟု တွေးမိ၏။

သို့ဖြစ်၍လည်း မုန်တိုင်းက ကျွန်တော်နှင့် ဝေးရာတွင် ရပ်နေအောင် တစ်ခုခုတော့ လုပ်ရမည်ဟု စိတ်ကူးပြီး စကားပြောအသံချဲ့ခွက်ကို ကောက်၍ကိုင် လိုက်၏။

မုန်တိုင်းသင်္ဘောပေါ်တွင် အကျင့်တူ အကြံတူ လူငါးယောက်အပြင် ငွေ ချောင်းများ ပြောင်းရွှေ့သယ်ယူရေးအတွက် လည်းကောင်း၊ သင်္ဘောသားအဖြစ် အမှုထမ်းရန် လည်းကောင်း ခေါ်ဆောင်၍လာသည့် သင်္ဘောသားအချို့လည်း ပါမည်ဟု ခန့်မှန်းရ၏။ ဤလူများကိုသာ ကြောက်လန့်အောင် ကျွန်တော်က ချောက်ထားနိုင်ခဲ့လျှင်...

ကျွန်တော်က မုန်တိုင်းပေါ်တွင်ပါလာသော သင်္ဘောသားများကို ကြောက် လန့်အောင် ချောက်လှန့်ပေးမယ်ဟု စိတ်ကူးနေစဉ်မှာပင် ကျွန်တော်တို့သင်္ဘော နှင့် ခဲတစ်ပစ်ခန့်အကွာ၌ မုန်တိုင်းက ရပ်လျက်ရှိပြီး ဟယ်ဆလေ၏အသံက စ၍ပေါ်လာ၏။

"ဟေး...သုံးရောင်ခြယ်သင်္ဘောပေါ်မှာ ဘယ်သူလဲဟေ့...သုံးရောင်ခြယ် ဆွဲသင်္ဘောမုန်တိုင်းက စကားပြောနေတယ်။ ဗြိတိသျှရေကြောင်း၌ာနချုပ်ရဲ့ အမိန့်အရ လာခဲ့တဲ့ သင်္ဘောပဲ"

ဟယ်ဆလေ၏ စကားမှာ မုသားစကား လုံးလုံးဖြစ်ကြောင်း ကျွန်တော် က သိပြီးဖြစ်၏။ သူက ဤသို့မုသားစကားကို ဆိုနေခြင်းပင်လျှင် သုံးရောင်ခြယ် ပေါ်၌ ကျွန်တော်နှင့် ရဲဘော်ကြီးကွက်တို့ ရောက်ရှိနေကြောင်း မသိသေးသည်မှာ ထင်ရှားလျက် ရှိနေလေသည်။

"ဟေး...သုံးရောင်ခြယ်သင်္ဘောပေါ်မှာ ဘယ်သူရှိသလဲ"

ဟယ်ဆလေက ထပ်၍ မေးနေပြန်၏။

ကျွန်တော်က ဟန်ကိုယ့်ဖို့ဆိုသည့် အတိုင်း...

www.burmeseclassic.com

www.burmeseclassic.com



'ဟေး...မုန်တိုင်း၊ မုန်တိုင်းက သင်္ဘောသားတွေ သုံးရောင်ခြယ်က ခေါ်နေတယ်။ မုန်တိုင်းက သင်္ဘောသား ရဲဘော်များ ခင်ဗျား၊ သုံးရောင်ခြယ်က ပြန်တမ်းဝင်အရာရှိမဟုတ်တဲ့ ဗြိတိသျှစစ်တပ်က ရဲဘော်တစ်ဦးက စကားပြောနေပါတယ်'ဟု ပလ္လင်ခံလိုက်၏။

မုန်တိုင်းပေါ်ရှိ သင်္ဘောသားများက ကုန်းပတ်လက်ရန်းများဆီသို့ ပြေးထွက်လာကာ ကျွန်တော်ရှိရာသို့ လှမ်းမျှော်၍ ကြည့်နေကြသည်ကို တွေ့ရ၏။

"မုန်တိုင်းပေါ်က သင်္ဘောသား ရဲဘော်များခင်ဗျား၊ သုံးရောင်ခြယ်သင်္ဘောနဲ့တကွ သင်္ဘောပေါ်မှာပါရှိတဲ့ ငွေချောင်းများကို ဘုရင်မင်းမြတ်ရဲ့ သဏ္ဍာတော်အဖြစ် ကျွန်တော်က ချုပ်ကိုင်ထိန်းသိမ်းလျက် ရှိပါတယ်။ သုံးရောင်ခြယ်သင်္ဘောနဲ့ တကွ သင်္ဘောပေါ်မှာပါတဲ့ ငါးသိန်းကျော်ကျော်တန်တဲ့ ငွေချောင်းများကို ဘုရင်မင်းမြတ်ရဲ့အစိုးရအဖွဲ့ကိုယ်စား ကျွန်တော်က ထိန်းသိမ်းလျက်ရှိ နေတယ်ဆိုတာ ပထမဆုံး သတိပြုကြပါလို့ မေတ္တာရပ်ခံပါတယ်"

"မုန်တိုင်းပေါ်က သင်္ဘောသား ရဲဘော်များခင်ဗျား၊ ခင်ဗျားတို့ကို ဘုရင်မင်းမြတ်ရဲ့အစိုးရအဖွဲ့ကိုယ်စား ကျွန်တော်အမိန့်ပေးတယ်၊ သုံးရောင်ခြယ်သင်္ဘောက နှစ်ဆယ့်သုံးယောက်သော သင်္ဘောသားတွေကို အစုလိုက်အပြုံလိုက် သတ်မှုနဲ့ စွဲချက်တင်ထားခြင်းခံရတဲ့ ကက်ပတိန်ဟယ်ဆလေကို သံလက်ထိတ် သံခြေချင်းခတ် နှောင်ကြိုးတည်းပြီး ကျွန်တော့်ထံ ကိုယ်ထိလက်ရောက် လာရောက်အပ်နှံပါ။ ကက်ပတိန် ဟယ်ဆလေနဲ့အတူ တရားခံများဖြစ်တဲ့ ဟင်ဒရစ်၊ ဂျက်နဲ့ အီဗန်တို့ကိုလည်း သံခြေချင်းခတ် နှောင်ကြိုးတည်းပြီး တစ်ပါတည်း ကျွန်တော့်လက်ထဲအပ်ပါ"

"တရားခံအကျဉ်းသမား ဟယ်ဆလေရဲ့ သွေးဆောင်မှုကြောင့် ကျွန်တော်ပေးတဲ့ အမိန့်အတိုင်း မလိုက်နာဘဲ ငြင်းဆန်မယ်ဆိုရင် သင်္ဘောသားရဲဘော်တွေကိုလည်း ပင်လယ်အတွင်း သင်္ဘောပေါ်မှာ ပုန်ကန်မှုနဲ့ ကျွန်တော်က အရေးယူရလိမ့်မယ်"

"တရားခံအကျဉ်းသမား ဟယ်ဆလေရဲ့သွေးဆောင်မှုနောက်ကို သင်္ဘောသားရဲဘော်တွေက ကောက်ကောက်ပါအောင် လိုက်သွားမယ်ဆိုရင် ရဲဘော်တွေဟာလည်း သုံးရောင်ခြယ်သင်္ဘောက နှစ်ဆယ့်သုံးယောက်သော သင်္ဘောသားတွေလို အစုလိုက်အပြုံလိုက် ပင်လယ်ရေအောက်မှာ အသက်ပျောက်ကြရမယ်ဆိုတာ စွဲစွဲမြဲမြဲနားလည်ထားစေချင်ပါတယ်"



"သုံးရောင်ခြယ်မှာ လိုက်ပါလာတဲ့ သင်္ဘောသားများအနက် နှစ်ဆယ့်သုံးယောက်သော သူတို့ဟာ ဟယ်ဆလေရဲ့ လက်ချက်နဲ့ ပင်လယ်အောက်မှာ အသက်ပျောက်ခဲ့ရတယ်၊ ဟယ်ဆလေဟာ လူသတ်သမား"

ကျွန်တော့်စကားကို နောက်ထပ်၍ မုန်တိုင်းပေါ်မှ သင်္ဘောသားများ မကြားနိုင်အောင် ဥသြသံများကို ဆူညံစွာမှုတ်လျက် မူလရပ်စွဲနေသော နေရာမှာ ပို၍ဝေးသောနေရာသို့ သင်္ဘောထွက်ခွာသွားသည်ကို ကျွန်တော်က တွေ့လိုက်ရ၏။

ဂျနီဖာက ကျွန်တော့် လက်မောင်းတစ်ဖက်ကို ဆုပ်လိုက်ရင်း–

'ဟယ်ဆလေနဲ့ သူ့ အာဏာပါးကွက်သားတွေက ဒါလင်ကိုကြောက်ပြီး ထွက်ပြေးပြီထင်တယ်'ဟု ဆိုလိုက်၏။ ဤသို့ ဆိုလိုက်ခြင်းမှာ ထိတ်ထိတ်ပျာပျာဖြစ်၍သွားသော သူ့စိတ်ကို စကားဖြင့် ထိန်းချုပ်ရန် ရည်ရွယ်လျက် ပြောဆိုလိုက်ခြင်းသာ ဖြစ်ကြောင်း ကျွန်တော်က နားလည်လိုက်၏။ အဘယ်ကြောင့်ဆိုသော် စစ်သားတစ်ယောက်ဖြစ်နေသော ကျွန်တော်ပင်လျှင် မုန်ယစ်နေသော ဆင်ပြောင်ကြီးလို ဖြစ်နေသော မုန်တိုင်း၏ လှုပ်ရှားပုံကို လန့်ဖျပ်၍ သွားမိသောကြောင့်ပင်တည်း။

ဟယ်ဆလေက မုန်တိုင်းသင်္ဘောကို ဥသြသံဆူညံစွာပေးလျက် နောက်သို့ ဆုတ်သွားစေခြင်းမှာ ထိုးမည့်ဆင် နောက်ဆုတ်သကဲ့သို့ ဖြစ်သည်ဟု ကျွန်တော်က သိထားပြီးဖြစ်၏။

သုံးရောင်ခြယ်ပေါ်တွင် ရှိနေသော ငါးသိန်းကျော်ကျော်တန် ငွေချောင်းများကို ဟယ်ဆလေက အလွယ်တကူ စွန့်ပစ်၍ သွားလိမ့်မည်မဟုတ်။

ငါးသိန်းကျော်တန်သော ဥစ္စာရတနာများကို လက်ညှိုးညွှန်လျက် သင်္ဘောပေါ်တွင် ပါလာသော လူသစ်များကို ဟယ်ဆလေက စည်းရုံးမည်မှာလည်း မုချပင် ဖြစ်၏။

ကျွန်တော့်အဖို့ အောက်ထပ်မှ စက်ကြီးလည်၍ မလာသည့်အတွင်း မုန်တိုင်းကို ကျွန်တော်တို့ အနားသို့ ရောက်မလာအောင် ပရိယာယ်ဖြင့် အချိန်ဆွဲ၍ ထားရန်သာ ရှိတော့၏။

ပဲ့စင်ထက်ရှိ စကားပြောပြွန်မှနေ၍ စက်ခန်းရှိ မက်ဖာဆင်အား [illegible] အနေကို မေးကြည့်လိုက်၏။

"စက်ကြီးကို လည်လို့ မရသေးဘူးလား၊ ရအောင်လည်း [illegible]"

"လိုအပ်တဲ့ မီးပေါင်းချိန်မပြည့်ဘဲနဲ့ ဘွိုင်လာက အလုပ်လုပ်မှာ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ဘိုင်လာက အလုပ်လုပ်မှ စက်ကြီးကလည်နိုင်လိမ့်မယ်။ ဟယ်ဆလေသာ ခုလားတာထက် တစ်နာရီလောက် နောက်ကျပြီးရောက်လာရင် ကျုပ်တို့ အဖို့ အားလုံး အဆင်ပြေမှာပဲ”

စက်ဆရာကြီး မက်ဖာဆင်က စက်ခန်းရှိ စကားပြောပြွန်မှ နေ၍ ပြန်ပြောနေ၏။ သူ့အသံမှာ အားပျော့လှသည်ဟု ကျွန်တော်က ထင်မိ၏။

“ဟယ်ဆလေက ဘာတွေဆက်ပြီး လုပ်မလဲ ဒါလင်”

ဂျနီဖာက စိုးရိမ်သံဖြင့် မေးနေ၏။

“သူ့လူတွေကို ကျောသပ် ရင်သပ်လုပ်ပြီး သူဆွဲတိုင်းကအောင် လုပ်မှာပေါ့”

“သုံးရောင်ခြယ်ပေါ်ကို အတင်းတက်ပြီး လာမလား”

ဂျနီဖာက စိုးရိမ်သံဖြင့် မေးနေ၏။

“ဒါလင်သာ ဟယ်ဆလေဆိုရင်တော့ သုံးရောင်ခြယ်က ရပ်စွဲထားတဲ့ ကျောက်ကြီးတွေကို လိုက်ပြီး ဖြတ်ပစ်မှာပဲ။ ဒီလိုဖြတ်ပစ်လိုက်ရင် သုံးရောင်ခြယ်က ခဏလေးအတွင်းမှာ ဟောဟိုက မြင်နေရတဲ့ ကျောက်ဆောင်တွေပေါ်ကို လှိုင်းသံနဲ့ ရောက်သွားလိမ့်မယ်။ ဒီအချိန်ကျမှ ပိုင်ပိုင်နိုင်နိုင်ကြီး လုပ်ချင်သလို လုပ်နိုင်မယ်မဟုတ်လား”

ကျွန်တော် ရှင်းပြနေသည့်အချိန်တွင်ပင် မုန်တိုင်းသဘောက ကျွန်းအတွင်းသို့ မြောက်ဘက် မိုင်ဝက်ခန့်အကွာတွင် တာစူလျက်ရှိနေ၏။ မှန်ပြောင်းဖြင့် ကြည့်လိုက်သောအခါ ဟယ်ဆလေက ပဲ့စင်အဆောင်လက်ရန်းကို မှီလျက်ရပ်နေပြီး သင်္ဘောသားများကမူ ပဲ့စင်အောက်ဘက်ရှိ ကုန်းပတ်ပေါ်တွင် တန်းစီလျက် ရှိနေသည်ကို မြင်ရ၏။ သင်္ဘောသားအရေအတွက်မှာ စုစုပေါင်း တစ်ဒါဇင်ခန့်ရှိသည်။

ဟယ်ဆလေက ပဲ့စင်အဆောင်ထက်မှနေ၍ အောက်ဘက်ရှိ သင်္ဘောသားများကို အမူအရာဟန်ပါပါဖြင့် စကားပြောဆိုနေ၏။

ဤအချိန်တွင်ပင် ကျွန်တော်တို့ သင်္ဘောပဲ့ပိုင်း၌ ဇလင်စကီနှင့်အတူ တာဝန်ယူထားရသော ရဲဘော်ကြီးကွတ်၏ အသံကို ကျွန်တော်က သတိပြုလိုက်မိ၏။

ကျွန်တော်က ပဲ့စင်အဆောင်လက်ဝဲဘက်သို့ ထွက်ရပ်ပြီး ပဲ့ပိုင်းသို့ လှမ်းကြည့်လိုက်၏။

ရဲဘော်ကြီးကွတ်သည် ပဲ့ပိုင်းရှိ သုံးလက်မအမြောက်စင်နားတွင် ရပ်လျက်



ရှိနေလေသည်။

အော်၍ ပြောနေသော စကားကို ကျွန်တော်က မကြားရသော်လည်း သူ့ခြေဟန်လက်ဟန်ကို ကြည့်ရခြင်းအားဖြင့် ကျွန်တော့်အား အမြောက်စင်ရှိရာသို့ ခေါ်နေကြောင်း သိသာသည်။

ကျွန်တော်က ဆက်၍ ကြည့်နေစဉ်မှာပင် ရဲဘော်ကြီးကွတ်က အမြောက်ကျည်ဆန်များ သိုလှောင်ထားအရာအခန်းသို့ ဝင်သွားပြီးနောက် အမြောက်ဆန်တစ်လုံးကို ထုတ်၍လာသည်ကို မြင်ရ၏။

သူက အမြောက်ကျည်ဆန်ကို အမြောက်အိမ်ထဲတွင် ထည့်ပြီး ပစ်မည့်ပုံသဏ္ဌာန် လုပ်ပြနေ၏။

မိုးထဲ ရေထဲတွင် တစ်နှစ်ပတ်လုံး သံချေးတက်၍ နေမည်ဖြစ်သော အမြောက်ကို ပစ်၍ရလိမ့်မည်ဟု ကျွန်တော်က စဉ်းပင်မစဉ်းစားခဲ့။ သို့သော် ရဲဘော်ကြီးကွတ်က အမြောက်ကျည်ဆန်ကိုပင် ထုတ်ယူလာသောအခါ ကျွန်တော်က ပဲ့စင်ထက်မှ ပြေး၍ ပဲ့စင်ဘက်ရှိ သုံးလက်မအမြောက်ရှိရာသို့ ပြေးလာခဲ့၏။

ရဲဘော်ကြီးကွတ်မှာ ဝါရင့်အမြောက်တပ်သားတစ်ဦးဖြစ်ရုံမက အမြောက်ပုံစံအမျိုးမျိုးကို ကိုင်တွယ်အသုံးပြုရာ၌ ကျင်လည်သူဖြစ်ကြောင်းကိုကား ကျွန်တော်က သိပြီးဖြစ်သည်။

အနီးသို့ရောက်သွားသောအခါ ရဲဘော်ကြီးကွတ်က ပြောင်းနောက်ဘက်မှ အမြောက်ဆန်သွင်း၍ ပစ်ခတ်ရသော သုံးလက်မပုံစံအမြောက်ရှိ ကိရိယာများကို စမ်းသပ် စစ်ဆေးလျက် ရှိနေလေသည်။

“ပစ်လို့ရပါ့မလား”

ကျွန်တော့် အမေးကို ရဲဘော်ကြီးကွတ်က ခပ်ပြုံးပြုံးပင် အဖြေပေးနေ၏။

“ပြောင်းကတော့ သံချေးတော်တော်ကလေးကိုက်နေပြီ။ ဒါပေမဲ့ ဖြစ်အောင်တော့ လုပ်ရလိမ့်မယ်။ ကျုပ်တို့မှာ ဒါပဲ အားကိုးစရာရှိတော့တယ် မဟုတ်လား”

ရဲဘော်ကြီးကွတ်က ပြောပြောဆိုဆို ပြောင်းအတွင်း ဘက်ကို တတ်နိုင်သမျှ တိုက်ချွတ်လိုက်ပြီးနောက် ကျည်အိမ်တွင် ကျည်ဆန်ကို ထည့်ရန်ဟန်ပြင်နေ၏။

ဤအချိန်တွင်ပင် ဟယ်ဆလေ၏ မုန်တိုင်းသင်္ဘောက ကျွန်တော်တို့ သုံးရောင်ခြယ်ရှိရာသို့ မှန်ယစ်သော ဆင်ပြောင်ကြီးတစ်ကောင်ကဲ့သို့ ချဉ်းကပ်၍ လာနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ...ဘာပဲဖြစ်ဖြစ် စမ်းကြည့်ကြရအောင်"

ကျွန်တော်က ပြောပြောဆိုဆိုဖြင့် ရဲဘော်ကြီးကွတ်နှင့်အတူ အမြောက်ကို ကျည်ဆန်ထည့်လိုက်ပြီးနောက် ချိန်မှတ်၍ ပေးရန်အသင့်ဖြစ်နေသည်။

တစ်ချိန်တည်းတွင်ပင် ဇလင်စကီအား ပဲ့စင်ပေါ်သို့ တက်၍ စကားပြောအသံချဲ့ခွက်ကို ယူလာရန် အမိန့်ပေးလိုက်၏။

"ဟယ်ဆလေတို့လှေစုကို ပထမဆုံး သတိပေးမယ်။ သတိပေးလို့မှ မရရင်တော့ ပစ်ရမှာပဲ"

ကျွန်တော် ပြောပြောဆိုဆို အမြောက်စင် ညာဘက်ရှိ ထိုင်ခုံတွင်ဝင်၍ နေရာယူလိုက်၏။ ရဲဘော်ကြီးကွတ်က ဝဲဘက်ခုံတွင် နေရာယူလိုက်သည်။

"ပဲ့ဘက်က ကျောက်ဆူးကြိုးကိုလည်း သတိထားဦး။ ဟိုကောင်တွေ ဝင်ပြီး ဖြတ်သွားဦးမယ်"

စကားပြောအသံချဲ့စက်ကို ယူ၍ ပြန်လာသော ဇလင်စကီအား ရိုက်ဖယ်တစ်လက်နှင့်အတူ ပဲ့ပိုင်းကျောက်ဆူးကြိုးကို သတိထား၍ ကြည့်နေရန် တာဝန်ပေးလိုက်၏။

ဤအချိန်တွင်ပင် ကျွန်တော်တို့ရှိရာသို့ ဂျနီဖာ ရောက်လာသည်။

မုန်တိုင်းက ကျွန်တော်တို့ ရှိရာသို့ ချဉ်းကပ်လာနေပြီ ဖြစ်၏။

ကျွန်တော်က ဂျနီဖာနှင့် ဇလင်စကီတို့အား အကာအကွယ်ယူထားရန် သတိပေးလိုက်၏။

မုန်တိုင်းသည်အနီးသို့ ရောက်သောအခါ အရှိန်ကို လျှော့ချလိုက်၏။ ဟယ်ဆလေ၏ ပထမဆုံးပစ်မှတ်မှာ ပဲ့စင်ပိုင်းရှိ ကျောက်ဆူးကြိုးပင်ဖြစ်ကြောင်း ကျွန်တော်တို့အားလုံး နားလည်လိုက်ကြ၏။

ကျောက်ဆူးကြိုးမှာ သင်္ဘောပေါ်မှကျ၍ သွားသော သင်္ဘောကြောင့် ရေထဲတွင် မပေါ်တပေါ် လျှော့ကျ၍ နေသည်။ ဤကျောက်ဆူးကြိုးကိုသာ ဟယ်ဆလေက ဖြတ်တောက်ပစ်လိုက်ပါက သင်္ဘောမှာ တစ်ပတ်လည်၍ သွားပြီး ခပ်လှမ်းလှမ်းရှိ ကျောက်ဆောင်နှင့် ဝင်၍ တိုက်မိမည့် အခြေအနေမျိုး ရှိနေလေသည်။

စောစောက အရှိန်လျှော့ချထားသော မုန်တိုင်းသည် ပဲ့ပိုင်းကျောက်ဆူးကြိုးရှိရာသို့ အပြေးဝင်၍ ခုတ်မောင်းလာ၏။ ကုန်းပတ်ပေါ်တွင် သင်္ဘောသားတစ်ယောက်မျှမရှိ။ ဟယ်ဆလေက သူ့ပါးကွက်အာဏာသားများ အကာအကွယ်ယူထားရန် အမိန့်ပေးပြီး ဖြစ်နေဟန်တူသည်။



မုန်တိုင်းသင်္ဘောပဲ့စင်ထက်တွင် ဟင်ဒရစ်နှင့်အတူ၊ ပါးကွက်အာဏာသားနှစ်ဦးကို ကျွန်တော်က တွေ့မြင်နေရ၏။ ရိုက်ဖယ်ကိုယ်စီကိုင်ထားသော ဂျူတ်နှင့် အီဗန်တို့ပင်တည်း။

မုန်တိုင်းက သုံးရောင်ခြယ်အနီးသို့ ရောက်လာသည့်အချိန်တွင် သူတို့သုံးဦးကပင် အကာအကွယ် ယူလိုက်ကြသည်ကို တွေ့လိုက်၏။

ကျွန်တော်က အသံချဲ့စကားပြောခွက်ကို ကောက်၍ ကိုင်လိုက်ပြီး–

'ဟေး...မုန်တိုင်း သုံးရောင်ခြယ်အနားကို ကပ်မလာနဲ့ ကပ်လာရင် ပစ်ရလိမ့်မယ်'ဟု သတိပေးလိုက်၏။

မုန်တိုင်းကမူ ကျွန်တော်၏ သတိပေးစကားလုံးကို လုံးဝဂရုမမူဘဲ ရှေ့သို့ တက်မြဲတက်လာသည်။

ကျွန်တော်က ချိန်မှတ်ပေးနေ၏။

"ပစ်မှတ်ပေါ်တည့်တည့်ရောက်နေပြီ"

ရဲဘော်ကြီးကွတ်က သတင်းပို့လိုက်၏။

"ပစ်"

ကျွန်တော့်အမိန့်ပေးသံနှင့်အတူ အမြောက်သံက ကျယ်လောင် ဟိန်းဟောက်စွာ ပေါ်ထွက်လာပြီး အမြောက်ဆန်က မုန်တိုင်းသင်္ဘောဦးဘက်တစ်လံခန့်အကွာတွင် ကျရောက်ပေါက်ကွဲသွားသည်ကို တွေ့လိုက်ရ၏။

ကျွန်တော်တို့အဖို့ ပြောမပြနိုင်လောက်အောင်ထက် ဝမ်းမြောက်စရာဖြစ်နေလေသည်။

"သိပ်ပြီးနိပ်သဟေ့"

ရဲဘော်ကြီးကွတ်က ထ၍ခုန်လိုက်ပြီး အားရပါးရ ပြောလိုက်၏။

မုန်တိုင်း သင်္ဘောကုန်းပတ်ပေါ်တွင် လူများ ဟိုမှသည်သို့ ပြေးလွှားနေကြသည်ကို တွေ့ရ၏။ ကျွန်တော်က အနီးမှ ကပ်၍ အမြောက်ဖြင့် ပစ်နေခြင်းကိုလည်း သင်္ဘောသားများက ကြောက်နေပုံရ၏။

ပဲ့ကိုင်ဘီးကို တစ်စုံတစ်ယောက် အတင်းနင်း၍ လှည့်နေသည်ကိုလည်း တွေ့မြင်နေရသည်။ ပဲ့စင်ထက်မှ စက်ခန်းရှိရာသို့ အချက်ပြ အမိန့်ပေးနေသောလည်း ဆူညံလျက် ရှိနေ၏။

မုန်တိုင်းသင်္ဘော ပဲ့ပိုင်းရှိ ဒေါးမန်းယက်ကလည်း ရေပေါ်သို့ ပေါ်လာသည့်အထိ လှုပ်ရှားကာ သင်္ဘောနောက်ပိုင်းတွင် ရေပန်းပွက်ပွက်ထနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်ကြီးကွတ်က အမြောက်ဆန်တစ်လုံးကို နောက်ထပ်၍ ထည့်လိုက်ရင်း...

'ခွေးမသား ဟယ်ဆလေတော့ ကျုပ်တို့အကြောင်း ကောင်းကောင်းကြီးသိသွားလိမ့်မယ်'ဟု ပြောကာ တဟားဟား ရယ်လိုက်၏။

ရယ်သံက ရုတ်တရက်ရပ်သွားသည်။

"ဟော့...ဗာဒီ ကြည့်စမ်း၊ မုန်တိုင်းကအကောင်တွေ ကျုပ်တို့ ကျောက်ဆူးကြိုးတွေကို ဖြတ်ဖို့ ကြိုးစားနေကြပြီ"

ရဲဘော်ကြီးကွတ်က စိုးရိမ်သည့်အသံဖြင့် အော်၍ပြောလိုက်၏။

မုန်တိုင်းသည် ဦးပိုင်းအနီးတွင်ကပ်၍ ပေါက်ကွဲလာသော အမြောက်ကျည်ဆန်ကို တိမ်းရှောင်ရန်အတွက် တစ်ဖက်သို့ အလျင်စလိုလှည့်ချလိုက်၏။

ဤသို့အချလိုက်တွင် ကျွန်တော်တို့ သုံးရောင်ခြယ်သင်္ဘောပဲ့ပိုင်းမှ ကျောက်ဆူးကြိုးကို ဖြတ်ရန် မေ့သွားပုံရ၏။

သို့ရာတွင် ကျွန်တော်တို့ ထင်နေသကဲ့သို့ကားမဟုတ်။ မုန်တိုင်းသည် ကျွန်တော်တို့ သင်္ဘောပဲ့ပိုင်းမှ ကျောက်ဆူးကြိုးကို သူ၏သင်္ဘောဦးဖြင့် အပြင်းဝင်၍ တိုက်နေခြင်းသာ ဖြစ်လေသည်။

ကျောက်ဆူးကြိုးက လေးညှို့ကို ကောင်းစွာ တအားကုန်တင်လိုက်သကဲ့သို့ တင်း၍လာသည်။

ရဲဘော်ကြီးကွတ်နှင့် ဂျနီဖာတို့ အလန့်တကြားအော်လိုက်ကြ၏။ ဂျနီဖာဘက်သို့ ကျွန်တော်က လှည့်၍ အကြည့်လိုက်တွင် ကျွန်တော်တို့ သင်္ဘောပဲ့ပိုင်းမှ တစ်စုံတစ်ခု ကျိုးပဲ့၍ကျသွားသံကို ကြားလိုက်ရသည်။ ကျွန်တော်ထိုင်လျက်ရှိသော ထိုင်ခုံကိုလည်း တစ်စုံတစ်ခုက လာ၍ ရိုက်လိုက်သည်ကို သတိထားလိုက်မိ၏။

ကျွန်တော့် ကျောကုန်းနှင့် တင်ပါးမှာ မကျောသော အရာတစ်ခုဖြင့် ရိုက်နက်ခြင်း ခံလိုက်ရသလို နာကျင်၍သွားပြီး ကျွန်တော့်တစ်ကိုယ်လုံးမှာလည်း ရှေ့သို့တိုးစိုက်၍ ကျသွားသည်ကိုသာ နောက်ဆုံး သတိထားလိုက်မိသည်။

အလွန်တရာနက်သော ချောက်ကမ်းပါးကြီးထဲသို့ တစ်ဟုန်ထိုး ထိုးကျသွားသည်ဟု ထင်လိုက်ရကာ အသက်မရှုနိုင်ဘဲ မွန်းကျပ်၍နေ၏။

သတိရ၍ မျက်စိကို ဖွင့်ကြည့်လိုက်သောအခါ ကျွန်တော့် တစ်ကိုယ်လုံးမှာ အသက်ကယ်လှေတစ်ခုဝမ်းထဲတွင် ရောက်ရှိနေပြီး လူတစ်ယောက်၏ ခြေ



ထောက်နှစ်ဖက်က ကျွန်တော့် ခေါင်းကို ခွ၍ထားကြောင်း တွေ့လိုက်ရ၏။

ကျွန်တော့် ခန္ဓာကိုယ်တစ်ခုလုံးမှာ ရေများဖြင့် ရွှဲရွှဲစိုနေပြီး မေးခိုက်အောင် တုန်နေ၏။ လှေကလည်း လှိုင်းထဲတွင် တလူးလူးတလိမ့်လိမ့် ဖြစ်နေလေသည်။

တကျိုကျိုမြည်နေသော တက်ခတ်သံများကလည်း ကျွန်တော့်ကို ခြိမ်းခြောက်နေသည်ဟုပင် ထင်ရ၏။ မျက်လုံးအစုံကို ကျယ်ကျယ်ဖွင့်၍ ကြည့်လိုက်သောအခါ လူတစ်ယောက်၏ ခြေထောက်နှစ်ဖက်အကြားမှနေ၍ မှုန်ရီသော ကောင်းကင်ပြင်ကို မြင်ရ၏။ ကောင်းကင်ပြင်နှင့်အတူ ကျွန်တော့်အပေါ်မှခွ၍ထားသောလူ၏ မျက်နှာကိုလည်း တွေ့လိုက်ရ၏။

ဟင်ဒရစ်၏မျက်နှာပင်တည်း။

ကျွန်တော် မျက်စိကို ပြန်၍မှိတ်ထားလိုက်၏။ အိပ်မက်ဆိုးများ မက်နေခြင်းပင်ဖြစ်လေသလား။

မျက်စိကိုပြန်၍ ဖွင့်ကြည့်လိုက်သောအခါ ကျွန်တော့်ကို ဟင်ဒရစ်က ငုံ့၍ စိမ်းစိမ်းဝါးဝါး ကြည့်နေလေသည်။

အိပ်မက်ဆိုးမက်နေခြင်းမဟုတ်။ လေးညှို့ကို တင်လိုက်သကဲ့သို့ တင်း၍လာသော ပဲ့ပိုင်းမှ ကျောက်ဆူးကြိုးကြောင့် သင်္ဘောပဲ့ပိုင်းမှ တစ်စုံတစ်ခုက ပြုတ်ကျသွားပြီး ကျွန်တော့် ကျောနှင့် တင်ပါးကိုလည်း သင်္ဘောပဲ့ပိုင်းမှ ပြုတ်ထွက်၍လာသော တစ်စုံတစ်ခုကလာ၍ ရိုက်မိကာ ထိုင်နေသော ခုံထက်မှ ကျွန်တော့်အား ရေထဲသို့ ရိုက်ချလိုက်သလို ဖြစ်သွားလိမ့်မည်ဟု စဉ်းစားမိ၏။

ရေထဲသို့ကျလာသော ကျွန်တော်သည် လှိုင်းများ ရိုက်ခတ်ချက်ကြောင့် ဆွဲသင်္ဘော မုန်တိုင်းအနားသို့ ရောက်သွားပြီး မုန်တိုင်းမှ အသက်ကယ်လှေက ကျွန်တော့်ကို လာ၍ တင်ယူသွားခြင်းပင် ဖြစ်မည်ဟု တွက်ချက်မိ၏။

ကျွန်တော်က မျက်စိကိုပြန်၍ မှိတ်လိုက်ပြီး စောစောကလို သတိလစ်ချင်ယောင် ဆောင်နေလိုက်၏။ လှေဝမ်းဗိုက်ထဲတွင် တစ်ဖက်မှတစ်ဖက်သို့ ကယောင်ကတမ်း လူလိမ့်သည့်အနေဖြင့် လူးလိမ့်၍သွားလိုက်၏။ ကျောနှင့် တင်ပါးတွင် နာနေရုံမှတစ်ပါး လက်၊ ခြေထောက်နှင့် ဦးခေါင်းတွင် ပဲ့သွားခြင်းမရှိ ဟု သိလိုက်ရ၏။

ကျွန်တော့်အား ဟင်ဒရစ်တို့လူစုက လှေဖြင့်လာ၍ မတင်မီ ရဲဘော်ကြီးကွတ်တို့က တတ်နိုင်သမျှ ကယ်ဆယ်ရန် ကြိုးစားကြမည်မှာ အမှန်ပင်ဖြစ်၏။ သို့ရာတွင် သုံးရောင်ခြယ်၌ အသက်ကယ်လှေဟူ၍ တစ်စင်းမျှပင် မရှိသောအခါ

www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်ကြီးကွတ်တို့ကလည်း လက်ပိုက်၍သာ ကြည့်နေလိုက်ကြဟန်တူသည်။

ဟင်ဒရစ်တို့ လူစုက သတိလစ်ချင်ယောင်ဆောင်နေသော ကျွန်တော့်ကို ခပ်ကြမ်းကြမ်းပင် ထူမွေ့လျက်မုန်တိုင်းပေါ်သို့ တင်ဆောင်သွားကြ၏။

"ဘယ့်နှယ်နေသေးသလဲဟေ့"

ဟယ်ဆလေရှေ့သို့ ရောက်လာမှန်း ကျွန်တော်က သိလိုက်၏။

"ဘာမှ ကျိုးပဲ့ပြီးမသွားပါဘူး။ ကျောနဲ့ တင်ပါးမှာ ပွန်းပဲ့သွားရုံလောက်ပါ။ ရေထဲမြုပ်သွားပြီး အသက်မရှူနိုင်ဘဲ သတိလစ်သွားတာ"

ဟင်ဒရစ်က ဤသို့သတင်းပို့လိုက်ပြီးနောက် ကျွန်တော်အတ္တဘောကြီးကို သူတို့လူစုပင် မချီ၍ယူသွားပြီးနောက် အခန်းတစ်ခုထဲရှိ အိပ်စင်ပေါ်တွင် အထုပ်အပိုးတစ်ခုကို ပစ်တင်လိုက်သကဲ့သို့ တင်ထားလိုက်ကြ၏။

မျက်စိကိုဖွင့်၍ ကြည့်လိုက်သောအခါ အခန်းကလေးတစ်ခုထဲသို့ ရောက်ရှိနေကြောင်း တွေ့ရ၏။ ကျွန်တော်ရှေ့တွင် ဟယ်ဆလေနှင့် ဟယ်ဒရစ်တို့က ရပ်လျက် ရှိသည်ကို တွေ့ရ၏။

ဟယ်ဆလေက အခန်းတံခါးကို ပိတ်လိုက်ပြီး ကုလားထိုင်တစ်လုံးကို ဆွဲ ယူ၍ ကျွန်တော့် အိပ်စင်အနီးကွင် ကပ်၍ ထိုင်လိုက်သည်။

"ကဲ...ရဲဘော် သုံးရောင်ခြယ်ပေါ်ကို ဘယ်နည်းဘယ်ပုံရောက်လာတာလဲ ပြောစမ်းပါဦး"

ဟယ်ဆလေ၏ အသံက အေးအေးပင်ဖြစ်၏။ အေးပုံမှာ ချွန်ထက်သော ဓားသွားအဖျားအေးပုံတည်း။

ကျွန်တော်က ကြောင်၍ နေမိသည်မှာ အမှန်ပင် ဖြစ်၏။

"ခင်ဗျားက ကျုပ်ကိုဘာလုပ်မလို့လဲ"

ကျွန်တော်က မဆိုသင့်စကားကို ဆိုလိုက်မိ၏။ ကမ္ဘာမကြေနိုင်အောင် ရန်သူတွေဖြစ်နေကြရသည့်အချိန်၌ ကျွန်တော်က ဤသို့ စကားမျိုးကို မဆိုထိုက်ကြောင်း နောက်ကျမှသိလာ၏။

"ကျုပ်က မောင်ရင့်ကို ဘာလုပ်မယ်ဆိုတာ မောင်ရင်နဲ့ မောင်ရင့် အပေါင်းအသင်းတွေရဲ့ ပြုမူပုံပေါ်မှာ တည်နေတာပဲ မဟုတ်လား"

ကျွန်တော့် အမေးကို ဟယ်ဆလေက အမေးဖြင့် ပြန်၍ အဖြေပေးလိုက်လေသည်။

ကျွန်တော်က စကားမစနိုင်မီ ဟယ်ဆလေက နိဒါန်းသွယ်၍ ပေးလိုက်၏။



"နယူးကာဆယ်မှာ ကျုပ်တို့ကျောက်ချရပ်စွဲထားတုံး မောင်ရင်နဲ့ ကွတ်ဆိုတဲ့ အကောင်က မုန်တိုင်းပေါ်ကို ရောက်လာပြီး သုံးရောင်ခြယ် ဘယ်နေရာမှာ ရှိတယ်ဆိုတာ ရန်ကင်းဆီက သိသွားတယ်မဟုတ်လား။ သိသွားပြီး ဘာတွေ ဆက်လုပ်ကြသလဲ"

"ကျုပ်တို့က သင်္ဘောတစ်စင်းရအောင်ရှာပြီး ဒီကျွန်းကိုရောက်အောင် လာခဲ့ကြတာပေါ့"

ကျွန်တော်က ယခုပင် ကြောက်စိတ်ကိုပြန်၍ ထိန်းလာနိုင်ပြီး ကက်ပတိန် ဟယ်ဆလေအား ပမာမခန့်သည့် လေသံဖြင့် ပြန်၍ ပြောလိုက်၏။

"ဘယ်လိုလုပ်ပြီး သင်္ဘောတစ်စင်းရသလဲ မောင်ရင်တို့အဖွဲ့မှာ လူဘယ်နှယောက်ပါသလဲ။

ဟယ်ဆလေ၏ အမေးကို ကျွန်တော်က ယောင်ဝါးဝါး အဖြေပေးလိုက်၏။

"လူတော်တော်များများပါတာပေါ့ဗျာ"

ဟယ်ဆလေက စိတ်ကို ထိန်းချုပ်ထားရသည့်ဟန်ဖြင့် အောက်နှုတ်ခမ်းကို ဓားမြှ ကိုက်ထားလိုက်၏။ ပြီးမှ..."

'ရဲဘော်ဗာဒီ...တစ်ဆိတ်ကလေး တိတိကျကျပြောစမ်း'ဟုဆိုလိုက်၏။

"တိတိကျကျ သိချင်ရင် ကိုယ့်ဟာကို သွားပြီး ကြည့်ပေါ့ဗျာ"

ဟယ်ဆလေက တဟားဟားရယ်လိုက်၏။ လှောင်ရယ် ရယ်လိုက်ခြင်းပင်တည်း။

"မောင်ရင်က ကျုပ်မေးတာကို အဖြေမပေးချင်ပေမဲ့ မောင်ရင် အဖြေပေးလာအောင် လုပ်တဲ့နည်းတွေ အများကြီးရှိတယ်ကွာ"

ဟယ်ဆလေက ဤသို့ ဆိုလိုက်ရင်း စကားဆက်လိုက်၏။

"မောင်ရင်...ပဲ့ပိုင်းကနေပြီး ရေထဲကို လိမ့်ကျလာတဲ့အချိန်မှာ အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရတယ်၊ သူက မောင်ရင့်ကို ဆယ်ဖို့အတွက် တစ်ယောက်ယောက်ကို တိုက်တွန်းပြောဆိုနေပုံကိုလည်း တွေ့ရတယ်၊ သူ့ကိုကြည့်ရတာ မောင်ရင်တို့နဲ့အတူ ဖောင်ပေါ်မှာလိုက်သွားတဲ့ ဂျနီဖာနဲ့ တူသလိုလို ဂျနီဖာပဲ မဟုတ်လား"

ဟယ်ဆလေ၏အသံက နောက်ဆုံး မေးခွန်းထုတ်လိုက်သည့်[illegible] ထက်မြက်စူးရှ၍လာလေသည်။

သူက ကျွန်တော်ထိုင်လျက်ရှိသော အိပ်စင်ရှိရာသို့ တိုး၍လာသည်[illegible]

www.burmeseclassic.com

www.burmeseclassic.com



အစုံကလည်း နဂါးခံတွင်းကဲ့သို့ မီးတဝင်းဝင်းတောက်နေသည်ဟု ထင်ရ၏။ ကျွန်တော့်ကိုသာ ထိုးကြိတ်၍ လာခဲ့လျှင် ကျွန်တော်ကလည်း ပြန်၍ ခုခံနိုင်ရန်အတွက် သတိထား၍ နေလိုက်၏။

ဟယ်ဆလေက ထိုးတော့ ကြိတ်တော့မည့် ပုံသဏ္ဌာန်ဖြင့် ကုလားထိုင်မှ ထလိုက်ပြီးနောက် အေးဆေးသော အမူအရာဖြင့် ပြန်၍ထိုင်လိုက်၏။

"အင်း...ကျုပ်မြင်လိုက်ရတဲ့ အမျိုးသမီးဟာ ဂျနီဖာဖြစ်ရမှာပဲ၊ မောင်ရင်နဲ့ ချစ်နေကြလို့သာ ဒါလောက်ကြမ်းတမ်းတဲ့ခရီးကို လိုက်လာတာ ဖြစ်ရမှာပဲ။ ဘာပဲဖြစ်ဖြစ် ဗာဒီ၊ မောင်ရင်နဲ့ မောင်ရင့်အဖွဲ့သားတွေအတွက် ကျုပ်က အခွင့်ကောင်းတစ်ခုတော့ပေးမယ် လက်နက်ချကြပါ။ မောင်ရင်နဲ့ မောင်ရင့်အဖွဲ့သားတွေက ကျုပ်ဆီမှာ လက်နက်ချကြပါ။ မောင်ရင်နဲ့ ကွတ်က ထောင်ပြေးနှစ်ယောက် မဟုတ်လား။ ဥပဒေကတော့ မောင်ရင်တို့ကို ချမ်းသာပေးမှာမဟုတ်ဘူး။ ဒါပေမဲ့ မောင်ရင့်အဖွဲ့သားတွေက ကျုပ်တို့ကို သုံးရောင်ခြယ်သင်္ဘောပေါ်ကို အေးအေးချမ်းချမ်း တက်လာနိုင်အောင် အခွင့်ပေးမယ်ဆိုရင်တော့ အင်္ဂလန်ကို ကျုပ်တို့ တစ်တွေ ပြန်ရောက်တဲ့အချိန်မှာ..."

ဟယ်ဆလေ၏ စကားမဆုံးမီပင် ကျွန်တော်က ကြားမဖြတ်၍ ပြောလိုက်၏။

"ကျုပ်က...အရူးမဟုတ်ဘူး၊ ကျုပ်တို့ကို မဆိုထားနဲ့ မုန်တိုင်းသင်္ဘောပေါ်မှာ ပါလာတဲ့ သင်္ဘောသားတွေကိုတောင် အင်္ဂလန်ကို ပြန်ခေါ်သွားဖို့ ခင်ဗျားက စိတ်ကူးမှာမဟုတ်ဘူး။ သုံးရောင်ခြယ်သင်္ဘောက သင်္ဘောသားတွေကို ပင်လယ်ထဲမှာ ကိစ္စတုံးအောင် လုပ်ခဲ့သလို မုန်တိုင်းပေါ်က သင်္ဘောသားတွေကိုလည်း အစဖျောက်ခဲ့မှာပဲ မဟုတ်လား၊ ခင်ဗျားနဲ့အတူ ခေါ်သွားမှာက ပီနန်တုန်းက အာဏာပါးကွက်သားဖြစ်တဲ့ ဟင်ဒရစ်၊ ဂျူတ်နဲ့ အီဗန်ပဲ မဟုတ်လား"

ဟယ်ဆလေက သက်ပြင်းတစ်ချက်ကို လေးလေးကြီးချလိုက်၏။

"ဗာဒီ...စဉ်းစဉ်းစားစားလည်း လုပ်ပါဦး။ မောင်ရင် စဉ်းစားနိုင်အောင်လည်း ကျုပ်က အချိန်ပေးပါဦးမယ် ။ သုံးရောင်ခြယ်ကို အခွင့်မရှိဘဲ ပိုင်စိုးပိုင်နင်းလုပ်ထားမှု၊ ကျုပ်တို့ မုန်တိုင်းကို အမြောက်နဲ့ ပစ်မှုတွေဟာ တရားဥပဒေအရ ရုံးတော်မှာဆိုရင် ပုန်ကန်ထကြွမှုအဖြစ် စွဲချက်တင်ခံနေရမှာ အမှန်ပဲ၊ ဒီတော့ မောင်ရင် စဉ်းစားနိုင်အောင်..."

ဟယ်ဆလေ၏ စကားမဆုံးမီ ကျွန်တော်က ကြားဖောက်၍ပြောလိုက်၏။



"သုံးရောင်ခြယ်က မိုင်းဗုံးထိပြီး နစ်သွားပြီလို့ တိုင်းသိပြည်သိ ကြေညာပြီးမှ ဟောဒီ နေရာထိရောက်အောင် ယူလာတာကတော့ကော"

ကျွန်တော့် အမေးကို ဟယ်ဆလေက ရယ်သွမ်းသွေးလိုက်ရင်း...

'မောင်ရင့်နဲ့ ကျုပ်နဲ့ စစ်ခုံရုံးမှာ ရင်ဆိုင်ဖို့ကိုတော့ ကျုပ်ကလည်း မစဉ်းစားပါဘူး။ မောင်ရင်...ဒီကိုလာရတဲ့ ကိစ္စလည်း အကျိုးနပ်အောင် မောင်ရင်လွတ်ရာလွတ်ကြောင်းကိုလည်း စီစဉ်နိုင်အောင် ကျုပ် အပေးအယူကလေးတစ်ခု ကျုပ်ကပဲစပြီး လုပ်ပေးပါ့မယ်။ ငွေချောင်းတွေထဲက နည်းနည်းပါးပါး ပျောက်ဆုံးနေတယ်ဆိုပြီး ကျုပ်က သက်ဆိုင်ရာ အာဏာပိုင်တွေကို အစီရင်ခံနိုင်တယ် မဟုတ်လား။ သင်္ဘောကြီးတစ်စင်းနဲ့ အတူ မြုပ်သွားတဲ့ ငွေချောင်းတွေကို အားလုံးရအောင် မဆယ်နိုင်ဘူးဆိုရင် သက်ဆိုင်ရာ အာဏာပိုင်တွေကလည်း ယုံကြည်ကြမှာပဲ မဟုတ်လား။ ဒီတော့ မောင်ရင့်ကို ကျုပ်က ငွေချောင်းတွေထဲက ဝေစုနည်းနည်း ခွဲပေးမယ်။ အဲဒီလို ခွဲပေးပြီးတဲ့နောက် မောင်ရင်နဲ့ မောင်ရင့်အဖွဲ့သားတွေကို နော်ဝေကမ်းခြေမှာရှိတဲ့ ထရွမ်ဆိုဆိပ်ကမ်းမှာ ဖြစ်ဖြစ် ချထားပေးခဲ့မယ်။ ငွေရှိတဲ့ လူတစ်ယောက်ဟာ ဘယ်အခါမဆို ကိုယ်ယောက်ဖျောက်လို့ ရတယ်မဟုတ်လား'

ဟု အေးအေးသက်သာ စကားဆို၏။

ပြီးမှ သူ့အဆိုပြုချက်ကို သူကိုယ်တိုင် သဘောကျသွားသည့် ဟန်ဖြင့် ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်ရင်း...

'ကျုပ်ရဲ့ အစီအစဉ်ကို မောင်ရင်က လက်ခံထိုက် မထိုက်စဉ်းစားပါဦး။ လက်ခံလာအောင်လည်း မောင်ရင့်အဖွဲ့သားတွေကို ကျုပ်က တစ်ဖက်ကလှည့်ပြီး ဆားတီးပေးရဦးမှာပေါ့'ဟု ပြောနေပြန်သည်။

ဤသို့ ပြောဆိုနေရာမှ ဇာတ်မင်းသားတစ်ဦး၏ လေသံအတိုင်း...

'ဩော်...အချစ်...အချစ် တယ်ပြီး အဖြစ်သည်းပါကလားနော်' ဟု ဆိုလိုက်၏။

ပြီးမှ ဟင်ဒရစ်ကို ခေါ်လိုက်ကာ အခန်းအပြင်ဘက်သို့ ထွက်ခွာသွားသည်။ ဤသို့ထွက်ခွာမသွားမီ ရှိတ်စပီးယား၏ သံသာလေကမ်းတိုင် အချစ်ဇာတ်လမ်းဖြစ်သော ရိုမီယိုနှင့် ဂျူးလီယက်ဇာတ်လမ်းကို ရည်ညွှန်းကာ...

'ကျုပ်တို့က ရိုမီယိုကိုတော့ အပိုင်စီးထားနိုင်ပြီ။ ဂျူလီယက် [illegible] ဂျနီဖာကို သွားပြီး ကျုပ်တို့အကြံအထမြောက်အောင် တစ်မျိုး [illegible] ကြဦးစို့ရဲ့'ဟု လေပြေထိုး၍ သွားလိုက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးကို အပြင်ဘက်မှ သော့ခတ်၍ သွားသံကိုကြားလိုက်ရပြီး နောက် ကျွန်တော်က အိပ်စင်ပေါ်မှဆင်းပြီး မတ်တတ်ထရပ်လိုက်၏။ ကျွန်တော့် တစ်ကိုယ်လုံးမှာ လေးထပ်တိုက်ပေါ်မှ ကတ္တရာစေးလမ်းပေါ်သို့ ကျလာသူတစ် ယောက်ကဲ့သို့ အရိုးများပိုင်းပိုင်းကျိုးနေသည်ဟု ထင်ရသည်တိုင်အောင် ကျော နှင့် တင်ပါးတွင်သာ အရေများစုတ်လျက်ရှိသည်ကို စမ်းသပ်တွေ့ရှိရ၏။ ဘာ ကြောင့်များ ကျွန်တော်က သုံးရောင်ခြယ်ပဲ့ပိုင်းမှနေ၍ ရေထဲသို့ ထိုးကျလာရသည့် အဖြစ်မျိုးနှင့် ကြုံကြိုက်ရပါသနည်း ဟု တွေးလိုက်မိ၏။

ကျွန်တော်က အခန်းကြမ်းပြင်ပေါ်တွင် အားယူ၍ထလိုက်သည့်အချိန်တွင် ပင် ဟယ်ဆလေ၏ အသံက အသံချဲ့စကားပြောခွက်မှနေ၍ ပေါ်ထွက်လာသည်။

"သုံးရောင်ခြယ် မုန်တိုင်းခေါ်နေတယ်။ သုံးရောင်ခြယ် မုန်းတိုင်းခေါ်နေ တယ်။ သုံးရောင်ခြယ်က သင်္ဘောနဲ့တကွ သင်္ဘောပေါ်မှာရှိတဲ့ ငွေချောင်းတွေကို တစ်နာရီအတွင်းမှာ မုန်တိုင်းကိုမပေးအပ်ရင် ဗာဒီကိုပင်လယ်အတွင်း သင်္ဘော ပေါ်မှ ၁ပုန်ကန်မှုနဲ့ လည်ပင်းမှာ ကြိုးကွင်းတပ်ပြီး သတ်ရလိမ့်မယ်"

ဟယ်ဆလေက ဤရာဇသံကို နှစ်ကြိမ်တိုင်တိုင် အော်၍ ပြောဆိုလိုက်၏။

မည်သို့ပင်ဖြစ်စေ ဟယ်ဆလေက သုံးရောင်ခြယ်ပေါ်မှ ကျွန်တော်တို့အဖွဲ့ သားများ ကြောက်သွားအောင် ခြိမ်းခြောက်နေခြင်းသာဖြစ်သည်ဟု ကျွန်တော်က ထင်မိ၏။ သို့ရာတွင် ထမင်းချက်ရဲဘော်ကြီးပြောပြသော ပီနန်သင်္ဘောပေါ်မှ အဖြစ်အပျက်များကို ပြန်လှန်၍ တွေးမိသောအခါ ဟယ်ဆလေသည် ပြောသည့် အတိုင်း လုပ်တတ်သည့် လူတစ်ယောက်ဖြစ်ကြောင်းကို ပြန်ပြောင်း၍ သတိရ လာ၏။

ကျွန်တော်သည် ကြက်သီးတဖြန်းဖြန်း ထ၍လာမိလေသည်။

တစ်နာရီအချိန်အတွင်း၌ ကျွန်တော်လည်ပင်းတွင် ကြိုးကွင်းကြီး စွပ်လျက် တန်းလန်းဖြင့် ရှိနေမည်လား။

သို့တည်းမဟုတ် ရဲဘော်ကြီးကွတ်နှင့် ဂျနီဖာတို့က သုံးရောင်ခြယ် သင်္ဘော ကို ငွေချောင်းများနှင့်အတူ အာဏာပါးကွက်သားတို့၏ အကြီးအမှူးဖြစ်သော ဟယ် ဆလေလက်သို့ အပ်ပြီးသားဖြစ်နေမည်လား။

ကျွန်တော့်လည်ပင်းကို ကြိုးကွင်းတပ်၍ သတ်မည်ဖြစ်စေ၊ ရဲဘော်ကြီး ကွတ်နှင့် ဂျနီဖာတို့က သုံးရောင်ခြယ်သင်္ဘောကို ငွေချောင်းများနှင့်အတူ ဟယ်ဆ လေလက်သို့ ဝကွက်၍ အပ်လိုက်သည်ဖြစ်စေ ကျွန်တော်တို့ အားလုံးအဖို့ နောက်



ဆုံး အကျိုးတရားမှာ အစိမ်းသေသေရခြင်းသာ ဖြစ်ပေလိမ့်မည်။

ကျွန်တော်တို့လူသိုက်ကို ချက်ချင်း လက်ငင်း ပစ်သတ်ချင်လျှင်လည်း ပစ်သတ်မည်။ သို့တည်းမဟုတ် လူမနေသည့် တစ္ဆေကျွန်းပေါ်တွင် ကျွန်တော်တို့ လူသိုက်အား အစာငတ်ရေငတ်၍ သေအောင်သော်လည်း ထားရစ်ခဲ့မည်ဖြစ်၏။

မိမိဘက်မှ အကြောင်းပြချက်ကောင်းရန်အတွက် ဟယ်ဆလေသည် ကျွန် တော်တို့အား လတ်တလောချင်း ပစ်သတ်ခဲ့မည် မဟုတ်ဘဲ အစာရေစာမရှိသော လူမနေသည့် တစ္ဆေကျွန်းပေါ်၌ သောင်တင်၍ထားပစ်ခဲ့သည်မှာ အမှန်ပင်ဖြစ်မည်။

ဟယ်ဆလေ၏ အညှင်းဆဲခံ အသတ်ခံဘဝမှ လွတ်မြောက်အောင် ရုန်း ကန်ရမည့်တာဝန်မှာ ဤခရီးကို ဤအဖွဲ့ကိုခေါင်းဆောင်၍လာခဲ့သော ကျွန်တော့် တာဝန်ပင် မဟုတ်ပါလား။

ကျွန်တော်က အခန်းကြမ်းပြင်ပေါ်တွင် မတ်တတ်ရပ်နေရာမှ အခန်း တစ်ခုလုံးကို စေ့စေ့စပ်စပ်လှည့်၍ ကြည့်လိုက်၏။

ဒုတ်မိုးထောင်ကြီးတွင် ကျွန်တော်တို့အား အလုံပိတ်၍ ထားသော အခန်း ထက်ပင် ကျဉ်း၍နေသည်ကို တွေ့ရ၏။

ကြောက်စိတ်က ကျွန်တော်တစ်ကိုယ်လုံး ဖုံးလွှမ်း၍ သွား၏။

ထွက်ပေါက်ဆို၍ တစ်ခုမျှမရှိ။ ရှိသောတံခါးပေါက်ကိုလည်း ဟယ်ဆ လေနှင့် ဟင်ဒရစ်တို့ အပြင်မှ သော့ခတ်၍သွားခဲ့သည် မဟုတ်လား။

တံခါးကို လက်သီးဖြင့် တဖြုန်းဖြုန်းထု၍ဖွင့်၏။ လက်သီးများ နာကျင်လာ ၍တော့မှ အခန်းထဲရှိ ကုလားထိုင်များဖြင့် ထုရိုက်ဖွင့်ရန် သတိရလာ၏။ ကြောက် စိတ်က ကျွန်တော့်ကို လွှမ်းမိုးနေခြင်းပင်တည်း။

ကုလားထိုင်ဖြင့် တံခါးကို ရိုက်၍ဖွင့်သော်လည်း ကုလားထိုင်သာ ကျိုး၍ သွားသည်။ ပို၍လက်လေးရှိသော လက်နက်တစ်ခုကို ရှာကြည့်၏။ တစ်ခုမှ မတွေ့ရ။

မတွေ့ရသောအခါ ကြောက်စိတ်က ပို၍လွှမ်းမိုးလာလေသည်။ ရှိနေသော ကုလားထိုင်နှစ်လုံးအနက် တစ်လုံးကို ကောက်၍ယူကာ အပြင်မှ သော့ပိတ်၍ သွားသောတံခါးကို အားကုန်ထုရိုက်၍ ဖွင့်နေမိပြန်သည်။

တံခါးကမပွင့်ဘဲ လက်ထဲမှ ကုလားထိုင်သာ အပိုင်းပိုင်းကျိုး၍သွား၏။

ကျွန်တော်က အုတ်တံတိုင်းကြီးပမာ ရှေ့မှခံနေသော တံခါးကို ကြေးမျှ သွေးတန်းဖြင့် ပွင့်အောင် ဆက်၍ဖွင့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် လက်သီးများဖြင့် တဖြုန်းဖြုန်း တဒိုင်းဒိုင်းမြည်အောင် တံခါးကို ထိုးနေမိသည်။ ဤသို့ထိုးနေရင်းက သတိလစ်၍သွားခဲ့၏။

သတိပြန်၍ရလာသောအခါ ကျွန်တော်သည် တံခါးလက်ကိုင်ကို တင်းတင်း ဆုပ်လျက် သူရူးတစ်ယောက်ပမာ တကျူကျူငို၍နေသည်ကို သတိထားလိုက်မိ၏။

ကျွန်တော့်စိတ်ကို ကျွန်တော် သမာဓိပြန်၍ ဝင်အောင် ကြိုးစားလိုက်သည်။

အိပ်စင်ပေါ်တွင် ပြန်၍ထိုင်ကာ လွတ်မြောက်မည့်နည်းကို ရှာကြံကြည့်နေမိသည်။

လွတ်မြောက်ရေးလမ်းစကို မတွေ့ရသေး။

မည်သို့ပင်ဖြစ်စေ ကျွန်တော်ကတော့ ဤအခန်းထဲမှ ဤမုန်တိုင်း သင်္ဘောမှ လွတ်မြောက်အောင် ကြံဆောင်ကြိုးစားရမည် မဟုတ်ပါလား။

□

(၁၄)

တဒိတ်ဒိတ် ခုန်နေသောရင်ကို ငြိမ်သွားအောင် အိပ်စင်ပေါ်တွင် လှဲနေ လိုက်၏။ မျက်စိကိုလည်း ပိတ်ထားလိုက်သည်။

အခန်းပေါ်ဘက်ရှိ ကုန်းပတ်ပေါ်တွင် သွားလာလှုပ်ရှားနေသော ဖိနပ်သံများက ကျွန်တော့်ကို သတိပေး လှုံ့ဆော်နေသကဲ့သို့ ဖြစ်၏။ ကုန်းပတ်တွင် ခင်းထားသော ပျဉ်များမှာ ကျွန်တော်ရောက်ရှိနေသော အခန်း၏ မျက်နှာကြက် သဖွယ် ဖြစ်နေသည်။

ခြေသံများ ကြားရသော အပေါ်ဘက်သို့ မျက်နှာမော့၍ ကြည့်ရင်း ကုန်းပတ် ကြမ်းပြင်ထက် နှစ်ပေခန့်ပို၍ မြင့်နေသည့် အံဖုံးတစ်ခုကို သွား၍ တွေ့လိုက်၏။

လွတ်မြောက်ရေးလမ်းစကိုရှာ၍နေသော ကျွန်တော်က အိပ်စင်ပေါ်တွင် လှဲနေရာမှ ထိုင်လိုက်ရင်း အခန်းထဲမှ တွေ့နေရသော နှစ်ပေခန့် မြင့်နေသည့် အံဖုံးတွင် အချင်းခြောက်လက်မခန့် ရှိသော စက်ဝိုင်းပေါက်ကလေးတစ်ခုရှိနေသည့်အသွင်ကို တွေ့မြင်လိုက်ရ၏။

ဤစက်ဝိုင်းပေါက်ကို ပိတ်၍ထားခြင်းမှာ ကျောက်ဆည်ပေါက်မှဖြတ်သန်း၍လာစဉ် သင်္ဘောအတွင်းသို့ ရေမဝင်နိုင်ရန်အတွက် ရှိသမျှ အပေါက်ဆီ လုံလုံ ခြုံခြုံပိတ်ဆို့ရာတွင် ဤစက်ဝိုင်းပေါက်ကလေးကိုပါ သတိဝီရိယလှုံ့ဆော်၍ ပိတ်ထားခဲ့ဟန်တူသည်ဟု ယူဆရ၏။

ကျွန်တော်က ကုလားထိုင်တစ်ခုပေါ်မှ တက်ပြီး ပိတ်ထားသော စက်ဝိုင်းပေါက်ကို ဖွင့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အချင်းခြောက်လက်မခန့်ရှိသော စက်ဝိုင်းပေါက်တွင် မျက်နှာကို အပ်၍ ကြည့်လိုက်သောအခါ လူတစ်ယောက်၏ ခြေထောက်နှစ်ဖက်က စက်ဝိုင်းပေါက်ကို ခွလျက်ရှိနေသည်ကို တွေ့လိုက်ရ၏။

ခြေထောက်နှစ်ခုအကြားမှ တွေ့မြင်နေရသည့် အရာကား မိုင်ဝက်ခန့်အကွာတွင် လှိုင်းများအကြား၌ တည်ငြိမ်စွာရှိနေသော သုံးရောင်ခြယ်သဘော်၏ ရောပင်တည်း။

ရေမှာ သံချေးကိုက်နေသဖြင့် ရဲရဲနီလျက် ရှိနေလေသည်။

အချင်းခြောက်လက်မခန့်ရှိသော စက်ဝိုင်းပေါက်သာ ယခုထက် အနည်းငယ် ကျယ်မည်ဆိုလျှင် ဤအပေါက်မှ ဖြစ်သလို ထွက်၍ သုံးရောင်ခြယ် အရောက် လက်ပစ်ကူးရလျှင် ဟူသောအတွေးက ကျွန်တော့်ခေါင်းထဲသို့ ဝင်လာ၏။

သို့ရာတွင် အာတိတ်သမုဒ္ဒရာအတွင်းတွင် ပါဝင်လျက်ရှိသော ဘာရင့်ပင်လယ်ရေပြင်မှာ ရေခဲတမျှ အေးလှသည်ဖြစ်ရာ မိုင်ဝက်ခန့်ခရီးကို လက်ပစ်ကူးနေရင်း ကျွန်တော့် တစ်ကိုယ်လုံးမှာ ရေခဲစိမ်ထားသော အလောင်းတစ်ခုကဲ့သို့ ဖြစ်လာမည်ကိုလည်း စိုးရိမ်ရ၏။

စက်ဝိုင်းပေါက်ကိုလည်း ချဲ့၍ရမည်မဟုတ်သလို မိုင်ဝက်ခန့်ရှိသော ခရီးကိုလည်း ကျွန်တော်က ကူးနိုင်မည်မဟုတ်။

မည်သို့ပင်ဖြစ်စေ စက်ဝိုင်းပေါက်မှနေ၍ သုံးရောင်ခြယ်ကို တွေ့မြင်နေရခြင်းက လည်းကောင်း၊ လေကောင်း လေသန့်များကို ရှူရှိုက်ရခြင်းက လည်းကောင်း ကျွန်တော့် စိတ်ကို လန်းဆန်းကြည်လင် အားတက်၍လာစေခဲ့၏။

ဤအချိန်တွင်ပင် စက်ဝိုင်းပေါက်ကို အပေါ်မှ ခွ၍ ထိုင်နေသူက...

'သဘော်သားအဖြစ် အမှုထမ်းခဲ့တာ နှစ်ဆယ့်သုံးနှစ်တောင်ရှိပြီ။ လူတစ်ယောက်ကို ပုန်ကန်မှုကြောင့်သဘော်ပေါ်မှာ လည်ပင်းကြိုးကွင်းစွပ်ပြီး သတ်တာ တစ်ခါမှမတွေ့ခဲ့ဘူး။ နို့ပြီး ပုန်ကန်မှုလို့ပဲ ဆိုဦးတော့ လူတစ်ယောက်ကို အမှုမစစ်မဆေးဘဲ အပြစ်ပေးတာဟာ တရားစီရင်တာမဟုတ်ဘဲ လူသတ်တာလို့ပဲ၊ လူသတ်မှုကျူးလွန်တာလို့ပဲ ကျုပ်က ထင်တယ်'ဟု ပြောလိုက်သံကို ကြားလိုက် ရ၏။

ထိုသူအနီးတွင် ရှိနေဟန်တူသော အခြားလူတစ်ယောက်၏ အသံကိုလည်း ကျွန်တော်က ကြားလာရပြန်၏။

"ဟုတ်တယ် လူသတ်မှုကျူးလွန်တာပဲဖြစ်မှာပဲ။ လူတစ်ယောက်က ဘာပဲ



လုပ်ခဲ့ လုပ်ခဲ့၊ သူ့ကို အမှုစစ်ဆေးပြီးမှ လျှောက်လဲ ထုချေခွင့်ပေးပြီးမှ အပြစ်ရှိရင် ရှိသလို စီရင်ရမှာပဲ မဟုတ်လား။ ကက်ပတိန်ဟယ်ဆလေဆိုတဲ့ လူကလည်း တော်တော်ဆိုးပုံရတာပဲ။ သုံးရောင်ခြယ်သဘော်က သဘော်သားနှစ်ဆယ့်သုံးယောက် ရေအောက်မှာ အသက်ပျောက်ပြီးသွားရတဲ့အကြောင်းမှာ လျှို့ဝှက်ချက်တွေ ပါချင်ပါနေမှာ"

ဒုတိယလူ၏စကားအဆုံးတွင် ကျွန်တော်က စက်ဝိုင်းပေါက်မှနေ၍ တိုးသော်လည်း စူးရှသောအသံဖြင့်...

'ရဲဘော်တွေ ဒီနေရာမှာ ပဲရပ်ပြီး စကားပြောချင်ယောင်ဆောင်နေကြပါ။ ရဲဘော်တို့သိချင်နေတဲ့ အဖြေကို ကျွန်တော်အများကြီးပြောပြနိုင်ပါတယ်။ သုံးရောင်ခြယ်က သဘော်သားနှစ်ဆယ့်သုံးယောက် ရေအောက်အသက်ပျောက်သွားရတာဟာ ရိုးရိုးသားသားမဟုတ်ဘူး။ အသက်ကယ်လှေဝမ်းဗိုက်က မျဉ်စပ်တွေကို တမင်ကျွတ်ထွက်အောင် လုပ်ထားတာ။ နှစ်ဆယ့်သုံးလောင်းပြိုင်လူသတ်မှုကြီးမှာ တာဝန်အရှိဆုံးကတော့ ဟယ်ဆလေနဲ့ ဟင်ဒရစ်ပဲ။ ဒီလူတွေသေကုန်မှ သဘော်ပေါ်မှာပါလာတဲ့ ငွေချောင်းတွေကို သူတို့ချည်းရအောင်လုပ်တာ'ဟု ပြောပြလိုက်၏။

စက်ဝိုင်းပေါက်တွင် ခွ၍ထားသော ခြေထောက်နှစ်ချောင်းက ပူးကပ်၍ သွားသည်ကို တွေ့လိုက်ရ၏။

"ဒါတွေကို ခင်ဗျားက ဘယ်လိုလုပ်ပြီးသိလဲ"

အိုင်းရစ်သံဝဲဝဲဖြင့် ပထမလူက ကျွန်တော့်ကို မေးလိုက်၏။

"ကျွန်တော်က သုံးရောင်ခြယ်အပေါ်မှာ လိုက်ပါလာခဲ့တဲ့လူတစ်ယောက်ပဲ။ ဖောင်ကလေးတစ်ခုနဲ့ မျောပြီး အသက်မသေဘဲ ကျန်ရစ်ခဲ့ရတယ်။ ဒါဟာ အဖြစ်အပျက်အမှန်ပဲ။ ရဲဘော်တို့တစ်တွေလည်း သုံးရောင်ခြယ်က သဘော်သားတွေလို ပင်လယ်အောက်မှာ အသက်မပျောက်ကြရအောင် သတိထားကြပါ။ ဟယ်ဆလေက သူ့ဂိုဏ်းကလူတွေလောက်ပဲ အင်္ဂလန်ကို အရောက်ပြန်ခေါ်သွားမှာ ငွေချောင်းတွေကို မုန်တိုင်းပေါ် အရောက်တင်ပြီးတဲ့နောက် သုံးရောင်ခြယ်ကို အစ ဖျောက်ပစ်လိုက်လိမ့်မယ်။ ကျန်တဲ့လူတွေကိုတော့ ဟောဒီကျွန်းပေါ်မှာ ထားခဲ့လိမ့်မယ်။ ရဲဘော်တို့ အများကြီး သတိရှိဖို့လို့ပါတယ်"

ကျွန်တော့်စကားကို အပြင်မှ ရဲဘော်နှစ်ယောက်က ငြိမ်၍နားထောင်နေကြ၏။ ကျွန်တော်က ထပ်၍ မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်ဆလေက ခင်ဗျားတို့ သဘော်သားတွေကို လက်နက်တွေ ထုတ်ပေးထားသလား"

"မပေးဘူး။ သူနဲ့ ပထမအရာရှိမှာပဲ လက်နက်တွေရှိတယ်။ သူ့လှုပ်ယုံတော်ဂျူတ်နဲ့ အီဗန်ကိုလည်း လက်နက်တွေ ထုတ်ပေးထားတယ်"

အိုင်းရစ်အမျိုးသားသဘော်သားကပင် ကျွန်တော့်ကို အဖြေပေးလိုက်၏။

"ကဲ...ဒါကိုပဲ စဉ်းစားကြည့်တော့၊ ရန်ကင်းကိုကော လက်နက် ထုတ်ပေးမထားဘူးလား"

"ထုတ်ပေးမထားဘူး"

"ဒါကိုကြည့်လိုက်ရင် ဟယ်ဆလေက ရဲဘော်တို့အပေါ်မှာ ဘယ်လိုသဘောထားတယ်ဆိုတာ ထင်ရှားနေပြီ မဟုတ်လား။ ရန်ကင်းကို ဗာဒီက သူ့ရဲ့ ရှင်ရေး သေရေးနဲ့ ပတ်သက်ပြီး စကားပြောချင်တယ်ဆိုတာ ပြောပြလိုက်စမ်းပါ။ တခြားသဘော်သားတွေကိုလည်း အခု ကျွန်တော်ပြောပြတဲ့ စကားတွေကို ပြောပြလိုက်စမ်းပါ။ ရဲဘော်တို့တစ်တွေက ခုအချိန်မှာ ဘာမှမလုပ်ဘဲ ဟယ်ဆလေပြောတဲ့အတိုင်း အဟုတ်ကြီးထင်ပြီး နားထောင်နေမယ်ဆိုရင် ရဲဘော်တို့ရဲ့ အရိုးပုံတွေဟာ ယောဒီ မက်ဒွန်ရောခ်ကျွန်းပေါ်မှာ တောင်လိုပုံပြီး ကျစ်ရစ်ခဲ့မှာ အမှန်ပဲ"

"ခင်ဗျားက ထောင်ကျ အကျဉ်းသားတစ်ယောက်ဆိုတာ ဟုတ်သလား"

အိုင်းရစ်အမျိုးသားနှင့် အတူရှိနေသော သဘော်သားက ကျွန်တော့်ကို မေးလိုက်၏။

"ဟုတ်တယ် သုံးရောင်ခြယ်မှာ ဟယ်ဆလေနဲ့ ရန်ကင်းတို့ အမိန့်ကို မနာခံတဲ့အတွက် ထောင်ထဲကို ရောက်သွားရတာပဲ။ သူတို့အမိန့်ကို နာခံရင်လည်း ရေအောက်မှာ သဘော်သားနှစ်ဆယ့်သုံးယောက်နဲ့ အတူ ကျွန်တော်လည်း အသက်ပျောက်ခဲ့ရမှာပဲ။ ရဲဘော်တို့အသက်ကို ရဲဘော်တို့ တန်ဖိုးထားရင် မှန်တိုင်းသဘော်ကို ရဲဘော်တို့က အုပ်စီးထားနိုင်အောင် ခုကပဲစလုပ်ပါ။ မေးခွန်းတွေမေးပြီး အချိန်ဖြုန်းမနေကြပါနဲ့တော့"

အိုင်းရစ်အမျိုးသား ရဲဘော်နှင့် သူ့အဖော်က ခဏမျှငြိမ်၍နေကြ၏။

"ဝီလီ...လာ...သွားကြရအောင်။ ဂျိုးဇက်နဲ့ သွားပြီး တိုင်ပင်ရအောင်"

အိုင်းရစ်အမျိုးသား ရဲဘော်က အဖော်ဖြစ်သူအား ဤသို့ပြောလိုက်ပြီးနောက် စက်ဝိုင်းပေါက်နားမှ ထွက်ခွာသွားသည်ကို တွေ့လိုက်ရ၏။

အိုင်းရစ်ရဲဘော်နှင့် သူ့အဖော်ဖြစ်သူ ဝီလီတို့အပေါ်တွင် ကျွန်တော်က



အမျှော်လင့်ကြီး မျှော်လင့်၍ မထားဝံ့။ သို့ရာတွင် သူတို့နှစ်ယောက်သာလျှင် ကျွန်တော်အဖို့ မျှော်လင့်စရာရှိတော့သည်မဟုတ်လား။

လူနှစ်ယောက်နှင့် အဆက်အသွယ်ရကာ စက်ဝိုင်းပေါက်ကလည်း ဖွင့်နေလေသောကြောင့် ကျွန်တော်မှာ အားတက်၍နေမိ၏။ သို့တိုင်အောင် မေးခွန်းပေါင်းမြောက်မြားစွာက ကျွန်တော့်ခေါင်းထဲသို့ တိုးဝင်လျက်ရှိနေ၏။

ဂျိုးဇက်ဟုဆိုသူကား မည်သူနည်း။ ကျွန်တော့် စကားကို သဘော်သားများက ယုံကြပါမည်လား။ ယုံသည့်တိုင်အောင် သဘော်သားများက ဟယ်ဆလေကို တွန်းလှန်ဖယ်ရှားပစ်နိုင်ကြပါမည်လား။

အချိန်က တဖြည်းဖြည်းကုန်လာသည်။

ရန်ကင်းက ယခုတိုင်ပေါ်၍မလာသေး။

ကျွန်တော်သည် စက်ဝိုင်းပေါက်မှ မျက်နှာကို ပြန်၍ခွာလိုက်ပြီး အခန်းထဲမှနေ၍ ဖောက်ထွက်ခွင့် ရလို့ရငြား နေရာအနှံ့လိုက်၍ ကြည့်လိုက်၏။

အိပ်စင်အနီးတွင် စားပွဲကလေးတစ်ခုရှိ၏။ စားပွဲပေါ်တွင် စာအုပ်စင်ကလေးတစ်ခု ရှိသည်။ သဘော်နှင့်သက်ဆိုင်သော စာအုပ်များသာဖြစ်၏။ ဤစာအုပ်များအကြားတွင် ရှိတ်စပီးယားနှင့် ဘားနတ်ရှောပြဇာတ်ပေါင်းချုပ်များကို တွေ့ရ၏။ စားပွဲပေါ်ရှိ စာထည့်သော အခန်းကလေးထဲမှာ စာတစ်ထပ်ကြီးကိုလည်း တွေ့ရသည်။ စာများမှာ ကက်ပတိန်ဟယ်ဆလေထံ လိပ်တပ်၍ပေးသော စာများသာ ဖြစ်၏။ အခန်းထဲရှိ စာရေးစားပွဲတွင် ဟယ်ဆလေထံသို့ ပေးသော စာအထပ်ကြီးကို တွေ့ရခြင်းအားဖြင့် ဤအခန်းမှာ ကက်ပတိန်ဟယ်ဆလေ၏ အခန်းဖြစ်ကြောင်း ထင်ရှားလာ၏။

စားပွဲအံဆွဲတစ်ခုလုံးကို အိပ်စင်ထက်တွင် မှောက်လန်၍ ချပြီးနောက် ဟယ်ဆလေနှင့် ပတ်သက်၍ လျှို့ဝှက်ချက်များ အတိတ်ရာဇဝင်များ တွေ့ရလို တွေ့ရငြား ရှာကြည့်နေမိ၏။

ကျွန်တော့်အဖို့ တစ်နာရီတည်းသာ အသက်ရှင်လျက် ဤလောကကြီးတွင် နေရတော့မည်ဆိုသည်ကိုပင် မေ့၍ နေမိ၏။

ရေခံစာအိတ်ကြီးအတွင်းတွင် ဟယ်ဆလေ၏ ဇနီးဖြစ်သူထံမှ ပေးလိုက်သော စာတစ်စောင်ကို တွေ့ရ၏။ ရှေ့နေများ၊ ရှန်ဟဲနှင့် ကန်တုံရှိကုန်သည်များ၊ သဘော်ပိုင်ရှင်များထံမှ ဟယ်ဆလေထံသို့ ပေးလိုက်သောစာများကိုလည်း တွေ့ရ၏။ စာအိတ်ထူထူတစ်ခုလို ဖွင့်ကြည့်လိုက်သောအခါ မကြာင်းသတင်းစာများ

www.burmeseclassic.com

www.burmeseclassic.com



မှ ဖြတ်ပိုင်းများ ဖြစ်နေသည်ကို တွေ့ရ၏။ 'ပွဲကြိုက်သူ' ဖြတ်တောက်ထားသော ဖြတ်ပိုင်းများတည်း။

ဤဖြတ်ပိုင်းများထဲတွင် ဟယ်ဆလေ၏ ပုံတစ်ပုံကို တွေ့ရ၏။

**"လီယိုဖောင်း"** မင်းသားဘဝက ရိုက်ကူးပုံနှိပ်ထားသောပုံပင် ဖြစ်၏။ ဤပုံမျိုးကို သုံးရောင်ခြယ်သဘော်ာပဲ့စင်ထက်တွင်လည်း ကျွန်တော်တွေ့ခဲ့ရပြီး မဟုတ်လား။

လီယိုဖောင်း၏ ပုံအထက်တွင် ခေါင်းစဉ် စာလုံးမည်းမည်းတစ်ခုကို တွေ့ရ၏။

"မီးရှို့မှုဖြင့် မသင်္ကာသူပျောက်သွားခြင်း"

ဖြတ်ပိုင်းတွင်ပါသော သတင်းကို ဆက်၍ဖတ်လိုက်သောအခါ အောက်ပါအတိုင်း တွေ့ရ၏။

"ဇန်နဝါရီလ ၂၅ ရက်နေ့ညက **"ကဗျာ"** ဇာတ်ရုံမီးလောင်ရာတွင် မီးရှို့မှုဖြင့် မသင်္ကာခြင်း ခံရသော ဇာတ်မင်းသား လီယိုဖောင်းမှာ ပုလိပ်ဘက် ဌာနက စုံးစမ်း၍ မရအောင် ကိုယ်ယောင်ပျောက်နေကြောင်း။

"ကဗျာဇာတ်ရုံမှာ အိုစလင်တန်ရပ်ကွက်တွင်တည်ရှိလျက် ဇာတ်မင်းသား လီယိုဖောင်းမှာ ဤဇာတ်ရုံကို ပိုင်ဆိုင်သူဖြစ်ကြောင်း။

"ဇာတ်မင်းသား လီယိုဖောင်းသည် မန်နေဂျာမင်းသားအဖြစ် ဦးစီးလျက် ပြဇာတ်ဆရာကြီး ရှိတ်စပီးယား၏ ပြဇာတ်များကို ခန်းနားကြီးကျယ်စွာ သူကိုယ်တိုင် ပါဝင်ကပြလျက် ရုံတည်ခဲ့ကြောင်း။

"ဇာတ်အဖွဲ့သားများထံမှ ကြားသိရချက်အရ မန်နေဂျာ မင်းသားဖြစ်သူ လီယိုဖောင်းမှာ ဇာတ်စရိတ်အတွက် ကြွေးများ အလွန်အကျွံတင်နေသည်ဟု သိရှိရပြီး 'ကဗျာ' ဇာတ်ရုံကိုလည်း တန်ဖိုးများစွာဖြင့် မီးအာမခံထားသူဖြစ်ကြောင်း။

"မီးမှာ ဆိုင်းဝိုင်းထဲမှ စတင်လောင်ကျွမ်းပြီး မီးမလောင်မီကလေးတွင် ဆိုင်းဝိုင်းထဲမှ တက်လာသော လီယိုဖောင်းကို ဇာတ်အဖွဲ့သား တစ်ယောက်က တွေ့မြင်ခဲ့ကြောင်း။

"ကဗျာဇာတ်ရုံကြီး မီးလောင်ရာတွင် လူ ၁၀ ယောက် သေဆုံးခဲ့ရပြီး အချို့မှာ ဒဏ်ရာရရှိသွားခဲ့ကြောင်း။"

"ပုလိပ်အဖွဲ့က ဇာတ်မင်းသား မန်နေဂျာ လီယိုဖောင်းအား ဖမ်းဆီးရန် ဝရမ်းထုတ်ထားကြောင်း လူသတ်မှု မီးရှို့မှုဖြင့် အလိုရှိနေသူဖြစ်ကြောင်း။"



အခြားသတင်းစာနှင့် မဂ္ဂဇင်းဖြတ်ပိုင်းများကို ဖတ်ကြည့်လိုက်သောအခါ လည်း အလားတူသတင်းများပင် ပါရှိသည်ကို တွေ့ရ၏။ ကျွန်တော်က ဤဖြတ်ပိုင်းများကို ကျွန်တော့်အင်္ကျီအိတ်ထဲတွင် ထည့်ထားလိုက်၏။ သတင်းစာနှင့် မဂ္ဂဇင်းဖြတ်ပိုင်းအားလုံးမှာ ၁၉၂၂ ခု ဖေဖော်ဝါရီလအတွင်း ထုတ်ဝေသော သတင်းစာနှင့် မဂ္ဂဇင်းများမှာဖြစ်သည်။

ကျွန်တော်က စာများ စာအုပ်များကို စားပွဲအံဆွဲထဲသို့ ပြန်၍ ထည့်နေစဉ် ကျွန်တော့် နာမည်ကို ခေါ်လိုက်သော အသံတစ်သံကို ကြားလိုက်ရ၏။

ကျွန်တော်က အံဆွဲနှင့် စာအုပ်စင်ကို မူလအတိုင်းဖြစ်အောင် ပြန်၍ထားလိုက်ပြီးနောက် ကုလားထိုင်ပေါ်သို့တက်ကာ ခြောက်လက်မခန့် ရှိသော စက်ဝိုင်းပေါက်တွင် မျက်နှာတပ်လျက် အပြင်ဘက်သို့ ကြည့်လိုက်၏။

သဘော်ာလက်ရန်းကို ကျောမှီလျက် စက်ဝိုင်းပေါက်ရှိရာသို့ စိုက်၍ကြည့်နေသော လူတစ်ယောက်ကို တွေ့လိုက်ရ၏။

အရာခံဗိုလ်ရန်ကင်းပင်တည်း။

သူနှင့် ကျွန်တော်က မျက်လုံးချင်းဆုံမိကြ၏။ ရန်ကင်းက ကျွန်တော့် မျက်နှာကို ခဏမျှ ကြာအောင်ကြည့်နေပြီးမှ သုံးရောင်ခြယ်ရှိရာသို့ သူ့မျက်နှာ လွှဲပစ်ပြီး တိုးသော်လည်း ကျွန်တော် ကြားနိုင်လောက်သော လေသံဖြင့် စကားစ၍ ဆိုလိုက်၏။

"မောင်ရင်က ကျုပ်နဲ့တွေ့ချင်တယ်ဆို"

"ဟုတ်တယ်၊ ခင်ဗျားကို ဟယ်ဆလေက တခြားသဘော်ာသားတွေနဲ့ အတူ ဒီကျွန်းပေါ်မှာ စွန့်ပစ်ထားခဲ့လိမ့်မယ်"

ကျွန်တော်က ဆိုင်းမဆင့်ဗုံမဆင့်ဘဲ လိုရင်းကိုသာ ကောက်၍ပြော လိုက်၏။

ရန်ကင်းက သုံးရောင်ခြယ်ရှိရာသို့ လွှဲ၍ထားသောမျက်နှာကို စက်ဝိုင်း ပေါက်ရှိရာသို့ ပြန်လှည့်လိုက်ပြီး . . .

'မောင်ရင်က ဒါကို ဘယ်လိုလုပ်ပြီးသိတာလဲ' ဟုမေးလိုက်၏။ အရာခံ ဗိုလ်ရန်ကင်း၏ မျက်နှာမှာ ကြောက်စိတ်ကြောင့် ဖြူဖပ်ဖြူရော်ဖြစ်၍နေ[illegible]

"ဟယ်ဆလေက မောင်ရင့်ကို ပြောခဲ့တာလား။ ကျုပ်အကြောင်း[illegible] သက်ပြီး ဘာတွေများပြောခဲ့သလဲ"

ရန်ကင်းက ဆက်၍မေးနေပြန်၏။

www.burmeseclassic.com

"ကျုပ်က ဟယ်ဆလေကို စွပ်စွဲခဲ့တယ်၊ မုန်တိုင်းသင်္ဘောပေါ်မှာ ပါတဲ့ သင်္ဘောသားတွေကို လူမနေတဲ့ ဟောဒီတစ္ဆေကျွန်းမှာ ပစ်ခဲ့မယ်မဟုတ်လားလို့ ဟယ်ဆလေကို ကျုပ်က စွပ်စွဲခဲ့တယ်။ ဒီတော့ ဟယ်ဆလေက ဘယ်လိုပြန်ပြော တယ်မှတ်လဲ မင်းပြောတာမှန်တယ်။ အကြံမရှိ ဉာဏ်မရှိတဲ့အပြင် သတ္တိလည်း မရှိတဲ့ ခွေးကောင်ရန်ကင်းကို မုန်တိုင်းသင်္ဘောသားတွေနဲ့ အဖော်ရအောင် ထား ပစ်ခဲ့မှာပဲတဲ့"

ကျွန်တော် ပြောလိုက်သောစကားမှာ မှသားသက်သက်ပင်ဖြစ်၏။ အသက် ဘေးကြုံလာသောအခါ တတ်နိုင်သမျှ နည်းပရိယာယ်ကို သုံး၍လွတ်မြောက်အောင် ကြံဆရခြင်းမှာ ယောက်ျားကောင်းတို့၏ အလုပ်ပင်မဟုတ်လား။

ကျွန်တော့် မှသားစကားကို အရာခံဗိုလ်ရန်ကင်းက ဘုရားစကားကဲ့သို့ ယုံကြည်သွားပုံရ၏။ ဤသို့ ယုံကြည်သွားခြင်းမှာလည်း အရာခံဗိုလ်ရန်ကင်း ကိုယ်တိုင်က မိမိအား ဟယ်ဆလေက ကျွန်တော်ပြောသည့်အတိုင်း ပြုမူမည်ကို တွေး၍ ကြောက်နေခဲ့သောကြောင့်ပင် ဖြစ်တန်ရာသည်။ သို့ဖြစ်၍လည်း အရာခံ ဗိုလ် ရန်ကင်းက ကျွန်တော့်အား အားကိုးသော မျက်နှာဖြင့် ကြည့်ကာ ...

'ကျုပ်ကိုဘာလုပ်ပေးစေချင်သလဲ။ ကျုပ်က ဘာများလုပ်ပေးနိုင်မှာလဲ' ဟု မေးလိုက်၏။

ဤသို့မေးရင်းလည်း တစ်ဆက်တည်းပင် စိတ်ပျက်သည့်လေသံဖြင့် ညည်း ညည်းတွားတွား ပြောဆိုနေပြန်သည်။

"ဒီလိုဖြစ်လာမယ်ဆိုတာ ကျုပ်က စောစောကပဲ သိနေခဲ့တယ်။ နယူးကာ ဆယ်ဆိပ်ကမ်းမှာ မုန်တိုင်းသင်္ဘော ကျောက်ချရပ်စဲနေတဲ့အချိန်က မောင်ရင်တို့ နှစ်ယောက် ရောက်လာတဲ့ အချိန်ကစပြီး ဒီလိုဖြစ်လာလိမ့်မယ်ဆိုတာ တွေးမိခဲ့ တယ်"

"ဒီလိုတွေးမိရင် ဘာကြောင့် ရေဒီယိုနဲ့ သတင်းမပို့ခဲ့သလဲ"

ကျွန်တော်က မေးလိုက်၏။

ဘယ်လိုလုပ်ပြီး ရေဒီယိုနဲ့ သတင်းပို့နိုင်မှာလဲ။ နယူးကာဆယ်က ထွက် လာပြီးတဲ့နောက် နှစ်ရက်မြောက်တဲ့နေ့မှာ ဟယ်ဆလေက ရေဒီယိုစက်ကို ရိုက်ဖြိုး ခွဲပစ်ခဲ့တယ်။ အပြင်လောကနဲ့ ရေဒီယို အဆက်အသွယ်မရှိတော့မှ မုန်တိုင်းသင်္ဘော အတွက် လုံခြုံစိတ်ချရတယ်ဆိုပြီး ရိုက်ခွဲခဲ့တာပဲ။ ဒီကတည်းက ဟယ်ဆလေ ရဲ့ အကြံကို ကျုပ်က သိလာခဲ့တယ်"



"ဒီလိုသိလာတာကို သင်္ဘောသားတွေကို ပြောပြပြီး မစည်းရုံးခဲ့ဘူးလား"

"သင်္ဘောသားတွေက ကျုပ်အပေါ်အယုံအကြည်မရှိကြဘူး။ [illegible] သုံး ရောင်ခြယ်ပေါ်မှာ ရှိတဲ့ ငွေချောင်းတွေကို ဝေစုရလိမ့်မယ်ဆိုတဲ့ လောဘဇော ကြောင့်လည်း ကျုပ်ပြောတာကို ဘယ်သူကမှ လက်မခံကြဘူး"

အရာခံဗိုလ်ရန်ကင်းက ညည်းညည်းတွားတွား ပြောဆိုနေလေသည်။

"လောဘဇော တိုက်နေတဲ့ သင်္ဘောသား ရဲဘော်တွေဟာ ခုတော့ သေ ရမှာကို ကြောက်နေကြပြီ။ ဘာတွေဖြစ်လာလိမ့်မယ်ဆိုတာ အိုင်းရစ်အမျိုးသား ရဲဘော်တစ်ဦးနဲ့ ဝီလီဆိုတဲ့ သင်္ဘောသားရဲဘော်တစ်ယောက်ကို ကျုပ်က ပြောပြ လိုက်ပြီးပြီ။ သင်္ဘောသားတွေထဲမှာ ဂျိုးဇက်ဆိုတဲ့ ရဲဘော်တစ်ယောက်များရှိ သလား"

"ရှိတယ်။ သူကအမေရိကန်အမျိုးသားပဲ။ သင်္ဘောသားတွေထဲမှာတော့ ဂျိုးဇက်က အတောင့်ဆုံး အသန်ဆုံး မဟုတ်မခံစိတ် အရှိဆုံးရဲဘော်ပဲ"

"ဒါဖြင့် သူနဲ့ သွားပြီး ဆွေးနွေးပါ။ သူ့ကို ယုံကြည်စိတ်ချရပါတယ်။ ဒါထက် ခင်ဗျားမှာ ဘာလက်နက်များရှိသလဲ"

"ဟယ်ဆလေတို့ လူသိုက်ကတော့ ကျုပ်ကို ဘာလက်နက်မှ ထုတ်မပေး ဘဲ ထားကြတယ်။ ဒါပေမဲ့ ကျုပ်ကလည်း ကျုပ်အခန်းထဲမှာ ဝှက်ထားတယ်။ ဒီမှာ ဗာဒီ မောင်ရင့်အသက်ကို ကျုပ်က တတ်နိုင်သလောက်ကယ်မယ်။ စစ်ခုံရုံး ကျရင် မောင်ရင်က ကျုပ်ဘက်ကလိုက်ပြီး သက်သေခံရလိမ့်မယ်"

အရာခံဗိုလ်ရန်ကင်းက တောင်းဆိုချက်တစ်ခု ပြုလိုက်၏။

ကျွန်တော်က လွယ်လွယ်ပင် တောင်းဆိုချက်ကို သဘောတူလိုက်၏။

သုံးရောင်ခြယ်သင်္ဘောက နှစ်ဆယ့်သုံးလောင်းပြိုင်သတ်မှုမှာ ခင်ဗျားက တိုက်ရိုက်ပါဝင်နေတာမှ မဟုတ်ဘဲ။ ဒီအမှုနဲ့ ပတ်သက်ပြီး အပြစ်ရတယ်ဆို တာတောင် အင်မတန်လျော့ပါးတဲ့ ပြစ်ဒဏ်ကိုပဲရမှာပဲ။ ကျုပ်က အတတ်နိုင်ဆုံး ပေးပြီး သက်သေထွက်ပေးပါ့မယ်"

ကျွန်တော့်စကားအဆုံးတွင် ငှက်ဆိုးထိုးသံနှင့်တူသော [illegible] အသံကို ကြားလိုက်ရ၏။ အရာခံဗိုလ်ရန်ကင်းအား လှမ်းပြောလိုက်သော [illegible] တည်း။

"ဘယ့်နှယ်တုံး မစ္စတာရန်ကင်း ခင်ဗျားတစ်ယောက်[illegible] နေ သလား။ ဘုရားရေ ခင်ဗျားဟာဒီကို လှောင်ထားတဲ့ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကောားပြောနေတာကိုး"

ဟင်ဒရစ် အသံတွင် စိုးရိမ်သံ ကြောင့်ကြသံ ပါနေလေသည်။

ကျွန်တော်က စက်ဝိုင်းပေါက်ကို ပိတ်လိုက်ပြီး အတွင်းမှနေ၍ ဝက်အူတွင် နဖားများကို ပြန်၍ကျပ်ထားလိုက်၏။

ပွဲစင်အဆောင်ထက်မှ ခြေသံကို ပြင်းပြင်းနင်း၍ ဆင်းလာသော အသံများကြောင့် ကျွန်တော်က အိပ်စင်ထက်တွင် ဤုခြွေမပျက်အိပ်၍ နေလိုက်သည်။

ခဏာအကြာတွင် သော့ခလောက်အတွင်းသို့ သော့ထည့်၍ လှည့်လိုက်သံကိုကြားရ၏။ ကျွန်တော်က စိတ်အပျက်ကြီးပျက်နေသူတစ်ယောက်ကဲ့သို့ ဒူးနှစ်ဖက်ပေါ်တွင် လက်တင်ကာ ခေါင်းကို လက်ပေါ်တွင် ချ၍ထားလိုက်၏။

အခန်းထဲသို့ ဝင်လာသူမှာ ဟင်ဒရစ်ပင် ဖြစ်သည်။

သူသည်တစ်ခန်းလုံးကို မျက်စိကစား၍ ကြည့်လိုက်ပြီးနောက် အခန်းမျက်နှာကြက်ထက် နှစ်ပေခန့် ပို၍ မြင့်နေသောနေရာတွင် ရှိသည့် စက်ဝိုင်းပေါက်ကို တက်၍ကြည့်လိုက်၏။

ဟင်ဒရစ်က တစ်စုံတစ်ရာ ပြောဆိုခြင်းမရှိ။ သို့ရာတွင် ခဏအကြာ၌ ရိုက်ဖယ်ကိုလွယ်ကာ ပစ္စတိုကိုခါးကြား၌ ထိုးထားသော သင်္ဘောသားဂျူတ်သည် အခန်းထဲသို့ ရောက်ရှိလာခြင်းထောက်၍ အခန်းထဲတွင် ကျွန်တော် တစ်ယောက်တည်း မထားတော့ဘဲ အာဏာပါးကွက်သားဖြစ်သော ဂျူတ်ကို အစောင့်အဖြစ် ချထားတော့မည်ဟု သိလိုက်၏။

ဟင်ဒရစ်က အခန်းပြင်ဘက်သို့ ထွက်လိုက်ပြီးနောက် အခန်းတံခါးကို အပြင်မှနေ၍ သော့ခတ်လိုက်သည်။

သို့ဖြင့် ကျွန်တော့်မှာ အပြင်ဘက်ရှိ သင်္ဘောသားများနှင့် ဆက်သွယ်ရန် အခွင့်အလမ်း အားလုံး ပိတ်သွားကာ ဂျူတ်၏ အကျဉ်းသားဖြစ်၍ လာရတော့သည်။

ကျိုးနေသော ဂျူတ်၏ နှာခေါင်းကို ကြည့်ရင်း ကျွန်တော့်အဖို့ ရှေ့တွင် ရင်ဆိုင်ရတော့မည့် အခြေအနေမှာ အကြမ်းအတမ်းအသက်အပုတ်နှင့် အထိုးအနှက်များသာဖြစ်တော့ကြောင်း ကောင်းစွာသဘောပေါက်နေမိ၏။

အခန်းထဲတွင် အကျဉ်းသားအဖြစ်နေရသော အချိန်များမှာ ကုန်ခဲလှသည်ဟုထင်နေမိသည်။

အချိန်များစွာ ကြာသွားသည်ဟု ထင်ရပြီးနောက် ပွဲစင်ထက်မှ မုန်တိုင်း



သင်္ဘော စက်ခန်းရှိရာသို့ ပေးပို့လိုက်သောအချက်ပြသံကိုကြားရ၏။ ငါးခန်းသေတ်များ လည်သံနှင့်အတူ တုန်ဟည်း၍ လာသော သင်္ဘောအရှိန်ကို ကျွန်တော်က သတိထားမိ၏။ လှိုင်းများက မုန်တိုင်းသင်္ဘော၏ ဘေးနံရံများကို လာ၍ ခတ်နေကြ၏။

ခဏအကြာတွင် စက်သံက ပျောက်သွားပြီး၊ ဟင်ဒရစ်၏ အမိန့်ပေးသံက ကျယ်လောင်စွာ ပေါ်ထွက်လာသည်။

သင်္ဘောသားအားလုံး ပွဲစင်အောက်ရှိ ကုန်းပတ်ပေါ်တွင် လာရောက်စုရုံးရန် အမိန့်ပေးလိုက်သော အသံတည်း။

သင်္ဘောသားများ၏ ဖိနပ်သံများက ကျွန်တော့် ခေါင်းပေါ်ရှိ ကုန်းပတ်ပေါ်တွင် တမြောင်းမြောင်းမြည်နေလေသည်။

ဤခြေသံများနှင့်အတူ ကျွန်တော်ရှိရာအခန်းသို့ ဆင်းလာသော ခြေသံကိုလည်း ကျွန်တော်က သတိထားလိုက်မိ၏။

သော့အိမ်ထဲတွင် သော့ကိုထည့်၍ လှည့်လိုက်သံနှင့် အတူ ပွင့်သွားသော တံခါးသံကို ကြားလိုက်ရပြီး အခန်းထဲသို့ ဝင်လာသူကို တွေ့လိုက်ရ၏။

ဟယ်ဆလေ၏ အာဏာပါးကွက်သားကြီး ဟင်ဒရစ်ပင်တည်း။ သူ့လက်ထဲတွင် ကြိုးတစ်ခွေပါလာ၏။

ဤကြိုးဖြင့် ကျွန်တော့် လက်နှစ်ဖက်ကို နောက်ပြန်တုပ်လိုက်ပြီးနောက် အခန်းပြင်ဘက်သို့ ဆွဲထုတ်လာသည်။ အာဏာပါးကွယ်သားဂျူတ်က ကျွန်တော့် နောက်ကျောကို သေနတ်ဖြင့် ထောက်၍လိုက်ပါလာ၏။

ကုန်းပတ်ပေါ်သို့ ရောက်လာသောအခါ မုန်တိုင်းသင်္ဘောသည် သုံးရောင်ခြယ်နှင့် ကျောက်ဆူးကြီး လေးပြန်စာလောက်အကွာတွင် ရပ်ထားကြောင်း ကျွန်တော်က သတိထားလိုက်မိလေသည်။

သုံးရောင်ခြယ်ပေါ်တွင် လူသူတစ်ဦးတစ်ယောက်မျှ မရှိတော့သလို လှုပ်ရှားမှုလုံးဝကင်းမဲ့နေ၏။

ဟင်ဒရစ်နှင့် ဂျူတ်တို့က ကျွန်တော့်ကို ပွဲစင်သို့တင်ပေးလိုက်ကြသည်။

ပွဲစင်အဆောင်ထက်တွင် ကက်ပတိန်ဟယ်ဆလေက ခေါက်တုံ့ခေါက်ပြန် စင်္ကြံလျှောက်လျက်ရှိနေလေသည်။ ပခုံးတွင် ရိုက်ဖယ်တစ်လက်ကို လွယ်ထားခါးတွင် ပစ္စတိုတစ်လက်ကို ထိုးထားသော အီဗန်က သင်္ဘောကိုပွဲ [illegible] ပွဲကိုင်းဘီးအနီးတွင် ရပ်လျက်ရှိနေသည်။

သင်္ဘောသားများက ပွဲစင်အောက်ဘက်ရှိ ကုန်းပတ်ပေါ်တွင် [illegible]

www.burmeseclassic.com

www.burmeseclassic.com



စုရုံးနေကြလေသည်။ သူတို့ကို ကြည့်ရသည်မှာ မိုက်ကန်းကန်းနိုင်လှသည်ဟု ထင်နေမိ၏။

ရွက်တိုင်ဖျားတွင် မူလီ စက်သီးတစ်ခုဖြင့် ဆွဲချိတ်၍ထားသော ကြိုးတစ်ချောင်းကိုလည်း တွေ့ရ၏။ ကြိုး၏ ဤမှာဘက်အဆုံးတွင် ကွင်းတစ်ခုပြုလုပ်ထားသည်ကိုလည်း ကျွန်တော်က သိထားလိုက်မိသည်။

ကြိုးကွင်းသည် ရွက်တိုင်ဖျားမှလျှော၍ ကျနေကာ လေထဲတွင် တငြိမ့်ငြိမ့် လှုပ်ရှားလျက် ရှိနေလေသည်။

ပွဲစင်အဆောင်တွင် ခေါက်တုံ့ခေါက်ပြန် စကြိုလျှောက်နေသော ဟယ်ဆလေက ကျွန်တော့် အနီးတွင် ရုတ်တရက်ရပ်လိုက်ပြီး ကျွန်တော့် မျက်နှာကို တစ်ချက်မျှ စေ့စေ့စိုက်၍ကြည့်လိုက်၏။

ပြီးမှ အပြုံးပန်းတစ်ပွင့်ကို လုပ်ကြံ၍ ဖော်ထုတ်လိုက်ရင်း–

'ကဲ…ကိုယ့်လူ၊ မောင်ရင့်လူတွေကို သင်္ဘောရောင်ငွေချောင်းတွေကို ပါ ကျုပ်တို့ လက်ထဲအပ်ပါလို့ ပြောလိုက်ပါ။ မောင်ရင်နဲ့ မောင်ရင့် အပွဲ့သားတွေကို အသက်ရော၊ အနွယ်ရော လုံလုံခြုံခြုံရှိမယ့် တစ်နေရာရာမှာ တင်ပေးဖို့၊ ကျုပ်တာဝန် ယူပါတယ်'ဟု ချိုသာစွာ စကားဆိုလိုက်၏။

ကျွန်တော်က ပွဲစင်အဆောင်အောက်ဘက်ရှိ မုန်တိုင်းသင်္ဘောသားများ ကြားနိုင်လောက်အောင်အော်၍…

'ခင်ဗျားက…ကျုပ်တို့ကို ဘယ်မှာတင်ပေးခဲ့မယ်ဆိုတာ အသိသားပဲ။ မုန်တိုင်းက သင်္ဘောသားတွေကို ဟောဒီ မက်ဒွန်ကျွန်းပေါ်မှာ တင်ပစ်ခဲ့သလို၊ ကျုပ်တို့ကိုလည်း တင်ပစ်ခဲ့မှာပဲ မဟုတ်လား' ဟု အော်၍ ပြောလိုက်ရင်း သင်္ဘောသားများရှိရာသို့ မျက်နှာမူ၍ပြောလိုက်၏။

ပွဲစင်အဆောင်ရှိရာသို့ မော့၍ကြည့်နေသော သင်္ဘောသားများက တစ်ဦးနှင့်တစ်ဦး တီးတိုးပြောဆိုနေကြသည်ကို ကျွန်တော်က တွေ့ရ၏။

ကြိုးကွင်းစွပ်၍ အသတ်ခံရတော့မည်ဆဲဆဲ လူတစ်ယောက်က မိမိဘက်မှ သင်္ဘောသားများကို ဖြစ်သည့်နည်းဖြင့် စည်းရုံးနေသည်ကို တွေ့လိုက်ရသောအခါ ကက်ပတိန်ဟယ်ဆလေက လုံဖြင့် အထိုးခံလိုက်ရသော ကျားနာကြီးတစ်ကောင်ကဲ့သို့ ဒေါသတချောင်းချောင်းထွက်လာလေသည်။

သို့ဖြစ်၍လည်း ဟယ်ဆလေက မိုးချုန်းသည့်အသံဖြင့် သူ၏ အာဏာပါး ကွက်သားများအား အမိန့်ပေးလိုက်၏။



"ဒီကောင့်ပါးစပ်ကို ဆို့ပြီးထားစမ်းပါ"

အာဏာပါးကွက်သားတစ်ယောက်က ကျွန်တော့် ပါးစပ်အတွင်းသို့ အဝတ်စတစ်ခုကို ထိုး၍ သွင်းလိုက်ပြီးနောက်၊ အဝတ်ပိုင်းတစ်ခုဖြင့် ကျွန်တော့်ပါးစပ်ကို ချည်နှောင်၍ ထားလိုက်၏။

"လည်ပင်းမှာ ကြိုးကွင်းစွပ်ပြီး ခပ်တင်းတင်းကလေး ဆွဲလိုက်ရင် သူ့ အခြေအနေကို သူ နားလည်လာလိမ့်မယ်"

ဟယ်ဆလေက ဤသို့ ပြောလိုက်ပြီး စကြိုလျှောက်မြဲပြန်၍ လျှောက်နေ၏။

ပွဲစင်အောက်ကုန်းပတ်ပေါ်သို့ မုန်တိုင်းမှသင်္ဘောသားများ စုရုံးရောက်ရှိလာခဲ့ပြီးဖြစ်ရာ၊ ယခုအချိန်တွင် လူပေါင်းတစ်ဒါဇင်လောက် တန်းစီလျက်ရှိနေသည်ဟု ထင်ရ၏။

ပွဲစင်အဆောင်ထက်တွင် ခေါက်တုံ့ခေါက်ပြန် စကြိုလျှောက်နေသော ဟယ်ဆလေက ဓာတ်ထဲမှ မင်းသားကြီးလို ဓာတ်စကားများကို ရေရွတ်လျက်ရှိနေသည်။ ကျွန်တော့်အနီးသို့ ရောက်လာသည့်အချိန်တွင် ဟယ်ဆလေက…

"သွေးစိမ်းရှင်ရှင်၊ ရာဇဝင်၊ အစဉ်အမြဲ ကျခဲ့တယ်"

"လူလို့ ပေါ်'စ'၊ သမယ၊ သတ်ကြဖြတ်ကြ၊'စ' ခဲ့တယ်"

'ယခုလည်းပဲ၊ နောင်အမြဲ၊ သတ်ပွဲမစဲရှိလိမ့်မယ်'ဟု ရေရွတ်နေသံက ကြားလိုက်ရ၏။

ကျွန်တော့် ရှေ့မှ လွန်သွားပြီးမှ အာဏာပါးကွက်သားကြီး ဟင်ဒရစ်အနားသို့ အရောက်တွင် ဟယ်ဆလေက အာဏာပါးကွက်သားကြီးအား ညွှန်ကြားချက်ပေးလိုက်သံကို ကြားရပြန်၏။

"သင်္ဘောသားတွေကို အမြဲစောင့်ကြည့်ပြီးနေစမ်း၊ သူတို့ကို ကြည့်ရတာ… စိတ်ချရပုံ မရဘူး၊ နို့ပြီး…ရန်ကင်းဆိုတဲ့အကောင်ကိုလည်း သတိထား"

ဟယ်ဆလေ၏ စကားဆုံးအတွင် သင်္ဘောသားများအကြားမှ ခပ်ဖြည်းဖြည်း တိုးထွက်၍လာသော ရန်ကင်းကိုတွေ့လိုက်ရ၏။ လူကောင်ကြီးသလောက် သူ သွားပုံလာပုံက နှေးကွေးလျက်ရှိ၏။ မျက်နှာအမူအရာက တစ်စုံတစ်ခုကို တွေးစားနေသည့်ဟန်ပေါ်နေသည်။ သူ့ မျက်လုံးအစုံက ကျယ်၍နေကာ [illegible] ကြောင့် အပူရှိန်တောက်နေသလို ဖြစ်နေသည်။

ကုန်းပတ်ပေါ်မှ ပွဲစင်အဆောင်ရှိရာသို့ ရောက်နိုင်သော လှေကားထစ်

www.burmeseclassic.com



အရာခံဗိုလ်ရန်ကင်းက တစ်ထစ်ချင်း ဖြည်းဖြည်းနင်း၍ တက်လာသည်။

"မစ္စတာရန်ကင်းခင်ဗျား၊ ဒုက္ခခံပြီး အပေါ်ကို တက်မလာပါနဲ့ ကုန်းပတ်ပေါ်မှာပဲ သင်္ဘောသားတွေနဲ့ အတူတူနေပါ"

ဟယ်ဆလေက တည်ငြိမ်သောလေသံဖြင့် ပွဲစင်ထက်မှ ပြောလိုက်သောကြောင့် အရာခံဗိုလ် ရန်ကင်းမှာ ပါးစပ်အဟောင်းသားဖြင့် ရောက်သည့်နေရာတွင် ရပ်လျက် အံ့အားကြီးသင့်၍နေသည်ကို တွေ့လိုက်၏။

ရန်ကင်းက ရောက်နေသည့် လှေကားထစ်ပေါ်တွင်ပင် ငိုင်၍ နေသည်။ ဟယ်ဆလေက ရန်ကင်းကို နောက်ထပ် တစ်စုံတစ်ရာ မပြောတော့ဘဲ စိုက်၍သာ ကြည့်နေလိုက်၏။

စိတ်အညှို့ခံရသူတစ်ယောက်ကဲ့သို့ အရာခံဗိုလ်ရန်ကင်းသည် လှေကားထစ်ပေါ်တွင် အတန်ကြာအောင်ရပ်နေ၏။ ပြီးမှ စိတ်ညှို့ဆရာ၏ စေခိုင်းချက်အတိုင်း လိုက်နာရသူတစ်ယောက်ကဲ့သို့ တက်လာခဲ့သော လှေကားထစ်များအတိုင်း အောက်သို့ နှေးကွေးစွာ ပြန်၍ဆင်းသွားသည်ကို တွေ့လိုက်ရလေသည်။

ရန်ကင်းက သင်္ဘောသားများရှိရာသို့ တစ်လှမ်းချင်းသွားနေစဉ် ဟယ်ဆလေက ပွဲစင်ထက်ရှိ လက်ရန်းအစွန်းသို့ ရောက်နေပြီး ကုန်းပတ်ပေါ်က သင်္ဘောသားများ၏ အခြေအနေကို အကဲခတ်၍ ကြည့်လိုက်၏။

အာဏာပါးကွက်သားကြီး ဟင်ဒရစ်နှင့်အတူ သူ့လူများမှာ ပွဲစင်ထက်မှာ ပင်လက်နက်ကိုယ်စီဖြင့် အသင့်ရှိနေကြ၏။

"ကိုယ့်လူတို့..."

ဟယ်ဆလေက လက်ယာဘက်လက်ကို အပေါ်သို့မြှောက်ရင်း အောက်ဘက်ရှိ သင်္ဘောသားများအား စကား စလိုက်၏။ သူ့ အမူအရာမှာ ဂျူးလီယက်ဆီဆာ ပြဇာတ်ထဲတွင် ဆီဆာကျဆုံးပြီးသည့်အချိန်၌ ရောမသူ ရောမသားအပေါင်းတို့ အား မိမိစကားကို နားဆင်ရန်အတွက် ပန်ကြားနေသော အင်တိုနီ၏ အမူအရာမျိုး ဖြစ်နေလေသည်။

"ကိုယ့်လူတို့ကို...ယခုလို စုရုံးစေခြင်းဟာ ပုန်ကန်မှုနဲ့ စီရင်အပြစ်ပေးခြင်းခံရမယ့် လူတစ်ယောက်ကို ဘယ်လိုစီရင်တယ်ဆိုတာ သိစေမြင်စေချင်လို့ပဲ"

ကျွန်းအပြင်ဘက်ရှိ ကျောက်တန်းကြီးကို လှိုင်းများ ရိုက်ပုတ်နေသံနှင့်အတူ ဟယ်ဆလေ၏ စကားလုံးများကလည်း ဆင့်ဆင့်၍လာသည်။

"ယခု...အပြစ်ပေး စီရင်ခြင်းခံရမယ့် လူဟာ ထောင်ပြေးအကျဉ်းသား



တစ်ယောက်ဖြစ်တယ်၊ ပင်လယ်ကြီးအတွင်း သင်္ဘောပေါ်မှာ အထက်အရာရှိတွေကို ပုန်ကန်မှုနဲ့ ထောင်ကျသွားပြီးတဲ့နောက်၊ ဒတ်မိုးထောင်ကြီးက ထွက်ပြေးလာတဲ့ ထောင်ပြေးလည်းဖြစ်တယ် ယခု...သူ့ကို"

ဟယ်ဆလေ၏ စကားမဆုံးမီ ကြားမှဖြတ်လျက် အသံတစ်သံ ပေါ်ထွက်လာ၏။

"ကက်ပတိန်ဟယ်ဆလေခင်ဗျား၊ ကက်ပတိန်နဲ့အတူ ကျွန်တော်တို့ မှန်တိုင်းသင်္ဘောပေါ်မှာ သင်္ဘောသားများအဖြစ် လိုက်ပါလာခဲ့တာဟာ လူသတ်မှုတစ်ခုမှာ အပေါင်းပါတစ်စု ဖြစ်ရအောင် လိုက်ပါလာတာ မဟုတ်ဘူးဆိုတာ သတိပြုစေချင်ပါတယ်"

အရပ်ထောင်ထောင်မောင်းမောင်း ဥပမိရုပ်ကောင်းကောင်းနှင့် သင်္ဘောသားကြီးတစ်ယောက်က ကြားဖြတ်၍ ပြောလိုက်ခြင်း ဖြစ်၏။

ဟယ်ဆလေ၏ နက်မှောင်သော နှုတ်ခမ်းမွေးက ဒေါသကြောင့် ရှေ့သို့ ကော့ထောင်၍ လာသည်ဟု ထင်မှတ်လိုက်ရ၏။

"ယခု...ကိစ္စဟာ လူသတ်မှု ကျူးလွန်နေခြင်းမဟုတ်၊ လူသတ်မှုလို့ ဘယ်သူကပြောသလဲ၊ အပြစ်ဒဏ်အတိုင်း စီရင်နေခြင်းသာဖြစ်တယ်"

"အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်း ဥပဒေအရ လူတစ်ယောက်ကို အမှုစစ်ဆေးခြင်းမရှိဘဲ အပြစ်မပေးနိုင်ပါဘူး၊ ကက်ပတိန်မှာ အမှုမစစ်ဆေးဘဲ လူတစ်ယောက်ကို လည်းပင်းမှာ ကြိုးကွင်းစွပ်ပြီး သတ်နိုင်ခွင့်လည်း မရှိပါဘူး"

စောစောက သင်္ဘောသားကြီးကပင် ထပ်၍ စောဒက တက်လိုက်၏။

"ဟော့...ဂျိုးဇက်၊ မင်းဆီက ထင်မြင်ချက်တွေ တောင်းနေတာမဟုတ်ဘူး"

ဟယ်ဆလေက ရူးရှသော ကျယ်လောင်သော အသံဖြင့် ဒေါသတကြီး ပြောလိုက်၏။

သို့တိုင်အောင် အမေရိကန်အမျိုးသား ဂျိုးဇက်က အလျှော့မပေးဘဲ...

'ဒီမှာ...ကက်ပတိန်၊ ယခု အသတ်ခံရမယ့် လူမှာ အမှုစစ်ဆေးမေးမြန်းထုချေနိုင်ခွင့်ရှိတယ်ဆိုတာ ကျွန်တော်တို့ ယုံကြည်တယ်'ဟု တင်းတင်းမာမာပြန်၍ ဆိုလိုက်၏။

ကျွန်တော့်မှာ ဂျိုးဇက်ကို အားကိုး၍ နေရတော့သည်။

ကက်ပတိန်ဟယ်ဆလေက ပွဲစင်လက်ရန်းတွင် အပေါ်မှ အ[illegible] သစ်သားပေါင်ကို ညာလက်သီးဖြင့် တအားထုလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆူဆူပူပူလုပ်ချင်တဲ့ခွေးကောင်၊ ငြိမ်ငြိမ်မနေရင် ခြေရောလက်ရော သံခြေချင်းခတ်ပြီး ထားရလိမ့်မယ်"

ဟယ်ဆလေက မိုးချုန်းသံဖြင့် ကြိမ်းဝါးလိုက်၏။

ပြီးမှ နှစ်ယောက်သား ကြားလောက်ရုံ လေသံဖြင့် ဟင်ဒရစ်အား...

'သေနတ်ကို အသင့်ပြင်ထား၊ ရန်ကင်းကိုလည်း မျက်ခြည်မပြတ်စေနဲ့၊ ဒီကောင်ကိုကြည့်ရတာ ဂနာမငြိမ်ဘူး' ဟု ပြောလိုက်၏။

ဤသို့ ပြောပြီးမှ သင်္ဘောသားများရှိရာဘက်သို့ မျက်နှာမူလိုက်၏။

တစ်ယောက်နှင့်တစ်ယောက် လေသံဖြင့် ပြောနေသည့်တိုင် သင်္ဘောသားများ၏ စကားသံမှာ တိုးရာမှ ကျယ်၍ ညံ၍ လာနေလေသည်။

"ကိုယ့်လူတို့..."

ဆူဆူညံညံကလေး ဖြစ်နေသော ပရိတ်သတ်ကို ဟယ်ဆလေက မိမိ၏ အရှိန်အဝါဖြင့် ထိန်းလိုက်ရင်း...

"ငါးသိန်းကျော်လောက် တန်ဖိုးရှိတဲ့ ငွေချောင်းတွေကို အဆုံးအရှုံးခံရတော့မယ် အခြေအနေမျိုးမှာ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်း ဥပဒေတွေဘာတွေကို ဂရုစိုက်ဖို့ လိုသေးသလား၊ ဒါတွေကို ဂရုစိုက်နေရင် ကိုယ့်လူတို့အဖို့ရော ကိုယ်တို့အတွက်ပါ အားလုံး အရှုံးနဲ့ ရင်ဆိုင်ကြရလိမ့်မယ်၊ ကျုပ်တို့ ခုချက်ချင်းလုပ်ဖို့လိုတာက ငါးသိန်းကျော်ကျော်တန်ဖိုးရှိတဲ့ ငွေချောင်းတွေ တင်ထားတဲ့ သုံးရောင်ခြယ်ကို အပိုင်စီးဖို့ပဲ မဟုတ်လား"

"သုံးရောင်ခြယ်ကို အပိုင်စီးနိုင်ဖို့အတွက် ကိုယ့်လူတို့...ကိုယ်တို့ရဲ့ ရည်မှန်းချက်ကြီး အောင်မြင်ဖို့အတွက် လိုအပ်လို့ ရှိရင် အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်း ဥပဒေကို ထည့်မတွက်ဘဲ၊ ပုန်ကန်မှုနဲ့ ထောင်ကျသွားပြီး ထောင်ကပြေးလာတဲ့ အကျဉ်းသမားတစ်ယောက်ကို လည်ပင်းမှာ ကြိုးကွင်းတပ်ပြီး သတ်ရလိမ့်မယ်"

'ဟောဒီမှာ...ရှိနေတဲ့ ထောင်ပြေးက သူ့လူတွေကို သုံးရောင်ခြယ်ကို ကျုပ်တို့လက်အပ်ဖို့ အမိန့်ပေးရင်ပေး မပေးရင် သူ့လည်ပင်းမှာ ကြိုးကွင်းတပ်ပြီး ကျုပ်တို့က သတ်ရမှာပဲ' ဟု သင်္ဘောသားများ၏ လောဘစိတ်ကို လှုံ့ဆော်၍ပေးလိုက်ကာ၊ တစ်ဆက်တည်းတွင်ပင် ကျွန်တော့်ဘက်သို့ လှည့်၍ မေးလိုက်၏။

"ကဲ...ဗာဒီ၊ သုံးရောင်ခြယ်ကို အပ်မလား၊ မင်းကလည်ပင်းမှာ ကြိုးကွင်းတပ်ပြီး အသတ်ခံမလား"



ကျွန်တော့်အဖြစ်ကို မြင်ကြရသော သင်္ဘောသားများအနက်၊ အချို့က...

"စကားပြောခွင့်ပေးလိုက်ပါဟု မကျယ်သော်လည်း မတိုးသော လေသံဖြင့် ထောက်ခံချက် ပေးလိုက်ကြ၏။

ဟယ်ဆလေက ကျွန်တော်ရှိရာသို့ဆင်းလာပြီး ကျွန်တော့် ပါးစပ်ထဲမှ ဆို့ထားသော အဝတ်များကို သူကိုယ်တိုင် ထုတ်ပစ်လိုက်၏။

ပြီးမှ အနက်ရောင် အသံချဲ့စက်ကို ကျွန်တော်ရှိရာသို့ တွန်း၍ပစ်လိုက်၏။

ကျွန်တော်က စကားပြောခွက်မှနေ၍ ခပ်ကျယ်ကျယ်ပင် ပြောလိုက်သည်။

"စကားပြောခွင့် ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ပထမဆုံး ကျွန်တော်က မေးခွန်းတစ်ခု မေးချင်ပါတယ်"

ကက်ပတိန်ဟယ်ဆလေက ကျွန်တော့်ကို ဆင်ကြည့်ကြည့်နေ၏။ အချိန်ရတော့မည် မဟုတ်သည့်အတွက် ကျွန်တော်က တိုတိုပင် လိုရင်းကိုချုပ်၍ ပြောလိုက်၏။

"ကျွန်တော်မေးချင်တဲ့ မေးခွန်းကတော့ သုံးရောင်ခြယ်သင်္ဘောက ငွေချောင်းတွေကို ရပြီးတဲ့နောက်၊ အောက်က... ကုန်းပတ်ပေါ်မှာ ယခုတန်းစီပြီး ရပ်နေကြတဲ့ ရဲဘော်သင်္ဘောသားတွေကို ကက်ပတိန်ဟယ်ဆလေက ဘာလုပ်မလဲ ဆိုတဲ့ အချက်ပဲ၊ သုံးရောင်ခြယ်သင်္ဘောက သင်္ဘောသား နှစ်ဆယ့်သုံးယောက်ကို အစုလိုက် အပြုံလိုက် သတ်ပစ်သလို ဟောဒီက... ရဲဘော်သင်္ဘောသားတွေကိုလဲ"

ကျွန်တော်က စကားကိုအဆုံးမသတ်နိုင်မီ ကက်ပတိန်ဟယ်ဆလေက ကျွန်တော့် မျက်ခွက်တည့်တည့်ကို ညာလက်သီးတစ်လုံး ပစ်သွင်းလိုက်၏။

ကျွန်တော်က နောက်ဘက်သို့ ယိုင်၍လဲသွား၏။ ဂျူဘ်က နောက်မှနေ၍ ကျွန်တော့်ကို ဖမ်းချုပ်ထားလိုက်သည်။

ဤအချိန်တွင်ပင် ဟင်ဒရစ်က ကက်ပတိန်ဟယ်ဆလေအား ထိတ်လန့်တကြား ပြောလိုက်သောစကားကို ကျွန်တော်က ကြားလိုက်ရ၏။

"ရှေ့က ရန်ကိုလည်း သတိထားပါဦး

ဟယ်ဆလေ၏ လက်သီးဒဏ်ကြောင့် ကျွန်တော့် မျက်လုံးများမှာ [illegible] ရောင်၍တက်နေသော်လည်း အားလုံးကိုမြင်နေရသေး၏။ အောက်ဘက် [illegible] ပေါ်ရှိ သင်္ဘောသားများသည် ရန်ကင်းနှင့်အတူ ရှေ့သို့တိုး၍လာ [illegible]

ရန်ကင်း၏ လက်ထဲတွင် ပစ္စတိုတစ်လက်ကို အသင့် [illegible]

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ရန်ကင်း...မင်းလက်ထဲက ပစ္စတိုကို ချထားလိုက် စမ်းပါ"

ဟယ်ဆလေက ပွဲစင်ထက်မှနေ၍ အမိန့်ပေးလိုက်၏။

အရာခံဗိုလ်ရန်ကင်းက ဟယ်ဆလေ၏ အမိန့်ကို နားထောင်ရမှန်းပင် မသိဘဲ နတ်ပူး၍ နေသူတစ်ယောက်ကဲ့သို့ လက်ထဲတွင် ကိုင်ထားသော ပစ္စတို ပြောင်းဝကို ကက်ပတိန်ဟယ်ဆလေ၏ ရင်ညွန့်တည့်တည့်ရှိရာသို့ချိန်လိုက်၏။

ဤအခိုက်တွင်ပင် လျှပ်စီးလက်သကဲ့သို့ မီးရောင်တစ်ချက်ပွင့်သွားသည်ကို တွေ့လိုက်ရပြီး နားကွဲလုမတတ်သော သေနတ်သံကို ကြားလိုက်ရ၏။

ကြားလိုက်ရသော သေနတ်သံမှာ ကျွန်တော့် အနီးအနားတစ်ဝိုက်မှ ပေါ် ထွက်လာကြောင်း ကျွန်တော်က ကောင်းစွာ သတိထားလိုက်မိ၏။

ကုန်းပတ်ရှိရာသို့ လှမ်း၍ ကြည့်လိုက်သောအခါ ပါးစပ်ဟောင်းလောင်း ဖြင့် အံ့အားကြီးသင့်နေသော ရန်ကင်း၏ အမူအရာကိုတွေ့ရ၏။ လက်ထဲတွင် ပစ္စတိုကိုကိုင်လျက်ပင် ရှိသော ရန်ကင်း၏ အမူအရာက တစ်ခါမျှ မမျှော်လင့်သော အဖြစ်အပျက်မျိုးကို တွေ့လိုက်ရသကဲ့သို့ ဖြစ်နေလေသည်။

လက်ထဲတွင် ကိုင်ထားသော ပစ္စတိုက သင်္ဘောကြမ်းပြင်ပေါ်သို့ ဒေါက် ခနဲကျသွားသည်။ ထို့နောက် ရန်ကင်း၏လက် အောက်သို့ လျှော၍ ကျသွား၏။

အရာခံဗိုလ်ရန်ကင်း၏ မျက်လုံးအစုံက သူ့ ဒူးနှစ်ဖက်ရှိရာသို့သာ စိုက် လျက် ရှိနေလေသည်။

နှာချေသံတစ်ချက်ပေါ်ထွက်၍လာပြီးနောက် ရန်ကင်း၏ ပါးစပ်ဘေး ဘက်မှ သွေးပွက်ပွက်အံ၍ ထွက်ကျလာ၏။

အရုပ်ကြိုးပြတ်သကဲ့သို့ ရန်ကင်းသည် ကြမ်းပြင်ပေါ်သို့ ကျသွား၏။

ဤအချိန်တွင်ပင် ယမ်းငွေ့တလူလူထွက်နေသော ခြောက်လုံးပြူးကို ကိုင်ထားရင်း ဟယ်ဆလေက ပွဲစင်လက်ရန်းအစွန်းဘက်ရှိ ရာသို့ ထွက်လာ၏။

ပွဲစင်အောက် ကုန်းပတ်ပေါ်ရှိ သင်္ဘောသားများကို ဟယ်ဆလေက ငုံ့၍ ကြည့်လိုက်၏။

သင်္ဘောသားအားလုံးမှာ မိမိတို့မျက်မှောက်တွင်ပင် မမျှော်လင့်သော ပွဲချင်း ပြီး လူသတ်မှုတစ်မှုကို တွေ့လိုက်ရသောကြောင့် အံ့အားကြီးသင့်လျက် ရှိနေကြ လေသည်။

အံ့အားကြီးသင့်နေသော သင်္ဘောသားများကို ဟယ်ဆလေက စူးစိုက်၍



ကြည့်နေရာမှ...

'ပုန်ကန်ထကြွမှုပဲမဟုတ်လား'ဟု အသံကျယ်ကျယ်ဖြင့် ဆိုလိုက်ရင်း ဇာတ်ထဲမှ မင်းသားကြီး၏ ဟန်ပန်လေသံဖြင့် ဆက်၍ ရွတ်ဆိုလိုက်၏။

ဟယ်ဆလေ၏အသံမှာ ဇာတ်ထဲမှမင်းသားကြီး ခြိမ်းခြိမ်းသံနှင့် တူနေလေသည်။

'မုဒိန်းကောင်နှင့်၊ ဖာထောင်လုပ်ကျေး၊ ငါကမွေးတဲ့၊ ခွေးသနွေတို့။ ဒုစရိုက်ရာဇာ၊ ငါမင်းမာကို၊ တင်းလှာလို့ မမောက်ကြနှင့်၊ အသားနှင့်သွေး၊ ဆေးဖော်ဖို့ဝေးအောင်၊ ဓားစေ့ကို ထုထောင်း၊ ကျင်ချောင်းကိုနပ်နပ်စဉ်း၊ မင်းရို့ မအေ၊ တစ်ဆွေတစ်မျိုး၊ အောက်ထိုးကြီးကွဲ၊ တွဲလဲကြီးပြဲအောင်၊ ရဲရဲကြီးထိုး သတ်တော်မူမယ် ။ ။ ကြပ်ကြပ်ကြီး သတိထားကြ၊ ကြောက်စရာ ငါ့ကိုယ်... ဟဲ့"

ဟယ်ဆလေက ဤသို့ ခြိမ်းခြိမ်းလိုက်ပြီးမှ အောက်ဘက်ရှိ သင်္ဘော သားများအား စစ်ဗိုလ်တစ်ယောက်၏ အမိန့်ပေးသံမျိုးဖြင့် ဆက်၍ ပြောနေပြန်၏။

"တက်ရဲရင်...တက်ခဲ့စမ်း။ ခြေတစ်လှမ်း ရှေ့ကိုတိုးပြီးလှမ်းလိုက်တာနဲ့ တစ်ပြိုင်နက် သေပြီသာမှတ်ပေတော့"

မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသော သွေးစိမ်းရှင်ရှင်လူသတ်ပွဲကြောင့် သင်္ဘောသားအားလုံးမှာ စကားတစ်လုံးမျှ မပြောနိုင် အောင်မှင်တက်မိ၍နေကြဟန် တူ၏။

မိုက်မိုက်ကန်းကန်းလုပ်တတ်ပြီး ဤသို့ လုပ်တတ်သူ လူတစ်ယောက်၏ လက်ထဲတွင် သေနတ်တစ်လက်ရှိနေခြင်းကြောင့်လည်း မိုက်ရာတွင် ပြိုင်ဘက် မရှိဟု နာမည်ကျော်လေ့ရှိသော သင်္ဘောသားများမှာ တုတ်တုတ်မျှ မလှုပ်ရဲအောင် ဖြစ်နေကြပုံရ၏။

သင်္ဘောသားများက မလှုပ်ရဲသည့်တိုင် ကက်ပတိန်ဟယ်ဆလေ၏ လက် မောင်းတစ်ဖက်ကို ကိုင်၍လှုပ်လိုက်သူကား ဟင်ဒရစ်ပင်ဖြစ်၏။

ဟင်ဒရစ်က ဟယ်ဆလေ၏ လက်မောင်းတစ်ဖက်ကို ကိုင်၍ လှုပ်ရင်း သုံးရောင်ခြယ်သင်္ဘောရှိရာသို့ ညွှန်ပြလိုက်၏။

မုန်တိုင်းသင်္ဘောပေါ်ရှိ အားလုံးသူတို့က သုံးရောင်ခြယ်သင်္ဘောဆီသို့ လည်ဆန့်၍ ပြိုင်တူလိုပင် ကြည့်လိုက်မိကြ၏။

"သုံးရောင်ခြယ်က ကျွန်တော်တို့ သင်္ဘောကို အမြောက်တာနဲ့ ချိန်ထားပြီ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အားလုံး ရေထဲမှာ လက်ပစ်ကူးနေရတဲ့ အခြေအနေထိရောက်အောင်တော့ လုပ်ဖို့မကောင်းဘူး”

ဟင်ဒရစ်က ကက်ပတိန်ဟယ်ဆလေကြားလောက်ရုံ ပြောလိုက်သည့်တိုင် ကျွန်တော်က ဟင်ဒရစ်၏စကားကို ကောင်းစွာကြားနေရ၏။

“မင်းကလည်း…စိတ်ပူမနေစမ်းပါနဲ့ကွာ။ ကျုပ်တို့သင်္ဘောပေါ်မှာ ဗာဒီရှိနေသရွေ့တော့ သုံးရောင်ခြယ်က ဘယ်တော့မှ ပစ်မှာမဟုတ်ဘူး”

ဟယ်ဆလေက ပြန်၍ နှုတ်လှန်ထိုးလိုက်၏။ ပြီးမှ အသံကို နှိမ့်ကာ…

‘ဘာပဲဖြစ်ဖြစ် ကျုပ်တို့က စွန့်ရမှာပဲမဟုတ်လား’ဟု ပြောလိုက်သံကို ကျွန်တော်က ကြားလိုက်ရ၏။

“ရေထဲမှာ လက်ပစ်ကူးပြီး နေရလောက်အောင်တော့ စွန့်စရာလိုမယ်မထင်ပါဘူး။ ညကျတဲ့အထိ စောင့်နေလိုက်ပြီး သုံးရောင်ခြယ်ကို ဝင်စီးလိုက်ရင် အလွယ်ကလေးပဲ မဟုတ်လား”

အာဏာပါးကွက်သားကြီး ဟင်ဒရစ်၏ အကြံပေးစကားကို ကပ္ပတိန်ဟယ်ဆလေက လှောင်ရယ်ရယ်လိုက်သည်။

“ရိုက်တော့ ပုတ်တော့မလို ဆူပူထကြွနေတဲ့ သင်္ဘောသားတွေနဲ့ ကျုပ်တို့က ညကျအောင် စောင့်နေလို့ ဖြစ်ပါ့မလား။ ဗာဒီက ပထမဆုံးအကြိမ် ဆွဲပေးလိုက်တာနဲ့ တစ်ပြိုက်နက် သင်္ဘောသားတွေက အုံကြွပြီးလာတာမမြင်ဘူးလား။ ခုသူတို့ ရှေ့တွင်ပဲ ရန်ကင်းကို ကျုပ်က ပွဲချင်းပြီးပစ်သတ်လိုက်တော့ ဒီကောင်တွေကို ညကျရင်… ဘယ်လိုလုပ်ပြီး ထိန်းလို့ ရနိုင်ဦးမှာလဲ”

လှောင်ရယ် ရယ်၍ ပြောလိုက်ပြီးနောက် ကက်ပတိန်ဟယ်ဆလေက အာဏာပါးကွက်သားကြီး ဟင်ဒရစ်ကို ချွေးသိပ်သည့်စကား ဆိုလိုက်၏။

“ဒီလိုမလုပ်ဘဲ…ဒီပြွင်နည်းရှိတယ်ဆိုရင်လည်း ကျုပ်က လိုက်နာဖို့အဆင်သင့်ပါပဲ ဟင်ဒရစ်ရယ်”

ဤသို့ချွေးသိပ်စကားဆိုလိုက်ပြီးနောက် ကက်ပတိန်ဟယ်ဆလေက အာဏာပါးကွက်သား ဂျူတ်အား လှမ်း၍ အမိန့်ပေးလိုက်၏။

“ယော့…ကြိုးကွင်းကို လည်ပင်းမှာ စွပ်လိုက်စမ်း။ စွပ်ပြီးရင် ပဲ့စင်လှေကားထိပ်ပေါ်မှာ ရပ်ပြီးထားစမ်း။ ကြိုးကိုတော့ မြဲမြဲကိုင်ထားနော်”

ကျွန်တော့်လည်ပင်းတွင် စွပ်လိုက်သောကြိုးမှာ အသားကိုပင် ရှအောင်ကြမ်းနေပြီး ပင်လယ်ရေများဖြင့် စိုလျက်ရှိ၏။



ဖူးဖူးရောင်နေသော နှုတ်ခမ်းအစုံကို လျှာဖြင့် ပွတ်သပ်လိုက်သောအခါ ငန်ပျပျအရသာကို တွေ့ထိမိ၏။ ဖူးဖူးရောင်နေသော နှုတ်ခမ်းများမှာ စိမ့်ထွက်ရှိသော သွေးစသွေးနများသည်ပင်လျှင် ပင်လယ်ရေကြောင့် ငန်၍နေလေသည်။

ကျွန်တော်တော့်အဖို့ လမ်းတစ်လမ်းသာ လိုက်ရန် ကျန်တော့၏။

ကျွန်တော့် သက်မှ ခုခံပြောဆိုလိုသော သင်္ဘောသားများမှာ လက်နက်တစ်ခုမျှမရှိ။ မရှိသည့် အထဲတွင် ဟယ်ဆလေ၏ အာဏာပါးကွက်သားများက သေနတ်ကိုယ်စီဖြင့် အသင့်ရှိနေကြသည်ဖြစ်ရာ ကျွန်တော်အဖို့ မျှော်လင့်ချက်မရှိတော့။

မိမိတို့၏ အသက်ဘေးအန္တရာယ်ကို ကြောင်လန့်နေရသော သင်္ဘောသားများက ကျွန်တော့်ကို မည်သို့အကူအညီပေးနိုင်ပါမည်နည်း။

ကျွန်တော့် အဖို့ လမ်းတစ်လမ်းသာ ကျန်တော့သည်မဟုတ်လား။

“ကက်ပတိန်ဟယ်ဆလေ”

ကျွန်တော်က လှမ်းခေါ်လိုက်၏။

“ခင်ဗျားကြိုက်သလို ကျုပ်က လိုက်ပြီးလုပ်ပေးမယ်။ ကျုပ်ကို စကားပြောခွင့်သာပေးစမ်းပါ”

ကက်ပတိန်ဟယ်ဆလေက ကျွန်တော့်စကားကို မယုံဘဲ ခဏမျှ ငိုင်၍နေ၏။ ကျွန်တော့် မျက်နှာကို မည်းနက်တောက်ပြောင်သော မျက်လုံးအစုံဖြင့် တစ်ချက်မျှ အကဲခတ်လိုက်၏။

ကျွန်တော့် လက်ချက်ကြောင့် ကက်ပတိန်ဟယ်ဆလေမှာ အပွဲပွဲရှုံးခဲ့လေသမျှ ယခုပွဲတွင် နှပ်ပစ်ခံခဲ့ရဖူးပြီဖြစ်ရာ ကျွန်တော့် စကားကို ချက်ချင်းမယုံနိုင်ဘဲ ကျွန်တော့်အမူအရာကို အတန်ကြာအောင် အကဲခတ်နေခြင်းဖြစ်ဟန်တူသည်။

ကျွန်တော့် အဖို့အရာမှာလည်း မည်သို့ပင် စိတ်ကို ထိန်းထားစေကာမူ နည်းကုန်လမ်းကုန်ဖြစ်လာသောအခါ အတွင်းကျိတ်လျက် စိတ်ပျက်နေပြီ ဖြစ်သည်။

သူရဲဘောကြောင်သူတစ်ယောက်ဟု မထင်စေရန် အံကိုကြိတ်၍ ထား သည့်တိုင် ကျွန်တော့် အတွင်းစိတ်မှာကား လူသားတို့ ဓမ္မတာအတိုင်း သေရမည်ကို ကြောက်ပြီးသားဖြစ်၏။

မည်သို့ပင်ဖြစ်စေ ကျွန်တော်အသတ်ခံရသည့်အချိန်၌ ဟယ်ဆလေ တကွ သူ၏ အာဏာပါးကွက်သားအားလုံးသည်လည်း ကျွန်တော့်ရှေ့

www.burmeseclassic.com

www.burmeseclassic.com



ကောက်ကောက်ပါအောင်လိုက်ရမည်ဟူ၍ကား သန္နိဋ္ဌာန်ချထားပြီး ဖြစ်၏။

ကျွန်တော်သေလျှင် ဟယ်ဆလေတို့ လူစုပါ ကမ္ဘာ့မြေပြင်ပေါ်၌ ရှိမနေသင့်ဟု ဆုံးဖြတ်ချက်ချပြီးသားဖြစ်၏။

သို့ဖြစ်၍လည်း ကျွန်တော့် အမှုအရာမှာ မျှော်လင့်ချက်မရှိတော့သော လူတစ်ယောက်၏ အမှုအရာမျိုးသာ ဖြစ်နေလိမ့်မည်ဟု ခန့်မှန်းရ၏။

ကျွန်တော့်မျက်နှာကို စူးစိုက်၍ ကြည့်နေသော ဟယ်ဆလေက သူ့အနီးတွင်ရှိသော စကားပြောအသံချဲ့ခွက်ကို ရှေ့သို့ တိုး၍ ပေးလိုက်ပြီးနောက် အသံချဲ့စက်မှ ခလုတ်ကိုလည်း သူကိုယ်တိုင် ဖွင့်ပေးလိုက်သည်ကို တွေ့လိုက်ရ၏။

ကျွန်တော်က စကားပြော အသံချဲ့စက် အသံမြည်မမြည်ကို သိနိုင်ရန်အတွက် လေဖြင့် မှုတ်ကြည့်လိုက်၏။

လေသံက အသံချဲ့စက်မှ ဖြာ၍ ထွက်ကာ ရွက်တိုင်များမှ ခပ်ကျယ်ကျယ်လေး ထွက်ပေါ်လာလေသည်။

စကားပြော အသံချဲ့စက် ကောင်းမွန်ကြောင်း တွေ့ရသည်နှင့် တစ်ပြိုင်နက် ကျွန်တော်က ဆုတ်ဆိုင်းဆိုင်းလုပ်မနေတော့ဘဲ လိုရင်းကို တိုတိုဖြင့် ပြောလိုက်၏။

"ရဲဘော်ကြီး ကွတ်"

ကျွန်တော်က အသံချဲ့စက်ဖြင့် လှမ်း၍ ခေါ်လိုက်သည့်အချိန်တွင် ရဲဘော်ကြီးကွတ်နှင့် ဂျနီဖာတို့က ပွဲစင်ဘက်ရှိ သုံးလက်မအမြောက်စင်ဝဲယာတွင် အသင့်နေရာယူထားပြီး ဖြစ်ကြောင်း တွေ့နေရ၏။

"ရဲဘော်ကြီးကွတ်"

ကျွန်တော် ဒုတိယမှ်လှမ်း၍ခေါ်လိုက်ပြီးနောက် ဆက်တိုက်ပင် ပြောချလိုက်၏။

သုံးလက်မ အမြောက်ပြောင်းဝက မုန်တိုင်းသင်္ဘောရှိရာသို့ တည့်တည့်ကြီးချိန်လျက်ရှိနေ၏။

"ခု ကျုပ်ပြောနေတာဟာ အမိန့်ပဲ၊ အမိန့်အတိုင်း တိတိကျကျလိုက်နာပါ။ ချက်ချင်း အမြောက်နဲ့ ပစ်ခွင်းပေတော့"

ကျွန်တော့်လက်ထဲတွင် ကိုင်ထားသော စကားပြောအသံချဲ့ခွက်ကို ဟယ်ဆလေက ဆောင့်ဆွဲယူလိုက်၏။ ဤအချိန်ပင် ကျွန်တော့်လည်ပင်း၌ စွပ်ထားသောကြိုးကွင်းက ဖြုန်းခနဲ တင်းကျပ်လာပြီး ကျွန်တော့်မှာ အသက်ကိုလု၍ ရှူနေရလေသည်။



တစ်ချိန်တည်းလိုလိုပင် တစ်စုံတစ်ယောက်က ကျွန်တော့်မျက်ခွက်ကို လက်သီးဖြင့် ထိုးလိုက်၏။

အသက်ကို လု၍ ရှူနေရစဉ် မျက်ခွက်ကိုလည်း လက်သီးစာ အကျွေးခံလိုက်ရသောကြောင့် ကျွန်တော့်မှာ လောကကြီးတစ်ခုလုံးကို မမြင်မတွေ့တော့သကဲ့သို့ ဖြစ်နေ၏ ရ၏။

သို့တိုင်အောင် ဟယ်ဆလေ၏ အသံကိုကား ကျွန်တော်က ကြားနေရသေး၏။

"ဟေ့ ...သုံးရောင်ခြယ်မပစ်နဲ့၊ မင်းတို့ကစပြီး ပစ်တာနဲ့ တစ်ပြိုင်နက် ဗာဒီက သေပြီသာမှတ်တော့၊ ကျုပ်ပြောတာကို ကောင်းကောင်းနားထောင်စမ်း ကျုပ်တို့ မုန်တိုင်းသင်္ဘောက မင်းတို့ သုံးရောင်ခြယ်နဲ့ ခပ်ကွာကွာမှာ သွားပြီးနေမယ်။ မင်းတို့ကိုလည်း သုံးရောင်ခြယ်သင်္ဘောပေါ်က အေးအေးချမ်းချမ်းဆင်းပြီး၊ အေး အေးချမ်းချမ်း လွှဲပြောင်းပေးနိုင်ဖို့အတွက် ဆယ့်ငါးမိနစ်အချိန်ပေးမယ်။ ဆယ့် ငါးမိနစ်စေ့လို့မှ သုံးရောင်ခြယ် သင်္ဘောပေါ်က မင်းတို့ဆင်းလို့ မပြီးသေးရင် ဗာဒီကိုလည်ပင်း ကြိုးကွင်းတပ်ပြီး သတ်လိုက်မယ်ဆိုတာ တစ်ထစ်ချမှတ်ထားပေတော့။ ကျုပ်ပြောတာကို ရှင်းရှင်းလင်းလင်း နားလည်တယ် မဟုတ်လား"

ကက်ပတိန်ဟယ်ဆလေက သုံးရောင်ခြယ်ပေါ်မှ ငွေချောင်းများကို ရရှိနိုင်ရန်အတွက် ဉာဏ်နီဉာဏ်နက်ထုတ်၍ နေပြန်သည်။

ချက်ချင်း ဆိုသလိုပင် သုံးရောင်ခြယ်ပေါ်မှ ရဲဘော်ကြီးကွတ်၏ အသံက မုန်တိုင်းပေါ်သို့ တိုက်ရိုက်ရောက်ရှိလာ၏။

"ကက်ပတိန်ဟယ်ဆလေ။ ခင်ဗျားပြောတာကို ကျုပ်နားလည်တယ်။ ဒါပေမဲ့ ခင်ဗျားကိုတော့ သတိပေးစမ်းပါရစေ။ ဗာဒီကိုလည်ပင်းမှာ ကြိုးတပ်ပြီး အပေါ်ကို ဆွဲလိုက်တာနဲ့ တစ်ပြိုက်နက်၊ မုန်တိုင်းသင်္ဘောကို ကျုပ်တို့ သုံးရောင်ခြယ်က အစိတ်စိတ် အမွှာမွှာကွဲအောင် အမြောက်နဲ့ ဖြိုခွင်းမယ်ဆိုတာ သတိထားစမ်းပါ။ နောက်တစ်ချက်ကတော့ ခုရပ်နေတဲ့ နေရာက မုန်တိုင်းသင်္ဘောကို ဘယ်ကိုမှ ဆုတ်မသွားပါနဲ့။ ဆုတ်သွားတာနဲ့ တစ်ပြိုက်နက် အမြောက်စာကျွေးရလိမ့်မယ်"

ရဲဘော်ကြီးကွတ်က အာဏာပါးကွက်သားတို့၏ ဆရာကြီးဖြစ်သော ဟယ်ဆလေအား လှမ်း၍သတိပေးလိုက်ပြီးနောက် မုန်တိုင်းသင်္ဘောပေါ်ရှိ ရဲဘော်သင်္ဘောသားများကိုလည်း တတ်နိုင်သမျှ ဆက်၍ စည်းရုံးနေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ရဲဘော်သင်္ဘောသားများ ခင်ဗျား။ ခင်ဗျားတို့ကို ပဲ့စင်ထက်ကနေပြီး သေနတ်တစ်လက်နဲ့ အမိန့်ပေးနေတဲ့ လူဟာ တကယ့်လူသတ်ကောင်ကြီး ဖြစ်ပါတယ်။ ခင်ဗျားတို့တစ်တွေက အဲဒီလူသတ်ကောင်ကြီးဘက်က လိုက်ပြီး သူခိုင်းတာကို လုပ်နေမယ်ဆိုရင်တော့ ကျွန်တော်ကလည်း ဘယ်လိုမှမတတ်နိုင်ဘဲ လူသတ်ကောင်ကြီးနဲ့အတူ ရဲဘော်သင်္ဘောသားတွေကိုပါ အမြောက်စာကျွေးရပါလိမ့်မယ်။ ဒီတော့ ရဲဘော်သင်္ဘောသားတွေက လူသတ်ကောင်ကြီး ပြောတဲ့အတိုင်း…"

ရဲဘော်ကြီးကွတ်၏ စည်းရုံးရေးတရားမဆုံးမီ ကက်ပတိန်ဟယ်ဆလေက သင်္ဘောပထမအရာရှိဖြစ်သူ ဟင်ဒရစ်အား စက်ခန်းရှိရာသို့ စက်ကိုအပြင်းခုတ်ရန် အချက်ပြပေးပါဟု အမိန့်ပေးလိုက်သည်။

ဟင်ဒရစ်က ပဲ့စင်ထက်မှနေ၍ မုန်တိုင်းသင်္ဘောစက်ခန်းရှိရာသို့ စက်ကို အားကုန်ခုတ်ရန် အချက်ပေးလိုက်သည်။

မုန်တိုင်းသင်္ဘော၏ ငါးမန်းယက်များက ရေအလျင်ကို တအားကုန်ယက်ကာ ပဲ့ပိုင်းမှနေ၍ ရေပန်းလိပ်ကြီးများကို ထနေစေသည်။

မုန်တိုင်းသင်္ဘော၏ ပဲ့စင်က အောက်မှ စက်အရှိန်ဖြင့် တုန်၍လာခဲ့၏။

ငါးမန်းယက်တဖွေးဖွေးဖြင့် ရေပန်းများလုံးထွေး၍ ထလာသည်ကို သုံးရောင်ခြယ်ပေါ်မှ ရဲဘော်ကြီးကွတ်က လှမ်း၍ မြင်လိုက်ဟန်တူ၏။

"စက်တွေကို ရပ်ထားလိုက်စမ်းပါ"

ရဲဘော်ကြီးကွတ်၏ အမိန့်ပေးသံကြောင့် မုန်တိုင်းပေါ်ရှိ သင်္ဘောသားအားလုံးသည် ကယောင်ကတမ်း မြည်တမ်းဟစ်အော်၍ နေကြ၏။ ဤအထဲတွင် သင်္ဘောသားတို့၏ ခေါင်းဆောင်ဟု ယူဆရသော ဂျိုးဇက်၏အသံမှာ အကျယ်လောင်ဆုံး ဖြစ်နေလေသည်။

"ကက်ပတိန်ဟယ်ဆလေ ဘုရားသခင်ရဲ့မျက်နှာကို ထောက်ပြီး အင်ဂျင်စက်တွေကို ရပ်ထားလိုက်ပါ"

သင်္ဘောသား ခေါင်းဆောင် ဂျိုးဇက်၏ တောင်းပန်ချက်ကို ဟယ်ဆလေက ပြန်၍ အဖြေပေးလိုက်ပုံမှာ အလွန်မှပင် ချိုးကျိုးစရာကောင်း၏။ အဖြေကိုလည်း အာဏာပါးကွက်သားကြီး ဟင်ဒရစ်မှ တစ်ဆင့် ပေးလိုက်ခြင်းဖြစ်၏။

"မစ္စတာဟင်ဒရစ်၊ ခင်များသေနတ်ကို အသင့်ထားစမ်း"

ဂျိုးဇက်၏ တောင်းပန်ချက်ကို ဟယ်ဆလေက ဤသို့ အဖြေပေးလိုက်ပြီးနောက် သင်္ဘောသားများကိုလည်း လှမ်း၍ ငေါက်လိုက်၏။



"ဟော့ကောင်တွေ ကိုယ့်နေရာပြန်ပြီး ဆုတ်နေစမ်း"

ကက်ပတိန်ဟယ်ဆလေက ဂျိုးဇက်နှင့်တကွ သင်္ဘောသားအားလုံးကို လှမ်း၍ ငေါက်လိုက်သည့်အချိန်တွင်ပင် ပေါက်ကွဲသံကြီးတစ်ခုက နားကွဲမတတ် ပေါ်ထွက်လာသည်။

ပေါက်ကွဲသံကြီးနှင့်အတူ ထိခိုက်ပျက်စီး ပြိုကျသံများ မီးအလျှံများ ရေအလျဉ်များကို တစ်ပြိုင်နက်လိုလို တွေ့မြင်လိုက်ရ၏။

အဝီစိထ၍ ပွက်လိုက်သကဲ့သို့တည်း။

ပေါက်ကွဲသံ၊ ပြိုကျသံ၊ ပျက်စီးသံ၊ မီးလျှံတို့ကို တွေ့လိုက် မြင်လိုက် ကြားလိုက်ရသည့် နောက်ပိုင်းတွင် ကျွန်တော့်ကိုယ်ခန္ဓာကြီးမှာလည်း ပဲ့စင်အဆောင်ရှိ လက်ရန်းနှင့် တိုက်မိပြီးနောက် ပဲ့စင်အဆောင်ရှိ ကြမ်းပြင်ပေါ်သို့ လဲကျသွားခြင်းပင်ဖြစ်၏။

ပဲ့စင်ထက်ရှိ ကြမ်းပြင်ပေါ်တွင် ပက်လက်ကလေးဖြစ်နေသော ကျွန်တော့်အဖို့ ပထမဆုံးသတိပြုမိသောအရာမှာ မုန်တိုင်းသင်္ဘောမှ ခေါင်းတိုင်ကြီးက ထက်ဝက်ပိုင်းလျက် ပဲ့စင်အဆောင်ရှိရာသို့ မီးတဝင်းဝင်းဖြင့် ကျဆင်းလာခြင်းပင် ဖြစ်သည်။

ဒုတိယသတိပြုမိသောအရာမှာ ပဲ့စင်အဆောင်ထက်ရှိပုံ့ ထိန်းဘီးတွင် ကားစင်တင်ထားသကဲ့သို့ ရှိနေသော ဟင်ဒရစ်က အပေါ်မှ မီးတဝင်းဝင်းဖြင့် အရှိန်ပြင်းစွာ ပြုတ်ကျလာသော ခေါင်းတိုင်အပြတ်ကြီးကို မျက်ဝါးထင်ထင် တွေ့မြင်နေရသည့် ရှုခင်းပင်ဖြစ်၏။

ဟင်ဒရစ်၏ ပါးစပ်က ကြောက်လန့်အံ့သြသည့် အမူအရာကို သရုပ်ဆောင်နေသည်။ ဟင်းလင်းဟနေသော ပါးစပ်ကြီးဖြင့် ကျရောက်လာသော ဘေးအန္တရာယ်ကို ဟစ်အော်၍ တားဆီးနေသည်ဟု ထင်ရ၏။

သို့ရာတွင် အော်သံဟစ်သံကိုကား ကျွန်တော်က မကြားရ။ ကျွန်တော့်နားနှစ်ဖက်မှာ ဆက်ခါဆက်ခါ ခံစားလာရသော ဝေဒနာများကြောင့် ယခုအချိန်တွင် လုံးလုံးပင်း၍ နေပြီဖြစ်၏။

အသံဗလံဟူ၍ တစ်ခုမျှ မကြားရသော လောကကြီး၌ ကျွန်တော်သည် အစုံကမှ ဖြစ်လာသမျှကို ထင်ထင်ရှားရှား တွေ့နေရ၏။

မီးတဝင်းဝင်းဖြင့် ပြုတ်ကျလာသော သင်္ဘောခေါင်းတိုင်ပြတ်ကြီးက ပဲ့စင်အဆောင်အစွန်းဘက်နားတွင် အရှိန်ပြင်းစွာဖြင့် ကျရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ကျရောက်လာပြီးမှ ပဲ့ကိုင်ဘီးပေါ်တွင် ကားစင်တင်ထားသကဲ့သို့ ရှိနေသော ဟင်ဒရစ်၏ ဝမ်းဗိုက်ပေါ်သို့ ကျားကြီးတစ်ကောင် ခုန်၍ခုန်၍ အုပ်လိုက်သလို ခေါင်းတိုင်ကြီးတစ်ခုလုံး လိမ့်၍တက်သွားသည်။

ဟင်ဒရစ်က ဘယ်ညာတစ်ဖက်တစ်ချက် လူးလိမ့်လိုက်၏။ မာန်ဖီနေသော ကျားကြီးတစ်ကောင်၏ ကိုက်ခဲဝါးမျိုခြင်းကို ဘယ်ညာတိမ်း၍ ယိမ်းကာမျှဖြင့် မလွတ်နိုင်သလို အာဏာပါးကွက်သားကြီး ဟင်ဒရစ်မှာလည်း မီးတဝင်းဝင်း လောင်မြိုက်နေသော ခေါင်းတိုင်ပြတ်ကြီး၏ အန္တရာယ်မှ လွတ်နိုင်တော့မည် မဟုတ်။

အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ ရှိနေသော ပဲ့စင်အဆောင်ကြီး တစ်ခုလုံးက အောက်ဘက်ရှိ ကြမ်းပြင်ပေါ်သို့ တစ်ခဲနက်သောအသံဖြင့် ပြို၍ကျလာသောကြောင့်ပါတည်း။

ပဲ့စင်အဆောင်ကြီးတစ်ခုလုံးနှင့်အတူ ကျွန်တော်က အောက်ဘက်မှသင်္ဘော ကြမ်းပြင်ပေါ်သို့ ရောက်လာခဲ့ပြီးနောက် ဒယိမ်းဒယိုင်ဖြင့်ထ၍ လာနိုင်သော အချိန်တွင် စောစောက လည်ပင်းတွင် တပ်ထားသော ကြိုးမှာ လုံးဝပြတ်၍သွားသည်ကို သတိထားလိုက်မိ၏။

မုန်တိုင်းသင်္ဘောအထက်ပိုင်းမှာ အပေါက်ကြီးတစ်ပေါက်ဖြင့် ဟောင်းလောင်းကြီး ဖြစ်နေသည်။ ဤဟောင်းလောင်းအပေါက်ကြီးအလယ်မှနေ၍ မီးများ တလျှံလျှံတောက်နေသည်ကို တွေ့ရ၏။

နားပင်း၍သွားသည့်တိုင် ရှုပ်ထွေးသော အသံဗလံများကို ကြားနေရသေး၏။

အော်သံ ဟစ်သံ ညည်းသံ ညှူသံများနှင့်အတူ ဘွိုင်လာအိုးမှ ရေနွေးငွေ့များ ဒလဟော လွှတ်ထွက်နေသံများကိုလည်း ကြားနေရ၏။

လက်ပြန်ကြိုးတုပ်ထားသော ကျွန်တော့်လက်မှ ကြိုးများကို တစ်စုံတစ်ယောက်က ဖြတ်ပေးလိုက်သည်။

လဲကျနေရာမှ ဒယိမ်းဒယိုင်ထလာသော ကက်ပတိန် ဟယ်ဆလေ၏ လက်ထဲမှ ပစ္စတိုကို သင်္ဘောသားခေါင်းဆောင် ဂျိုးဇက်က ဖြုတ်ယူလိုက်သည်။

လှည့်၍ ကြည့်လိုက်သောအခါ သွေးအိုင်ထဲတွင် လဲကျငြိမ်သက်နေသော ဟင်ဒရစ်၏ အလောင်းကို တွေ့ရ၏။

ဂျူတ်က မျက်စိနှစ်ဖက်ကို အတင်းပွတ်ရင်း လဲရာမှထနေ၏။ အီဗန်က



လက်ထဲတွင် ဘာမျှမရှိဘဲ မှင်တက်မိသူတစ်ယောက်ကဲ့သို့ ရပ်နေလေသည်။

ဂျိုးဇက်က သူ့လူများကို အမိန့်ပေးညွှန်ကြားလျက်ရှိသည်။

အသက်ကယ်လှေနှစ်စင်းကို ရေထဲသို့ပင် ချပြီးနေပြီဖြစ်၏။

တစ်ယောက်ယောက်က ကျွန်တော့်လက်မောင်းကို အတင်းဆွဲ၍ခေါ်သွားပြီး အသက်ကယ်လှေတစ်စင်းထဲသို့ သွင်းပေးလိုက်၏။

ကျွန်တော်တို့ အသက်ကယ်လှေကို သင်္ဘောဘေးမှ ခွာ၍ ထွက်လာသောအခါ မုန်တိုင်းသင်္ဘောဘေးဘက်ရှိ အပေါက်မှ မီးခိုးလုံးများ လိမ့်၍ထွက်လာသည်ကို တွေ့ရ၏။ စောစောက ခေါင်းတိုင်ရှိခဲ့သည့် နေရာတွင် မီးတောက်မီးလျှံကလေးများနှင့်အတူ ယိမ်းထိုးလှုပ်ရှားနေကြသည်။

မီးတောက်မီးလျှံနှင့် မီးခိုးလုံးများ အကြားမှနေ၍ ပြေးထွက်လာသော ကက်ပတိန်ဟယ်ဆလေကိုလည်း ကျွန်တော်က မြင်နေရ၏။

ဟယ်ဆလေသည် သင်္ဘောကုန်းပတ် အစွန်းအထိ လာပြီး ကျွန်တော်တို့ အသက်ကယ်လှေတွင် သူ့ကိုပါ တင်ဆောင်၍ သွားပါရန် အသနားခံ၍ပြောဆိုနေ၏။

ဂျိုးဇက်က ဟယ်ဆလေ၏ တောင်းပန်ချက်ကို လှောင်ရယ်လိုက်၏။

"ခင်ဗျား ဒုက္ခတွေကို သုံးရောင်ခြယ်က နှစ်ဆယ့်သုံးလောင်းပြိုင် သေသွားရတဲ့ လူတွေကို လိုက်ပြီး ပြောပါလား"

ဂျိုးဇက်က ဤသို့ပြောလိုက်ပြီးနောက် ခတ်တက်ကိုယ်စီဖြင့် ရှိနေသော သင်္ဘောသားများဘက်သို့ လှည့်၍ ညွှန်ကြားချက်ပေးလိုက်၏။

"ကိုယ့်လူတွေ မြန်မြန်ခတ်ကြ။ သင်္ဘောမှာ တင်ယူလာခဲ့တဲ့ ဒိုင်းနမိုင်းတွေဆီကို မီးကူးသွားရင် သေကုန်မှာမသိဘူးလား။ မုန်တိုင်းနဲ့ ဝေးတဲ့နေရာကို ရောက်အောင် အပြင်းခတ်ကြ"

ခတ်တက်ကိုယ်စီဖြင့် ရှိနေကြသော သင်္ဘောသားများကို လှည့်၍ ကြည့်လိုက်မိသောအခါ ဟယ်ဆလေ၏ အာဏာပါးကွက်သားကြီးနှစ်ဦးဖြစ်သော ဂျူတ်နှင့် အီဗန်တို့ကိုလည်း လှေထဲတွင် တွေ့ရ၏။

မုန်တိုင်းသင်္ဘောရှိရာသို့ ကြည့်လိုက်မိပြန်သောအခါ ကက်ပတိန်ဟယ်ဆလေသည် သင်္ဘောပေါ်တွင် ချည်၍ထားသော ဖောင်တစ်ခုကို ဖြုတ်နေကြောင်း တွေ့ရ၏။

ချည်ထားသည့် ဖောင်ကို ဖြုတ်၍ ပြီးသည့်တိုင် ရှေ့သို့ လျှောက်အောင်

www.burmeseclassic.com

www.burmeseclassic.com



ချေနိုင်ဘဲ ဖြစ်နေပြန်၏။ ဟယ်ဆလေမှာ ကိုယ်လုံးကိုယ်ဟန် များစွာ သေးကွေးလှ သူမဟုတ်သည့်တိုင် အလုပ်ကြမ်းကို လုပ်လေ့ လုပ်ထရှိသူမဟုတ်သောကြောင့် ဖောင်ကို သဘော်ပေါ်မှ ရေထဲသို့ ရောက်အောင် တော်တော်နှင့် ချ၍ မရနိုင်ဘဲ အခက်အခဲနှင့် ကြုံနေရ၏။

ဖောင်ကို တွန်းချ၍ မရသောအခါ မလှမ်းမကမ်းရှိ ရေပုံးတစ်ပုံးကို ပြေးယူလျက် ပင်လယ်တွင်းမှ ရေကိုခပ်ကာ မီးကိုငြိမ်းသတ်နေပြန်၏။

သေရတော့မည်ဟူသော အသိကြောင့် ကက်ပတိန်ဟယ်ဆလေသည် သွေးရူးသွေးတန်း ဖြစ်နေခြင်းပင်တည်း။

ကျွန်တော်က ဂျိုးဇက်ဘက်သို့ လှည့်ပြီးမေးလိုက်၏။

"မုန်တိုင်းပေါ်မှာ ဒိုင်းနမိုင်းတွေ တော်တော်များများ ပါသလား"

"ပါတာပေါ့။ ရောမအဆောက်အအုံကြီးတစ်ခုကိုတောင် ဖောက်ခွဲနိုင်အောင် ပါတယ်။ ဟယ်ဆလေက သုံးရောင်ခြယ်သဘော်ကို အစအနမကျန်အောင် ဒိုင်းနမိုင်းနဲ့ ဖောက်ခွဲဖျက်စီးပစ်မယ်လို့ ကြံစည်ထားပုံရတယ်"

"သဘော်ထဲမှာ ဒိုင်းနမိုင်းတွေ အများကြီးပါလာတာ သိရဲ့သားနဲ့ ဟယ်ဆလေကို ဘာဖြစ်လို့ လှေပေါ်မှာ တင်ပြီးမခေါ်ခဲ့တာလဲ"

"ခင်ဗျားကို ကျွန်တော်က လက်မောင်းဆွဲပြီး လှေထဲအရောက်ခေါ်လာခဲ့တယ်။ ကဲ…ခု…လှေထဲမှာ ကြည့်စမ်း လူတစ်ယောက်စာနေရာတောင်မရှိတော့ဘူး မဟုတ်လား။ ခုံရုံးမှာ ကျွန်တော်ကတော့ ဒီအတိုင်းပြောမှာပဲ။ ကိုယ်လုပ်တဲ့မိုက်ပြစ်ကို ကိုယ်ပဲခံရတာပဲမဟုတ်လား။ ဟယ်ဆလေပဲ သူ့မိုက်ပြစ်ကို သူပဲခံပါစေပေါ့"

ဂျိုးဇက်က အေးအေးဆေးဆေးပင် ပြောနေ၏။ ကျွန်တော်တို့ စီးလာသော အသက်ကယ်လှေက သုံးရောင်ခြယ်သဘော်ကြီးအနားသို့ ရောက်လာ၏။

သဘော်လက်ရန်းပေါ်မှနေ၍ အော်ဟစ်မေးမြန်းလိုက်သော ရဲဘော်ကြီးကွတ်၏ အသံကိုကြားရသည်။

"ဟေ့ …ဟေ့ …ဗာဒီ အိုကေပဲမဟုတ်လား"

"အိုကေပဲ ဟေ့"

ကျွန်တော်က ဝမ်းသာအားရ ပြန်၍ ပြောလိုက်၏။

ကြိုးလှေကားတစ်ခုက သဘော်ပေါ်မှ ကျွန်တော်တို့ အသက်ကယ်လှေရှိရာသို့ ကျလာသည်။



ကျွန်တော့်တစ်ကိုယ်လုံးမှာ နုံးချည့်၍နေသည့်တိုင်အောင် ချေသေသော ကြိုး လှေကားအတိုင်း သဘော်ကုန်းပတ်ပေါ်သို့ တက်လာခဲ့၏။

သဘော်လက်ရန်းကို တော်တော်နှင့် ကျော်၍ မရသောကြောင့် ရဲဘော်ကြီးကွတ်က ကျွန်တော့် တစ်ကိုယ်လုံးကို ဆွဲတင်၍ ပေးရ၏။

သံချေးများဖြင့် နီနီရဲနေသော သုံးရောင်ခြယ်သဘော်ကြမ်းပြင်မှာ ကျွန်တော်အဖို့ မိမိအိုးအိမ်သဖွယ် မှတ်ထင်နေရလေသည်။

ဂျနီဖာက ကျွန်တော်ရင်ခွင်ထဲသို့ အတင်းတိုး၍ ဝင်လာ၏။ ဝမ်းသာလွန်းသဖြင့် ဂျနီဖာ၏ မျက်လုံးအိမ်တွင် မျက်ရည်များပင် လည်နေလေသည်။

ကျွန်တော်က ဂျနီဖာ၏ ဆံပင်ကို ပွတ်သပ်၍ ပေးရင်း ကျွန်တော့် မျက်စိများကိုပင် မယုံနိုင်အောင် ဖြစ်နေမိ၏။

လွန်ခဲ့သော တစ်နာရီကျော်ကျော်လောက်က ကျွန်တော်သည် လည်ပင်းတွင် ကြိုးတပ်၍ အသတ်ခံရတော့မည့်ဆဲဆဲလူတစ်ယောက် ဖြစ်နေခဲ့၏။ ယခု သုံးရောင်ခြယ်ပေါ်သို့ ပြန်လည်ရောက်ပြီးနောက်၊ ရှင်ပြန်ထမြောက်လာသူတစ်ယောက်ကဲ့သို့ ဖြစ်နေသည် မဟုတ်လား။

"ဒါလင် ပြန်တွေ့ရမယ်လို့တောင် မထင်ခဲ့ဘူး"

ဤစကားကို ဆိုရင်း ကျွန်တော်က တင်းထားခဲ့သမျှ အားမာန်တို့ကို လျှော့၍ချလိုက်မိ၏။

ဂျနီဖာ ကျွန်တော့် မျက်နှာကို စိုးရိမ်တကြီးကြည့်ရင်း-

'မျက်နှာတစ်ခုလုံး လည်းကွဲပြဲပြီး ဖူးဖူးရောင်နေပါကလား မောင်ရယ်၊ ဆေးထည့်ရအောင်'ဟု ကျွန်တော့်မျက်နှာကို သူ့လက်ဖြင့် ယုယုညင်သာစွာ စမ်းရင်း ပြောလိုက်၏။

သည်တော့မှပင် ကျွန်တော့်တွင် တာဝန်များ မပြီးဆုံးသေးကြောင့် သတိရလာ၏။

ကျွန်တော်က ရဲဘော်ကြီးကွတ်ရှိရာသို့ လှည့်လိုက်ကာ…

'လှေပေါ်က တက်လာတဲ့ လူတွေကို လက်ထဲမှာ သေနတ်အသင့်ကိုင်ပြီး စောင့်ကြည့်နေပါ။ လူစုံရင်တန်းစီခိုင်းပါ။ စကားတစ်ခွန်းနှစ်ခွန်းလောက် ပြောစရာရှိတယ်' ဟု ညွှန်ကြားချက်ပေးလိုက်၏။

"ကောင်းပြီ"

ရဲဘော်ကြီးကွတ်က အသက်ကယ်လှေနှစ်စင်းမှ ကြိုးလှေကားအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



တက်လာသော သင်္ဘောသားများကို ကုန်းပတ်ပေါ်တွင် တန်းစီ၍နေရန် အမိန့်ပေးလိုက်ပြီး သင်္ဘောသားများ လက်ထဲတွင် ကိုင်ဆောင်လာသော လက်နက်များကို သင်္ဘောလက်ရန်းထိပ်မှနေ၍ သိမ်းယူနေသည်။

ဟယ်ဆလေနှင့် သူ၏အာဏာပါးကွက်သားများထံမှ ရရှိခဲ့သော လက်နက်များမှာ အတော်ပင် များပြားလှ၏။ ရဲဘော်ကြီးကွတ်က လက်နက်များ သိမ်းယူပြီးနောက် သင်္ဘောသားများအား သင်္ဘောကြီးလက်ရန်းကို ကျောခိုင်းလျက် စီတန်း၍ နေစေ၏။

အသက်ကယ်လှေနှစ်စင်းမှ သင်္ဘောသားများ ကုန်းပတ်ပေါ်သို့ အရောက်စုံသောအခါ ရဲဘော်ကြီးကွတ်က လူစေ့တက်စေ့ ရောက်လာပြီ ဖြစ်ကြောင်း သတင်းပို့လိုက်၏။

"လေက မုန်တိုင်းက မီးတွေကိုပင့်ပေးနေတယ်။ မီးလောင်ရာ လေပင့်ဆိုတာ ဒါပေါ့"

ရဲဘော်ကြီးကွတ်က သင်္ဘောလက်ရန်းကိုမှီနေရာမှ အော်၍ ပြောလိုက်၏။

အားလုံး သူပင် မုန်တိုင်းသင်္ဘောရှိရာသို့ လှည့်၍ကြည့်လိုက်မိကြ၏။

မုန်တိုင်းသင်္ဘောမှ ရောမမီးရှူးမီးတန်းကြီးတစ်ခု ပင်လယ်ရေပြင်အကြားမှ ရုတ်တရက် ပေါ်ထွက် နေသကဲ့သို့ ထင်ရ၏။ မီးလောင်ရာတွင် လေကလည်း ပင့်၍ နေသောကြောင့် အလွန်ကြီးမားသော မီးပန်းစကြာကြီးကို တစ်ခု ကောင်းကင်တွင် လည်၍ နေသကဲ့သို့ ထင်မှတ်ရ၏။

မီးအလျှံနှင့် မီးခိုးလုံးကြီးများက မုန်တိုင်းသင်္ဘောမှနေ၍ ကောင်းကင်ပြင်သို့ ထွေးလုံးရစ်ပတ်ထိုးထွက်နေစဉ် ကက်ပတိန်ဟယ်ဆလေက ကုန်းပတ်ပေါ်သို့ ဖြုတ်ချထားသော ဖောင်ကို ရေထဲသို့ရောက်အောင် သွေးရူးသွေးတန်းဖြင့် တွန်းချနေသည်။

ဖောင်ကို ရေထဲသို့တွန်းချရန်အတွက် သင်္ဘောလက်ရန်းပေါ်မှကျော်၍ ချရမည်ဖြစ်၏။ ဟယ်ဆလေသည် ဆင်ခေါင်းကို ဆိတ်ချီသကဲ့သို့ ဖောင်ကြီးကို လက်ရန်းပေါ်သို့ တင်နိုင်အောင် ချီမလျက်ရှိနေသည်။

သားရန်အန္တရာယ်နှင့် ရင်ဆိုင်ရသော အချိန်ကာလ၌ လူတို့တွင် ပုန်းလျှိုးကွယ်ဝှက်၍နေသော အားအင်ဗလများက ခုန်၍ထွက်လာတတ်သည့်အတိုင်း ဟယ်ဆလေသည် လေးလံလှသော ဖောင်ကြီးကို မိမိ၏ ပခုံးတစ်ဖက်ဖြင့် "မ" လျက် သင်္ဘောလက်ရန်းအစွန်းပေါ်သို့ တင်လိုက်နိုင်သည်။



ဤသို့တင်ပြီးမှ ဖောင်ကို ရေထဲသို့ တွန်းချလိုက်၏။

ဖောင်သည် ပင်လယ်ရေပြင်ထဲသို့ ထိုးကျသွားသည်။ ခဏအကြာတွင် ရေမျက်နှာပြင်ပေါ်သို့ ပြန်၍ပေါ်လာ၏။

ဤအခိုက်တွင်ပင် မုန်တိုင်းသင်္ဘော ဝမ်းခေါင်းအတွင်းဘက်မှ အဆက်မပြတ် ပေါ်ထွက်လာသော ပေါက်ကွဲသံများကို ကြားလိုက်ကြရ၏။

ခဏအကြာတွင် မုန်တိုင်းသင်္ဘောကြီးတစ်ခုလုံးက ရောမ မီးပန်းကြီးတစ်ခုကို ထွန်းညှိလိုက်သကဲ့သို့ ထိန်ထိန်လင်း၍ လာပြီးနောက် ရှည်လျားသော ကျယ်လောင်သော ပေါက်ကွဲသံကြီးကလည်း ပေါ်ထွက်လာသည်။

သင်္ဘောတစ်ခုလုံးမှာ အထက်မိုးကောင်းကင်သို့ ပျံ၍တက်သွားသလားဟု ထင်လိုက်ရ၏။ သင်္ဘောတစ်ခုလုံးတွင် ရှိရှိသမျှ အစိတ်အပိုင်းတစ်ခုလုံးတို့သည် ကောင်းကင်သို့ ပျံ၍တက်သွားကြပြီးနောက် တဖြည်းဖြည်းရေထဲသို့ ပြန်၍ကျလာကြ၏။

ယမ်းခိုးယမ်းငွေ့များ တစ်စတစ်စပြယ်၍ လာသောအခါ၌ မုန်တိုင်းဆွဲသင်္ဘောမှာ ဦးပိုင်းနှင့် ပဲ့ပိုင်းတို့သာ ရေပေါ်တွင် မီးလောင်ငုတ်တိုအဖြစ် ပေါလောမျောလျက်ရှိနေပြီး သင်္ဘောကြီးတစ်စင်းလုံးမှာမူ အပိုင်းအစနှင့် ပြာပုံများအနေဖြင့် ရေထဲမျောပါနေသည်ကို သုံးရောင်ခြယ် သင်္ဘောပေါ်မှ ကျွန်တော်တို့အားလုံး တွေ့လိုက်ကြ၏။

သုံးရောင်ခြယ်သင်္ဘောမှ သင်္ဘောသားနှစ်ဆယ့်သုံးယောက်အား သွေးအေးအေးဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့သော ကက်ပတိန်ဟယ်ဆလေသည် မုန်တိုင်းသင်္ဘောနှင့်အတူ မီးသင်္ဂြိုဟ်ခြင်း ခံခဲ့ရပေပြီ။

"လူသတ်သမားကြီး ဟယ်ဆလေရဲ့ ဇာတ်သိမ်းခန်းပါပဲ"

ရဲဘော်ကြီးကွတ်က ပခုံးနှစ်ဖက်ကို တွန့်၍ ပြောလိုက်ပြီးနောက် သင်္ဘောသားများအား မျက်နှာမူလိုက်၏။

"ကဲ...ကိုယ့်လူတွေ တန်းစီပြီး နေစမ်း"

ရဲဘော်ကြီးကွတ်က မုန်တိုင်းမှ သင်္ဘောသားများအား အမိန့်ပေးလိုက်၏။

ဂျူတ်နှင့် အီဗန်တို့မှာ အကြောက်ကြီး ကြောက်နေကြပုံရ၏။ အာဏာပါးကွက်သားများတွင် ဆရာ ဆရာကြီးများဖြစ်သော ဟယ်ဆလေနှင့် ဟင်[illegible]က အသေဆိုးဖြင့် သေသွားရသည်ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်[illegible]အခါ ဟယ်ဆလေနှင့် အပေါင်းပါဖြစ်သော သူတို့နှစ်ယောက်ကိုလည်း [illegible]

www.burmeseclassic.com

www.burmeseclassic.com



တို့က ရက်ရက်စက်စက် သတ်ဖြတ်မည်ကို တွေး၍ကြောက်လန့်နေကြပုံရ၏။

သင်္ဘောလက်ရန်းကို ကျောမှီလျက် စိတ်နန်းရပ်နေသော သင်္ဘောသားများကို ကျွန်တော်က ခဏမျှ မျက်လုံးဝေ့၍ ကြည့်လိုက်ပြီးနောက် ဂျိုးဇက်အနီးသို့ ကပ်သွားပြီး-

'ကျုပ်တို့မှာ ရှိတဲ့လူက နည်းနည်းကလေးပဲ သင်္ဘောပေါ်မှာလည်း ငါးသိန်းကျော်ကျော်လောက်တန်တဲ့ ငွေချောင်းတွေ ရှိနေတယ်။ ဒီတော့ ကျုပ်တို့ သင်္ဘောက ကုန်သည်သင်္ဘောတွေ သွားနေကျ ပင်လယ်ရေလမ်းခရီးကို မရောက်မချင်း ခင်ဗျားတို့ လူစုကို ထိန်းသိမ်းထားဖို့ လိုလိမ့်မယ်လို့ ယူဆတယ်။ သင်္ဘောတွေ သွားနေကျ ခရီးလမ်းကြောင်းပေါ်ကို ကျုပ်တို့ပြန်ရောက်လာတဲ့အချိန်မှာ ခင်ဗျားတို့ကို ပြန်ပြီးလွှတ်ပေးမယ်။ ထိန်းသိမ်းထားတဲ့အချိန်မှာလည်း တစ်ကြိမ်မှာ နှစ်ယောက်စီ ကုန်းပတ်ပေါ်တက်ပြီး ကျန်းမာရေးနဲ့ ညီညွတ်အောင် လမ်းလျှောက်ခွင့်ရမယ်။ ခင်ဗျားတို့တစ်တွေက အနှောင့်အယှက်မပေးဘူးဆိုရင် ဆိပ်ကမ်းတစ်ခုခုကိုရောက်တာနဲ့ တစ်ပြိုင်နက် ခင်ဗျားတို့ကို သင်္ဘောပေါ်က ဆင်းခွင့်ပေးမယ်။ ခုံရုံးတော်ကို ရောက်လို့ရှိရင်လည် ခင်ဗျားတို့အတွက် သက်သာခွင့်ရအောင် ကျုပ်က ဆောင်ရွက်ပေးမယ်' ဟု ပြောလိုက်၏။

ခေါင်းဆောင်ဖြစ်သူ ဂျိုးဇက်က ကျွန်တော်ပြောသမျှကို ငြိမ်၍ နားထောင်နေ၏။

ကျွန်တော်က ဂျုတ်နှင့် အီဗန်ရှိရာသို့ သွား၍ ရပ်လိုက်ပြီး

'မင်းတို့နှစ်ယောက်ကိုတော့ လက်ရောခြေရော ချုပ်ထားရလိမ့်မယ်။ မင်းတို့အပြစ်ကို မင်းတို့သိတယ်မဟုတ်လား' ဟု ရှင်းလင်းပြလိုက်၏။

ပြီးမှ အမေရိကန်အမျိုးသား ဂျိုးဇက်ဘက်သို့ လှည့်ကာ ကျွန်တော်က မေးလိုက်၏။

"ခင်ဗျားတို့အထဲမှာ မိုင်ယာလက် အော်ပရေတာ မပါဘူးလား"

ဂျိုးဇက်က လူဖလံလေးတစ်ယောက်ကို လက်ညှိုးညွှန်၍ ပြလိုက်၏။

"ရေဒီယိုစက်ခန်းရှိရာသို့ သွားပြီး ခုချက်ချင်း တာဝန်ထမ်းဆောင်ပါ။ ရေဒီယိုကို အမြန်ဆုံး အလုပ်လုပ်လို့ ရအောင် ပြင်ပေးပါ။ ပြင်ပြီးတာနဲ့ တစ်ပြိုင်နက် အနီးဆုံး ဆိပ်ကမ်းမြို့တစ်မြို့နဲ့ ရေဒီယိုအဆက်အသွယ်ရအောင် စီစဉ်ပေးပါ"

သက်ဆိုင်ရာ အမိန့်နှင့် ညွှန်ကြားချက်များ ပေးပြီးသည်နှင့် တစ်ပြိုင်နက် ရဲဘော်ကြီးကွတ်နှင့် ဇလင်စကီတို့က မုန်တိုင်းမှ သင်္ဘောသားများကို သက်ဆိုင်ရာ



အခန်းများသို့ ခေါ်ဆောင်သွားကြ၏။

ကျွန်တော်က ဂျူနီဖာ၏ မျက်နှာကို ရွှန်းရွှန်းစားစားကြည့်လိုက်မိသည်။

"အောက်ထပ်က အင်ဂျင်စက်ကတော့ ဘယ်လိုအခြေအနေရောက်နေပြီလဲ ဒါလင်"

"စိတ်ပူစရာတွေ သိပ်ပြီးများနေတော့ အင်ဂျင်စက်အကြောင်းကိုတောင် သတိမရမိပါဘူး မောင်ရယ်"

ဂျူနီဖာက ယခုမှ စိတ်အေးရသည့် လေသံဖြင့် ပြန်၍ပြောလိုက်၏။

"ကဲ...ဒါဖြင့် ပွဲစင်ပေါ်တက်ပြီး မက်ဖာဆင်ကို မေးကြည့်ရအောင်။ ခုလောက်ဆိုရင် မီးအားလည်း ပေါင်ချိန်ပြည့်ပြီး ဘွိုင်လာတွေကလည်း အလုပ်လုပ်လို့ ရတော့မယ် ထင်တယ်။ လှုမနေတဲ့ တဆွေကျွန်းက ရေသင့်တုန်း ခုအခါမှာ ထွက်ခွာဖို့ အကောင်းဆုံးပဲ။ ကဲ ...လာ"

ကျွန်တော်က ပြောပြောဆိုဆိုဖြင့် ဂျူနီဖာ၏ ခါးကို ဖက်လျက် ပွဲစင်ရှိရာသို့ တက်လာခဲ့၏။

ပွဲစင်ထက်ရှိ စကားပြောပြွန်မှနေ၍ စက်ဆရာကြီးမက်ဖာဆင်နှင့် ဆက်သွယ်မိသောအခါ ကျွန်တော်တို့က ပို၍စိတ်ချမ်းသာလာရ၏။

"စက်ခြေအနေက ဘယ်လိုနေပါသလဲ ခင်ဗျာ"

"သင်္ဘောကို မောင်းမယ်ဆိုရင် မောင်းလို့ရပါပြီ။ ဒါပေမဲ့ ခါတိုင်းမောင်းနေကျ ရေမိုင်နှုန်းကိုတော့ ရမှာမဟုတ်သေးဘူး။ တစ်ဝက်လောက်နဲ့ပဲ ခုအချိန်မှာတော့ ကျေနပ်ရလိမ့်မယ်။ နောက် အင်ဂျင်စက်တစ်လုံးကတော့ နက်ဖြန် မနက်လောက်မှပဲ လည်နိုင်လိမ့်မယ်ထင်တယ်"

"အင်ဂျင်တစ်လုံးနဲ့ပဲ လှုမနေတဲ့ တဆွေကျွန်းက ထွက်ရလိမ့်မယ်။ ကျောက်ဆည်ပေါက်ကို ဖြတ်ကျော်တဲ့ အချိန်မှာတော့ အင်ဂျင်တစ်လုံးတည်းကိုပဲ အရှိန်ကုန်မြှင့်ပြီး မောင်းရလိမ့်မယ်"

ကျွန်တော့် အဆိုပြုချက်ကို စက်ဆရာကြီး မက်ဖာဆင်က တည်ငြိမ်သောအသံဖြင့် ပြန်၍ပြောလိုက်၏။

"လည်နေတဲ့ စက်တစ်လုံးကို အရှိန်ကုန်အရှိန်မြှင့်ပြီး မောင်းလို့ရပါတယ်။ ဒါပေမဲ့ စက်အရှိန်ကြောင့် စက်ခန်းကြီးတစ်ခုလုံး သဘော်...ကနေပြီး ပြိုဆင်းသွားရင်တော့ ကျုပ်ကို အပြစ်မတင်ပါနဲ့။ သင်္ဘော်...က ဘယ်လောက်ထိ ခံနိုင်ရည်ရှိမယ်ဆိုတာ ခန့်မှန်းလို့ မရသေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ကျောက်ဆည်ပေါက်ကို ဖြတ်ကျော်တဲ့အချိန်မှာ လည်နေတဲ့ အင်ဂျင်တစ်လုံးကို အစွမ်းကုန် အရှိန်ရအောင် မောင်းပေးနိုင်ရင် ကျေနပ်ပါပြီ။ လုပ်ပေးနိုင်မယ် မဟုတ်လား"

စက်ဆရာကြီးမက်ဖာဆင်က သက်ပြင်းတစ်ချက် ခပ်လေးလေးချလိုက်ရင်း အာမခံရှေ့ ခံလိုက်လေသည်။

ငါးမိနစ်ခန့်အကြာတွင် ရဲဘော်ကြီးကွတ်နှင့် ဇလင်စကီတို့ က ပဲ့စင်ထက်သို့ ရောက်လာကြ၏။ သူတို့နှစ်ဦး၏ ကိုယ်ခန္ဓာပေါ်တွင် မုန်တိုင်းသင်္ဘော၊ သင်္ဘောသားများထံမှ သိမ်းဆည်းရယူခဲ့သော လက်နက်များဖြင့် ပန်းကုံးသီသကဲ့သို့ ရှိနေလေသည်။

'ဂျုတ်နဲ့ အီဗန် အာဏာပါးကွက်သားနှစ်ကောင်ကိုတော့ စတိုအခန်းကျဉ်းကလေးထဲမှာ လက်ရော ခြေထောက်ရော သံကြိုးတည်းပြီး အခန်းကို အလုံပိတ်ထားခဲ့ပြီး ဂျိုးဇက်နဲ့ သူ့လူတွေကိုတော့ ထမင်းစားခန်းထဲမှာ လှောင်ပြီး ထားပစ်ခဲ့တယ်။ ဝါယာလက် အော်ပရေတာကလေးကိုတော့ ဝါယာလက်စက်ခန်းကလေးထဲမှာ ပိတ်ပြီးထားခဲ့တယ်။ ပြင်လို့ မပြီးမချင်း အပြင်ကိုထွက်ရမှာ မဟုတ်ဘူးလို့ ပြောပစ်ခဲ့တယ်"

ရဲဘော်ကြီးကွတ်က ကျွန်တော့်ကို သတင်းပို့လိုက်၏။

ကျွန်တော်က ခေါင်းညိတ်၍ပြလိုက်၏။ ပြီးမှ

'ရဲဘော်ကြီးနဲ့ ဇလင်စကီက ကျောက်ဆူးကြိုးကို သင်္ဘောပေါ် ရောက်အောင် စက်နဲ့ဆွဲတင်တဲ့ တာဝန်ကို ယူရလိမ့်မယ်။ ကျုပ်တို့ တတ်နိုင်သလောက်အမြန်ဆုံး ဒီကျွန်းကခွာမလို့ပဲ'ဟု ပြောလိုက်၏။

"ကောင်းပါ့ဗျာ ကောင်းပါ့။ ကျုပ်တို့ကလည်း လူမနေတဲ့ တစ္ဆေကျွန်းက ခွာချင်လှတာ ကြာပါပြီ"

ပြောပြောဆိုဆိုဖြင့် ရဲဘော်ကြီးကွတ်က ဇလင်စကီကို ပခုံးဖက်လျက် ပဲ့စင်ထက်မှ ဆင်းသွားသည်။

ဤအချိန်တွင်ပင် မိုးက ဖွဲဖွဲရွာလာသည်။ မိုးကန့်လန့်ကာကြီးက ကျွန်တော်တို့ သွားမည့်ခရီးကို ပိတ်ဆီးထားခဲ့သကဲ့ ဖြစ်နေပြန်သည်။

ကျွန်တော်က ကျောက်ဆည်ပေါက်ရှိရာသို့ မျှော်၍ ကြည့်လိုက်သောအခါ မက်ဒွန်ရောခ်ကျွန်းကို ဝိုင်း၍ ထားသော ကျောက်တန်းများ ရှိရာသို့ အပြေးဝင်၍ ဆောင့်နေသော လှိုင်းလုံးများက ရေပန်းကုံးသဖွယ်ဖြစ်နေသည်ကို တွေ့ရ၏။



ကျောက်ဆည်ပေါက် ရှိရာသို့ မျောပါလျက်ရှိသော ဖျဉ်တို [illegible] တိုသစ်စများက ကျဆုံးလေပြီးသော မုန်တိုင်းသင်္ဘောအဖြစ်သနစ်ကို [illegible] ကွက်ကွက် ဖော်ပြနေသကဲ့သို့ ထင်ရ၏။ အင်ဂျင်စက်ဆီများ ဒီဇယ်စက်ဆီများ [illegible] လည်း ပင်လယ်ရေပြင်ပေါ်တွင် ရှည်လျားဝန်းဝိုက်သည့် ပုံသဏ္ဌာန်ဖြင့် တ [illegible] လှုပ်ရှားနေကြ၏။

ရေသည် ကျွန်းဘက်မှ နေ၍ ကျောက်တန်းများရှိရာသို့ တစ်စတစ် [illegible] ဆုတ်နေသည် ဖြစ်ရာ ကျွန်တော်တို့အဖို့ ကျောက်ဆည်ပေါက်ကို ထွက်ရန် အကောင်းဆုံး အချိန်အခါ ဖြစ်နေလေသည်။

"ရေဒီယို မြန်မြန်ပြင်လို့ ရရင်တော့ သိပ်ကောင်းမှာပဲ။ နောက်ထပ် မုန်တိုင်းတစ်ခုခုနဲ့သာ တိုးမိရင် သုံးရောင်ခြယ်က မိုးဒဏ်လေဒဏ်ကို ကြံ့ကြံ့ခံနိုင်မှာ မဟုတ်ဘူး"

ဂျနီဖာက ကြောင့်ကြစိုးရိမ်သည့်လေသံဖြင့် ကျွန်တော်ပါးနားတွင် ကပ်၍ ပြောနေလေသည်။

ကျွန်တော်က မည်သို့မျှ အဖြေမပေးဘဲ သုံးရောင်ခြယ်ကို လူမနေသည့် တစ္ဆေကျွန်းမှ ထွက်ခွာနိုင်ရန်ကိုသာ အာရုံစိုက်နေမိ၏။

ကျွန်တော်က ပဲ့ကိုင်းဘီးကို ထိန်းနေစဉ်ပင် ရဲဘော်ကြီးကွတ်နှင့် ဇလင်စကီ တို့က ဦးဘက်မှ ကျောက်ဆူးကြိုးကို တင်၍ပြီးသွားကြ၏။

နောက်ထပ်နာရီဝက်ခန့်အကြာတွင် ပဲ့ပိုင်းမှ ကျောက်ဆူးကြိုးကိုလည်း ရဲဘော်ကြီးကွတ်တို့က သင်္ဘောပေါ်သို့ တစ်ဝက်တစ်ပျက်တင်ပြီး ဖြစ်နေ၏။ ကန့်လန့်ကာလို တဖွဲဖွဲကျနေသော မိုးကလည်း ဤအချိန်တွင်ပင် စဲ၍သွား၏။

"ကျောက်ဆည်ပေါက်က အထွက်မှာ အထူးသတိထားပါ ဒါလင်။ သုံးရောင်ခြယ်ပေါ်မှာ အသက်ကယ်လှေ မပါဘူးဆိုတာကိုလည်း သတိထားပါ"

ကျွန်တော်က ခေါင်းညိတ်၍ပြလိုက်ပြီး ပဲ့စင်အဆောင် ညာဘက်လက် [illegible] ရန်းမှ နေ၍ သင်္ဘောဦးဘက်သို့ ငုံ့ကြည့်လိုက်၏။

ကျောက်ဆူးကြိုးတင်သည့် အသံက တဂျုံးဂျုံး တဖြုန်းဖြုန်း [illegible] နေ၏။ ကျွန်တော် ကြည့်နေစဉ်မှာပင် ကျောက်ဆူးကြိုးတစ်ချောင်းက [illegible] မျှင်တစ်ချောင်းပြတ်သွားသကဲ့သို့ တောက်ခနဲ ပြတ်သွားသည်ကို [illegible]

ရေထဲတွင် တစ်နှစ်နီးပါး ချထားခြင်းခံရသော ကျောက် [illegible] ကိုက်၍ ပြတ်ထွက်လျှင် သုံးရောင်ခြယ်သင်္ဘော၏ ဇာတ်သည်း [illegible]

www.burmeseclassic.com

www.burmeseclassic.com



လှိုင်းအရှိန်ကြောင့် ပြိုကျအက်ကွဲ၍ မသွားဟု အဘယ်သို့ တာဝန်ခံနိုင်ပါမည်နည်း။

ဤအတွေးက ကျွန်တော့်ရင်ကို လေး၍နေစေသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့ကား သုံးရောင်ခြယ်ကိုပင် စီးနင်းကာ ခရီးထွက်ကြရတော့မည် ဖြစ်၏။

ရေဒီယိုစက်ကိုသာ မြန်မြန်ပြင်၍ ပြီးပါစေဟု ဆုတောင်းနေရတော့သည်။

ကျွန်တော်က ပွဲစင်ရှိရာသို့ပြန်လာကာ သင်္ဘောကို ကမ်းမှ တဖြည်းဖြည်း ခွာလိုက်၏။

ခဏအကြာတွင် စက်ခန်းရှိ မက်ဖာဆင်အား စက်အရှိန်ကို အမြင့်ဆုံးသို့ တင်လိုက်ပါဟု ညွှန်ကြားချက်ပေးလိုက်၏။ သုံးရောင်ခြယ်သင်္ဘောကြီးတစ်ခုလုံး တုန်၍လာလေသည်။

သုံးရောင်ခြယ်သည် ကမ်းနှင့် တဖြည်းဖြည်း ဝေး၍လာပြီးနောက် ကျောက်ဆည်ပေါက်နှင့် နီးကပ်လာ၏။

တန်ချိန် ငါးထောင်ရှိသော သုံးရောင်ခြယ်ပေါ်မှ ကြည့်လိုက်သောအခါ ကျောက်ဆည်ပေါက်တွင် လာရောက်ရိုက်ခတ်လျက်ရှိသော လှိုင်းလုံးများမှာ သာမန်လှိုင်းများလောက်သာ ရှိသည်ဟု ထင်ရ၏။ အီလီယံမိုးဖြင့် ဤကျောက်ဆည်ပေါက်မှ ကျွန်တော်တို့ဝင်လာ၏။ လှိုင်းလုံးကြီးများသည် ထန်းပင်လောက် နီးနီး မြင့်နေခဲ့သည် မဟုတ်လား။

အီလီယံမိုးမှာ နှစ်ဆယ့်ငါးတန်မျှသာရှိသော စက်တပ်ရွက်သင်္ဘောကလေး တစ်စင်းသာ ဖြစ်နေခဲ့သည်။

မည်သို့ပင်ဖြစ်စေ အီလီယံမိုးက ထန်းပင်လောက်မြင့်သော လှိုင်းလုံးကြီးများကို ဖြတ်ကျော်၍ လာနိုင်ခဲ့၏။ တစ်နှစ်တိုင်တိုင် မိုးထဲလေထဲ၌ စွန့်ပစ်ထားခြင်း ခံရကာ သံချေးများ တထောင်းထောင်းတက်နေသော တန်ချိန်ငါးထောင်ရှိ သုံးရောင်ခြယ်သည် သေမင်းခံတွင်းနှင့် တူသော ကျောက်ဆည်ပေါက်ကို ဖြတ်ကျော်ရောက်ရှိနိုင်ပါမည်လား။

တဒိတ်ဒိတ်ခုန်သောရင် တဆတ်ဆတ်တုန်သော လက်ဖြင့် သုံးရောင်ခြယ်ကို ပဲ့ကိုင်၍ပေးရင်း သင်္ဘောပေါ်ရှိ လူအားလုံး အသက်ကယ်အိတ်များ ဝတ်ထားကြရန် ညွှန်ကြားချက်ပေးလိုက်၏။

ရဲဘော်ကြီးကွတ်နှင့် ဇလင်စကီတို့ကိုလည်း ဂျိုးဇက်နှင့် အပေါင်းပါ သင်္ဘောသားများကို လှောင်ထားသည့် အခန်းရှေ့တွင် တစ်ယောက်၊ ဂျူတ်နှင့်



အီဗန်တို့ကို ချုပ်နှောင်ထားသည့် အခန်းရှေ့တွင် တစ်ယောက် တာဝန်ချထားလိုက်၏။ အရေးကြုံလာပါက အခန်းတံခါးများကို ဖွင့်၍ပေးရန်တည်း။

စက်ခန်းထဲတွင် ရှိနေသော မက်ဖာဆင်ကိုလည်း ကုန်းပတ်ပေါ်သို့ ခေါ်ယူထားလိုက်၏။ သုံးရောင်ခြယ်သည် ကျောက်ဆည်ပေါက်ကို ရသမျှသော စက်အရှိန်ဖြင့် ဖြတ်ကျော်နေပေပြီ ။

ဖြတ်ကျော်ရသည့်အချိန်မှာ ကြာလွန်းလှသည်ဟု ထင်နေမိ၏။

သင်္ဘောတစ်စင်းလုံးမှာ အတွင်းမှ မောင်းနှင်နေသော စက်အရှိန်၊ အပြင်မှ ရိုက်ခတ်လာသောလှိုင်းဒဏ်ကြောင့် ရန်သူလှံချက်မိနေသော ဆင်ပြောင်ကြီးကဲ့သို့ တဆတ်ဆတ်တုန်နေလေသည်။

'ငါးမန်းယက်ပဲ ပြုတ်ထွက်သွားလေမလား၊ အင်ဂျင်စက်ကြီးတစ်ခုလုံး ဇရာအောက်မှ ကျွတ်ထွက်သွားလေမလား။ လက်ကိုင်ဘီးနှင့် ဆက်ထားသော ကြိုးများပြတ်ထွက်သွားလေမလား'ဟူသော စိုးရိမ်စိတ်က ကျွန်တော့်ကို နှိပ်စက်နေကြ၏။

လှိုင်းရိုက်ခတ်သော အရှိန်ကြောင့် သင်္ဘောက လမ်းကြောင်းပြောင်း၍ သွားတော့မလို ဖြစ်သွား၏။ ကျွန်တော်က ပဲ့ကိုင်ဘီးကို ပြန်၍လှည့်ရင်း တင်းတင်းကြီး ထိန်းထားလိုက်၏။

လှိုင်းလုံးများ ဆင့်၍ဆင့်၍ရိုက်ခတ်လာ၏။ ဆင့်၍တက်လာသော လှိုင်းလုံးများကြောင့် သင်္ဘော၏အရှိန်ပင် လျော့၍သွားသည် ထင်ရ၏။ ဂျနီဖာက ကျွန်တော်နှင့် ပူးကပ်၍ ရပ်နေ၏။ အန္တရာယ်ကိုမြင်ပြီး ဖြစ်သောကြောင့်လည်း သူက စကားတစ်ခွန်းမျှမပြော။

ကျောက်ဆည်ပေါက်ကို မည်မျှ ကြာအောင် ဖြတ်ကျော်ရကြောင်း ကျွန်တော် အတပ်မပြောနိုင်။ မြန်ချင်လျှင်လည်း မြန်နေပေလိမ့်မည်။ ကျွန်တော့် စိတ်ထဲမူ ကမ္ဘာနှင့်ချီ၍ကြာသည်ဟု ထင်နေမိ၏။

သင်္ဘောလက်ယာဘက်မှတက်၍လာသော လှိုင်းလုံးကြီးတစ်လုံးက [illegible] ပတ်ပေါ်သို့ ရောက်လာပြီး ဆင်ကြီးတစ်ကောင်ကို တောင်ကြီးနှစ်လုံးက [illegible] ၍ တိုက်သကဲ့သို့ တန်ချိန်ငါးထောင်ရှိသော သုံးရောင်ခြယ်ကို ဘယ်[illegible] ယိုင်၍သွားစေသည်။

ခဏအဖို့ ကျွန်တော့်မျက်စိများမှာ ပြာ၍သွားသည်ဟု [illegible] ဤအချိန်တွင်ပင် သင်္ဘောဘယ်ဘက်မှ လှိုင်းလုံးကြီးတစ်လုံးက [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကောင်လို သင်္ဘောကိုလာ၍ ဖွေ့လိုက်၏။

ပွဲကိုင်ဘီးကို မြဲမြဲထိန်းရင်း ခေါင်းမော့၍ ကြည့်လိုက်သောအခါ သုံးရောင်ခြယ်သည် မှန်မှန်ပင် ခုတ်မောင်းလျက် ရှိနေသည်ကို တွေ့ရ၏။

ဂျနီဖာက ကျွန်တော့်လက်မောင်းကို သူ့လက်နှစ်ဖက်ဖြင့် ကျစ်ကျစ်ပါအောင်ဆုပ်လိုက်ရင်း

'ဒါလင် ကျောက်ဆည်ပေါက်ကို ကျော်ပြီးထွက်ခဲ့ပြီ'ဟု အော်၍ ပြောလိုက်၏။

ကျွန်တော်က သက်ပြင်းတစ်ချက်ကို လေးလေးကြီးချလိုက်မိ၏။ ပြီးမှ ဝဲယာ တစ်ဖက်တစ်ချက်သို့ လှမ်းကြည့်လိုက်သည်။

သုံးရောင်ခြယ်သည် ဆေးမင်းခံတွင်းဖြစ်သော ကျောက်ဆည်ပေါက်ကို အမှန်ပင် ဖြတ်ကျော်၍ လာနိုင်ခဲ့လေသည်တကား။

အနောက်တောင်နှင့် တောင်ဘက်သို့ ဦးတည်လျက် ခုတ်မောင်းလာခဲ့သော ကျွန်တော့်သင်္ဘောသည် နေဝင်စအချိန်သို့ ရောက်လာသောအခါ လှိုမနေသည့် တစ္ဆေကျွန်းနှင့် အတော်ပင် အလှမ်းကွာ၍ လာခဲ့ပြီဖြစ်၏။

နောက်ဘက်သို့ လှမ်းမျှော်၍ကြည့်လိုက်လျှင် မက်ဒွန်ရော့ခ်ကျွန်းကို ဝိုင်းရံလျက်ရှိသော ကျောက်တန်းများအား လှိုင်းလုံးကြီးများ ရိုက်ခတ်သဖြင့် ပေါ်ထွက်လာသော ရေမြှုပ်ရေပွားများကြောင့် ပန်းကုံးကြီးတစ်ခုသဖွယ် ဖြစ်နေသည်ကိုသာ မြင်ရ၏။

ကျွန်တော်တို့ရှေ့တွင် အာတိတ်သမုဒ္ဒရာ၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ဘာရင့်ပင်လယ်ရေပြင်သည် အတောမသတ်နိုင်အောင် ကျယ်ပြန့်လျက်ရှိနေ၏။

သင်္ဘောဦးကို ဝင်၍ဝင်၍ ဆောင့်နေသော လှိုင်းလုံးများက သင်္ဘောကိုယ်ထည် တစ်ခုလုံးကို ဖိမ့်ဖိမ့်တုန်၍ နေစေ၏။ ဦးမှ ပဲ့အထိ ဝင်၍လာတတ်သော လှိုင်းလုံးများကြောင့် ရေပန်းတို့ဖွားဖွားထွက်နေ၏။

စက်တစ်လုံးတည်းဖြင့်သာ ယခုအချိန်အထိ ခုတ်မောင်းနေရဆဲဖြစ်၏။

စကော့တလန်နှင့် အင်္ဂလန်နိုင်ငံသည် ယခု ကျွန်တော်တို့ ရောက်ရှိနေသော နေရာနှင့် မိုင်ပေါင်းတစ်ထောင့်ငါးရာခန့် ကွာလှမ်းလျက်ရှိနေချေသေး၏။

ရှက်တလန်နှင့် ဖာရိုးကျွန်းများကို လွန်၍ လာသောအချိန်၌ အရှေ့မြောက်ဘက်မှ မုန်တိုင်းငယ်တစ်ခု တိုက်ခတ်လာ၏ ဤမုန်တိုင်းငယ်မှာ မေလအတွင်း



တိုက်ခတ်တတ်သော မုန်တိုင်းအနက် အပြင်းထန်ဆုံးဖြစ်နေလေသည်။

တဖြည်းဖြည်း တစ်စစ ပြင်းထန်၍လာသော မုန်းတိုင်း၏ အရှိန်ကြောင့် စောစောက တအိအိလှုပ်ရှားနေခဲ့သော လှိုင်းလုံးများက တောင်ကြီးများလို မြင့်မောက်လာကာ သင်္ဘောကို ဝင်၍ ဝင်၍ ဆောင့်လာကြ၏။ လေကလည်း တစ်နာရီလျှင် မိုင်ခြောက်ဆယ်ခုနစ်ဆယ်နှုန်းဖြင့် တိုက်ခတ်နေ၏။

လေဒဏ်ကြောင့် သင်္ဘောခေါင်းတိုင်ကြီး ပဲ့၍လွင့်ထွက်သွားပြီး ပဲ့စင်အဆောင်တစ်ခုလုံးမှာလည်း ကြမ်းပြင်ပေါ်သို့ ပြို၍ကျလာခဲ့၏။ သင်္ဘောထဲသို့ဝင်လာသော ရေများကို ရေစုတ်စက်များဖြင့် ပက်ထုတ်၍ မနိုင်နိုင်အောင် ဖြစ်နေရသည်။

ဤအချိန်တွင်ပင် ဝါယာလက်စက်ခန်း၌ သင်္ဘောထွက်လာသည့်အချိန်မှစ၍ အလုပ်များနေခဲ့သော အော်ပရေတာကလေးက အတော်အသင့် ခရီးကွာသောနေရာအထိ အသံလွှင့် အသံဖမ်း၍ ရပြီဖြစ်ကြောင်း သတင်းလာပို့သည်။

ဖြစ်ပေါ်နေသော အခြေအနေကြောင့် ကျွန်တော်က ကျွန်ုပ်တို့ အသက်ကို ကယ်ပါဟူသော အက်စ်အိုအက်စ်သတင်းကို ပို့လိုက်ရန် ညွှန်ကြားလိုက်၏။

သုံးရောင်ခြယ်သင်္ဘော၏ အကူအညီ တောင်းဆိုချက်ကို "လော့ချ်အူးရေတပ် အခြေခံစခန်းက အလွယ်တကူ အဖြေပေးလိုက်၏။

ကျွန်တော်တို့အဖို့ ဘုရားမသကဲ့သို့ဖြစ်လေသည်။

ဤကဲ့သို့ အသက်ကိုကယ်ရန် အကူအညီတောင်းရချိန်တွင် သုံးရောင်ခြယ်သင်္ဘောမှာ "ဟီဘရိုက်" မြောက်ဘက် မိုင်တစ်ရာခန့်အကွာသို့ ရောက်ရှိနေပြီးဖြစ်၏။

ကျွန်တော်တို့ရောက်ရှိနေသော နေရာတစ်ဝိုက်တွင် သင်္ဘောဟူ၍ တစ်စင်းတလေမျှ ဆက်သွယ်၍မရ။

အဆက်အသွယ်ရသော လော့ချ်အူးရေတပ်စခန်းသို့ ကျွန်တော် မည်သူမည်ဝါဖြစ်ကြောင်း၊ မည်သည့်သင်္ဘောဖြစ်ကြောင်း၊ သင်္ဘောပေါ်တွင် မည်ကဲ့သို့ကုန်ပစ္စည်းများ ပါလာကြောင်း အကျဉ်းချုံး၍ သတင်းပို့လိုက်သောအခါ ရေတပ်စခန်းတာဝန်ခံအရာရှိက ကျွန်တော်တို့သုံးရောင်ခြယ်သင်္ဘောကို အကူအညီပေးရန်အတွက် ဆွဲသင်္ဘောတစ်စင်းကို ချက်ချင်းပင် စေလွှတ်လိုက်ပြီ ဖြစ်ကြောင်းပြန်သတင်းပြန်၍ပို့လိုက်၏။

တိုနေ့ကား မေလ ၁၆ ရက်နေ့ပေတည်း။ ၁၉၄၆ ခု မေလ ၁၆ ရက်နေ့

www.burmeseclassic.com

www.burmeseclassic.com



ပင်တည်း။

၁၉၄၅ ခု မတ်လ ၅ ရက်နေ့ နံနက် ၂ နာရီ ၃၆ မိနစ်တွင် ရန်သူ့မိုင်းဖုံး ထိ၍ သင်္ဘောပေါ်တွင်ပါလာသော ငါးသိန်းကျော်တန် ငွေချောင်းများနှင့်အတူ နစ်မြုပ်သွားပြီဟု ဆိုသော သုံးရောင်ခြယ်သင်္ဘောကြီးသည် တစ်နှစ်စွန်းစွန်း ရောက်လာသည့်အချိန်၌ ရေပြင်ပေါ်တွင် ပြန်၍ ပေါ်လာသောနေ့ပင်တည်း။

သုံးရောင်ခြယ်မှ ပို့လိုက်သော အက်စ်အိုအက်စ်သတင်းကို လက်ခံဖမ်းယူရသော 'လော့ချ်အူး' ရေတပ်စခန်းမှာ ကျွန်တော့်ချစ်သူဂျူနီဖာတို့ ဇာတိဖြစ်သည့် အိုဗန်မြို့အနီးတွင်ရှိနေခြင်းကလည်း တစ်မျိုး ထူးဆန်းလျက်ရှိနေသည်။

"လော့ချ်အူး" ရေတပ်စခန်းက သုံးရောင်ခြယ်ရှိရာသို့ ဆွဲသင်္ဘောတစ်စင်း လွှတ်လိုက်သည့်အချိန်တွင် သင်္ဘောကုန်လှောင်ရုံခန်းများထဲ ဝင်နေသောရေမှာ အမှတ် (၃) ကုန်လှောင်ရုံခန်းတွင် ရှစ်လက်မအထိရေဝင်လျက်ရှိနေပြီဖြစ်၏။ သင်္ဘောပဲ့ပိုင်းမှာ ရေအောက်သို့ ထိုင်စပြုသောအချိန်ပင်တည်း။

မေလ ၁၇ ရက်နေ့ နံနက်သို့ ရောက်လာသောအခါ မုန်တိုင်းက အားလျော့၍ လာခဲ့၏။ ထိုနေ့ညနေစောင်းတွင် ရေတပ်စခန်းမှ လွှတ်လိုက်သော ဆွဲသင်္ဘောက ကျွန်တော်တို့ရှိရာသို့ ရောက်လာခဲ့၏။

နေဝင်စအချိန်တွင် သုံးရောင်ခြယ်သည် ရေတပ်မှဆွဲသင်္ဘောနောက်သို့ အေးဆေးစွာ လိုက်ပါလျက် ရှိနေပြီဖြစ်၏။

ဤအချိန်မှစ၍ ကျွန်တော်တို့ရှိရာသို့ ဝိုင်ယာလက်သတင်းများ အဆက်မပြတ်ရောက်ရှိလာခဲ့၏။

ပထမဆုံးရောက်ရှိလာသောသတင်းမှာ ဘုရင့်ရေတပ်မတော်ဌာနချုပ်မှ ဖြစ်၏။

ဤသတင်းရောက်ရှိလာပြီးနောက် ဆက်၍ဆက်၍ မေးမြန်းစုံစမ်းကြသော သတင်းများသည် ရှေ့မှဆွဲလျက်ရှိသော ရေတပ်သင်္ဘော ဝါယာလက်အော်ပရေတာသော်လည်းကောင်း၊ သုံးရောင်ခြယ်ပေါ်ရှိ အော်ပရေတာသော် လည်းကောင်း လက်မခံနိုင်လောက်အောင် များပြား၍နေတော့၏။

အဘယ်ကြောင့်ဆိုသော် ဆက်သွယ်မေးမြန်းသူများအထဲ၌ စစ်အတွင်းက အစိုးရအမိန့်အရ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်ခဲ့သော "ကက်" သင်္ဘောကုမ္ပဏီမှ ဥက္ကဋ္ဌကြီး ဆာဖိလစ်ကက်နှင့်တကွ ဗြိတိန်နိုင်ငံတစ်ဝန်းလုံးရှိ နာမည်ကြီးသတင်းစာတိုက် အသီးသီးတို့ ပါဝင်နေခြင်းကြောင့်ပင်တည်း။



အိုဗန်သို့ ကျွန်တော်တို့သင်္ဘောမဆိုက်ရောက်မီ နာမည်ကြီး သတင်းစာတိုက်များက သုံးရောင်ခြယ်နှင့် ပတ်သက်၍ သီးသန့်အထူးသတင်းများကိုပေးရန်အတွက် ကျွန်တော်တို့အား သူ့ထက်ငါကောင်း ချီးမြှင့်မည့် ငွေမှာ ပေါင်သုံးထောင်အထိ ဈေးတက်၍ လာခဲ့ပြီး ရုပ်ရှင်ကုမ္ပဏီတစ်ခုက သုံးရောင်ခြယ်သင်္ဘော အဖြစ်သနစ်ကို သတင်းကားအဖြစ် ပြသရိုက်ကူးခွင့်ပြုရန်အတွက် ပေါင်နှစ်ထောင်အထိ ဈေးပေး၍နေခဲ့၏။

ကျွန်တော်တို့မှာ ရရှိလာရသော ဝါယာလက်သတင်းများအရ နေ့ချင်းညချင်း တစ်ဟုန်ထိုး နာမည်ကြီး၍ သွားပြီဖြစ်၏။

အိုဗန်အနီးရှိ လော့ချ်အူးရေတပ်စခန်းက ကျွန်တော်တို့ သင်္ဘောမှ ပို့လိုက်သော အက်စ်အိုအက်စ် သတင်းကို ပထမဆုံးဖမ်းယူရရှိသည်မှာလည်း ဂျူနီဖာ၏ဖခင်ကြီး၏ ကြိုးစားလှုံ့ဆော်ချက်ဖြစ်ကြောင်း ကျွန်တော်တို့က သဘောပေါက်မိ၏။

အပြင်လောကနှင့် ဝါယာလက်သတင်းများအရ နီးကပ်စွာနေရစေကာမူ၊ ကျွန်တော်တို့မှာ ပင်လယ်ရေပြင်ထဲတွင်သာ ရှိနေသေးသောကြောင့် ကျွန်တော်တို့ တွေ့နေရသော အခြေအနေကို စိတ်ပျက်နေမိကြ၏။

အစာငတ်နေသော လူတစ်ယောက်သည် မိမိရှေ့တွင် ဟင်းမျိုးစုံခူးခပ်ထားသော ထမင်းပွဲကို မြင့်မားသော သံကွန်ချာကြီးတစ်ခု ကာဆီး၍ နေသလို။ ကျွန်တော်တို့မှာလည်း စွန့်စားမှုအတွက် ရရှိလာမည့် ဆုလာဘ်ကျော်စောမှုများကို ကြားသိနေရသည့်တိုင်၊ ရောက်နိုင်ခဲလှသော ခရီးကြောင့် အားမလို အားမရ ဖြစ်နေမိကြလေသည်။

အိုဗန်ဆိပ်ကမ်းသို့ ကျွန်တော်တို့သင်္ဘော ဆိုက်ကပ်လိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်တော်တို့ရှိရာသို့ ဦးစွာရောက်လာသူများကား သတင်းထောက်များနှင့် ဓာတ်ပုံဆရာများပင် ဖြစ်၏။

ဂျူနီဖာ၊ ရဲဘော်ကြီးကွတ်နှင့် ကျွန်တော်တို့သုံးဦးကို အဓိကထား၍ မေးကြမြန်းကြ ဓာတ်ပုံရိုက်ကြသည်မှာ ကျွန်တော်တို့အဖို့ လျှာထွက်မတတ် မောအောင်ပင်ပန်းလှချေသည်။

မည်သို့ပင်ဖြစ်စေ ရွှင်လန်းဝမ်းမြောက်ဖွယ်ရာ အတွေ့ကြုံတစ်ခုပင် ဖြစ်၏။

"ကက်" သင်္ဘောကုမ္ပဏီမှ ဒါရိုက်တာလူကြီးဖြစ်သူ ဆာဖိလစ်ကက်သည် အိုဗန်သို့ လေယာဉ်ဖြင့် လိုက်ပါလာပြီး ကျွန်တော်တို့ကို သင်္ဘောဆိပ်တွင်

www.burmeseclassic.com



ကြိုဆိုနေသည်။

ဂျနီဖာ၏ ဖခင်ကြီးကမူ သူများတကာလို အရင်မလိုဘဲ ကျွန်တော်တို့ကို လှုရှင်းသွားမှ သင်္ဘောပေါ်သို့တက်၍ လာရောက်တွေ့ဆုံသည်။

ထိုနေ့ညနေတွင် သက်ဆိုင်ရာကြည်းတပ်မှ လာရောက်မေးမြန်းချက်များကို ဖြေဆိုပြီးနောက် ကျွန်တော်တို့အား ကမ်းပေါ်သို့ တက်ခွင့် ပေးလိုက်၏။

ရဲဘော်ကြီးကွတ်နှင့် ဇလင်စကီ မှာ အိုဗန်မှ လန်ဒန်သို့သွားသော ရထားကို မီရန် အပြေးထွက်ခွာသွားကြ၏။

ဂျနီဖာ၏ ဖခင်ကြီးနှင့်အတူ ကျွနိတော်နှင့် ကျွန်တော့်ချစ်သူတို့က ရဲဘော်ကြီးကွတ်နှင့် ဇလင်စကီတို့အား ရထားပေါ်ရောက်သည်အထိ လိုက်၍ ပို့ကြ၏။

ကျွန်တော်တို့အနားတွင် သတင်းထောက်နှင့် ဓာတ်ပုံဆရာ အယောက်နှစ်ဆယ်ခန့်က အမြဲလိုက်ပါလျက် ရှိနေလေသည်။

ပထမတန်းရထားတွဲပေါ်သို့ ရောက်နေသော ရဲဘော်ကြီးကွတ်က ရထားထွက်ခါနီးတွင် လှမ်း၍နှုတ်ဆက်လိုက်ရင်း—

'မကြာခင် ပျော်ပျော်ပါးပါး ပြန်ပြီး တွေ့ကြရအောင်၊ စစ်ထပ်ခိုရုံးမှာလည်း တွေ့ကြရဦးမှာ မဟုတ်လား'ဟု လှမ်း၍ပြောလိုက်၏။

ဂျနီဖာက တံခါးအပြင်ဘက်သို့ ဆန့်တန်း၍ထားသော ရဲဘော်ကြီးကွတ်၏ လက်ကို အားရပါးရဆွဲ၍ နှုတ်ဆက်လိုက်၏။

ပြီးမှ ရဲဘော်ကြီးကွတ်၏ လက်ကို အားရပါးရ နမ်းလိုက်၏။ ဓာတ်ပုံဆရာများက ကလစ်ကလစ်မြည်အောင် ဓာတ်ပုံများ ရိုက်ကြ၏။ သတင်းစာကြီးများသို့ သီးသန့်ဆောင်းပါးအဖြစ် ပေးဖို့ ပြောပြမည့် စာမူအတွက် ကျွန်တော်တို့က ပေါင်သုံးထောင်ရရှိထားပြီး ရုပ်ရှင်ကုမ္ပဏီတစ်ခုက သတင်းကားတစ်ခုရိုက်ကူးရန်အတွက် ပေါင်နှစ်ထောင်းပေးထားပြီးဖြစ်ရာ ကျွန်တော်နှင့် ရဲဘော်ကြီးကွတ်မှာ လတ်တလောချင်း ထီပေါက်သကဲ့သို့ ဖြစ်နေ၏။

ဆုံးရှုံးပြီဟု စွန့်ပစ်ထားသော ငါးသိန်းကျော်တန် ငွေချောင်းများကို ပြန်လည်ရရှိအောင် သက်စွန့်ဆံဖျား ကြိုးစားပေးသည်သာမက သုံးရောင်ခြယ်သင်္ဘောကိုပါ ပိုင်ရှင်လက်ထဲသို့ ပြန်လည်ရောက်ရှိအောင် ဆောင်ကြဉ်းပေးနိုင်သည့်အတွက် ဝေစုရမည့်ငွေမှာလည်း နည်းလှမည်မဟုတ်။ ယခုပင်လျှင် ရဲဘော်ကြီးကွတ်သည် အိမ်ပြန်လှရန်အတွက် ငွေထုပ်ကြီးကို ပိုက်၍ သွားနိုင်ခဲ့ပြီမဟုတ်လား။



ထိုနေ့ညတွင် ဂျနီဖာ၏ဖခင်ကြီးနှင့်အတူ ကျွန်တော်တို့ညစာစားကြ၏။ ညစာထမင်းပွဲမှာ လူသုံးယောက်သာရှိသော်လည်း အထူးပင် မြိုင်ဆိုင်လှ၏။

ညစာစားပြီးနောက် ဧည့်ခန်းဆောင်တွင် ခဏမျှထိုင်ကာ ရှေးဟောင်းနှောင်းဖြစ်များကို ပြောဆိုကြသည်။

ဧည့်ခံအခန်းဆောင်မှ လမ်းလျှောက်ရန် ထွက်လာသောအခါ၌ ပြည့်လုနီးနီးရှိနေပြီ ဖြစ်သော လမင်းသည် ကောင်းကင်တွင် တွဲလဲခိုကာ ဂျနီဖာနှင့် ကျွန်တော်တို့အား ဘော်ငွေရောင်များဖြင့် ဩဘာပေးနေသည်ဟု ထင်ရ၏။

ကျွန်တော်နှင့် ဂျနီဖာတို့သည် တစ်ဦးနှင့်တစ်ဦး စကားပြောရန် သတိမရကြကဲ ခြေဦးတည့်ရာသို့အတန်ကြာအောင် လျှောက်၍လာပြီး ပင်လယ်ကမ်းကလေးရှိသည့် နေရာတွင် အလိုလိုရပ်တန့်လိုက်ကြ၏။

ဤပင်လယ်ကမ်းကလေးကား ကျွန်တော်တို့အား လူမနေသည့် တစ္ဆေကျွန်းသို့ ရောက်အောင် ဆောင်ကြဉ်းပေးခဲ့သည့် နှစ်ဆယ့်ငါးတန်မျှသာရှိသော စက်တပ်ရွက်သင်္ဘောကလေး အီလီယံမိုးကို ဂျနီဖာက အမြဲတစေ ကျောက်ချရပ်နား၍ ပေးခဲ့သော နေရာပင်တည်း။

ဤနေရာသို့ ကျွန်တော်ရောက်စကဆိုလျှင် ငယ်သလောက်ရဲရင့်သော အာဇာနည် အီလီယံမိုးကို တွေ့ခဲ့ရ၏။ ယခုမူကား အီလီယံမိုးသည် အရှင့်အကျိုးကို သယ်ပိုးရင်း မိမိထက်ကြီးသော ရန်သူကို ရင်ဆိုင်တိုက်ခိုက်ခဲ့ရသောကြောင့် မက်ဒွန်ရော့ခ်ကျွန်းနှင့် ကျောက်တန်းများအကြားတွင် ကျဆုံးခဲ့ရပြီ မဟုတ်လား။

အရှင့်အကျိုးကို သယ်ပိုးခဲ့သော အာဇာနည်မယ် အီလီယံမိုး၏ ဂုဏ်သတ္တိကို အမြဲတစေ ကျွန်တော်တို့တစ်တွေက အမှတ်တရဖြစ်နေရန် အီလီယံမိုးနှင့်တစ်ထေရာတည်း တူသော သင်္ဘောတစ်စင်းကို ရရှိလာသော ငွေများဖြင့် ဆောက်လုပ်မည်ဟု ကျွန်တော်က ပိုင်းဖြတ်လိုက်၏။

အသစ်ဆောက်လုပ်မည့် အီလီယံမိုးသည် ကျွန်တော့်ချစ်သူဂျနီဖာအတွက် လက်ထပ်မင်္ဂလာလက်ဆောင်ပင် ဖြစ်ရမည်မဟုတ်လား။

တက္ကသိုလ်နွယ်မိတ်

www.burmeseclassic.com